


## ကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ရာပြည့်မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် လမ်းညွှန်မှုများပေးကြ ပါသော ဝန်ကြီးဌာနများ၊ နာယကများ၊ တာဝန်ယူလုပ်ကိုင်ပေးခဲ့ကြသော မဂ္ဂဇင်း ကော်မတီဝင်များ၊ အဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးကြပါသော အသင်းသူအသင်းသား တိုင်းနှင့် စာမူများ ပါဝင်ရေးသားပေးကြပါသော ဆရာ၊ ဆရာမများအပါအဝင် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း ...



ဦးစိုးဝင်း
ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
နာယက
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

'စီးပွားရေးခိုင်ခံ့မှု အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်' ဟူသော ခံယူချက်ဖြင့် ၁၉၁၉ ခုနှစ်တွင် မျိုးချစ်ကုန်သည်ကြီးများက စုပေါင်းတည်ထောင်ခဲ့သော ဗမာကုန်သည်များအသင်း (Burmese Chamber of Commerce) သည် ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ်ဖြင့် ၂၀၁၉ ခုနှစ်တွင် နှစ်တစ်ရာတိုင်အောင် သက်တမ်းရှိခဲ့ပြီဖြစ်သည်။

၂၀၁၈ ခုနှစ်မှစ၍ ယနေ့အထိ မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နာယကအဖြစ် ပါဝင်ပြီး အကျိုးပြုလျက်ရှိပါသည်။ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် UMFCCI Centennial International Expo ကိုလည်း အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန်အတွက် လမ်းညွှန်အကြံပြုခဲ့ပါသည်။ နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် ယခုအခါ နှစ်တစ်ရာပြည့်မဂ္ဂဇင်းစာအုပ်ထုတ်ဝေရန် ဆောင်ရွက်သည်ကိုလည်း သိရှိရပါသည်။ နှစ်တစ်ရာပြည့် အချိန်အခါသမယအတွင်း ယခုလို ပါဝင်၍ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်သည် မြန်မာနိုင်ငံပုဂ္ဂလိကကဏ္ဍကို ဦးဆောင်ပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ၊ အငယ်စား၊ အသေးစား၊ အလတ်စား လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်ရှေးရှုပြီး ကြိုးပမ်းလုပ်ဆောင်နေသည့် အဖွဲ့ကြီးဖြစ်သည်ကိုလည်း တွေ့ရှိနေရပါသည်။ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိနေမှသာ တိုင်းပြည်၏ စီးပွားရေးသည်လည်း တိုးတက်ဖွံ့ဖြိုးနေမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသောအချိန်တွင် ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး နိုင်ငံစီးပွားရေး၊ လူမှုရေး၊ အေးချမ်းသာယာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။

ရှေ့ဆက်လက်၍လည်း ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသည့် အသင်းကြီးအဖြစ် ဆက်လက်ရပ်တည်ပြီး နိုင်ငံတော်၏အကျိုး၊ ပုဂ္ဂလိကကဏ္ဍ၏ အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆန္ဒပြုအပ်ပါသည်။



ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မင်္ဂလာပါ

ကိုလိုနီခေတ်တွင် အမျိုးသားရေးကို အခြေခံ၍ ပေါ်ထွန်းလာခဲ့သည့် ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းသည် ၂၀၁၉ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ အသင်းကြီး၏ ဦးဆောင်မှုကြောင့် အမျိုးသားပိုင်ကုမ္ပဏီလီမိတက်များ၊ အစုစပ်လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ပေါ်ပေါက်လာခဲ့ပြီး မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့ပါသည်။ ယခုအခါတွင် ယင်းအသင်းကြီးသည် တိုင်းရင်းသားလုပ်ငန်းရှင်များအား လုံးပါဝင်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ညီနောင်အသင်း ခုနစ်ဆယ်ကျော်ကို ဦးဆောင်စုစည်းပေးသည့် 'ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်' ဟုခေါ်တွင်သည့် ပြည်ထောင်စုအဆင့် အသင်းကြီးအဖြစ် ပေါ်ထွန်းလာပြီဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်တစ်ရာအတွင်း အသင်းကြီးအနေဖြင့် မြန်မာနိုင်ငံ၏အပြောင်းအလဲ အမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းခဲ့ရသော ခရီးကာလအတွင်း အသင်းချုပ်၏ ဥက္ကဋ္ဌ အဆက်ဆက်၊ အတွင်းရေးမှူးချုပ်နှင့် အမှုဆောင်များသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့် အသင်းကြီး၏ အကျိုးစီးပွားအတွက် တစ်ထောင့်တစ်နေရာမှ မိမိတို့တာဝန်အသီးသီးကိုမမှိတ်မသုန်ထမ်းရွက်ခဲ့ကြမှုများကို အလွန်ပင်ကျေနပ်ဝမ်းမြောက်ဂုဏ်ယူပြီး နှစ်ထောင်းအားရ အသိအမှတ်ပြုပါသည်။

စျေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီခေတ်သို့ ကူးပြောင်းနေချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှုကို တံတားသဖွယ်ဆောင်ရွက်ပေးလျက်ရှိပြီး၊ မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် မျက်မှောက်ကာလတွင်သာမက အနာဂတ်ကာလအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့်အသင်းချုပ်ကြီးအဖြစ် အခွန့်ရှည်စွာ ဆက်လက်တိုးတက်ထွန်းကားနေလိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားလိုက်ပါသည်။



ဦးသောင်းထွန်း
ပြည်ထောင်စုဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂၀၁၉ ခုနှစ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ နှစ်တစ်ရာပြည့်မြောက်သည့် အခါသမယဖြစ်သည့်အားလျော်စွာ အသင်းချုပ်ကြီးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည့်အချိန်အခါဖြစ်ပါသည်။

အသင်းချုပ်ကြီး၏ သမိုင်းကြောင်းကိုပြန်ကြည့်မည်ဆိုပါက နိုင်ငံခြားသားကုန်သည်များအကြား မြန်မာအမျိုးသားများ၏ စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးရန် အသင်းကြီးကို ဗမာနိုင်ငံတော်ကုန်သည်ကြီးများအသင်းအဖြစ် ၁၉၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် အဆင့်မြှင့်တင် ဖွဲ့စည်းခဲ့ကြောင်းသိရှိရပါသည်။ အသင်းချုပ်ကြီးကို နှစ်တစ်ရာတိုင်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည့်၊ အသင်းချုပ်ကြီးကို အဆင့်ဆင့်ဦးဆောင်လာခဲ့ကြသည့် ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုသက်သေပင် ဖြစ်ပါသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်အစိုးရ၊ ပုဂ္ဂလိကနှစ်ဖြာမှ အားထားနေရသည့် အသင်းကြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင်ပိုမိုကောင်းမွန်လာစေရေးအတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင်လည်း အစိုးရဌာနများနှင့် ပူးပေါင်းကာ အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့မှုများ၊ ပုဂ္ဂလိက ကဏ္ဍအတွက် ဦးဆောင်ဦးရွက်ပြုကာ ရပ်တည်ပေးနေမှုများအတွက် သတင်းနှင့်ကျော်စောပြီး စီးပွားရေးဝန်းကျင်မှာ အသိအမှတ်ပြုခံနေရသည့် အသင်းချုပ်ကြီးဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုများရှိပါသည်။ အစိုးရအဖွဲ့၏ Public Private Dialogue လုပ်ငန်းစဉ်မှတစ်ဆင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေသည့် အတွက်များစွာဝမ်းသာဂုဏ်ယူမိပါသည်။

နှစ်တစ်ရာပြည့်မြောက်သည့်အခါသမယအထိမ်းအမှတ်အနေဖြင့် ထုတ်ဝေမည့် ယခု မဂ္ဂဇင်းတွင် စီးပွားရေး၊ ကုန်သွယ်ရေးတို့နှင့် ဆက်စပ်သည့် ဆောင်းပါးများ၊ ဝတ္ထုများ ပါဝင်မည်ဖြစ်သည့်အတွက် ဖတ်ရှုသူများအနေနှင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများတွင် တစ်နည်းနည်းနှင့် ထိရောက်စွာအသုံးပြုနိုင်မည်ဟုလေးနက်စွာယုံကြည်မျှော်လင့်မိပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် သုံးဦး သုံးဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မဝေးတော့သည့် အနာဂတ်တွင် ယခုထက် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ဦးဆောင်ကြသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ယခုလက်ရှိအချိန်ထက်ပိုပြီး နီးကပ်သည့်ဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး ယခုထက်ဆတက်ထမ်းပိုးတိုးတက်ကာ နောင်နှစ်များစွာတိုင် မြန်မာလုပ်ငန်းရှင်များ၏ အကျိုး၊ နိုင်ငံ၏ အကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။



ဦးအောင်ကိုဝင်း
နာယက
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

၁၉၁၉ ခုနှစ်က စတင်တည်ထောင်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ သက်တမ်းသည် ယခုအခါ နှစ်ပေါင်းတစ်ရာပြည့်မြောက်ပြီဖြစ်ပါသည်။ အသင်းချုပ်၏ နှစ်တစ်ရာပြည့် ကာလကို ကိုယ်တိုင်ပါဝင် ဖြတ်သန်းခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ မိမိအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်တွင် ၂၀၀၁ ခုနှစ်မှစ၍ ၂၀၁၁ ခုနှစ်အထိ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ နာယကအဖြစ်လည်းကောင်း ပါဝင်အကျိုးပြုလျက်ရှိပါသည်။ အသင်းချုပ်၏ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် အကြံဉာဏ်ကောင်းများပေးခြင်း၊ အသင်းချုပ် ရေရှည် တည်တံ့ခိုင်မြဲစွာဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဦးဆောင်ရာတွင် အားပေးကူညီခြင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်နေသော အသင်းချုပ်နှင့်တကွ ညီနောင်အသင်းများ၏ လိုအပ်မှုများရှိလျှင် ကူညီဖြည့်ဆည်းပေးခြင်း၊ အသင်းချုပ်က ကြီးမှူး၍ သဘာဝဘေးဒဏ်ခံကြရသော ပြည်သူများအား ထောက်ပံ့ကူညီပေးရာတွင် စေတနာထက်သန်စွာ ပါဝင်လှုဒါန်းပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။

ရန်ကုန်နှင့် နေပြည်တော်အသင်းချုပ်ရုံး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်စက်မှုအသင်းရုံးများ မြေနေရာရရှိရေးအတွက် သက်ဆိုင်ရာများသို့ တင်ပြပေးကာ ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ခြင်းနှင့် ရုံးအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်အတွက် ငွေကြေးအပါအဝင် လိုအပ်သည်များကို အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့ခြင်းတို့ကြောင့် ယခုအခါ အသင်းချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသော အသင်းရုံးများအခိုင်အခဲ့ပေါ်ထွန်းလာပြီး လွယ်ကူကောင်းမွန်စွာဖြင့် ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ပြည်တွင်းစီးပွားရေးကဏ္ဍဖြစ်တည်ပေါ်ထွန်းမှုများကို နိုင်ငံတကာနှင့် နှိုင်းယှဉ်၍ အားသာချက်များ၊ အားနည်းချက်များကို မျက်ခြည်မပြတ် လေ့လာဆန်းစစ်မှုများ ပြုလုပ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် ညီနောင်အသင်းများနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ အားလုံးကို ကိုယ်စားပြုသည့် အသင်းကြီးအဖြစ် ဆက်လက် ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။

ကုန်သည်စက်မှုအသင်းချုပ် နှစ်ပေါင်းတစ်ရာမှသည် နှစ်ပေါင်းထောင်ချီသို့တိုင် အဓွန့်ရှည်ကြာတည်တံ့နိုင်စေရေးနှင့် တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်ဆောင်ရွက်ပေးနေသည့် အသင်းကြီးအဖြစ် အသင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်သယ်ပိုး ထမ်းဆောင်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။



ဦးဇော်မင်းဝင်း

ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

သမိုင်းရေးရာ ဖြစ်စဉ်များအပေါ် မူတည်၍ အခြေခံကောက်ချက်တစ်ရပ် ရေးဆွဲရမည်ဆို ပါလျှင် ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မဆို ကုန်သည်ကြီးများ၏ စွမ်းဆောင်နိုင်မှုသည် သက်ဆိုင်ရာနိုင်ငံအတွက် အလွန်ပင် အကျိုးကျေးဇူးများရရှိနိုင်သည်ဟူသော ကောက်ချက်ပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် တည်ရှိကိန်းဝပ်စံပယ်တော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် တစ်ကမ္ဘာလုံးက အံ့သြရလောက်အောင် ထူးခြားမြင့်မြတ်သော စေတီတော်မြတ်ကြီးဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်လည်း ဖြစ်ပေသည်။ ဤစေတီတော်မြတ်ကြီးတည်ထားကိုးကွယ်နိုင်အောင် ရှေးဦးစွာ ကြိုးပမ်းအားထုတ်ခဲ့ကြသူများသည် တဖုဿနှင့် ဘလ္လိကဟူသော မြန်မာနိုင်ငံသား ကုန်သည်ကြီးများပင် ဖြစ်ကြပေသည်။ ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရား၏ သာသနာတော်ဝယ် ဘုရားရတနာ၊ တရားရတနာတည်းဟူသော ရတနာနှစ်ပါးသာ ပွင့်ဦး ပေါ်ပေါက်စဉ်ကပင် မြန်မာကုန်သည်ကြီးများ၏ စွမ်းဆောင်နိုင်မှုကြောင့် ယခုကဲ့သို့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကမ္ဘာပေါ်ရှိဗုဒ္ဓဘာသာဝင်များ ဖူးမြော်နေရခြင်းဖြစ်သည်ဟု ဆိုလျှင် ငြင်းပယ်ရန် အကြောင်းရှိမည်ဟု မထင်မိပါပေ။

မြန်မာ့ကုန်သည်ကြီးများသည် ပြည်သူပြည်သားတို့၏အကျိုး၊ တိုင်းပြည်အကျိုးကိုသယ်ပိုးဆောင်ရွက်ခဲ့သည်မှာ မြန်မာ့သမိုင်းစာမျက်နှာများတွင် အထင်အရှားတွေ့ရှိနိုင်ပေသည်။ ပျူ၊ တကောင်း ရှေးဟောင်းခေတ်ကာလများအပါအဝင်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် အစရှိသော ခေတ်အဆက်ဆက်မှသည် နယ်ချဲ့လက်အောက်ရောက်ရှိခဲ့သည့် ဗြိတိသျှကိုလိုနီခေတ်၊ ဖဆပလအစိုးရခေတ်၊ လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ယနေ့ ဒီမိုကရေစီခေတ်အထိ မြန်မာကုန်သည်ကြီးများသည် မိမိတို့တာဝန်ကို မိမိတို့ကျေပွန်စွာဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

၁၉၁၉ ခုနှစ်တွင် အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံ၍ စတင်တည်ထောင်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သက်တမ်းသည် ၂၀၁၉ ခုနှစ်တွင် နှစ်ပေါင်း (၁၀၀) ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ဤအသင်းချုပ်ကြီးသည် ၁၉၁၉ ခုနှစ်တွင် Burmese Chamber of Commerce (BCC) ၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ Union of Burma Chamber of Commerce & Industry (UBCCI)၊ ၁၉၈၉ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ Union of Myanmar Chamber of Commerce & Industry (UMCCI) နှင့် ၁၉၉၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ယနေ့အထိ The Republic of the Union of Myanmar Federation of Chambers of Commerce & Industry (UMFCCI) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့လေသည်။

စတင်တည်ထောင်သည်မှ ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ အသင်းဝင်ပေါင်း ၄၅၈ ဦးသာ ရှိခဲ့သောအသင်းတွင် ယခုအခါ သက်တမ်းရှိ (Active Member) အသင်းဝင်ပေါင်း တစ်သောင်းလေးထောင်ကျော်ရှိခဲ့ပါသည်။ ညီနောင်အသင်းများအနေဖြင့်လည်း ပြည်နယ်/တိုင်းဒေသကြီးတိုင်းမှာ ဖွဲ့စည်းထားနိုင်ခဲ့ပြီး နယ်စပ်ဒေသ ကုန်သွယ်ရေးအသင်းများ၊ ကုန်ပစ္စည်းအလိုက် ဖွဲ့စည်းထားသော အသင်းများစုစုပေါင်း ၇၅ သင်းရှိနေခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍လည်း လစဉ်အသင်းဝင်များ တိုးပွားလျက်ရှိပေသည်။ ကမ္ဘာနိုင်ငံအသီးသီးရှိ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာစုစုပေါင်း (၁၆၂) ခု ရေးထိုးနိုင်ခဲ့ပြီး စီးပွားရေးကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှု လူမှုရေးဆိုင်ရာ ကိစ္စရပ်များအပြန်အလှန် ဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိပါသည်။

အသင်းချုပ်သည် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေးအတွက်ဦးဆောင်အဖွဲ့အစည်းအဖြစ် ရပ်တည်

ဆောင်ရွက်သွားရန် မျှော်မှန်းချက် (Vision) ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ တူညီမျှတပြီး ချမ်းသာကြွယ်ဝသော လုပ်ငန်းများဖြစ်ထွန်း သည့်နိုင်ငံအဖြစ်ထူထောင်သွားနိုင်ရန်၊ မြန်မာ နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအကျိုးကို ဖော် ဆောင်နိုင်သည့် ဦးဆောင်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးရန် (Mission) နှင့် နိုင်ငံတော် စီးပွားရေးနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးများ စဉ်ဆက်မပြတ် တိုးတက်စေရန်တို့အတွက် Public-Private Partnership ပုံစံဖြင့် အစိုးရ နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါ သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း AEC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ ASEAN MYANMAR Business Forum ကျင်းပခြင်း၊ UMFCCI Convention 2017 ကျင်းပခြင်း၊ Invest Myanmar Summit 2019 ကျင်းပခြင်း၊ Myanmar-Japan-US Forum on Fostering Responsible Investment ကျင်းပ ခြင်းနှင့် အခြားသောဆွေးနွေးပွဲများ၊ Forum များအပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်းများကိုပါပြုလုပ်ခဲ့ခြင်းဖြင့် စီးပွား ရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့် အလမ်းများ ပွင့်လင်းလာစေရန်၊ အားကောင်း လာစေရန် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေးအနေဖြင့် လည်း International Chamber of Commerce (ICC)၊ ASEAN-Business Advisory Council (ASEAN-BAC)၊ Ayeyarwaddy-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) ၊ Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC), Greater Mekong Sub-region Business Forum (GMS-BF) ၊ East-Asia Business Council (EABC) စသည် တို့တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်၍ နိုင်ငံတ ကာဆက်ဆံရေး၊ နိုင်ငံတကာစီးပွားရေးနှင့် ချိတ် ဆက်မိရေးနှင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးရေး ကိစ္စရပ်စသည်တို့ကို အလေးထားပြီး ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် လူငယ်လူရွယ်များ၏ အနာ ဂတ်အခွင့်အလမ်းကောင်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးနှင့် လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် UMFCCI Training Institute မှ ပုံမှန်နှင့် အထူးသင်တန်း များဖွင့်လှစ်ပေးခြင်း၊ နိုင်ငံတကာနှင့် ပူးပေါင်း ၍ သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ပြိုင်ပွဲများ သို့ဝင်ရောက်ယှဉ်ပြိုင်စေခြင်းများကို လုပ်ဆောင် ပေးခဲ့ပါသည်။

အသင်းချုပ်ဝန်ထမ်းများကို စိတ် ဓာတ်ခွန်အားနှင့် စွမ်းဆောင်ရည်မြင့်မားလာ စေရန် ရည်ရွယ်လျက် ဆုကြေး (Bonus)များ ခံစားခွင့်ပြုခြင်း၊ လစာများတိုးမြှင့်ပေးခြင်း၊ ပညာတော်သင် စေလွှတ်ပေးခြင်း၊ ကျန်းမာ ရေးစောင့်ရှောက်မှုများကို အခါအားလျော်စွာ ကူညီထောက်ပံ့ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ယခုအခါ အသင်းချုပ်တည်ထောင်ခဲ့ သည်မှာ နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်၍ နှစ် တစ်ရာပြည့်အခမ်းအနားကို ဂုဏ်ပြုသောအား ဖြင့် နှစ်တစ်ရာပြည့်မဂ္ဂဇင်းကို ထုတ်ဝေခြင်းဖြစ် ပါသည်။

ဤနှစ်တစ်ရာပြည့်မဂ္ဂဇင်းကို အောင် မြင်စွာ ထုတ်ဝေနိုင်ရန် ကြိုးပမ်းလုပ်ကိုင် ပေးခဲ့သော အသင်းချုပ်အကြံပေးပုဂ္ဂိုလ်၊ မဂ္ဂဇင်း ထုတ်ဝေရေးကော်မတီ အကြံပေး ဦးမောင်မောင် နှင့်အဖွဲ့ဝင်များ၊ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ မဂ္ဂဇင်းထုတ်ဝေရေးကော်မတီဥက္ကဋ္ဌဒေါက်တာ မောင်မောင်လေးနှင့် အဖွဲ့ဝင်များ၊ စိတ်ဝင်စား ဖွယ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများရေးသား ပေးပို့ကြသော စာမူရှင်များအားလုံးကို အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ သည်။

နှစ်တစ်ရာတိုင်အောင် ရှည်ကြာခဲ့ပြီး ခေတ်စနစ် အခြေအနေများနှင့်လိုက်လျောညီ စွာ ပြောင်းလဲတိုးတက်လာသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည်လည်း နောင်နှစ်ပေါင်းများစွာတိုင်အောင် တိုးတက် အောင်မြင်နေဦးမည်ဟု ယုံကြည်ပါကြောင်းနှင့် အားလုံး ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက် နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ အပ်ပါသည်။

# Foreword by the President

U Zaw Min Win

If I were to draw a conclusion based on historical facts, I'd like to say that merchants around the world have done a great deal for the betterment of their respective countries. The Shwedagon Pagoda in Myanmar has a worldwide reputation, an ancient edifice of religious and cultural significance. Among those who first brought it into being, Taphussa and Ballika were foremost, and they were merchants, the citizens of Myanmar. So, arguably, it is thanks to these merchants that Buddhists from around the world still enjoy the opportunity of paying homage to this Shwedagon Pagoda.

There are historical evidences of Myanmar merchants contributing a lot to the welfare of the people and the country all through the periods in history, namely: Bagan, Pinya, Ava, Taung Ngu, Ngaung Yang, Konboung, British Colonial period, AFPFL government's period, the Burmese Way to Socialism period, and present-day democracy period.

The Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) dates back its existence to the year 1919 when it was founded by some Burmese patriotic entrepreneurs with strong nationalistic aspirations during the British colonial days. It has marched ahead steadfastly and now in the year 2019, it has entered into its 100th year of existence, its centennial year. It started its function in 1919 as Burmese Chamber of Commerce (BCC), from 1948 to 1988 it existed as Union of Burmese Chamber of Commerce and Industry (UBCCI) but without functioning during the period 1962 to 1988 the socialist era. From 1989 to 1999 it functioned as the Union of Myanmar Chamber of Commerce and Industry (UMCCI) under the new SLORC government. On 1st April 1999 in compliance with the government's Market oriented new economic policy it was upgraded as a Federation and is in function to this day as The Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI).

From the time of its establishment till the end of December 1990, its membership strength was only 458 but now although it has increased to over forty thousand, there are now over 14,000 active members.

There are a total of 75 affiliated associations under its umbrella, operating as state and regional CCIs, Border Trade Chamber of Commerce and Associations based on different trades and disciplines. The federation has signed more than 167 MoUs of corporation with international chambers and business organization cooperating and interacting with them in the fields of economy, trade and investment as well as social and other matters for mutual benefit.

We have a vision of our Federation becoming a leading organization for the development of our national economy. As part of our mission we are working hand in hand with the government in public-private partnership collaboration.

To provide better opportunities for business people the Federation carries out activities such as taking part in meetings with International Chamber of Commerce (ICC), ASEAN Business Advisory Council (ASEAN BAC), Ayeyarwaddy-Chon Phraya-Mekong Economic Cooperation Strategy (ACM-ECS), Bay of Bengal Initiative for Multi Sectoral Technical and Economic Cooperation (BIMSTEC), Greater Mekong Sub-region Business Forum (GMS-BF), East-Asia Business Council (EABC), etc; including meetings with State Counsellor.

As part of HR Development programme UMFCCI conducts training classes, regular and special, at its training institute for young people, also encouraging them to take part in international competitions.

To inspire its employees and to improve their efficiency the Federation rewards them with bonuses, increased pay, scholarships for study and training abroad and occasional healthcare expenses.

The publication of this magazine is to mark and highlight the centenary celebration of UMFCCI.

I'd like to express my heartfelt thanks to the Advisor, of UMFCCI Magazine publication Advisor U Maung Maung and members, Dr. Maung Maung Lay who is Chairman of the magazine publication committee and also to those who have contributed interesting stories, poems and articles for this centenary magazine.

I believe that The Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) which has been operating harmoniously to the tune of changing times for a period of 100 years will continue to march ahead successfully in many years to come.

Wishing all our members, trading partners and well wishers the best of health, happiness and success.



Dr.Maung Maung Lay,
Chairman,
Centennial Magazine Committee

Hi Folks,

Your Chamber – The Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)–is celebrating its 100th birthday! A very happy, healthy and prosperous one and many more happier and productive ones ahead …

You – our fellow members –made it happen! Well done! . Myanmar is proud of you and feel and blessed to have your continued support and selfless contributions to steer our motherland on the path to democracy, human rights and market-oriented economy.

The path is not strewed with rose buds. You folks have managed so far to overcome the headwinds, turbulences and even undercurrents. Be steadfast, united and strive tirelessly with UMFCCI to reach your ultimate goals – the betterment of the livelihood of all Myanmar, to alleviate poverty, enhancement of all industries and businesses, including yours, and to regain our past glory.

Your Chamber – UMFCCI– will indeed lead and steer you to fulfill your needs and make your dreams come true!

Let us all rejoice and cherish our Centennial and this magazine shall majestically stand as a milestone to commemorate your achievements and our pledge to raise the bar to leap frog all our associates in order to catch up regionally and globally and be in line with the new world order.

United we stand. Never will we fail!




**PUBLISHER**
Dr Tha Tun Oo (00798), TODAY

**COVER DESIGN**
Myoe Min Htay

**LAYOUT DESIGN**
TODAY

**PRESS**
U Kyaw Zin (10994), Khine Yee Mon

**COLOR SPERATION & CTP**
Eagle

**BINDING**
Swe Daw

**CIRCULATION**
6,000 Copies

**PRICE**
5,000 Ks

## Centennial Magazine Committee Members

| | | |
|---|---|---|
| 1. | U Maung Maung | Advisor |
| 2. | U Tun Aye | Advisor |
| 3. | U Tun Aung | Advisor |
| 4. | Dr. Maung Maung Lay | Chairman |
| 5. | U Aye Win | Member |
| 6. | U Hnin Oo | Member |
| 7. | U Ohn Maung (Myin Mu Maung Naing Moe) | Member |
| 8. | U Nyunt Tin (Maung Nyin Thu, Gyo Bin Gauk) | Member<br>Member |
| 9. | U Sein Htwe | Member |
| 10. | Dr. Tha Tun Oo | Member |
| 11. | U Tin Ko Ko | Member |
| 12. | U Kyaw Thein | Member |
| 13. | U Nyi Nyi Aung | Member |
| 14. | U Min Han | Member |
| 15. | U Tint Swe | Member |
| 16. | U Htay Win | Member |
| 17. | U Myint Aung | Member |
| 18. | U Kyaw Dewa | Secretary |

## Editorial

| | | |
|---|---|---|
| 1. | U Ohn Maung | Chief Editor |
| | (Myin Mu Maung Naing Moe) | Member |
| 2. | Dr Maung Maung Lay | Member |
| 3. | U Nyunt Tin (Maung Nyein Thu, Kyot Pin Kauk) | Member |
| 4. | U Kyaw Dewa | Member |
| 5. | U Kyaw Thein | Member |
| 6. | U Nyi Nyi Aung | Member |
| 7. | U Tint Swe | Member |
| 8. | U Myint Aung | Member |
| 9. | U Tun Shwe | Member |

UMFCCI
Centennial Magazine
(1919-2019)

# မာတိကာ

## ဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| ၂၈ | သမိုင်းတွင်မှာ နှစ်တစ်ရာ | မခိုင် |
| ၃၄ | ရှုံ့နွံထဲက ပန်းတစ်ပွင့် | မိုးပြာ (UMFCCI) |
| ၄၇ | နိုင်ငံတစ်နိုင်ငံ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုနှင့် စီးပွားရေးတိုးတက် ဖွံ့ဖြိုးလာမှုတို့ အခြေအနေ | သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂ) |
| ၆၂ | ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိစေဖို့ | မင်းဇထူး |
| ၆၆ | အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းခြင်းနှင့် မြန်မာအနုညာတဗဟိုဌာန | ဒေါက်တာမောင်မောင်သိမ်း |
| ၇၈ | အမျိုးသားပို့ကုန်မဟာဗျူဟာမှသည် ကြွယ်ဝချမ်းသာမှုဆီသို့ | ထက်အံ့လင်း |
| ၈၁ | ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်းနဲ့ စိန်ခေါ်မှုများ | ခင်မောင်ညို (ဘောဂဗေဒ) |
| ၈၆ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရန် စဉ်းစားကြရမည်ဆိုလျှင် | သတိုးလွင် |
| ၁၀၂ | မြန်မာ့ သေး၊ ငယ်၊ လတ်စီးပွားရေးလုပ်ငန်းများ စိန်ခေါ်သံများနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု | ဦးဇော် (UMFCCI) |
| ၁၁၇ | ဖြတ်သန်းကာလ EC, CEC, JSG ဘဝ | မြတ်ကုမာရ |
| ၁၃၄ | စီးပွားရေးဦးဆောင်မှု | ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက် |
| ၁၃၉ | UMFCCI ၏ ပရဟိတနှင့် ကျွန်တော် | ဇဝန (မြန်အောင်) |
| ၁၄၃ | အသင်းအဖွဲ့များနှင့် အမှုဆောင်များထားရှိသင့်သော စိတ်နေသဘောထား | မောင်ရှူးဒိုင်း |
| ၁၅၀ | အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှ ဖွံ့ဖြိုးမှုဆီသို့ | မေဇလပ်ဖြူ (ချင်းတောင်တန်း) |
| ၁၅၅ | ဇွဲအနုပညာ | ဝင်းမင်းဦး |
| ၁၆၁ | စက်မှုထုတ်ကုန်ကဏ္ဍ စိန်ခေါ်မှုများနှင့် MIA ၏ ဦးဆောင်မှုမျက်နှာစာ | အလုပ်အမှုဆောင်အဖွဲ့ (မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း) |
| ၁၆၇ | ယနေ့ဗီယက်နမ်နှင့် မျက်မှောက်မြန်မာနိုင်ငံ | မောင်မောင်သွင် (ပန်းခိုင်) |
| ၁၈၃ | အလျှောက်ကောင်းသူမို့ | မောင်ဆွေသက် |
| ၁၈၈ | မြန်မာ့စားသုံးဆီဖူလုံရေး | ထွန်းအောင်ကျော်(ရွှေကိုင်းတော) |

| | | |
|---|---|---|
| ၁၉၁ | လေယာဉ်ပေါ်တွင် ရင်ခုန်ခဲ့စဉ်က | မောင်ချမ်းငြိမ်း (ဖျာပုံ) |
| ၂၀၄ | သူဌေးကြီး လီကာရှင်း ဆက်၍ ဆက်၍ တိုးတက်အောင်မြင် | ချစ်နိုင် (စိတ်ပညာ) |
| ၂၀၉ | သက်မွေးပညာအကြောင်း တစ္ဆေတစောင်း | သီရိနိုင် |
| ၂၁၆ | UMFCCI Training Institute မှ ဥယျာဉ်မှူးများ | အုန်းဝမ် (ရန်ကုန်တက္ကသိုလ်) |
| ၂၂၀ | တက္ကသိုလ်နှင့် ကုန်ထုတ်လုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှု | ဒေါက်တာခင်မောင်လွင် (FAME) |
| ၂၂၄ | အသိပညာဘဏ်တိုက်နှင့်စာဖတ်ခြင်း | ရွှေစင် |
| ၂၂၈ | လုပ်ငန်းရှင်ပေါက်စများ ယုံကြည်မှုတည်ဆောက်ခြင်း | ကြည်ကြည် |
| ၂၃၂ | HR ပညာရှင်များ၏ အခန်းကဏ္ဍ | ဒေါက်တာဆွေဆွေသန်း (Dynamic Capacity Development Institute) |
| ၂၄၀ | Organization Behavior and Culture | ညဏ်ဝင်း |
| ၂၄၇ | MSDP ဖော်ဆောင်ရာတွင် အရေးပါသော NIF | ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့) |


## မှတ်တမ်းကဏ္ဍ


| | |
|---|---|
| ၄၄ | နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပဂ္ဂလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ |
| ၉၃ | အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပဂ္ဂလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ |
| ၁၀၉ | Invest Myanmar Summit 2019 |
| ၁၄၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပဂ္ဂလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ |
| ၁၇၈ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း |
| ၁၉၆ | မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ဆောင်ရွက်မှုများ |
| ၂၃၆ | ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ကုန်သည်၊ စက်မှုအသင်းချုပ် (UMFCCI) တို့၏ ပူးပေါင်းကြိုးပမ်းလုပ်ဆောင်မှုအချို့ |


## ဝတ္ထုတိုကဏ္ဍ


| | | |
|---|---|---|
| ၉၇ | အကြံကောင်း | မနုဿကျော်ဝင်း (အမျိုးသားစာပေဆုရ) |
| ၁၂၂ | ခေါင်လွန်းတဲ့မိုး | မောင်ငြိမ်းသူ (ကြို့ပင်ကောက်) |
| ၁၇၀ | ဈေးဦးပေါက် | လယ်တွင်းသားစောချစ် |
| ၂၅၀ | ကိုမောင်မောင်စန်း၏ စီးပွားရေးစိမ်ကိန်း | မစန္ဒာ |

## ကဗျာကဏ္ဍ

၄၂၊ ၁၀၁၊ ၁၃၃၊ ၁၇၆၊ ၁၉၉၊ ၂၃၅

## ကာတွန်းကဏ္ဍ

၆၅၊ ၂၂၃၊ ၂၈၇

## ဓာတ်ပုံကဏ္ဍ


၁၄ Patrons, Advisors, Central Executive Committee and Executive Committee Members of UMFCCI

၇၂ Marching Forward hand in hand with the Public and Private sector businesses for National Economic Development

၇၆ UMFCCI Centennial International Expo

၁၃၂ Social sector participation and promotion

၂၀၀ Working together with Affiliated Associations for Nation's Development

၃၁၉ Promoting International Business Relationship

၃၂၅ Invest Myanmar Summit 2019

၃၃၅ Offering capacity building and professional skills development training programs


## အင်္ဂလိပ်ဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| ၂၅၈ | Settlement of Disputes by Arbitration and Myanmar Arbitration Centre | Dr Maung Maung Thein |
| ၂၆၃ | Myanmar: Going from Pause to Fast Forward with China's Belt and Road Initiative (BRI) | U Myint |
| ၂၈၁ | Stories and Experiences with CAEXPOS | U Kyaw Dewa (UMFCCI) |
| ၂၈၈ | Setting Up and Growing Your Business | Dr. Tin Latt (EC-UMFCCI) |
| ၂၉၂ | Green Investment and Development Paradigm The Urgency of NOW and HOW! | Professor Nay Htun, Ph.D., FIC |
| ၃၀၆ | Trade Association, Organisation and the Culture | Maung Thitsa |
| ၃၀၈ | Are Religions and Faiths Relevant for Peace and Prosperity | U Aung Naing |
| ၃၁၀ | Milestone of Myanmar and Thai chambers of commerce collaboration: Global MBA Off-shore program | Pyai Pyai Pwint |
| ၃၁၃ | Protocol Practices for Businessmen | Tun Tint Swai |
| ၃၂၇ | Private Sector Development, with reference to MSDP | U Myint (Trade) |
| ၃၃၃ | Congratulations!And Thank You for Introducing Myanmar into the World Stage | U Kyaw Thane CEC, UMFCCI |

# Patrons, Advisors, Central Executive Committee and Executive Committee Members of UMFCCI

## Patrons



Dr. Aung Thu
Union Minister
Ministry of Agriculture,
Livestock and Irrigation



Dr. Than Myint
Union Minister
Ministry of Commerce



U Soe Win
Union Minister
Ministry of Industry, Ministry
of Planning and Finance



U Phyo Minn Thein
Chief Minister
Yangon Regional Government



U Aung Ko Win
Patron
Kanbawza Bank Limited



U Chit Khine
President
Eden Group Company Limited

# Advisors



U Myint



U Win Myint



U Maung Maung



Dr.Aung Tun Thet



U Khin Maung Yee



U Hla Myint Thein
(1990-2017)



Dr.Maung Maung Thein



U Nyi Hla Nge



U Tin Htut Oo



U Tun Aung



U Tun Aye

# Central Executive Committee



U Zaw Min Win
President



U Thein Han
Vice President



Dr. Maung Maung Lay
Vice President



U Thaung Tin
Vice President



U Hla Maung Shwe
Vice President



Dr. Myo Thet
Vice President



U Wai Phyo
Vice president



U Ye Min Aung
Vice President



U Aung Kyi Soe
Secretary General



U Aye Win
Joint Secretary General



U Aung Khin Myint
Joint SecretaryGeneral



Dr. Aung Thein
Joint Secretary General



U Thadoe Hein
Joint Secretary General



U Myo Thant
Joint Secretary General



U Kyaw Dewa
Joint Secretary General



Daw Khine Khine Nwe
Joint Secretary General



U Mya Han
Treasurer



U Aung Soe Tha
Joint Treasurer



U Aye Tun
Auditor



U Hnin Oo
Joint Auditor



U Myint Soe
CEC



U Thaung Su Nyein
CEC



U Tun Aung
CEC



Dr. Thin Nwe Win
CEC



Dr. Win Si Thu
CEC



Dr.Myo Thant
CEC



U Moe Kyaw
CEC



U Thein Han
CEC



Dr. Naing Win Par
CEC



U Aung Zaw Naing
CEC



U Sein Htwe
CEC



Dr. Tha Tun Oo
CEC



U Zaw Win Shein
CEC



U Kyaw Win
CEC



U Sai Ba Nyan
CEC



U Aye Han
CEC



U Tun Lwin
CEC




U Soe Paing
CEC



U Tin Ko Ko
CEC



U Ko Ko Gyi
CEC



U Myint Kyu
CEC



U Khin Han
CEC



U Hla Mg
CEC



U Ye Myat Thu
CEC



U Tin Myint
CEC



U Mg Mg Swe
CEC





U Hla Myint Shwe
CEC





U Kyaw Thein
CEC



U Aung Min
CEC



U Nyi Nyi Aung
CEC



U Sein Lwin
CEC



U Hla Oo
CEC



U Ye Myint Pe
CEC



U Min Thein
CEC



U Khin Mg Than
CEC



U Aye Lwin
CEC

U Kyaw Kyaw Win
CEC

U Myat Thin Aung
CEC

# Executive Committee Members



Dr. Tun Thua Thet
EC



Daw Khine Zaw
EC



Dr. Aung Thura
EC



U Htun Htun Naing
EC



U Zaya Thura Mon
EC



U Thaung Win
EC



U Aye Thaung
EC



U Hla Min
EC



Daw Marlar Win
EC



U Kyaw Win
EC



U Kyaw Soe Han
EC



U Khin Maung Myat
EC



Daw Khin Thet Maw
EC



Dr. Saw Hla Htun
EC



U Aung Shwe
EC



Dr. Khin Mg Oo
EC



U Oo Boo Thein
EC



U Aung Win
EC



U Soe Kyin
EC



U Min Zayar Hlaing
EC



U Khin Tun
EC



U Thant Zin
EC



U Ye Aung
EC



U Zaw Moe Khaing
EC



U Kyaw Lwin
EC



U Ye Myint Mg
EC



Daw May Thet Khaing
EC



U Moe San Aung
EC



U Myo Htwe
EC



U Htin Aung Khine
EC



Dr. Saw Nay Nwe
EC



Dr. Tin Latt
EC



U Zaw Naing Thein
EC



U Maung Maung Tin
EC



U Kyaw Myint Oo
EC



U Tint Aung
EC



U Tun Aye
EC



U Kyaw Min
EC



U Myo Myint Tun
EC



U Tin Aung Oo
EC



U San Khing Hla
EC



U Aung Myint Thein
EC



U Kyaw Min
EC



U Min Han
EC



U Soe Naing
EC



U Sai Bo Bo
EC



Daw Thin Thin Myat
EC



U Ye Htut Naing
EC



U Khine Myint
EC



U Nay Linn Aung
EC



Dr. Soe Tun
EC



Daw Khin Lay
EC



U Myo Min
EC



U Myint Zaw
EC



U Naing Lin
EC



U Saw Han Aye
EC



U Soe Than Min Din
EC



U Tin Oo
EC



U Htun
EC



U Paw Oo
EC



U Aung Myo Min Din
EC



U Kyaw Ko San
EC



U Soe Mya
EC



U Sein Win Hlaing
EC



U Htay Oo
EC



U Naung Naung Han
EC



Daw Win Ei Khine
EC



U Nay Lin Zin
EC



U Soe Linn
EC



U Zaw Bo Khant
EC



Daw Nan Sin
EC



U Tun Tun Win
EC



U Aung San Win
EC



U Thein Myint
EC



Daw Min Min
EC



U Win Myint Hlaing
EC



U Thein Win
EC



U Thardu
EC



Daw Lwin Lwin Mar
EC



U Kap Khen Pau
EC



Dr Khing Mg Win
EC



၁၉၁၉ ခုနှစ်မှာ
ဗမာကုန်သည်ကြီးများ
အသင်းအဖြစ်
စတင်ဖွဲ့စည်းခဲ့

# သမိုင်းတွင်မှာ နှစ်တစ်ရာ

မခိုင်

ကျွန်မတို့ ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်လို့ခေါ်နေတဲ့ ကုန်သည်စက်မှုအသင်းချုပ်ဟာဆိုရင် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့ပြီး ပုဂ္ဂလိကကဏ္ဍတစ်ခုလုံးအတွက် မားမားမတ်မတ်ရပ်တည်ကာ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ အတူတကွ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နေခဲ့သည်မှာ နှစ်တစ်ရာတိုင်လာခဲ့ပြီဖြစ်ပါတယ်။ အသင်းချုပ်ရဲ့ အားကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုများ၊ တိုက်တိုက်တွန်းတွန်းဆောင်ရွက်ချက်များကြောင့် အသင်းချုပ်ဟာ အစိုးရရဲ့ ယုံကြည်မှု၊ ညီနောင်အသင်းများနဲ့ အသင်းသားများရဲ့ ယုံကြည်မှု၊ နိုင်ငံတကာ ယုံကြည်မှုများကိုရရှိခဲ့ပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်မှာသိသာထင်ရှားလှပါတယ်။

## ခေတ်ရေစီးကြောင်း အမည်ပြောင်း

ကုန်သည်များ အသင်းအစ ကိုလိုနီခေတ်ကဆိုသလို ၁၉၁၉ ခုနှစ်၊ အင်္ဂလိပ်ကိုလိုနီခေတ်မှာ “စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲမည်” ဆိုတဲ့ ခံယူချက်နဲ့ ဗမာကုန်သည်ကြီးများအသင်းကို စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်ကိုလိုနီခေတ်၊ လွတ်လပ်ရေးအကြိုကာလအထိ “ဗမာကုန်သည်ကြီးများအသင်း” အမည်နဲ့ လှုပ်ရှားဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ “မြန်မာကုန်သည်ကြီးများအသင်း” အနေဖြင့်လည်းကောင်း၊ တော်လှန်ရေးအစိုးရကာလနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရကာလ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ “မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း” အနေဖြင့်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက် ၁၉၈၉ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ “ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း” (UMCCI) အနေဖြင့်လည်းကောင်း ပုဂ္ဂလိကကုန်သွယ်မှုများ၊ စက်မှုလက်မှုလုပ်ငန်းများအား ဦးဆောင်ဆောင်ရွက်သည့်အပြင် အစိုးရနဲ့လည်း ပေါင်းကူးတံတားသဖွယ်ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်။ သက်တမ်း ရှစ်ဆယ်ပြည့်တဲ့ ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်


နေ့မှာ "ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်" (UMFCCI) အဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီလိုဖွဲ့စည်း ဆောင်ရွက်နေတဲ့ အချိန်အတွင်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်သည်အထိ အောင်မြင်မှုများ ရရှိခဲ့ပါတယ်။

## လူပ်ရှားဆောင်ရွက် ရှေ့သို့တက်

ကုန်သည်စက်မှုအသင်းချုပ်ဟာ စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လုပ်ငန်းကော်မတီများဖွဲ့စည်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အစိုးရမှဖွဲ့စည်းသည့် အဖွဲ့များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်အကြီးအကဲများအားတွေ့ဆုံတင်ပြခြင်း၊ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးများစေလွှတ်ခြင်း၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ ကုန်စည်ပြပွဲများသို့တက်ရောက်ခြင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း၊ ပြည်တွင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများသို့တက်ရောက်ခြင်း၊ တွေ့ဆုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများ၊ ဟောပြောပွဲများ၊ ညီလာခံများ၊ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ စီးပွားရေးဖိုရမ်များ ကျင်းပခြင်း၊ မြန်မာ့ကုန်စည်ပြပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များထုတ်ပေးခြင်း၊ မြန်မာ့လုပ်ငန်းလမ်းညွှန်စာအုပ်ပြက္ခဒိန်နှင့် မှတ်တမ်းစာအုပ်သတင်းလွှာများ ထုတ်ဝေခြင်း၊ ပြည်ပစီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ခြင်း၊ လူမှုရေးနှင့်အခြားလုပ်ငန်းရပ်များ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းဆောင်ရွက်မှုများ၊ ညီနောင်အသင်းနှင့် အသင်းသားရေးရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများ၊ ကုန်သည်အချင်းချင်းမပြေလည်မှုများအား ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင်အဖွဲ့အစည်းဆောင်ရွက်ချက်များနှင့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းများနှင့် CSR ဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်ခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

## ပြောင်းလဲတိုးတက် အကျိုးဆက်

၁၉၁၉ ခုနှစ်မှစ၍ ၁၉၉၁ မတိုင်ခင်အထိ (UMCCI) အနေဖြင့် ထီးရိပ်ခိုအသင်းများနဲ့ ရာဂဏန်းမျှရှိသော အသင်းသားကုန်သည်များအတွက် ရပ်တည်လာခဲ့ရာမှ ၁၉၉၁ မှအစပြု၍ညီနောင်အသင်းလို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး၊ တိုင်းဒေသကြီး ၁၅ သင်း၊ နယ်စပ်ဒေသအသင်း ခုနစ်သင်း၊ လုပ်ငန်းအလိုက် သုံးသင်း၊ ကုန်ပစ္စည်းအလိုက် လေးသင်း၊ စုစုပေါင်းညီနောင်အသင်း ၂၉ သင်းအပြင် လုပ်ငန်းကော်



အသင်းရဲ့
ပထမဆုံးဥက္ကဋ္ဌအဖြစ်
တာဝန်ယူခဲ့သူ
ဦးမောင်မောင်အုန်းခိုင်

မတီကိုးခုကိုလည်း စတင်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်မှာ UMFCCI လို့ ပြောင်းလဲအဆင့်မြှင့်တင်ပြီးသည့် နောက်ယနေ့သက်တမ်းတစ်ရာပြည့်နှစ်မှာ ညီနောင်အသင်း ၇၄ သင်းနဲ့ အသင်းသားလေးသောင်းကျော်ရှိလာခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ စီးပွားရေးအရပြင်ပနဲ့ ဆက်သွယ်မှုမရှိ တသီးတသန့်ဖြင့် မိမိဘာသာရပ်တည်သောကာလ တစ်ခုရှိခဲ့သလို၊ ပြည်ပနိုင်ငံကြီးအချို့က စီးပွားရေးအရဒဏ်ခတ်ခဲ့တဲ့အတွက် ပိတ်ဆို့မှုများဖြင့် နေထိုင်ခဲ့ရတဲ့ ကာလများရှိခဲ့ပါတယ်။ အားလုံးသိရှိတဲ့အတိုင်း EU မှ GSP (Generalized System of Preference) ကို ၁၉၉၇ ခုနှစ်မှာ ပြန်လည်ရုပ်သိမ်းသွားခဲ့ပြီး ၂၀၀၃ ခုနှစ်မှာ အမေရိကန်မှစီးပွားရေးပိတ်ဆို့မှုများ စတင်ခဲ့ပါတယ်။ ILO ကလည်း ၁၉၉၇ နဲ့ ၂၀၀၀ ပြည့်နှစ်မှာ ILO မှ Resolutions စုစုပေါင်း ရှစ်ချက်ဆိုပြီး မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ထွက်ရှိလာခဲ့ပါတယ်။ ၎င်းအကျိုးဆက်အဖြစ် မြန်မာနိုင်ငံဟာ ပြင်ပကမ္ဘာနဲ့အဆက်အသွယ်ဖြတ်လိုက်သကဲ့သို့ဖြစ်သွားခဲ့ပါတယ်။ အသင်းချုပ်ဟာ ယင်းကာလများမှာ ကြံ့ကြံ့ခံရပ်တည်ကာ ရှေ့ဆက်နိုင်ခဲ့ပါတယ်။ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံများကို နှစ်စဉ် စဉ်ဆက်မပြတ်တက်ရောက်ခဲ့ပြီး ထဲထဲဝင်ဝင်ဆွေးနွေးမှုများ၊ လက်တွေ့ဆောင်ရွက်မှုများဖြင့် သက်သေပြကာ အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးကောင်းမွန်စေဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီအချိန်က ပါဝင်ဆောင်ရွက်ခဲ့သူများကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း ဒီနေရာကနေ ပြောကြားလိုပါတယ်။ အသင်းချုပ်အနေဖြင့် အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးကောင်းမွန်စေဖို့ လုပ်ဆောင်ခဲ့တဲ့ထိရောက်တဲ့ဆောင်ရွက်မှုများကို ILO နဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကလည်း အသိအမှတ်ပြုချီးကျူးခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက် EU-GSP အခွင့်အရေးများ ပြန်လည်ခံစားခွင့်ပေးဖို့နဲ့ US စီးပွားရေးပိတ်ဆို့မှုကို ဖယ်ရှားနိုင်ဖို့အတွက် အခြေခံတဲ့လုပ်ဆောင်ချက်များထဲမှာ အသင်းချုပ်ရဲ့ အားထုတ်မှုက တစ်ခုအပါအဝင်ဖြစ်ခဲ့ပါတယ်။

ယင်းအပြင် အသင်းချုပ်ရဲ့နိုင်ငံတကာ အဖွဲ့အစည်းများသို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့မှုများကိုလည်း တွေ့မြင်နိုင်ပါတယ်။

- ၂၀၁၉ ခုနှစ်၊ ဇွန်လမှာ IOE (International Organization of Employers)
- ၂၀၁၈ ခုနှစ်မှာ ASEAN Confederation of Employers – ACE
- ၂၀၁၅ ခုနှစ်မှာ ASEAN-CSR Network
- ၂၀၁၂ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ United Nations Global Compact (UNGC) သို့ စတင်ဝင်ရောက်ခဲ့ပြီး အသင်းချုပ်ရဲ့ Members သုံးရာအထိ ပါဝင်ခဲ့ခြင်း
- ၂၀၀၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ ASEAN Business Advisory Council ASEAN BAC မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း
- ၂၀၀၀ ပြည့်နှစ်၊ အောက်တိုဘာလမှာ Greater Mekong Subregion Business Forum (GMS-BF) မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီး
- ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှာ ဖွဲ့စည်းခဲ့တဲ့ မြန်မာ၊ တရုတ် (ယူနန်)၊ လာအိုနဲ့ ထိုင်း၊ ချင်းမိုင်တို့ ပါဝင်တဲ့ Joint Economic Quadrangle Committee JEQC



UMFCCI ရာပြည့်မဂ္ဂဇင်း








၁၉၉၉ ခုနှစ်တွင် UMFCCI ဟု ပြောင်းလဲအဆင့်မြှင့်တင်ပြီးသည့်နောက် ယနေ့သက်တမ်း တစ်ရာပြည့်နှစ်တွင် ညီနောင်အသင်း ၇၄ သင်းနှင့် အသင်းသား လေးသောင်းကျော်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

- ၁၉၉၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဘူတန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (BIMSTEC)
- ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့မှာ အာဆီယံကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ASEAN-CCI)
- ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့မှာ အပြည်ပြည်ဆိုင်ရာကုန်သည်များအသင်း (International Chamber of Commerce-ICC)
- East Asia Business Council (EABC) မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အလှည့်ကျ ဥက္ကဋ္ဌအဖြစ်လည်းကောင်း
- India-Myanmar Joint Task Force မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း
- ACEMES- Business Council မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ Business Advisory Council of the UNESCAP မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း
- Myanmar-Japan Joint Initiative မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း
- International Association of Traffic & Safety Science Forum (IATSS Forum-Japan) Myanmar-Korea Business Council, Myanmar-Thai Business Council တို့မှာ အဖွဲ့ဝင်အဖြစ်လည်းကောင်း

ပါဝင်ဆောင်ရွက်နေတာကို ကြည့်ခြင်းအားဖြင့် ကုန်သည်စက်မှုအသင်းချုပ်ရဲ့ ခြေဆန့်နိုင်မှုဟာ ဒေသတွင်းသာမက အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့်သို့ပါ ထိုးဖောက်ဆောင်ရွက်နေတာကို တွေ့နိုင်ပါတယ်။

UMFCCI ဟာ အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများ၊ ညီနောင်အသင်းများရဲ့ အကျိုးစီးပွားကို ယခုထက်ပိုမိုပြီး အင်တိုက်အားတိုက် ရှေးရှုဆောင်ရွက်နိုင်ဖို့အတွက် အသစ်ပြန်လည်ရေးဆွဲတဲ့ သင်းဖွဲ့စည်းမျဉ်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့မှာ ကျင်းပတဲ့အသင်းသားစုံညီ အထူးအစည်းအဝေးမှာ ဆွေးနွေးခဲ့ရာ အသင်းသားများက ကန့်ကွက်သူမရှိ တစ်ခဲနက် ထောက်ခံခဲ့ကြပါတယ်။ အသင်းချုပ်ရဲ့ အသင်းသားအကျိုးမျှော်တဲ့၊ မွန်မြတ်တဲ့ ရည်ရွယ်ချက်များမှာ အသေးစား၊ အလတ်စား လုပ်ငန်းများ အပါအဝင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်စေရေး၊ စီးပွားရေးဆိုင်ရာမူဝါဒနဲ့ ဥပဒေရေးရာကိစ္စရပ်များကို နိုင်ငံတော်နဲ့ ညှိနှိုင်းဆောင်ရွက်ပြီး စီးပွားရေးပတ်ဝန်းကျင်ကောင်းပေါ်ထွန်းလာစေရေး၊ စွမ်းဆောင်ရည်မြင့်မားပြီး၊ ကျင့်ဝတ်သိက္ခာရှိမှု တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများနဲ့ စဉ်ဆက်မပြတ် ထိတွေ့ပေါင်းစပ်ပြီး ကမ္ဘာလုံးဆိုင်ရာတိုးတက်ပြောင်းလဲမှုများနဲ့ ကိုက်ညီတဲ့ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုက်လျောညီထွေတဲ့ အစီအမံများ ချမှတ်ဆောင်ရွက်ရေးတို့ ပါဝင်ပါတယ်။




## လူပ်ရှားဖြန့်ကြက် ပြည်တွင်းကွန်ရက်

ကုန်သည်စက်မှုအသင်းချုပ်က ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရရှိဖို့အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတစ်ခုတည်းကိုပဲ အာရုံစိုက်လုပ်ကိုင်တာမဟုတ်ဘဲ ဒေသတွင်းရှိလူမှုရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးများအတွက် နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရက ဦးဆောင်လျက်ရှိတဲ့ လုပ်ငန်းကော်မတီများဖြစ်တဲ့ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှာ ပုဂ္ဂလိက ကိုယ်စားလှယ်များအဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊ သုတေသနဆိုင်ရာ စံချိန်စံညွှန်းကော်မတီမှာ ပါဝင်ဆောင်ရွက်ခြင်း၊ ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီမှာ ပါဝင်ခြင်း၊ ကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များမှာ ပါဝင်ခြင်း၊ အသေးစား အလတ်စားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ပါဝင်ခြင်း၊ ဥပဒေပြုရေးကော်မတီမှာ ပါဝင်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး၊ MSME Advisory Board (AMAB) နဲ့ Ease of Doing Business ကိစ္စရပ်များမှာ ပါဝင်ဆောင်ရွက်ခြင်းများအပြင် CSR ဆောင်ရွက်မှုအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အား Task Force ဆယ်ခုဖွဲ့၍ ရခိုင်ပြည်နယ်တိုးတက်ရေးအထိုက်အလျောက် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး သဘာဝဘေးအန္တရာယ်များကြောင့် အခက်အခဲများ၊ ဒုက္ခများကြုံတွေ့နေရသောနေရာများသို့ သွားရောက်ပြီး ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်ကအားစိုက်ဆောင်ရွက်လျက်ရှိတဲ့ သက်မွေးပညာအဆင့်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက်ဆောင်ရွက်နိုင်ဖို့ UMFCCI မှာ ကျွမ်းကျင်မှုနဲ့ သက်မွေးပညာဌာနကိုဖွဲ့စည်း၍ သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင်းရှိ International Chambers များနဲ့ စီးပွားရေးဆိုင်ရာ အစိုးရဝန်ကြီးဌာနတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ ပထမဆုံးအကြိမ် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် UMFCCI မှ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အသင်းချုပ်အနေဖြင့် ခေတ်နဲ့လိုက်လျောညီထွေရှိတဲ့ စီးပွားရေးအသင်းများဖြစ်တဲ့ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံလက်မှုအနုပညာရှင်များအသင်း စသည်တို့ကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။

## ပညာစီးပွား ချိတ်ဆက်အား

ခေတ်ကာလအလျောက် အိမ်တွင်းစီးပွားရေးကနေ ကမ္ဘာ့စီးပွားရေးအထိ လှမ်းတက်လာနိုင်သကဲ့သို့ ပညာရေးမှာလည်း ကမ္ဘာ့အဆင့်မြင့်ပညာရေးအထိ လှမ်းတက်သင်ယူမှုများမှာ

အရှိန်အဟုန်ဖြင့် တိုးပွားလာလျက်ရှိပါတယ်။ ဒါကြောင့် UMFCCI ကလည်း မြန်မာနိုင်ငံသားများ၊ လုပ်ငန်းရှင်များအတွက် အဆင့်မြင့်ပညာရေးကို စရိတ်သက်သာစွာနဲ့ လုပ်ငန်းခွင်မပျက် သင်ယူနိုင်စေဖို့၊ Capacity Building၊ လူသားအရင်းအနှီး တည်ဆောက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနဲ့ စီးပွားရေးအသိုက်အဝန်းမြှင့်တင်နိုင်ဖို့ ရည်ရွယ်ပြီး University of Thai Chamber of Commerce နဲ့ MOU ရေးထိုးပြီး UTCC-UMFCCI Offshore MBA Program ကို ရန်ကုန်မြို့မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က စတင်ပြီး ပူးပေါင်းဖွင့်လှစ်ခဲ့ပါတယ်။ မန္တလေးမြို့မှာတော့ ၂၀၁၅ ခုနှစ်မှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သင်တန်းကို လတစ်လရဲ့ စနေ၊ တနင်္ဂနွေများမှာသာ တက်ရောက်ရတဲ့အတွက် လုပ်ငန်းလုပ်ကိုင်နေသူများအတွက် အလွန်အဆင်ပြေလှပါတယ်။ ၁၃ ကြိမ်အထိ ဖွင့်လှစ်နိုင်ခဲ့ပြီး၊ စီးပွားရေးမဟာဝိဇ္ဇာဘွဲ့ရဦးရေ ၄၅၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ခြင်းကလည်း စီးပွားရေးနဲ့ ပညာရေးမိတ်ဖက်ဆောင်ရွက်မှုရဲ့ အောင်မြင်တဲ့ မှတ်တမ်းတစ်ရပ်ဖြစ်ခဲ့ပါတယ်။ ပညာရေးအရ အသိပညာချဲ့ထွင်နိုင်ခဲ့ရုံသာမက စီးပွားရေးများကိုလည်း ချဲ့ထွင်နိုင်ခြင်း၊ လုပ်ငန်းသစ်များ အကောင်အထည်ဖော်နိုင်ခြင်းနဲ့ မိဘလက်ဝှေ့လက်ရင်း လုပ်ငန်းများကို အဆင့်မြင့်ပညာရပ်များပေါင်းစပ်ပြီး ကမ္ဘာ့အဆင့်ထိတက်လှမ်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းများအဖြစ် ဖန်တီးနိုင်သူများကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဆင့်ကဲဆင့်ကဲအောင်မြင်မှုများကိုပံ့ပိုးပေးနိုင်ဖို့အတွက် အသင်းချုပ်ကနေ IP Association၊ Digital EconomyAssociation၊ Bar Code Association အသင်းများ အောင်မြင်စွာ ပေါ်ထွက်လာနိုင်စေဖို့ ကူညီပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်ပြီး ပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌနဲ့ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တွဲဖက်ပါမောက္ခများ အပါအဝင် ပညာရေးပိုင်းရှိအသိပညာရှင်၊ အတတ်ပညာရှင်များနဲ့ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများတို့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ပညာရေးနဲ့ စီးပွားရေးချိတ်ဆက်ဆောင်ရွက်နိုင်ဖို့အတွက် ပထမဆုံးအကြိမ်တွေ့ဆုံခဲ့ကြပါတယ်။ ဒီတွေ့ဆုံပွဲမှာ Business Education and Industrial ပူးပေါင်းဆောင်ရွက်ရေးအတွက် School Industry Partnership (SIP) ကိုအကောင်အထည်ဖော်ဖို့ မူတစ်ခုချမှတ်ကာ အစိုးရနဲ့ပုဂ္ဂလိက လုပ်ငန်းကော်မတီဖွဲ့ပြီး ထိရောက်စွာဆောင်ရွက်နိုင်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဒီအစီအစဉ်သာအောင်မြင်မယ်ဆိုရင် လုပ်ငန်းခွင်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့၊ အဆင့်မီလုပ်သားကောင်းများကို ပညာရေးကဏ္ဍမှ မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါတွေကလည်း နိုင်ငံရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမထောက်ပံ့ပေးနေတဲ့ ဒေါက်တိုင်များဖြစ်ပါတယ်။ တိုင်းပြည်အတွက် လိုအပ်လျက်ရှိတဲ့ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်များကို နားလည်တတ်ကျွမ်းတဲ့ နိုင်ငံစီးပွားရေးခေါင်းဆောင်များ ပေါ်ထွက်လာရေးကိုလည်း UMFCCI က ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ မှတ်ယူမိပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ နိုင်ငံတကာအဖွဲ့အစည်းများ အသင်းချုပ်ကို လာရောက်တွေ့ဆုံဆွေးနွေးမှုများ၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနဲ့ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိနေခြင်းများ၊ နိုင်ငံတကာဆက်ဆံရေးအားကောင်းလာခြင်းများ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခြင်းများသည် ကုန်သည်စက်မှုအသင်းချုပ်အား ပိုမိုယုံကြည်စွာ ပူးပေါင်းဆောင်ရွက်လာခြင်းလို့ မှတ်ယူရမည်ဖြစ်၍ အသင်းချုပ်ရဲ့ နှစ်တစ်ရာ သမိုင်းအစဉ်အဆက် ကြိုးပမ်းမှုရဲ့ ရလဒ်ဖြစ်သည်မှာ ဧကန်အမှန်ပင်ဖြစ်ပါကြောင်း ရှေ့သို့ဆက်လက်ပြီးလည်း သာ၍သာ၍ ကောင်းအောင် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း .... ။



ဟသ်ာတဦးမြ

# ရှုံနွံထဲက ပန်းတစ်ပွင့်

မိုးပြာ (UMFCCI)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းကြီးသည် ၂၀၁၉ ခုနှစ်တွင် နှစ်တစ်ရာပြည့်ခဲ့ပြီး ဖြစ်ပါသည်။ နှစ်တစ်ရာ အထိမ်းအမှတ်မဂ္ဂဇင်းနှင့် သမိုင်းစာအုပ်တို့ထုတ်ဝေရန် ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိပါသည်။ မဂ္ဂဇင်းတွင် ကုန်သည်များနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ရေးပေးရန် မဂ္ဂဇင်းကော်မတီက မေတ္တာရပ်ခံလာပါသည်။

ကျွန်တော်သည် အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMCCI) တွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် တာဝန်ပေးခြင်းခံရပါသည်။ ကုန်သည်အသင်းတွင် ဗဟိုအလုပ်အမှုဆောင်ဖြစ်လာ၍ ကုန်သည်အသင်းများအကြောင်းကို လေ့လာရပါတော့သည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၉ ခုနှစ်မတ်လအထိ အထွေအထွေအတွင်းရေးမှူးတာဝန်ကို တာဝန်ပေးခံရ၍ ပြည်တွင်းပြည်ပဆက်သွယ်ဆက်ဆံမှုများအရ ကုန်သည် အသင်းများအကြောင်း အထိုက်အလျောက် သိရှိလာပါသည်။

ကမ္ဘာပေါ်တွင် ကုန်သည်အသင်းပေါ်ပေါက်လာပုံ၊ အင်္ဂလိပ်ကိုလိုနီအောက်တွင် ဗမာကုန်သည်အသင်း ပေါ်ပေါက်လာပုံတို့ကို ၁၉၉၅ ခုနှစ်တွင် စာတမ်းပြုစု၍ ဗဟိုအလုပ်အမှုဆောင်များအား ဖြန့်ဝေခဲ့ပါသည်။ ကုန်သည်ကြီးအသင်းအဆက်ဆက်ကို လေ့လာရင်း ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့သည့် ကုန်သည်ကြီးများအကြောင်းလေ့လာခဲ့ရာ ကုန်သည်ကြီးဟသ်ာတဦးမြအကြောင်းကို သိရှိလာသည်။ အသင်းဥက္ကဋ္ဌလုပ်ခဲ့ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးအကြောင်းကို ဂုဏ်ပြုသည့်အနေဖြင့် အသင်းကြီး နှစ်တစ်ရာပြည့်မဂ္ဂဇင်းတွင် ရေးသားဖော်ပြလိုက်ပါသည်။

အမှန်တော့ ဟသ်ာတဦးမြသည် ဟသ်ာတသားမဟုတ်ပါ။ စစ်ကိုင်းတိုင်း၊ ရွာသာကြီးတွင် ၁၈၉၂ ခုနှစ်၌ အဘဦးဆင်၊

အမိဒေါ်ရွှေမတို့က ဖွားမြင်ခဲ့သူဖြစ်ပါသည်။ ၁၉၀၆ ခုနှစ်တွင် အစ်ကိုကြီးဖြစ်သူ ဦးအောင်မြတ်ကျော်နှင့် ဒေါ်ငွေယုံတို့က သားအဖြစ်မွေးစားခဲ့ပါသည်။ ဦးမြသည် အစ်ကိုကြီးနှင့်အတူ ဟင်္သာတတွင် ဆန်စက်၊ ဆီစက်လုပ်ငန်းများကို အောက်ခြေမှစ၍ လုပ်ကိုင်ခဲ့သည်။ စီးပွားရေးလုပ်ငန်း သာရေး နာရေး လူမှုရေးကိစ္စများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့၍ လူသိများလာသည်။ ပင်ကိုမျိုးချစ်စိတ်ကြောင့် နိုင်ငံရေး၊ လူမှုရေးကိစ္စများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့၍ လူသိများလာသည်။ နိုင်ငံရေးအဖွဲ့အစည်းများဖြစ်ကြသော ၂၁ ဦး ဂျီစီဘီအေငါးပွင့်ဆိုင်အဖွဲ့တို့နှင့်လည်း ဆက်သွယ်ပါဝင်လုပ်ကိုင်ပါသည်။ ၁၉၃၆ ခုနှစ်တွင် ၉၁ ဌာန အုပ်ချုပ်ရေးရွေးကောက်ပွဲ၌ ဟင်္သာတအနောက်ပိုင်းမှ လွှတ်တော်အမတ်အရွေးခံရသည်။

၁၉၃၇ ခုနှစ်တွင် ဂဠုန်ဦးစောက မျိုးချစ်ပါတီ ဖွဲ့စည်းရာ၌ ပထမဆုံးအမှုဆောင် ၁၄ ဦးတွင် ဦးမြပါဝင်ခဲ့သည်။ ဦးစောသည် ၉၁ ဌာနအုပ်ချုပ်ရေးရွေးကောက်ပွဲတွင် သခင်မြကို ရှုံးနိမ့်ခဲ့သည်။ ဟင်္သာတမြောက်ပိုင်းကြားဖြတ်ရွေးကောက်ပွဲတွင် လာရောက်အရွေးခံရာ ဟင်္သာတဦးမြက အကူအညီပေးခဲ့ရာမှ မိတ်ဆွေဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးစောသည် သာယာဝတီခရိုင်၊ အုပ်ဖိုမြို့၌ ၁၉၀၀ ပြည့်နှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး၊ ကြို့ပင်ကောက်သာသနာပြုကျောင်း၌ ခုနစ်တန်းအထိ သင်ကြားခဲ့ကာ ကာလကတ္တားတွင် အင်္ဂလိပ်စာသွားရောက်သင်ကြားခဲ့သည်။ ကာလကတ္တားမှ ပြန်လာသောအခါ ၁၉၂၇ ခုနှစ်တွင် ကျင်းပသည့် တတိယတန်းရွေးနေစာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ပေါ်ပေါက်လာခဲ့သော ဂဠုန်ဆရာစံ လယ်သမားသူပုန်တွင်ဖမ်းဆီးခံရသော ဂဠုန်တပ်သားများဘက်မှ ရှေ့နေလိုက်ပေး၍ ဂဠုန်ဦးစောဟု နာမည်တွင်ခဲ့သည်။

၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ဦးစောအပါအဝင် မျိုးချစ်ပါတီဝင် အမှုဆောင်များ အရွေးခံခဲ့ကြရသည်။ ဦးစော ၁၉၃၉ ခုနှစ်တွင် သစ်တောရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် နန်းရင်းဝန်အဖြစ်လည်းကောင်း ရွေးချယ်ခံရသည်။ ဦးစော ညွှန့်ပေါင်းအစိုးရအဖွဲ့တွင် မျိုးချစ်ပါတီမှ ပုဂ္ဂိုလ်များကို ဝန်ကြီးတာဝန်ပေးခဲ့သော်လည်း ဦးမြမပါဝင်ခဲ့ပေ။ ဦးမြသည် ရာထူးမက်သူမဟုတ်ကြောင်း၊ ဖဆပလအစိုးရအဖွဲ့လက်ထက်တွင် ပေါ်လွင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း ဦးမြသည် ဟင်္သာတတွင် ပြန်လည်နေထိုင်ခဲ့သည်။ ဟင်္သာတတွင် မျိုးချစ်စိတ်ရှိသူ လူငယ်များ၊ ကျောင်းသားများ၊ မြေအောက်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အကူအညီများပေးခဲ့သည်။ ဟင်္သာတမြို့ကို အင်္ဂလိပ်တပ်များဖျက်ဆီးသွားမည်စိုး၍ ဧလွန်တွင်ရောက်ရှိသော ဗိုလ်ရန်နိုင် ဦးဆောင်သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ညတွင်းချင်း လူငယ်များ စေလွှတ်အကြောင်းကြားခဲ့သည်။ ဗိုလ်ရန်နိုင်တပ်ရောက်သောအခါ စားရေး၊ နေရေးအားလုံး မြို့ပေါ်ရှိ ကုန်သည်များနှင့်ဆက်သွယ်ထောက်ပံ့ခဲ့သည်။ တပ်သားသစ်များစုဆောင်းပေးခဲ့သည်။

ဂျပန်အစိုးရလက်ထက်တွင် ဗမာနိုင်ငံကို ၁၉၄၃ ခုနှစ်၊ ဩဂုတ်လတွင် လုံးဝလွတ်လပ်ရေးရမည်ဟု ဂျပန်ဝန်ကြီးချုပ်က ကြေညာခဲ့ပါသည်။ ဂျပန်အာဏာပိုင်တို့က ဗမာ့လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဒေါက်တာဘမော်ခေါင်းဆောင်သော အဖွဲ့ဝင် ၂၆ ဦးဖြင့် ဖွဲ့စည်းရာတွင် ဟင်္သာတဦးမြပါဝင်ခဲ့ပါသည်။ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးပေးကြောင်း ကြေညာပြီး ဒေါက်တာဘမော်ခေါင်းဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ အစိုးရအဖွဲ့၏

ဦးမြသည် အစ်ကိုကြီးနှင့်အတူ ဟင်္သာတတွင် ဆန်စက်၊ ဆီစက် လုပ်ငန်းများကို အောက်ခြေမှစ၍ လုပ်ကိုင်ခဲ့သည်။ စီးပွားရေးလုပ်ငန်း သာရေး နာရေး လူမှုရေးကိစ္စများ တွင်လည်း ပါဝင် ဆောင်ရွက်ခဲ့၍ လူသိများလာသည်။ ပင်ကိုမျိုးချစ်စိတ် ကြောင့် နိုင်ငံရေး၊ လူမှုရေးကိစ္စများ တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့၍ လူသိများလာသည်။

အတိုင်ပင်ခံလွှတ်တော်အမတ်နှစ်ဆယ်ဦးဖွဲ့စည်းခဲ့ရာ ဟင်္သာတဦးမြေလည်း ပါဝင်ခဲ့ပါသည်။

ဟင်္သာတဦးမြသည် ၁၉၄၃ ခုနှစ်တွင် ဗမာကုန်သည်ကြီးများက အသင်းကိုပြန်လည်စည်းရုံးဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌတာဝန်ယူခဲ့ပါသည်။ ဒုတိယဥက္ကဋ္ဌများမှာ ဦးဘအေး (ဖယ်ရာဝယ်သာ) နှင့် ဦးတင် (ယောဂီ) တို့ ဖြစ်ကြပါသည်။ အတွင်းရေးမှူးမှာ ဦးလှ (လွန်း) ဖြစ်ပါသည်။ ၁၉၄၃ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ဟင်္သာတဦးမြပင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ ဒုတိယဥက္ကဋ္ဌများမှာ ဦးဘအေး (ဖယ်ရာဝယ်သာ) နှင့် ဦးသော် (ပန်းကန်စက်) တို့ဖြစ်ကြပါသည်။ အတွင်းရေးမှူးမှာ ကြီးပွားရေးဦးသိန်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တော်လှန်ရေးမတိုင်မီကပင် တပ်မတော်၊ ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံပါတီတို့ ပူးပေါင်းပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖ.တ.ပ.လ) ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ ဂျပန်တော်လှန်ရေးပြီးသွားသည့်အခါ နိုင်ငံရေးအဖွဲ့များမှ ခေါင်းဆောင်များကို အကြိမ်ကြိမ်ဖိတ်ကြားပြီး ဖဆပလအဖွဲ့ချုပ်ကြီးတွင် ပါဝင်၍ ဗမာ့လွတ်လပ်ရေးကြိုးပမ်းမှု ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ အတွေ့အကြုံရှိသော နိုင်ငံရေးသမားကြီးများကို ဖိတ်ခေါ်စည်းရုံးခဲ့ပါသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဖတပလ အဖွဲ့ချုပ်ကကြီးမှူး၍ နေသူရိန်ပြဇာတ်ရုံကြီးတွင်ပြုလုပ်သည့် နေသူရိန်အစည်းအဝေးကြီးသို့ ဖတပလကိုယ်စားလှယ်များနှင့် ပြည်သူလူထု တစ်သိန်းကျော် တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးကြီးမှ ဗြိတိသျှအစိုးရ၏ စက္ကူဖြူစီမံကိန်း ကန့်ကွက်ခြင်းနှင့် လွတ်လပ်ရေး တောင်းဆိုကြေညာခဲ့သည်။

ဟင်္သာတဦးမြသည် ဖတပလ မူလဗဟိုဦးစီးအဖွဲ့ဝင် ၂၁ ဦးတွင် ပါဝင်၍ တိုးချဲ့ဗဟိုဦးစီးအဖွဲ့ဝင် ၁၅ ဦးတွင် ဦးဘဘော၊ ပျော်ဘွယ်ဦးမြတို့ ပါဝင်ပါသည်။

ဗမာ့လွတ်လပ်ရေး ကြိုးပမ်းမှုအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖတပလအဖွဲ့ချုပ်ကြီး အလုပ်များပြားနေသည့် အချိန်တွင် ဦးမြသည် (ဖတပလ) ဗဟိုဦးစီးအဖွဲ့ဝင် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ်ပါဝင်လှုပ်ရှားခဲ့သည်။ ထိုစဉ်က အသက် ၅၃ နှစ်ကျော်ဖြစ်၍ အသက်ကြီးပုဂ္ဂိုလ်စာရင်းဝင်နေပြီဖြစ်သည်။ ဦးမြသည် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးမဖက် ရာထူးမမက် ဗမာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုကို ကြည်ညိုလေးစားသူဖြစ်ပါသည်။ ဦးမြသည် ဂဠုန်ဦးစော နိုင်ငံခြားတွင်အကျဉ်းကျခံနေရ၍ မျိုးချစ်ပါတီဥက္ကဋ္ဌအဖြစ် ဖတပလတွင် ပါဝင်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ ဦးအေး၊ ဦးဘအုန်း စသည့် မျိုးချစ်ပါတီဝင်ကိုယ်စားလှယ်များလည်းပါဝင်ကြသည်။ ဖတပလအဖွဲ့ချုပ်ကြီးသည် ပါတီတစ်ခုမဟုတ်ဘဲ ဗမာ့လွတ်လပ်ရေးအတွက် ပါတီပေါင်းစုံ အဖွဲ့ချုပ်ဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်း၏ ပြောကြားချက်ကို အလေးအနက်ယုံကြည်သူလည်း ဖြစ်သည်။

၁၉၄၅ ခုနှစ်တွင် ဘုရင်ခံဒေါ်မန် စမစ်က ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖတပလအဖွဲ့အား ဘုရင်ခံအမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်လာခဲ့သည်။ ဖတပလဗဟိုဦးစီးအဖွဲ့မှ ၁၁ နေရာအတွက် ၁၈ ဦးကို ပဏာမရွေးချယ်ခဲ့ရာ ဟင်္သာတဦးမြပါဝင်သည်။ သို့သော် ဦးမြ၊ ဦးဆက်၊ ဦးကြင်မိုန်၊ ဦးတင်၊ သခင်ညီတို့ ငါးဦးအရွေးမခံလိုကြောင်း တင်ပြနုတ်ထွက်ခဲ့သည်။ ဦးပုမှာ ဖတပလအဖွဲ့ချုပ်သို့ နုတ်ထွက်စာတင်ထားသူဖြစ်၍ ခြောက်ဦးကိုဖယ်ပြီး၊ ကိုးဦးကို

မဲဆန္ဒဖြင့် ရွေးချယ်ခဲ့သည်။ ဗဟိုဦးစီးအဖွဲ့က ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကိုးဦး၊ ကရင်အမျိုးသားကိုယ်စားလှယ် စောဘဦးကြီးနှင့် မန်ဘခိုင်တို့ကို ရွေးချယ်ပေးပို့လိုက်သည်။ ဘုရင်ခံက ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့နှင့်တိုင်ပင်ပြီး ဖတပလအဖွဲ့ချုပ်မှ တင်ပြသော ပုဂ္ဂိုလ်များစာရင်းကို ပယ်ဖျက်၍ မိမိစိတ်ကြိုက်ပုဂ္ဂိုလ်များကို အစားထိုးပြင်ဆင်ရန် ဖတပလသို့ပေးပို့ခဲ့ရာ ဖတပလအဖွဲ့ချုပ်က အမည်စာရင်းတင်သွင်းခြင်းကို ရုပ်သိမ်းလိုက်သည်။

ဤဖြစ်ရပ်ကြောင့် ဟသ်ာတဦးမြသည် မျိုးချစ်ပါတီဝင်အလုပ်အမှုဆောင်များနှင့် သဘောထားကွဲလွဲစေခဲ့သည်။ ဖြစ်ရပ်အပြည့်အစုံကို ဟသ်ာတဦးမြက ဖတပလအဖွဲ့ချုပ်သို့ အစီရင်ခံစာတင်ပြရာ ၁.၁၁.၁၉၄၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၌ ဖြစ်ရပ်အပြည့်အစုံကို ဖော်ပြခဲ့ပါသည်။ ဦးအေးနှင့် ဦးဘအုန်းတို့ ဖတပလအဖွဲ့ချုပ်မှ နုတ်ထွက်သည့် ကိစ္စနှင့်ပတ်သက်၍ မျိုးချစ်အဖွဲ့ဥက္ကဋ္ဌ ဦးမြက မိမိမျိုးချစ်ပါတီမှ နုတ်ထွက်ပြီး ဖတပလ အဖွဲ့ချုပ်တွင် တစ်သီးပုဂ္ဂလအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်ပါအစီရင်ခံစာကို ရေးသားတင်ပြခဲ့သည်။

### *အစီရင်ခံစာအကျဉ်း*

*ယနေ့နံနက်ပိုင်းတွင် ကျွန်တော်နေထိုင်သော အမှတ် ၃၀၊ မဂိုလမ်း (ရွှေဘုံသာလမ်း) နေအိမ်သို့ ဦးစောဏ်၊ ဇနီးဒေါ်သန်းခင်ရောက်လာပါသည်။ ဒေါ်သန်းခင်က ပြောသည်မှာ မနေ့က ဆာပေါ်ထွန်းနှင့် ဆာထွန်းအောင်ကျော်တို့ ရောက်လာပြီး ဦးစောလွတ်လာစေရန် မျိုးချစ်အဖွဲ့ကို ရာထူးယူရန် တိုက်တွန်းပါ။ အမှုဆောင်အဖွဲ့ထဲရောက်လာမှ ဆုံးဖြတ်ချက်ချပြီး ဦးစောကိုရအောင်တောင်းနိုင်မည်ဟု ပြောပါသည်။ ဘာလုပ်ရမလဲမသိလို့ လူကြီးထံလာပြောခြင်းဖြစ်ပါသည်ဟု ပြောပါသည်။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘဲ ပဲခူးဦးစိန်ဝင်းလည်းရှိနေတဲ့ ဘုရားလမ်းက ဦးအေးအိမ်မှာ တွေ့ဆုံပြောရအောင် ကျွန်တော်လိုက်ခဲ့မည်ဟု ပြောပါသည်။ ဒေါ်သန်းခင်ကားနှင့်ထွက်သွားသည်။ ကျွန်တော်၏ ကားသမားအပြင်သွားနေ၍ မြင်းလှည်းနှင့် ဦးအေးအိမ်သို့သွားရသည်။ ဦးအေးအိမ်တွင် ဒေါ်သန်းခင်၊*



ဦးစိန်ဝင်း၊ ဦးကြာခိုင်တို့ရှိနေကြသည်။ မကြာမီ ဦးဘအုန်း၊ ဦးဘရင် (အုပ်ဖို) တို့ရောက်လာကြသည်။ ဒေါ်သန်းခင်က ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့ပြောသည့်စကားကို ပြန်ပြောသည်။ အပြန်အလှန် ဆွေးနွေးကြရာ အုပ်ဖိုဦးဘရင်က ဦးစောပြန်လာမှ ရာထူးယူဟုပြောပါသည်။ ဦးအေးက အင်္ဂလိပ်အစိုးရသဘောမှာ သူတို့ကို အကူအညီပေးဦး အထဲဝင်လုပ်မှ အောင်မြင်မည်ဟုပြောသည်။ ဦးဘအုန်းက ဖတပလအဖွဲ့ချုပ်မှ မျိုးချစ်ပါတီထွက်ရမည်ဟုပြောပါသည်။ ဦးစိန်ဝင်း အဖွဲ့ချုပ်ထဲဝင်နေတာ ပါတီလည်းနာသည်။ ပါတီဝင်များလည်း နာသည့်အတွက် အဖွဲ့ချုပ်မှ ထွက်သင့်ကြောင်းပြောသည်။ ကျွန်တော်က လွတ်လပ်ရေးအတွက် တစ်တိုင်းပြည်လုံးစည်းစည်းလုံးလုံးရှိဖို့ပြောသည်။ ဦးဘအုန်းကမျိုးချစ်အဖွဲ့အနေဖြင့် ထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ၊ သူတို့အဖွဲ့ချုပ်က ထွက်မည်ဟုပြောပါသည်။ ဦးစိန်ဝင်းက အဖွဲ့ချုပ်မှ မျိုးချစ်အဖွဲ့ထွက်ပါဟု တိုက်တွန်းသည်။ ကျွန်တော်က တစ်တိုင်းပြည်လုံး ကောင်းစားရေးအတွက် သွေးစည်းထားသော အဖွဲ့ချုပ်က မထွက်လို။ ခင်ဗျားတို့ထွက်လျှင် ကျွန်တော်လည်း မျိုးချစ်အဖွဲ့မှာမနေဘူး၊ ထွက်ပြီဟုပြောပါသည်။ ဦးဘအုန်းက ထွက်ဟုပြန်ပြောပါသည်။ ကျွန်တော်က ခင်ဗျားတို့မျိုးချစ်အဖွဲ့မှာ မနေဘူး ထွက်ပြီဟုပြော၍ ဆင်းလာခဲ့ပါသည်။ မျိုးချစ်အဖွဲ့သည် အင်အားကောင်းသောအဖွဲ့ဖြစ်ကြောင်း၊ အထက်ပါ (၁) ဦးအေး၊ (၂) ဦးဘအုန်း၊ (၃) ဦးစိန်ဝင်း (၄) ဦးဘရင်၊ (၅) ဦးကြာခိုင်တို့ သဘောအရ ဖတပလအဖွဲ့ချုပ်မှ ထွက်ကြသည်ဟု ယူဆရပါသည်။ တစ်တိုင်းပြည်လုံးက မျိုးချစ်အဖွဲ့ဝင်များ၏ သဘောထားကို ကျွန်တော်မသိပါ။ ကျွန်တော်သည် မျိုးချစ်အဖွဲ့တွင် ဆက်နေလိုသော ဆန္ဒမရှိတော့ပါ။ ဖတပလအဖွဲ့ချုပ်က ကျွန်တော့်အား တစ်သီးပုဂ္ဂလအနေဖြင့် လက်ခံပါက ဆောင်ရွက်ပါမည်။

၃၀.၁၀.၁၉၄၅ (မောင်မြ)

ဖော်ပြပါဦးမြ၏ စာအရ ဖတပလအဖွဲ့ချုပ်က ဦးမြအား ဖတပလအဖွဲ့ချုပ် ဗဟို ဦးစီးအဖွဲ့ဝင်အဖြစ် ဆက်လက်တာဝန်ပေးခဲ့ပါသည်။ သတင်းစာပါ ဖော်ပြချက်များအရ မျိုးချစ်ပါတီမှ လူတစ်စုက ဖတပလအဖွဲ့ချုပ်ပြိုကွဲအောင် ဖန်တီးနေသည်ကို မျက်ဝါးထင်ထင် သိရှိသွားကြသည်။ ဦးမြသည် ဖတပလနှင့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် သစ္စာရှိကြောင်း၊ လက်ချင်းတွဲ၍ သွေးစည်းခဲ့ကြောင်း မြင်တွေ့ကြရပြီဖြစ်ပါသည်။ ၂.၁၁.၁၉၄၅ ရက်နေ့တွင် ဦးဘအုန်း၊ ဦးအေးတို့သည် ဆာပေါ်ထွန်း၊ ဆာထွန်းအောင်ကျော်တို့နှင့်အတူ ဘုရင်ခံအမှုဆောင်အဖွဲ့ဝင် ဝန်ကြီးရာထူးများကို ယူသွားသည့် သတင်းပါလာတော့သည်။

ဦးမြသည် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ ဦးဘဘော၊ ပျော်ဘွယ်ဦးမြ၊ ဦးကျော်ငြိမ်းတို့နှင့်အတူ အထက်ဗမာပြည်စည်းရုံးရေးခရီးစဉ် ထွက်သွားခဲ့ကြပြီဖြစ်သည်။ ဦးမြသည် အသက်အရွယ်နှင့် မမျှအပင်ပန်းခံကာ အထက်ဗမာပြည်စည်းရုံးရေးခရီးတစ်လျှောက် ပါဝင်ခဲ့ပါသည်။

၁၉၄၆ ခုနှစ်၊ မတ်လတွင်လည်း ဦးမြသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရခိုင်ခရီးစဉ်သို့ လိုက်ပါသွားခဲ့သည်။ အဖွဲ့တွင် ဦးအောင်ဇံဝေ၊ ကွန်မြူနစ်ပါတီမှ ခင်မောင်ကြီး (စမ်းချောင်း)၊ ပြည်သူ့ရဲဘော်မှ ဗိုလ်အောင်မင်း၊ ဗိုလ်ချုပ်အပါးတော်မြ ဗိုလ်ထွန်းလှတို့နှင့်အတူ ရန်ကုန်မှ သုံးတန်စစ်ကားကြီးနှင့် ထွက်လာခဲ့သည်။ နတ္တလင်းတွင် သခင်မြနှင့်တွေ့၍ အတူလိုက်ပါခဲ့သည်။ ရခိုင်ပြည်တွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲ၍ ကုန်းလမ်း၊

ရေလမ်း ရရာယာဉ်များဖြင့် သွားခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် အမျိုးသားခေါင်းဆောင်ကြီးဖြစ်သော်လည်း နယ်များသို့ ခရီးထွက်သည့်အခါ ရရာယာဉ်အသုံးပြုပြီး ဆင်းဆင်းရဲရဲ သွားခဲ့ရသည်။ သို့သော် မျက်နှာမှာ မည်ိုးခဲ့ပေ။ အမှတ်တရဖြစ်စေသော ခရီးမှာ ရခိုင်ပြည်မြို့ဟောင်းမှ ရှစ်မိုင်ဝေးသော မြောင်ဘွေခရီးစဉ်ဖြစ်သည်။ ကားလမ်းများရှိသော်လည်း ကားမရှိ၊ ဒေသခံပုဂ္ဂိုလ်များက စက်ဘီးလေးစီး စီစဉ်ပေးသည်။ ဦးမြနှင့် ဦးအောင်ဇံဝေတို့က စက်ဘီးတစ်စီးစီဖြင့် ရှေ့ကထွက်သည်။ နောက်တွင် သခင်မြကတစ်စီး၊ ဗိုလ်ချုပ်နှင့် ဗိုလ်ထွန်းလှတို့ ဆရာတပည့်နှစ်ဦးက စက်ဘီးတစ်စီးတည်းနှင့် လိုက်လာခဲ့ကြသည်။ ဆက်လက်ခရီးထွက်ခဲ့ရာ ရမ်းဗြဲရောက်မှ နှစ်ရက်နားရသည်။ ဦးမြသည် အသက်အရွယ်ကြီးပြီး၊ ရင်ကျပ်ရောဂါရှိသော်လည်း အသိစိတ်ဓာတ်ဖြင့် လိုက်ပါလာခဲ့သူဖြစ်ရာ ဆေးထိုးကုသခဲ့ရသည်။ အဖွဲ့ဝင်များအားလုံးက ဦးမြအား ချီးကျူးမဆုံးဖြစ်ကြရသည်။

ဦးမြသည် မျိုးချစ်ပါတီမှ ထွက်ခဲ့သော်လည်း ဦးစောကို မိတ်ဆွေဆက်ဆံမှု သဘောထားရှိသည်။ ဦးစောယူဂန်ဒါမှပြန်ရောက်လာသောအခါ သွားရောက်တွေ့ဆုံခြင်းမရှိပါ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းရာတွင် ဗိုလ်ချုပ်နှင့် ဦးစောတို့ နားလည်မှုရပြီး အတူတူပူးပေါင်း ဆောင်ရွက်လျှင် ပိုမိုကောင်းမွန်ပါမည်ဟု စိတ်ထဲတွင် အတွေးပေါ်ခဲ့သည်။ ဦးမြနှင့်အတူ မျိုးချစ်ပါတီမှ ထွက်ခဲ့သူ ဦးဘချမ်း (ပုသိမ်) ကလည်း တူညီသောအတွေးရှိသည်။ မျိုးချစ်ပါတီအလုပ်အမှုဆောင်များအစိုးရအဖွဲ့တွင် ပါဝင်သော်လည်း ဦးစောသည် အင်္ဂလိပ်အစိုးရ ဆန့်ကျင်၍ ထောင်ကျခံရသူဖြစ်သည့်အတွက် ဦးစောသည် မျိုးချစ်စိတ်ရှိသူဟူသော အတွေးလည်း ရှိနေခြင်းဖြစ်ပါသည်။

ဦးမြနှင့် ဦးဘချမ်းတို့သည် ဖဆပလအဖွဲ့ကိုလည်း အသိမပေး၊ မျိုးချစ်ပါတီတို့ကိုလည်း အသိမပေးဘဲ၊ ဦးစောထံတိုက်ရိုက်သွားရောက်တွေ့ဆုံခဲ့ကြပါသည်။ ဦးစောအား မြန်မာ့နိုင်ငံရေးတွင် ဆက်လက်ဆောင်ရွက်မည်ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ပူးပေါင်းပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။ ဦးစောက လိုလိုလားလားမရှိဘဲ "နေပါဦး ခင်ဗျားတို့ ဗိုလ်ချုပ်လို့ခေါ်နေတဲ့သူနဲ့တွေ့ရင် ဗိုလ်ချုပ်လို့ခေါ်ရမလား၊ ကိုအောင်ဆန်းလို့ခေါ်ရမလား" ဟု မေးပါသည်။ ဦးမြနှင့်ဦးဘချမ်းက ဦးစော ကြိုက်သလိုခေါ်၊ မောင်အောင်ဆန်းလို့ခေါ်လည်းရတယ် ဟု ပြောသည်။ ဦးစောက သူကျုပ်ချိန်းတဲ့နေရာလာနိုင်ပါ့မလား ဟု မေးသည်။ ဦးမြနှင့် ဦးဘချမ်းက စီစဉ်ပေးမည်။ ဖြစ်နိုင်ပါလိမ့်မည်ဟု ပြောပါသည်။ ဦးစောက ဒီလိုဆိုလည်း တွေ့ဖို့စီစဉ်ကြတာပေါ့ ဟု ပြောသည်။

ဦးမြနှင့် ဦးဘချမ်းတို့သည် နောက်ရက်တွင် ဖဆပလအဖွဲ့ချုပ်သို့ သွားရောက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ရုံးခန်းတွင် တစ်ယောက်တည်း ရှိနေစဉ် ဝင်ရောက်တွေ့ဆုံကြသည်။ ဗိုလ်ချုပ်ကို ဦးစောနှင့် တွေ့လိုသည့် ဆန္ဒ ရှိမရှိ၊ မေးမြန်းလိုက်ပါသည်။ ဗိုလ်ချုပ်သည် ဝမ်းသာအယ်လဲအမူအရာဖြင့် ဦးစောဘယ်မှာရှိသလဲ၊ အခုတွေ့မလားဟု မေးပါသည်။ ဦးစောကို ဘယ်မှာ ဘယ်လိုတွေ့ရမလဲဆိုတာ မမေး။ စျေးဆစ်မနေဘဲ ပွင့်လင်းသောစိတ်ဖြင့် ပြောကြားခဲ့သည်။

ဦးမြနှင့် ဦးဘချမ်းတို့အနေဖြင့် လူနှစ်ဦးကို တစ်နေရာစီတွေ့ခဲ့ရာ တစ်ဦးချင်း၏ စိတ်သဘောထား စေတနာကွာခြားမှုကို ကောင်းစွာ သိရှိသွားသည်။ အခုချက်ချင်း မဟုတ်သေးပါဘူး။ စီစဉ်ပေးပါ့မယ်ပြောလိုက်သည်။ ဗိုလ်ချုပ်က ဦးစောကိုကျွန်တော်တွေ့ချင်ပါတယ်။ လက်ရှိမြန်မာပြည်ရဲ့ နိုင်ငံရေး

> ဗိုလ်ချုပ်သည် လုပ်ဖော်ကိုင်ဖက်များကို "နိုင်ငံရေးမှာ အခြေအနေစောင့်နိုင်တဲ့သတ္တိရှိရမယ်။ ပြီးတော့ သဘောထားကြီးနိုင်တဲ့သတ္တိရှိရမယ်။ စိတ်ရှည်နိုင်တဲ့သတ္တိရှိရမယ်" ပြောစကားကို ကိုယ်တိုင်လိုက်နာခြင်းဖြစ်ကြောင်းပြသခဲ့ခြင်းဖြစ်ပါသည်။

**ဝန်ကြီးဦးမြ၏ အများပြည်သူတို့ အကျိုးကို ကြိုးပမ်းခြင်းများနှင့် အဖိုး ထိုက်တန်သော ဆောင်ရွက်ချက်များ ပြုလုပ်ခဲ့သည်ကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့က ချီးကျူးမှတ်တမ်း တင်ရန်နှင့် အစိုးရအဖွဲ့မှ နုတ်ထွက်ပြီး ဦးမြအား စီးပွားရေးနှင့် စီမံကိန်းအဖွဲ့တွင် ဥက္ကဋ္ဌရာထူးအပ်နှင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့ ချီးမြှင့်ခံရသည်။**

အခြေအနေကို ကျွန်တော်တို့ချင်း ညှိနှိုင်းချင်တယ်။ လုံးဝလွတ်လပ်ရေးအတွက် ညီညီညွတ်ညွတ်ပူပေါင်းလုပ်ကိုင်ကြမှ အောင်မြင်မယ်ဟု ပြောပါသည်။

ဦးမြနှင့်ဦးဘဂျမ်းတို့သည် အထူးလျှို့ဝှက်ထားပြီး အထူးလုံခြုံစိတ်ချရသည့် နေရာရှာဖွေရသည်။ အိမ်အခန်းများတွင် တွေ့ဆုံပါက သံသယဝင်စရာတွေ ဖြစ်လာမည်စိုး၍ ရှစ်မိုင်အေဝမ်းခြံအတွင်းရှိ အနောက်ဘက်ကျကျ နေရာကို ရွေးလိုက်သည်။ သစ်ပင်ရိပ်အောက်တွင် စားပွဲရှည်တစ်လုံး၊ ကုလားထိုင်နှစ်လုံးတွင် ဦးစောက အသင့်စောင့်နေပြီး ဗိုလ်ချုပ်ကို ဦးမြနှင့်ဦးဘဂျမ်းတို့က ချိန်းသည့် အချိန်အတိအကျ ခေါ်လာခဲ့သည်။ ဗိုလ်ချုပ်ကို ဦးစောထိုင်နေသည့်နေရာညွှန်ပြပြီး ခပ်လှမ်းလှမ်းမှ စောင့်ကြသည်။ ဗိုလ်ချုပ်က ဦးစောထိုင်နေသည့်နေရာသွားရာ ဦးစောအရှေ့ရောက်သည့်အခါ လက်လှမ်းပေးလိုက်၍ ဦးစောလက်ဆွဲနှုတ်ဆက်လိုက်သည်။ ဗိုလ်ချုပ်က ကုလားထိုင်ပေါ်တွင်ထိုင်ပြီး ဦးစောကို စကားပြောနေသည်။ ဦးစောကမထိုင်သေးဘဲ ဗိုလ်ချုပ်ကို မေးလိုက်မြန်းလိုက်လုပ်နေသည်ကို မြင်နေရသည်။ နောက်မှပြန်ထိုင်၍နှစ်ယောက် စကားပြောကြသည်။ ဦးမြနှင့် ဦးဘဂျမ်းတို့က အဆင်ပြေပါ့မလားဟု စိတ်ပူနေကြရသည်။ ခဏအကြာ ဗိုလ်ချုပ်ထပြီးထွက်လာသောအခါ ဦးမြနှင့်ဦးဘဂျမ်းတို့က ဗိုလ်ချုပ်ကို စောင့်ကြိုခေါ်လာခဲ့သည်။ ဦးစောကိုလည်း လက်ပြန္တတ်ဆက်ခဲ့သည်။

ကားပေါ်တွင် ဗိုလ်ချုပ်အား ဘာတွေပြောခဲ့သလဲဟုမေးရာ ဗိုလ်ချုပ်က မြန်မာပြည်လွတ်လပ်ရေးအတွက် ဘာတွေ လုပ်သင့်တယ်၊ ဘယ်လိုလုပ်မယ်၊ အင်္ဂလိပ်ကို ဘယ်လိုအရေးဆိုမလဲ၊ နိုင်ငံရေးအရလုပ်ရမည့်အချက်တွေ၊ စီးပွားရေးအရ ဘာတွေလုပ်ရမည်ဆိုတာတွေ ပြောပြခဲ့တယ်။ ဖဆပလအဖွဲ့ချုပ်မှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ဖို့ ဖိတ်ခေါ်ခဲ့တယ်။ နေရာလိုချင်တယ်ဆိုရင် ဥက္ကဋ္ဌအဖြစ်ပေးမည်ဟု ဦးစောကိုပြောခဲ့တယ်။ ဦးစောက သူမြန်မာပြည် ပြန်ရောက်တာ မကြာသေးဘူး။ မြန်မာ့နိုင်ငံရေးအကဲခတ်ရဦးမည်။ နောက်မှထပ်တွေ့တာပေါ့ပြောခဲ့ကြောင်း ပြန်ပြောသည်။

နောက်ထပ်တစ်ကြိမ် ဦးစောက သူ၏နေအိမ်တွင် ဗိုလ်ချုပ်နှင့် တွေ့ရန်ချိန်းဆိုခဲ့သည်။ ဦးမြတစ်ဦးတည်း ဗိုလ်ချုပ်နှင့်လိုက်သွားသည်။ ဦးစောအိမ်ရောက်သောအခါ ဦးစောက နိုင်ငံခြားသားများကို ဧည့်ခံစကားပြောနေ၍ ဗိုလ်ချုပ်နှင့် ဦးမြတို့အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်။ ဦးမြက စိတ်မရှည်တော့ဘဲ ဗိုလ်ချုပ်ပြန်ကြမယ်ဟု ပြောရာ ဗိုလ်ချုပ်က ဦးကြီးမြကလည်းဟု ပြန်ပြောလိုက်သည်။ တစ်နာရီအကြာ စောင့်ခိုင်းပြီးမှ အဝတ်စားသစ်များနှင့်ထွက်လာကာ စောင့်ဆိုင်းနေရခြင်းအတွက် ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်ဟု အင်္ဂလိပ်လိုပြောပါသည်။ ဗိုလ်ချုပ်က ကိစ္စမရှိပါဘူး ဦးစောဟု မြန်မာလိုပြန်ပြောပါသည်။ ဦးစောက အင်္ဂလိပ်၊ အမေရိကန် ဧည့်သည်များနှင့် မြန်မာပြည်ရှေ့ရေး ဆွေးနွေးနေကြောင်း၊ မျိုးချစ်ပါတီကိုလည်း ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဗိုလ်ချုပ်သည် ဘာကိုမှ ပြန်လည်မပြောရဘဲ ပြန်လာခဲ့ရသည်။ ဗိုလ်ချုပ်သည် လုပ်ဖော်ကိုင်ဖက်များကို "နိုင်ငံရေးမှာ အခြေအနေစောင့်နိုင်တဲ့သတ္တိရှိရမယ်။ ပြီးတော့ သဘောထားကြီးနိုင်တဲ့သတ္တိရှိရမယ်။ စိတ်ရှည်နိုင်တဲ့သတ္တိရှိရမယ်" ပြောစကားကို ကိုယ်တိုင်လိုက်နာခြင်းဖြစ်ကြောင်း ပြသခဲ့ခြင်းဖြစ်ပါသည်။

ဦးစော ဘာကြောင့်လုပ်သည်ကို သိသော်လည်း နိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ချုပ်အပေါ်တွင် သြဇာရှိသည်ဟု နိုင်ငံခြားသားများအား ပြသခဲ့သည့် ကောက်ကျစ်သော စိတ်ထားဟု ထင်မြင်ယူဆမိပါသည်။



ဗိုလ်ချုပ်တို့ကျဆုံးခဲ့သည့် ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်နေ့ ညနေပိုင်းတွင် ဘုရင်ခံက သခင်နုခေါင်းဆောင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ရာ ဟင်္သာတဦးမြသည် ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးတာဝန်ပေးခံရသည်။ ဖဆပလအဖွဲ့ချုပ်တွင်လည်း အမှုဆောင်အဖွဲ့ပြန်လည်ဖွဲ့စည်းရာအမှုဆောင်အဖြစ် ပါဝင်ခဲ့သည်။ ပြည်သူ့စာပနပွဲ ကျင်းပရေးအဖွဲ့တွင် ဟင်္သာတဦးမြအား ဥက္ကဋ္ဌအဖြစ်တာဝန်ပေးခဲ့ပါသည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီး အစိုးရအဖွဲ့ဖွဲ့ သောအခါ ဝန်ကြီးချုပ်သခင်နု၏အစိုးရအဖွဲ့တွင် အမျိုးသားစီမံကိန်းနှင့်စက်မှုလက်မှု သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးအဖြစ် တာဝန်ပေးခံရသည်။ သို့သော် ဦးမြသည် ပြည်ထောင်စုအစိုးရဝန်ကြီးများ၏ လစာငွေအက်ဥပဒေအတည်ပြုခြင်းကြောင့် မလွဲသာမရှောင်သာ၍ ဝန်ကြီးအဖြစ်မှနုတ်ထွက်စာတင်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ဝန်ကြီးအဖွဲ့အစည်းအဝေးက လက်ခံလိုက်ပြီး ဝန်ကြီးဦးမြ၏ အများပြည်သူတို့အကျိုးကို ကြိုးပမ်းခြင်းများနှင့် အဖိုးထိုက်တန်သော ဆောင်ရွက်ချက်များ ပြုလုပ်ခဲ့သည်ကို ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့က ချီးကျူးမှတ်တမ်းတင်ရန်နှင့် အစိုးရအဖွဲ့မှ နုတ်ထွက်ပြီး ဦးမြအား စီးပွားရေးနှင့်စီမံကိန်းအဖွဲ့တွင် ဥက္ကဋ္ဌရာထူးအပ်နှင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် မဟာသီရိသုဓမ္မဘွဲ့ချီးမြှင့်ခံရသည်။


၁၉၅၃/၅၄ ခုနှစ်များတွင် ဗမာကုန်သည်ကြီးများအသင်း၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး၊ နိုင်ငံတော်အစိုးရ၏ ကူညီထောက်ပံ့မှုဖြင့် တိုင်းရင်းသားကုန်သည်ကြီးများအကျိုးကို ဆောင်ရွက်ပေးခဲ့သူ၊ အသင်းကြီး အဆင့်မြင့်မားလာအောင် ဆောင်ရွက်ပေးခဲ့သူ ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။

ဦးမြသည် အင်္ဂလိပ်အစိုးရကိုအထင်ကြီးသူများ၊ ရာထူးမက်မောသူများ၊ မိမိအဖွဲ့အစည်းအာဏာရရှိရေးကိုသာ ဆောင်ရွက်သူများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကို ပစ်ပယ်သူများ၊ နောက်ဆုံးတွင် အာဏာရရှိရေးအတွက် အမျိုးသားခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သူများစုဝေးရာ မျိုးချစ်ပါတီရှိန်းနွံထဲမှ ပေါ်ထွက်လာသော ပန်းတစ်ပွင့်ဆိုပါက မှားမည်မဟုတ်ကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။

# ကုန်သည်ကြီးများ

မြင်းမူမောင်နိုင်မိုး

အို...လေးဆူမာတ်ပုံ၊ ရွှေတိဂုံကို
အရှဏ်ကျူးစ၊ ဖူးလိုက်ရသော်
ထူးစွပီတိ၊ ရင်ဝယ်ငြိသည်
မိုး၏အရောင်၊ တိမ်တောင်အလှ
ငွေလအပြုံး၊ ကြယ်ပန်းကုံးနှင့်
သုံးလူ့ထွဋ်ထား၊ မြတ်ဘုရား၏
ကိုးစားတော်မြတ်၊ ဆံတော်မာတ်ကို
ရည်မှတ်ဦးချ၊ ဖူးမြော်ရတိုင်း
မြန်မာ့မြေဖွား၊ ကုန်သည်များ၏
ကြီးမားအထူး၊ ဂုဏ်ကျေးဇူးဟု
ချီးကျူးမကုန်၊ စိတ်အာရုံဝယ်
ကုန်သည်ကြီးများ၊ စွမ်းပကားကို
လေးစားဂုဏ်ပြုမိတကား။



ဗုဒ္ဓဘုရားရှင်၊ လောကခွင်၌
သက်ရှင်ထင်ရှား၊ ကာလများမှ
ရှည်လျားနှစ်ကြာ၊ ယနေ့ခါတိုင်
မြန်မာပြည်ဖွား၊ ကုန်သည်များတို့
ကြိုးစားခဲ့ကြ၊ စွမ်းဆောင်ကြ၏
ကဏ္ဍပေါင်းစုံ၊ ခေတ်ပေါင်းစုံဝယ်
တွေ့ကြုံခဲ့မခန်း၊ ကျော်ဖြတ်သန်းခဲ့
ကြမ်းတမ်းခရီး၊ လှိုင်းလေကြီးလည်း
မညည်းမရပ်၊ မတုန်လှုပ်ဘဲ
တွန့်ဆုတ်မဲ့လျှင်း၊ တွေဝေကင်း၏။

"အင်္ဂလိပ်အစိုးရ
လွတ်လပ်ရေးခေတ်ဦးကာလ
ဖဆပလအစိုးရ
တော်လှန်ရေးကောင်စီအစိုးရ
လမ်းစဉ်ပါတီအစိုးရ
နဝတ/နအဖ အစိုးရ
ဒီမိုကရေစီ အစိုးရ"
အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်တွင်
မပျက်မကွက်၊ ကြံ့ကြံ့ခိုင်လျက်
"မြန်မာနိုင်ငံကုန်သည်ကြီးများအသင်း"
ထင်လင်းတည်တံ့၊ အရှည်ခံ့အောင်
ခြေဆန့်ခဲ့ရာ၊ ယခုခါဝယ်
ရှည်ကြာမြင့်ညောင်း၊ အားသစ်လောင်းသည်
နှစ်ပေါင်းတစ်ရာ ပြည့်ပြီတကား။

နှစ်ပေါင်းတစ်ရာ၊ ခရီးတာကို
မြန်မာပြည်ဖွား၊ ကုန်သည်များတို့
ရေခြားမြေခြား၊ ရပ်တစ်ပါးလည်း
လာသွားစုန်ဆန်၊ အတန်တန်တည့်
နိုင်ငံတကာ၊ ဝင်ဆံ့ပါအောင်
လေ့လာမှတ်သား၊ လှုငယ်များကို

ဆင့်ပွားသင်တန်း၊ မျှဝေကမ်း၏
ကြိုးပမ်းအားထုတ်၊ ခေတ်သရုပ်ဖြင့်
အလုပ်ရုံဆွေးနွေး၊ ပညာပေးခဲ့
ရေဘေးမီးဘေး၊ ကြုံကြိုက်သေးက
မနှေးဝင်ပါ၊ ကူညီကာနှင့်
စာနာဖေးမ၊ ဝိုင်းဝန်းကြ၏
မြန်မာ့မြေဖွား၊ ကုန်သည်များတို့
ကြိုးစားစွမ်းကုန်၊ ဘက်ပေါင်းစုံဝယ်
ပြည့်ဂုဏ်ကိုမြှင့်၊ အောင်ပွဲဆင့်ခဲ့
နွေနှင့်မိုးဆောင်း၊ ဘယ်သို့ပြောင်းလည်း
မဟောင်းပုံရိပ် အမြဲသစ်လွင်။
ကုန်သည်ကြီးတို့ သမိုင်းစဉ်။
ခေတ်တိုင်းကိုကြည့် သိမည်ပင်။

သော် .... ကုန်သည်ဟူသည်
ပြည်၏ဝမ်းပိုက်၊ ဘဏ္ဍာတိုက်တည့်
ကျိုဋ္ဌစပါး၊ ပြည့်စုံငြားလျှင်
ပြည်သားပြည်သူ၊ ဝမ်းဝမူသို့
ဆူဖြိုးကုန်သွယ်၊ တုံ့ဖလှယ်မှ
ကုန်သည်လည်းလှ၊ ပြည်လည်းဝလိမ့်
မြန်မာ့မြေပြင်၊ အလှဆင်သည့်
စဉ်လာကြီးမား၊ ကုန်သည်များတို့
အင်အားဖြည့်ဆည်း၊ အသင်းကြီးလျှင်
ခရီးနှစ်တစ်ရာ၊ ပြည့်မြောက်ပါလည်း
ဆက်ကာအားသစ်၊ ပြည့်သည်ဖြစ်လျက်
နှစ်ထောင်သိန်းသန်း၊ ကိန်းဂဏန်းတိုင်
စိမ်းလန်းပြည်ကျိုး၊ ထမ်းသယ်ပိုးရင်း
ကြွယ်ပိုးကြွယ်ဝ၊ တိုင်းပြည်လှအောင်
မြန်မာ့မြေဖွား၊ ကုန်သည်များက
ကြီးမားဂုဏ်ဆောင် အောင်စေသတည်း။ ။



(မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် နှစ်တစ်ရာပြည့်ကို ဂုဏ်ပြုလျက်)

# နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပုဂ္ဂလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံတော်အစိုးရ၏ စီးပွားရေး မူဝါဒလေးရပ်ပေါ်တွင်အခြေတည်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်နိုင်ရေး၊ တရားမဝင် ကုန်သွယ်မှု (ပို့ကုန်/သွင်းကုန်) လျော့ချပပျောက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

## အသင်း၏ ရည်ရွယ်ချက်များ

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အမှုဆောင်များသက်တမ်းအလိုက် ကော်မတီများဖွဲ့စည်းဆောင်ရွက်ရာတွင် 'နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ' သည်လည်း ကော်မတီတစ်ခုအဖြစ် ပါဝင်ပြီး၊ နယ်စပ်ဒေသများ၏ ကုန်သွယ်မှုမြှင့်တင်ရေး၊ တရားမဝင်ကုန်စည်များ တင်သွင်းမှုလျော့နည်းပပျောက်စေရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရနှင့် အတူ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပို့ကုန်/သွင်းကုန် ဆောင်ရွက်လျက်ရှိသော နယ်စပ်/နိုင်ငံများ

ကုန်သည်စက်မှုအသင်းချုပ်၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ကုန်သွယ်မှု (ပို့ကုန်/သွင်းကုန်) များ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါကုန်သွယ်မှုလမ်းကြောင်းများအနက် တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ အများဆုံးဖြစ်ပြီး အဓိကအသုံးပြုလျက်ရှိသော လမ်းကြောင်းအဖြစ် မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်ပါသည်။ တရုတ်နိုင်ငံသည် WTO အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့်အလျောက် တရုတ်နိုင်ငံပြည်တွင်းသို့ တင်ပို့သောကုန်ပစ္စည်းများအား အကောက်ခွန်စည်းမျဉ်းအရ ကန့်သတ်နိုင်ခြင်းမရှိသော်လည်း တရုတ်နိုင်ငံ၏ ပြည်တွင်းကုန်စည်၏ ကြီးကြပ်မှုစနစ်အရ နိုင်ငံခြားမှ တင်သွင်းသော ကုန်ပစ္စည်းအပေါ်သို့လည်းကောင်း၊ ပြည်တွင်းထုတ်ကုန်များတွင်လည်းကောင်း၊ စံချိန်စံညွှန်း၊ ပိုးမွှားစစ်ဆေးရေး၊ တိရစ္ဆာန်ရောဂါစစ်ဆေးရေးဌာန၏ စစ်ဆေးအတည်ပြုမှတ်ပုံတင်ခြင်းဖြင့်သာ ဖြန့်ဖြူးရောင်းချ တင်သွင်းနိုင်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်အမျိုးအစားများတွင် **ဆန်ကွဲမပါ** ရေးအတွက် ကုန်အချို့သာ မှတ်ပုံတင်ထားနိုင်ပါကြောင်း တွေ့ရှိရပါသည်။ AQSIQ (The General Administration of Quality Supervision, Inspection and Quarantine of the People's Republic of China) ဌာနတွင် မှတ်ပုံတင်ခြင်းမရှိသော ကုန်ပစ္စည်းအမည်များသည် နယ်စပ်ကုန်သွယ်မှုစနစ်ဖြင့်သာ တင်သွင်းနေရပြီး ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် တင်သွင်းနေခြင်းမဟုတ်ပါသဖြင့် နယ်စပ်ကုန်သွယ်မှုစနစ်ဖြင့် တင်သွင်းခြင်း၏ အားနည်းချက်သည် နယ်စပ်ကုန်သွယ်မှုစခန်းမှသာ တင်သွင်းနိုင်သလို၊ မလိုလျှင်မလိုသလို ငြင်းဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။ မူဆယ်နယ်စပ်သည် နှစ်စဉ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာရှစ်ဘီလီယံခန့် ကုန်သွယ်မှုပြုလျက်ရှိပါသည်။ ထို့ကြောင့် မြန်မာပို့ကုန်များအား ကုန်သွယ်ဖက် တရုတ်နိုင်ငံ၏ AQSIQ စံချိန်၊ စံညွှန်း၊ ပိုးမွှားစစ်ဆေးရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ရေးဌာနတွင် စနစ်တကျစစ်ဆေးမှတ်ပုံတင်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

## နယ်စပ်လမ်းပန်းဆက်သွယ်ရေး အနေအထား

တရုတ်နယ်စပ်ဒေသ၊ မြန်မာ–အိန္ဒိယနယ်



စပ်ဒေသ၊ ကျိုင်းတုံ–တာချီလိတ်၊ မြဝတီ နယ်စပ်ဒေသများအနေဖြင့် Export/Import ပြုလုပ်နေသည့် လမ်းပေါ်တွင် လမ်းပန်းဆက်သွယ်မှုအခက်အခဲများ၊ တရားမဝင်တင်သွင်းမှုများနှင့် အခွန်ကောက်ခံမှုကိစ္စများ စသည့် အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းပေးရန်၊ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် ဆန်၊ ပဲ၊ ပြောင်း၊ သကြား စသည့် ထုတ်ကုန်များကို တရားဝင်တင်ပို့ခွင့်ရရှိရေး နှစ်နိုင်ငံ အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးရန်၊ မူဆယ်ကုန်သွယ်ရေးဇုန်ရှိ ယာဉ်ရပ်နားစခန်းနှင့် ယာဉ်စစ်ဆေးရေးစခန်းများကို အမြန်တိုးချဲ့တည်ဆောက်ပေးရန်၊ မြန်မာ့ရွှေ့ပြောင်းလုပ်သားများအတွက် နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံတွင် တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

နယ်စပ်ကော်မတီသည် မြန်မာနိုင်ငံ နယ်စပ်ဂိတ်များရှိ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုများအပေါ် အသင်းချုပ်၏ညီနောင်အသင်းများဖြစ်သော သက်ဆိုင်ရာနယ်စပ်ဒေသ ကုန်သွယ်ရေးအသင်းများက ကြီးကြပ်ကွပ်ကဲ၍ နှစ်နိုင်ငံကုန်သွယ်မှုများအတွက် မိခင်နိုင်ငံ အစိုးရနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ ချမှတ်ထားသော စီးပွားရေးမူဝါဒများနှင့်အညီ တင်ပို့တင်သွင်းရောင်းချခွင့်ပြုနိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများသည်လည်း နှစ်နိုင်ငံကုန်စည်တင်ပို့ရောင်းချရာ ပင်မစခန်းကြီးများဖြစ်ပေသည်။ ထို့ပြင် နယ်စပ်ဖြတ်ကျော်တံတားများအား ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ပေးလျက်ရှိပြီး မြဝတီ–မဲဆောက် ချစ်ကြည်ရေးတံတားအမှတ် (၂) အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် မြန်မာနိုင်ငံ ဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်ကိုလည်း တွေ့ရှိရပေသည်။ အဆိုပါ တံတားအမှတ် (၂) အား တည်ဆောက်ဖွင့်လှစ်ပေးခြင်းဖြင့်နှစ်နိုင်ငံကုန်သွယ်ရေး၊ ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လည်း များစွာအထောက်အကူဖြစ်မည်ဖြစ်ပါသည်။ ထို့အပြင် နှစ်နိုင်ငံအကြား သဘာဝအလျောက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဖြစ် အဆင့်မြှင့်တင်နိုင်မည်လည်း ဖြစ်ပေသည်။ ထို့ပြင် ချစ်ကြည်ရေးတံတားအမှတ် (၂) တည်ဆောက်ပြီးစီးခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုလည်း ပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။

## မြန်မာ/ထိုင်း နယ်စပ်ဆက်သွယ်ရေး

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံသံတမန်ဆက်ဆံရေးမှာလည်း (၁၉၄၈–ဩဂုတ်–၂၄) နှစ် ခုနစ်ဆယ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် သံတမန်ဆက်ဆံရေး အခွန့်ရှည်စွာ၊ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သော အိမ်နီးချင်းကောင်း နိုင်ငံတစ်

ထို့ကြောင့် မြန်မာနိုင်ငံဘက်မှ ဌာနဆိုင်ရာ ဝန်ကြီးအဆင့်က ဦးဆောင်မှုပြု၍ တရုတ်နိုင်ငံ သက်ဆိုင်ရာဌာနနှင့် တွေ့ဆုံညှိနှိုင်းနိုင်ပါက ထိရောက်မှု အားကောင်းနိုင်ပါသည်။

ခုလည်းဖြစ်ပေသည်။ ထို့ပြင် တံတားကြီးတည်ဆောက်ပြီးစီးသွားခြင်းသည် နှစ်နိုင်ငံအစိုးရများနှင့် ပြည်သူများ နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုပြယုဂ်အဖြစ်လည်းကောင်း၊ စည်းလုံးညီညွတ်မှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားများ ပူးပေါင်းဆောင်ရွက်နိုင်မှုအဖြစ်လည်းကောင်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများကိုလည်း တိုးမြှင့်ဖော်ဆောင်လာနိုင်မည်ဖြစ်ပေသည်။ အဆိုပါ နယ်စပ်ဖြတ်ကျော်တံတားကြီးဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် သွင်းကုန်/ပို့ကုန်များ လွယ်ကူလျင်မြန်ချောမွေ့စွာ ပို့ဆောင်ရောင်းချနိုင်တော့မည်ဖြစ်ပါသည်။

## တရုတ်နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော်ဆက်ဆံရာတွင်

တရုတ်နိုင်ငံ၏ အုပ်ချုပ်မှုစနစ်အရ အထက်မှအောက်သို့ လမ်းညွှန်မှုပြုခြင်းဖြင့် ပိုမိုမြန်ဆန်၊ ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံဘက်မှ ဌာနဆိုင်ရာဝန်ကြီးအဆင့်က ဦးဆောင်မှုပြု၍ တရုတ်နိုင်ငံသက်ဆိုင်ရာဌာနနှင့် တွေ့ဆုံညှိနှိုင်းနိုင်ပါက ထိရောက်မှုအားကောင်းနိုင်ပါသည်။

## နယ်စပ်ကော်မတီမှ ကုန်သည်များအတွက် ပံ့ပိုး

နယ်စပ်ဒေသများရှိ ကုန်သည်အများစုသည် ကုန်သွယ်မှုနှင့်ပတ်သက်သည့် အသိပညာအားနည်းခြင်း၊ အစိုးရ၏ ပေါ်လစီများ မတည်ငြိမ်ခြင်းတို့ကြောင့် နယ်စပ်ဒေသအသင်းအဖွဲ့များ၊ ကော်မတီဝင်များအနေဖြင့် အကောက်ခွန်ဆိုင်ရာသင်တန်းများဖွင့်လှစ်ခြင်းဖြင့်လည်း ပုဂ္ဂလိကကဏ္ဍအနေဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သည်စက်မှုအသင်းချုပ်၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေများအား သိရှိလိုက်နာဆောင်ရွက်သည့်နည်းတူ နယ်စပ်ဒေသများတွင် ရောင်းဝယ်လုပ်ကိုင်ဆောင်ရွက်နေကြသော စီးပွားရေးလုပ်ငန်းရှင်များကလည်း သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှတစ်ဆင့် အသိပေးအကြောင်းကြားဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိနေပေသည်။

ထို့ပြင် နယ်စပ်ကုန်သွယ်ရေးဇုန်တို့မှ ပေးပို့တင်သွင်းလျက်ရှိသော ကုန်ပစ္စည်းများတွင် တရားမဝင်ကုန်စည်များ ရောင်းဝယ်ဖောက်ကားမှုများ လျော့နည်းကျဆင်းရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာ–တရုတ်ပို့ကုန်သွင်းကုန်ဆိုင်ရာ ကုန်သွယ်ရေးမူဝါဒ၊ နယ်စပ်ကုန်သွယ်ရေးမူဝါဒ၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုဆက်ဆံရေးနှင့် စေ့စပ်ညှိနှိုင်းရေးတို့နှင့် စပ်လျဉ်း၍ အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်နှင့် မြန်မာ–တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိပါသည်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး၊ မြန်မာ–တရုတ် ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် မြန်မာပို့ကုန်များ တရုတ်နိုင်ငံတွင် တည်ငြိမ်ခိုင်မာသော ဈေးကွက်ဝေစုရရှိနိုင်ရန်ရည်ရွယ်၍ ကုန်သည်စက်မှုအသင်းချုပ် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီက ဆွေးနွေးညှိနှိုင်းပွဲများသို့ တက်ရောက်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း အသင်းချုပ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ လှုပ်ရှားဆောင်ရွက်မှုများကို ရေးသားဖော်ပြအပ်ပါသည်။



# နိုင်ငံတစ်နိုင်ငံ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုတို့ အခြေအနေ

သံအမတ်ကြီးဒေါက်တာလှမောင် (ဘောဂ)

## လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာနိုင်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတို့ ဆက်စပ်လျက်ရှိနေပုံ

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်လာမှုအခြေအနေကို စိစစ်သုံးသပ်ကြည့်မည်ဆိုပါက လက်ရှိစက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ အခြေအနေဖြင့်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများထဲမှ ထွန်းသစ်စနိုင်ငံများသည်လည်းကောင်း ပထမဦးစွာ ၎င်းနိုင်ငံ၏ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်ရန် ဆောင်ရွက်ပြီး ထိုကဲ့သို့ တိုးချဲ့တင်ပို့လာနိုင်သည့် ပြည်ပပို့ကုန် အရှိန်အဟုန်ဖြင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခဲ့ကြသည်ကို ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။ ဖော်ပြပါ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှု နည်းဗျူဟာကို ကမ္ဘာ့စီးပွားရေးပညာရှင်များက "Export Led Growth" ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်မှု၏ ဦးဆောင်မှုဖြင့် စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ခဲ့သည့် နည်းဗျူဟာတစ်ရပ်ဟု တင်စားပြောကြားလေ့ရှိပါသည်။

အဘယ်ကြောင့် ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည်ဆိုသည့်အကြောင်းရင်းခံများကို ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်ငွေကို ပြည်တွင်းသုံးငွေတစ်ခုတည်းဖြင့် ဖြည့်ဆည်းပေး၍မရနိုင်ဘဲ နိုင်ငံခြားငွေ စုစည်းရရှိထားရန် လိုအပ်ပါသည်။ ကုန်ထုတ်လုပ်မှု စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် Machinery & Equipment များ၊ ကုန်ကြမ်း၊ အရန်ပစ္စည်းများနှင့်

လိုအပ်သော သွင်းအားစုများတင်သွင်းနိုင်ရန် နိုင်ငံခြားငွေလိုအပ်ပြီး စားသုံးကုန်ပစ္စည်းများ တင်သွင်းရန်လည်း နိုင်ငံခြားငွေများစုဆောင်းထားရှိရန် လိုအပ်ပါမည်။ ယင်းလိုအပ်သော နိုင်ငံခြားငွေများကို ပြည်ပပို့ကုန်တင်ပို့မှုမှ နိုင်ငံခြားငွေ၊ ကုန်သွယ်မှုမှအပ (Non-Trade) ဝန်ဆောင်မှုမှ နိုင်ငံခြားဝင်ငွေ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံငွေ (FDI) နှင့် ချေးငွေ/ထောက်ပံ့ငွေများဖြင့် ရှာဖွေရရှိနိုင်ပါသည်။ သို့သော် ထိုကဲ့သို့ နိုင်ငံခြားဝင်ငွေများအနက် ပြည်ပပို့ကုန်တင်ပို့မှုရရှိသည့် နိုင်ငံခြားဝင်ငွေသည် အသေချာဆုံးနှင့် အားအထားရဆုံးဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်ကို အစွမ်းကုန် တိုးချဲ့တင်ပို့ရန် လိုအပ်လာပါသည်။

အထက်တွင် ရှင်းလင်းတင်ပြထားခဲ့ပြီးဖြစ်သည့်အတိုင်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ထွန်းသစ်စနိုင်ငံများ (Newly Industrializing Countries) ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှု သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ၎င်းနိုင်ငံများအနေဖြင့် ပြည်ပပို့ကုန် အရှိန်အဟုန်ဖြင့် တိုးမြင့်လာစေခဲ့သည့်တွန်းအားပေးမှု "Export Led Growth" ကြောင့် ၎င်းနိုင်ငံ၏စီးပွားရေးများကို အရှိန်အဟုန်ဖြင့် တိုးမြင့်လာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ၎င်း "Export Led Growth" နည်းဗျူဟာ၏ အဓိပ္ပာယ်ကို ပို၍ထင်သာမြင်သာရှိလာစေရန် အတွက် ၎င်းနည်းဗျူဟာအရ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် အဆင့်ဆင့်အကောင်အထည်ဖော်ဆောင်ခဲ့သည်များကို အောက်ပါအတိုင်း အကျဉ်းချုပ်၍ တင်ပြလိုပါသည်။

- ပထမအဆင့်အနေဖြင့် မိမိတို့နိုင်ငံ၏ လက်ရှိသမားရိုးကျလယ်ယာကဏ္ဍထွက်ကုန်များ (Traditional Export) အခြေပြု၍ ပြည်ပပို့ကုန်ကို တိုးချဲ့တင်ပို့လာနိုင်စေရန် ဆောင်ရွက်ခဲ့ပါသည်။

- ဒုတိယအဆင့်အနေဖြင့် ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာနိုင်မှုကို တင်ပြရမည်ဆိုလျှင် ၁၈ ရာစုနှစ် အလယ်ခန့်မှအစပြု၍ အနောက်ဥရောပ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့် စက်မှုတော်လှန်ရေးတစ်ရပ် (Industrial Revolution) တိုးတက်ဖြစ်ပေါ်လာခဲ့သည်နှင့်အညီ စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါသည်။ ထိုသို့အားဖြင့် လယ်ယာကဏ္ဍစိုက်ပျိုးရေးလုပ်ငန်းများကို ယခင်က သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလုပ်ကိုင်လာခဲ့ကြပါသည်။ ထို့ကြောင့် ဖော်ပြပါအချိန်ကာလမှ အစပြု၍ လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုတွင် ထွန်စက်များ အသုံးပြု၍လည်းကောင်း (Mechanization) အထွက်နှုန်းတိုးလာစေရန် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အသုံးပြု၍လည်းကောင်း (Chemicalization) လယ်ယာကဏ္ဍ အထွက်နှုန်းတိုးလာစေရန် လယ်ယာသုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာ၍လည်းကောင်း (Agriculture Research and Development) စသည့် သိပ္ပံနည်းကျ စိုက်ပျိုးသည့်စနစ်တိုးတက် ဖြစ်ထွန်းလာသည်နှင့်အညီ လယ်ယာကုန်ထုတ်လုပ်မှု အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ပါသည်။ ထိုကဲ့သို့ တိုးတက်လာခဲ့သည်နှင့်အညီ လယ်ယာကဏ္ဍမှ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်စေရန် အတွက် လယ်ယာထွက်ကုန်များ (Exportable Surplus) ပိုမိုရရှိလာသည်နှင့်အညီ လယ်ယာကဏ္ဍမှ ပြည်ပပို့ကုန်ကို အဆပေါင်းများစွာ တိုးချဲ့တင်ပို့လာနိုင်ခဲ့ပါသည်။

- တတိယအဆင့်အနေဖြင့် စက်မှုကဏ္ဍမှ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်မှုအခြေအနေကို တင်ပြရမည်ဆိုလျှင် အထက်တွင် ဖော်ပြထားသည့်အတိုင်း ၁၈ ရာ စု

အလယ်ခန့်မှအစပြု၍ စက်မှုတော်လှန်ရေးတစ်ရပ် (Industrial Revolution) ပေါ်ထွန်းလာခဲ့ပြီးနောက်ပိုင်း ယခင်က လက်ဖြင့်သာ ကုန်ပစ္စည်းများထုတ်လုပ်နေခဲ့ရာမှ စက်များဖြင့် ပြောင်းလဲထုတ်လုပ်လာနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ တိုးချဲ့ထုတ်လုပ်ခဲ့ရာတွင် ပြည်ပပို့ကုန် အကျိုးပြုစက်မှုလက်မှုလုပ်ငန်းများ (Export- Oriented Industry) ကို ဦးစားပေးလုပ်ဆောင်နိုင်ခဲ့သည့်အားလျော်စွာ စက်မှုကဏ္ဍမှပြည်ပတင်ပို့နိုင်မည့် ကုန်ပစ္စည်းများ (Exportable Surplus) တိုးများလာသည်နှင့်အညီ ပြည်ပသို့ တန်ဖိုးမြင့် စက်မှုထွက်ကုန်ပစ္စည်းများ တင်ပို့မှုကို အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။

အထက်တွင် နိုင်ငံတစ်နိုင်ငံ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုတို့ ဆက်စပ်လျက်ရှိနေပုံကို ရှင်းလင်းရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် ထိုကဲ့သို့ ဆက်စပ်လျက်ရှိနေသည့် အခြေအနေကို ပိုမိုထင်ရှားစွာသိရှိနိုင်စေရန် အတွက် စာရင်းဇယား ကိန်းဂဏန်းများနှင့် တကွ ဆက်လက်ရှင်းလင်းတင်ပြသွားပါမည်။

၁၉၆၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ် အချိန်ကာလအတွင်း ကမ္ဘာ့အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းထားများနှင့် ပြည်ပကုန်သွယ်ရေး တိုးတက်မှုနှုန်းထားများကို နှိုင်းယှဉ်လျက် ဇယား (၁) တွင် ဖော်ပြထားပါသည်။

အထက်ပါဇယား (၁) က အောက်ဖော်ပြပါ အရေးကြီးသည့်အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

- ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်နှစ်တစ်ကြိမ် ပျမ်းမျှကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှု တိုးတက်မှုနှုန်းထားများကို ဇယား (၁)၊ ကော်လံ (၃) တွင် လည်းကောင်း၊ အလားတူပင် ဆယ်နှစ်တစ်ကြိမ် ပျမ်းမျှကမ္ဘာ့ကုန်သွယ်မှု၊ တိုးတက်မှု နှုန်းထားများကို ဇယား (၁)၊ ကော်လံ (၄) တွင်လည်းကောင်း အသီးသီးဖော်ပြသွားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

- ဖော်ပြပါဇယား (၁) တွင် ဖော်ပြထားသော ဆယ်နှစ်တစ်ကြိမ် ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှုနှုန်းထားများနှင့် ကမ္ဘာ့ပြည်ပပို့ကုန်တိုးတက်မှု နှုန်းထားများ နှစ်ခုကို နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက ပြည်ပကုန်သွယ်ရေးတိုးတက်မှုနှုန်းက အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး တိုးတက်မှုနှုန်းထားထက် ရှေ့မှ ဦးဆောင်လျက်ရှိနေသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ နိုင်ငံတစ်နိုင်ငံ၏ အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး တိုးတက်လာစေရန်အတွက် ပြည်ပို့ကုန်တိုးချဲ့တင်ပို့နိုင်မှုက အစဉ်ရှေ့မှဦးဆောင်၍ တွန်းအားပေးလျက်ရှိနေသည်ကို ထင်ရှားစွာ တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

| စဉ် | ခုနှစ် | GDP တိုးတက်မှုနှုန်း | ပြည်ပပို့ကုန် တိုးတက်မှုနှုန်း |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ၁၉၆၀–၁၉၇၀ | ၅.၃ | ၄.၉ |
| ၂ | ၁၉၇၀–၁၉၈၀ | ၃.၈ | ၄.၇ |
| ၃ | ၁၉၈၀–၁၉၉၀ | ၃.၁ | ၅.၆ |
| ၄ | ၁၉၉၀–၂၀၀၀ | ၂.၈ | ၇.၃ |
| ၅ | ၂၀၀၀–၂၀၁၀ | ၂.၆ | ၄.၀ |
| | | ၃.၅ | ၅.၃ |

ဇယား (၁)
ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP)
တိုးတက်မှုနှင့် ပြည်ပကုန်သွယ်မှု တိုးတက်မှု နှုန်းထားများ (%)

- အထက်ဖော်ပြပါကိစ္စကို ပိုမိုရှင်းလင်းစေရန်အတွက် ဇယား (၁) ၏ အောက်ဆုံးတွင် ၁၉၆၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်ပေါင်းငါးဆယ်အချိန်ကာလအတွင်း ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး တစ်နှစ်ပျမ်းမျှ ၃.၅ ရာခိုင်နှုန်းတိုးတက်လာစေရန်အတွက် ဖော်ပြပါအချိန်တူကာလအတွင်း ပြည်ပကုန်သွယ်မှုတန်ဖိုးက တစ်နှစ်ပျမ်းမျှ ၅.၃ ရာခိုင်နှုန်းတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်ခဲ့ရကြောင်း တွေ့ရှိနိုင်ကြမည်ဖြစ်ပါသည်။

  ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၇ ခုနှစ်များအတွက် ပြည်ပပို့ကုန်တန်ဖိုးအများဆုံး ထိပ်တန်းဆယ်နိုင်ငံနှင့် ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၏ အခြေအနေကို ဇယား (၂) တွင်လည်းကောင်း၊ အလားတူပင် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အများဆုံးထိပ်တန်းဆယ်နိုင်ငံနှင့် ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၏ အခြေအနေကို ဇယား (၃) တွင်လည်းကောင်း အသီးသီးဖော်ပြထားပါသည်။

ဇယား (၂) နှင့် (၃) က အောက်ဖော်ပြပါအရေးကြီးသည့်အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

| အဆင့် | နိုင်ငံ | ၂၀၀၀ ပြည့်နှစ် | အဆင့် | နိုင်ငံ | ၂၀၁၇ ခုနှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | အမေရိကန် | ၇၈၁.၉ | ၁ | တရုတ် | ၂၂၆၃.၃ |
| ၂ | ဂျာမနီ | ၅၅၁.၈ | ၂ | အမေရိကန် | ၁၅၄၆.၇ |
| ၃ | ဂျပန် | ၄၇၉.၂ | ၃ | ဂျာမနီ | ၁၄၄၈.၃ |
| ၄ | ပြင်သစ် | ၃၂၇.၆ | ၄ | ဂျပန် | ၆၉၈.၁ |
| ၅ | ဗြိတိန် | ၂၈၅.၄ | ၅ | နယ်သာလန် | ၆၅၂.၀ |
| ၆ | ကနေဒါ | ၂၇၆.၆ | ၆ | တောင်ကိုရီးယား | ၅၇၃.၇ |
| ၇ | တရုတ် | ၂၄၉.၂ | ၇ | ဟောင်ကောင် (တရုတ်) | ၅၅၀.၃ |
| ၈ | အီတလီ | ၂၄၀.၅ | ၈ | ပြင်သစ် | ၅၃၅.၂ |
| ၉ | နယ်သာလန် | ၂၃၃.၁ | ၉ | အီတလီ | ၅၀၆.၂ |
| ၁၀ | ဟောင်ကောင် (တရုတ်) | ၂၀၂.၇ | ၁၀ | ဗြိတိန် | ၄၄၅.၀ |
| ရွေးချယ်ထားသော အာဆီယံနိုင်ငံများ | | | | | |
| ၁ | စင်ကာပူ | ၁၃၇.၈ | ၁ | စင်ကာပူ | ၃၇၃.၂ |
| ၂ | ထိုင်း | ၆၉.၁ | ၂ | ထိုင်း | ၂၃၆.၇ |
| ၃ | မလေးရှား | ၉၈.၂ | ၃ | မလေးရှား | ၂၁၇.၈ |
| ၄ | ဗီယက်နမ် | ၁၄.၅ | ၄ | ဗီယက်နမ် | ၂၁၄.၃ |
| ၅ | အင်ဒိုနီးရှား | ၆၅.၄ | ၅ | အင်ဒိုနီးရှား | ၁၆၈.၆ |
| ၆ | မြန်မာ | ၁.၆ | ၆ | မြန်မာ | ၁၃.၃ |

ဇယား (၂)
ပြည်ပပို့ကုန်တန်ဖိုးအများဆုံး ထိပ်တန်းဆယ်နိုင်ငံနှင့် ရွေးချယ်ထားသော (ဒေါ်လာဘီလီယံ)

| အဆင့် | နိုင်ငံ | ၂၀၀၀ ပြည့်နှစ် | အဆင့် | နိုင်ငံ | ၂၀၁၇ ခုနှစ် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | အမေရိကန် | ၁၀၂၈၄.၈ | ၁ | အမေရိကန် | ၁၉၃၉၀.၆ |
| ၂ | ဂျပန် | ၄၈၈၇.၅ | ၂ | တရုတ် | ၁၂၂၃၇.၇ |
| ၃ | ဂျာမနီ | ၁၉၅၀.၀ | ၃ | ဂျပန် | ၄၈၇၂.၁ |
| ၄ | ဗြိတိန် | ၁၆၄၈.၀ | ၄ | ဂျာမနီ | ၃၆၇၇.၄ |
| ၅ | ပြင်သစ် | ၁၃၆၂.၂ | ၅ | ဗြိတိန် | ၂၆၂၂.၄ |
| ၆ | တရုတ် | ၁၂၁၁.၃ | ၆ | အိန္ဒိယ | ၂၅၉၇.၅ |
| ၇ | အီတလီ | ၁၁၄၁.၈ | ၇ | ပြင်သစ် | ၂၅၈၂.၅ |
| ၈ | ကနေဒါ | ၇၄၂.၃ | ၈ | ဘရာဇီး | ၂၀၅၅.၅ |
| ၉ | မက္ကဆီကို | ၇၀၇.၉ | ၉ | အီတလီ | ၁၉၃၄.၈ |
| ၁၀ | ဘရာဇီး | ၆၅၅.၄ | ၁၀ | ကနေဒါ | ၁၆၅၃.၀ |
| **ရွေးချယ်ထားသော အာဆီယံနိုင်ငံများ** | | | | | |
| ၁ | အင်ဒိုနီးရှား | ၁၆၅.၀ | ၁ | အင်ဒိုနီးရှား | ၁၀၁၅.၅ |
| ၂ | ထိုင်း | ၁၂၆.၄ | ၂ | ထိုင်း | ၄၅၅.၃ |
| ၃ | စင်ကာပူ | ၉၅.၈ | ၃ | စင်ကာပူ | ၃၂၃.၉ |
| ၄ | မလေးရှား | ၉၃.၈ | ၄ | မလေးရှား | ၃၁၄.၇ |
| ၅ | ဖိလစ်ပိုင် | ၃၁.၂ | ၅ | ဖိလစ်ပိုင် | ၂၂၃.၈ |
| ၆ | မြန်မာ | ၈.၉ | ၆ | မြန်မာ | ၆၇.၁ |

ဇယား (၃)

အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အများဆုံးထိပ်တန်းဆယ်နိုင်ငံနှင့် ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၏ အခြေအနေ

- ဇယား (၂) တွင် ဖော်ပြထားသော ၂၀၁၇ ခုနှစ် ပြည်ပပို့ကုန်တန်ဖိုး အများဆုံး ထိပ်တန်းဆယ်နိုင်ငံအခြေအနေကို ကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ပြည်ပပို့ကုန်တန်ဖိုး ဒေါ်လာ ၂,၂၆၃.၃ ဘီလီယံဖြင့် အဆင့် ၁ တွင်လည်းကောင်း၊ အမေရိကန်နိုင်ငံသည် ဒေါ်လာ ၁,၅၄၆.၇ ဘီလီယံဖြင့် အဆင့် ၂ တွင် လည်းကောင်း၊ ဂျာမနီနိုင်ငံသည် ဒေါ်လာ ၁,၄၄၈.၃ ဘီလီယံဖြင့် အဆင့် ၃ တွင် လည်းကောင်း၊ ဂျပန်နိုင်ငံသည် ဒေါ်လာ ၆၉၈.၁ ဘီလီယံဖြင့် အဆင့် ၄ တွင် လည်းကောင်း အသီးသီးရှိကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ထိုသို့ ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်ငွေကို ပြည်တွင်းသုံးငွေ တစ်ခုတည်းဖြင့် ဖြည့်ဆည်းပေး၍ မရနိုင်ဘဲ နိုင်ငံခြားငွေ စုစည်းရရှိထားရန် လိုအပ်ပါသည်။**

- အလားတူပင် ၂၀၁၇ ခုနှစ် ပြည်ပပို့ကုန်တန်ဖိုးအများဆုံး ထိပ်တန်းဆယ်နိုင်ငံတွင် ပြင်သစ်နိုင်ငံသည် အဆင့် ၈ တွင် လည်းကောင်း၊ အီတလီနိုင်ငံသည် အဆင့် ၉ တွင်လည်းကောင်း၊ ဖြိတိန်နိုင်ငံသည် အဆင့် ၁၀ တွင် လည်းကောင်း အသီးသီး ရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

- အခြားတစ်ဖက်တွင် ဇယား (၃) ၌ ဖော်ပြထားသော ၂၀၁၇ ခုနှစ် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးအများဆုံး ထိပ်တန်း ဆယ်နိုင်ငံကို ကြည့်ရှုမည်ဆိုပါက အမေရိကန်နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာ ၁၉,၃၉၀.၆ ဘီလီယံဖြင့် အဆင့် ၁ တွင် လည်းကောင်း၊ တရုတ်နိုင်ငံသည် ဒေါ်လာ ၁၂,၂၃၇.၇ ဘီလီယံဖြင့် အဆင့် ၂ တွင်လည်းကောင်း၊ ဂျပန်နိုင်ငံသည် ဒေါ်လာ ၄,၈၇၂.၁ ဘီလီယံဖြင့် အဆင့် ၃ တွင် လည်းကောင်း၊ ဂျာမနီနိုင်ငံသည် ဒေါ်လာ ၃,၆၇၇.၄ ဘီလီယံဖြင့် အဆင့် ၄ တွင် လည်းကောင်း၊ ဖြိတိန်နိုင်ငံသည် ဒေါ်လာ ၂,၆၂၂.၄ ဘီလီယံဖြင့် အဆင့် ၅ တွင် လည်းကောင်း အသီးသီးရှိကြကြောင်း တွေ့ရှိရပါသည်။

- အလားတူပင် ၂၀၁၇ ခုနှစ် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး အများဆုံး ထိပ်တန်းဆယ်နိုင်ငံတွင် ပြင်သစ်နိုင်ငံသည် အဆင့် ၈ တွင် လည်းကောင်း၊ အီတလီနိုင်ငံသည် အဆင့် ၉ တွင်လည်းကောင်း၊ ကနေဒါနိုင်ငံသည် အဆင့် ၁၀ တွင် လည်းကောင်း အသီးသီးရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

- ခြုံငုံသုံးသပ်တင်ပြရမည်ဆိုပါက ဇယား (၂) တွင် ပါရှိကြသော ပြည်ပပို့ကုန်တန်ဖိုး အများဆုံး ထိပ်တန်းဆယ်နိုင်ငံ ပါရှိကြသောနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသည်ကိုတွေ့ရှိကြရမည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ဖော်ပြပါပြည်ပပို့ကုန်တန်ဖိုးအများဆုံး ထိပ်တန်းနိုင်ငံများအနေဖြင့် ပြည်ပပို့ကုန်ကို တိုးချဲ့တင်ပို့နိုင်ခဲ့သည့် တွန်းအားကြောင့် ၎င်းတို့၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အများဆုံးထိပ်တန်းစာရင်းတွင် ပါဝင်ရောက်ရှိနေကြရခြင်းဖြစ်ပါသည်။

- အလားတူပင် ရွေးချယ်ထားသော အာဆီယံနိုင်ငံများတွင်ပါရှိသည့် စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများသည်လည်း ၎င်းနိုင်ငံများ၏ ပြည်ပပို့ကုန်တန်ဖိုး တိုးချဲ့တင်ပို့နိုင်ခဲ့သည့် အားလျော်စွာ ၎င်းနိုင်ငံများ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) တွင် ထိပ်ဆုံးအဆင့်တွင် ရောက်ရှိနေကြသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

- ထို့ကြောင့် ကမ္ဘာ့စက်မှုအဖွဲ့ဖြိုးဆုံးအုပ်စု (၇) (Group of seven) တွင်ပါရှိသော စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် လည်းကောင်း၊ ရွေးချယ်ထားသော အာဆီယံနိုင်ငံများတွင် ပါရှိသော စက်မှုဖွံ့ဖြိုးစ နိုင်ငံသစ်များ (Newly Industrializing Countries) နိုင်ငံများသည်လည်းကောင်း ၎င်းတို့၏ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်မှု တွန်းအားကြောင့် ၎င်းနိုင်ငံများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ထိပ်တန်းအဆင့် သို့ ရောက်ရှိလာစေရန် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

## ရွေးချယ်ထားသော နိုင်ငံများ၏ လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတို့၏ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာနိုင်မှုအခြေအနေ

မိမိအထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်ပို့ကုန် တိုးချဲ့တင်ပို့လာနိုင်စေရန်အတွက်

| စဉ် | | နိုင်ငံ | လယ်ယာကဏ္ဍ | | တိုးချဲ့လာသည့် အဆပေါင်း | စက်မှုလက်မှုကဏ္ဍ | | တိုးချဲ့လာသည့် အဆပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ၂၀၀၀ ပြည့်နှစ် | ၂၀၁၇ ခုနှစ် | | ၂၀၀၀ ပြည့်နှစ် | ၂၀၁၇ ခုနှစ် | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | ရွေးချယ်ထားသောနိုင်ငံများ | | | | | | |
| | ၁ | တရုတ် | ၁၆.၃ | ၈၁.၅ | ၅.၀ | ၂၁၉.၈ | ၂၁၂၃.၀ | ၉.၇ |
| | ၂ | ဂျာမနီ | ၂၇.၉ | ၆၂.၇ | ၃.၃ | ၄၆၁.၇ | ၁၂၂၉.၆ | ၂.၇ |
| | ၃ | အမေရိကန် | ၇၆.၁ | ၁၉၄.၉ | ၂.၆ | ၆၄၇. | ၉၅၅.၆ | ၁.၅ |
| | ၄ | ဂျပန် | ၄.၄ | ၁၁.၂ | ၂.၅ | ၄၄၉.၉ | ၆၁၅.၁ | ၁.၄ |
| | ၅ | တောင်ကိုရီးယား | ၄.၃ | ၁၂.၆ | ၂.၉ | ၁၅၆.၃ | ၅၁၃.၅ | ၃.၃ |
| | ၆ | ပြင်သစ် | ၃၉.၅ | ၇၁.၂ | ၁.၈၀ | ၂၆၅.၀ | ၄၂၄.၄ | ၁.၆ |
| ၂ | | **အာဆီယံနိုင်ငံများ** | | | | | | |
| | ၁ | စင်ကာပူ | ၃.၇ | ၁၂.၃ | ၃.၃ | ၁၁၈.၀ | ၂၈၅.၉ | ၂.၄ |
| | ၂ | ထိုင်း | ၁၂.၂ | ၄၂.၁ | ၃.၄ | ၅၂.၁ | ၁၈၅.၁ | ၃.၆ |
| | ၃ | ဗီယက်နမ် | ၃.၉ | ၃၀.၆ | ၇.၈ | ၆.၂ | ၁၇၇.၅ | ၂၈.၇ |
| | ၄ | မလေးရှား | ၈.၀ | ၂၇.၇ | ၃.၅ | ၇၉.၀ | ၁၄၈.၁ | ၁.၉ |
| | ၅ | အင်ဒိုနီးရှား | ၈.၂ | ၄၈.၅ | ၅.၉ | ၃၇.၄ | ၇၃.၅ | ၂.၀ |
| | ၆ | မြန်မာ* | ၂.၁ | ၁.၆ | −၀.၈ | ၀.၃ | ၂.၆ | ၈.၇ |

* = Myanmar Statistical Yearbook အရ

ဇယား (၄)
အာဆီယံနိုင်ငံများ အပါအဝင် ရွေးချယ်ထားသော နိုင်ငံများ၏
လယ်ယာကဏ္ဍနှင့် စက်မှုလက်မှုကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတို့၏ ပြည်ပပို့ကုန်
တိုးချဲ့တင်ပို့လာနိုင်မှု အခြေအနေ (ဒေါ်လာဘီလီယံ)

မိမိတို့နိုင်ငံ၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ကုန်ပစ္စည်းတိုးချဲ့ထုတ်လုပ်ပေးနိုင်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ တိုးချဲ့ထုတ်လုပ်နိုင်ခဲ့သည့် ကုန်ပစ္စည်းများအနက် ပြည်တွင်းစားသုံးမှုကိုချန်လှပ်ပြီး ပြည်ပတင်ပို့နိုင်ရန် ကုန်ပစ္စည်းများ (Exportable Surplus) တစ်နှစ်ထက်တစ်နှစ်တိုး၍ရရှိရန် လိုအပ်ပါသည်။ ထိုသို့ရရှိနိုင်မှသာ ပြည်ပပို့ကုန်ကို အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့လာနိုင်မည်ဖြစ်ပါသည်။

အာဆီယံနိုင်ငံများအပါအဝင် ရွေးချယ်ထားသော နိုင်ငံများ၏ လယ်ယာကဏ္ဍနှင့် တန်ဖိုးမြင့် စက်မှုလက်မှုကုန်ပစ္စည်း ထုတ်လုပ်မှုကဏ္ဍတို့၏ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်မည့် အခြေအနေကို ဇယား (၄) တွင် ဖော်ပြထားပါသည်။ ဇယား (၄) က အောက်ဖော်ပြပါ အရေးကြီးသည့် အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

- ဇယား (၄)၊ ကော်လံ (၃) နှင့် (၄) တို့တွင် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် လယ်ယာကဏ္ဍမှ ပြည်ပပို့ကုန် တန်ဖိုးများကို ဖော်ပြထားပါသည်။ အလားတူပင် ကော်လံ (၅) နှင့် (၆) တို့တွင်လည်း စက်မှုကဏ္ဍမှ ပြည်ပပို့ကုန်တန်ဖိုး (Manufacture Export) များကို အသီးသီးဖော်ပြထားပါသည်။

- ဥပမာအားဖြင့်တင်ပြရမည်ဆိုလျှင် တရုတ်နိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ၏ ပြည်ပပို့

ကုန်တန်ဖိုးမှာ ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၁၆.၂၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၈၁.၄၈ ဘီလီယံအထိ ငါးဆ တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။ အလားတူပင် ဂျာမနီနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ ပြည်ပပို့ကုန်ကို အချိန်တူကာလများအ တွင်း ဒေါ်လာ ၂၇.၉၀ ဘီလီယံမှ ဒေါ်လာ ၉၂.၆၉ ဘီလီယံအထိ ၃.၃ ဆခန့်တိုးချဲ့ တင်ပို့နိုင်ခဲ့ပါသည်။

- အလားတူပင် လယ်ယာကဏ္ဍမှ အချိန်တူ ကာလများအတွင်း ပြည်ပပို့ကုန်တိုးချဲ့တင် ပို့လာနိုင်မှုအခြေအနေများမှာ အမေရိကန် နိုင်ငံအနေဖြင့် ၂.၆ ဆခန့်လည်းကောင်း၊ ဂျပန်နိုင်ငံအနေဖြင့် ၂.၅ ဆခန့်လည်း ကောင်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၂.၉ ဆခန့်လည်းကောင်း၊ ပြင်သစ်နိုင်ငံ အနေဖြင့် ၁.၈ ဆခန့်လည်းကောင်းအသီး သီးတိုးချဲ့တင်ပို့နိုင်ခဲ့ကြကြောင်း တွေ့ရှိ ရပါသည်။

- အလားတူပင် ဇယား (၄)၊ ကော်လံ (၆) နှင့် (၇) တို့တွင် စက်မှုကဏ္ဍ၏တန်ဖိုး မြင့်ပြည်ပပို့ကုန်တန်ဖိုးများကို ဖော်ပြ ထားပါသည်။ ဥပမာအားဖြင့် တင်ပြရ လျှင် တရုတ်နိုင်ငံအနေဖြင့် ၂၀၀၀ ပြည့် နှစ် စက်မှုကဏ္ဍ ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂၁၉.၈၄ ဘီလီ ယံရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ဒေါ်လာ ၂,၁၂၃.၀၀ ဘီလီယံ အထိ ၉.၇ ဆခန့်လည်းကောင်း၊ ဂျာမနီ နိုင်ငံအနေဖြင့် ဒေါ်လာ ၄၆၁.၆၇ ဘီလီယံ မှ ဒေါ်လာ ၁,၂၂၉. ၆၁ ဘီလီယံအထိ ၂.၇ ဆခန့်လည်းကောင်း၊ အမေရိကန်နိုင်ငံ အနေဖြင့် ဒေါ်လာ ၆၄၆.၉၉ ဘီလီယံမှ ဒေါ်လာ ၉၅၅.၈၈ ဘီလီယံအထိ ၁.၅ ဆ ခန့်လည်းကောင်း အသီးသီး တိုးချဲ့တင်ပို့ လာနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

- ထိုနည်းတူစွာပင် ဂျပန်နိုင်ငံ၊ တောင်ကိုရီး ယားနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် ၎င်း တို့၏ စက်မှုကဏ္ဍပြည်ပပို့ကုန်ကို ဖော်ပြ ပါအချိန်ကာလနှစ်ခုအတွင်း ၁.၅ ဆခန့်မှ ၃.၀ ဆခန့်အထိ အသီးသီးတိုးချဲ့တင်ပို့ နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

- ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၇ ခုနှစ် အချိန် ကာလများအတွင်း ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်တိုးချဲ့ လာနိုင်မှုအခြေအနေများကို ဆက်လက် ရှင်းလင်းတင်ပြသွားပါမည်။

- ထိုင်းနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍပြည်ပ ပို့ကုန်ကို ဖော်ပြပါ အချိန်ကာလနှစ်ခုအ တွင်း ဒေါ်လာ ၁၂.၂၂ ဘီလီယံမှ ၄၂.၁၃ ဘီလီယံအထိ ၃.၄ ဆခန့်လည်းကောင်း၊ စက်မှုကဏ္ဍပြည်ပပို့ကုန်ကို ဒေါ်လာ ၅၂.၀၅ ဘီလီယံမှ ၁၈၅.၀၉ ဘီလီယံထိ ၃.၆ ဆခန့်လည်းကောင်း အသီးသီးတိုးချဲ့ တင်ပို့နိုင်ခဲ့ပါသည်။

- ဗီယက်နမ်နိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ ပြည်ပပို့ကုန် ဖော်ပြပါအချိန်ကာလနှစ်ခု အတွင်း ဒေါ်လာ ၃.၉၄ ဘီလီယံမှ ဒေါ်လာ ၃၀.၆၅ ဘီလီယံအထိ ၇.၈ ဆခန့်လည်း ကောင်း၊ စက်မှုကဏ္ဍပြည်ပပို့ကုန်ကို ဒေါ် လာ ၆.၁၈ ဘီလီယံမှ ၁၇၇.၄၆ ဘီလီယံ အထိ ၂၈.၇ ဆအထိလည်းကောင်း အသီး သီး တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။

- မလေးရှားနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ ပြည်ပပို့ကုန်ကို ဖော်ပြပါအချိန်ကာလနှစ် ခုအတွင်း ဒေါ်လာ ၈.၀၁ဘီလီယံမှ ဒေါ်လာ ၂၇.၆၇ ဘီလီယံအထိ ၃.၅ ဆခန့်လည်း ကောင်း၊ စက်မှုကဏ္ဍပြည်ပပို့ကုန်ကို ဒေါ်လာ ၇၉.၀၁ ဘီလီယံမှ ၁၄၈.၁၃ ဘီလီ ယံထိ ၁.၉ ဆခန့်လည်းကောင်း၊ အသီးသီး တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။

- အင်ဒိုနီးရှားနိုင်ငံအနေဖြင့် လယ်ယာကဏ္ဍ ပြည်ပပို့ကုန်ကို ဖော်ပြပါအချိန်ကာလနှစ်ခုအတွင်း ဒေါ်လာ ၈.၂၀ ဘီလီယံမှ ဒေါ်လာ ၄၈.၅၅ ဘီလီယံအထိ ၅.၉ ဆခန့် လည်းကောင်း၊ စက်မှုကဏ္ဍပြည်ပပို့ကုန်ကို ဒေါ်လာ ၃၇.၃၆ ဘီလီယံမှ ၇၃.၅၀ ဘီလီယံထိ ၂.၀ ဆအထိ လည်းကောင်း အသီးသီး တိုးချဲ့တင်ပို့နိုင်ခဲ့ပါသည်။

- မြန်မာနိုင်ငံအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ် အချိန်ကာလအတွင်း လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာနိုင်မှု အခြေအနေများကိုဆက်လက်တင်ပြပါမည်။ ဖော်ပြပါအချိန်ကာလနှစ်ခုအတွင်း လယ်ယာကဏ္ဍ၏ ပြည်ပပို့ကုန်မှာ ဒေါ်လာ ၂.၁ ဘီလီယံမှ ဒေါ်လာ ၁.၆ ဘီလီယံသို့ ၀.၈ ဆခန့် လျော့နည်းသွားခဲ့ပါသည်။ စက်မှုကဏ္ဍ၏ ပြည်ပပို့ကုန်မှာ ဒေါ်လာ ၀.၃ ဘီလီယံမှ ၂.၆ ဘီလီယံထိ ၈.၇ ဆခန့်လည်းကောင်း တိုးချဲ့တင်ပို့လာနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ ဇယား (၄) ပါ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့လာနိုင်မှု အခြေအနေများက အောက်ပါထူးခြားသည့် အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

| စဉ် | | နိုင်ငံ | ၂၀၀၀ ပြည့်နှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | ရွေးချယ်ထားသောနိုင်ငံများ | | |
| | ၁ | ဂျာမနီ | ၂၉.၃ | ၃၉.၄ |
| | ၂ | တောင်ကိုရီးယား | ၃၂.၃ | ၃၇.၅ |
| | ၃ | ပြင်သစ် | ၂၄.၇ | ၂၀.၇ |
| | ၄ | တရုတ် | ၂၀.၈ | ၁၈.၅ |
| | ၅ | ဂျပန် | ၁၀.၁ | ၁၄.၃ |
| | ၆ | အမေရိကန် | ၇.၆ | ၈.၀ |
| ၂ | | အာဆီယံနိုင်ငံများ | | |
| | ၁ | စင်ကာပူ | ၁၄၃.၇ | ၁၁၅.၂ |
| | ၂ | ထိုင်း | ၅၆.၃ | ၅၂. |
| | ၃ | မလေးရှား | ၁၀၄.၇ | ၆၉.၂ |
| | ၄ | အင်ဒိုနီးရှား | ၃၉.၆ | ၁၆.၆ |
| | ၅ | ဗီယက်နမ် | ၄၆.၅ | ၉၅.၈ |
| | ၆ | မြန်မာ | ၁၈.၅ | ၁၉.၈ |

ဇယား (၅)
အာဆီယံနိုင်ငံများအပါအဝင် ရွေးချယ်ထားသော နိုင်ငံများ၏
အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) အပေါ် ပြည်ပပို့ကုန်တန်ဖိုးအချိုး (%)

- အမေရိကန်၊ ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့သည် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများဖြစ်ကြသော်လည်း ယခုတိုင် လယ်ယာကဏ္ဍ ပြည်ပို့ကုန်ကို ဒေါ်လာခုနစ်ဆယ်ဘီလီယံခန့်မှ ဒေါ်လာ ၁၉၅ ဘီလီယံခန့်အထိ တိုးချဲ့တင်ပို့နိုင်ခဲ့ပြီး မိမိတို့လယ်ယာကဏ္ဍကို အထူးပြုဆောင်ရွက်နေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍပြည်ပို့ကုန်အများဆုံး တင်ပို့နိုင်မှုမှာ ဒေါ်လာသုံးဆယ်ဘီလီယံမှ ဒေါ်လာ ငါးဆယ်ဘီလီယံခန့် သာရှိနေကြောင်း တွေ့ရှိရသည်မှာ မိမိတို့လယ်ယာကဏ္ဍအထူးပြုဆောင်ရွက်နေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် လယ်ယာကဏ္ဍပြည်ပို့ကုန်တင်ပို့မှုကို စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ လယ်ယာကဏ္ဍပို့ကုန်တိုးချဲ့တင်ပို့နိုင်ခဲ့သည့် စံချိန်မီစေရန်အတွက် ယခုထက်အဆပေါင်းများစွာ တိုးချဲ့တင်ပို့လောက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိနေသည်ဖြစ်ကြောင်း ညွှန်ပြလျက်ရှိနေပါသည်။

- မိမိတို့မြန်မာနိုင်ငံ၏ ပြည်ပို့ကုန်အခြေအနေမှာ အာဆီယံနိုင်ငံများထဲတွင် များစွာနိမ့်ကျလျက်ရှိနေသည်ကို သတိပြုမိရန် လိုအပ်ပါမည်။ အဘယ်ကြောင့်ဆိုသော် စင်ကာပူနိုင်ငံမှလွဲ၍ ၂၀၁၇ ခုနှစ် အာဆီယံနိုင်ငံများ၏ လယ်ယာကဏ္ဍပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာသုံးဆယ်ဘီလီယံမှ ဒေါ်လာငါးဆယ်ဘီလီယံခန့်အထိ ရှိနေပြီး မိမိတို့လယ်ယာပို့ကုန် တန်ဖိုးမှာ ဒေါ်လာ ၁.၆ ဘီလီယံခန့်သာရှိနေသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် အာဆီယံနိုင်ငံများ၏ ၂၀၁၇ ခုနှစ် စက်မှုကဏ္ဍပြည်ပို့ကုန်တန်ဖိုးများမှာ ဒေါ်လာ ခုနစ်ဆယ်ဘီလီယံခန့်မှ ဒေါ်လာ ၂၈၆ ဘီလီယံခန့်အထိရှိနေပြီး မိမိတို့မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂.၆ ဘီလီယံခန့်သာရှိနေကြောင်း တွေ့ရှိရပါသည်။ အထက်ဖော်ပြပါအခြေအနေများက ထပ်ဆင့်ညွှန်ပြလျက်ရှိနေသည်မှာ မိမိတို့မြန်မာနိုင်ငံအနေဖြင့် ပြည်ပို့ကုန်ယခုထက် တိုးချဲ့တင်ပို့နိုင်ရန်အတွက် မိမိတို့ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပတင်ပို့နိုင်ရန် ကုန်ပစ္စည်းများ (Exportable Surplus) တိုးမြင့်ရရှိလာစေရန်အတွက် ၎င်းကဏ္ဍနှစ်ခုတို့၏ကုန်ထုတ်လုပ်မှုများကို အရှိန်အဟုန်ဖြင့် တိုးချဲ့ထုတ်လုပ်လာနိုင်စေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

မိမိအထက်တွင် ရေးသားတင်ပြခဲ့သည်များမှာ ရွေးချယ်ထားသော စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအပါအဝင် ရွေးချယ်ထားသော အာဆီယံနိုင်ငံများ၏ ပြည်ပို့ကုန်ကို တစ်နှစ်ထက်တစ်နှစ် မည်ကဲ့သို့အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်ခဲ့သည့် အခြေအနေအား ရှင်းလင်းတင်ပြထားခဲ့ပြီးဖြစ်ပါသည်။ ယခုဆက်လက်တင်ပြလိုသည်မှာ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ပြည်ပို့ကုန်တင်ပို့ရာတွင် ပို့ကုန်တန်ဖိုးပမာဏအနည်းအများကို နှိုင်းယှဉ်ကြည့်ရှုရာတွင် ပိုမိုသိသာထင်ရှားစွာ တွေ့မြင်နိုင်စေရန်အတွက် ဇယားနှစ်ခုဖြင့် ထပ်မံဆက်လက်ပြုစုတင်ပြသွားပါမည်။ ဇယား (၅) တွင် နိုင်ငံတစ်နိုင်ငံ၏ စုစုပေါင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးအပေါ် ပြည်ပို့ကုန်တန်ဖိုး ရာခိုင်နှုန်းအချိုးအစားဖြစ်ပြီး ဇယား (၆) တွင် နိုင်ငံတစ်နိုင်ငံ၏ လူတစ်ဦးပျမ်းမျှတင်ပို့နိုင်သည့် ပြည်ပို့ကုန်တန်ဖိုးကို တွက်ချက်တင်ပြထားပါသည်။

အာဆီယံနိုင်ငံများအပါအဝင် ရွေးချယ်ထားသော နိုင်ငံများ၏ အသားတင်ကုန်ထုတ်လုပ်မှု (GDP) အပေါ် ပြည်ပို့ကုန်တန်ဖိုးရာခိုင်နှုန်းအချိုးအစားကို ဇယား (၅) တွင် ဖော်ပြထားပါသည်။

ဇယား (၅) က အောက်ဖော်ပြပါအရေးကြီးသည့် အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

- ၂၀၁၇ ခုနှစ် စုစုပေါင်းအသားတင်ကုန်ထုတ်

| စဉ် | | နိုင်ငံ | ၂၀၁၀ ပြည့်နှစ် | ၂၀၁၇ ခုနှစ် |
|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ |
| ၁ | | ရွေးချယ်ထားသောနိုင်ငံများ | | |
| | ၁ | ဂျာမနီ | ၁၅၃၆၅ | ၁၇၅၁၄ |
| | ၂ | တောင်ကိုရီးယား | ၆၄၃၆ | ၁၁၁၄၇ |
| | ၃ | ပြင်သစ် | ၈၀၄၆ | ၇၆၇၄ |
| | ၄ | ဂျပန် | ၆၀၄၀ | ၅၅၀၆ |
| | ၅ | အမေရိကန် | ၄၁၃၂ | ၄၇၄၆ |
| | ၆ | တရုတ် | ၁၁၇၆ | ၁၆၃၃ |
| ၂ | | **အာဆီယံနိုင်ငံများ** | | |
| | ၁ | စင်ကာပူ | ၆၆၃၁၀ | ၆၆၅၀၄ |
| | ၂ | မလေးရှား | ၇၀၆၅ | ၆၈၈၈ |
| | ၃ | ထိုင်း | ၂၈၇၆ | ၃၄၂၈ |
| | ၄ | ဗီယက်နမ် | ၈၁၆ | ၂၂၄၃ |
| | ၅ | အင်ဒိုနီးရှား | ၆၅၁ | ၆၃၆ |
| | ၆ | မြန်မာ | ၁၇၃ | ၂၄၆ |

ဇယား (၆)
အာဆီယံနိုင်ငံများအပါအဝင် ရွေးချယ်ထားသောနိုင်ငံများ၏
လူတစ်ဦးပျမ်းမျှပြည်ပပို့ကုန်တန်ဖိုး (အမေရိကန်ဒေါ်လာ)

မှုတန်ဖိုးအပေါ် ပြည်ပပို့ကုန်တန်ဖိုးရာခိုင်နှုန်းအချိုးအစားကို အထက်ပါဇယား (၅)၊ ကော်လံ (၄) တွင် ဖော်ပြထားပါသည်။ ဂျာမနီ၊ တောင်ကိုရီးယား၊ ပြင်သစ်နှင့် တရုတ်နိုင်ငံများတို့၏ အသားတင်ကုန်ထုတ်လုပ်မှုအပေါ် ပြည်ပပို့ကုန်တန်ဖိုး၏ ရာခိုင်နှုန်းအချိုးအစားမှာ ၂၀ ရာခိုင်နှုန်းခန့်မှ ၄၀ ရာခိုင်နှုန်းထိရှိကြောင်း တွေ့ရှိရပါသည်။ အဓိပ္ပာယ်မှာ ဖော်ပြပါနိုင်ငံများ၏ စုစုပေါင်းပြည်တွင်းအသားတင်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းခန့်မှ ၄၀ ရာခိုင်နှုန်းခန့်အထိကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်ဆိုသည့် သဘောဖြစ်ပါသည်။

■ အလားတူပင် ၂၀၁၇ ခုနှစ် အာဆီယံနိုင်ငံများဖြစ်ကြသော ထိုင်း၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့၏ ၎င်းနိုင်ငံတို့၏ စုစုပေါင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးအပေါ် ပြည်ပို့ကုန်တန်ဖိုးရာခိုင်နှုန်းအချိုးအစားမှာ ၅၀ ရာခိုင်နှုန်းခန့်မှ ၉၆ ရာခိုင်နှုန်းခန့်အထိကို ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ခဲ့သည်ဆိုသည့်သဘော ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ၏ အလားတူ အချိုးအစားမှာ ၁၉.၈ ရာခိုင်နှုန်းခန့်သာ ရှိပါသဖြင့် အာဆီယံနိုင်ငံများထဲတွင် မြန်မာနိုင်ငံ၏ ပြည်ပတင်ပို့နိုင်သည့် တန်ဖိုးများတွင်ရှိနေကြောင်း ဖော်ညွှန်းပြသလျက်ရှိနေပါသည်။

- အာဆီယံနိုင်ငံများအပါအဝင် ရွေးချယ်ထားသောနိုင်ငံများ၏ လူတစ်ဦးပျမ်းမျှ ပြည်ပပို့ကုန် တန်ဖိုးအခြေအနေကို ဇယား (၆) တွင် ဖော်ပြထားပါသည်။

ဇယား (၆) က အောက်ဖော်ပြပါ အရေးကြီးသည့်အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

- ၂၀၁၇ ခုနှစ် ဂျာမနီနိုင်ငံ၏ လူတစ်ဦးပျမ်းမျှ ပြည်ပ တင်ပို့နိုင်သည့် တန်ဖိုးမှာ ဒေါ်လာ ၁၇,၅၁၄၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၁,၁၄၇၊ ပြင်သစ်နိုင်ငံအနေဖြင့် ဒေါ်လာ ၇,၉၇၄၊ ဂျပန်နိုင်ငံအနေဖြင့် ဒေါ်လာ ၅,၅၀၆၊ အမေရိကန်နိုင်ငံအနေဖြင့် ဒေါ်လာ ၄,၇၄၉ ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ဒေါ်လာ ၁,၆၃၃ အသီးသီးရှိကြကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဖော်ပြပါနိုင်ငံများသည် ၎င်းတို့၏ ပြည်ပပို့ကုန်ကိုအရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့နိုင်ခဲ့သည့် နိုင်ငံများဖြစ်ကြောင်း လူတစ်ဦးပြည်ပပို့ကုန်ပျမ်းမျှတင်ပို့နိုင်မှု တန်ဖိုးများက ညွှန်ပြလျက်ရှိနေပါသည်။

- ရွေးချယ်ထားသော အာဆီယံနိုင်ငံများသည် ၎င်းတို့၏ ၂၀၁၇ ခုနှစ် လူတစ်ဦးပျမ်းမျှ ပြည်ပတင်ပို့နိုင်မှု တန်ဖိုးများကို ကြည့်မည်ဆိုပါက စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၆၆,၅၀၄၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၆,၈၈၈၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၃,၄၂၈၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ဒေါ်လာ ၂,၂၄၃၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၆၃၉ ရှိပြီး၊ မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၂၄၉ သာရှိကြောင်း တွေ့ရှိရပါသည်။

- အထက်ဖော်ပြပါ အာဆီယံနိုင်ငံများ၏ ကိန်းဂဏာန်းများက ဖော်ပြလျက်ရှိသည်မှာ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၎င်းနိုင်ငံများ၏ ပြည်ပပို့ကုန်ကို အရှိန်အဟုန်ဖြင့် တိုးချဲ့တင်ပို့လျက်ရှိသည့် နိုင်ငံများဖြစ်ကြပြီး မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အနိမ့်ဆုံးအဆင့်တွင်ရှိနေကြောင်း ဖော်ညွှန်းပြသလျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေ

၂၀၀၉/၂၀၁၀ နှင့် ၂၀၁၇/၂၀၁၈ ခုနှစ်များအတွက် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေကို ဇယား (၇) တွင် ဖော်ပြထားပါသည်။ ဇယား (၇) က အောက်ဖော်ပြပါ အရေးကြီးသည့် အချက်များကို ဖော်ညွှန်းပြသလျက်ရှိပါသည်။

- နိုင်ငံတကာအဓိပ္ပာယ်ဖွင့်ဆိုမှုအရ လယ်ယာကဏ္ဍတွင် လယ်ယာကုန်ထုတ်လုပ်မှုမှာ သားငါးကဏ္ဍကုန်ထုတ်လုပ်မှုနှင့် သစ်တောကဏ္ဍကုန်ထုတ်လုပ်မှုများ ပါရှိပါသည်။ ၂၀၀၉/၂၀၁၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေကို ဇယား (၇)၊ ကော်လံ (၃) တွင် ဖော်ပြထားပါသည်။ ဖော်ပြပါနှစ်အတွက် ပြည်ပပို့ကုန်တန်ဖိုးများကို စိစစ်ကြည့်ရှုမည်ဆိုပါက လယ်ယာကုန်ထုတ်လုပ်မှု (Agriculture Products) ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်း ၁၂၉၉.၃ ခန့်လည်းကောင်း၊ သားငါးထုတ်လုပ်မှု (Marine Products) ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်း ၂၇၃.၁ ခန့်လည်းကောင်း၊ သစ်တောကဏ္ဍထုတ်လုပ်မှု (Timber) ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ၄၉၂.၈ ခန့်လည်းကောင်း အသီးသီးရှိပါ၍ စုစုပေါင်းလယ်ယာကဏ္ဍတစ်ခုလုံး ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၂.၀၆ ဘီလီယံခန့်သာရှိကြောင်း တွေ့ရှိရပါသည်။

- အလားတူပင် ၂၀၁၇/၂၀၁၈ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေကို ဇယား (၇)၊ ကော်လံ (၅) တွင် ဖော်ပြထား

**လယ်ယာကဏ္ဍမှ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာစေရန်အတွက် သမားရိုးကျလယ်ယာကုန်ထုတ်လုပ်မှုစနစ်မှ သိပ္ပံနည်းကျ လယ်ယာကုန်ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းဆောင်ရွက်လာနိုင်ရန် အရေးကြီးပါသည်။ သို့မှသာ လယ်ယာကဏ္ဍမှ ပို့ကုန် (Exportable Surplus) တိုးချဲ့တင်ပို့လာနိုင်ရန် ဖြစ်ပါသည်။**

| Sr No. | | Exports Products | 2009/2010 | | 2017/2018 | |
|---|---|---|---|---|---|---|
| | | | US$ Million | Share of Total Exports (%) | US$ Million | Share of Total Exports (%) |
| 1 | | 2 | 3 | 4 | 5 | 6 |
| 1 | | **Agriculture Products** | **1,2993** | **17.2** | **132.4** | **8.9** |
| | 1 | Rice & Rice Products | 254.8 | 3.4 | 504 | 3.4 |
| | 2 | Pulses | 927.3 | 12.3 | 627 | 4.2 |
| | 3 | Maize | 21 | 0.0 | 9 | 0.1 |
| | 4 | Raw Rubber | 74.2 | 1.0 | 65 | 0.4 |
| | 5 | Others | 40.9 | 0.5 | 119 | 0.8 |
| 2 | | **Marine Products** | **273.1** | **36** | **256** | **1.7** |
| | 1 | Fish & Fish Products | 1929 | 26 | 140 | 0.9 |
| | 2 | Fresh & Dried Prawn | 63.4 | 0.8 | 45 | 0.3 |
| | 3 | Others | 16.8 | 0.2 | 71 | 0.5 |
| 3 | | **Timber** | **492.8** | **6.5** | **88** | **0.6** |
| | 1 | Teak | 214.6 | 28 | 63 | 0.4 |
| | 2 | Hard Wood | 278.2 | 3.7 | 25 | 0.2 |
| 4 | | **Base Metal & Ores** | 33.5 | **0.4** | **911** | **6.1** |
| 5 | | **Gas** | **2,903.6** | **38.4** | **2075** | **14.0** |
| 6 | | **Gaments** | **2827** | **37** | **2559** | **17.2** |
| 7 | | **Others** | **2277.1** | **30.1** | **7638** | **51.4** |
| **Total** | | | **7,562.0** | **100.0** | **14851** | **100.0** |

ဇယား (၇)
မြန်မာနိုင်ငံ၏ ပြည်ပို့ကုန်အခြေအနေ
Exports of Myanmar

ပါသည်။ ဖော်ပြပါနှစ်အတွက် ပြည်ပို့ကုန်တန်ဖိုးများကို စိစစ်ကြည့်ရှုမည်ဆိုပါက လယ်ယာကုန်ထုတ်လုပ်မှု (Agriculture Products) ပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်း ၁,၃၂၄ ခန့်လည်းကောင်း၊ သားငါးကဏ္ဍထုတ်လုပ်မှု (Marine Products) ပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်း ၂၅၆ ခန့်လည်းကောင်း၊ သစ်တောကဏ္ဍထုတ်လုပ်မှု (Timber) ပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာသန်းပေါင်း ၈၈ ခန့်လည်းကောင်းအသီးသီးရှိပါ၍ စုစုပေါင်းလယ်ယာကဏ္ဍတစ်ခုလုံး ပြည်ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁,၆၅၅ ဘီလီယံခန့် သာရှိကြောင်းတွေ့ရှိရပါသည်။

■ အထက်ဖော်ပြပါနှစ်များအတွက် စက်မှု

**မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်တိုးချဲ့ တင်ပို့နိုင်စေရန်အတွက် ကုန်ပစ္စည်းတိုးချဲ့ ထုတ်လုပ်ပေးနိုင်ခြင်း မရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပြည်ပပို့ကုန်မှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိလာခဲ့ရပြီး ...**

ကဏ္ဍ (Manufacture) ပြည်ပပို့ကုန်တန်ဖိုးမှာ အဓိအားဖြင့် အထည်ချုပ်လုပ်ငန်းများ (Garments) သာဖြစ်ပါသည်။ ထို့ကြောင့် ၂၀၀၉/၂၀၁၀ ပြည့်နှစ်အတွက် အထည်ချုပ်လုပ်ငန်းများမှ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ ဒေါ်လာ ၂၈၂.၇ သန်းခန့် ရှိပြီး ၂၀၁၇/၁၈ ခုနှစ်အတွက် တန်ဖိုးမှာ ဒေါ်လာ ၂.၆ ဘီလီယံခန့်သာအသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

- သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးများအနက် လယ်ယာကဏ္ဍပို့ကုန်တန်ဖိုးနှင့် စက်မှုကဏ္ဍတို့မှ ပို့ကုန်တန်ဖိုးတို့မှာ ပျမ်းမျှဒေါ်လာ ၂.၀ ဘီလီယံခန့်သာ အသီးသီးရှိကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်တင်ပြချက်

ကမ္ဘာပေါ်ရှိ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများအနေဖြင့်သော်လည်းကောင်း၊ စက်မှုဖွံ့ဖြိုးစနိုင်ငံသစ်များ (Newly Industrializing Countries) အနေဖြင့်သော်လည်းကောင်း ၎င်းနိုင်ငံများ၏ ပြည်ပပို့ကုန်တိုးချဲ့လာနိုင်မှုနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာမှုတို့ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိနေကြောင်းကို အထက်တွင် စာရင်းဇယားကိန်းဂဏန်းများဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။


ယခုရေးသားတင်ပြထားသော စီးပွားရေးစာတမ်းအပေါ် ခြုံငုံသုံးသပ်ရမည်ဆိုပါက နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်စေရန် အဓိကလုပ်ငန်းစဉ်သုံးရပ်ကို ပြည့်မီစွာ ဆောင်ရွက်သွားနိုင်ရန်လိုအပ်ပါမည်။ ပထမလုပ်ငန်းစဉ်တစ်ရပ်မှာ လယ်ယာကဏ္ဍမှ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာစေရန်အတွက် သမားရိုးကျ လယ်ယာကုန်ထုတ်လုပ်မှုစနစ်မှ သိပ္ပံနည်းကျလယ်ယာကုန်ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းဆောင်ရွက်လာနိုင်ရန် အရေးကြီးပါသည်။ သို့မှသာ လယ်ယာကဏ္ဍမှ ပို့ကုန် (Exportable Surplus) တိုးချဲ့တင်ပို့လာနိုင်ရန်ဖြစ်ပါသည်။ ဒုတိယလုပ်ငန်းစဉ်တစ်ရပ်မှာ စက်မှုကဏ္ဍမှ ပြည်ပပို့ကုန်တန်ဖိုးများ တိုးချဲ့တင်ပို့လာနိုင်စေရန် စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တိုးမြင့် ဆောင်ရွက်ပေးသွားရန် လိုအပ်ပါမည်။ တတိယလုပ်ငန်းစဉ်တစ်ရပ်မှာ အထက်ဖော်ပြပါကဏ္ဍနှစ်ရပ်မှ ပြည်ပပို့ကုန်အတွက် တိုးချဲ့ထုတ်လုပ်ပေးလာသည့် ပို့ကုန်ပစ္စည်းများကို ဝယ်ယူသူများ လက်ဝယ်ရောက်ရှိလာစေရန် ဈေးကွက်ကို တိုးချဲ့ထိုးဖောက်ရာဖွေပေးသွားရန် (Marketing) ဖြစ်ပါသည်။

လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်တိုးချဲ့ တင်ပို့လာနိုင်မှုအခြေအနေများကို စာမျက်နှာ (၇)၊ ဇယား (၄) တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဇယား (၄) ကို ပြန်လည်စိစစ်ကြည့်မည်ဆိုပါက ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၇ ခုနှစ် အချိန်ကာလအတွင်း စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့်သော်လည်းကောင်း၊ အာဆီယံနိုင်ငံများအနေဖြင့်သော်လည်းကောင်း လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့လာနိုင်စေရန်အတွက် ၎င်းကဏ္ဍနှစ်ခုတို့မှ ပြည်တွင်းစားသုံးရန်ချန်လှပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန် ကုန်ပစ္စည်းများ (Exportable Surplus) အလျှံအပယ် အဆပေါင်းများစွာ တိုးချဲ့ထုတ်လုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့်မူ ဖော်ပြပါအချိန်ကာလများအတွင်း လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန်အတွက် တိုးချဲ့တင်ပို့လာနိုင်မှုမှာ ဒေါ်လာ ၂.၀ ဘီလီယံဝန်းကျင်ခန့်သာရှိနေပါ၍ အနိမ့်ဆုံးအဆင့်တွင် ရှိနေကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ (မြန်မာနိုင်ငံ၏ ဖော်ပြပါ အချိန်ကာလများအတွင်း ပြည်ပပို့ကုန်အခြေအနေကို ဇယား (၇) တွင် ဖော်ပြထားပါသည်။)

ကမ္ဘာ့စီးပွားရေးအခြေအနေကို ပြန်လည်စိစစ်သုံးသပ်ကြည့်မည်ဆိုပါက ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း အချိန်ကာလသည် ကမ္ဘာ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု

ထိပ်ဆုံးရောက်ရှိနေသည့် (Boom Period) ဖြစ်ခဲ့ပါသည်။ ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှု GDP မှာ ၁၉၆၀ ပြည့်နှစ်တွင် ဒေါ်လာ ၁.၃၇ ထရီလီယံခန့်သာရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၃၃.၆၀ ထရီလီယံထိ ၂၅ ဆခန့် တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ အလားတူပင် ကမ္ဘာ့စုစုပေါင်း ပြည်ပပို့ကုန်အခြေအနေကို ကြည့်မည်ဆိုပါက စုစုပေါင်းကမ္ဘာ့ ပြည်ပပို့ကုန်တန်ဖိုးမှာ ၁၉၆၀ ပြည့်နှစ်တွင် ဒေါ်လာ ၁၂၄ ဘီလီယံခန့်သာ ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ဒေါ်လာ ၆,၅၀၂ ဘီလီယံခန့် အထိ ၅၃ ဆခန့်ထိ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဖော်ပြပါ ၁၉၆၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ လွန်ခဲ့သည့် ဆယ်စုနှစ် လေးခုအတွင်း မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေမှာ အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လွန်စွာနိမ့်ကျလျက်ရှိနေကြောင်း အထက်ဖော်ပြပါစာရင်းဇယားများအရ သိရှိနိုင်ကြမည်ဖြစ်ပါသည်။ ထိုအချိန်ကာလအတွင်း မြန်မာနိုင်ငံသည် ဆယ်စုနှစ်သုံးခုအတွင်း၌ ဈေးကွက်စီးပွားရေးစနစ်မှ ဆိုရှယ်လစ်စီးပွားရေးစနစ်သို့ ပြောင်းလဲကျင့်သုံးခဲ့သည့် အချိန်ကာလများဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၇ ခုနှစ်မှစ၍ မူဝါဒသဘောထားခံယူချက်ချင်းကွဲပြားခြားနားမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပေါ်ထွန်းလာခဲ့ရာ ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ဒါဇင်ကျော်ခန့်ထိ တိုးမြင့်လာခဲ့ပါသည်။ ထိုအခြေအနေများကြောင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုတည်ဆောက်နိုင်ခြင်းမရှိသည့်အခါ နိုင်ငံ၏စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် မိမိတို့နိုင်ငံ၏ စီးပွားရေး တုံ့နှေးကျဆင်းလာခဲ့ရခြင်းဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် တင်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍတို့မှ ပြည်ပပို့ကုန် တိုးချဲ့တင်ပို့နိုင်စေရန်အတွက် ကုန်ပစ္စည်းတိုးချဲ့ ထုတ်လုပ်ပေးနိုင်ခြင်းမရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ပြည်ပပို့ကုန်မှာ အနိမ့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့ရပြီး ပြည်ပပို့ကုန်တွန်းအားပြုပေးနိုင်ခြင်း မရှိသည့်အတွက် နိုင်ငံ၏စီးပွားရေးမှာလည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိနေခြင်းဖြစ်ကြောင်း တင်ပြအပ်ပါသည်။



# ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိစေဖို့

မင်းဗထူး

စီးပွားရေးလုပ်ငန်းရှင်အများစုသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများအပေါ်သို့ ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် လူကြောင့်ဖြစ်ရသည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကို အစဉ်အမြဲကြိုတင်မျှော်တွေးပြီး စဉ်းစားချင့်ချိန်၍ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင်ဖြစ်သော အများပြည်သူဆိုင်ရာလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများသာမက ပြည်သူတစ်ဦးချင်းစီကလည်း အလားတူအသိတရားကိုယ်စီရှိနေကြရမည်သာ ဖြစ်ပါသည်။

ကံအားလျော်စွာပင် အဆိုပါဘေးအန္တရာယ်တို့သည် တစ်ချိန်တည်း တစ်ပြိုင်တည်း အားလုံးစုပြုံကျရောက်နေခြင်း မဟုတ်မူဘဲ သူ့အချိန်နှင့်သူ ဖြစ်တတ်သောသဘော၊ ပျက်တတ်သောသဘောရှိနေ၍သာ မိမိတို့အနေဖြင့် ၎င်းဘေးအန္တရာယ်များဒဏ်မှ ရှောင်လွှဲရန်၊ တားဆီးကာကွယ်ရန်နှင့် ရင်ဆိုင်တုံ့ပြန်ရန်တို့ကို အလိုက်သင့် လိုအပ်သည့်အတိုင်းအဆဖြင့် ပြုလုပ်နိုင်ကြခြင်းဖြစ်ပါသည်။ မိမိတို့အပေါ် ထိုသို့ကျရောက်လာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ်များ၏ဒဏ်ကို ကြိမ်ဖန်များစွာ အတိုင်းအဆမှန်မှန်ကန်ကန်ဖြင့် တုံ့ပြန်နိုင်ခြင်းကြောင့်သာ မိမိတို့သည် ဘေးအန္တရာယ်များဒဏ် ခံနိုင်ရည်ရှိလာခြင်းလည်းဖြစ်မည်ဟု ယူဆရပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ဖူးသူ၊ လုပ်ဆောင်နေသူနှင့် လုပ်ဆောင်ရန် ပြင်ဆင်နေသူတိုင်းသည် လူကြောင့်ဖြစ်ရသော ဘေးအန္တရာယ်အမျိုးအစားများအနက် အလွန်ကြီးမားသောဘေးအန္တရာယ်တစ်မျိုးဖြစ်သည့် အဂတိလိုက်စားမှုဘေးအန္တရာယ်ကိုကား သေချာပေါက် ရင်ဆိုင်ကြရသည်သာဖြစ်ပါသည်။ အဂတိလိုက်စားမှုဘေးအန္တရာယ်အကြောင်းကို စဉ်းစားကြသည့်အခါတွင် များသောအားဖြင့် ဦးစားပေးစဉ်းစားနေကြသည်မှာ ဥပဒေကြောင်းအရ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော အပေးအယူကိစ္စမျှသာဖြစ်သည်။ ငွေကြေးနှင့် တံဆိုးလက်ဆောင်အပေးအယူသည် စီးပွားရေးလုပ်ငန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ်တွင် ကြီးမားသောအစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်နေပြီး အကျိုးအမြတ် တွက်ခြေကိုက်မှု မကိုက်မှုအပေါ်မှာလည်း စွန့်စားမှုရှိပေသည်။ သို့သော် ထို့ထက်အဆများစွာ ပိုဆိုးသည်မှာ ကိန်းဂဏန်းဖြင့် ဖော်ပြ၍မရသော ဆုံးရှုံးမှုအဖြစ် လုပ်ငန်းရှင်


များနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ဂုဏ်သိက္ခာများပါ ရစရာမရှိအောင် ပေးဆပ်လိုက်ရခြင်းဖြစ်သည်ကိုလည်း ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုများသော ပတ်ဝန်းကျင်များတွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်မိပါက ထိုသို့သောရွေးချယ်မှုနှင့် ဆောင်ရွက်မှုတို့အပေါ် အခြားရင်းနှီးမြှုပ်နှံသူများ၊ သတင်းမီဒီယာ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ပြည်သူများက အမြင်မည်သို့ရှိလိမ့်မည်နည်း။ စီးပွားရေးလုပ်ငန်း၏ ဖြောင့်မတ်တည်ကြည်မှုနှင့် မိမိ၏ဂုဏ်သိက္ခာကျဆင်းစေနိုင်သော ဘေးအန္တရာယ်ရှိစေမည်မှာ မလွဲပါ။ မိမိက တရားစွဲဆိုခြင်း၊ သို့မဟုတ် တရားစွဲဆိုခံရခြင်း ကိစ္စများရှိခဲ့လျှင်လည်း အဂတိလိုက်စားမှုစနစ်ပျံ့နှံ့နေသောဝန်းကျင်၌ ဥပဒေနှင့်အညီ တိကျမှန်ကန်သော တရားမျှတမှုအတွက် အခွင့်အရေးရရှိနိုင်ပါမည်လော၊ ထိုသို့မရရှိခဲ့လျှင် ဘေးအန္တရာယ်တစ်မျိုး ကြုံတွေ့ရမည်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာနှင့်ပတ်သက်၍ ဖြောင့်မတ်တည်ကြည်မှုစံနှုန်းနှင့် ပညာရပ်ဆိုင်ရာရပ်တည်ချက်တို့ကို ခိုင်မြဲစွာ ကိုင်စွဲခြင်းမပြုနိုင်လျှင် ရေရှည်စီးပွားရေး၌ ဘေးအန္တရာယ်ကျရောက်နိုင်ပါသေးသည်။ ရှိသင့်သော်လဲ့လဝိရိယဖြင့် ရိုးသားကြိုးစားစွာ အားထုတ်မှုများသည်လည်း မျှတသောယှဉ်ပြိုင်မှုမရှိသည့် ကစားကွင်း၌ ဘေးအန္တရာယ်ရှိခြင်း၊ လိုတစ်မျိုး၊ မလိုတစ်မျိုးအခြေအနေအောက်တွင် မူဝါဒစည်းမျဉ်း စည်းကမ်းများကိုတိကျစွာ လေးစားလိုက်နာခြင်းဖြင့်လည်း အလုပ်မဖြစ်နိုင်သော ဘေးသင့်နိုင်ခြင်း၊ အားနည်းသော လုပ်ထုံးလုပ်နည်း၊ ဓလေ့ထုံးစံများကိုလွန်ဆန်၍ အမှန်တရားကိုဖော်ဆောင်ခြင်းသည် ရေဆန်ကူးခပ်ရသကဲ့သို့ ခရီးမရောက်နိုင်သော ဘေးရှိခြင်း စသည့် အဂတိလိုက်စားမှုဘေးအန္တရာယ်များဒဏ်မှ ခံနိုင်ရည်မရှိလျှင် ဆက်လက်ရှုံးနိမ့်မှုများ ကြုံတွေ့နေရဦးမည် ဖြစ်သည်။ ထို့ကြောင့် ယင်းဒဏ်များကို ဖြတ်တောက်ပစ်နိုင်ရန်အတွက် စီးပွားရေးလောကမှ အမြဲတမ်းမဟုတ်သည့်တိုင် ယာယီထွက်ခွာသွားကြရသူများပင်ရှိပါသည်။

အခြားတစ်ဖက်တွင်မူ အဂတိလိုက်စားမှုဘေးအန္တရာယ်များဒဏ်ကို ခံနိုင်ရည်ရှိအောင်ကြိုးစားရင်း တစ်မူထူးခြားစွာဖြင့် ယင်းဘေးအန္တရာယ်များကိုပင် ခံတွင်းတွေ့သွားသည့် (Risk appetite) ဖြစ်ရပ်များလည်း အထင်အရှား ရှိနေပြန်ပါသည်။ အမှန်တော့ အဂတိလိုက်စားမှု ဘေးအန္တရာယ်ကို ခံတွင်းတွေ့ခြင်းနှင့်ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိခြင်းတို့မှာ လွန်စွာကွဲပြားခြားနားကြပါသည်။ ဘေးအန္တရာယ်ကို ခံတွင်းတွေ့ခြင်းဆိုသည်မှာ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုသည် မိမိ/အဖွဲ့အစည်း/ လုပ်ငန်း၏ အကျိုးစီးပွား၊ သို့မဟုတ် ပန်းတိုင်ရောက်ရှိရေးအတွက် မည်မျှအတိုင်းအဆပမာဏရှိသော ဘေးအန္တရာယ်များ (Risks) ကို လက်သင့်ခံပြီး ဆက်လက်လုပ်ဆောင်လိုခြင်း၊ သို့မဟုတ် ပုံမှန်အခကြေးငွေပေး၍ ထိန်းသိမ်းထားလိုသည့် ဆန္ဒရှိခြင်းတို့ကို ရည်ညွှန်းနိုင်မည်ဟုထင်ပါသည်။ ကြီးမားသော အမြတ်အစွန်းအတွက် ကြီးမားသော အဂတိလိုက်စားမှု ဘေးအန္တရာယ်များကို လက်ခံလိုသောဆန္ဒရှိခြင်း၊ နည်းပါးသောဘေးအန္တရာယ်မှ နည်းပါးသောအမြတ်အစွန်းကိုသာ မျှော်လင့်ခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။

အဂတိလိုက်စားမှုဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိခြင်း (Risk Tolerance) ဆိုသည်ကား အများပြည်သူဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုသည် မိမိအပေါ် ဩဇာအာဏာနှင့် ဖိအားအများအပြား သက်ရောက်နေသည် ဖြစ်သော်ငြားလည်း အမြင့်မားဆုံးသော အဂတိလိုက်စားမှုဘေးအန္တရာယ်များကို အရှုံးမပေးဘဲ သည်းခံနိုင်ခြင်း၊ တင်းခံနေခြင်း၊ ဒိုင်ခံကာကွယ်နေခြင်းဟု ဆိုရပါမည်။ ဘေးအန္တရာယ်ခံနိုင်ရည်ရှိမှုသည် များသောအားဖြင့် အရေအတွက်ဖြင့် သုံးသပ်ဖော်ပြနိုင်ပါသည်။ ဥပမာ– တရားရုံးတွင် ရင်ဆိုင်ရခြင်းအတွက် အသားတင်အမြတ်၏

အဂတိလိုက်စားမှု ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိခြင်း (Risk Tolerance) ဆိုသည်ကား အများပြည်သူဆိုင်ရာ အဖွဲ့အစည်း၊ သို့မဟုတ် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတစ်ခုသည် မိမိအပေါ် ဩဇာအာဏာနှင့် ဖိအားအများအပြား သက်ရောက်နေသည် ဖြစ်သော်ငြားလည်း အမြင့်မားဆုံးသော အဂတိလိုက်စားမှု ဘေးအန္တရာယ်များကို အရှုံးမပေးဘဲ သည်းခံနိုင်ခြင်း၊ တင်းခံနေခြင်း၊ ဒိုင်ခံကာကွယ်နေခြင်းဟု ဆိုရပါမည်။




**စီးပွားရေးလုပ်ငန်း အများစုက အဂတိ လိုက်စားမှု ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိလာသော အချိန်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းစွာ လမ်းပွင့်လာမည့် အချိန်ပင် ဖြစ်ပါသည်။**

ရာခိုင်နှုန်းတစ်ခု အဆုံးရှုံးခံနိုင်ခြင်း၊ သို့မဟုတ် လိုက်နာခြင်း မပြုနိုင်သော လွဲမှားသည့် စည်းမျဉ်းစည်းကမ်းများအတွက် ဒဏ်ကြေးငွေပေးသွင်းရန်အသင့်ရှိခြင်း စသည်တို့ဖြစ်ပါသည်။ လက်ခံနိုင်သောကိစ္စအတွက် လက်ခံနိုင်ကြောင်း ဖော်ပြခြင်း၊ လက်မခံနိုင်သောကိစ္စအတွက် လက်မခံနိုင်ကြောင်း ဖော်ပြခြင်းတို့သည် မိမိ၏ လုပ်ငန်းအတွက် ဘေးအန္တရာယ်ဖြစ်နိုင်သည့် ရေချိန်အပေါ်မူတည်၍ ကုန်ကျစရိတ်နှင့် ပေးဆပ်ရမှုအနည်းနှင့်အများ ရှိပင်ရှိသော်လည်း အဂတိလိုက်စားမှုကို ဘယ်တော့မှ သည်းမခံခွင့်မလွတ်ရသောကျင့်ဝတ် (Code of Conduct) အရလိုက်နာဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အထက်တွင်တင်ပြခဲ့သော အဂတိလိုက်စားမှုများသော ပတ်ဝန်းကျင်များတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကြုံတွေ့လာနိုင်ဖွယ်ရှိသော ဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိစေဖို့အတွက် တုံ့ပြန်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းအများစုက အဂတိလိုက်စားမှု ဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိလာသောအချိန်သည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းစွာလမ်းပွင့်လာမည့် အချိန်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင့်ဝတ်များရေးဆွဲထားပြီး အဂတိလိုက်စားမှုကို လုံးဝသည်းမခံခွင့်မလွတ်သော ကုမ္ပဏီတချို့ရှိနေပြီဖြစ်ပါသည်။ အဆိုပါကုမ္ပဏီတို့သည် 'အဂတိကင်းသောစီးပွားရေးလုပ်ငန်းများ' ဆိုသည့် ဂုဏ်သိက္ခာကိုလည်း ယခုအခါ သိမ်းပိုက်ရယူထားကြသည်။ သူတို့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများကို အသေအချာ ဆုပ်ကိုင်ထားကြသည်။ သူတို့သည် ကိုယ်ကျင့်တရား၊ ဖြောင့်မတ်တည်ကြည်မှု ပညာရပ်ဆိုင်ရာ၊ ရပ်တည်ချက်၊ လုံ့လဝီရိယ၊ မျှတသောယှဉ်ပြိုင်မှုနှင့် ပတ်သက်၍ ဘယ်တော့မျှ အရှုံးပေးမည့်သူများ မဟုတ်ကြပါ။ သူတို့သည် လိုင်စင်များ၊ ပါမစ်များရဖို့အတွက် ငွေပေးရန် မည်သည့်ဖိအားကိုမျှ လက်မခံကြပါ။ ဤသို့ အဂတိလိုက်စားမှု ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံတွန်းလှန်နေသော ခံနိုင်ရန်ရှိသည့် ယင်းကုမ္ပဏီကြီးများသည် အခြားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများရှေ့တွင် မားမားမတ်မတ်ရပ်တည်နေခြင်းဖြင့် စံနမူနာကောင်းများ ပြသလျက်ရှိနေသဖြင့် အခြားစီးပွားရေးလုပ်ငန်းများကလည်း လိုက်ပါလာပြီး အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးစနစ်၏ ရေချိန်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဖော်ပြအပ်ပါသည်။

(ကလောင်ရှင်၏ အမည်အရင်းမှာ ဦးအောင်ကြည်ဖြစ်ပြီး ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုကော်မရှင်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နေသူဖြစ်ပါသည်။)


UMFCCI
ဘယ်လိုလုပ်ရင်
ကောင်းကောင်း
ရောင်းရမလဲ




# အငြင်းပွားမှုများကို အနုညာတနည်းဖြင့် ဖြေရှင်းခြင်းနှင့် မြန်မာအနုညာတဗဟိုဌာန

ဒေါက်တာမောင်မောင်သိမ်း

## နိဒါန်း

အငြင်းပွားမှုဟူသည် မနုဿလူသားတို့၏ အသွင်သဏ္ဌာန်တွင် ပါဝင်လာသော သဘောအရ လူသားတို့နှင့် ခွဲခွာမရသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယင်းကို ထိန်းသိမ်းခြင်း မပြုဘဲလွှတ်ထားပါက ပျက်စီးမှုသို့ ရှေးရှုသွားပေမည်။ ဤမည်သောအကြောင်းကြောင့် လူသားတို့၏အငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရန် နည်းလမ်းရှာခဲ့ကြသည်။ အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဆိုသည်မှာ အငြင်းပွားမှုကို အင်အား၊ သို့မဟုတ် အနိုင်အထက်ပြုမှု၊ သို့မဟုတ် တရားရုံးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ ဖျန်ဖြေပေးခြင်း (Conciliation)၊ ကြားဝင်ပေးခြင်း (Mediation) နှင့် အနုညာတဖြေရှင်းနည်း (Arbitration) ဖြင့် ဖြေရှင်းပေးခြင်းတို့ဖြစ်သည်။ အဆိုပါနည်းလမ်းများကို ခံ၍ 'အငြင်းပွားမှုများကို အခြားနည်းဖြေရှင်းခြင်း' ((Alternative Dispute Resolution (ADR)) ဟု ရည်ညွှန်းလေ့ရှိပါသည်။

ဖျန်ဖြေပေးခြင်းဆိုသည်မှာ ကြားလူတစ်ဦးက အငြင်းပွားနေသူများကြားဆက်သွယ်မှုကို ဆောင်ရွက်ပေးခြင်းအားဖြင့် ခြားနားချက်များကို ဖြေရှင်းနိုင်ရန် ကြိုးစားပေးသည့်နည်းလမ်းဖြစ်သည်။ ကြားဝင်ပေးခြင်းဆိုသည်မှာ ဖျန်ဖြေပေးခြင်းနှင့် ပုံစံတူနီးပါးဖြစ်သော်လည်း ကြားဝင်ပေးသူအနေဖြင့် အငြင်းပွားမှုကို အငြင်းပွားသူများကိုယ်တိုင် အဖြေထုတ်ဖြေရှင်းပေးနိုင်ရန် အကူအညီပေးခြင်းသာဖြစ်သည်။ ကြားဝင်ပေးခြင်းတွင် ကြားဝင်ပေးသူသည် ဖျန်ဖြေပေးသူကဲ့သို့ အငြင်းပွားမှုကိုအဆုံးသတ်ရန် အဖြေကို အဆိုမပြုနိုင်ပါ။ ဖျန်ဖြေပေးခြင်းနှင့် ကြားဝင်ပေးခြင်း နည်းလမ်းနှစ်ခုစလုံးသည် ပုံစံတကျဖြေရှင်းနည်းမျိုးမဟုတ်ပါ။ စနစ်တကျတည်

ဆောက်ထားခြင်းလည်း မရှိပါ။ ယင်းတို့သည် ဆုံးဖြတ်ချက်ချခြင်း၊ သို့မဟုတ် အဖြေရှာပေးခြင်းကို မလုပ်နိုင်ပါ။

အနုညာတဖြေရှင်းနည်းသည် အနှစ်သာရအားဖြင့် ဖျန်ဖြေပေးခြင်း၊ ကြားဝင်ပေးခြင်းတို့နှင့် တူပါသည်။ အနုညာတဖြေရှင်းနည်းတွင် ဖျန်ဖြေပေးခြင်းနှင့် ကြားဝင်ပေးခြင်းတို့ကဲ့သို့ ကြားနေဖြစ်သည့်အပြင် လူကပါဝင်၍ အငြင်းပွားမှုကို ဖြေရှင်းပေးခြင်းတွင် တူခြင်းဖြစ်ပါသည်။ သို့သော် အနုညာတခုလုကြီးတွင် ဆုံးဖြတ်ချက်ချနိုင်သည့်အာဏာရှိပါသည်။ မည်သူမှား၍ မည်သူမှန်သည်ဆိုသော ဆုံးဖြတ်ချက်ချမှတ်နိုင်ပြီး သက်သေခံချက်များကို အခြေခံ၍ အဖြေကိုလည်း ယင်းအနေဖြင့် ဆုံးဖြတ်နိုင်ပါသည်။ အနုညာတဖြေရှင်းနည်းသည် ပုံစံတကျဖြစ်သော ဖြေရှင်းနည်းမျိုးဖြစ်ပြီး စနစ်တကျ တည်ဆောက်ထားပါသည်။ ယင်း၏ဆုံးဖြတ်ချက်များသည် အငြင်းပွားသူများ၏ သဘောတူညီချက်အရ ယင်းတို့အပေါ်တွင် စည်းနှောင်မှုရှိပါသည်။

အနုညာတဖြေရှင်းနည်းသည် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနည်းများအနက် ရှေးအကျဆုံးဖြေရှင်းနည်းများထဲမှ တစ်ခုဖြစ်ပါသည်။ ရှေးဟောင်းဂရိနှင့် ရောမတို့တွင် ကျင့်သုံးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းဥပဒေသမိုင်းတွင် အနုညာတဖြေရှင်းနည်းသည် ရင်းနှီးကျွမ်းဝင်သော ဖြေရှင်းနည်းဖြစ်သည့်အပြင် အကြိုက်ဆုံးသော ဖြေရှင်းနည်းတစ်ရပ်လည်းဖြစ်ပါသည်။ ကျော်ကြားလှသော ခုံတော်မောင်ကျဘမ်းကဲ့သို့ အနုညာတခုံလုကြီးများ၏ ဖြတ်ထုံးများရှိပါသည်။

## အနုညာတဖြေရှင်းနည်းကို အဘယ်ကြောင့် ရွေးကြသနည်း

အငြင်းပွားမှုများကို အနုညာတဖြေရှင်းနည်းဖြင့် ဖြေရှင်းပေးခြင်းကို လူအများနှစ်သက်ကြသည်။ ပီဒါဗလျူစီ (PWC-Price Waterhouse Coopers)နှင့် လန်ဒန်တက္ကသိုလ်၊ ဘုရင်မမေရီကောလိပ် (University of London ၊ Queen Mary College)တို့ ပူးတွဲပြုလုပ်သည့် သုတေသနအရ မေးခွန်းကို တုံ့ပြန်အဖြေပေးသည့် ကော်ပိုရေးရှင်းများ၏ ၇၃ ရာခိုင်နှုန်းသည် အနုညာတဖြေရှင်းနည်းကို တရားစွဲသည့်နည်းလမ်းထက် ပိုမိုနှစ်သက်ကြကြောင်း တွေ့ရသည်။ အဘယ်ကြောင့်နည်း။

အငြင်းပွားသူများကို အနုညာတနည်းသို့ ဆွဲဆောင်သော ပထမဆုံးအချက်မှာ 'သက်သာမှု' ဖြစ်သည်။ တရားရုံးများတွင် အမှုများ များပြားကျပ်ညပ်နေခြင်းနှင့် တရားရုံးများ၏အယူခံမှုအဆင့်ဆင့်တို့ကြောင့် အငြင်းပွားမှုများကို တရားစွဲဆိုခြင်းနည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် အနုညာတနည်းထက်ပို၍ အကုန်အကျများပြားပြီး နှေးကွေးသောဖြေရှင်းနည်းဖြစ်စေသည်။ ထို့ကြောင့် တရားစွဲဆိုမှုနှင့် နှိုင်းယှဉ်လျှင် အနုညာတနည်းသည် အချိန်နှင့် ငွေနှစ်မျိုးစလုံးကို များစွာသက်သာစေသည်။ အနှစ်ချုပ်အားဖြင့်ဆိုရလျှင် အနုညာတနည်းသည် အငြင်းပွားမှုများကို အမြန်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးဖြင့် ဖြေရှင်းပေးရန် ရည်မှန်းသည်။

တရားစွဲဆိုခြင်းထက် အနုညာတနည်းကို ပိုမိုနှစ်သက်စေသော ဒုတိယအချက်မှာ အနုညာတဖြေရှင်းနည်းတွင် ပညာရှင်များ၊ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူများ ပါဝင်မှုဖြစ်သည်။ နည်းပညာနှင့်စက်မှုဆိုင်ရာအငြင်းပွားမှုများသည် ယင်းတို့၏ သဘာဝအရပင် ယင်းတို့ကို မကျွမ်းကျင်သူများ နားလည်ရန် ခက်ခဲသည်။ အနုညာတနည်းလမ်းသည် ပညာရှင်များ၊ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူများကို အနုညာတခုံလုကြီးအဖြစ် ခန့်ထားစေခြင်းဖြင့် ပြဿနာရပ်များနှင့်အံဝင်ရန် ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အငြင်းပွားမှု၏ရလဒ်ကို ဆုံးဖြတ်ပေးမည့်သူများသည် အငြင်းပွားမှု၏ အနှစ်သာရကို ကောင်းစွာနားလည်သည်ဟု အငြင်းပွားသူများကို ယုံကြည်မှုရစေသည်။ တရားစွဲဆိုမှုတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရရှိရန် ကျွမ်းကျင်သူများကို

**တရားရုံးများတွင် အမှုများ များပြားကျပ်ညပ်နေခြင်းနှင့် တရားရုံးများ၏ အယူခံမှု အဆင့်ဆင့်တို့ကြောင့် အငြင်းပွားမှုများကို တရားစွဲဆိုခြင်း နည်းလမ်းဖြင့် ဖြေရှင်းခြင်းသည် အနုညာတနည်းထက် ပို၍ အကုန်အကျ များပြားပြီး နှေးကွေး သောဖြေရှင်းနည်း ဖြစ်စေသည်။**

ခန့်ထားနိုင်သည်ဟု ဆိုနိုင်ပါသည်။ မှန်ပါသည်။ သို့သော် လိုအပ်သည့်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံကိုယ်တိုင်မရှိသည့် တရားသူကြီးတစ်ဦးသည် ကျွမ်းကျင်သူ၏ ထင်မြင်ချက်၊ ယုံကြည်မှုနှင့် ဆွဲဆောင်နိုင်သောစွမ်းရည်များ၏ လွှမ်းမိုးမှုကို လက်တွေ့သက်သေခံချက်များ၏ လွှမ်းမိုးမှုထက် ပို၍ခံရနိုင်သည့် အန္တရာယ်ရှိသည်။ အငြင်းပွားမှုကို ဖြေရှင်းပေးမည့်သူသည် ကိုယ်တိုင်လည်း ဆိုင်ရာနယ်ပယ်တွင် အတွေ့အကြုံ၊ အရည်အချင်းရှိသူဖြစ်ရန် လိုအပ်သည်။ ထို့ကြောင့်

**အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ**

( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဧန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

**အမည်**

၁။ ဤဥပဒေကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ဟု ခေါ်တွင်စေရမည်။

**သက်ဆိုင်ခြင်း**

၂။ (က) ပုဒ်မခွဲ (ခ) ကို အထောက်အထားပြု၍ အနုညာတသဘောတူညီချက်တစ်ရပ်ကို နိုင်ငံတော်တွင် ပြုလုပ်သည်ဖြစ်စေ၊ အခြားနိုင်ငံတွင် ပြုလုပ်သည်ဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းကို တရားဝင်ဆောင်ရွက်သည့်နေရာသည် နိုင်ငံတော်တွင်ဖြစ်သည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

(ခ) အနုညာတစီရင်ဆုံးဖြတ်သည့်နေရာသည် နိုင်ငံတော်မှအပ အခြားနိုင်ငံတစ်ခုခုတွင်ဖြစ်ပါက သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်သည့်နေရာကို သတ်မှတ်ထားခြင်း သို့မဟုတ် ဆုံးဖြတ်ထားခြင်းမရှိပါက ပုဒ်မ ၁၀၊ ၁၁၊ ၃၀၊ ၃၁ နှင့် အခန်း (၁၀) တို့နှင့် သက်ဆိုင်စေရမည်။

(ဂ) နိုင်ငံတော်၏ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်တွင် အငြင်းပွားမှုများကို အနုညာတနည်းဖြင့် စီရင်ဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း ကန့်သတ်ထားပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ ဥပဒေအပေါ် သက်ရောက်မှုမရှိစေရ။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အနုညာတသဘောတူညီချက်** ဆိုသည်မှာ ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်အရ မဟုတ်သည်ဖြစ်စေ ဥပဒေနှင့်ညီညွတ်သော ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှု အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်းခံယူရန် အငြင်းပွားသူများကစာဖြင့်ရေးသားထားသော သဘောတူညီချက်ကို ဆိုသည်။

ပင် ကျော်ကြားသောတရားသူကြီး၊ ဥပဒေပညာရှင်၊ စာရေးဆရာဂျာမန်နွယ်ဖွား ဗြိတိသျှနိုင်ငံသား ဆာမိုက်ကယ်လ်ကာ (Sir Michael Kerr) က အနုညာတခုံလူကြီးများအတွက် အရည်အချင်းနှင့် အတွေ့အကြုံသည် အရေးအကြီးဆုံးဖြစ်ကြောင်း ထင်မြင်ချက်ပေးထားခြင်းဖြစ်သည်။

ကျော်ကြားသော တရားသူကြီးမတ်စတီလ် (Lord Justice Mustill) ၏ အဆိုကို ဤနေရာတွင် ကိုးကားခွင့်ပြုပါ။ မတ်စတီလ်က 'အနုညာတနည်းလမ်း၏ ကြီးမားသော အခွင့်သာမှုမှာ ယင်းသည် အင်အားရှိခြင်းနှင့် ပျောင်းညွတ်လွယ်မှု (Flexibility) ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ အင်အားရှိခြင်းမှာ အနုညာတနည်းလမ်းသည် ဥပဒေအရ လိုက်နာဆောင်ရွက်စေနိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စွမ်းရှိ၍ ဖြစ်သည်။ ယင်းကို အဆုံးစွန်တွင် နိုင်ငံတော်၏ အတင်းအကျပ်ပြုနိုင်သောအာဏာများကို ခေါ်ယူအသုံးချနိုင်သည့် တရားစီရင်ရေးမူဘောင်က ကျောထောက်နောက်ခံပြုပေးထားသည်။ ပျောင်းညွတ်လွယ်မှုရှိခြင်းမှာ အနုညာတနည်းသည် အငြင်းပွားသူများကို အငြင်းပွားမှု၏ သဘာဝနှင့် အငြင်းပွားမှုဖြစ်ပွားရာ စီးပွားရေးလုပ်ငန်းနယ်ပယ်နှင့် ကိုက်ညီသည့် လုပ်ထုံးလုပ်နည်းများကို ရွေးချယ်ခွင့် ပြုထားခြင်းကြောင့် ဖြစ်သည်' ဟု ဆိုခဲ့ပါသည်။

## မြန်မာနိုင်ငံရှိ အနုညာတဖြေရှင်းခြင်း ဥပဒေ

ကမ္ဘာပေါ်တွင် အစောဆုံးသော အနုညာတဖြေရှင်းနည်းဥပဒေကို အင်္ဂလန်နိုင်ငံ၌ ၁၆၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော အနုညာတဖြေရှင်းနည်းဥပဒေမှာ ၁၉၄၄ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေ (The Arbitration Law 1944) ဖြစ်သည်။ ယင်းဥပဒေသည် ၁၉၄၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အာဏာသက်ရောက်ခဲ့သည်။ ယင်းကို တည်ဆဲ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေက ရုပ်သိမ်းခဲ့သည်။ အဆိုပါ ၂၀၁၆

ကမ္ဘာပေါ်တွင် အစောဆုံးသော အနုညာတ ဖြေရှင်းနည်းဥပဒေကို အင်္ဂလန်နိုင်ငံ၌ ၁၆၉၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမ ဆုံးသော အနုညာတ ဖြေရှင်းနည်းဥပဒေမှာ ၁၉၄၄ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေ (The Arbitration Law ၁၉၄၄) ဖြစ်သည်။

ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေတွင် ထူးခြားချက်လေးခုရှိသည်။

၁။ ယင်းဥပဒေသည် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်း နည်းလမ်းဖြင့်ဖြေရှင်းရန် အားပေးသည်။ (ပုဒ်မ–၄ (ဂ))

၂။ မြန်မာနိုင်ငံတွင်းဖြစ်စေ မြန်မာနိုင်ငံအပ၌ဖြစ်စေ ချမှတ်သော အနုညာတ စီရင်ဆုံးဖြတ်ချက်များကို တရားရုံးများက အကောင်အထည်ဖော်ပေးနိုင်သည်။ (ပုဒ်မ–၄၀၊၄၅)

၃။ ယင်းဥပဒေသည် အောက်တွင် ဆက်လက်ရှင်းပြမည့် အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ အခြေခံအချက်များ အားလုံးကို ပိုက်ထွေး ထည့်သွင်းပြဋ္ဌာန်းထားသည်။

## အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ အခြေခံအချက်များ

အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် ဖြေရှင်းခြင်းတွင် အခြေခံအချက်ကြီးသုံးချက်ရှိသည်။

၁။ အနုညာတစီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက်၊ သို့မဟုတ် စာပိုဒ် (Arbitration Agreement or Clause)

၂။ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့် (Party Autonomy)

၃။ တရားစီရင်ရေးဆိုင်ရာ အခြေခံအချက် (Judicial Element) တို့ဖြစ်သည်။

အငြင်းပွားမှုတစ်ရပ်ကို အနုညာတနည်း၊ သို့မဟုတ် အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့်ဖြေရှင်းရန် အဓိကလိုအပ်ချက်မှာ အနုညာတစီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက်၊ သို့မဟုတ် စာပိုဒ်ဖြစ်သည်။ ယင်းစာပိုဒ်မရှိပါက အနုညာတဖြေရှင်းနည်း ဖြစ်မလာပေ။ ဤစာပိုဒ်၊ သို့မဟုတ် သဘောတူညီချက်က 'ပဋိညာဉ်တွင် ပါဝင်သူများကြား အငြင်းပွားမှုပေါ်ပေါက်လျှင် အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းလမ်းဖြင့် ဖြေရှင်းမည်' ဟူ၍ ပြဋ္ဌာန်းထားပြီး အနုညာတဥပဒေ၊ အနုညာတခုံရုံးနေရာနှင့် အသုံးပြုမည့် ဥပဒေများကို ရည်ညွှန်းဖော်ပြလေ့ရှိသည်။ မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ ပုဒ်မ ၃ (ခ) တွင် 'အနုညာတ စီရင်ဆုံးဖြတ်ခြင်း သဘောတူညီချက်ဆိုသည်မှာ ပါဝင်ချုပ်ဆိုသူများကြား ပဋိညာဉ်အရဖြစ်စေ၊ ပဋိညာဉ်မရှိဘဲဖြစ်စေ ဥပဒေကြောင်းအရ ဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သော၊ သို့မဟုတ် ပေါ်ပေါက်လာနိုင်သော အငြင်းပွားမှုအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ အနုညာတစီရင်ဆုံးဖြတ်ခြင်း ခံယူရန် အငြင်းပွားသူများက စာဖြင့် ရေးသားထားသောသဘောတူညီချက်ကို ဆိုသည်' ဟု ဖွင့်ဆိုထားပါသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်း၏ ဒုတိယအခြေခံအချက်မှာ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့် (Party Autonomy) ဖြစ်သည်။ ယင်းအခြေခံအချက်သည် အနုညာတစီရင်ဆုံးဖြတ်နည်း၏ အထိမ်းအမှတ် ဖြစ်သည်။ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာ လုပ်ပိုင်ခွင့်ဆိုသည်မှာ အငြင်းပွားမှုတွင် ပါဝင်ပတ်သက်သူများ (အငြင်းပွားနေသူများ) သည်အငြင်းပွားမှုကို အနုညာတစီရင်ဆုံးဖြတ်နည်းဖြင့် ဖြေရှင်းခွင့်၊ ယင်းတို့သဘောကျ အနုညာတခုံလူကြီးများ ရွေးချယ်ခွင့်တို့သာမက အဆိုပါရည်ညွှန်းချက်များအတွက် အချိန်ကာလအတိုင်းအတာကိုပါ ရွေးချယ်သတ်မှတ်နိုင်ခွင့်ရှိခြင်းကို ဆိုသည်။ ပါဝင်ပတ်သက်သူများ၏ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ ပုဒ်မ ၇ နှင့် ၂၂ (က) တို့က ဥပဒေအာနိသင်ပေးထားသည်။

တရားစီရင်ရေးဆိုင်ရာ အခြေခံအချက်သည် အနုညာတစီရင်ဆုံးဖြတ်ခြင်း၏ တတိယအခြေခံအချက် ဖြစ်သည်။ အနုညာတခုံလူကြီးသည် ယင်းထံရည်ညွှန်းကိုးကားသော အငြင်းပွားမှုများကို သဘာဝတရားမျှတမှု၏ စည်းမျဉ်းများ (Rules of Natural Justice) နှင့် အညီ အဆုံးအဖြတ်ပေးရန် တာဝန်ရှိသည်။

**နိုင်ငံခြား အနုညာတ စီရင်ဆုံးဖြတ်ခြင်းသို့ သွားရန်အတွက် ကျွန်ုပ်တို့တွင် အခက်အခဲ များစွာ ရှိသည်။ ထိုနိုင်ငံခြား အနုညာတ စီရင်ဆုံး ဖြတ်ခြင်းဆိုင်ရာ ဥပဒေဗဟုသုတများ ကျွန်ုပ်တို့တွင် မရှိကြသဖြင့် နိုင်ငံခြားရှေ့နေများကို အခကြေးငွေ များစွာပေး၍ ငှားကြရသည်။**

သဘာဝတရားမျှတမှုတွင် သဘောတရားနှစ်ရပ်ပါဝင်၏။ ပထမသဘောတရားမှာ အဆုံးအဖြတ်ပေးမည့် သူသည် မိမိ၏ဆုံးဖြတ်ချက်ကြောင့် အကျိုးစီးပွား ထိခိုက်သွားနိုင်သူ၏ အသံကို နားထောင်ရမည်ဟူ၍ ဖြစ်၏။ ဆိုလိုသည်မှာ အငြင်းပွားမှုတွင် ပါဝင်သူတစ်ဦး/တစ်ဖက်တည်း၏ အသံကိုသာမက အငြင်းပွားမှုတွင် ပါဝင်နေသည့် အခြားသူတစ်ဦး/တစ်ဖက်၏ အသံကိုပါ နားထောင်ရမည်ဟူ၍ ဖြစ်သည်။ ဤသဘောတရားကို အဝိုချေပ်အားဖြင့် 'ကြားနာခွင့်' (The Right to be Heard) ဟူ၍ ခေါ်ဆိုကြသည်။ ဤသဘောတရားကို မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၂၁ က ဥပဒေအာနိသင်အပ်နှင်းထားသည်။ သဘာဝတရားမျှတမှု၏ ဒုတိယသဘောတရားမှာ 'ဘက်လိုက်မှုဆန့်ကျင်ရေးစည်းမျဉ်း' (The Rule Against Bias) ဖြစ်သည်။ ဤသဘောတရားက 'အနုညာတခုံလှုကြီးများသည် ဘက်လိုက်မှုကင်းရမည်' ဟူ၍ ဖော်ပြ၏။ ဤသဘောတရားကို ကျွန်ုပ်တို့၏ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ ပုဒ်မ ၁၄ (က) (ခ) နှင့် ၁၄ (ဂ) (ဃ) တို့တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်။

## မြန်မာအနုညာတဗဟိဌာန

မြန်မာနိုင်ငံတွင် နိုင်ငံခြားနှင့် ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များ၌ 'အနုညာတ စီရင်ဆုံးဖြတ်ခြင်း စာပိုဒ်' များပါဝင်သော်လည်း ယင်းတို့သည် အမြဲလိုလို နိုင်ငံခြား အနုညာတစီရင်ဆုံးဖြတ်ခြင်းကိုပင် ရည်ညွှန်းလေ့ရှိကြသည်။ သို့သော် ပဋိညာဉ်စာချုပ်များ အထူးသဖြင့် မြန်မာနိုင်ငံ အစိုးရဌာနများနှင့် နိုင်ငံခြားအဖွဲ့အစည်းများကြား ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များ၏ အနုညာတ စီရင်ဆုံးဖြတ်ခြင်း စာပိုဒ်တွင် မြန်မာနိုင်ငံ၏ ၁၉၄၄ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေကို ရည်ညွှန်းဖော်ပြသော အချိန်တစ်ချိန်ရှိခဲ့ဖူးသည်။ ကျွန်ုပ်တို့နိုင်ငံတွင် စျေးကွက်စီးပွားရေးစနစ်ဆီသို့ ပြန်လည် လျှောက်လှမ်းခဲ့သော ၁၉၈၉ ဒီမိုကရေစီ အရေးတော်ပုံမှစ၍ ပဋိညာဉ်များ၊ အထူးသဖြင့် ပုဂ္ဂလိက ချုပ်ဆိုသော ပဋိညာဉ်များရှိ အနုညာတစီရင်ဆုံးဖြတ်ခြင်း စာပိုဒ်များတွင် နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းကို ပြန်လည်ရည်ညွှန်းလာကြပြန်သည်။

နိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းသို့သွားရန်အတွက် ကျွန်ုပ်တို့တွင်အခက်အခဲများစွာရှိသည်။ ထိုနိုင်ငံခြားအနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဥပဒေ ဗဟုသုတများ ကျွန်ုပ်တို့တွင် မရှိကြသဖြင့် နိုင်ငံခြားရှေ့နေများကို အခကြေးငွေများစွာပေး၍ ငှားကြရသည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် တင်သွင်းငွေ (Deposit) ကို အငြင်းပွားသည့် ငွေပမာဏ၏ ၁၀ ရာခိုင်နှုန်း၀န်းကျင်ခန့် တင်သွင်းကြရသည်။ သက်သေခံချက်ပေးရန် အစရှိသည့်ကိစ္စများအတွက် မြန်မာနိုင်ငံနှင့် အနုညာတခုံရုံးရှိရာ နိုင်ငံအကြား ကူးချည်သန်းချည်သွားကြရသည်။ ဤသည်တို့အတွက် စရိတ်ကုန်ကျသည်။ ငွေရေးကြေးရေး ၀န်ထုပ်၀န်ပိုးဖြစ်လာရသည်။ ဘာသာစကားသည်လည်း ကျွန်ုပ်တို့အတွက် အတားအဆီးတစ်ခုဖြစ်နိုင်သည်။ အချိန်သည်လည်း အရေးပါလှသည်။

အထက်ဖော်ပြပါ အချက်များကြောင့် ကျွန်ုပ်တို့သည် နိုင်ငံခြားအနုညာတစီရင်ဆုံးဖြတ်ခြင်းကို သာမန်အားဖြင့် မတတ်နိုင်ကြပေ။ သို့အတွက် အငြင်းပွားမှုဖြစ်လာပြီဆိုကတည်းက ကျွန်ုပ်တို့သည် အရှုံးပေါ်နေရပြီ။ သို့ဖြင့် နောက်ဆုံးတွင် ကျွန်ုပ်တို့သည် မလွဲမရှောင်သာ သဘောထားကြီးလိုက်ကြရသည်။ သည်းညည်းခံလိုက်ကြရသည်။ ခွင့်လွှတ်လိုက်ကြရသည်။ ဤအကြောင်းများနှင့် အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းနည်းဖြင့် အားပေးသော တည်ဆဲ ၂၀၁၆ ခုနှစ် အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေတို့ကြောင့် UMFCCI အသင်းချုပ်ကြီး၏ ထီးအောက်တွင် မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိဌာန (Myanmar Arbitration Center-MAC) တည်ထောင်ရန် စိတ်ကူးမွေးဖွားလာခဲ့သည်။

မြန်မာအနုညာတစီရင်ဆုံးဖြတ်ခြင်း ဗဟိုဌာနကို တည်ထောင်ရာတွင် မဏ္ဍိုင်ကြီး သုံးရပ်စိုက်ထူရန် လိုအပ်သည်။ ပထမမဏ္ဍိုင်မှာ အနုညာတခုံရုံးများတွင် အသုံးပြုရန် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းဖြစ်၏။ အဆိုပါ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြီး ၁၁ လကြာမျှ အကြိမ်ကြိမ်ပြန်လည်စိစစ်ခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်ပြီးနောက် ယခုအခါတွင် အသုံးပြုရန် အဆင်သင့်ဖြစ်နေပြီ။ ယင်းသည် ၂၀၁၆ ခုနှစ် အနုညာတ စီရင်ဆုံးဖြတ်ခြင်း ဥပဒေပုဒ်မ ၂၂ (က) နှင့် (ခ) တို့နှင့်အညီ ဖြစ်သည်။

ဒုတိယမဏ္ဍိုင်မှာ အနုညာတခုံရုံးများ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်ကို UMFCCI ၏ အမိုးအောက်တွင်ဖွဲ့စည်းရန်ဖြစ်၏။ ထိုအဖွဲ့အစည်းသည် အနုညာတဆုံးဖြတ်နည်းနှင့် ပတ်သက်၍ အနုညာတခုံလူကြီးများအား လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ပေးခြင်း၊ အနုညာတခုံရုံးအတွက် နေရာပေးခြင်း၊ အနုညာတ ခုံရုံးများတွင် ရုံးအဖွဲ့အဖြစ် ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးမည် ဖြစ်သည်။ မြန်မာအနုညာတ ဗဟိုဌာန ကုမ္ပဏီလိမိတက်ဟု အမည်ရသည့် ထိုအဖွဲ့အစည်းကို ခံဝန်ချက်ဖြင့်ဖွဲ့စည်းသော တာဝန်ရှိမှုကန့်သတ်ထားသည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းပြီးဖြစ်သည်။ ယင်းကုမ္ပဏီအမျိုးအစားသည် မြန်မာနိုင်ငံတွင် ပထမဆုံးပေါ်ပေါက်သည့် ကုမ္ပဏီမျိုး ဖြစ်နိုင်ပေသည်။ ယင်းတွင် ဒါရိုက်တာအဖွဲ့ဝင် ၁၂ ဦး၊ ဖွဲ့စည်းပုံဥပဒေနှင့် UMFCCI ၏ အခွင့်အာဏာအပ်နှင်းမှု (Mandate) တို့ ရှိနေသည်။

တတိယမဏ္ဍိုင်မှာ ခုံသမာဓိလူကြီးများအား ရွေးချယ်ခြင်းနှင့် သင်တန်းပေးခြင်း ဖြစ်၏။ UMFCCI ၏ ကွပ်ကဲမှုအောက်တွင် မြန်မာအနုညာတဗဟိုဌာနသည် စီးပွားရေးနယ်ပယ်များမှ ဝါရင့်ပုဂ္ဂိုလ်များကို ရွေးချယ်၍ သင်တန်းပေးမည်ဖြစ်သည်။ သင်တန်းပြီးဆုံး၍ ဆန်းစစ်ချက်အောင်မြင်သူများကို အနုညာတခုံလူကြီး အရည်အချင်းပြည့်မီကြောင်း လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် အနုညာတဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ဆက်နွယ်သော ဥပဒေဗဟုသုတတို့ ပို့ချပေးမည် ဖြစ်သည်။

မြန်မာအနုညာတဗဟိုဌာန တည်ထောင်ရန် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးသည် ပြီးစီးသလောက်ဖြစ်နေပြီဖြစ်သဖြင့် UMFCCI သည် ယင်း၏ နှစ်တစ်ရာသက်တမ်းပြည့်ဖြစ်သည့် ယခုနှစ်တွင် မြန်မာအနုညာတဗဟိုဌာနကိုဖွင့်လှစ်မည်ဖြစ်၏။ သမိုင်းတွင်မည့်မြန်မာအနုညာတဗဟိုဌာနကို မြန်မာနိုင်ငံ၏ စက်မှုနှင့် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှု၏ ကွက်လပ်ကြီးကို ဖြည့်သည့်အနေဖြင့် မဝေးလှသော အနာဂတ်ကာလတွင် ကျွန်ုပ်တို့ တွေ့ရတော့မည်ဖြစ်သည်။

## နိဂုံး

UMFCCI ၏ ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် စီမံခန့်ခွဲမှုကော်မတီများအား မြန်မာအနုညာတ ဗဟိုဌာနတည်ထောင်ရာတွင် ယင်းတို့၏ အမြော်အမြင်ရှိမှု တာဝန်ယူမှု၊ စိတ်ကူးစိတ်သန်း၊ အကြံဉာဏ်၊ အားပေးမှုနှင့် အချိန်ပေးမှုများစွာကြောင့် စာရေးသူက ကျေးဇူးအထူးတင်ရှိပါသည်။ UMFCCI ၏ဖျန်ဖြေရေးနှင့် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးနှင်းဦး၊ ဦးစိန်လွင်နှင့် အခြားအဖွဲ့ဝင်များကို အကြံဉာဏ်များပေးသည့်အတွက်လည်းကောင်း၊ အထောက်အကူပြုသည့်အတွက်လည်းကောင်း၊ အချိန်ပေးသည့်အတွက်လည်းကောင်း စာရေးသူက ကျေးဇူးတင်ရပါသည်။ နောက်ဆုံးဖြစ်သော်လည်း အနိမ့်ဆုံးမဟုတ်သည့် ကျေးဇူးတင်ထိုက်သူများအဖြစ် SSMT အတိုင်ပင်ခံအဖွဲ့မှ ဖော်ရွေ၍ ပညာပြည့်ဝသော လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် အငြိမ်းစားတရားသူကြီး ဦးမြတ်တိုး၊ ဒေါ်စုစုမြတ်၊ ဦးကျော်စွာပု၊ ဒေါက်တာအောင်ကျော်ဟိန်းနှင့် ဦးဇင်ရဲထက်တို့ကို ဖော်ပြအပ်ပါသည်။ ယင်းတို့၏ အကူအညီသာ မပါပါက ဤစီမံကိန်းရှင်သန်လာမည်မဟုတ်ပါဟု ...

# Marching Forward hand in hand with the Public and Private sector businesses for National Economic Development




UMFCCI Convention



Executive Committee Meeting






Opening Ceremony of UMFCCI Office Building in Nay Pyi Taw




UMFCCI Convention 2017










2nd B4B Insights Forum



Annual General Meeting (AGM)






Annual General Meeting and Annual Dinner




Myanmar Arbitration Centre Launching Ceremony




Democracy, Poverty and GSP Seminar




Success Stories that co-exist with Conducive Business Environment





Private Sector Development Meeting




MSMEs Product Exhibition & Competition in Yangon

# Invest Myanmar Summit 2019






















UMFCCI ရာပြည့်မဂ္ဂဇင်း



# အမျိုးသားပို့ကုန်မဟာဗျူဟာမှသည် ကြွယ်ဝချမ်းသာမှုဆီသို့

ထက်အုံလင်း

နိုင်ငံတစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော ကဏ္ဍက ပါဝင်နေပေသည်။ ASEAN + 3 Macroeconomic Research Office က မြန်မာ့စီးပွားရေးသည် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ၇ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်းမြန်ဆန်သည့်နိုင်ငံများစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိရန် ကောင်းမွန်သောစီးပွားရေးစီမံခန့်ခွဲမှု၊ တိုးတက်လာသောကုန်ထုတ်လုပ်မှု၊ ပို့ကုန်မြင့်မားလာမှု၊ ပိုမိုအားကောင်းလာသော ဝန်ဆောင်မှုကဏ္ဍတို့က ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ကုန်သွယ်ရေးကောင်းမွန်ရန်အတွက် နိုင်ငံ၏ တည်နေရာသည်လည်း လွန်စွာအရေးပါလှပေသည်။ သို့ဆိုလျှင် မြန်မာနိုင်ငံ၏ တည်နေရာသည် စီးပွားရေးအတွက် မည်မျှအရေးပါသနည်း။ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။ မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအိုနှင့်ထိုင်းနိုင်ငံတို့ကို ကုန်သွယ်ကူးသန်းရာတွင် မဟာဗျူဟာအရ အရေးပါသောဈေးကွက်နေရာတစ်ခုဖြစ်နေသည်ကို တွေ့ရပေသည်။

ထို့ပြင် မြန်မာနိုင်ငံအပါအဝင် အာဆီယံဆယ်နိုင်ငံနှင့်အတူ တရုတ်၊ အိန္ဒိယတို့ပါဝင်သော ၃ ဒသမ ၅ ဘီလီယံကျော်ရှိသည့် စားသုံးသူဈေးကွက်ကြီးနှင့်လည်း နီးနီးကပ်ကပ်ရှိနေသည်။ အဆိုပါဈေးကွက်၏ ပမာဏသည် အမေရိကန်ဒေါ်လာ ၁၅ ထရီလီယံဝန်းကျင်ရှိပြီး၊ ကမ္ဘာ့ဂျီဒီပီ၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုနေကြောင်း သိရှိရပေသည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံ ဆယ်နိုင်ငံနှင့်အတူ တရုတ်၊ အိန္ဒိယတို့ ပါဝင်သော ၃ ဒသမ ၅ ဘီလီယံ ကျော်ရှိသည့် စားသုံးသူ ဈေးကွက်ကြီးနှင့်လည်း နီးနီးကပ်ကပ် ရှိနေသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံများတွင် မြေဧရိယာအကျယ်ဝန်းဆုံး ပိုင်ဆိုင်ထားသလို သဘာဝ သယံဇာတပေါကြွယ်ဝမှုကလည်း ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံတောင်ပိုင်းရှိ ကမ်းခြေဒေသသည်လည်း ကမ္ဘာ့အရေးပါဆုံး စီးပွားရေးစင်္ကြံဖြစ်သည့် ထိုင်းနိုင်ငံအရှေ့ပိုင်းစင်္ကြံနှင့် ချိတ်ဆက်နေမှုကြောင့် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့မှတစ်ဆင့် အိန္ဒိယနိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာကိုသာမက ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့နှင့်လည်း ကူးသန်းသွားလာရန် လမ်းကြောင်းများဖော်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထား အားသာချက်၊ သဘာဝသယံဇာတများကြွယ်ဝမှု၊ လုပ်အားခသက်သာသော ကုန်ထုတ်လုပ်မှုအခွင့်အလမ်းများကြောင့် မြန်မာ့စီးပွားရေးသည် အလားအလာကောင်းများ ပေါ်ထွန်းလျက်ရှိသည်။ စီးပွားရေးတိုးတက်မှုအလားအလာကောင်းများကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲခြင်း၊ ပုဂ္ဂလိကကဏ္ဍကို မြေတောင်မြှောက်ပေးခြင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စွမ်းရည်များမြှင့်တင်ပေးခြင်းတို့ဖြင့် စီးပွားရေးဝန်းကျင်ကိုလည်း ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးမောင်းနှင်အားများဖြစ်သော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရပေမည်။

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅–၂၀၁၉) ကို ခရီးသွားလုပ်ငန်း၊ ဆန်စပါး၊ အထည်ချုပ်၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ရာဘာ၊ သစ်တောထွက်ကုန်နှင့် ရေထွက်ကုန်တို့ကို ပို့ကုန်ဦးစားပေးကဏ္ဍ ခုနစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ပြီး ကုန်ပစ္စည်းအရည်အသွေး စီမံခန့်ခွဲမှု၊ ရန်ပုံငွေရရှိရေး၊ ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် ကုန်သွယ်မှုဆိုင်ရာ အထောက်အပံ့ပေးရေးတို့ကို အထောက်အကူပြုကဏ္ဍ လေးခုအဖြစ် သတ်မှတ်၍ စုစုပေါင်းကဏ္ဍ ၁၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၁၅–၂၀၁၆) တွင် ပါရှိသည့် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ကယားပြည်နယ်တွင် ဆောင်ရွက်ခဲ့သည့် Netherland Trust Fund III (2014-2017) စီမံကိန်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Netherland Trust Fund IV (2018-2021) ခရီးသွားလုပ်ငန်းစီမံကိန်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍအတွက် ဆီထွက်သီးနှံကဏ္ဍ ပို့ကုန်ငွေတိုးမြှင့်ရေး စီမံကိန်း (၂၀၁၅–၂၀၁၉) နှင့် ခရီးသွားလုပ်ငန်းများ ချိတ်ဆက် တိုးတက်ခြင်းစီမံကိန်း (၂၀၁၈–၂၀၂၁) ကို အင်းလေးကန်ဒေသအနီးတစ်ဝိုက်တွင် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် သိသာထင်ရှားသည့် အောင်မြင်မှုများပင်ဖြစ်ပေသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၁၅–၂၀၁၉) ကို လေ့လာဆန်းစစ်မှုအရ ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အကျိုးသက်ရောက်မှု အရှိဆုံးဖြစ်သည့် ပို့ကုန်ကဏ္ဍများကို ရွေးချယ်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရှိရသည်။ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀–၂၀၂၅)

Table 1: *National priority areas for the development and harmonization of standards*

| Industrial infrastructure | Consumer & environment | Information technology & electro-technology | Management systems |
|---|---|---|---|
| • Construction<br>• Automobile<br>• Mechanical engineering<br>• Energy<br>• Wood<br>• Rubber | • Foods<br>• Agriculture<br>• Fisheries<br>• Water<br>• Pharmaceutical<br>• Chemical & biotech<br>• Medical devices<br>• Cosmetics<br>• Traditional medicine | • Information<br>• Technology<br>• Electrotechnical (electrical & electronic) | • Quality<br>• Environment<br>• Safety |


**Source:** Win, Dr. P.P. (MSTRD). Current Status of Quality Management Infrastructure in Myanmar. ESCAP presentation.

**မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အဓိကကျသလို ပြည်တွင်းရင်းနှီး မြှုပ်နှံမှုများ ပိုမိုတိုးတက်လာရေး သည်လည်း များစွာ လိုအပ်လျက်ရှိသည်။**

တွင်လည်း လက်ရှိကဏ္ဍ ၁၁ ခုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို ပြန်လည် ပြင်ဆင်၍ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀–၂၀၂၅) တွင် ထပ်မံထည့်သွင်းဆောင်ရွက်မည့် ကဏ္ဍအသစ် ငါးခုဖြစ်သော ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ဒစ်ဂျစ်တယ်စီးပွားရေး လုပ်ငန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လယ်ယာထွက်ကုန်ပစ္စည်း အခြေခံစားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် လက်မှုအနုပညာပစ္စည်းတို့အတွက်လည်း မဟာဗျူဟာဒီဇိုင်းရေးဆွဲအတည်ပြုခြင်းကို အဓိကထုတ်လုပ်သည့်တိုင်းဒေသကြီးပြည်နယ်များမှ လုပ်ကိုင်ဆောင်ရွက်နေသူများ ပါဝင်ပြီး ရေးဆွဲဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးပို့ကုန်ကဏ္ဍ တစ်ခုချင်းစီအတွက် ရင်းနှီးမြှုပ်နှံမှုများရရှိရန်လည်း လိုအပ်ပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုများ အဆင်ပြေလွယ်ကူချောမွေ့စေခြင်း၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်စေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအားဖြေလျှော့ခြင်းဟူသည့် မဏ္ဍိုင်ကြီးလေးရပ်ကို အခြေခံ၍ ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ အဓိကကျသလို ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာရေးသည်လည်း များစွာလိုအပ်လျက်ရှိသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀–၂၀၂၅) အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍများနှင့် ဆက်စပ်မှုရှိသည့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ ဦးစားပေး ရည်မှန်းချက်များဖြစ်သော ဆင်းရဲမှုလျော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးမြှင့်ရရှိရေးတို့ကို ထိရောက်စွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာ၏ မျှော်မှန်းချက်၊ လုပ်ငန်းကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်မှုမှသည် နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြွယ်ဝချမ်းသာမှုဆီသို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်မည်ဟု အလေးအနက် ယုံကြည်မိပေသည်။




# ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်းနဲ့ စီနီခေါ်မှုများ

ခင်မောင်ညို (ဘောဂဗေဒ)

**တစ်နေ့က စင်ကာပူက ပါမောက္ခတစ်ယောက် ရောက်လာတာနဲ့ဆုံဖြစ်ကြ၊ ဆွေးနွေးကြတယ်။ အထူးသဖြင့် တရုတ်ရဲ့ ခါးပတ်တစ်ကွင်း၊ လမ်းတစ်စင်းအစီအစဉ်အကြောင်း ပြောဖြစ်ကြပါတယ်။ ဒီဆောင်းပါးမှာ သူ့ရဲ့ဆွေးနွေးချက်တွေကို ပြန်လည်ဖော်ပြလိုက်ပါတယ်။ သူနဲ့ ဆွေးနွေးချိန်ဟာ တရုတ်နိုင်ငံမှာ ပြုလုပ်နေတဲ့ အစည်းအဝေးမတိုင်မီကာလဖြစ်ပါတယ်။**

ဧပြီလ ၂၅ ရက်က တရုတ်နိုင်ငံမှာ ပြုလုပ်ကျင်းပမယ့် အစည်းအဝေးဟာ သူ့အမြင်အရ ရည်ရွယ်ချက်က ရှင်းရှင်းရိုးရိုးလေးတစ်ခုပဲ ရှိတယ်။ အငြင်းပွားစရာဖြစ်နေတဲ့ တရုတ်ရဲ့ မဟာစီမံကိန်းကြီးကို အားသစ်လောင်းလိုက်တာပါတဲ့။ ဒီစီမံကိန်းကိုစတာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းကဖြစ်ပြီး ဆိပ်ကမ်းတွေ၊ ရထားလမ်းတွေ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေအတွက် ဒေါ်လာဘီလီယံပေါင်း ရာချီလို့ အရှေ့တောင်အာရှကအစ ဥရောပဗဟိုချက်အထိ ငွေကြေးတွေ ဝင်သွားခဲ့ပါပြီ။ ဒါပေမဲ့ ဒီစီမံကိန်းကြီးရဲ့ ခရီးစဉ်ဟာ သိပ်ပြီးချောချော မွေ့မွေ့မရှိပါဘဲ ဝေဖန်ချက်တွေနဲ့ ကြမ်းတမ်းလှပါတယ်။ ကြီးမားတဲ့ကြွေးမြီတွေ နိုင်ငံတွေအပေါ် ပိလာတဲ့အတွက် ဝေဖန်သံတွေ ညံနေပါတယ်။ ဒါကြောင့် သူက သမ္မတရှီကျင့်ဖျင့်ဟာ ဒီအကြိမ်အစည်းအဝေးမှာ သူလည်း အကျိုးရှိ ကိုယ်လည်းအကျိုးရှိ (Win - Win) ဆိုတဲ့ ပြောရိုးပြောစဉ်စကားထက် ရေရှည်ငွေကြေးစိုက်ထုတ်နိုင်ရေးနဲ့ မြင်သာထင်သာရှိရေးဆိုတဲ့ ကိစ္စတွေကိုပြောမယ်လို့ ခန့်မှန်းနေကြပါတယ်။ (သူခန့်မှန်းတာလည်း မှန်သင့်သလောက်မှန်ပါတယ် ပြောရိုးပြောစဉ်စကားတွေလည်း ပြန်ပါတာပါ) ဒါပေမဲ့ ပါမောက္ခရဲ့

အမြင်ကတော့ BRI ရဲ့ ပြဿနာက အပေါ်ယံ ပြဿနာမဟုတ်၊ မူလတည်ဆောက်ပုံ (Structural) ပြဿနာဖြစ်တယ်လို့ မြင်ပါတယ်။ တရုတ်က ပေးတဲ့ကတိတွေ အဓိပ္ပာယ်ရှိဖို့ ဆိုရာ လူမသိ၊ သူမသိ၊ နှစ်နိုင်ငံချင်းဆွေးနွေးတာတွေထက် ကျော်လွန်သင့်တယ်လို့ သူက သုံးသပ်တာတွေ့ရပါတယ်။ အခုလုပ်နေတဲ့ ပုံစံကြည့်ရတာ တစ်နိုင်ငံနဲ့ ပုံစံတစ်မျိုး ပုံစံတွေ အမျိုးမျိုးနဲ့ လုပ်နေပုံရပါတယ်။

မနှစ်က BRI နဲ့ပတ်သက်လို့ သတင်းဆိုးတွေ အတော်လေးထွက်ခဲ့ပေမယ့် မကြာခင် ရက်တွေမှာတော့ သတင်းတွေက ပြောင်းပြန်ဖြစ်သွားခဲ့ပါတယ်။ မလေးရှားက ဖျက်ပစ်မယ်ဆိုပြီး လုပ်နေတဲ့ အမြန်ရထားလမ်းစီမံကိန်းကို ပြန်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ ဥရောပနိုင်ငံတွေထဲက အီတလီနိုင်ငံဟာ BRI နဲ့ ပူးပေါင်းမယ်လို့ ကြေညာခဲ့ပါတယ်။

၂၀၁၇ တုန်းက လုပ်ခဲ့တဲ့ အစည်းအဝေးမှာ နိုင်ငံတကာခေါင်းဆောင် ၁၉ ယောက် ပဲတက်ခဲ့ရာက အခုအစည်းအဝေးမှာ ၃၇ ယောက်တက်လာတာကိုကြည့်ရင် နိုင်ငံတကာရဲ့ စိတ်ဝင်စားမှုတိုးလာတယ်လို့ ပြောနိုင်မလား၊ တရုတ်ဟွာဝေးကုမ္ပဏီကို ဗြိတိန်မှာ 5G ကွန်ရက်တည်ဆောက်ရေးအတွက် အကူအညီပေးခွင့်ပြုမယ်လို့ ပြောပြီးတဲ့နောက် ဗြိတိန်ချန်ဆယ်လာ အစည်းအဝေးတက်လာတာကိုတွေ့ရပါတယ်။

ဒါပေမဲ့ BRI ကို နာမည်ပျက်စေတဲ့ အကြောင်းအရာတွေ ဖယ်ရှားမှသာ ရှေ့ခရီးဆက်နိုင်မယ်ဆိုပြီး ပါမောက္ခက တစ်ခုနဲ့ တစ်ခုချိတ်ဆက်နေတဲ့ကိစ္စသုံးခုကို ဆွေးနွေးပေးနေပါတယ်။ ပထမကိစ္စကတော့ အများသိကြတဲ့ အကြွေးကိစ္စပါ။ ဝေဖန်တဲ့သူတွေက သီရိလင်္ကာက ဆိပ်ကမ်းကိစ္စမှာ မဆပ်နိုင်တဲ့အကြွေးကို အရင်ထည့်တဲ့သဘောလုပ်ပစ်တာကို ထောက်ပြပြီး တရုတ်ဟာ အခြားနိုင်ငံတွေကို အကြွေးထောင်ချောက်ထဲရောက်အောင် လုပ်နေတယ်လို့ စွပ်စွဲကြပါတယ်။ ဒါပေမဲ့ ဒီကိစ္စဟာ ချဲ့ကားလွန်းတယ်လို့ ပါမောက္ခက မြင်ပါတယ်။ အခုလိုဖြစ်တဲ့ ကိစ္စနည်းနည်းလေးပဲရှိပါတယ်။ ဒါပေမဲ့ လာအိုကအစ တာဂျစ်ကစ်စတန်အဆုံး ဆင်းရဲတဲ့နိုင်ငံတွေဟာ အကုန်အကျကြီးမားပြီး ပေးရကုန်ရကျိုးနပ်သင့်သလောက်မနပ်တဲ့ လုပ်ငန်းကြီးတွေကို နိုင်ငံငွေကြေးအကုန်အကျခံပြီး လက်မှတ်တွေထိုးနေကြတာ တွေ့ရပါတယ်။

ဒုတိယပြဿနာကတော့ မြင်သာထင်သာမရှိတဲ့ကိစ္စပါ။ စီမံကိန်းကြီး ကြီး ကျယ်လုပေမယ့် တကယ်တမ်းကျတော့ စိတ်ချယုံကြည်ရတဲ့ လုပ်ငန်းစီမံကိန်းစာရင်း ကလေးတောင် မတွေ့ရပါဘူး။။ တရုတ်ဟာ ဘယ်လိုသတ်မှတ်ချက်တွေနဲ့ ငွေချေးနေမှန်းလည်း မသိဘူး။ နောက်ဆုံးသူဘယ်လောက် ထည့်ဝင်ရင်းနှီးထားတယ်ဆိုတာတောင် သေသေချာချာ မသိရဘူး။ တရုတ်ကပြောတာတော့ ဒေါ်လာတစ်ထရီလီယံ (=ဘီလီယံတစ်ထောင်) ရှိတယ်တဲ့။ ဒါပေမဲ့ တခြားလူတွေကတော့ အဲဒီဂဏန်းထက် အဆတစ်ရာမကများနိုင်တယ်တဲ့။ ဒါကြောင့် ဘယ်သူ့ကို ဘယ်လောက် ချေးတယ်ဆိုတာ ဘယ်စံနှုန်းတွေအပေါ်မူတည်ပြီး သတ်မှတ်တယ်ဆိုတာ တရုတ်က ဖွင့်ပြောမှပဲ ကြွေးမြီနဲ့ပတ်သက်လို့ သံသယရှိနေတာတွေ သက်သာမယ်လို့ဆိုတယ်။ တရုတ်ရေးရာ တခြားကျွမ်းကျင်သူတစ်ယောက်ကတော့ အခုလို ထုတ်မပြောတာဟာ နိုင်ငံရေးအရ လုပ်သာကိုင်သာရှိအောင်လို့ ဖြစ်တယ်လို့ ပြောတာတွေ့ရတယ်။ တတိယအရေးအကြီးဆုံး စိန်ခေါ်မှုကတော့ အဖွဲ့အစည်းနဲ့ ဆိုင်ပါတယ်။ ဧရာမလုပ်ငန်းစီမံကိန်းကြီးတွေ အများကြီး လုပ်နေပေမယ့် အဖွဲ့အစည်းတစ်ခုရဲ့ ချုပ်ကိုင်မှုအောက်မှာ မရှိဘူး၊ ဗဟိုကချုပ်ကိုင်တဲ့ ပုံသဏ္ဌာန်သာရှိတာပါ။ နိုင်ငံပိုင်ကုမ္ပဏီတွေ၊

နိုင်ငံပိုင်ဘဏ်တွေ၊ ဒေသန္တရတွေက ကိုယ့်သဘောနဲ့ကိုယ် အမျိုးမျိုးလုပ်နေကြတာပါ။ အမြန်ရထားလမ်းလို နယ်စပ်ဖြတ်ကျော်တဲ့ လမ်းပန်းဆက်သွယ်ရေးစီမံကိန်းနဲ့ပတ်သက်တဲ့ စာချုပ်တွေဟာ အလွန်ရှုပ်ထွေးပါတယ်။

ဆွေးနွေးပြီးရင်း ဆွေးနွေးရင်း ထပ်တလဲလဲ ဆွေးနွေးရတဲ့ ကိစ္စတွေကလည်း အများကြီးပါ။ ကမ္ဘာ့ဘဏ်လိုအတွေ့အကြုံရှိတဲ့အဖွဲ့အစည်းတွေတောင် အကြိမ်ကြိမ် ဘယ်လို ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ရတယ်။ မလေးရှားတို့၊ ပါကစ္စတန်တို့မှာ လုပ်တဲ့ဆွေးနွေးပွဲတွေဟာ လျှို့ဝှက်ပြီးလုပ်ခဲ့တာဖြစ်လေတော့ အများပြည်သူလည်းကန့်ကွက်ရပ်ဆိုင်း ကုန်ကြတော့တာပဲလို့ ပါမောက္ခက ထောက်ပြပါတယ်။

စေ့စပ်ညှိနှိုင်းမှုတွေကိုကြည့်ရင် နှစ်မျိုးတွေ့ရတယ်။ မလေးရှားတို့ မြန်မာတို့လို တရုတ်နဲ့မိတ်ဖက်နိုင်ငံတွေဟာ ကန့်ကွက်ကြလို့ သတ်မှတ်ချက်တွေကို ပြန်ပြင်ရတာမျိုးရှိတယ်။ မြန်မာဟာ ကျောက်ဖြူစီမံကိန်းနဲ့ပတ်သက်လို့ ပြန်လည်ဆွေးနွေးနိုင်ခဲ့တယ်။ နောက်တစ်မျိုးကတော့ သီရိလင်္ကာမှာဆို ပြန်ဆွေးနွေးမှုတွေလုပ်တော့ လက်ညှိုးထိုးစွပ်စွဲစရာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တရုတ်အပေါ် အမြင်မကောင်းတော့ဘူး။

မနှစ်က အစည်းအဝေးမှာ ရှီကျင့်ဖျင့်က BRI နဲ့ပတ်သက်တဲ့ ဝေဖန်ချက်တွေကို BRI ဟာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ ဖွင့်ထားတဲ့ အစီအစဉ်တစ်ခုဖြစ်တယ်လို့ တုံ့ပြန်ပြောဆိုခဲ့တယ်။ ဒါပေမဲ့ ခုချိန်အထိ အများမြင်သာတဲ့ စံချိန်စံညွှန်းတွေ နိုင်ငံတကာအဖွဲ့အစည်းနဲ့ လည်ပတ်နေတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် အမြင်ပြောင်းလဲစေမယ့် ခြေလှမ်းတွေ လှမ်းဖို့ ဝန်လေးနေတာ တွေ့ရတယ်လို့ သူကမြင်ပါတယ်။

ဘာလို့ဆိုတော့ လူမြင်သူမြင်ဆိုရင် အခုလိုနှစ်နိုင်ငံသဘောတူညီချက်တွေကို လုပ်လို့ အဆင်ပြေမှာမဟုတ်လို့ဖြစ်နိုင်တယ်။ နိုင်ငံရေးအရ ကစားကွက် ကျယ်ပြန့်ချင်တာနဲ့ စီးပွားရေးအရ နာမည်အဖျက်ခံနေရတယ်။ နိုင်ငံရေးကစားကွက်အရ ဆုံးရှုံးသွားတာတွေကို စီးပွားရေးအရ သိက္ခာပိုရှိတာက ကာမိနိုင်တယ်။ ကျော်လို့တောင် သွားနိုင်ပါတယ်လို့ ပါမောက္ခက ထောက်ပြတယ်။ အပင်ပန်းခံအမုန်းခံ၊ နာမည်ပျက်ခံပြီး အကြိမ်ကြိမ်ဆွေးနွေးနေရတာမျိုးတွေ သက်သာနိုင်ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှေးကွေးပြီး ပြည်ပငွေပေးငွေယူရှင်းတမ်း၊ သာမန်စာရင်းပို့ငွေတွေ လျော့ကျလာချိန်မှာ ဒီဇရာမစီမံကိန်းကို စနစ်တကျ ပီပီပြင်ပြင် လုပ်နိုင်ရင် ဇရာမစီမံကိန်းကြီးတွေအတွက် ရှားပါးတဲ့ ပြည်သူ့ဘဏ္ဍာအရင်းအမြစ်တွေ အလေအလွင့်ဖြစ်တာ နည်းသွားမယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု နှေးကွေးပြီး ပြည်ပငွေပေးငွေယူရှင်းတမ်း၊ သာမန်စာရင်းပို့ငွေတွေ လျော့ကျလာချိန်မှာ ဒီဇရာမစီမံကိန်းကို စနစ်တကျ ပီပီပြင်ပြင် လုပ်နိုင်ရင် ဇရာမစီမံကိန်းကြီးတွေအတွက် ရှားပါးတဲ့ ပြည်သူ့ဘဏ္ဍာအရင်းအမြစ်တွေ အလေအလွင့်ဖြစ်တာ နည်းသွားမယ်။

တရုတ်ဦးဆောင်တဲ့ ၂၀၁၆ မှာတည်ထောင်ခဲ့တဲ့ AIIB ဘဏ်ဆိုရင် နာမည်ကောင်းရထားလို့ အတုခိုးလို့ရတယ်။ ဘယ်လိုပုံစံပဲလုပ်လုပ် တရုတ်ဗဟိုချုပ်ကိုင်မှုနဲ့အတူ ပွင့်လင်းမြင်သာမှုရှိဖို့လည်းလိုတယ်။ ပထမငါးနှစ်မှာ ကြုံခဲ့တဲ့ ဗဟိုချုပ်လျော့ ပရမ်းပတာနိုင်တဲ့ ပုံစံမျိုးနဲ့ အနာဂတ်ငါးနှစ်ကိုဆက်သွားလို့ ရမှာမဟုတ်ဘူးလို့ ပါမောက္ခက ဟောကိန်းထုတ်သွားပါတယ်။


ဒီဆောင်းပါးရေးနေဆဲမှာ တရုတ်သမ္မတကြီး ပြောတဲ့မိန့်ခွန်း၊ သတင်းတွေထဲမှာ ပါလာတယ်။ ဧပြီ ၂၆ ရက်က မိန့်ကြားရာမှာ ပွင့်လင်းဖို့ မြင်သာထင်သာရှိဖို့နဲ့ အကျင့်ပျက်ခြစားမှုကိုလုံးဝလက်မခံဘူးဆိုတဲ့ သဘောတရားတွေကိုတွေ့ရတယ်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ ဘဏ္ဍာရေးအရ အဓိပ္ပာယ်ရှိတဲ့လုပ်ငန်းစီမံကိန်းတွေဖြစ်ဖို့ကိုလည်း တို့ထိသွားသတဲ့။ ပြီးတော့ တရုတ်နိုင်ငံကို ကုန်ပစ္စည်းတွေပိုပြီးတင်ပို့နိုင်ဖို့နဲ့ တရုတ်နိုင်ငံအတွင်းမှာ နိုင်ငံခြားသား ရာနှုန်းပြည့် ပိုင်ဆိုင်တဲ့လုပ်ငန်းတွေကိုလည်း ပိုပြီးခွင့်ပြုသွားမယ်လို့ ဆိုပါ

တယ်။ တရုတ်ဈေးကွက်ကိုလည်း ပိုပြီးဖွင့်ပေး တော့မယ်ပေါ့။ ဒုတိယအကြိမ် အစည်းအဝေး ကြီးကို တရုတ်နဲ့နိုင်ငံခြားကုမ္ပဏီပေါင်း ၅၇၀ လောက်တက်ပြီး သောကြာနေ့အထိ စာချုပ် ပေါင်း ၂၁၇ ခု လက်မှတ်ထိုးခဲ့ကြတယ်လို့ဆို တယ်။ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ နိုင်ငံတကာဝါဒဆိုတဲ့ ဝေါဟာရတွေကတော့ ပြောနေကျတွေပါ။ မိတ်ဖက်နိုင်ငံတွေက လူ ငါးထောင်လောက်ကို သင်တန်းတွေပေးပြီး နိုင်ငံရေးပါတီတွေ၊ ပညာရှင်တွေနဲ့ အရပ်ဘက် အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ တစ်သောင်း လောက်ကို တရုတ်နိုင်ငံလာလည်ဖို့ ဖိတ်ဦး မယ်။ တစ်ဖက်မှာတော့ တရုတ်အစိုးရနဲ့ လုပ်ငန်းစီမံကိန်းတွေ လက်မှတ်ထိုးကြတဲ့ အစိုးရတွေ ပြုတ်တဲ့သူကပြုတ်၊ အဝေဖန်ခံရတဲ့ သူတွေကလည်း ခံနေကြရတယ်။ ဆန့်ကျင်သူ တွေက အစိုးရနေရာကို တက်လာကြတယ်လို့ ဂျာမန်သတင်းဌာန DW က ဝေဖန်ပါတယ်။

အိန္ဒိယကတော့ တရုတ်နဲ့ ပါကစ္စ တန်တို့ရဲ့ (CPEC) စီးပွားရေးစင်္ကြံဟာ အငြင်း ပွားနေတဲ့ ကက်ရှ်မီးယားဒေသကို ဖြတ်သွား လို့ အိန္ဒိယရဲ့ အချုပ်အခြာအာဏာကို မလေး စားရာရောက်လို့ BRI ကို လက်မခံနိုင်ပါဘူး၊ အိန္ဒိယက စစချင်းပါဝင်ဖို့ ငြင်းပယ်ချိန်မှာ သူ့ကိုထောက်ခံသူသိပ်မရှိပေမယ့် အခုဆိုရင် သူတို့လုပ်တာမှန်တယ်လို့ မြင်တဲ့သူများလာ တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ တရုတ်နဲ့ အိန္ဒိယတို့ဟာ ၂၀၁၇ ခုနှစ်၊ ဇွန်လမှာ လုပ်ခဲ့ တဲ့ Astana Consensus အောက်ကနေ နှစ်နိုင်ငံ ပူးတွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆက်လုပ်နေ ဖို့ အိန္ဒိယပညာရှင်တချို့ ထောက်ပြပါတယ်။

သမ္မတရှီရဲ့ မိန့်ခွန်းမှာ မပါပေမယ့် ဘဏ္ဍာရေးဝန်ကြီးက အကြွေးပြဿနာတွေ စီမံခန့်ခွဲမယ့်နည်းရှိတယ်။ ဈေးကွက်သဘော တရားတွေနဲ့ အညီဖြစ်ရမယ်။ ပုဂ္ဂလိကက ဦး ဆောင်မယ့် ဒေသရဲ့ အကျိုးစီးပွားတွေကို ပို ဂရုစိုက်မယ်။ ဒေသခံတွေ ပိုအလုပ်ရစေရမယ်။ အလှူအတန်းတွေပါ လုပ်မယ်။ ယဉ်ကျေးမှု၊ ပညာရေးနဲ့ ကျန်းမာရေးတွေကို ပိုထောက်ကူ မယ်။ နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ဖြစ်စေရ မယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီညီလာခံဟာ အပြင်က အမြင်တွေနားထောင်ပြီး ပြုပြင် ပြောင်းလဲဖို့ ကြိုးစားလာတာတွေ တွေ့ရတယ် လို့ ပညာရှင်တချို့မြင်ပါတယ်။

တရုတ်နိုင်ငံရဲ့ ဒုတိယအကြိမ်မြောက် ခါးပတ်တစ်ကွင်း လမ်းတစ်စင်းဖိုရမ်ကြီးက



တော့ ပြီးသွားခဲ့ပါပြီ။ ပြီးသွားတဲ့အခါ ဒေါ်လာ ၆၄ ဘီလီယံဖိုးစာချုပ်တွေ ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အိန္ဒိယကတောင်းဆိုခဲ့တဲ့ အချုပ်အခြာအာဏာနဲ့ ပိုင်နက်နယ်မြေလေးစားဖို့ကိုလည်း လိုက်လျောခဲ့တာတွေ့ရပါတယ်။ ဖိုရမ်အပြီး ကြေညာချက်မှာ ပွင့်လင်းမှု၊ မြင်သာထင်သာရှိမှု၊ အားလုံးအကျုံးဝင်မှုနဲ့ တန်းတူရည်တူရှိမှုတို့ကို ထပ်လောင်းဖော်ပြထားပါတယ်။ နိုင်ငံတိုင်းဟာ ကိုယ့်နိုင်ငံရဲ့ ဥပဒေပြုရေးတွေ အများပြည်သူအကျိုးအတွက် ဖွံ့ဖြိုးရေးမဟာဗျူဟာတွေ ချမှတ်ခွင့်ရှိတယ်။ ချမှတ်ဖို့လည်း မူလကတည်းက တာဝန်ရှိတယ်ဆိုတာကို လေးစားကြောင်း ဖော်ပြခဲ့ပါတယ်။

ပါကစ္စတန်နိုင်ငံက ကြွေးပြန်မဆပ်နိုင်တဲ့ အလားအလာအတွက် စိတ်ပူနေကြတာကို ချေးငွေနဲ့ လုပ်တာက ၂၀ ရာခိုင်နှုန်းပဲရှိပြီး ကျန်တာတွေက တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှု၊ ဒါမှမဟုတ် Grant တွေဖြစ်တယ်လို့ ရှင်းပြခဲ့ပါတယ်။ မြန်မာခေါင်းဆောင်ကတော့ မြန်မာလို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလိုအပ်တယ်။ စီမံကိန်းကြီးကို စတင်အကောင်အထည်ဖော်တာထက် ထိန်းသိမ်းရေးကိစ္စမှာ စိန်ခေါ်မှုပိုကြီးတာကို သတိပြုဖို့ လိုအပ်တဲ့အကြောင်း ဘဏ္ဍာရေးစိန်ခေါ်မှုအတွက် စနစ်ကောင်းရှိဖို့အကြောင်း၊ ဆွေးနွေးခဲ့တာကိုတွေ့ရပါတယ်။ အထူးသဖြင့် ဒေသခံတွေရဲ့ ယုံကြည်စိတ်ချမှုနဲ့ ထောက်ခံမှုတွေရရှိမှ BRI ရဲ့ ရည်မှန်းချက်တွေ ရရှိနိုင်မယ်လို့ ပြောဆိုခဲ့တာဟာ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို ဖော်ပြနေပါတယ်။

နိုင်ငံတကာသတင်းတွေမှာ မကြာခဏတွေ့ရတဲ့မှတ်ချက်ကတော့ တရုတ်စီမံကိန်းတွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာ သတိထားပြီး ဆောင်ရွက်နေတယ်ဆိုတာပါ။ အခုခရီးစဉ်မှာ ဖွံ့ဖြိုးရေးနဲ့ နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် ယွမ်သန်းတစ်ထောင်ကူညီမယ် (အင်္ဂလိပ်ဘာသာနဲ့ ထုတ်ပြန်ချက်မှာတော့ Lend ချေးမယ်တဲ့) ဆိုတာ အရင်ဆုံးသိရပြီး တရုတ်မြန်မာစီးပွားရေးစကြံ့ ၂၀၁၉–၂၀၃၀ ဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ငါးနှစ်ဖွံ့ဖြိုးမှုအစီအစဉ်၊ ပြီးတော့ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စုစုပေါင်းသုံးခုလက်မှတ်ထိုးခဲ့တာ တွေ့ရပါတယ်။

> အထူးသဖြင့် ဒေသခံတွေရဲ့ ယုံကြည်စိတ်ချမှုနဲ့ ထောက်ခံမှုတွေရရှိမှ BRI ရဲ့ ရည်မှန်းချက်တွေ ရရှိနိုင်မယ်လို့ ပြောဆိုခဲ့တာဟာ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို ဖော်ပြနေပါတယ်။

# မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရန် စဉ်းစားကြရမည်ဆိုလျှင်

သတိုးလွင်

ဩဂုတ်လ ၉ ရက်၊ ၂၀၁၅ ခုနှစ် "ဘုရားအမှတ် ၁၇၅၂ ပြိုကျသွားခြင်းသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုမြို့တော်ကို အချိန်မနှောင်းမီပြုပြင်ထိန်းသိမ်းဖို့ အချက်ပေးခေါင်းလောင်းသံပင် မဟုတ်ပါလား" ဟူ၍ *Traveller* ဂျာနယ်၏ ပင်တိုင်ဆောင်းပါးရှင် ဝဏ္ဏ (စမ်းချောင်း) က "ရေရှည်ဖွံ့ဖြိုးအောင် ထိန်းသိမ်းရတော့မည့် ပုဂံဒေသခရီးသွားလုပ်ငန်း" ခရီးသွားအတွေးအမြင် ဆောင်းပါးကဏ္ဍတွင် မီးမောင်းထိုးရေးသားခဲ့သည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ အဓိကပုံရိပ် (Major Highlight) ဖြစ်သည့် ပုဂံဘုရားပုထိုးတွေသာ မြန်မာ့မြေပေါ်မှ တဖြည်းဖြည်းပျောက်ကွယ်ခဲ့မည်ဆိုလျှင် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည်များ လာရောက်လည်ပတ်ခြင်းသည် အဓိပ္ပာယ်မဲ့စေတော့မည်။ သို့ဖြစ်၍ "**SAVE BAGAN**" လုပ်နိုင်မှသာ "**SAVE MYANMAR TOURISM**" ဖြစ်ပေတော့မည် မဟုတ်လော။

## ခရီးသွားလုပ်ငန်းရေရှည်တည်တံ့အောင် ဘယ်လိုဖော်ဆောင်ကြမလဲ

"တာဝန်သိတတ်မှ ရေရှည်တည်တံ့မည့် ခရီးသွားလုပ်ငန်း" ဆောင်းပါးတွင် အပိုင်းနှစ်ပိုင်း



ဖြင့် တာဝန်မဲ့မှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများကို တစ်စိတ်တစ်ဒေသ မီးမောင်းထိုးခဲ့ပြီးပြီ။ တာဝန်ရှိသူများသာမက ဒေသခံပြည်သူများမှ တာဝန်သိတတ်သည့် စိတ်ဓာတ်ကိုယ်ကျင့်တရား ကောင်းမွန်မှသာ တာဝန်ယူရဲသည့် သတ္တိ တာဝန်ထမ်းဆောင်နိုင်မည့် စွမ်းရည် ရှိလာနိုင်မည်။ သို့မှသာ မိမိပတ်ဝန်းကျင်ရှိ ခရီးစဉ်ဒေသသည် ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးသွားလုပ်ငန်း (Sustainable) အဖြစ် ထိန်းသိမ်းနိုင်မည်။ ထိုသို့ ရေရှည်ထိန်းသိမ်းနိုင်ရန် မည်သို့လုပ်ငန်းစဉ်တွေ ဖော်ဆောင်သင့်သည်ကို လေ့လာသိရှိသမျှ စေတနာဖြင့် အကြံပြုတင်ပြလိုက်ရပါသည်။

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး (Sustainable Tourism Development) နှင့်ပတ်သက်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (World Tourism Organisation) က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွဲ့ဆိုထားပါသည်။

**"ခရီးသည်များလာရောက်လည်ပတ်လေ့ရှိသော ခရီးစဉ်ဒေသတွင်း လူမှုစီးပွားတိုးတက်စေရုံသာမက ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်နိုင်မှသာ ထိုဒေသရှိ ဒေသခံလူမျိုးစု၊ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်၊ ဂေဟစနစ်များ ဟန်ချက်ညီစွာ ရေရှည်တည်တံ့နိုင်မည်။ သို့မှသာ ခရီးသွားလုပ်ငန်းသည် ရေရှည်တည်တံ့မည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် Tourism Stakeholders များ ဘဝရပ်တည်နိုင်မည်"** ဟု ဆိုထားပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းရေရှည်တည်တံ့ရန် ဆိုရာတွင် စီးပွားရေးအရရေရှည်တည်တံ့မှု (Sustainable Tourism Business) နှင့် ခရီးစဉ်ဒေသရေရှည်တည်တံ့မှု (Sustainable Tourism Destination) ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

## ဟိုတယ်ဇုန်စီမံကိန်းများနှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့မှု

ပြည်တွင်းပြည်ပခရီးသည်များ တစ်နှစ်ပတ်လုံး လည်ပတ်နိုင်သည့် သဘာဝအမွေအနှစ်အင်းလေးကန်ကြီး မတိမ်ကောစေရန် အင်းရေပြင်အလယ်တွင် Floating Hotels များသာမက အင်းရေပြင်ထိစပ်နေသော နေရာများတွင် ဟိုတယ်ဆောက်လုပ်ခြင်းကို နောက်ထပ်ခွင့်မပြုတော့ကြောင်းကြားသိရသည်။ တောင်ကြော ပေါ်တွင် ဟိုတယ်ဇုန်အဖြစ် ဖော်ဆောင်ခြင်းဖြင့် အင်းလေးဒေသတွင် ခရီးသည်များ ဟိုတယ်အခန်းမလုံလောက်မှုပြဿနာကို ဖြေရှင်းရာရောက်စေနိုင်သည်။ ယနေ့ အင်းရေပြင်ဧရိယာသည် လွန်ခဲ့သောကာလနှင့် နှိုင်းယှဉ်လျှင် တဖြည်းဖြည်းကျဉ်းလာခဲ့ပြီး ရေပြင်အလျားမှာ ၂၂ ကီလိုခန့်ရှိပြီး များစွာမပြောင်းလဲသေးသော်လည်း အကျယ်မှာ ၁၁ ကီလိုမှ ခုနစ်ကီလိုမီတာထိ ကျဉ်းမြောင်းလာခဲ့သည်။ စုစုပေါင်းအကျယ်အဝန်း ၁၀၄ စတုရန်းမိုင်မှ ၆၃ စတုရန်းမိုင်ထိသာ ရှိတော့သည်။

၆၂၂ ဧကကျယ်ဝန်းသော ဟိုတယ်ဇုန်သတ်မှတ်နေရာတွင် လမ်းဖောက်၊ မြေကြီးတူးထားသောကြောင့် လေးကွက်ကျား တောင်ကတုံးအနေဖြင့်သာ အကျည်းတန်လှသည်။ အင်းလေးသို့ လာရောက်လည်ပတ်ခဲ့ဖူးသော ကမ္ဘာလှည့်ခရီးသည်များ၊ Repeat Guests များအနေဖြင့် စုတ်သပ်သံကြားခဲ့ရသည်။ လက်ရှိ အင်းလေးဒေသတွင်ရှိသော ဟိုတယ်ပေါင်း တစ်ရာကျော်တွင် အခန်းစုစုပေါင်း သုံးထောင်ကျော်ခန့်ရှိနေပြီး အင်းလေးဟိုတယ်ဇုန် အကောင်အထည်ဖော်ပြီးပါက ဟိုတယ်အလုံး ၈၇ လုံးခန့်ထပ်မံပေါ်ထွက်လာနိုင်မည်။

စုစုပေါင်းအခန်းအရေအတွက် ငါးထောင်ကျော်ခန့်ရှိလာနိုင်ပြီး အင်းလေးဒေသသို့ ဧည့်သည်များသည် လေကြောင်းနှင့် ကုန်းကြောင်းသာ အဓိကရှိသဖြင့် ဝင်ရောက်နိုင်မှုကို ကန့်သတ်ချက်ရှိသောကြောင့် တစ်နေ့ပျမ်းမျှ တစ်ထောင်ခန့်သာ ရှိနိုင်သေးသည်။ အကယ်၍ ဟိုတယ်ဇုန်ပြီးပါက ရှိလာနိုင်မည့် အခန်းအရေအတွက်နှင့် ယှဉ်လျှင် ၁း၆ အချိုး ရှိလာနိုင်သဖြင့် ဖြစ်နိုင်သည်။ ဟိုတယ်လုပ်ငန်း ရေရှည်ရပ်တည်နိုင်ရန် စဉ်းစားစရာဖြစ်သည်။ သို့ဖြစ်၍ ဟိုတယ်ဇုန်တွင် မြေကွက်များ

ဝယ်ထားသော်လည်း ဆက်လက်ဆောက်လုပ်ရန် စဉ်းစားနေကြဟန်တူသည်။ ဟိုတယ်အခန်းများပိုလျှံနေခြင်း (Over Supply) ဖြစ်နေရခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုမှာ သွားလာရေးကန့်သတ်ချက် (Limited Assessment) ဖြစ်ခြင်းတစ်ခုဖြစ်သည်။ လေကြောင်းတိုးချဲ့ရံတင်မက မီးရထားလမ်းဖြင့် ရွှေညောင်မှ ညောင်ရွှေသို့ ဆက်ကြောင်းတစ်ခုတိုးချဲ့ခြင်း၊ အဆင့်မြင့် အဝေးပြေးကားကြီးများ ပိုမိုပြေးဆွဲခြင်းဖြင့် ပြည်တွင်းပြည်ပခရီးသည်များ ပိုမိုလာရောက်နိုင်မည်။ Low Season တွင် MICE ခရီးစဉ်ဒေသတစ်ခုအဖြစ် ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ စုပေါင်းလှုပ်ရှားမှု၊ အစည်းအဝေး ညီလာခံများပြုလုပ်ပါက ဟိုတယ်များတွင် ဧည့်သည်များပြည့်လာပြီး ဒေသအတွင်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

အလားတူ ပုဂံနှင့် မန္တလေး (တံတားဦး) တွင် ဟိုတယ်ဇုန်စီမံကိန်းမှာ ဆက်လက်ဖော်ဆောင်နေကြောင်း သိရှိရသည်။ မြိတ်ကျွန်းစုတွင် ဟိုတယ်အလုံး သုံးဆယ်ခန့် ဆောက်လုပ်ခွင့်ပြုကြောင်း သိရချိန်တွင် "ကျွန်းကတုံး" များကို မြင်ယောင်နေမိသည်။ အချို့ခရိုနီကြီးများသည် စီမံကိန်းမြေဟု သိမ်းပိုက်ကာ ဟိတယ်ဆောက်ဖို့ဝေးစွ။ ခြံခတ်ထားပြီး "ဝက်" မွေးသကဲ့သို့ အသားတိုးလျှင် အမြတ်ယူပြန်ရောင်းစားလေ့ရှိသည်။ ဟိုတယ်စီမံကိန်းတစ်ခုတွင် 'မူ' အရ ရေဆိုးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများမှ ပတ်ဝန်းကျင် လေထု၊ ရေထု ပျက်စီးမှု Environmental Impact ဖြစ်စဉ်ကို ဖြစ်လာသည်ကိုလည်း ဂရုမစိုက်ပေ။ ဒေသရိုးရာယဉ်ကျေးမှုထိုးစိ (Cultural Shock) ဖြစ်စေပြီးနောက် လူမှုရေးထိခိုက်မှု (Social Impact) မှ ရောဂါကူးစက်ကာ ကျန်းမာရေးထိခိုက်မှု (Health Impact) ထိ သက်ရောက်စေသည်။ အထက်ဖော်ပြပါအဆင့်များ ဆိုးကျိုးသက်ရောက်မှု (Multiplier Effect) သည် Tourism ကိုအကြောင်းပြုပြီး Unspoilt Destination တစ်ခုတွင် တာဝန်သိတတ်မှု ကင်းမဲ့ခြင်း (Lack of Responsibility) နှင့် တာဝန်ယူမှု မရှိခြင်း (ခေါင်းရှောင်ခြင်း) တာဝန်မဲ့မှုကြောင့် မဖြစ်မနေအရေးယူရမည့်အခြေအနေတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက အကြိမ်ကြိမ်သတိပေးသည့်ဖြစ်စဉ်များ ရှိနေသည်။



တကယ်တော့ ကမ္ဘာလှည့်ခရီးသည်များ၏အိပ်မက်သည် အိမ်နှင့်အလုပ်နေ့စဉ်ဘဝကို ငြီးငွေ့၍ အားလပ်ရက်တွင် အပန်းဖြေခရီးထွက်ကြသည်။ လူနေမှုဘဝလေ့လာရင်းယဉ်ကျေးမှုအမွေအနှစ်တွေ သဘာဝအတိုင်းမပျက်မယွင်းရှိနေမှုတွေကို ခုံမင်နှစ်သက်တန်ဖိုးထားပြီး ခံစားကြသည်။ တည်းခိုသည့်နေရာသည်လည်း မိမိတို့နေအိမ်နှင့် မတူသော ပတ်ဝန်းကျင်တွင် စိတ်လှုပ်ရှားဖွယ်အတွေ့အကြုံရလျှင် ကုန်ရကျိုးနပ်သည်။ မမေ့နိုင်ဖွယ် ခရီးစဉ်ဖြစ်စေသည်။ ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာကျော်အန်ကောဝပ်ဘုရားကျောင်းဒေသသည် UNESCO ၏ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဇုန်အဖြစ် အသိအမှတ်ပြုကြေညာပြီးနောက် ထိုဒေသကို "ခမာ" တို့ဆိုင်သာဆိုင်သည် မပိုင်တော့ပါ။ ကမ္ဘာကပိုင်ချေပြီ။ Heritage Law အရ လူနေအိမ်များ၊ ဟိုတယ်များ၊ တားမြစ်နယ်မြေတွင် အခိုင်အမာမရှိစေရ။ သို့ဖြစ်၍ ဆီယမ်ရပ်မြို့တော်တွင် ဟိုတယ်ဇုန်များဖော်ထုတ်ပြီး ကြယ်ငါးပွင့် (Local 5 Stars) ဟိုတယ်များ အပြိုင်အဆိုင်ပေါ်ထွက်လာသည်။ သို့သော် တိုးရစ်တိုင်းဟိုတယ်ဇုန်တွင်နေရသည့် ခံစားချက်သည် အပန်းဖြေခရီးတွင် "ထောင်ကျသကဲ့သို့"

အကျယ်ချုပ်နေရသကဲ့သို့ရှိသဖြင့် မနှစ်မြို့ကြပေ။ ထိုအယူအဆအတိုင်း မန္တလေးတွင် လုပ်၍မရ။ အင်းလေးတွင် ပုံတူကူးပုံဖော်၍မရပေ။

ဟိုတယ်ဇုန်များသည် ပုဂံကဲ့သို့ World Heritage အတွက် အဆိုပြုရန်ရှိသည့် ခရီးစဉ်ဒေသတွင် ရှိသင့်သည်။ ကျိုက်ထီးရိုးကဲ့သို့ .... နေရာအကန့်အသတ်ရှိသည့်ဒေသတွင် စဉ်းစားနိုင်သည်။ သို့သော် နေပြည်တော်မှာကဲ့သို့ လူနေရပ်ကွက်ပုံစံ၊ တန်းလျားပုံစံ ခြံချင်းကပ်ရက် ဟိုတယ်ဇုန်ဆိုလျှင် တိုးရစ်များအတွက် နှစ်ခြိုက်ဖွယ်ရာ မရှိနိုင်ပေ။ လူနေရပ်ကွက် .... ရိုးရာလုပ်ငန်းအထင်ကရအဆောက်အအုံတွေကြားမှာ ပုဂံမြို့သစ်ကဲ့သို့ ရောပြီးရှိနေလျှင် တိုးရစ်တွေအတွက် နှစ်ခြိုက်နိုင်မည်။ ကာလဒေသအခြေအနေအချိန်အခါကြည့်ပြီးမှသာ စီမံကိန်းကို ချမှတ်သင့်သည်။ စီမံကိန်းကြောင့် လယ်ယာတွေပျောက်၊ သစ်ပင်တွေ မရှိ၍ ဂေဟစနစ်ပျောက်၊ ရာသီဥတုဖောက် မြေစျေးတွေမြောက်ခဲ့ပြီး ဒေသခံတွေဘုံပျောက်ခဲ့ရသော အဆိုးသံသရာမှာသာလည်နေပေရော့မည်။ ထို့ကြောင့် ဟိုတယ်ဇုန်စီမံကိန်းများသည် တစ်ဖက်က ကြည့်လျှင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်သည်ဟု ဆိုနိုင်ပေသည်။ သို့သော်လည်း "ငါးပွက်ရာ ငါးစာချသကဲ့သို့" ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေသည့် စီမံကိန်းများ၊ စီးပွားရေးအရတွက်ခြေမကိုက်ဖြစ်သဖြင့် ပိတ်သိမ်းလိုက်ရသည့် ဟိုတယ်များသည် ခရီးသွားလုပ်ငန်း စီးပွားရေးအရ ရေရှည်တည်တံ့ရေးအတွက် စဉ်းစားရမည့် အချက်တစ်ချက်ဖြစ်သည်။

## CBT ကို ဦးတည်မည်ဆိုလျှင် ရေရှည်တည်တံ့နိုင်မည်လော

CBT ခေါ်လူမှုဘဝအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ဖြစ်စေခြင်းဖြင့် ဒေသခံလူမျိုးစုများအတွက် အလုပ်အကိုင်အခွင့်အလမ်းသာမက ဒေသထွက်ကုန်၊ စားသောက်ဆိုင်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလုပ်ခွင့်ရ၍ ဝင်ငွေစီးပွားတိုးစေသည့် ဒေသခံလူ့အဖွဲ့အစည်းနှင့် ဒီရေအလားတိုးတက်လာသည့် ခရီးသွားလုပ်ငန်းအကြား "ဟန်ချက်ညီ" ရန် ဒေသအာဏာပိုင်များ၊ Tourism Stake - holders များက စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး ထိန်းသိမ်းရန် အရေးကြီးပေသည်။ တာဝန်သုံးပါးမလစ်ဟင်းစေဘဲ Capacity ဝန်ဆောင်နိုင်မှု ပမာဏချိန်ခွင်ညီနှိုင်းမှသာ ရေရှည်တည်တံ့နိုင်မည့်ခရီးသွားလုပ်ငန်းဖြစ်စေမည်။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲခဲ့သော Tourism Master Plan တွင် လူမှုဘဝအခြေပြုခရီးသွားလုပ်ငန်း (CBT) ဖော်ဆောင်ရာကဏ္ဍပါရှိသည်။ မူဝါဒအားဖြင့် ကောင်းမွန်သော်လည်း လက်တွေ့အကောင်အထည်ဖော်နိုင်မှု၊ Public Private People "P" သုံးလုံးပူးပေါင်းဆောင်ရွက်မှုရှိမှသာ CBT ဖွံ့ဖြိုးလျှင် Sustainable Tourism (S.T) ရှင်သန်နိုင်မည်မဟုတ်လော... Community အတွင်း ခရီးသွားလုပ်ငန်းအပေါ် အကောင်းမြင်ဝါဒရှိလာအောင် လှုံ့ဆော်ပညာပေးခြင်းဖြင့် ရေရှည်တည်တံ့သည့်ခရီးစဉ်ဒေသ (Sustainable Tourism Destination) ဖြစ်လာနိုင်ပေသည်။ တာဝန်မသိတတ်သည့်၊ ကိုယ်ကျင့်တရားမစောင့်စည်းသော "အချောင်သမား" (Free Rider) များ Tourism Industry တွင် ရှိနေသရွေ့ Responsible Tourism ဆို သည်မှာ စာလုံးအဖြစ်ရှိနေဦးမည်။ တာဝန်သိတတ်မှုမြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်းအတွက် ဒေသခံပြည်သူများ၏ စီးပွားရေးရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။

## Volume Tourism နှင့် ခရီးသွားလုပ်ငန်းရေရှည်တည်တံ့မှု

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုသည် ၂၀၁၂ မှစတင်၍ နှစ်စဉ်ပျမ်းမျှ တစ်သန်းခန့်တိုးတက်လာခဲ့ရာ ၂၀၁၅ ခုနှစ်တွင် လေးသန်းကျော်ခန့်ရှိမည်ဟု ဟိုတယ်/ခရီးဝန်

ကြီးဌာနက ခန့်မှန်းထားသည်။ စုစုပေါင်းဝင်ရောက်သည့် နိုင်ငံခြားသားခရီးသည်များတွင် နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်မှုသည် သုံးပုံနှစ်ပုံခန့်ရှိပြီး လေဆိပ်ဝင်ပေါက်မှ ဝင်ရောက်သူများမှာ တစ်သန်းကျော်မျှသာရှိသည်။ နယ်စပ်ဝင်ပေါက်မှ ဝင်ရောက်သည့် နိုင်ငံခြားသားများတွင် အိမ်နီးချင်းနိုင်ငံနှင့် တတိယနိုင်ငံသားများဟူ၍ ခွဲခြားလေ့လာသင့်သည်။ တတိယနိုင်ငံသားများတွင် Tourist Destination သို့ သွားရောက်လည်ပတ်သူများကို စာရင်းပြုစုလျှင်အနည်းငယ်သာရှိသည်။ Visa Run ဟုခေါ်သော ဗီဇာသက်တမ်းပြန်ယူရန် နာရီပိုင်းမျှသာ နယ်စပ်မြို့သို့ဝင်ထွက်သည့် တိုင်ပတ်သည့် နိုင်ငံခြားသားများသည်လည်း အများစုဖြစ်သည်ကို တွေ့ရသည်။ တစ်ဖက်နိုင်ငံမှ နိုင်ငံခြားသားများမှာလည်း မနက်သွား ညနေပြန်လည်ပတ်သူရှိသလို ကုန်သွယ်မှုကိစ္စအတွက်လာရောက်သည့် အရောင်းအဝယ်သမားများလည်းရှိသည်။ Border Pass နှင့် ဝင်ရောက်သူများကို Tourist Arrival စာရင်းတွင် ထည့်သွင်းတွက်ချက်၍ မရပေ။ အလားတူလေဆိပ်ဝင်ပေါက်များတွင် ရန်ကုန်နှင့်မန္တလေးသို့ လေကြောင်းခရီးဖြင့် လာရောက်သူများတွင် Tourist Visa ဖြင့် လာရောက်သူများကိုသာ Tourist Arrival စာရင်းတွင် ထည့်သွင်းသင့်သကဲ့သို့ ယင်းနိုင်ငံခြားသားများတွင် Tourist Visa ရယူပြီး မိမိနေအိမ်သို့ပြန်လာသော မြန်မာပြည်ဖွားနိုင်ငံခြားသားပတ်စ်ပို့ကိုင်ဆောင်သူများ၊ E Visa ရယူပြီး စီးပွားရေးကိစ္စလာသူများကို Tourist Arrival တွင် မထည့်သွင်းသင့်ပေ။ နိုင်ငံခြားသားပတ်စ်ပို့ဖြင့် လာသူမှန်သမျှ ကမ္ဘာလှည့်ခရီးသည်ဟု သတ်မှတ်လျှင် Volume Tourism သာ ဖြစ်ပေမည်။



Tourism Industry များအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်မှာ Valued Tourist များလာရောက်ရန် လိုအပ်ပေသည်။ Valued Tourist ဆိုသည်မှာ ခရီးစဉ်ဒေသများသို့သွားရောက်လည်ပတ်ရင်း၊ ငွေကြေးသုံးစွဲမှုဖြန်းအား (Spending Power) ကောင်းပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို မလိုလားသူများ၊ ယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားသူ၊ လူ့အခွင့်အရေးနှင့် လူမှုဘဝကိုမြှင့်တင်မှုကို ဦးစားပေးပြီး တာဝန်သိတတ်သည့်ခရီးသည်များကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာအားဖြင့် ပုဂံဒေသသို့လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်အချို့သည် ရှေးဟောင်းဘုရားအတွင်းရှိနံရံဆေးရေးပန်းချီများကို ဓာတ်ပုံမရိုက်ရဟု စာတန်းဖတ်မိသည်နှင့် လူလိုနားလည်သည်။ သို့သော် အချို့သောကမ္ဘာလှည့်ခရီးသည်များသည် ဘုရားစောင့်မမြင်အောင် ဓာတ်ပုံခိုးရိုက်သည်။ လစ်လျှင် ရှေးဟောင်းအုတ်ပိုင်းအစမှ ဘုရားဆင်းတုတော်အထိ ခိုးယူရန် ကြိုးပမ်းနိုင်သည်။ ထို့ကြောင့် ပုဂံဘုရားအချို့တွင် CCTV ကင်မရာများ တပ်ဆင်လာကြရသည်။ ပုဂံရှိ ထီးလိုမင်းလို ဘုရားတန်ဆောင်းတွင် ပုဂံရာဇဝင်နှင့် လားလားမှမဆိုင်သော "ပဒေါင်" အမျိုးသမီးသုံးဦးကို ခေါ်ယူပြီး ရက်ကန်းရက်ရင်းဓာတ်ပုံရိုက်နိုင်သည်။ ထိုသို့လုပ်ကွက်ကို Valued Tourist များအနေဖြင့် မနှစ်သက်ကြပေ။ Human Zoo နှင့်တူသည်။ လူများ၊ တိရစ္ဆာန်များကို ညှဉ်းပန်းပြီး ဆပ်ကပ်ကဲ့သို့ 'ပြစား' သည်ကို မလိုလားပေ။ အလားတူ အင်းလေးဒေသတွင် ဧည့်သည် လှေဖြတ်လာတာတွေ့မှ ဟန်အပြည့်ဖြင့် ခြေဖြင့်လှေလှော်ပြပြီး အင်းရိုးရာငါးဖမ်းပြသည်။ ဓာတ်ပုံရိုက်ပြီး မုန့်ဖိုးပေးခဲ့သူရှိတော့ မရမချင်း ပိုက်ဆံတောင်းသည်။ ဈေးနေ့များတွင် ပအို့ဝ်ဝတ်စုံများဖြင့်

ဟန်ရေးပြသည့် အဖွဲ့အချို့ရှိသည်။ ဓာတ်ပုံရိုက်ရာတွင် Professional ကင်မရာနှင့်ဆို တစ်ဈေး၊ ရိုးရိုးဖုန်းကင်မရာနှင့်ဆို တစ်ဈေး တောင်းသည်။ ကျပ်သုံးသောင်းမှ ငါးသောင်းထိ စတောင်းသည်။ မရလျှင် ပြဿနာရှာမည့်ပုံဖြစ်သည်။ ထိုသို့ဖြစ်စဉ်များသည် သက်ဆိုင်ရာအာဏာပိုင်များက ဟန့်တားရုံမှလွဲ၍ အရေးယူရန်လည်း ပြစ်မှုမမြောက်၍ ဖမ်းဆီး၍မရ။ ဧည့်လမ်းညွှန်က တာဝန်သိတတ်စွာရှောင်လွှဲပြီး ကြိုတင်သတိပေးထားလျှင် သင့်လျော်သည်။ ရိုးသားဖြူစင်သည့် ဒေသခံတိုင်းရင်းသားတို့၏ စိတ်ဓာတ်ကို ဖျက်ဆီးသူများသည် လူတန်ဖိုးထားသည့် Valued Tourist များ မဖြစ်တန်ပေ။ ထိုသို့သော တစ်နပ်စား အကြံအဖန်ရလိုသောစိတ်များသည် ဒေသခံများ၊ အာဏာပိုင်များ၊ Tourism Stakeholders များတွင် ကိန်းအောင်းလာခဲ့လျှင် ရေရှည်တည်တံ့မည့် ခရီးစဉ်ဒေသဖြစ်ရန် မလွယ်ကူကြောင်း သတိချပ်သင့်ပေသည်။

ယင်းအပြင် ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သော ရတနာပုံရွှေမြို့တော်မန္တလေး "တရုတ်တန်း" မှသည် နေရာတိုင်း တရုတ်တန်းတွေ ဖြစ်လာနေပြီဖြစ်၍ "ဗမာတန်း" ဟူပင် Place of Interest နေရာသစ် ကြိုတင်ဖန်တီးထားသင့်သည်။

၂၀၁၄ ခုနှစ် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်သည့်စာရင်းအရ ၃ ဒသမ ၀၈ သန်းတွင် ၆၀ ရာခိုင်နှုန်းခန့်မှာ နယ်စပ်ဝင်ပေါက်မှ လာရောက်သူများဖြစ်သဖြင့် အားလုံးကို Tourist စစ်စစ်ဟု မည်သူမှအတပ်မခြောနိုင်ပါ။ လေဆိပ်ဝင်ပေါက်မှ ဗီဇာရယူပြီးလာရောက်သူများအနက် ၄၀ ရာခိုင်နှုန်းခန့်မှာ FIT ခရီးသည်များဖြစ်သည်။ E-visa ဖြင့်လာသူအများစုဖြစ်သည်။ FIT Tourist များဖြစ်သည်။ Online မှ တိုက်ရိုက်ဝယ်ယူသူများဖြစ်သဖြင့် ခရီးသွား လိုင်စင်ရကုမ္ပဏီများနှင့် ချိတ်ဆက်မှုသိပ်မရှိပေ။ Package Tour မဝယ်သဖြင့် Guide များလည်း အလုပ်မရတော့ပေ။ လိုင်စင်ဧည့်လမ်းညွှန် ငါးထောင်ကျော်အနက် အများစုမှာ ပုံမှန်လိုက်နေရသည့် အနေအထားမရှိပေ။ အလားတူ Inbound Tour ကုမ္ပဏီ ၁,၇၀၀ ခန့် ရှိသည့်အနက်အများစုသည် Sleeping ကုမ္ပဏီများအဖြစ် ရှိနေကြသည်။ ရှိနေသူများသည် ခြောက်လလုပ်ခြောက်လနားသည့် Tourism ဝိုင်းတော်သားတွေ ဖြစ်ကုန်သည်။ လစဉ်ဟိုတယ်/ ခရီးဝန်ကြီးဌာန TRD သို့ ဧည့်သည်ဝင်ရောက်မှုသတင်းပို့သည့် ကုမ္ပဏီမှာ ၂၀ ရာခိုင်နှုန်းခန့်မျှသာရှိသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ရေရှည်တည်တံ့နိုင်ရေးအတွက် နည်းဗျူဟာများ ပြန်လည်သုံးသပ်သင့်သည်။ အရေးအတွက်ကို ဦးစားပေးမလား။ အရည်အချင်းကိုကြည့်ပြီး တိုင်းပြည်အတွက် လူမျိုးအတွက် အကျိုးပြုစေမည့် စစ်မှန်သောကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့်ဈေးကွက်ကိုသာ ဦးစားပေးမြှင့်တင်မည်ဆိုလျှင် ရေရှည် တည်တံ့မည့်ခရီးသွားလုပ်ငန်း (Sustainable Tourism Business) ဖြစ်လာနိုင်ပေမည်။

## ရွှေဥသည့်ငန်းကို မသတ်မိရန်လိုသည်

လိုင်စင်ရယူထားသည့်ခရီးသွားကုမ္ပဏီများသည် ရွှေဥဥပေးနေသည့်ငန်းနှင့်တူသည် Valued Market တစ်ခုရရှိရန် နှစ်ပေါင်းများစွာ အိတ်စိုက်ပြီး ကြက်ယက်သကဲ့သို့ ရှာဖွေကြရသည်။ FAM Trip ခေါ် အိမ်သို့စရိတ်အကုန်ခံဖိတ်ခေါ်ပြီး "အိမ်သာ၍ဧည့်လာအောင်" လုပ်ဆောင်ခဲ့ရာတွင်လည်း "လာ ... ကြည့် ... ပြန်" သူများနှင့် တိုးသူများလည်းရှိသည်။ စာရေးသူကုမ္ပဏီအနေဖြင့် ဆယ်စုနှစ်နှစ်စုအတွင်း ကိုယ့်တိုင်းပြည်လူသိအောင် ပြည်ပနိုင်ငံပေါင်းသုံးဆယ်ကျော်သို့ "ခေါင်းရွက်ဗျပ်ထိုး" Knock the Door Sale Call များသွားခဲ့သလို ခရီးသွားပြပွဲများတွင် ဆိုင်ခင်းပြသခဲ့ရသည်များရှိသည်။ မိမိတို့လို ဘဝတူခရီးသွားကုမ္ပဏီများသည် ထိုသို့ 'အိတ်စိုက်' လုပ်ခဲ့ရသည့် နိုင်ငံခြားငွေများနှင့် လွန်ခဲ့သော ဆယ်နှစ်ကျော်ခန့်က မြေကွက်ဝယ်ပြီး ဟိုတယ်ဆောက်လျှင်၊ သို့မဟုတ် အခြားစီးပွားရေး

တစ်ခုခုတွင် ရင်နှီးမြှုပ်နှံခဲ့မည်ဆိုလျှင် ယပ်ခတ်၍အေးအေးဆေး ဆေးနေနိုင်ပေလိမ့်မည်။ ဘဝတူ ခရီးသွား ကုမ္ပဏီတစ်ရာခန့်တွင် တစ်ဝက်ခန့်သည် လိုင်းပြောင်းကုန်သည်။ Fade Out ဖြစ်သွားသည်။ ရေရှည်တည်တံ့နိုင်မှုမရှိသဖြင့် ခရီးသွားလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် အခက်အခဲရှိလာနိုင်ပေသည်။ ခရိုနီအသွင်ပြောင်းသွားသည့် ခရီးသွားလုပ်ငန်းရှင်ဟူ၍ လက်ချိုးရေ၍ရသည်။ တစ်နပ်စားသူများကတော့ **"သမိုင်းတရားခံအဖြစ် နာမည်ဆိုးဖြင့် ကျန်ရစ်ပေတော့မည်"**။ မိမိတို့ချစ်သည့်မြန်မာ့မြေပေါ်တွင် ဒီရေကဲ့သို့ တက်လိုက်ကျလိုက်ဖြစ်နေသည့် ခရီးသွားလုပ်ငန်းကို မဆုတ်မနစ်သော ခွဲဖြင့် ကျားကုတ်ကျားခဲရန်းကန်ခဲ့ရာသက်လုံတော့ ကောင်းလာကြသည်။ မျှော်လင့်ချက် ရောင်ခြည်နီသန်းလာသည့် ခရီးသွားကဏ္ဍအရာဏ်တက်တွင် ရွှေ့ဦးများဆက်လက်ဥနိုင်ရေးအတွက် အားမွေးနေသည့်ငန်းများကျန်သေးသည်။ မျိုးဆက်သစ်များပေါ်ထွန်းရေးအတွက်လည်း စဉ်ဆက်မပြတ် Capacity Building များ လုပ်ဆောင်နေသည်။

ထိုသို့သောအချိန်တွင် အတွေ့အကြုံရှိ ဝန်ထမ်းများကို ဝယ်ယူခြင်း၊ ဈေးကွက်များကိုအောက်ဈေးဖြင့် ဈေးဖျက်ဆီးခြင်း၊ ခရီးစဉ်များတွင် လိုက်ပါလာသည့် Tour Leader များကို နည်းမျိုးစုံဖြင့် ဖြားယောင်း သိမ်းသွင်းပြီး ဟိုတယ်များမှ တိုက်ရိုက်ဈေးရောင်းခြင်း၊ လိုင်စင်မဲ့အခွန်ရှောင်ကာ မှောင်ခိုနည်းဖြင့် လုပ်ဆောင်နေခြင်း စသည့်ဖြစ်စဉ်များသည်လည်း ရှိလာနေပြီဖြစ်သည်။

**Business Ethics** ချိုးဖောက်ခြင်းသည် ကိုယ်ကျင့်တရားဖောက်ဖျက်ခြင်းပင်ဖြစ်သည်။ အဓိက လုပ်ဆောင်ရန်လိုအပ်သည်မှာ ခရီး သွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော လူအားလုံး ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော Tourism ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါသည်။ ထိုကဲ့သို့ စိတ်ဓာတ်များ ပေါ်ပေါက်လာစေရန် အသိပညာများတိုးပွားစေရန်လည်း နားလည်တတ်ကျွမ်းသော အဖွဲ့အစည်းများတွင် ဦးဆောင် တာဝန်ယူထားသူများအနေဖြင့် အသိပညာပြန့်ပွားစေရန် Knowledge Share ပေးရန်လိုအပ်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူအချို့ကလည်း တာဝန်ကို လျစ်လျူရှုမှု၊ တာဝန်မဲ့မှုများသည် "ရွှေဥသည့် ငန်းများကို သတ်နေသူများကို ကာကွယ်ပေးနေရာရောက်သည့် "အမျိုးသားအကျိုးစီးပွားကာကွယ်ရေးကို ခရီးသွားဥပဒေပြင်ဆင်ရေးဆွဲရာတွင် အဓိက ဦးစားပေးဆောင်ရွက်မှသာ ရေရှည်တည်တံ့မည့် ခရီးသွားစီးပွားရေးလုပ်ငန်း ရေရှည်တည်မြဲသည့် ခရီးစဉ်ဒေသဖြစ်လာပေတော့မည်။" ဆရာကြီးဦးအောင်သင်း မကွယ်လွန်မီလပိုင်းအလိုတွင်ပြောခဲ့သော နောက်ဆုံးစကားတစ်ခွန်းကိုသာ ကြားယောင်နေမိတော့သည်။

"သမိုင်းတစ်ခုကို သုံးသပ်တဲ့နေရာမှာ အားနာမနေရဘူး . . . အားနာနေလျှင် အဲဒါ . . . အနာဂတ်ကို သစ္စာဖောက်ရာရောက်တယ်လို့ သဘောပေါက်လိုက်ပါ"

မိမိတို့သည်လည်း မိမိကျွမ်းကျင်ရာခရီးသွားလုပ်ငန်းတွင် မိမိတိုင်းပြည်တည်ဆောက် ရေး၌ တစ်ထောင့် တစ်နေရာမှနှမ်းတစ်စေ့မျှပါဝင်လျက်ရှိရာ အနာဂတ်ကို သစ္စာမဖောက်မိရန်လိုသည်။ သို့မှသာ "သမိုင်းတရားခံများ မဖြစ်တန်ရာ" ဟူ၍တည်း။






## အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ၏ ပဂ္ဂလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ၂၀၁၆–၂၀၁၉ ခုနှစ်သက်တမ်းအတွင်း နိုင်ငံတော်အစိုးရနှင့် စီးပွားရေးဦးတည်ချက်များ မူဝါဒများအပေါ် အခြေခံပြီး လုပ်ငန်းကော်မတီ ၁၈ ခုအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာတွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ (ယခု) အသေးစား အငယ်စား အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ (Micro, Small and Medium Enterprise Development Committee) အဖြစ်ပြောင်းလဲခဲ့ပြီး နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများအား ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဖွဲ့စည်းထားသော အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် ပဂ္ဂလိကကဏ္ဍတွင် SME ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ အလုပ်ရုံဆွေးနွေးပွဲများ၊ Seminar များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ SME နယ်ပယ် အဝန်းအဝိုင်းမှာ လွန်စွာကျယ်ပြန့်သဖြင့် စက်မှုဝန်ကြီးဌာနတွင် SME ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ SME ကဏ္ဍသတင်းအချက်အလက်များ အချိန်မီသိရှိနိုင်ရန်နှင့် သတင်းအချက်အလက်များ မျှဝေနိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်ကာ Website တစ်ခုတည်ထောင်ဆောင်ရွက်ပြီး Viber Group ဖွဲ့စည်းဆောင်ရွက်နိုင်ပါရန် ဆွေးနွေးချက်များအရ သိရှိရပေသည်။

SME ကဏ္ဍမြှင့်တင်ရေးအတွက် လုပ်ငန်းသုံးသပ်အစီရင်ခံရေး အစည်းအဝေးတစ်ခုတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး

**ကဏ္ဍအသီးသီးအတွက် မြေနေရာ ရရှိစီမံခန့်ခွဲမှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ထမ်းများ၏ လစာငွေပြေငြိမ်းမှုများသည် စိန်ခေါ်မှုများ အဖြစ်ရှိနေသဖြင့် SME များ၏ ဖွံ့ဖြိုးတိုးတက်မှု အနည်းငယ် နေးကွေးနေရခြင်း ဖြစ်ပေသည်။**

ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆွေးနွေးရာတွင် ငွေကြေးအရင်းအနှီးနည်းပညာကဏ္ဍ စွေးကွက်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေလုပ်ထုံးလုပ်နည်း နည်းဥပဒေဆိုင်ရာ အခက်အခဲများရှိနေပြီး မိမိတို့ဌာနအနေဖြင့် နည်းပညာကဏ္ဍဖွံ့ဖြိုးရေးအား ကူညီထောက်ပံ့ပေးလျက်ရှိပါကြောင်းနှင့် SME လုပ်ငန်းငယ်များအတွက် CGI Loan (CGI-Credit Guarantee Insurance) ချေးငွေသည် လုပ်ငန်းငယ်ပိုင်ရှင်များအတွက် ဘဏ်သို့တင်ပြရမည့် စာရွက်စာတမ်းများ မရွေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်သည့် အချက်အလက်များအတွက် အဆင်သင့်မရှိခြင်းနှင့် အခြားလိုအပ်ချက်များ မပြည့်စုံခြင်းတို့အား SME Loan (CGI Loan) လျှောက်ထားသည့်အခါတွင် တွေ့ကြုံနေရပေသည်။ ပြည်တွင်းခရီးသွားလုပ်ငန်းကိုသာမက ပြည်ပခရီးသွားတိုးမြှင့်လာရေးအတွက် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများနှင့် ဆက်နွယ်ပြီး Awareness ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တိုးတက်လာစေမှာဖြစ်ပါကြောင်း ခရီးသွားကဏ္ဍတိုးမြှင့်လာစေရန်အတွက် UMTA ကဲ့သို့သော ခရီးသွားအသင်း အခြားမိတ်ဖက်အသင်းတို့နှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိစေမည်ဖြစ်ပါသည်။

SME ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း SME Loan များနှင့်ပတ်သက်၍ Export Promotion နှင့် Inport Substitution တို့အားဦးစားပေး၍ ချေးငွေထုတ်ချေးပေးမည်ကိုလည်း တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရပြီး ပြည်နယ်/တိုင်းဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်များကလည်း SME လုပ်ငန်းရှင်များထံသို့ တစ်နှစ်လျှင် ၉ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ချေးငွေများကို စိစစ်ထုတ်ပေးဆောင်ရွက်လျက်ရှိပါသည်။ SME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစာရင်းအင်းများအရ အဓိကကဏ္ဍသုံးခုအဖြစ် ကုန်ထုတ်လုပ်မှုကဏ္ဍ (Manufacturing)၊ ကုန်သွယ်မှုကဏ္ဍ (Trading) နှင့် ဝန်ဆောင်မှုလုပ်ငန်းများကဏ္ဍ (Servicing) အဖြစ်ရှိနေပြီး ကဏ္ဍအသီးသီးအတွက် မြေနေရာရရှိ စီမံခန့်ခွဲမှု၊ ကုန်ထုတ်လုပ်မှု၊ ဝန်ထမ်းများ၏ လစာငွေပြေငြိမ်းမှုများသည် စိန်ခေါ်မှုများအဖြစ်ရှိနေသဖြင့် SME များ၏ ဖွံ့ဖြိုးတိုးတက်မှုအနည်းငယ်နေးကွေးနေရခြင်းဖြစ်ပေသည်။

ထို့ပြင် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းများအဖြစ် ခရီးသွားကဏ္ဍကို တင်စားခေါ်ဝေါ်လေ့ရှိကြပြီး ဝန်ဆောင်မှုကဏ္ဍတွင်ပါဝင်နေသဖြင့် Tourism Industry အတွက် မြန်မာပြည်အတွင်း ပြည်တွင်း/ပြည်ပခရီးသွားများ သွားရောက်လေ့လာလိုသော သမိုင်းဝင်နေရာများ၊ ပင်လယ်ကမ်းခြေဒေသများနှင့်ပတ်သက်သော ပထဝီဝင်ဆိုင်ရာအချက်အလက်များ၊ ဒေသအသီးသီး၏ထွက်ကုန်များ၊ အမှတ်တရပစ္စည်းများနှင့် စိတ်ဝင်စားမှုတို့အပေါ် အချက်အလက်များအား စုစည်းတင်ပြဖြန့်ဝေပေးခြင်းဖြင့် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား လျင်မြန်စွာတိုးတက်စေရန် ကုန်သည်စက်မှုအသင်းချုပ် SME ကော်မတီကလည်း ညီနောင်အသင်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပေသည်။

ထို့ပြင် နိုင်ငံတော်အဆင့် MSEMs ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက် ၉ နာရီအချိန်၌ နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန-၂ တွင် ကျင်းပခဲ့ရာ အသေးစား အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးမြင့်ဆွေက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒုတိယဝန်ကြီးများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်၍ SME ကော်မတီဝင် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်အားပေးခဲ့သည်ကို တွေ့ရှိရခြင်းဖြင့် နိုင်ငံတော်နှင့်အတူ ကုန်သည်စက်မှုအသင်းချုပ်ကလည်း MSMEs ဖွံ့

ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ၊ တိုင်းနှင့် ပြည်နယ်အသီးသီးတို့ရှိ စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ အမိအရဆုပ်ကိုင်နိုင်ရန် ရည်ရွယ်လျက် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲများကိုလည်း နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဦးဆောင်ကျင်းပပြုလုပ်ပေးလျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၆၊ ၁၇ ရက်များ၌ ရန်ကုန်မြို့မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ချင်းပြည်နယ်ဒေသထွက်ကုန်ပြပွဲအား ကျင်းပခဲ့ရာ နိုင်ငံတော်ဒုသမ္မတဦးမြင့်ဆွေနှင့်အတူ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်ဒုတိယသမ္မတဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (Private Sector Development Framework) အား ထပ်မံအဆင့်မြှင့်တင်နိုင်ရန်အတွက်(က) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်း (ခ) ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ခြင်း (ဂ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ခြင်း (ဃ) အခြေခံလူသားအရင်းအမြစ်တည်ဆောက်ခြင်း (င) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတော်၏ အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲခြင်း စသည့် မဏ္ဍိုင်ငါးရပ်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ကို လမ်းညွှန်မှာကြားခဲ့ပါသည်။ အဆိုပါမဏ္ဍိုင်ငါးရပ်အနက် ခ၊ ဂ၊ ဃ၊ င ပါ အချက်များသည် အသင်းချုပ်က ဆောင်ရွက်လုပ်ကိုင်နေသည့် SME ကော်မတီအတွက်လည်း လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်မှတ်ယူပြီး နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် စီးပွားရေးတံခါးဖွင့်မူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာမှုများမှတစ်ဆင့် အခွင့်အလမ်းများ ဖိတ်ခေါ်လျက်ရှိနေပြီး အခြေခံအဆောက်အအုံ မလုံလောက်သည့် စိန်ခေါ်မှု (Challenges of Infrastructure) များအား အခွင့်အလမ်းများအဖြစ် ပြောင်းလဲအသုံးချနိုင်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း လိုက်ပါပြောင်းလဲလာနိုင်မည်ဖြစ်ပါသည်။





**အခြေခံအဆောက်အအုံ မလုံလောက်သည့် စိန်ခေါ်မှု (Challenges of Infrastructure) များအား အခွင့်အလမ်းများ အဖြစ် ပြောင်းလဲအသုံးချနိုင်ပါက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလည်း လိုက်ပါ ပြောင်းလဲလာနိုင်မည် ဖြစ်ပါသည်။**

ကုန်သည်စက်မှုအသင်းချုပ်၏ SME ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် ညီနောင်အသင်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် Kyo-Pay ဝန်ဆောင်မှုအဖွဲ့နှင့်တွေ့ဆုံပြီး အဆိုပါအဖွဲ့၏ တင်ပြချက်များအပေါ် SME ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် SME ကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး MBE အဖွဲ့နှင့်လည်းတွေ့ဆုံကာ အသင်းချုပ် SME ကော်မတီ၏ ဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ အနာဂတ်မျှော်မှန်းချက်များ တင်ပြပြီး အကြံပြုချက်များအား လက်ခံကျင့်သုံးဆောင်ရွက်လျက်ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် MSMEs လုပ်ငန်းရှင်အားလုံး ကောင်းမွန်သော ထုတ်ကုန်များထုတ်လုပ်နိုင်စေရေးတို့အတွက် ကုန်သည်စက်မှုအသင်းချုပ်၊ MSMEs ၊ ကော်မတီဝင်များ၊ ညီနောင်အသင်းများ၊ မိတ်ဖက်အသင်းများအား ဖိတ်ကြား၍ အစည်းအဝေးများ၊ Forum များ၊ Seminor များ ကျင်းပပြုလုပ်ပြီး စာတွေ့၊ လက်တွေ့ဆိုင်ရာအကြံဉာဏ်များ ရယူပံ့ပိုးပေးလျက်ရှိပါသည်။ MSMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံမှ လည်း နည်းပညာအကူအညီများ၊ အကြံဉာဏ်များ၊ သတင်းအချက်အလက်များ လျှောက်ထားရယူနိုင်ရေးအတွက်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုဖြင့် "အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ" က ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။

ကုန်သည်စက်မှုအသင်းချုပ် SME ကော်မတီသည် နိုင်ငံတော်အစိုးရ MSMEs ဗဟိုကော်မတီ၏ အဖွဲ့ဝင်များဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မိမိတို့၏ညီနောင်အသင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများလက်တွဲပြီး SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ရပေသည်။

# စုံကုန်ကားငှား

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)




၁၉၈၀ ပြည့်နှစ်၊ မေလ၏ နေ့တစ်နေ့တွင် ...

"ဆေးရုံကြီး ရောဂါတိုက်နားကို သွားမယ်။ ဘယ်လောက်ပေးရမလဲ"

"၂၅ ကျပ်"

"ဟာ...များတာပေါ့ဗျာ"

အငှားကားဆရာသည် စကားပင်ဆက်၍ မပြောတော့ဘဲ ကားကို ဂူးခနဲမောင်းထွက်သွား၏။

"တောက်... မတန်တဆတောင်းရက်ကြတယ်"

သက်မောင်သည် တစ်ကိုယ်တည်း မကျေမချမ်းရေရွတ်လိုက်မိ၏။ ဟော လာပြန်ပြီ နောက်ထပ်တစ်စီး။ သို့ရာတွင် ခရီးသည်နှင့် အငှားယာဉ်မောင်းတို့သည် ကားခကို ညှိနှိုင်း၍ မရကြ။ နောက်ထပ်တစ်စီးပြီးတစ်စီး တားလိုက် ရပ်လိုက်၊ မေးလိုက် ဖြေလိုက်၊ ဂူးခနဲမောင်းထွက်သွားလိုက်နှင့် ကြာတော့လည်း သက်မောင် စိတ်ပျက်ချင်သလိုလို ဖြစ်လာ၏။ လက်ပတ်နာရီကိုကြည့်လိုက်တော့ ၁၂ နာရီခွဲခါနီးပြီ။

"အင်း ... အသုဘကလည်း မွန်းလွဲ ၁ နာရီတိတိမှာ ချမယ်ဆိုတော့ မီမှ မီနိုင်ပါဦးမလား။ ငါ့အိတ်ထဲမှာလည်း ငွေ ၂၂ ကျပ်ပဲ ရှိနေတော့ သည်းခံပြီး စောင့်ရဦးမှာပေါ့လေ။ အမှန်ကတော့ ဒီခရီးဟာ အလွန်ဆုံးမှ ၁၅ ကျပ်လောက်ပဲတန်တာ"

သူသည် ကုန်သည်လမ်းစာပေဗိမာန်သို့ ကိစ္စတစ်ခုဖြင့်လာရင်း စာအုပ်သုံးအုပ်ဝယ်လိုက်မိသောကြောင့် အိတ်ထဲတွင် ငွေလက်ကျန်နည်းသွားရခြင်း ဖြစ်၏။ မွန်းလွဲ ၁ နာရီတိတိတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှတာမွေသုသာန်သို့ ပို့ဆောင်သင်္ကြံမည့် အသုဘတစ်ခုကိုလည်း မလွဲမသွေ လိုက်ပို့ရဦးမည်ဖြစ်ရာ သူ့ခမျာ အကြံအိုက်လျက် ရှိနေရှာ၏။

ဟိုင်းလက်စ် အင်္ဂပားကားလွတ်ကြီးတွေက သူ့ရှေ့မှတစ်စီးပြီးတစ်စီး ဖြတ်မောင်းသွားကြသော်လည်း ...

"အင်း .. မာဇဒါကားကလေးတွေတောင် ဒီခရီးကို ၂၅ ကျပ် တောင်းနေကြတာ။ ဒီကားကြီးတွေဆိုရင် အနည်းဆုံးသုံးဆယ်ထက်လျော့မှာ မဟုတ်ဘူး"

သို့ကလို အတွေးတစ်ရပ်က ခြောက်လှန့်နေသဖြင့် မတားရဲ၊ မငှားရဲခဲ့ချေ။ လက်ပတ်နာရီကို ကြည့်လိုက်မိပြန်သည်။ ဟိုက်–ဒုက္ခာ၊ မွန်းလွဲ ၁ နာရီထိုးရန် ၁၅ မိနစ်သာ လိုတော့သည်။ ထိုအခိုက် အဝါရောင်ဟိုင်းလက်စ်ကားကြီးတစ်စီးက သူ့ရှေ့နားတွင် ကွေ့ခနဲ ထိုးရပ်သွားပြီး ယာဉ်မောင်းသူကလည်း ဖော်ဖော်ရွေရွေပင်။

"ဘယ်ကိုသွားမလို့လဲ ခင်ဗျာ"

"ဆေးရုံကြီး ရေခဲတိုက်နားကိုပါ။ နှစ်ဆယ်လောက်နဲ့ ပို့ပေးနိုင်မလားခင်ဗျာ" ဟု သူက မဝံ့မရဲမေးလိုက်မိရာ...

"ကဲ ...ကဲ တက်ပါဆရာ။ ကျွန်တော်ပို့ပေးပါမယ်"

အခုမှ သူ့ခမျာ ရင်အေးသွားရှာတော့၏။ သူသည် အပေါ်ဝတ်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်ကာ တစ်လိပ်ကို မီးညှိပြီး အားရပါးရ ဖွာရှိုက်လိုက်၏။ ဒရိုင်ဘာဘက်သို့လည်း စီးကရက်ဘူးကို ကမ်းပေးလိုက်ရာ ...

"ဟာ ... နေပါစေခင်ဗျာ။ ကျွန်တော် မသောက်တတ်ပါဘူး။ ဆရာ့ကိုကြည့်ရတာ တော်တော်ကို ရင်မောနေပုံရတယ်။ သိပ်ပြီး ရင်းနှီးတဲ့သူတစ်ယောက်ရဲ့ အသုဘကို လိုက်ပို့ဖို့အတွက် စိတ်စောနေတယ်ထင်တယ်"

"ဟာ... ဟုတ်ပါတယ်။ ခင်ဗျားရဲ့ကားနဲ့သာ အဆင်မပြေရင် ကျွန်တော်အဲဒီအသုဘကို လိုက်ပို့ဖို့ မိနိုင်မှာမဟုတ်တော့ဘူး။ အရင်းနှီးဆုံးသူငယ်ချင်းအမေရဲ့ အသုဘဆိုတော့ မပို့လို့မဖြစ်ဘူး။ သိပ်ပြီးမျက်နှာနာစရာဖြစ်နေတယ်လေ"

"ကားတွေက ငှားလို့ မလိုက်ကြဘူးလား"

"ဟာ ... လေးဘီး၊ မာဇဒါကလေးတွေက ၂၅ ကျပ်တောင် တောင်းတာဗျ။ ကျွန်တော့်အိတ်ထဲမှာလည်း ငွေက ၂၂ ကျပ်ပဲ ကျန်တော့တာ။ ကားကြီးတွေကတော့ မကြာခဏာ ဖြတ်သွားပါရဲ့။ သုံးဆယ်၊ လေးဆယ်လောက် တောင်းမယ်ထင်ပြီး မတားရဲခဲ့ဘူးပေါ့ခင်ဗျ"

"ဟား ...ဟား ...ဟား ဖြစ်ပုံများနှယ်၊ တယ်ပြီး ရယ်စရာကောင်းတာပဲဗျာ။ ကျွန်တော်တို့လို အငှားကားကြီးမောင်းသူတွေကလည်း ကိုယ့်ကားကို အင်မတန်မှ တားစေချင်တယ်၊ ငှားစေချင်တယ်။ စျေးဆစ်ချင်တယ်ဆိုရင်လည်း ဆစ်နိုင်သေးတယ်။ တော်ရုံသင့်ရုံစျေးရရင် လိုက်ပို့ပေးတာချည်းပါပဲ။ ဒါပေမဲ့ခရီးသည်တွေကလည်း ကျွန်တော်တို့ အငှားကားကြီးမျိုးတွေကိုကျတော့ ဟိတ်ဟန်ကြောင့် လန့်ပြီး မတားရဲ မငှားရဲကြဘူးခင်ဗျ။ အမှန်က တချို့ခရီးသည်တွေမှာ ကျွန်တော်တို့လို ကားကြီးတွေက ကားကလေးတွေထက်တောင် စျေးသက်သာသေးတယ်၊ အဲဒါကို သူတို့မသိကြရှာဘူး။ ခရီးသည်မရဘဲ အလကားလျှောက်မောင်းနေရမယ့်အစား တော်ရုံသင့်ရုံကားခရရင် လိုက်ပို့လိုက်တာက ပိုပြီးအကျိုးရှိတယ်မဟုတ်လား ခင်ဗျာ"

သက်မောင်၏ ခေါင်းထဲသို့ အကြံ

ကောင်းတစ်ချက်ကလက်ခနဲဝင်လာ၏။ သူက တစ်ဖတ်သတ်ချစ်နေမိခဲ့သော မမမြိုင်၏ မျက်နှာကိုလည်း ကွက်ခနဲမြင်ယောင် လိုက်မိသည်။ ဒေါ်သီတာမြိုင် (ခေါ်) မမမြိုင်။

"ကဲ ... ရေခဲတိုက်ကို ရောက်ပါပြီ။ ဆရာ လိုက်ပို့ရမယ့်အသုဘကိုတော့ မီရုံပဲရှိမယ်ထင်တယ်"

အငှားယာဉ်မောင်းသူက သတိပေးလိုက်တော့မှ သူသည် ကားတံခါးကို ဆွဲဖွင့်ကာ ကမန်းကတန်းနှင့် ဆင်းလိုက်မိ၏။


"အေးဗျာ ... ခင်ဗျားရဲ့ ကျေးဇူးပါပဲ။ အသုဘကိုပို့ဖို့အတွက် မီရုံသာမကဘူး၊ အတွေးအခေါ်တစ်ခု ပြောင်းလဲသွားပြီး အကြံကောင်းတစ်ချက်ကိုပါ ရလိုက်တယ်ဗျို့"

"ဟာ ... တယ်ဟုတ်ပါလား၊ ဘယ်လို အကြံကောင်းမျိုးလဲဆရာ"

"အိုး ... ဒါကတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စဖြစ်နေလို့ မပြောပါရစေနဲ့တော့။ ခင်ဗျားနဲ့ တွေ့ကြုံသိကျွမ်းခင်မင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ရော့ ... အဲဒါက ကျွန်တော့်ရဲ့လိပ်စာကတ်ပြားလေး"

"ကျွန်တော့်နာမည်က အောင်ဖေဝင်းပါဆရာ။ ရေကျော်ဇီဇဝါလမ်းမှာနေပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ဘွဲ့ယူပြီး တက္ကစီမောင်းနေတဲ့ လမ်းပေါ်ကအညတရ လေးတစ်ယောက်။ နောင်တွေ့ရင်လည်း ခေါ်ပါဆရာ၊ သွားမယ်နော်"

"အင်း ... ငါဟာ အချစ်ရေးကိစ္စမှာ လေးဘီးအငှားကားကလေးတွေကို တားပြီး ငှားစီးဖို့ ကြိုးစားသလို အထင်နဲ့အမြင် ပါစင်အောင် လွဲခဲ့ရဖူးတယ်။ ငါနဲ့ တန်းတူရည်တူ နည်းပြဆရာမလေးဌေးဌေးကို လက်ထပ်ဖို့ ချစ်ရေးဆိုပြီး စကားကမ်းလှမ်းကြည့်တုန်းက တိုက်တစ်လုံး ကားတစ်စီးပိုင်တော့မှ သူ့ကို လာပြောပါတဲ့။ နို့မိုရင်တော့ အိပ်မက်တောင် မမက်ပါနဲ့တဲ့၊ အဲဒီလို မောက်မောက်မာမာ ပြန်ပြောတာကို ခံခဲ့ရတယ်။" ငါဟာ မမမြိုင်ကို တစ်ဖက်သတ် နှစ်နှစ်ကာကာ ချစ်နေမိပါလျက်ကယ်နဲ့ မမမြိုင်ဟာ ချောတယ်။ မဟာဝိဇ္ဇာတွဲ့ရထားတယ်။ သူ့မိဘကလည်း ချမ်းသာတယ်။ သူ့ရဲ့ ရာထူးအဆင့်ကလည်း ကထိကဖြစ်နေတယ်ဆိုတဲ့ ရှုပါခနံနဲ့ဂုဏ်အရှိန်တွေကို ရွံ့ပြီး ချစ် ရေးမဆိုဝံ့ခဲ့ဘူး။ ဟိုင်းလက်စ်အငှားကားကြီးကိုတားပြီး ငှားစီးရဲခဲ့သလိုပေါ့။ တကယ်တော့ မမမြိုင်ဟာ ဟိုင်းခါနီးအပျိုကြီးတစ်ယောက်ဖြစ်တဲ့အပြင် ငါ့အပေါ်မှာ ကရုဏာ



ရော စေတနာပါ အပြည့်အဝရှိနေတယ်ဆိုတာ သူ့ရဲ့ဆက်ဆံမှုတွေက အရိပ်ပြနေခဲ့ကြသားပဲ။ ငါကသာ ကြောက်နေလို့ အဲဒီအရိပ်တွေကို အကောင်မထင်တတ်ခဲ့တာကိုး။ ငါသာချစ်ခွင့်ပန်ရင် သူဟာ ဘယ်နည်းနဲ့မှ ငြင်းမှာမဟုတ်ဘူး။ သက်မောင်တို့ အိုရချည်သေးရဲ့။ ဟေ .... ဟေး .... တောက်.... ဒီအတွေးအခေါ်အမှန်နဲ့ အကြံကောင်းကို ဒီကနေ့ ရေခဲတိုက်သွားဖို့ ဟိုင်းလက်စ်ကားကြီးကို ငှားစီးမှပဲရတော့တယ်။ အင်း အချိန်တော့ မနှောင်းသေးပါဘူးထင်တယ်”

သို့ကလို တွေးမိသည့်တိုင်အောင် ချီတုံချတုံ ဖြစ်နေသဖြင့် နောက်ထပ်တစ်လလောက်ကြာမှ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချလိုက်နိုင်တော့သည်။

“ဒီကနေ့ မမမြိုင်ဆီကို အရောက်သွားမယ်။ ပြီးတော့ ချစ်ခွင့်ပန်မယ်။ သူကသာ လက်ခံမယ်ဆိုရင် လက်ထပ်ဖို့ အမြန်ဆုံးစီစဉ်ရမယ်”

သူသည် ရေမိုးချိုးပြီး သပ်ရပ်လှပစွာ ဝတ်စားဆင်ယင်ကာ အိမ်အပြင်ဘက်သို့ ထွက်လာစဉ် ...

“စာပါတယ် ခင်ဗျာ့။ ဆရာဦးသက်မောင်အတွက် မှတ်ပုံတင်စာ၊ လက်မှတ်ထိုးပြီးယူရပါမယ်”

စာပို့လုလင်လေး၏ အော်သံကြောင့် သူ့ခြေလှမ်းများ တုံ့သွားရသည်။ ဘယ်ကစာများပါလိမ့်ဟု သိချင်စိတ်စောကြောင့် ရွေးပြီးပြီးချင်း ဖောက်ကြည့်လိုက်သောအခါ....

*ဆရာခင်ဗျား ...*

*ကျွန်တော့်ကိုတော့ မှတ်မိမယ်ထင်ပါတယ်။ တစ်ခါက အသုဘတစ်ခုပို့ဖို့ကိစ္စအတွက် စာပေဗိမာန်ကနေ ရေခဲတိုက်အသွားဆရာငှားပြီးစီးခဲ့တဲ့ ဟိုင်းလက်စ်အငှားကားမောင်းသမား အောင်ဖေဝင်းပါ။ အခုလာမယ့်တနင်္ဂနွေနေ့မှာ ကျွန်တော်မင်္ဂလာဆောင်တော့မယ်ဆရာ။ သတို့သမီးကတော့ ရုန်ကုန်တက္ကသိုလ် (....) ဌာနမှာ ကထိကအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒေါ်သီတာမြိုင်ဖြစ်ပါတယ်။ မမမြိုင်နဲ့ ကျွန်တော်သိကျွမ်းရင်းနှီးခဲ့ကြတာတော့ ကြာပါပြီ။ သူ့အိမ်က မော်တော်ကားပျက်တဲ့အခါတိုင်း ကျွန်တော့်ကားကိုငှားပြီး စီးလေ့ရှိခဲ့ပါတယ်။ သူ့ကိုကျွန်တော် တစ်ဖက်သတ်ချစ်ခဲ့မိပေမယ့် ချစ်ရေးမဆိုဝံ့ခဲ့ပါဘူးဆရာ။ အဲ .... ကျွန်တော့်ကို ရဲဆေးတင်ပေးလိုက်တာကတော့ ဆရာကျွန်တော့်ရဲ့ကားကို ငှားစီးခဲ့တဲ့နေ့ပါပဲ။ မမမြိုင်နဲ့ ကျွန်တော့်ရဲ့ အခြေအနေမှာ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ခရီးသည်လို သဘောထားပြီး စဉ်းစားမိသွားတယ်။ ဘယ်လိုလဲဆိုတော့ ဟိုင်းလက်စ်အငှားကားကြီးတားပြီး ငှားမစီးရဲတဲ့ ခရီးသည်တစ်ယောက်အနေနဲ့ပေါ့ဆရာ။ အဲဒါကို စဉ်းစားမိရော။ နောက်တစ်ပတ် မမမြိုင်နဲ့ ကျွန်တော်ဆုံတဲ့အခါ ရဲရဲဝံ့ဝံ့ချစ်ခွင့်ပန်လိုက်တော့တယ်။ ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်နဲ့ မေတ္တာဟာ စစ်မှန်လို့လားမသိဘူး ဆရာရေ။ အခြေအနေကတော့ ဖိတ်စာဝေတဲ့အဆင့်ထိရောက်သွားပြီလေ။ မမမြိုင်ကလည်း သူဟာ ဆရာနဲ့သိကျွမ်းခင်မင်သူဖြစ်ကြောင်း ပြောပြပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ မင်္ဂလာဆောင်ကို ဆက်ဆက်ကြွပါလို့ ကျွန်တော်ရော မမမြိုင်နှစ်ဦးစလုံးတို့က အနှုးအညွတ် ဖိတ်ကြားလိုက်ပါတယ် ဆရာ။ ဒီရက်အတောအတွင်း ကျွန်တော်တို့နှစ်ယောက် စလုံးအရေးပေါ်ခရီးသွားစရာရှိနေလို့ မင်္ဂလာဆောင်ဖိတ်စာကို စာတိုက်ကပဲ မှတ်ပုံတင်စာနဲ့ပို့လိုက်ရတဲ့အတွက် ခွင့်လွှတ်ပါခင်ဗျား။*

*လေးစားမှုဖြင့် ...*

*အောင်ဖေဝင်း*

သက်မောင်၏ မျက်စိများ ပြာဝေ၍သွား၏။ သူသည် အောင်ဖေဝင်းထံမှ စာနှင့် မင်္ဂလာဆောင် ဖိတ်စာကတ်ပြားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိသည်။ လူတို့သည် တစ်ခါတစ်ရံ အခြေအနေတစ်ခုခုကို အကြောင်းပြုပြီး အကြံဉာဏ်ကောင်းများ ရရှိတတ်ကြ၏။ သို့ရာတွင် ချက်ချင်းအကောင်အထည် မဖော်လိုက်မိပါက အခါနောင်းပြီး ထိုအကြံကောင်းသည် အကျန်ကောင်းဖြစ်သွားရတတ်ပေသည်။



# ကုန်သွယ်စီးပွား မြန်ပြည့်အား

ကြည်သိန်းဇော်

ပြည်မြန်မာဖွံ့ဖြိုးဖို့
တိုးတက်မှုမှန်းမျှော်ရည်။
အခြေခံမူအကောင်း
စုပေါင်းဆောင်မည်။
ပြည်တွင်းကို အခြေတည်
ပြည်ပနဲ့ ချိတ်ဆက်ထား။
ကုန်သွယ်မှုခွင့်ရေးကောင်း
စုပေါင်းလက်များ။

အထွေထွေလုပ်ငန်းစု
ကုန်သွယ်မှုဖွဲ့နှောင်။
အဆင်ပြေလုပ်ငန်းချော
မမောရအောင်။

တာဝန်ကျခေါင်းမရှောင်
ထမ်းဆောင်မည် မခိုတမ်း။
စည်းကမ်းမူအမှန်ရှိ
ချိန်ပြည့်ရွက်ထမ်း။

စီးပွားရေးတောင့်တင်းမှ
မြန်ပြည်လှသာပေမည်။
သုံးရာသီအမြတ်မှန်း
လှုဒါန်းညီညီ။
ညီညာမှ ပြည်သာစည်
ရည်မှန်းချက်မြင့်မြင့်ထား။
ပြည်မြန်မာအခြေတင့်အောင်
မြှင့်ကြစို့လား။

# မြန်မာ့ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ စိန်ခေါ်သံများနှင့် ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု

ဦးဇော် (UMFCCI)

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (Micro၊ Small and Medium Size Enterprises: MSMEs) သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးသော ကျောရိုးမဏ္ဍိုင်အဖြစ် လက်ခံကျင့်သုံးအလေးထားကာ နည်းလမ်းကောင်းများ ရှာဖွေ၍ မူဝါဒနှင့် နည်းဗျူဟာများ ချမှတ်အားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။

မြန်မာနိုင်ငံ၏ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ (MSMEs) သည် တိုင်းပြည်အတွက် ဖွံ့ဖြိုးမှု မောင်းနှင်အား (Development driver) အဖြစ် အရေးပါလျက်ရှိပြီး နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၌ အားလုံးပါဝင်သည့် တိုးတက်မှု (All Inclusive Growth) အတွက် အထောက်အကူဖြစ်ပါသည်။ ထို့ပြင် MSMEs များသည် ပြောင်းလဲနေသော စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင်ကို တုံ့ပြန်နိုင်စွမ်းရှိခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးပေးနိုင်စွမ်းရှိခြင်းနှင့် နိုင်ငံ၏နေရာအနှံ့အပြားတွင် တည်ရှိနေခြင်း စသည့် အားသာချက်များကြောင့် MSMEs များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၊ အစိုးရ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးပြည်နယ် အစိုးရ၊ စီးပွားရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ညီလက်ညီ မဟာဗျူဟာများချမှတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

လက်ရှိ မြန်မာနိုင်ငံမက်ခရိုစီးပွားရေးပေါ်လစီတွင် MSMES အခန်းကဏ္ဍကို အလေးထား ဆွေးနွေးဆဲဖြစ်သော်လည်း လုပ်ငန်းအစီအမံများ မည်မျှအတိုင်းအတာထိ အကောင်အထည်ဖော် လုပ်ဆောင်ပေးနိုင်သည်ကို ပြန်လည်ဆန်းစစ်ရန် (Monitoring) လိုအပ်ပါသည်။ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်လျှင် အာရှဒေသ၌မကြာမီ တိုးတက်လာမည့်၊ အလားအလာကောင်းသည့် နိုင်ငံတစ်ခုအဖြစ်ရောက်ရှိလာမည်ဟု သုံးသပ်ရှုမြင်နိုင်ပါသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေအနေသုံးသပ်ချက်

နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာ နိုင်ငံတစ်ဝန်းမြို့ရပ်နှင့် ကျေးလက်ဒေသနှစ်ခုလုံး၌ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါသည်။ အလုပ်အကိုင်ရရှိမှသာ ဝင်ငွေရရှိနိုင်မည်ဖြစ်ပြီး ဝယ်လိုအား မြင့်တက်လာမှုနှင့်အတူ လူလတ်တန်းစားကြီးထွားလာမည်ဖြစ်၍ ဆင်းရဲမှုလျော့ပါးစေမည် ဖြစ်ပါသည်။ ဝယ်လိုအားအားကောင်းလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုမြင့်တက်လာခြင်း၊ ပြည်တွင်း ပြည်ပကုန်သွယ်မှု တိုးတက်လာခြင်းများ ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာ့ပုဂ္ဂလိက ကဏ္ဍတွင် အကြီးစား လုပ်ငန်းကြီးများမှာ ၁၀ ရာခိုင်နှုန်း ခန့်မျှသာရှိပြီး၊ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ ကိုးဆယ်ကျော် ပါဝင်နေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ စီးပွားရေးလုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မည်မျှရှိသည်ကို တိတိကျကျ ဖော်ပြရန် ခက်ခဲရသည့် အကြောင်းရင်းမှာ ထိုလုပ်ငန်းများ၏ စာရင်းများ (Census) ကို တစ်နိုင်ငံလုံး အနှံ့မကောက်ယူနိုင်သေးသည့်အတွက် ဖြစ်ပါသည်။ အခြားအကြောင်းမှာ ထိုလုပ်ငန်းများ မှတ်ပုံတင်ရသည့် အစိုးရဌာနများမှာ ကွဲပြားလျက်ရှိနေသည့်အတွက်ကြောင့်လည်း ထိုလုပ်ငန်းများ စုစုပေါင်းမည်မျှရှိသည်ကို တိတိကျကျဖော်ပြရန် ခက်ခဲရပါသည်။ အိမ်နီးချင်းအိန္ဒိယနိုင်ငံအစိုးရသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းဝန်ကြီးဌာနတစ်ခုကို သီးသန့်ဖွဲ့စည်းထားပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခါအားလျော်စွာ Census ကောက်ယူ၍ စစ်တမ်းထုတ်ပြီး ဆောင်ရွက်လေ့ရှိပါသည်။[၁]

စီးပွားရေးတောင့်တင်းပြီး ဖွံ့ဖြိုးနေသည့် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အခြေအနေစာရင်းဇယားများကို နှစ်စဉ်ထုတ်ပြန်လေ့ရှိပါသည်။ ဗီယက်နမ်က နှစ်စဉ်ထုတ်ပြန်သည့် စာရင်းမှာ အတော်ပင် ပြည့်စုံပါသည်။ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများက နှစ်စဉ်ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။[၂]

မြန်မာနိုင်ငံအစိုးရဌာနများ၏ ဌာနဆိုင်ရာများ၌ မှတ်ပုံတင်ထားသည့် လုပ်ငန်းပေါင်း ၁၇,၀၀၀ နီးပါးရှိသည့်အနက် ၉၉.၄ ရာခိုင်နှုန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ပါသည်။[၃] ထို့ပြင် မှတ်ပုံမတင်သော်လည်း လည်ပတ်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၆၂၀,၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားပါသည်။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ မှတ်ပုံတင်ပြီး သေး၊ ငယ်၊ လတ် စက်မှုလုပ်ငန်းများ အရေအတွက်မှာ ၂၀၁၉ ခုနှစ်၊ မတ်လထိ ၅၁,၂၉၇ ရှိပြီး[၄] တိုင်းဒေသကြီးနှင့် ပြည်နယ်၊ နေပြည်တော်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ လာရောက်မှတ်ပုံတင်သည့် အရေအတွက်မှာ ၂၀၁၉၊ ဇူလိုင်လစာရင်းအရ စုစုပေါင်း ၂၈,၀၀၀ ကျော်[၅] ရှိကြောင်း သိရှိရသည်။

## နိုင်ငံတော်အစိုးရ၏ MSMES ဖွံ့ဖြိုးရေး အစီအမံများ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို သမ္မတရုံးအမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် တွဲဖက်ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်

[၁] First MSME Census: 1973-74: Second: 1990-912; Third: 2002-2003; etc. see at/www dcmsme.gov.in/ ssindia/census/ch1.htm/ census အစီရင်ခံစာကိုလည်း ပွင့်လင်းမြင်သာစွာဖြင့် အဆိုပါ website မှတဆင့် ထုတ်ယူရရှိနိုင်ပါသည်။

[၂] SME Policy Index-ASEAN 2018, OECD, ERIA 2018 P.13

[၃] OECD Report (2016) quoted in Myanmar Micro, Small and Medium sized Enterprise (MSME) Master plan: MoI, FNF & Impact HUB, 2019.

[၄] SMIs dataas of 31-03-02019 data: http://www.myanmarsme.gov.mm/en/page/228

[၅] စက်မှုဝန်ကြီးဌာန၊ SME ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၁၁.၇.၂၀၁၉ စာရင်း

**မြန်မာနိုင်ငံတစ်ဝန်း၌ အသေးစား၊ အငယ်စား နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မည်မျှရှိသည်ကို တိတိကျကျ ဖော်ပြရန် ခက်ခဲရသည့် အကြောင်းရင်းမှာ ထိုလုပ်ငန်းများ၏ စာရင်းများ (Census) ကို တစ်နိုင်ငံလုံးအနှံ့ မကောက်ယူနိုင်သေးသည့်အတွက် ဖြစ်ပါသည်။**

၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ဆောင်ရွက်ပြီး ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အဖွဲ့ဝင် စုစုပေါင်း ၂၅ ဦးဖြင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန် ၁၁ ခု ကို ချမှတ်အကောင်အထည်ဖော်လျက် ရှိပါသည်။ အဓိက လုပ်ငန်းစီမံချက်များအနေနှင့် MSMEs စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်း၊ ငွေကြေးအကူအညီနှင့်နည်းပညာများ ကူညီပေးခြင်း၊ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးမှုအားပေးမြှင့်တင်ပေးခြင်း၊ လူသားအရင်းအမြစ် လေ့ကျင့်ပြုစုပျိုးထောင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနည်းပညာအသုံးပြုရေး၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရေး၊ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေး၊ လုပ်ငန်းကော်မတီများ၊ အောျင်စီများ၊ ဖွဲ့စည်းတာဝန်ပေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးစသည့် မူဝါဒများချမှတ်လုပ်ကိုင်ပေးလျက်ရှိပါသည်။


ဗဟိုကော်မတီက ချမှတ်ထားသည့် လုပ်ငန်း တာဝန်များကို အကောင်အထည်ဖော်လုပ်ကိုင်နိုင်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို ဒုတိယသမ္မတ (၁) ဦးဆောင်သည့် အဖွဲ့ဝင်လေးဆယ်ဦးပါဝင်သည့် လုပ်ငန်းကော်မတီကို ဗဟိုကော်မတီ၏ ၂၉.၁၁.၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။ အဆိုပါ ကော်မတီတွင် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၏ ဥက္ကဋ္ဌတို့မှာ အဖွဲ့ဝင်အဖြစ် ပါဝင်ပါသည်။ ကော်မတီက လုပ်ငန်းတာဝန် ၁၄ ခု ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အောျင်စီအဖွဲ့၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်ခြင်းနှင့် ညှိနှိုင်းအကောင်အထည်ဖော်အဖွဲ့ သုံးဖွဲ့ကို ဖွဲ့စည်း၍ ငွေကြေးအရင်းအနှီးရရှိရေး၊ နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်ရေး၊ ကျွမ်းကျင်လုပ်သားလေ့ကျင့်ပျိုးထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ MSMES များ၏ ကြုံတွေ့နေရသော အဟန့်အတား၊ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ကူညီပေးခြင်း၊ စျေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်ရေးများ ကူညီပံ့ပိုးဆောင်ရွက်ခြင်း စသည့်လုပ်ငန်း အစီအမံများကို အစိုးရ၊ ပုဂ္ဂလိက (Public-Private Partnership) ပူးပေါင်း၍ အကောင်အထည်ဖော်လုပ်ကိုင်ပေးလျက်ရှိပါသည်။

ထို့ပြင် နိုင်ငံတော်မှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ[၆] ကို ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ[၇] ကိုလည်း ထိုနှစ်၌ပင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအောျင်စီသည် လက်တွေ့အကောင်အထည်ဖော်ရာ၌ ပဓာနကျသည့် အခန်းကဏ္ဍမှာ ပါဝင်နေပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအောျင်စီ၏ ဥက္ကဋ္ဌမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးဖြစ်ပါသည်။ တွဲဖက်ဥက္ကဋ္ဌအဖြစ် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဆောင်ရွက်ပြီး ကုန်

[၆] Small and Medium Enterprise Development Policy (2015) - Myanmar EN. https://myanmaren.fnst.org/sites/.../policy-minibook-final.pdf

[၇] *www.doca.gov.mm/sites/default/.../SMEs%20Development%20Law%201%202015.pdf*




အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွား ရေးလုပ်ငန်းများဗဟိုနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပုံ[၉]
MSME Central Committee and Working Committees Structure

သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌက ဒုတိယ ဥက္ကဋ္ဌအဖြစ်ပါဝင်ပြီး အဖွဲ့ဝင် ၁၇ ဦး ရှိပါသည်။ ထိုအဖျင်စီ၏ အတွင်းရေးမှူးမှာ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ချမှတ်ထားသည့် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ထိုအဖျင်စီ၏ လုပ်ငန်းတာဝန်များမှာ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ၏ ထွက်ကုန်များ ကုန်စည်ပြပွဲများ၊ ထွက်ကုန်ပြိုင်ပွဲများ ကျင်းပခြင်း၊ အမျိုးသားအဆင့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းဆုများ ပေးအပ်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ နည်းပညာသစ်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းချင်း ချိတ်ဆက်ပေးခြင်း၊ Business Matching၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ငွေကြေးအရင်းအနှီးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အကြံပေးခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း လုပ်ငန်းများပြုလုပ်ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းအပြင် Master Plan များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ ဖြစ်ပါသည်။[၈]

သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်း အဖျင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် ဆယ်ခုခွဲ ၂၀၁၈ – ၂၀၁၉ ဧန်နဝါရီလအထိ ကျင်းပခဲ့ပြီးသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း ထွက်ကုန်များ၏ ကုန်စည်ပြပွဲ၊ အရည်အသွေးနှင့် ထွက်ကုန်ဒီဇိုင်းထုပ်ပိုးမှုဆိုင်ရာ အမျိုးသားအဆင့် ဆုပေးပွဲများနှင့် လုပ်ငန်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရေး ဝန်ဆောင်မှုများကို မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ် အစရှိသည့် ဒေသများ၌ ခမ်းနားကြီးကျယ်စွာ ကိုးကြိမ်ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

## ရှေ့ဆို့လှမ်းချီ ခေတ်နှင့်အမီ

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP

[၈] www.myanmarsme.gov.mm/en

[၉] ထို website

(၂၀၁၈–၂၀၃၀) ၏ စကားချီးတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ လျှောက်လှမ်းရာ၌ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍမှလည်း ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ထည့်သွင်းဖော်ပြထားပါသည်။ အဆိုပါ MSDP စီမံကိန်းကို မဏ္ဍိုင်ကြီးသုံးရပ်၊ ပန်းတိုင်ငါးခု၊[၁၀] မဟာဗျူဟာ ၂၈ ခုနှင့် အကောင်အထည်ဖော်မှုအစီအစဉ် ၂၅၁ ခုတို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ပန်းတိုင်ငါးခုအနက် တတိယမဏ္ဍိုင်မှာ "အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိက ဦးဆောင်သည့် ဖွံ့ဖြိုးရေး" ဖြစ်ပါသည်။ မြန်မာ့ပုဂ္ဂလိက ကဏ္ဍတွင် အကြီးစားလုပ်ငန်းကြီးများမှာ ၁၀ ရာခိုင်နှုန်းခန့်မျှသာရှိပြီး၊ အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှာ ကိုးဆယ်ကျော်ပါဝင်နေသည်။ ထို့ပြင် မြန်မာ့လူဦးရေ၏ ပျံ့နှံ့မှုမှာ ကျေးလက်ဒေသတွင် ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး၊ မြို့ရပ်ဒေသ၌ ၃၀ ရာခိုင်နှုန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြပါသည်။[၁၁] ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်အရ ၂၀၁၇ ခုနှစ်၌ ကျေးလက် ၆၉,၆၇၈ ရာခိုင်နှုန်းနှင့် မြို့ရပ် ၃၀,၃၂၂ ရာခိုင်နှုန်းဖြစ်သည်။[၁၂] ထို့ကြောင့် ကျေးလက်ဒေသအလုပ်အကိုင်ရရှိရေးအတွက် မြန်မာ့လူမှုစီးပွားရေး၏အခြေခံဖြစ်သည့် လယ်ယာ၊ သားငါး၊ သစ်တောနှင့် ဆက်စပ်သည့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိုကဏ္ဍများမှ ထွက်ကုန်များ (ကုန်ကြမ်းများ) ကိုအသုံးပြုပြီး တစ်စိတ်တစ်ဒေသ ကုန်ချောအဖြစ် ထပ်တိုးတန်ဖိုးမြှင့်အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ကုန်ချောပစ္စည်းများ၊ စားသုံးကုန်၊ လူသုံးကုန်များ ထုတ်လုပ်သည့် အသေးစား၊ အငယ်စား နှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ သို့မှသာ ကျေးလက်လူထု၏ဝင်ငွေနှင့် လူနေမှုအခြေအနေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူ့အခြေပြု ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည် ဖြစ်သည်။ ကျေးလက်ဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် မြို့ရပ်ဒေသရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းကြီးများတိုးတက်လာနိုင်ပြီး FDI လုပ်ငန်းကြီးများနှင့်ကုန်ထုတ်လုပ်မှုကွင်းဆက်၊ ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှု Global Production chains သို့ ချိတ်ဆက်မှု ပို၍လွယ်ကူချောမွေ့လာနိုင်ပါသည်။

ဖော်ပြခဲ့သည့် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ၏ အကြောင်းအရာ၊ အချက်အလက်များကိုအခြေပြု၍ ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် အလေးထား ပြုပြင်လုပ်ကိုင်ဆောင်ရွက်သင့်သည့် အဓိကလုပ်ငန်းစဉ်များကို အကျဉ်းချုံးတင်ပြရလျှင်

- မှန်ကန်ပြည့်စုံသော MSMES သတင်းအချက်အလက်စာရင်းဇယားများ စုဆောင်းကောက်ယူခြင်းနှင့် သုံးသပ်ခြင်း (Information Data)
- အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ပတ်ဝန်းကျင် အခြေအနေကောင်းများ ဖန်တီးပေးခြင်း (Creation of Conducive Business Environment)

References:


1. Myanmar Micro, Small and Medium sized Enterprise (MSME) Master Plan. MoI, FNF and Impact HUB 2019
2. OECD ERIA (2018), SME Policy Index: ASEAN 2018: Boosting Co mpetitiveness and inclusive Growth, OECD Publishing, Paris Economic Research Institute for ASEAN and East Asia, Jakarta. https: dol.org 10.1787 97 89264305328-en
3. Amine, M. and R. Stockman 92015), SME Survey Myanmar 2015, DEval Baseline Study, German In stitute for Development Evaluation (DEval), Bonn.
4. Seth Kwaku Amoah, Alfred Kwabena Amoah. The Role of Small and Medium Enterprises (SMEs) to Employment in Ghana.International Journal of Business and Economics Research. Vol. 7, No. 5, 2018, pp. 151-157. doi:

[၁၀] ပန်းတိုင် (၁) ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လုံခြုံရေးနှင့် ကောင်းမွန်သောအုပ်ချုပ်မှု။ ပန်းတိုင် (၂) စီးပွားရေးတည်ငြိမ်ရေးနှင့် ခိုင်မာအားကောင်းသည့် မိုက်ခရိုစီးပွားရေးစီမံခန့်ခွဲမှု။ ပန်းတိုင် (၃) အလုပ်အကိုင် ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေး။
ပန်းတိုင် (၄) ၂၁ ရာစု လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး။
ပန်းတိုင် (၅) နိုင်ငံ၏ အနာဂတ်မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်။

[၁၁] https//Myanmar.unfpa.org/en/country-profile-o

[၁၂] https//data.worldbank.org/indicators/SP.RUR. TOTL.

- ငွေကြေးအရင်းအနှီး လုံလုံလောက်လောက် ရရှိရေးနှင့် သင့်တင့်သောဘဏ်အတိုးနှုန်းဖြစ်ပေါ်ရေး၊ အာမခံအပေါင်ပစ္စည်းမလို (Credit Guarantee Scheme) ငွေကြေးအရင်းအနှီးရရှိရေး (ဥပမာ – Start-Up Capital၊ Venture Capital၊ Development Financing၊ Trade & Capital Financing ၊ Debt Financing စသည်ဖြင့်) အမျိုးအစားအလိုက် ချေးယူနိုင်ရန် လုပ်ထုံးလုပ်နည်းရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်မြောက်အောင်ဆောင်ရွက်ပေးခြင်း
- အခွန်အခပြန်လည်သုံးသပ်ခြင်းနှင့် အထူးအခွင့်အရေးများ အားပေးမြှင့်တင်ပေးခြင်း (Tax Structure & Incentives)
- ကုန်သွယ်မှုဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုနည်းပညာမြှင့်တင်ရေးနှင့် လွှဲပြောင်းရယူရေးကိစ္စများ၊ Incubator Centre များ၊ Productively Centre များ တည်ထောင်လုပ်ကိုင်ပေးခြင်း
- ကျွမ်းကျင်လုပ်သားများ လုံလုံလောက်လောက်ရရှိစေရန် အစီအမံများ ချမှတ်လုပ်ကိုင်ပေးခြင်း (Skill Formation & Human Capital Development)
- ထုတ်ကုန်ပစ္စည်း၏ အရည်အသွေးအဆင့်အတန်းမီရေးအတွက် ထုတ်လုပ်မှုစနစ်ကောင်းများဖြင့် တီထွင်ကြံဆလုပ်ကိုင်ဆောင်ရွက်ခြင်း (Produce Quality Product)
- စီးပွားရေးကွန်ရက်များ ဖန်တီးလုပ်ကိုင်ပေးခြင်း (Business Networking)
- ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်ခြင်း၏ အဓိကလိုအပ်ချက်ဖြစ်သော ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးနှင့် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန် ကုန်ကြမ်း၊



ကုန်ချောပစ္စည်းများတွင် ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ ပို့ဆောင်ဆက်သွယ်ရေး စရိတ်၊ သိုလှောင်စရိတ်နှင့် ထိန်းသိမ်းစရိတ်များ လျော့ချနိုင်မည့် နည်းလမ်းကောင်းများ ရှာဖွေဆောင်ရွက်ခြင်း (Reduce Cost of Product)

- အစိုးရနှင့် ပုဂ္ဂလိကကြား Trust and Confident Building တည်ဆောက်ခြင်းစသည့် အချက်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌
- မြန်မာ့ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ပေါ်လစီ (၂၀၁၅)
- အာဆီယံမဟာဗျူဟာလုပ်ငန်း စီမံချက် (၂၀၁၆–၂၀၂၅) ASEAN Strategic Action Plan (၂၀၁၆–၂၀၂၅)
- မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈–၂၀၃၀)
- အာဆီယံ သေး၊ ငယ်၊ လတ် စီးပွားရေးလုပ်ငန်းများ မူဝါဒအညွှန်း (၂၀၁၈ ASEAN SME Policy Index (၂၀၁၈) တို့၏ လုပ်ငန်းစီမံကိန်း စီမံချက်များမူဘောင်များနှင့်အညီ အလေးထားဆောင်ရွက်ရန် လည်း လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင်ရှိသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ပြပါ မူဝါဒ အစီအမံ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအကျိုးကျေးဇူးများ

ဖော်ပြပါ နည်းဗျူဟာလုပ်ငန်းအစီအမံများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ဟန်ချက်ညီညီ ညှိနှိုင်းပေါင်းစပ်ပြီး အဟန့်အတား၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖယ်ရှားလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံနိုင်ငံများနှင့် တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးအောင်မြင်မှုရရှိလာမည် ဖြစ်ပါသည်။ နိုင်ငံတော်မှ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ လုပ်ငန်းများကို အထောက်အကူပြုစေမည့် မူဝါဒအစီအမံ Mechanism အနေနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ စံချိန် စံညွှန်းဆိုင်ရာဥပဒေများကုန်သွယ်မှုမူဝါဒများ၊ Safe Guard ဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ (Competition Law)၊ WTO Anti-Dumping Law[၁၇] နှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် မကြာမီကာလအတွင်း သိသိသာသာတိုးတက်မှုအောင်မြင်မှု စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားပြုစုတင်ပြလိုက်ပါသည်။

[၁၇] Anti dumping action: If a company exports a product at a price lower than the price it normally charges on its own home market, it is said to be "dumping" the product. The WTO Agreement does not regulate the actions of companies engaged in "dumping". Its focus is on how governments can or cannot react to dumping — it disciplines anti-dumping actions, and it is often called the "Anti-dumping Agreement".


References:

5. Meghana Ayyagari, Thorsten Beck and Asli Demirguf-Kunt. Small and Medium Enterprises across the Globe: A New Database. Policy Research Working Paper 3127.The World Bank Development Research Group. Finance. August 2003
6. Myanmar Micro, Small and Medium Enterprise Survey 2017: Descriptive Report. Central Statistical Organization, Ministry of Planning and Finance and UNU-WIDER
7. www.dcmsme.gov.in ssindia censusch1. htmcensus
8. www.sme.development-center.gov.mm
9. www.myanmarsme.gov.mm
10. www.industry.gov.mm
11. www.doca.gov.mm Development
12. www.myanmarsme.gov.mm
13. www.myanmarsme.gov.mm
14. https . Myanmar.unfpa.org.en.country-profile-o
15. https.data.worldbank.org.indicators.SP.RUR.TOTL.
16. https.www.internetstats.com.stats3.htm 17.
17. https:www.wto.org.english.tratop




# Invest Myanmar Summit 2019

အေးအေးခိုင် (UMFCCI)

**မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပပြုလုပ်သော Invest Myanmar Summit 2019 ၌ မြန်မာနိုင်ငံ၏စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ပြောင်းလဲတိုးတက်နေသော ရင်းနှီးမြှုပ်နှံမှုအခင်းအကျင်းများကို မြင်တွေ့ခဲ့ရသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ Invest Myanmar Summit 2019 ဆွေးနွေးပွဲကြီးကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန်နှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများ တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော်၊ MICC-2 ၌ ၂၀၁၉ ခုနှစ်၊ ဧနဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်နေ့တို့တွင် နှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

Invest Myanmar Summit 2019 ပထမနေ့ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံ



တကာသံရုံးများမှ သံအမတ်ကြီးများ၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၁,၆၀၀ ခန့် တက်ရောက်ကြသည်။ ရှေးဦးစွာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ထာဝရမြန်မာသီချင်းကိုသီဆိုပြီး တေးသရုပ်ဖော်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်၊ စစ်ကိုင်း၊ မန္တလေး၊ ဧရာဝတီ၊ တနင်္သာရီ၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်း ဟူသည့် တိုင်းနှင့် ပြည်နယ်ဆယ်ခု၏ ပူးပေါင်းပါဝင်မှုမှာ အမှတ်သက်သေတစ်ခုဖြစ်သည့်အပြင် ရင်းနှီးမြှုပ်နှံသူများလည်း တွေ့မြင်နိုင်မည့်၊ မြန်မာနိုင်ငံ၏ အရေးပါသော ပြုပြင်ပြောင်းလဲမှုများမှ ရရှိလာမည့် ကောင်းမွန်သောရှေ့ပြေးသင်္ကေတတစ်ခုလည်း ဖြစ်ပါသည်။

ဆွေးနွေးပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အခွင့်အလမ်းဆိုင်ရာ အရေးပါသည့် မိန့်ခွန်းကိုပြောကြား၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအချိန်ဟာ ကျွန်မတို့အားလုံး ရဲရင့်ပြီး ရည်မှန်းချက်ကြီးကြီးထားရတော့မည့် အချိန်ပဲဖြစ်ပါကြောင်း၊ ကျွန်မအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်ရင်း ရင်းနှီးမြှုပ်နှံမှုများပြားသည့် အခြေအနေတစ်ခုကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်းနှင့် သူမအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးအတွက် ဦးဆောင်သွားခြင်းဖြင့် ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါသည်။

အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက “နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုလွယ်ကူကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်အား ဖန်တီးရာတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်ရာမှာအရေးပါကြောင်း” ကို ပြောကြားခဲ့သည်။

Invest Myanmar Summit က လက်





ငင်းဆောင်ရွက်လို့ရသည့် စီးပွားရေးလုပ်ငန်းများနှင့် မှန်ကန်သည့် သတင်းအချက်အလက်များကို ပြသထားကြောင်း Invest Myanmar Summit 2019 ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေဖြိုးက ပြောကြားခဲ့ပါသည်။ "ကျွန်တော်တို့အသေးစိတ်စီစဉ် ပြသထားတဲ့ စီမံကိန်းတွေ၊ အရေးပါတဲ့ နိုင်ငံတော်အစိုးရ၊ ကိုယ်စားလှယ်တွေရဲ့ မိန့်ခွန်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ကိုယ်စားလှယ်တွေနဲ့ တိုက်ရိုက်ဆွေးနွေး ပြောဆိုနိုင်မှုတွေကြောင့် တက်ရောက်လာကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံမှာ ၄င်းတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းအတွက် ပိုမိုရှင်းလင်းတဲ့ အသိပညာတွေကိုရယူသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟုလည်း ဦးဝေဖြိုးက ပြောကြားခဲ့ပါသည်။

"လက်ရှိအချိန်သည် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံရန် အသင့်တော်ဆုံးအချိန်ဖြစ်ပါသည်" ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။ Invest Myanmar Summit 2019 တွင် ဒေါ်လာဘီလီယံနှစ်ဆယ်ကျော်တန်ဖိုးရှိ ဒေသဆိုင်ရာနှင့် ပုဂ္ဂလိကစီမံကိန်း နှစ်ရာကျော်ပြသခဲ့ပါသည်။ "မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ အရေးပါတဲ့ အလှည့်အပြောင်းတစ်ခုမှာ ရောက်ရှိနေတာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက မြန်မာနိုင်ငံရဲ့တန်ဖိုးတွေကို ယုံကြည်လာအောင် ကျွန်တော်တို့က စည်းလုံးညီညွတ်မှုရှိကြောင်း ပြသရမှာဖြစ်ပါတယ်။ အရေးပါတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ စုစည်းပြီး သူတို့မှာရှိတဲ့ ရင်းနှီးမြှုပ်နှံနိုင်တဲ့စီမံကိန်းတွေကိုချပြခြင်းက စည်းလုံးညီညွတ်မှုရဲ့ ပြယုဂ်ဖြစ်ပါတယ်" ဟုလည်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်က ပြောကြားခဲ့ပါသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီမှာ ကိုယ်ပိုင်အားသာချက်တွေ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှု လိုအပ်နေတဲ့ ကဏ္ဍတွေဟာ အစိုးရရဲ့ထောက်ပံ့မှုကို လိုအပ်ပါတယ်။ ဒါမှလည်း ရင်းနှီးမြှုပ်နှံသူတွေကို ပိုမိုဆွဲဆောင်နိုင်မှာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်လုံးအတွက် အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို ဖန်တီးပြီး ပြည်တွင်းနဲ့ပြည်ပရင်းနှီးမြှုပ်နှံသူတွေနဲ့ လက်တွဲကာ ရန်ကုန်နဲ့ မြန်မာနိုင်ငံတို့အား ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုအချက်အချာနေရာ ဖြစ်လာစေချင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့ပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲသည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူ အများအပြားတက်ရောက်သော ပွဲဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ၎င်းတို့ဒေသအသီးသီး၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများနှင့် ဒေသလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးအခြေအနေတိုးတက်လာရန်နှင့် ကဏ္ဍအလုံးစုံတို့၌ တိုးတက်ရေးအတွက် စီမံကိန်းများကို ပြသရန် အကောင်းဆုံးသောအခွင့်အရေး ဖြစ်သည်။ ဥပမာ– "လူတော်တော်များများ ကျွန်တော်တို့ဒေသရဲ့ အခြေခံဆောက်အအုံတွေဖြစ်တဲ့ ရေကြောင်းဆိပ်ကမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ ရခိုင်ပြည်နယ်အတွက်အရေးပါတဲ့ အခြားသောလုပ်ငန်းတွေ တိုးတက်ရေးအတွက် ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုများကို သိကြသေးမည်မဟုတ်ပါ" ဟု ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက ပြောကြားခဲ့ပါသည်။

Invest Myanmar Summit 2019 တွင် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက "နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုလွယ်ကူကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်အား ဖန်တီးရာတွင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်ရာမှာ အရေးပါကြောင်း" ကို ပြောကြားခဲ့သည်။



အခြားအရေးပါသောအချက်မှာ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းဘဏ် (National Project Bank) ဖြစ်ပြီး ၄င်းသည် အရေးပါသော စီမံကိန်းဆိုင်ရာ အချက်အလက်များအား တစ်နေရာတည်းတွင် စုဆောင်းထားရှိမည်ဖြစ်ကြောင်းသိရသည်။ ၄င်းသည် မြန်မာနိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနများအကြား၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဆယ်ခုအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အား ထိရောက်စွာ အကောင်အထည်ဖော်ရာတွင် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။



## ပြဒန်းများ ကြည့်ရှုအားပေး

ထို့အပြင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအား ခင်းကျင်းပြသထားသည့် ပြခန်းများ၌ ပညာရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စားသောက်ကုန်ကဏ္ဍ၊ အထည်ချုပ်ကဏ္ဍ၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

## GALA DINNER ကျင်းပ

ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ Invest Myanmar Summit 2019 သို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းနှင့်







မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ဂုဏ်ပြုစကားပြောကြားခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းတို့က Invest Myanmar Summit 2019 ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီကြသည့် Gold Sponsor -KBZ Group နှင့် Silver Sponsors များ ဖြစ်ကြသည့် Eden Group of Companies, AYA Bank (Max Group), Asia World Group of Companies နှင့် ShweTaung Group တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက Bronze Sponsors များဖြစ်ကြသော Three Friends Group (Myanmar Global Digital Assets Exchange), Myanmar Distillery Co.,Ltd (Grand Royal Group), MyTel, Myanmar Developer Association , China Enterprises Chamber of Commerce in Myanmar နှင့် Knowledge Partner - DaNa Facility တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

## Invest Myanmar Summit 2019 ဒုတိယနေ့အခမ်းအနား

Invest Myanmar Summit 2019 ၏ ဒုတိယနေ့ အခမ်းအနားကို ဧနှစ်ဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) ၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် YGA Capital Limited မှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးသူရကိုကိုက စီစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်သည့် ဆွေးနွေးပွဲ၌ ပါဝင်ဆွေးနွေးသည်။











ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများပိုမိုလွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ဝန်ကြီးဌာနအသစ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် သိသာထင်ရှားသောအပြောင်းအလဲတစ်ခု ဖြစ်ပါကြောင်း၊ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခွင့် လျှောက်ထားခြင်းအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် My Co System ကို စတင်အသုံးပြုနိုင်ပြီ ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများပိုမိုလွယ်ကူစေရန်အတွက် စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP) နှင့် Land Bank ကိုရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတကာအဆင့်ထိ ထိုးဖောက်နိုင်စွမ်းရှိသည်ကို မကြာမီကျင်းပခဲ့သည့် Robotic Olympic တွင် အောင်မြင်မှုများရရှိခဲ့သည်ကို သာဓကအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း၊ ပထဝီအနေအထားအရကမ္ဘာ့တိုးတက်မှု အမြန်ဆုံးသောနိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ကြားတွင်ရှိနေသည့် မြန်မာနိုင်ငံသည် အချက်အချာကျသည့်နေရာတွင် ရှိပါကြောင်း၊ Belt & Road Initiative ၏အရေးပါမှု၊ အခြေခံအဆောက်အအုံများအဆင့်မြှင့်တင်ရန် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံသူများအပါအဝင် နှစ်ဦးနှစ်ဖက်အကျိုးရှိစေရန် ဆောင်ရွက်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်ပါကြောင်းပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား

ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူစွာလုပ်ဆောင်နိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည့်အတွက် ရရှိလာသည့် အကျိုးရလဒ်များနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားမည့် လုပ်ငန်းများ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဥပဒေ အပါအဝင် ဥပဒေနှင့် နည်းဥပဒေများပြုပြင်ခဲ့မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ပိုင်ခွင့်များ ခွဲဝေပေးခဲ့မှု၊ စံပြုလုပ်ထုံးလုပ်နည်းများအား ရေးဆွဲနေမှု၊ လုပ်ငန်းများ မှတ်ပုံတင်ခြင်း အပါအဝင် ဆက်စပ်လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်နေမှုနှင့် One Stop Service လုပ်ငန်းများ ပိုမိုကောင်းမွန်ရေးဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဦးမင်းရဲပိုင်ဟိန်းတို့က အနာဂတ်စီးပွားရေးကဏ္ဍအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ အခန်းကဏ္ဍ၊ ပြည်သူ့ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီမံကိန်းဘဏ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် MSDP တို့အား ထောက်ပံ့ပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူ ဦးသိမ်းဝေ၊ International Finance Corporation မှ Country Manager ဖြစ်သူ Mr. Vikram Kumar, CITIC Group (Myanmar) မှ မန်နေဂျင်းဒါရိုက်တာ Mr.Yuan Shoobin နှင့် ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးတို့က ပဂ္ဂလိက ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရေးခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝေဖြိုးနှင့် New Yangon Development Company Limited မှ Vice Chairman & CEO ဖြစ်သူဦးသိမ်းဝေတို့က Invest Myanmar Summit 2019 အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## စီးပွားရေးအရှိန်အဟုန်နှင့်ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံသည် စီးပွားရေးအရ အချက်အချာကျပြီး သင့်တင့်သောဈေးကွက် ပမာဏကို ပိုင်ဆိုင်ထားသည့်အပြင် ဈေးကွက်များတစ်နေ့တခြားကျယ်ပြန့်နေသဖြင့် နိုင်ငံတကာဈေးကွက်နှင့် ဆက်သွယ်ချိတ်ဆက်လျက် အကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးသောလိုအပ်ချက်ဖြစ်သည်။ အစိုးရနှင့်ပုဂ္ဂလိကလက်တွဲပူးပေါင်း၍ ဈေးကွက်နှင့် အလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွက်လာ

**Invest Myanmar Summit ၂၀၁၉ တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် "စိန်ခေါ်မှုတွေ ရှိနေတဲ့ နယ်ပယ်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေ အတွက် ကြီးမားတဲ့ အခွင့်အလမ်းတွေအဖြစ် ရှိနေတဲ့အတွက် စိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက် နိုင်ကြဖို့" ဆိုသော စကားအတိုင်း မြန်မာနိုင်ငံသည် အခွင့်အလမ်းများစွာ ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။**






အောင် တွန်းအားပေးနေသည်။ မြန်မာနိုင်ငံတွင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အကောင်အထည်ဖော်နေပြီး အလားအလာကောင်းများရှိနေသဖြင့် စိန်ခေါ်မှုများရှိနေသော်လည်း စီးပွားရေးမှာ တွန့်ဆုတ်သွားခြင်းမရှိချေ။

Invest Myanmar Summit 2019 တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားခဲ့သည့် "စိန်ခေါ်မှုတွေရှိနေတဲ့နယ်ပယ်တွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ကြီးမားတဲ့အခွင့်အလမ်းတွေ အဖြစ်ရှိနေတဲ့အတွက် စိန်ခေါ်မှုများကိုအခွင့်အလမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ကြဖို့" ဆိုသောစကားအတိုင်း မြန်မာနိုင်ငံသည် အခွင့်အလမ်းများစွာရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများဆိုသည်မှာ စိန်ခေါ်မှုများကို ရင်ဆိုင်ပြီး စွန့်စားလုပ်ကိုင် ကျော်လွှားဖြေရှင်းနိုင်သူများဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံတွင်းနိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် အသစ်သစ်ပေါ်ထွက်လာသော စီးပွားရေးအခွင့်အလမ်းများကို အမိအရဆုပ်ကိုင်ပြီး စိန်ခေါ်မှုများကိုအခွင့်အလမ်းများအဖြစ် ပြောင်းလဲနေသောအချိန်အခါတွင် အစိုးရနှင့်ပုဂ္ဂလိက တက်ညီလက်ညီလက်တွဲပူးပေါင်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာပြီး ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါသည်။

နှစ်ရက်တာ ကျင်းပခဲ့သည့် Invest Myanmar Summit 2019 သည် ရင်းနှီးမြှုပ်နှံမှုအလားအလာနှင့် အခွင့်အလမ်းများကို ဖော်ထုတ်ပြသနိုင်သည့် အဖိုးတန်သည့် အခွင့်အလမ်းများကို ရရှိကြလိမ့်မည်ဖြစ်သည်။ ထိုသို့ဖော်ထုတ်ပြသနိုင်ခြင်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးများပြီးနှစ်သက်ဖွယ်ကောင်းသည့် အတွေးအမြင်များကို ရရှိစေသဖြင့် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုစိတ်ဖြစ်ပေါ်လာအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟုမျှော်လင့်ပါသည်။



UMFCCI ရုပ်ပြည့်မဂ္ဂဇင်း

# ဖြတ်သန်းကာလ EC, CEC, JSG ဘဝ

မြတ်ကုမာရ

သတင်းစာထဲက ကြော်ငြာကိုဖတ်ပြီး "ဒီသင်တန်း တို့နှစ်ယောက်သွားတက်ကြရအောင်" ဟု ကျွန်တော်၏ အိမ်သူက လှမ်းပြောသဖြင့် ဖတ်ကြည့်လိုက်တော့ ကုန်သည်စက်မှုအသင်းချုပ်က ဖွင့်လှစ်မည့် International Trade Course ဖြစ်သည်။ ကျွန်တော်လည်း ချက်ချင်းဘာမှပြန်မပြောဘဲ စဉ်းစားနေမိ၏။ "ကဲပါ၊ ဘာပဲဖြစ်ဖြစ် တက်ကြရအောင်ပါ" ဟု အတင်းတိုက်တွန်းသောကြောင့် ကျွန်တော့်မှာ မငြင်းသာတော့ပေ။

ကုန်သည်စက်မှုအသင်းချုပ်ဆိုသည်ကို အဲဒီအချိန်ကမှစ၍ ကျွန်တော်ကြားဖူးခဲ့ခြင်းဖြစ်သည်။ ထို့နောက် သတင်းစာတွေထဲမှာသတိထားကြည့်မိသောအခါ ကုန်သည်စက်မှုအသင်းချုပ်သည် စီးပွားရေးနှင့်ပတ်သက်သော ဟောပြောပွဲများ၊ တွေ့ဆုံပွဲများ အစရှိသည်တို့ကို စီစဉ်ချိတ်ဆက် ဆောင်ရွက်ပေးသောအဖွဲ့အစည်းကြီးတစ်ခုဖြစ်ကြောင်း ဦးစွာပဏာမ နားလည်သဘောပေါက်လိုက်ပါသည်။

အသင်းချုပ်ကဖွင့်လှစ်သည့် International Trade Course တွင် သင်ကြားပေးသော ဆရာဦးကျော်မြင့်၏ Motivation လုပ်ပေးခြင်းကလည်း စီးပွားရေးလောကအတွင်းသို့ဝင်ရန် ကျွန်တော့်အတွက် တွန်းအားတစ်ရပ်ဖြစ်စေခဲ့သည်။ စီးပွားရေးနယ်ပယ်သို့ စတင်ချင်းနင်းဝင်ရောက်ခဲ့ရာ ဟောင်ကောင်မြို့အခြေစိုက်ကုမ္ပဏီတစ်ခု Representative (Rep) အဖြစ် ဝင်ရောက်လုပ်ကိုင်ပြီးနောက် ကုမ္ပဏီထူထောင်ရန် ဆုံးဖြတ်ခဲ့ပြီး Trading လုပ်ငန်းနှင့် စတင်ခဲ့သည်။

၂၀၀၈ ခုနှစ်၌ UMFCCI ၏ EC တစ်ယောက်ဖြစ်လာခဲ့ပြီး အသင်းချုပ်၏ ပထမဦးဆုံးတာဝန်အဖြစ် ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းသို့ Tourism Promotion Fair တွင် မြန်မာနိုင်ငံကိုယ်စားပြုပြဉာန်းခင်းကျင်းပြသရန် CEC ဦးဇြင်မိုးနှင့်အတူ ခရီးနှင်ခဲ့ကြပါသည်။ အတွေ့အကြုံသစ်တစ်ခုဖြစ်နေသော်လည်း အတူလိုက်ပါသူအနက်ယ်၏ဦးဆောင်မှုအတိုင်း Good Follower အဖြစ်လိုက်ပါခဲ့ပါသည်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် ကျွန်တော်တို့၏ မြန်မာနိုင်ငံကိုယ်စားပြုပြဉာန်းကို ကြည့်ရှုရန်လာနေစဉ် MOFA မှ ဦးဇော်ထွန်းဦး (ယခုဒုတိယညွှန်ကြားရေးမှူးချုပ်) နှင့် အဆက်အသွယ်ရယူပြီး အဆင်သင့်ဖြစ်နေစေရန်နှင့် ထိုစဉ်ကဒုတိယဥက္ကဋ္ဌဦးဇော်က ခရီးဦးကြိုပြုနိုင်ရန်အတွက် ဟိုပြေးဒီပြေး ချိတ်ဆက်ဆောင်ရွက်ရပါသည်။ လူကြီးပြန်သွားသွားပြီးချင်း ပြဉာန်းမှုပစ္စည်းများကို အမြန်သိမ်းကာ Bullet Train Station သို့ သွားနှင့်ပြီဖြစ်သော UMFCCI Delegation ဆီသို့ တက္ကစီဖြင့် အမီလိုက်ကြရပါသည်။ ယင်းခရီးစဉ်အတွင်း KOREA- ASEAN CEO Summit ကို တက်ခဲ့ရသည့် အတွေ့အကြုံများကလည်း ဗဟုသုတအမှတ်ရစရာများ ဖြစ်ခဲ့ရသည်။

ခရီးမှပြန်ရောက်ပြီးနောက် ဦးဇြင်မိုးက ကျွန်တော့်အား ထန်းတက်လက်မှတ်ပေးလိုက်ပြီး ကုန်သည်စက်မှုအသင်းချုပ်ပြပွဲကော်မတီမှ လူကြီးများနှင့်မိတ်ဆက်ပေးခဲ့ပါသည်။ ထို့ကြောင့်လည်း ၂၀၀၉ ခုနှစ် တရုတ်နိုင်ငံ၊ နန်နင်း ကုန်

စည်ပြပွဲသို့ အသင်းချုပ်တာဝန်ဖြင့် အားဖြည့်လိုက်ပါရမည့်သူမှာ ကျွန်တော်ပင်ဖြစ်ခဲ့ရသည်။ ယင်း CHINA-ASEAN EXPO (CAEXPO) သို့ မြန်မာနိုင်ငံမှ Exporter များ၊ ပန်းပုလက်မှုအနုပညာပစ္စည်းလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာရောင်းသူများနှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ စသည့် လုပ်ငန်းရှင်များသည် Exhibitor များအဖြစ် နှစ်စဉ်လိုက်ပါလေ့ရှိကြပါသည်။ ခရီးစဉ်မသွားရောက်ခင်ကြိုတင်၍ စီးပွားကူးသန်း၊ လေကြောင်းဦးစီး၊ အကောက်ခွန်ဌာနတို့နှင့်လည်း အကြိမ်ကြိမ်အစည်းအဝေးလုပ်ကြရသည်။ နှန်နင်းသို့မရောက်ရှိမီ Exhibitor များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များအတွက် Transportation ၊ Hotel Accommodation ၊ VIP Pass ၊ Exhibitor Pass အစရှိသည်တို့ကို တရုတ်ဘက်နှင့်ကြိုတင်ညှိနှိုင်းရသည်။ နှစ်စဉ်ကြုံတွေ့ရသောဒုက္ခမှာ Exhibitor Pass များ အချိန်မီရရှိရေးပင်ဖြစ်သည်။ Beyond Our Control ဖြစ်သော်လည်း အချိန်မီမရပါက ဝေဖန်ပြစ်တင်ခြင်းများခံရပါသေးသည်။ ထို့ပြင် Exhibitor အချင်းချင်းအငြင်းမပွားရလေအောင် CAEXPO ဘက်မှ ပေးပို့လာသော Floor Layout Plan အတိုင်း Booth နံပါတ်များကို မဲနှိုက်၍ရယူစေခဲ့ပါသည်။

CAEXPO ဖွင့်ပွဲမစမီရှေ့ပြေးအဖြစ် အဘမျိုးနှင့် ကျွန်တော်တို့ နန်နင်းမြို့သို့ သွားရောက်၍ စီစဉ်စရာရှိသည်များကို အကြိုညှိနှိုင်းဆောင်ရွက်ရပါသည်။ ထို့ပြင် CHINA- ASEAN BUSINESS & INVESTMENT SUMMIT (CABIS) Secretariat နှင့် Summit အတွင်း Meeting များတက်ရောက်ခြင်း၊ Presentation ပြုလုပ်ခြင်း၊ Business Dialogue တွင် ပါဝင်ဆွေးနွေးခြင်းတို့ကို မိမိတို့ဘက်မှ သက်ဆိုင်ရာကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းကြရပါသည်။ VVIP Inspection နေ့မတိုင်မီ CAEXPO ရှိမြန်မာ Booth များဆောက်လုပ်ပြင်ဆင်ထားမှုကို စစ်ဆေးခြင်း၊ Myanmar Commodity Hall ဖွင့်လှစ်ရန် လိုအပ်သည်များပြင်ဆင်ခြင်းနှင့် VVIP လာရောက်ကြည့်ရှုသောအခါ မြန်မာကုန်စည်ပြခန်းဆောင်အတွင်း လှည့်လည်ရှင်းလင်းပြသခြင်းများကို အမှားအယွင်းကင်းအောင်ဆောင်ရွက်ရပါသည်။

CAEXPO နှင့် CABIS တို့တွင် ကျွန်တော့်အား အသင်းချုပ်ကတာဝန်ပေးသဖြင့် Power Point Presentation ကို လေးငါးကြိမ်ပြုလုပ်ခဲ့ပြီး Q & A အမေး၊ အဖြေများကို မိမိသိရှိနားလည်သလောက်ဖြေကြားခဲ့ပါသည်။ ဗီယက်နမ်နှင့် ကူ




Vietnam-ASEAN Economic Development Cooperation Association ဥက္ကဋ္ဌနှင့်အတူ (၂၁.၉.၂၀၁၈)




Thai Chamber of Commerce နှစ်ပတ်လည် အထိမ်းအမှတ် (၂၀၁၈) အတွက် UMFCCI ဥက္ကဋ္ဌဦးဇော်မင်းဝင်း၏ Congratulatory သဝဏ်လွှာကို TCC ဥက္ကဋ္ဌထံ ပေးအပ်စဉ်

မင်းတို့တွင် ကုန်စည်ပြပွဲများနှင့် ပတ်သက်၍ လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် တာဝန် ပေးခြင်းခံရပါသည်။

UMFCCI က ဦးဆောင်၍ UNDP၊ UNOCHA၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ကမ္ဘာဇ ဘဏ်တို့ပူးပေါင်း၍ Myanmar Private Sector Disaster Management Network (MPD-Network) ကို အသင်းချုပ်တွင် ရုံးခန်းဖွင့်လှစ် ထားရှိပါသည်။ ကျွန်တော်က အသင်းချုပ်၏ Focal Person အဖြစ် တာဝန်ယူရပါသည်။ MPD-Network ၏ အဓိကရည်ရွယ်ချက်မှာ မြန် မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များကျ ရောက်လာပါက အစားအစာ၊ အသုံးအဆောင် စသည့်ထောက်ပံ့မှုများ တစ်နေရာတည်းတွင် ထပ်မနေစေရန်နှင့် မည်သို့သောကူညီဆောင်ရွက် မှုများပေးနိုင်သည်ဟု Capacity and Resource Mapping စာရင်းပေးသွင်းထားသော အသင်းဝင် ကုမ္ပဏီများထံ နောက်ဆုံးရသတင်းအချက်အ လက်များပေး၍ Affected Area များသို့ ကူညီ ဆောင်ရွက်မှုပေးနိုင်ရန် သက်ဆိုင်ရာများနှင့် ချိတ်ဆက်ပေးသည့် Platform တစ်ခုအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် ILO ၏ အကူအညီဖြင့် စီးပွား ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင် ရေးအစီအမံဖြစ်သော Business Continuity Plan (BCP) Toolkit သင်တန်းကို First Batch အနေ ဖြင့် UMFCCI နှင့် MPD-Network တို့ ပူးပေါင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ယင်း BCP Toolkit ရေးဆွဲပြင်ဆင်ထားရှိခြင်းအားဖြင့် မိမိ တို့လုပ်ငန်း၏ အားနည်းထိခိုက်လွယ်မှုများကို ရှာဖွေဖော်ထုတ်နိုင်ကာ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် သဘာဝဘေး အန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ရေး (Prepareness) နှင့် ရင်ဆိုင်တုံ့ပြန်ရေး (Res-ponse) အစီအမံထားကာ ဆုံးရှုံးနိုင်ခြေများအ တွက် ပြင်ဆင်ထားရှိမှုအပေါ် ရင်းနှီးမြှုပ်နှံသူ များ၏ယုံကြည်စိတ်ချရမှု (Trust) စသောအကျိုး ကျေးဇူးများ ရရှိစေပါမည်။ ထို့ကြောင့် ရန်ကုန် တွင်သာမက သဘာဝဘေးအန္တရာယ်ကျရောက် နိုင်သော တိုင်းနှင့် ပြည်နယ်များတွင်လည်း ဒေသခံ ကုန်သည်စက်မှုအသင်းများနှင့် ချိတ် ဆက်၍ သင်တန်းများပေးနိုင်ရန် စီစဉ်ဆောင် ရွက်လျက်ရှိပါသည်။

ကျွန်တော်ပါဝင်သော HRD ကော်မတီ အကြောင်း တစ်စေ့တစောင်းတင်ပြလိုပါသည်။ HRD ဌာနအောက်ရှိ Training Institute တွင် Business, English, Management တို့နှင့်ပတ် သက်ပြီး ပုံမှန်သုံးလသင်တန်း ၁၅ ခုကိုလည်း တစ်နှစ်လျှင်သုံးကြိမ် စဉ်ဆက်မပြတ် ဖွင့်လှစ်




Excellent Liaison Official Award

ထားရှိပါသည်။ University of Thai Chamber of Commerce နှင့် UMFCCI တို့ ပူးပေါင်း၍ Offshore MBA Program ဖွင့်လှစ်ထားရာ ယခုဆိုလျှင် Batch ၁၂ ခုမြောက်ပင်ရှိပါပြီ။ Business Model Contest ကိုလည်း Cross-Border International Education Support Foundation, Japan (CIESF) နှင့် ပူးတွဲ၍ တစ်နှစ်တစ်ကြိမ် ကျင်းပပြီး စွန့်ဦးတီထွင်လူငယ်များ မွေးထုတ်ပေးလျက်ရှိပါသည်။

တနင်္သာရီတိုင်းဒေသကြီး ကုန်သည်စက်မှုအသင်း၏ တောင်းဆိုချက်အရ Office Management သင်တန်းကို UMFCCI သင်တန်းကျောင်းမှဆရာများ သွားရောက်သင်တန်းပို့ချရေးစီစဉ်ပေးခဲ့ရာ ထင်ထားသည်ထက် သင်တန်းသားဦးရေ ပိုမိုတက်ရောက်ကာ လူကြိုက်များခဲ့ပါသည်။ အလားတူသင်တန်းများ ထပ်မံစီစဉ်ပေးရန် တောင်းဆိုခံရပြီး အခြားပြည်နယ်၊ တိုင်း၊ နယ်စပ် ကုန်သည်စက်မှုအသင်းများ၏ လိုအပ်ချက်အရ သင်တန်းများကိုလည်း သွားရောက်ပို့ချနိုင်ရေး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

Asia Foundation နှင့် American Center တို့ ပူးပေါင်းလျှဒါန်းသော စာအုပ်များမှာ ဆယ်နှစ်ခန့်ရှိပြီဖြစ်၍ ယခုအခါ Economics၊ Management၊ Business၊ Finance၊ Accounting၊ Political Science၊ Business Law၊ Political Economy အစရှိသည့် Latest Edition စာအုပ်ကောင်းများ ထောင်ကျော်ရရှိထားပြီးဖြစ်ပါသည်။ ဤသို့သော တန်ဖိုးကြီးစာအုပ်များကို ဖုန်သုတ်၊ ဖုန်ခါရုံဖြင့် အဆုံးသတ်မသွားသင့်ဟု ယူဆမိပါသည်။ သို့ဖြစ်၍ UMFCCI Library တစ်ခုကိုအမြန်ဆုံးအသက်သွင်းရန် အသင်းချုပ် ဥက္ကဋ္ဌထံ ခွင့်ပြုချက်တောင်းခံပြီး လက်ထောက်စာကြည့်တိုက်မှူးတစ်ဦးခန့်အပ်ကာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် Library ဖွင့်ပွဲအခမ်းအနားပြုလုပ်၍ ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

UMFCCI Library တွင် အသင်းချုပ် CEC၊ EC များနှင့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများ၊ ညီနောင်အသင်းများမှ အခမဲ့လာရောက်ဖတ်ရှုနိုင်ပြီး အသင်းဝင်ကုမ္ပဏီများ၊ သင်တန်းသားများနှင့် စိတ်ပါဝင်စားသူများသည် Member Card ကြေးပေးသွင်း၍ ဖတ်ရှုနိုင်ကြမည်ဖြစ်သည်။ "ပညာဘဏ်တိုက်၊ စာကြည့်တိုက်" ဆိုသည်နှင့်အညီ Life Long Learning ဖြစ်သည့် ဤ Knowledge ခေတ်ကြီးထဲတွင် အသက်အရွယ်



အမေရိကန်သံအမတ်ကြီး H.E Mr. Scot Marciel နှင့်အဖွဲ့ UMFCCI Library သို့ လာရောက်စဉ် (၂၀၁၉)

ကြီးငယ်မရွေး Library သို့ လာရောက်စာဖတ်သည့်အလေ့အထကောင်းများရရှိပြီး အသိပညာ၊ အတတ်ပညာ၏ အကျိုးကျေးဇူးများရရှိခံစားနိုင်ကြစေရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E Mr. Scot Marciel နှင့် အဖွဲ့သည် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းအား အမေရိကန်–မြန်မာရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ယခုနှစ်ဖေဖော်ဝါရီလအတွင်းက လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ Washington DC မြို့တွင် ၂၀၁၉ ခုနှစ်၊ ဇွန်လ၌ ကျင်းပမည့် USA Investment Summit သို့ စိတ်ပါဝင်စားသူမြန်မာလုပ်ငန်းရှင်များတက်ရောက်ရန်လည်းဖိတ်ခေါ်ခဲ့သည်။ Courtesy Call အပြီးတွင် သံအမတ်ကြီးနှင့်အဖွဲ့ကို ကျွန်တော်တို့၏ UMFCCI Library သို့ လှည့်လည်ကြည့်ရှုရန် ခေါ်ဆောင်သွားခဲ့ပါသည်။ သံအမတ်ကြီးက စာအုပ်များကို ကြည့်ရှုလေ့လာရင်း သူတက္ကသိုလ်ကျောင်းတက်စဉ် သင်ကြားဖတ်ရှုခဲ့သော Economics စာအုပ်တစ်အုပ်ကို စာအုပ်စင်ပေါ်မှ ယူ၍ကျွန်တော်တို့အားပြသခဲ့ပါသည်။ ကျွန်တော်တို့ Library တွင် ဤကဲ့သို့တန်ဖိုးရှိသော စာအုပ်များကို အချိန်ပေး၍ လာရောက်လေ့လာဖတ်ရှုကြစေချင်ပါသည်။

ကွယ်လွန်သွားပြီဖြစ်သော ကျွန်တော်၏ အဘွားစာရေးဆရာမကြီး မမြတ်လေးသည် အသက် ၈၉ နှစ်အရွယ်တွင် Library Science နှင့် Applied Psychology Postgrad Diploma များကို ရန်ကုန်တက္ကသိုလ်တွင် သား၊ သမီး၊ မြေးများနှင့်အတူ တက်ရောက်ပညာဆည်းပူးသွားခဲ့သူဖြစ်ပါသည်။ မိသားစုနောင်လာနောက်သား Next Generation များအတွက် စံနမူနာပြမိခင်ကြီးဟု ဆိုလျှင်လည်း မမှားပေ။ ကျွန်တော်၏အဘိုးဖြစ်သူကလည်း သူငယ်စဉ်အခါက နွားကျောင်းရင်းဖြင့်ပင် သစ်ပင်အောက်တွင် Dictionary တစ်အုပ်နှင့် စာပေများကို လေ့လာခဲ့သည်။

စာကြည့်တိုက်တစ်ခုတွင် ရှိသင့်ရှိထိုက်သည့်အင်္ဂါရုပ်များ ပြည့်စုံစွာရှိနေစေရန် UMFCCI Library ဖွင့်ပွဲနေ့တွင် တက်ရောက်အမှာစကားပြောကြားပေးခဲ့သော အသင်းချုပ်အကြံပေးပုဂ္ဂိုလ်၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ အန်ကယ်မောင်လမ်းညွှန်သည့်အတိုင်း ဖြည့်ဆည်းဆောင်ရွက်သွားမည်ဟုလည်း တင်ပြလိုပါသည်။

၂၀၁၈ ခုနှစ်အတွင်း CAEXPO Secretariat မှ CAEXPO နှင့်ပတ်သက်သော ကိုယ်တွေ့ဖြစ်ရပ်များအကြောင်း စာလုံးရေနှစ်ထောင်ဖြင့် Article များရေးသားပေးပို့ရန် အာဆီယံနိုင်ငံများမှ ဖိတ်ခေါ်ခဲ့သည်။ ကျွန်တော်လည်း ရေးသားပေးပို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ The Second Prize Winner (Article themed: STORIES & EXPERIENCES WITH CAEXPOs) အဖြစ် ဆုကြေးငွေယွမ် ၃,၃၀၀ ချီးမြှင့်ခြင်းခံရပါသည်။ ကံအားလျော်စွာ ၂၀၁၈ ခုနှစ်တွင်ပင် CABIS Secretariat က ပေးအပ်သော Excellent Liaison Official Award ဆုကိုလည်း ထပ်မံချီးမြှင့်ခြင်းခံရပါသည်။

၂၀၁၉ ခုနှစ်သည် အသင်းချုပ်ကြီးတည်ထောင်သည့် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဖြစ်ပါသည်။ ကျွန်တော်သည် အသင်းချုပ်၏ နှစ်တစ်ရာပြည့် မဂ္ဂဇင်းထုတ်ဝေရေးကော်မတီတွင် အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သမိုင်းအချက်အလက်ရှာဖွေရေးနှင့် နှစ်တစ်ရာပြည့် စာအုပ်ထုတ်ဝေရေးကော်မတီတွင် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မကြာမီထွက်ပေါ်လာတော့မည့် CCI Law ဖြစ်မြောက်ရေးကော်မတီတွင်လည်း အဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီး၌ ဖြတ်သန်းကာလဆယ်နှစ်ကျော်တွင် EC အဖြစ်လည်းကောင်း၊ CEC အဖြစ်လည်းကောင်း၊ JSG အဖြစ်လည်းကောင်း၊ ဆေးစက်ကျရာတာဝန်များကို ထမ်းဆောင်ရင်း ကျွန်တော်ချစ်သော ကုန်သည်စက်မှုအသင်းချုပ်ကြီး အကျိုးအတွက်ရှေးရှု၍ ဦးလည်မသုန်ဆက်လက်သယ်ပိုးထမ်းရွက်သွားမည် ဖြစ်ပါကြောင်း။


ဘယ်ပြောင်းတဲ့
ပုံ
ရေးပြီးသူ
မြေပင်ကလာ

နေ့လယ်ကတည်းက ရွာသွန်းဖြိုးနေသောမိုး ကြောင့် ညဦးပိုင်းမှာပင် ဖားအော်သံတွေက သံစုံတီးဝိုင်းနယ် ဆူညံနေကြသည်။

မိုးဦးကျစမို့ ကျော်စံကေးအရွယ် ဖားငယ်လေးတွေရော၊ တွင်းအောင်းဖားကြီး တွေပါ သံပြိုင်ဟစ်ကြွေး ဖားတေးဆိုနေကြလေ သည်။

ဖားသားဟင်းစားချင်နေသော တော သားဖြစ်သူ ကျွန်တော်ကတော့ မိုးလင်းသည် နှင့်တစ်ပြိုင်နက် ဖားထွက်ရိုက်နေကျ ဖိုးကျော် တို့အိမ်သို့ အပြေးသွားကာ ဖားဝယ်ရန်ကြံ ရွယ်ထားသည်။

ဖိုးကျော်က မိုးဦးကျညဘက်များတွင် ဖားထွက်ရိုက်နေကျမို့ ဖားရိုက် ဖားရှာ ကျွမ်း ကျင်နေသူဖြစ်သည်။ ယခုလို ဖားအော်သံတွေ မြိုင်ဆိုင်နေချိန်တွင် ဖိုးကျော်ကတော့ အခက် အခဲလုံးဝမရှိဘဲ ဖားတွေရမှာ သေချာသည်။

နှစ်စဉ် မိုးဦးကျရာသီတိုင်းမှာ ကျွန် တော်က သူ့ဆီက ဖားသားဝယ်စားနေကျ။ သူ ဈေးထဲမှာသွားရောင်းချလို့ မကုန်လျှင်တောင် မှ ကျွန်တော့်ဆီလာပြီး လျှော့ဈေးဖြင့် ရောင်း ချနေကျ။

သူနှင့်ကျွန်တော်က ဖားသားအရောင်း အဝယ် ဖောက်သည်တွေ ဖြစ်နေကြလေပြီ။

ကျွန်တော်ညဘက်တွင် စာရေးနေစဉ် မှာပင် ဖားထွက်ရိုက်သံကို ကြားနေရသည်။ အိမ်ရှေ့ဘက်မှာရော၊ အိမ်နောက်ဖေးဘက်မှာ ပါ ဖားထွက်ရိုက်ကြသူတွေ သွားလာနေကြ သဖြင့် ခွေးတွေကလည်း ဟောင်နေကြသည်။ ခွေးဟောင်သံတွေနှင့် ဖားအော်သံတွေ သံပြိုင် ဟစ်ကြွေး ရောထွေးနေသောကြောင့် တစ်ခါ တစ်ရံမှာ နားမခံသာအောင် ခံစားနေရသည်။

တချို့က မိုးဖွဲဖွဲ၊ မိုးသည်းသည်းကြား မှာ ရိုးသားစွာ ဝင်ငွေရှာသည့်လုပ်ငန်းအဖြစ် ဖားထွက်ရိုက်ကြသော်လည်း တချို့က ဖား ရိုက်ထွက်တာကို အကြောင်းပြပြီး အိမ်ရှင်များ မိုးအေးအေးမှာ အိပ်မောကျနေကြသည့်အခိုက် ရာသီအငိုက်ကို စိတ်ကြိုက်ယူကာ ရသမျှ ဝင် ရောက်ခိုးကြသည်။ အခွင့်သာလျှင် ဖောက် ထွင်းကြသည်။

ထိုရာသီမျိုးမှာ အခိုးခံရမှုတွေ၊ အိမ် ဖောက်ထွင်းခံရမှုမျိုးတွေ နှစ်စဉ်ကြုံတွေ့နေကြ ရသည်။ ထို့ကြောင့် အိမ်ရှင်တွေက ဖားရိုက် ကြသူတွေနှင့် ငါးရှဉ့်ထောင်ကြသူတွေကို မိုး သည်းသည့်ညတိုင်း သတိထားပြီး အိပ်စက် ကြရသည်။

အိမ်ရှင်များစွာထဲမှာ ကျွန်တော် လည်း အပါအဝင်ပင်။

ဖားသားစားချင်နေသော ကျွန်တော် သည် ရေးလက်စဝတ္ထုတိုကို ယခင်ရေးသားခဲ့ သော ဝတ္ထုတိုများထက် အချိန်ဆွဲရေးသားနေခဲ့ သည်။ ညဉ့်နက်သန်းခေါင်ကျော်မှ ဝတ္ထုတိုကို အဆုံးသတ်နိုင်ခဲ့သည်။

သို့သော် အိပ်ရာထဲတွင် စိုးရိမ်စိတ် ကြောင့် တော်တော်နှင့် အိပ်မပျော်။ ဖားအော် သံများကို နားထောင်ရင်း သတိဝီရိယနှင့် ကြိုးစားပြီး အိပ်စက်ပါမှ အိပ်ပျော်သွားခဲ့ သည်။

ကျွန်တော်အိပ်ရာမှနိုးထတော့ နံနက် ၇ နာရီကျော်နေလေပြီ။

မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက် သန့်စင်သည့်အလုပ်ကို တက်သုတ်နှင်ကာ ကျွန်တော်တို့အိမ်၏ နောက်ဘက်တစ်လမ်း ကျော်မှာရှိသော ဖိုးကျော်တို့အိမ်သို့ ကျွန် တော်အပြေးတစ်ပိုင်း ထွက်လာခဲ့လေသည်။

"အီး ... ဟီး ဟီး ... အီး ... ဟီး ဟီး ..."

ဖိုးကျော်တို့အိမ်ရှေ့သို့ ကျွန်တော် ရောက်သွားသောအခါ အိမ်ထဲမှ ကလေးငိုသံ က စူးစူးဝါးဝါး ထွက်ပေါ်လာသလို ဖိုးကျော် ၏ မိန်းမ မတင်မြ၏ ဆူဟောက်ကြိမ်းမောင်း သံကလည်း ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ် လာသည်။

"ဟဲ့ကောင်လေး၊ တိတ်စမ်း၊ မနက် စောစောကြီးမှာ ငှက်ဆိုးထိုးသံကြီးနဲ့ ငိုကြော ရှည်မနေနဲ့။ လာတ်တိတ်တယ်။ တိတ်ဆိုတိတ် နော်၊ မတိတ်ရင် အသားနာမယ်"

ကျွန်တော်က အိမ်ဝင်းထဲသို့ဝင်သွား

သည်။ ကလေးက အိမ်ရှေ့ခန်းမှာ ငိုနေဆဲပင်။

"အီး ... ဟီး ... ဟီး ... အီး"

ကျွန်တော့်ခေါ်သံကြားတော့ ဖိုးကျော်မိန်းမ မတင်မြ မီးဖိုချောင်ထဲမှ ထွက်လာသည်။ ကျွန်တော့်ကို မြင်လိုက်သောအခါ အံ့အားသင့်သွားကာ သူ၏ငိုနေသောကလေးကို အချိုသတ်ချော့မော့ ဖျောင်းဖျရင်းက ကျွန်တော့်ကို မေးသည်။

"သားလေး တိတ်တိတ်၊ ဖေဖေပြန်လာရင် သားလေးအတွက် မုန့်တွေ အများကြီး ဝယ်လာခဲ့မယ်တဲ့။ သားလေးက လိမ္မာပါတယ်။ တိတ်နော် တိတ်တိတ်၊ ဟိုမှာ ဘဘကြီးလာနေတယ်။ သြော် ... ဦးလေး၊ ဘာကိစ္စများရှိလို့လဲ။ ဦးလေးတူမရှိဘူး။ မှာစရာရှိရင် မှာခဲ့ပါ"

"ဖိုးကျော် ဘယ်သွားလို့လဲ။ ငါဖားဝယ်ချင်လို့ပါ။ နင်တို့ ဈေးထဲသွားမရောင်းခင် စောစောလာမလို့ပါ။ အိပ်ရာထနောက်ကျသွားလို့ဟာ"

"ဦးလေးတူ ကိုဖိုးကျော်၊ ရန်ကုန်ထဲသွားတယ်။ ဟိုတယ်နဲ့ စားသောက်ဆိုင်တွေက ရသမျှဖားတွေ အကုန်ဝယ်မယ်ဆိုလို့ သွားပို့လေရဲ့။ စောစောကတည်းက ဦးလေးက ကြိုမှာထားရင်တော့ ရနိုင်တာပေါ့ ဦးလေးရယ်"

ခဲလေသမျှသဲရေကျဖြစ်ရပါပြီ။ ကျွန်တော်ရင်မောသွားရသည်။ သား၊ ငါး၊ ဖား ရှားပါးလာရသည့်ကြားမှာ ဟိုတယ်တွေနှင့် စားသောက်ဆိုင်တွေကလည်း အလုအယက်ဝယ်ယူနေကြရာ ကျွန်တော်တို့လို ဝင်ငွေနည်းသူများအဖို့ စားချင်တိုင်းစား၍ မရနိုင်တော့လေပြီ။

ကျွန်တော်သက်ပြင်းမောကို မျှင်း၍ ချလိုက်မိသည်။ မတင်မြက ဆက်ပြောသည်။

"ဟိုတယ်နဲ့ စားသောက်ဆိုင်ကြီးတွေက ဖားကြီးတစ်ပိဿာ သုံးထောင်ဈေး၊ ကျော်စံကေးအသေးလေးတွေ တစ်ပိဿာ နှစ်ထောင်ဈေးပေးဝယ်မယ်ဆိုလို့ ကိုဖိုးကျော်က ရသမျှဖားတွေအားလုံး သိမ်းကျုံးယူသွားတာပါ။ အဲဒါကို ဒီသားငယ်က ဖားသားဟင်းချက်မကျွေးလို့ ပူဆာပြီး ငိုကြော်ရှည်နေတာ ဦးလေးရ"

မတင်မြစကားကို ကျွန်တော်ထပ်မံပြီး ကြားလိုက်ရသောအခါ ပို၍ပင် ရင်နှင့်သွားရပြန်ပါသည်။

"ဦးလေးရယ်၊ ကိုယ်ရိက်တဲ့ဖားသား ကိုယ်စားချင်တာပေါ့။ ကိုယ်ရှာတဲ့ဖားသား မစားချင်ဘဲဘယ်နေပါ့မလဲ။ ဒါပေမဲ့ မရှိမဖြစ်တဲ့ ဆန်ဖိုးဆီဖိုးက အဓိကမဟုတ်လား။ ဒါကြောင့် ကျွန်မကလည်း ကိုဖိုးကျော်ကိုအကုန်ရောင်းခိုင်းလိုက်တာပါ။ သားလေးက ကလေးဆိုတော့ ဘာမှနားမလည်ဘူးလေ"

"ကလေးအတွက်တော့ နည်းနည်းလောက် ချန်ထားသင့်တာပေါ့ဟာ"

"နောက်တော့ စားရမှာပေါ့လေ။ ကိုယ်မစားဖူးတာမှ မဟုတ်ဘဲ ဦးလေးရယ်၊ အဓိကလိုအပ်တာလေးတွေကို ဦးစားပေးရဦးမယ် မဟုတ်လား။ အိမ်မှာက ဦးလေးမြင်တဲ့အတိုင်းပဲ မိုးယိုနေသေးတယ်။ ဒီကြားထဲ ဟိုဟာလို ဒီဟာလိုတွေက များနေတော့ ငွေရဖို့က သိပ်အရေကြီးနေတယ် ဦးလေးရယ်"

မြွေဆိုးအန္တရာယ်ကို ရင်ဆိုင်ပြီး အသက်ဘေးနှင့်ရင်းပြီး တစ်ညလုံးဆင်းရဲပင်ပန်းခံကာ ဖားရိက်ကြရသောသူတို့ခမျာ ကိုယ်ရှာတဲ့ ဖားသား၊ ကိုယ်တိုင်တောင် မစားနိုင်ကြတဲ့ဘဝတွေပါလား။ လိုအပ်တာတွေက အများသားဆိုပါလား။

ကျွန်တော့်ခေါင်းထဲမှာ အတွေးတွေ ချာချာလည်ရင်း ဟို ... လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်ကျော်လောက်ဆီက ကျွန်တော်မော်လမြိုင်ကောလိပ်ကိုတက်ရောက်ခဲ့စဉ်က ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ရသည့် ဘဝဒဿနဇာတ်လမ်းတစ်ပုဒ်ကို ရုပ်ရှင်ဇာတ်လမ်းပမာ အမှတ်တရပြန်လည် မြင်ယောင်လာခဲ့ပါတော့သည်။

***

"အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ဒီ

မုဒွန်းရွာကြီးထဲမှာ မိမြသစ်ကလွဲရင် နင်ချစ်ရမယ့်မိန်းမ မရှိတော့ဘူးလို့များ ထင်နေလေရော့သလား သက်မောင်”

လယ်ထဲမှအပြန် ကောက်လှိုင်းတွေကို လှည်းပေါ်မှချအပြီး စပါးနယ်တလင်းထဲမှာ အနားယူခါစရှိသေး မင်းသက်မောင်၏မိခင် ဒေါ်စိန်ခက်က ရေနွေးအိုးနှင့် အုန်းထန်းလျက်ကို လာချရင်း စကားစလိုက်သည်။

မင်းသက်မောင်တစ်ယောက် ရောက်မဆိုက် အပန်းမှမဖြေရသေးမီ ဦးနှောက်ခြောက် နားပူ စလေပြီ။

တစ်ရွာတည်းနေ ဆယ်ကျော်သက်ကတည်းက လက်တွဲခဲ့ရသူ ငယ်ကျွမ်းချစ်မိမြသစ်နှင့် သံယောဇဉ်ကြိုးရစ်ပတ်ပျိုးသည့် အချိန်မှစ၍ နားထဲသို့ သံပူရည်လောင်းချခံနေရသလို နေ့စဉ်နှင့်အမျှ လောကငရဲခံစားလာရသည်မှာ ကြာလှချေပြီ။

ယခုလည်း မိခင်ဒေါ်စိန်ခက်က သူ့ချစ်သူမိမြသစ်အကြောင်း ဓာတ်ပြားဟောင်းကြီးကို စကားစလာပြန်လာသဖြင့် မင်းသက်မောင်က နေရာမှထရန် ဟန်ပြင်သည်။

“ထပြေးမယ် မကြံနဲ့ဦး သက်မောင်၊ နင်ငါ့ကို ရောင်ဖယ်ဖယ်လုပ်တာများနေပြီ။ နင့်ကိုငါ ပြောစရာရှိသေးတယ်”

“ကျွန်တော် တောင်းပန်ပါတယ် အမေရယ်။ လယ်ထဲမှာ ကျောပူခံရတာထက် အခံရခက်လှတဲ့ နားပူကိုတော့ မခံပါရစေနဲ့ အမေ”

“အောင်မယ် .... ရာရာစစ၊ နင်ကများငါ့ကို ဒီလိုပြောရသလားဟဲ့ .... သက်မောင်”



"မျက်စိနှစ်ဖက်ရှိနေပါရက်နဲ့ ကန်းနေတာက ခက်တယ်သား။ မင်းစဉ်းစားကြည့်လေ။ စာမတတ်သူဟာ အကန်းနဲ့ တူတယ်တဲ့။ အဲဒီအကန်းမကိုမှ မင်းက တန်းတန်းစွဲဖြစ်နေတာ ခက်တယ်"

"ကျွန်တော်ပြောတာမဟုတ်ဘူးလား လို့ တစ်နေ့လာလည်း ဒီစကားပဲ၊ ကြားရဖန်များလွန်းလို့ ကျွန်တော် ရူးချင်လာပြီ အမေ။ အမေနဲ့ မျက်နှာချင်းမဆိုင်လိုက်နဲ့၊ ဆိုင်လိုက်တာနဲ့ မြသစ်အကြောင်းပဲ ပြောပြောနေတာပဲ မဟုတ်လား။ အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားအဟောင်းကြီးကို ကျွန်တော်မကြားပါရစေနဲ့တော့ အမေရယ်'

"အေး .... နင့်ကောင်မအကြောင်းကို ပြောတာ မကြားချင်ရင် ငါ့စကားကို နင်လိုက်နာပေါ့။ ဒီတစ်ခါတော့ ငါစကားအပြတ်ပြောမယ်"

"ကျွန်တော်က ဘာကိုလိုက်နာရမှာလဲ"

"ဒီတလင်းကြေလို့ နွေရောက်ရင် ရွာထဲက မိန်းအေးနဲ့ နင့်ကိုလက်ထပ်ထိမ်းမြားပေးဖို့ တို့လူကြီးချင်းတွေ စီစဉ်ထားတယ်"

"ဗျာ .... မိန်းအေးနဲ့ ပေးစားမယ် .... ဟုတ်လား"

"ဟုတ်တယ်။ နှစ်ဖက်မိဘချင်းသဘောတူထားကြပြီ။ လူကြီးမိဘတွေ လက်နဲ့ရေးထားတာကို နင် ခြေနဲ့ဖျက်ဖို့မကြံနဲ့"

မင်းသက်မောင် အံ့အားသင့်သွားသည်။ မိန်းအေးက မင်းသက်မောင်နှင့် ကျောင်းနေဖက်ငယ်သူငယ်ချင်း၊ မိန်းအေးက ခုနစ်တန်းအောင် ရှစ်တန်းအထိသာ ပညာသင်ကြားခဲ့ပြီး မင်းသက်မောင်က ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။

နှစ်ဦးစလုံး၏ မိဘများမှာ တောင်သူလယ်သမားများဖြစ်ကြရာ စီးပွားရေးအခြေအနေကလည်း သူမသာ ကိုယ်မသာ။ တန်းတူရှိကြသည်။ ချောင်လည်ပြေလည်ကြသူများဖြစ်ကြသည်။

အိမ်ခြေတစ်ထောင်ကျော်၊ လူဦးရေငါးထောင်ကျော်ရှိသော မုဒွန်းရွာကြီးသည် ဘီလူးကျွန်းဟုခေါ်တွင်သော ချောင်းဆုံမြို့နယ်၏ မြို့နယ်ခွဲလေးဆိုလျှင် မမှားပေ။

ထိုအချိန်ကာလက လူနည်းစုမှာ လယ်ယာလုပ်သားမိသားစုအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သည်။ လူဦးရေနှစ်ရာကျော်သာရှိကြသည်။

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ကျောက်သင်ပုန်းနှင့် ကျောက်တံလုပ်ငန်းများတွင် အလုပ်လုပ်ကြသူ ကိုးရာကျော်ရှိသည်။

ထိုလုပ်ငန်းလုပ်ကိုင်စားသောက်နေကြသူများထဲတွင် မိမြသစ်လည်း ပါဝင်သည်။ မိမြသစ်သည် ကျောက်သင်ပုန်းကျောက်များ သယ်ယူသည့်လုပ်ငန်း၊ ကျောက်သင်ပုန်းရွေပေါ်ထိုး၊ အချောကိုင်လုပ်ငန်း၊ ကျောက်တံလုပ်ငန်း စသည့်လုပ်ငန်းမျိုးစုံကို ရိုးရိုးသားသား ကြိုးစားလုပ်ကိုင်နေပြီး ဖခင်အိုကြီးကို ကျွေးမွေးပြု စုစောင့်ရောက်ပေးနေသူလေးဖြစ်သည်။

မိမြသစ်၏ ရိုးသားဖြူစင်မှု၊ လိမ္မာရေးခြားရှိမှု၊ ဆက်ဆံရေးကောင်းမွန်မှုတို့ကြောင့် လူချစ်လူခင်လည်း များသည်။ တောသူဆိုပေမယ့် ပြေပြစ်ချောမောသူလေးမို့ ပိုးပန်းကြသူတွေများနေသည်။ သူက မင်းသက်မောင်ကိုသာ မေတ္တာတုံ့ပြန်ခဲ့သည်။ မင်းသက်မောင်ကလည်း မိမြသစ်ကလွဲလို့ ကျန်တာတွေကို ဖွဲနှင့်ဆန်ကွဲလိုပဲ သဘောထားသည်။

သို့သော် ဒေါ်စိန်ခက်သည် ကျောက်သင်ပုန်းအလုပ်သမ မိမြသစ်နှင့် သူ့သားကို လုံးဝသဘောမတူ။ ဘဝတူလယ်သမား၏ သမီးပျို မိန်းအေးနှင့်သာ လက်ဆက်ပေးချင်နေသည်။ မင်းသက်မောင်ကလည်း မိန်းအေးကို ငြင်းပယ်ရန် ယတိပြတ်ဆုံးဖြတ်ထားသည်။

မငြင်းပယ်၍လည်း မဖြစ်။ သူ၏သူငယ်ချင်း ကျောက်သင်ပုန်းလုပ်သား မင်းရွှေသိန်း၏ ချစ်သူဖြစ်နေသောကြောင့်ပင်။

"အမေ့ကို သား တောင်းပန်ပါရစေအမေ။ မိမြသစ်ဟာ နွမ်းပါးတာကလွဲလို့ ရိုးသားဖြူစင်တဲ့ မိန်းကလေးပါ။ အမေအသိပါ"

"ဆင်းရဲတာကို ငါခွင့်လွှတ်နိုင်တယ်။ ဒါပေမဲ့ ...."

"ဒါပေမဲ့ .... ဘာဖြစ်လဲ အမေ"

"မျက်စိနှစ်ဖက် ရှိနေပါရက်နဲ့ ကန်းနေတာက ခက်တယ်သား။ မင်းစဉ်းစားကြည့်လေ။ စာမတတ်သူဟာ အကန်းနဲ့ တူတယ်တဲ့။ အဲဒီအကန်းမကိုမှ မင်းက တန်းတန်းစွဲဖြစ်နေတာ ခက်တယ်"

"စာမတတ်တာနဲ့ အိမ်ထောင်ရေးက ဘာမှမဆိုင်ပါဘူး အမေရာ"

"ဆိုင်ပါသေဘကော သက်မောင်၊ သိပ်ဆိုင်တာပေါ့။ မျက်တောင်မွေးတဆုံးသာကြည့်ပြီး မဆုံးဖြတ်လေနဲ့။ အိမ်ထောင်ဖက်ဖြစ်လာရင် လင်တစ်ထမ်း၊ မယားတစ်ရွက်တဲ့။ စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်းတဲ့။ တစ်ခုတည်းကြည့်ပြီး ယူလိုက်ရင် သေစာရှင်စာတောင် မတတ်တဲ့မယားကြောင့် အိတ်ပေါက်နဲ့ ဖားကောက်သလို ဘယ်တော့မှ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူး။ ချောင်လည်မှုမရှိဘဲ ကျပ်တည်းဆင်းရဲနေမှာ သေချာတယ်"

"ဒါကတော့အမေရာ၊ လင်ယောကျ်ားအပေါ်မှာ မူတည်တာပါ။ အမေပြောသလိုသာဆိုရင် မြသစ်ဘဝက ရပ်တည်လို့တောင် မရတော့သလို ဖြစ်နေပြီ။ အခု သူ့ဘဝသူရပ်တည်နေနိုင်ပါတယ် အမေရယ်"

"တော် တော် တော်တော့ သက်မောင်။ ဆက်ပြောမနေနဲ့။ ဘာဆင်ခြေလက်ခြေမှငါလက်မခံဘူး။ တို့လူကြီးချင်းသဘောတူထားကြပြီ။ လူကြီးမိဘတွေက လက်နဲ့ရေးထားတာကို နင်ခြေနဲ့ဖျက်ဖို့ မကြံနဲ့။ နောက်မှ ငါ့အလွန်မပြောနဲ့။ အကန်းမနဲ့ နင့်ကို ငါလုံးဝသဘောမတူဘူး။ မကြာခင်မှာ စေ့စပ်ပွဲလုပ်မယ်။ ကဲ ငါပြောချင်တာ ဒါပဲ"

ဒေါ်စိန်ခက်က ပြောပြောဆိုဆိုနှင့် ထသွားသော်လည်း မင်းသက်မောင်ကတော့ သက်ပြင်းကိုသာ အခါအခါ အတန်တန်ချကာ ရတက်ဖြာ၍ ရင်နာနေရလေတော့သည်။

***

"မွေးသမိခင် ကျေးဇူးရှင်တစ်ယောက် အနေနဲ့ ကိုယ့်သားအတွက် ရှေ့ရေးကို ငဲ့တွက်ပြီး အစ်ကိုမောင့်ကို ပြောဆိုဆုံးမနေတဲ့ ဒေါ်လေးခက်ကို ကျွန်မအပြစ် မတင်ရက်ပါဘူး အစ်ကိုမောင်။ စိတ်လည်း မဆိုးပါဘူး။ ကျွန်မဝမ်းနည်းတာက ကိုယ့်ဘဝကုသိုလ်ကံအကျိုးပေးကိုပါ"

"အိုး ... မြသစ်ကလည်းကွာ၊ အမေကဘာတွေပဲပြောနေပြောနေ အစ်ကိုမောင်ကလေ မြသစ်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး၊ ဒီဘုရားမှာ သစ္စာဆိုရဲပါတယ်ကွာ။ ဘာမှအားမငယ်ပါနဲ့ ညီမရယ်"

ထိုအချိန်ကာလ နိုင်ငံတော်အတွက် တစ်လလျှင် ကျောက်သင်ပုန်းတစ်သိန်းကျော်၊ တစ်နှစ်လျှင်သိန်းနှစ်ဆယ်ကျော် ထုတ်လုပ်ပေးနေသော မုဆိုးမတောင် (ခေါ်) ကျောက်သင်ပုန်းတောင် (ခေါ်) မုဒွန်းတောင်ကြီးသည် မုဒွန်းရွာကြီး၏ အနောက်တောင်ဘက်နှစ်ဖာလုံခန့်အကွာအဝေးတွင်ရှိပြီး မြောက်ဘက်မှ တောင်ဘက်သို့ ဆင်ခြေလျှောနိမ့်ဆင်းသွားကာ နှစ်မိုင်ကျော်ဝေးကွာသော "ကော့ပလာရွာ" အနီးဌ်၌ မြေပြန့်၍သွားလေသည်။

တောင်ရိုး၊ တောင်တန်း၊ တောင်ခါးပန်းများတွင် ကျောက်သင်ပုန်း ကျောက်ထုတ်လုပ်နေကြသည့် ခနိတဲကလေးတွေ ဟိုတစ်စု၊ ဒီတစ်စုရှိနေကြသည်။ ထိုခနိတဲကလေးထဲတွင် မိမြသစ်တို့ ခနိတဲကလေးလည်းပါသည်။

မင်းသက်မောင်က မိမြသစ်ကို ခနိတဲကလေးထဲမှ ခေါ်လာကာ ချစ်သူနှစ်ဦးတွေ့ဆုံနေကျနေရာဖြစ်သော တောင်ခြေရင်းရှိ စေတီနံဘေးတွင် ရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးနေကြရင်း အားပေးနေခြင်းသာ ဖြစ်သည်။

"တကယ်တော့ အစ်ကိုမောင်ရယ်။ ဒေါ်လေးခက်ပြောတာ မမှားပါဘူး။ စာမတတ်တော့ လူ့အောက်ကျတာ အမှန်ပါ။ ဟိုအရင်ကဆိုရင် ကျွန်မဟာ ကျောက်သင်ပုန်း ဘယ်နှချပ်၊ ကျောက်တံဘယ်နှချောင်းဆိုတာ မရေတွက်တတ်လို့ သူများတွေ ညစ်ပတ်သမျှ ခံခဲ့ရတယ်လေ။ ကိုယ်ပင်ပန်းထားတာတွေဟာ သူ

များစားဖို့ ဖြစ်သွားခဲ့ရတယ်လေ။ နောက်မှ အစ်ကိုမောင့်သူငယ်ချင်း ကိုမင်းရွှေသိန်းက "တစ်" ကနေ "တစ်ရာ" အထိ ဂဏန်းအရေအတွက်သင်ပေးလို့ တဖြည်းဖြည်းနဲ့တွက်တတ်လာတာပါ"

"ဂဏန်းအရေအတွက်တောင် တတ်အောင်သင်လို့ရရင် စာလည်းတတ်အောင်သင်လို့ရမှာပေါ့ ညီမရယ်။ ဒီတစ်ခါ ချောင်းဆုံမြို့နယ်ကို အသုံးလုံးလုပ်အားပေးတွေ့လာရင် ညီမလည်း စာသင်ရတော့မှာပေါ့"

"ကျွန်မလည်း စာတတ်ချင်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိကြတဲ့ ကလေးသူငယ်တွေ၊ စာရေးစာဖတ်တတ်မြောက်ဖို့ ကျောက်သင်ပုန်းတွေကို ထုတ်လုပ်ပေးနေတဲ့ ကျွန်မဟာ စာမတတ် ပေမတတ်နဲ့ ကြက်ခြေခတ်ဖြစ်နေရတဲ့ဘဝမို့ ရင်နာစရာကောင်းလွန်းလှပါတယ် အစ်ကိုမောင်။ ကိုယ်လုပ်တဲ့ ကျောက်သင်ပုန်းမှာ ကိုယ်ထုတ်တဲ့ ကျောက်တံနဲ့ ကိုယ်ရေးချင်တာကို မရေးနိုင်တဲ့ဘဝက လွတ်ချင်ကျွတ်ချင်လှပါပြီ အစ်ကိုမောင်ရယ်"

"အားပါးပါး ... အားပါးဟာ။ ကြည့်စမ်း၊ ကြည့်စမ်း၊ စာမတတ်တဲ့သူပြောတာမှ ဟုတ်ရဲ့လား လို့။ နားနဲ့ဆတ်ဆတ်ကြားလိုက်ရလို့သာပဲနော်"

"ဘာလဲ အစ်ကိုမောင်က ကျွန်မကို သရော်တာလား၊ အထင်သေးတာလား။ စာမတတ်ပေမယ့် ခံစားတတ်ပါတယ်။ အတွေ့အကြုံနဲ့ ခံစားချက်တွေက သင်ခန်းစာပေးနေရက်ပါ အစ်ကိုမောင်"

"အလကား စတာကျီစားတာပါကွာ။ အစ်ကိုမောင်က ညီမကို အထင်မသေးလို့ဘဲ ရင်ထဲမှာ အစွဲကြီး စွဲပြီး မခွဲရက်မခွာရက်ဖြစ်နေတာ မဟုတ်လား"

မိမြသစ်က ဝမ်းနည်းကြေကွဲသံလေးဖြင့် ပြန်လည်ချေပလိုက်သောကြောင့် မင်းသက်မောင်က မိမြသစ်ကို ရင်ခွင်ထဲဆွဲပွေ့ဖက်ကာ လေပြေကလေးဖြင့် ချော့မော့ဖြေသိမ့်ပေးလိုက်ရလေသည်။

သည်လိုကျတော့လည်း မိမြသစ်၏ မျက်နှာလေးက ကြည်သာရွှင်ပြုံရွှန်းမြမြ။

"ဩော် ... ဩော် ... မင်းသားနဲ့ မင်းသမီးက ဒီမှာလာပြီး နှစ်ပါးကြည်နေကြတာကိုး။ ငါ့မှာတော့ ရှာလိုက်ရတာ ဖတ်ဖတ်ကို မောလို့"

မမျော်လင့်မထင်မှတ်ဘဲ သူတို့နှစ်ယောက်၏ နောက်နားဆီမှ ရုတ်တရက်ထွက်ပေါ်လာသော အသံကြောင့် ချစ်သူနှစ်ဦးမှာ လန့်ဖျပ်သွားကြပြီး လှည့်ကြည့်လိုက်ရာ ရွာလူကြီး ဦးတင်မောင်ကို မြင်တွေ့လိုက်ကြရသည်။

"လန့်သွားတာပဲ ဦးလေးရာ၊ ဘာအကြောင်းထူးရှိလို့ လိုက်ရှာနေရတာလဲ"

"အကြောင်းထူးရှိလို့ပေါ်ဟာ။ မင်းတို့ကို လိုက်ရှာနေတာ မြသစ်တို့တဲကိုတောင် ရောက်ခဲ့သေးတယ်ကွ။ ဒီဘက်ကိုသွားကြတယ်လို့ သတင်းရတာနဲ့ လိုက်လာတာကွ"

"ဟုတ်လား။ ကဲ ... ပြောပါဦး။ ဘာအကြောင်းထူးလဲဆိုတာ"

"ဒီလိုကွ။ မင်းတို့ရဲ့သူငယ်ချင်းမင်းရွှေသိန်းနဲ့ မိနှင်းအေးတို့ ခိုးရာလိုက်ပြေးကြပြီ"

"ဟင် ..."

"ဟာ ... မြန်လှချည်လား"

မင်းသက်မောင်ရော မိမြသစ်ပါ အံ့အားသင့်သွားကြသည်။

"ဒါကြောင့် ကိုမင်းရွှေသိန်း ဒီနေ့အလုပ်ဆင်းတာ မတွေ့ရတာကိုး"

မိမြသစ်၏စကားကို ဦးတင်မောင်က ဖြတ်ပြောလိုက်သည်။

"ကဲ ... ကဲ၊ အဲဒါထက် ဝမ်းသာစရာရှိသေးတယ်ကွ"

"ဘာများလဲ ဦးလေးရာ၊ မြန်မြန်ပြောပြစမ်းပါ"

"လာမယ့် ဧပြီလ၊ နွေရာသီကျောင်းပိတ်ရက်မှာ တို့ရွာမှာ အသုံးလုံးကျေစခန်းလာဖွင့်မယ်တဲ့။ ချောင်းဆုံမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲ ကျင်းပမယ်တဲ့။ တက္ကသိုလ်၊ ကောလိပ်တွေက ကျောင်းသူ

ဖိုးကျော်တို့လို ဖောင်စီးရင်း ရေတော်နေကြသည့် ဆင်းရဲမွဲတေ နေကြသူတွေ၊ လက်လှုပ်မှ ပါးစပ်လှုပ် ကြရသူတွေ၊ မိသားစုငါးဦးစားဖို့ ငါးကလီစာနစ်ရာကျပ် ဖိုးဝယ်စားမိရာက ငါးပူတင်းပါသွားလို့ ရင်သွေးလေး အဆိပ်ဖြစ် သေဆုံးခဲ့ရသည့် မိသားစုနှင့် အလားတူ နေကြသူတွေ ...

ကျောင်းသားတွေ လာသင်ကြမှာတဲ့။ အဲဒီတော့ မြသစ်အတွက်ရော၊ မင်းအတွက်ပါ ငါဝမ်းသာလွန်းလို့ပါကွာ”

“ကြားရတာ မင်္ဂလာရှိလိုက်တာဦးလေးရာ၊ တကယ်ပါပဲဗျာ”

“အေး ... ငါက မင်္ဂလာသတင်းလာပေးတာပဲကွ။ မင်းတို့သာ မင်္ဂလာရှိအောင် မင်္ဂလာဆောင်နိုင်အောင် ကြိုးစားကြပေတော့ဟေ့။ ကဲ ငါသွားမယ်”

“ကျေးဇူးပါပဲ ဦးလေး”

“ကျေးဇူးကမ္ဘာဦးလေးရေ”

မင်းသက်မောင်ရော မိမြသစ်ပါ ကြည်နူးဝမ်းသာပီတိဖြာသွားကြသည်။ ချစ်သူနှစ်ဦး၏ အနာဂတ်ဘဝသည် တိမ်မှောင်ကင်း၍ လမင်းသာချေပြီတကား။

***

ကျွန်တော်သည် အနှစ်လေးဆယ် ကျော်လောက်က မွန်မလေးမိမြသစ်၏ ဒဿနဆန်သော ခံစားချက်ပါ စကားတွေကို ပြန်လည်ကြားယောင်နေမိပါသည်။

“ကိုယ်လုပ်တဲ့ ကျောက်သင်ပုန်းမှာ ကိုယ်ထုတ်တဲ့ ကျောက်တံနဲ့ ကိုယ်ရေးချင်တာကို မရေးနိုင်တဲ့ဘဝက လွတ်ချင်ကျွတ်ချင်လှပါပြီ အစ်ကိုမောင်ရယ်” တဲ့ လေ။

ချောင်းဆုံမြို့နယ်လုံးကျွတ် စာတတ်မြောက်သွားကြပြီဆိုတော့ မိမြသစ်လည်း စာမတတ်သူဘဝမှလွတ်မြောက်သွားလေပြီ။ ကိုယ်ထုတ်သည့် ကျောက်သင်ပုန်းမှာ ကိုယ်လုပ်သည့် ကျောက်တံဖြင့် ကိုယ်ရေးချင်တာတွေကို ရေးသားနိုင်သည့်ဘဝသို့ ရောက်သွားလေပြီ။ ကိုယ်သိချင်တတ်ချင်တာတွေကိုလည်း ဖတ်ရှုမှတ်သားနိုင်လေပြီ။

သူတို့ချစ်သူနှစ်ဦးလည်း ချစ်ခရီးလမ်းဖြောင့်ဖြူးသွားကြလေပြီ။ ယခုဆိုလျှင် သာယာချမ်းမြေ့သည့် အိမ်ထောင်ရေးသုခကိုလည်း ခံစားစံစားနေကြလေပြီထင့်။

စာတတ်မြောက်အောင် စွမ်းဆောင်ပေးနိုင်သည့် အ,သုံးလုံး၏ ကျေးဇူးပင်တည်း။

ယခု ဖိုးကျော်၏ မိန်းမ မတင်မြခမျာ မှာတော့ ...

“ကိုယ်ရိုက်တဲ့ဖားသား၊ ကိုယ်စားချင်တာပေါ့။ ကိုယ်ရှာတဲ့ဖားသားမစားချင်ဘဲ ဘယ်နေပါ့မလဲ။ ဒါပေမဲ့ မရှိမဖြစ်တဲ့ ဆန်ဖိုး ဆီဖိုးက အဓိက မဟုတ်လား ...

“နောက်တော့စားရမှာပေါ့လေ။ ကိုယ်မစားဖူးတာမှမဟုတ်ဘဲ၊ အဓိက လိုအပ်တာလေးတွေကို ဦးစားပေးရဦးမယ် မဟုတ်လား။ အိမ်မှာက မိုးယိုနေသေးတယ်။ ဒီကြားထဲ ဟိုဟာလို ဒီဟာလိုတွေက များနေတော့ ငွေရဖို့က သိပ်အရေးကြီးနေတယ်” တဲ့လေ။

မတင်မြ၏ ခိုလိုညည်းညူစကားတွေက ကျွန်တော့်ကို အတွေးပွားစေခဲ့သည်။ ရသတဏှာအလိုကို မလိုက်ဖို့ မီးဝါ၊ မီးနီပြလိုက်သလိုလည်း ခံစားလိုက်ရသည်။

“အင်း ... ငါးရှဉ့်ထောင်ချိန်မှာလည်း ကိုယ်ထောင်လို့ရတဲ့ ငါးရှဉ့်ကို ကိုယ်မစားရက်နိုင်ဘဲ ဟိုတယ်ကြီးတွေနဲ့ စားသောက်ဆိုင်ကြီးတွေကို သွားပို့ကြဦးမှာ သေချာတယ်။ ကာယကံရှင် သူတို့ မဆိုထားနဲ့။ ဝင်ငွေသင့်တင်မျှတနေတဲ့ငါတောင်မှ ဖားတို့၊ ငါးရှဉ့်တို့ဝယ်စားခွင့်မရနိုင်တော့ပါလား။ ဆင်းရဲလွန်းသူတွေက ကြက်သား၊ ဝက်သား ဝယ်မစားနိုင်ကြတာ ကြာလာတဲ့အခါမှာ ကြက်ရုပ် ဝက်ရုပ်တွေကို ဆွဲပြရမလိုပဲလို့ ကာတွန်းဆရာတွေက ကလိခဲ့ကြတယ်။ ငါလည်းကြာရင်တော့ ပုစွန်တုပ်ကြီးရုပ်ပုံတွေ၊ ငါးသလောက်ကြီးရုပ်ပုံတွေ၊ ဖား ငါးရှဉ့်ရုပ်ပုံတွေကို အိမ်မှာ ချိတ်ဆွဲထားရမယ့်ကိန်းဆိုက်ရောက်တော့မှာပါလား”

သည်အတိုင်းသာဆိုလျှင်တော့ ...

* ကိုယ်ရှာလို့ရတဲ့ ...
* ကိုယ်လုပ်လို့ရတဲ့ ...
* ကိုယ်စိုက်ပျိုးထားတဲ့ ...
* ကိုယ်တီထွင်ထားတဲ့ ...
* ကိုယ့်ဒေသမှာ ရှိနေကြတဲ့ ...

ဖိုးကျော်တို့လို ဖောင်စီးရင်း ရေတော်

**လူအများစု၊ လူတန်းစေ့၊ လူစဉ်မီမီ နေထိုင်ရပ်တည်နိုင်ရေးအတွက် နှိပ်စက်ညှဉ်းပန်းလွန်းသည့် ကုန်ဈေးနှုန်း၏ အန္တရာယ်ကြီးကိုတော့ မည်သူမျှ မကာကွယ်မတားဆီးနိုင်ကြ။ ကယ်တင်နိုင်မည့် ကယ်တင်ရှင်ကိုလည်း ယခုအထိ မမြင်။**

နေကြသည့် ဆင်းရဲမွဲတေနေကြသူတွေ၊ လက်လှုပ်မှ ပါးစပ်လှုပ်ကြရသူတွေ၊ မိသားစုငါးဦးစားဖို့ ငါးကလီစာ နှစ်ရာကျပ်ဖိုးဝယ်စားမိရာက ငါးပူတင်းပါသွားလို့ ရင်သွေးလေးအဆိပ်ဖြစ်သေဆုံးခဲ့ရသည့် မိသားစုနှင့် အလားတူနေကြသူတွေ...သူတို့အကြောင်းကို စဉ်းစားတွေးတောနေရင်းက ထွက်ပေါက်လမ်းစ လုံးဝရှာမရဘဲ ခေါင်းမှာ ချာချာလည်ပြီး မူးနောက်ဝေဒနာကို ခံစားလာရသည်။

ဝေဒနာခံစားနေရသည့်ကြားထဲမှာမှ အသုံးလုံးကျေအောင်ပွဲတွေကို ပြန်လည်မြင်ယောင်လာသည်။ စာမတတ်သူပပျောက်ရေးအတွက် အသုံးလုံးကျလုပ်ငန်းစဉ်ဖြင့် ကုစားခဲ့ရာ ယူနက်စကိုကပင် ပြောင်မြောက်ထူးချွန်ဆု ပေးအပ်ချီးမြှင့်ခံခဲ့ရသည်အထိ အောင်မြင်ခဲ့သည် မဟုတ်ပါလား။

လူအများစု၊ လူတန်းစေ့၊ လူစဉ်မီမီ နေထိုင်ရပ်တည်နိုင်ရေးအတွက် နှိပ်စက်ညှဉ်းပန်းလွန်းသည့် ကုန်ဈေးနှုန်း၏ အန္တရာယ်ကြီးကိုတော့ မည်သူမျှ မကာကွယ် မတားဆီးနိုင်ကြ။ ကယ်တင်နိုင်မည့်ကယ်တင်ရှင်ကိုလည်း ယခုအထိ မမြင်။

တစ်ခါလာလည်း "လူဦးရေက တိုးပွားလာတာကိုး" ဟူသော အကြောင်းပြချက်က အပ်ကြောင်းထပ်၊ ခေါက်ရိုးကျိုးနေပြီး ကြာလျှင် "ဆိုရိုးစကား" ဖြစ်သွားပေလိမ့်မည်။ "ဆိုထုံး" အသုံးအနှုန်း မှတ်ယူသွားကြပေလိမ့်မည်။

တကယ်တော့ ဆီသည်မ လက်နှိုးစုတ် လက်သုတ်စလို ဖန်တစ်ရာတေ ညစ်ပေနေသည့် ဆင်ဂေ့ရန်ရှောင်စကား ဓားမကြီးကြောင့် သစ်ပင်ပေါ်သို့ မတက်နိုင်တာပါဟု လှီးချွဲချနေကြသည့် ဆင်ဂေ့ရန်ရှောင်စကား သာဖြစ်သည်။

ဝန်ထမ်းတွေနှင့် ပင်စင်စားတွေကို လစာ အကြိမ်ကြိမ်အလီလီတိုးပေးနေပေမယ့် ကုန်ဈေးနှုန်းကလည်း အားကျမခံ၊ အပြိုင်လိုက်တက်စမြဲပင်။ ဝင်ငွေထက်၊ ကုန်ဈေးနှုန်းမြင့်တက်မှုက အမြဲပို၍ ကျောနေလေ့ရှိသည်။ စားဝတ်နေရေးကြိုးပိုင်းထဲမှာ စားသုံးသူများနှင့် ကုန်ဈေးနှုန်း ယှဉ်ပြိုင်ထိုးသတ်ကြရာတွင် ကုန်ဈေးနှုန်းက စားသုံးသူတွေကို အလဲထိုးပြီး အမြဲတမ်းဒိုင်ပွဲရပ် အနိုင်ယူနေကျ ရွှေခါးပတ်ချန်ပီယံဖြစ်နေလေပြီ။

စာရေးဆရာမ မစန္ဒာရေးသားသည့် "စက်ဝိုင်း" ဟူသော တစ်မျက်နှာဝတ္ထုတိုလေးကို သတိရမိပြန်ပါသည်။

လောက်စာလုံးရောင်းချနေသူထံမှ ဝယ်နေကျဖောက်သည်က မကြာခဏလာရောက်ဝယ်နေလေ့ရှိရာ တစ်ခါလာလျှင် ဈေးနှုန်းတစ်မျိုးဖြင့် ဈေးတက်နေပါများတော့ ဖောက်သည်က ရောင်းချသူကို မေးသည်။

"အလကားရတဲ့ မြေကြီးနဲ့ လုပ်ထားတဲ့လောက်စာလုံးဈေးနှုန်း ဘာကြောင့် တက်နေရတာလဲ"

"ကျွန်တော်နဲ့ ကျွန်တော့် မိသားစုဟာ မြေကြီးကို စားနေကြတာ မဟုတ်ပါဘူး။ ထမင်းနဲ့ဟင်းကို စားနေကြရလို့ အများနည်းတူပဲ ဈေးနှုန်းတက်ရတာပါ"

ရောင်းသူအဖြေစကားကို ဝယ်သူကကြားမှ စဉ်းစားမိသွားသည်။ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်တောင်မှ ဝယ်နေကျဈေးနှင့်မရတာကြာပါပြီကောလား။ စားဝတ်နေရေးအတွက် လိုက်ဖက်ညီအောင် ကုန်ဈေးနှုန်းလိုက်တက်နေခြင်းသည် ကုန်ဈေးနှုန်းသံသရာလည်ပတ်နေတာပဲဟု ဝယ်သူက နားလည်သဘောပေါက်သွားလေသည်။

"ပေါက်ပင်ဘာကြောင့် ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ်။ ဗျိုင်းဘာကြောင့် နားရတယ်၊ ဖားအော်လို့ နားရတယ်။ ဖားဘာကြောင့် အော်ရတယ်၊ မြွေကိုက်လို့ အော်ရတယ်။ မြွေဘာကြောင့် ကိုက်ရတယ်။ ငါဝမ်းပူဆာမနေသာလို့ ကိုက်ရတယ်" ဟူသော ကရွတ်ကင်းလျှောက်တဝဲလည်လည် သံသရာလည်နေသလို ကုန်ဈေးနှုန်းကလည်း သံသရာလည်နေသည် မဟုတ်ပါလား။

"ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်ရေး" တဲ့။ "ဆင်းရဲမွဲတေမှု လျော့ချရေး" တဲ့။

အခုတလော နယ်ပယ်အသီးသီးမှာ ဟစ်ကြွေးကာ ငွေစုငွေချေးလုပ်ငန်းတွေ လုပ်နေကြသည်။

ရည်ရွယ်ချက်နှင့် စေတနာကောင်းသော်လည်း ပေးကားပေး၏ မရဖြစ်နေကြသည်။ ဆိတ်ပါးစပ်နှမ်းပက်သလို ဟိုမရောက် ဒီမရောက်ဖြစ်ကြကာ ကိုယ်ယောင်ဖျောက်လစ်ပြေးကြသူတွေလည်း ရှိနေကြလေပြီ။

မိသားစုလိုက် လူခွဲ၊ နေရာခွဲ ချေးကြသည်။ အရစ်ကျပြန်မဆပ်နိုင်တော့ လစ်ပြေးကြပြီပေါ့။ ဆင်းရဲ နွမ်းပါးသူတွေကို ဆင်းရဲမှုလျော့နည်းအောင် ချေးပါတယ်ဆိုသည့် ကြားထဲက ငွေကြေးချောင်လည်သူအချို့၊ ကိုယ်ပိုင်ကားရှိသူအချို့က ဝင်ချေးပြီး အပြင်မှာ အတိုးကြီးဖြင့် ချေးစားနေသူတွေကလည်း ရှိသေးသည်။

ဘယ်သူသေသေ ငတေမာရင်ပြီးရောသဘောဖြင့် အတ္တကြီးနေကြသည့် "ငို့ဘ ငါ့ဘို့" သမားတွေကလည်း ခေတ်အဆက်ဆက်မှာ သွေးစုပ်ဖုတ်ကောင်တွေလို ခေါင်းထောင်နေကြစမြဲ၊ မင်းမူနေကြဆဲပင်။

သည်အတိုင်းသာ စခန်းသွားနေကြလျှင် "မြင်သာမြင်ရ မကြင်ရမောင့်ကို" ဆိုသလိုပဲ စားချင်တာ သောက်ချင်တာမှန်သမျှ ကိုယ်စားဖူးသောက်ဖူးတာတွေပဲလေဟုသာ လက်မှိုင်ချိုင်တွေ ညည်းတွားနေကြရပေဦးမည်။

စားချင်သောက်ချင်၊ ဝတ်စားဆင်ယင်ချင် လိုချင်ဆန္ဒချင်ခြင်းတွေ ပြင်းပြနေကြသည့် အာသီသမှန်သမျှကို အောင့်အည်းသည်းခံပြီး စိတ်အလို ကိုယ်မပါနိုင်ကြတော့ဘဲ မျိုသိပ်နေကြရုံမှတစ်ပါး၊ ဘာများတတ်နိုင်ကြပါတော့မည်နည်း။

နိုင်ငံတကာ စံနှုန်းနှင့်အညီ တစ်ဦးချင်းဝင်ငွေ မရရှိသေးသမျှ ကာလပတ်လုံးဆင်းရဲမွဲတေမှုကတော့ ဘယ်သောအခါမှလျော့နည်း ပပျောက်သွားမည်မဟုတ်။

ကျွန်တော့်အတွေးတွေကလည်း ကုန်ဈေးနှုန်းလိုပဲ သံသရာလည်လာလေပြီ။ တွေးလေ တွေးလေ မဆုံးနိုင်တော့ပေ။ ကြာလျှင် ကျွန်တော် နှလုံးရောဂါရသွားနိုင်သည်။

သို့သော် ကျွန်တော်က အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသဘောကြောင့် ဘာဝနာကုသိုလ်တော့ ရနိုင်ကောင်းပါရဲ့လို့သာ ဖြေသိမ့်ရင်း သုံးသပ်ချက်တစ်ချက်ကိုတော့ ချမှတ်လိုက်မိပါသည်။

"လူအများစုရဲ့ စားဝတ်နေရေးရာသီဥတု၊ မိုးလေဝသအခြေအနေက ခေါင်လွန်းတဲ့မိုးနဲ့ မခြားပါလား"။

# Social sector participation and promotion





Donation for Relief and Rehabilitation of Flood Affected Areas



MoU Signing Ceremony between UMFCCI and UNGC For Business for Peace



Myanmar Responsible Business and Human Rights Forum




Anti - Corruption Declaration Ceremony




Myanmar Responsible Business and Human Rights Forum





Waso Robes Offering Ceremony

# ကုန်သည်ညီနောင် ပြည်ကျိုးဆောင်

မောင်သျှင်မြေ (ပုသိမ်)

ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဦးသော်အစ၊ ဖူးခွင့်ရသည့်
အံ့စွဲညီနောင်၊ လူထိပ်ခေါင်–၊

ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်စဉ်
ဦးသော်အစ၊ ဆွမ်းကပ်ရသည့်
အံ့စွဲညီနောင်၊ လူထိပ်ခေါင်–၊


ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်စဉ်
ဦးသော်အစ၊ တရားနာရသည့်
အံ့စွဲညီနောင်၊ လူထိပ်ခေါင်–၊

ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်စဉ်
ဦးသော်အစ၊ သရဏဂုဏ်တည်ရသည့်
အံ့စွဲညီနောင်၊ လူထိပ်ခေါင်–၊


ဗုဒ္ဓရှင်တော်၊ ပွင့်ထွန်းပေါ်စဉ်
ဦးသော်အစ၊ စေတီတည်ခွင့်ရသည့်
အံ့စွဲညီနောင်၊ လူထိပ်ခေါင်–၊

ဗုဒ္ဓမြတ်စွာ၊ သာသနာကို
ဦးစွာအစ၊ ပထမဟု
အရတော်စွာ၊ ဤကမ္ဘာဝယ်
လူလာဖြစ်ကျိုး၊ ဘုန်းတန်ခိုးတည်း–၊

အနာဂတ၊ သာသနာ့တွက်
ဗုဒ္ဓပယ်ဖြတ်၊ ချီးမြှင့်အပ်သည့်
ဓာတ်မြတ်ဆံတော်၊ ရှစ်ဆူပေါ်ကို
ရွှင်ပျော်အားရ၊ ပင့်ဆောင်ကြခဲ့
ဥက္ကလာပ၊ တိုင်းဌာနဝယ်
တည်ကြစေတီ၊ မွေသရီဖြင့်
လူပြည်လူရွာ၊ သာသနာကို
ရောင်ဝါဖြန့်ခင်း၊ နေနယ်လင်းအောင်
အရင်းမူလ၊ ကြိုးပမ်းကြခဲ့
အံ့စွပြည်ထောင်၊ ကောင်းကျိုးဆောင်သည်
အရှည်နောင်ကြံရွယ်ထူးပေစွ
ညီနောင်ကုန်သည်နှစ်ဦးပေပ
'တဖုသနှင့် ဘလွိက'–။



UMFCCI ရာပြည့်မဂ္ဂဇင်း



# စီးပွားရေးဦးဆောင်မှု

ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက်

အင်္ဂလိပ်စကားအသုံးအနှုန်းဖြစ်တဲ့ (Leader ship) ကို မြန်မာလိုဘာသာပြန်ဆိုတဲ့အခါ ခေါင်းဆောင်မှုဆိုပြီး အသုံးများတာတွေ့ရ တယ်။ ခေါင်းဆောင်လို့သုံးတဲ့အတွက် အတွေး အမြင်အရ နိုင်ငံရေးနဲ့ ပတ်သက်တယ်လို့မြင် ကြတယ်။ တိုင်းပြည်ရဲ့ခေါင်းဆောင်၊ နိုင်ငံရဲ့ ခေါင်းဆောင်ဆိုပြီး သုံးစွဲကြတယ်။ အမှန် တော့ ခေါင်းဆောင်မှုဟာ နိုင်ငံရေးနယ်ပယ် အုပ်ချုပ်ရေးနယ်ပယ်တင်မက၊ နယ်ပယ်အသီး သီးမှာလည်း အရေးပါကြောင်း အသိမှတ်ပြု ရမှာဖြစ်ပါတယ်။ နေရာတိုင်းအတွက် အကျိုး ဝင်အောင် ခေါင်းဆောင်မှုအစား ဦးဆောင်မှု ဆိုတဲ့အသုံးနှုန်းဟာ ပိုပြီးသင့်လျော်တယ်လို့ မြင်မိတယ်။ ငယ်ငယ်က ကြီးပွားရေးပညာကို သင်ယူတဲ့အခါ စီမံခန့်ခွဲမှုအကြောင်း အသေး စိတ်လေ့လာခွင့်ရခဲ့တယ်။ ထူးခြားတာက ခေါင်းဆောင်မှု ဦးဆောင်မှုနဲ့ပတ်သက်ပြီး မသင်ခဲ့ရဘူး။ ခေါင်းဆောင်မှုနဲ့ ပတ်သက်လာ ရင် နိုင်ငံရေးသိပ္ပံဘာသာရပ်မှာ၊ သမိုင်းဘာ သာရပ်မှာ အသုံးများကြတယ်။ ခေါင်းဆောင် ကြီးတွေအကြောင်းကို ဦးစားပေးပြီး ဖော်ထုတ် ခဲ့ကြတယ်။ ထူးချွန်ပြောင်မြောက်ပြီး ရဲစွမ်း သတ္တိရှိသူတွေအကြောင်း စိတ်ဝင်တစားဝေဝေ ဆာဆာဖော်ထုတ်ခဲ့တယ်။ မွေးရာပါ ပါရမီထူး ခြားတဲ့ ပုဂ္ဂိုလ်ထူးတွေအကြောင်း ရေးသားခဲ့ ကြတယ်။ တစ်ခေတ်မှာတစ်ယောက်ပေါ်ထွက် လာတာကို မီးမောင်းထိုးခဲ့ကြတယ်။ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်း မင်းတရားဆိုတဲ့ ထူးချွန်အောင်မြင်တဲ့မင်းတွေ အကြောင်းလေ့လာရင်း ခေါင်းဆောင်မှုကို တစေ့တစောင်း သုံးသပ်လေ့လာခွင့်ရခဲ့တယ်။ ခေါင်းဆောင်မှုနဲ့ ပတ်သက်ပြီး အခုအခြေခံ အယူအဆတစ်ခုက (Great Man Theory) ထူးချွန်တဲ့ ခေါင်းဆောင်များ သီအိုရီဖြစ်တယ်။ ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး အမျိုးသားတွေ သာဖြစ်ကြောင်း မသိမသာဖော်ထုတ်ခြင်းဖြစ် တယ်။ အမျိုးသမီးတွေအကြောင်း မပါဝင်တာ တွေ့ရတယ်။ အခုခေတ်မှာတော့ ခေါင်းဆောင် မှုနဲ့ပတ်သက်လာရင် ပိုပြီးအမြင်ကျယ်တဲ့အ တွေးအခေါ်တွေ ဖော်ထုတ်နေတယ်။ ခေါင်း ဆောင်မှု ဦးဆောင်မှုတွေဟာ နယ်ပယ်အသီး သီးမှာရှိနိုင်တယ်။ နိုင်ငံရေး၊ အုပ်ချုပ်ရေး နယ် ပယ်များသာမက စီးပွားရေးနယ်ပယ်၊ အထူး သဖြင့် လုပ်ငန်းအဖွဲ့ချုပ်တွေမှာရှိတာကို အသိ

အမှတ်ပြုလာတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံစက်မှုလက်မှုကုန်သည်ကြီးများရဲ့ ရာပြည့်အထိမ်းအမှတ်နဲ့ ထုတ်ဝေတဲ့ အထူးထုတ်မဂ္ဂဇင်းမှာ ကျွန်တော့်အနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဦးဆောင်မှုအကြောင်းကို ဖော်ထုတ်လိုပါတယ်။ အသင်းချုပ်ကြီးရဲ့ အစည်းအဝေးခန်းမထဲဝင်တဲ့အခါ ရောက်ရောက်ချင်း နံရံမှာချိတ်ဆွဲထားတဲ့အသင်းချုပ်ဥက္ကဋ္ဌတွေရဲ့ ဓာတ်ပုံတွေကြည့်ရင်း သူတို့ဟာ ခေတ်နဲ့အညီမြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှတဲ့ တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့သူများဖြစ်ကြတာကို အသိအမှတ်ပြုဖို့ လိုအပ်ပါတယ်။ တချို့တွေမှာ သက်ရှိထင်ရှားရှိနေကြသလို တချို့ကတော့ မရှိကြတော့ပါဘူး။ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဦးဇော်မင်းဝင်း၊ သူ့မတိုင်မီ ဦးဝင်းအောင်၊ ဦးဝင်းအောင် မတိုင်မီ ဦးဝင်းမြင့်တို့နဲ့ ကျွန်တော်က ရင်းနှီးခဲ့ပါတယ်။ အကျွမ်းတဝင်ရှိခဲ့ပါတယ်။ သူ့နေရာနဲ့သူ ပုံစံတစ်မျိုးစီထက်မြက်တဲ့သူတွေ ဖြစ်ခဲ့ကြပါတယ်။

ဦးဆောင်မှုနဲ့ ပတ်သက်ပြီး ကျွန်တော့်အတွေးအမြင်တွေကို လွှမ်းမိုးခဲ့သူကတော့ မကြာမီက ရန်ကုန်မြို့ကိုလာရောက်ပြီး ဟောပြောပွဲလုပ်ခဲ့သူ ဆရာကြီး John.C Maxwell ဖြစ်ပါတယ်။ အမှန်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်ကတည်းက ကုလသမဂ္ဂဝန်ထမ်းတက္ကသိုလ်မှာ တာဝန်ယူရင်း ကုလသမဂ္ဂအရာရှိကြီးတွေကို သင်တန်းပေးတုန်း ထိတွေ့မှုတွေရှိခဲ့ခြင်းဖြစ်ပါတယ်။ အခုလို မြန်မာပြည်မှာ ပြန်လည်ဆုံစည်းခွင့်ရတာကိုလည်း ကျေးဇူးတင်မိတယ်။ ဂုဏ်ယူမိပါတယ်။ ဦးဆောင်မှုနဲ့ ပတ်သက်လာရင် အခြေခံမေးခွန်းတစ်ခုရှိပါတယ်။ ခေါင်းဆောင်မှု၊ ဦးဆောင်မှုဟာ မွေးရာပါအရည်အချင်းလား ဒါမှမဟုတ် ခေါင်းဆောင်မှုကို မွေးထုတ်ပြုစုလို့ရသလား။ တစ်ချိန်ကတော့ မွေးရာပါအရည်အချင်းရှိမှ ခေါင်းဆောင်နိုင်မယ်လို့ ယူဆကြတယ်။ လက်ခံထားခဲ့တယ်။ အခုတော့ ဒီအယူအဆကို အပြည့်အဝမလက်ခံဘဲ ခေါင်းဆောင်မှုဟာ မွေးရာပါ ပါရမီတွေရှိဖို့မလိုဘဲ သင်ကြားသင်ယူလို့ရတယ်၊ ပြုစုပျိုးထောင်လို့ရတယ်လို့ မြင်လာကြတယ်။ ကျွန်တော်တို့ခေါင်းဆောင်မှု သင်တန်းပေးသူတွေအတွက် ဒီအယူအဆကို ပိုပြီးနှစ်သက်တယ်၊ သဘောကျပါတယ်။ အမှန်တော့ ကျွန်တော်တို့လုပ်သမျှအားလုံးဟာ ဒီအတွေးတွေအပေါ်မှာ အခြေခံထားခြင်းဖြစ်ပါတယ်။ လူခေါင်းဆောင်မှုဟာ ရာထူးရှိမှပေးနိုင်တယ်လို့ မြင်ကြတယ်။ ရာထူးနဲ့တွဲဖက်ပြီး အာဏာရှိမှခေါင်းဆောင်နိုင်မယ်လို့ ထင်နေကြတယ်။ အမှန်တော့ ခေါင်းဆောင်မှုရဲ့ အခြေခံဟာ အာဏာမဟုတ်ဘဲ သြဇာဖြစ်ကြောင်း သတိပြုဖို့လိုအပ်တယ်။ အာဏာနဲ့သြဇာမတူပါဘူး။ အာဏာရှိပြီး သြဇာမရှိတဲ့သူတွေ အများကြီးပါ။ ခေါင်းဆောင်စစ်စစ်က သြဇာကို အခြေခံခြင်းဖြစ်တယ်။ မြန်မာစကားမှာ သြဇာအာဏာဆိုပြီး တွဲဖက်ပြီးသုံးတာရှိတယ်။ ကျွန်တော်က အခုလိုတွဲပြီး မစဉ်းစားတော့ဘဲ သြဇာသာအခြေခံဖြစ်ကြောင်း မှတ်ယူတယ်။ တစ်ဖက်ကလည်း ခေါင်းဆောင်မှုဟာ နမူနာပြနိုင်မှုဖြစ်တယ်။ စံတင်ထားထိုက်သူဖြစ်တယ်။ အပြောနဲ့အလုပ်တစ်သားတည်းရှိဖို့လိုတယ်။ အပြောတစ်မျိုး အလုပ်တစ်မျိုးဟာ ခေါင်းဆောင်မဟုတ်ဘူး။ "ငါပြောသလိုလုပ် ငါလုပ်သလို မလုပ်နဲ့" ဆိုတာဟာ အလွန်ဆင်ခြင်ဖွယ်တဲ့ အယူအဆတစ်ခုဖြစ်ပါတယ်။

စဉ်းစားချက်တစ်ခုအနေနဲ့ ခေါင်းဆောင်နဲ့ ခေါင်းဆောင်မှုကို ခွဲခြားဖို့လိုအပ်ပြန်တယ်။ အဖွဲ့ငယ်တစ်ခု၊ ကုမ္ပဏီတစ်ခု၊ နိုင်ငံတစ်နိုင်ငံမှာ ခေါင်းဆောင်ဦးဆောင်တဲ့သူတစ်ဦးတည်းရှိတယ်။ ဒါကိုတော့ ပြင်လို့မရပါဘူး။ ဒါပေမဲ့ ခေါင်းဆောင်မှုကိုတော့ အဖွဲ့အစည်းအတွင်းမှာရှိသူတွေ တစ်ဦးချင်းပေးနိုင်ရမယ်၊ ပေးခွင့်ရှိပါတယ်။ လူကြီးလုပ်တဲ့သူက ခေါင်းဆောင်ကြီး၊ လူငယ်တွေက နောက်လိုက်ဖြစ်ရမယ်လို့ တရားသေတွက်လို့မရဘူး။ သူ့နေရာနဲ့သူ၊ သူ့ရဲ့ ကျွမ်းကျင်လိမ္မာမှုအတိုင်းအတာအပေါ် အခြေခံပြီး ဦးဆောင်မှု

**ခေတ်မီစီးပွားရေး လုပ်ငန်းတွေမှာ ပိုင်ရှင်တစ်ဦးတည်း ဦးဆောင်မှုပုံစံ မဟုတ်တော့ဘဲ အများနဲ့ ပတ်သက်ဆက်ဆံရတဲ့ အခြေအနေဖြစ်တယ်။ ဒါကြောင့် ပိုပြီး သိမ်မွေ့တယ်။ အဓိကကတော့ အဖွဲ့အစည်းရဲ့ ရှုပါရဲ့ကို ကြည်ကြည်လင်လင် ပြတ်သားစွာ ထုတ်ဖော်နိုင်ဖို့ လိုအပ်တယ်။**

ပေးနိုင်မှသာဖြစ်တယ်။

ယခုခေတ်မှာ ဦးဆောင်သူတိုင်းလို အပ်တဲ့ ကျွမ်းကျင်မှုလေးရပ်ရှိတာတွေ့ရတယ်။ ပထမကျွမ်းကျင်မှုက ဆန်းစစ်သုံးသပ်နိုင်မှုပဲ ဖြစ်တယ်။ တစ်ခုတည်းပြောရရင် (Critical Thinking) အရာရာကို ဘက်စုံပေါင်းစုံက သုံးသပ်ပြီး စဉ်းစားတတ်တဲ့ပညာ ယုတ္တိရှိရှိ ဆင်ခြင်တတ်တဲ့အတတ်၊ ပြောသမျှကို အယုံမလွယ်ဘဲ တွေးခေါ်ဆန်းစစ်ပြီး ဆုံးဖြတ်နိုင်ရေး၊ ဒုတိယကျွမ်းကျင်မှုက တီထွင်ကြံဆမှုဖြစ်တယ်။ ဖန်တီးနိုင်စွမ်းရှိရမယ်။ ဆန်းသစ်တဲ့ အတွေးရှိရမယ်။ သူများမမြင်နိုင်တာကို ကြိုပြီးမြင်ဖို့လိုတယ်။ တစ်ဖက်ကလည်း သူများထက် ပိုပြီးမြင်ဖို့ အရေးကြီးတယ်။ တတိယကျွမ်းကျင်မှုက ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ တစ်ဦးတစ်ယောက်တည်းလုပ်နိုင်တာ မရှိလှဘူး။ တစ်ဦးနဲ့တစ်ဦးရိုင်းပင်းပြီး ညှိနှိုင်းပြီး ဆောင်ရွက်နိုင်ဖို့ လိုတယ်။ Team Leader ဖြစ်တယ်။ အစုအဖွဲ့ကို ဦးဆောင်ညှိနှိုင်းနိုင်စွမ်းရှိဖို့ လိုအပ်တယ်။ နောက်ဆုံးကတော့ ဆက်သွယ်ဆက်ဆံမှုဖြစ်တယ်။ ဦးဆောင်သူဟာ ပြောတတ်ဆိုတတ်ရမယ်။ အရေးကြီးဆုံးက နားထောင်မှုဖြစ်တယ်။ ခေါင်းဆောင်တစ်ဦးဟာ နားထောင်နိုင်စွမ်းရှိရမယ်။ ဒီကိစ္စက အလွန်ခက်ခဲတဲ့အရာ ဖြစ်နေတယ်။ လူကြီးဖြစ်တာနဲ့ ကိုယ်ချည်းပြောချင်တဲ့ ဆန္ဒရှိတယ်။ စေတနာရှိတယ်၊ ကိုယ်ပဲသိတယ်လို့ ထင်နေကြတယ်။ သူများပြောတာတွေ နားထောင်စရာမလိုဘူး၊ အားလုံးကိုသိနေတယ်လို့ မြင်နေကြတယ်။ ဒါက မဟာအမှားပဲ။ နားထောင်တဲ့အတွက် မနိမ့်ကျသွားပါဘူး။ နားထောင်ခြင်းဟာ အရာရာကို မသိသေးပါလား။ မတတ်သေးပါလားဆိုတာကို အသိမှတ်ပြုခြင်းဖြစ်တယ်။ ခေါင်းဆောင်ဟာ ကိုယ့်ရဲ့အားနည်းချက်ကို သိရမယ်။ လက်ခံရမယ်။ သတ္တိရှိရှိ ရင်ဆိုင်နိုင်ရမယ်။ ဒီနေရာမှာ ခေါင်းဆောင်လုပ်သူဟာ ဟန်မဆောင်ဘဲ ရိုးသားရမယ်၊ အစစ်ဖြစ်ရမယ်။ အတုအပဟန်ဆောင်မှုကို ရှောင်ရှားရမှာ ဖြစ်ပါတယ်။ စစ်မှန်မှုလို့ပြောရင် သိက္ခာ၊ သမာဓိရှိမှုဟာလည်း အရေးကြီးတဲ့ကိစ္စဖြစ်တယ်။

ဦးဆောင်မှုနဲ့ ပတ်သက်လာရင် အဆင့်ငါးဆင့်ရှိတာ တွေ့ရပါတယ်။ ပထမအဆင့်က ရာထူးကိုအခြေခံတဲ့ ခေါင်းဆောင်မှုဖြစ်တယ်။ ရာထူးကြောင့်ကိုယ့်မှာရပိုင်ခွင့်တွေရှိတယ်။ နောက်လိုက်များအနေနဲ့လည်း လိုက်ရမယ်ဆိုတဲ့ အသိနဲ့ ဆောင်ရွက်နေတာဖြစ်တယ်။ ဒီအဆင့်က အခြေခံအကျဆုံးအဆင့်ဖြစ်တယ်။ ခေါင်းဆောင်ကောင်းဖြစ်ဖို့ ဒီအဆင့်မှာ နေရတာကို ကျေနပ်နေလို့မဖြစ်ဘဲ ဒုတိယအဆင့်တက်နိုင်အောင် ကြိုးစားရမယ်။ ဒီအဆင့်မှာနောက်လိုက်တွေက လိုက်ချင်တဲ့စိတ်ရှိတဲ့အခြေအနေ၊ လိုက်ချင်လို့ လိုက်နေတာ၊ လိုလိုချင်ချင်ရှိတာ၊ တစ်ဦးနဲ့တစ်ဦးဆက်သွယ်ဆက်ဆံမှုကို အခြေခံပြီး ရပ်တည်နေကြတာ။ တတိယအဆင့်ကတော့ ခေါင်းဆောင်ရဲ့ စွမ်းဆောင်မှုတွေကို သဘောကျတာမို့ လက်ခံခြင်းဖြစ်တယ်။ ခေါင်းဆောင်ရဲ့ အောင်မြင်မှုတွေကို အခြေခံတဲ့အခြေအနေ၊ စတုတ္ထအဆင့်က နောက်လိုက်တွေအနေနဲ့ ခေါင်းဆောင်လုပ်သူက သူတို့အတွက် အကျိုးရှိအောင် ဆောင်ရွက်ပေးတာမို့ နောက်လိုက်ခြင်းဖြစ်တယ်။ နောက်ဆုံးအဆင့်ဖြစ်တဲ့ အထွတ်အထိပ်ရောက်တဲ့အခါ နောက်လိုက်တွေဟာ ခေါင်းဆောင်ကို လေးစားမှု၊ ကြည်




ညိုမှုကြောင့်လိုက်ခြင်းဖြစ်တယ်။ ပုဂ္ဂိုလ်အပေါ် ယုံကြည်လေးစားမှုရှိတယ်။ လိုလိုချင်ချင် နောက်လိုက်တာဖြစ်တယ်။

စီးပွားရေးအဖွဲ့အစည်းမှာ ကျင့်သုံးတဲ့ ဦးဆောင်မှုပုံစံက ကျန်တဲ့ကဏ္ဍတွေနဲ့ ပုံစံနဲ့ မတူတာတွေ့ရတယ်။ ခေတ်မီစီးပွားရေးလုပ်ငန်းတွေမှာ ပိုင်ရှင်တစ်ဦးတည်းဦးဆောင်မှုပုံစံမဟုတ်တော့ဘဲ အများနဲ့ ပတ်သက်ဆက်ဆံရတဲ့အခြေအနေဖြစ်တယ်။ ဒါကြောင့် ပိုပြီးသိမ်မွေ့တယ်။ အဓိကကတော့ အဖွဲ့အစည်းရဲ့ရှုပါရုံကို ကြည်ကြည်လင်လင်ပြတ်သားစွာထုတ်ဖော်နိုင်ဖို့ လိုအပ်တယ်။ ရှုပါရုံလို့ ပြောရင် အိပ်မက်ကိုတင်စားနိုင်တယ်။ အနာဂတ်မှာဖြစ်စေချင်တာကို ဖော်ထုတ်နိုင်ဖို့လိုတယ်။ ဒီရှုပါရုံဖော်ထုတ်ပြီး လက်တွေ့မှာ ထိထိရောက်ရောက် အကောင်အထည်ဖော်ထုတ်နိုင်စွမ်းရှိရမယ်။ ဒီရှုပါရုံကို ကိုယ်တစ်ဦးတည်း လက်ခံတာမဟုတ်ဘဲ လုပ်ဖော်ကိုင်ဖက်တွေအားလုံး ပါဝင်ပတ်သက်လာအောင် လုပ်ဆောင်ဖို့လိုတယ်။

ရှုပါရုံကို အကောင်အထည်ဖော်ရာမှာ မဟာဗျူဟာ သတ်မှတ်ရမှာဖြစ်မယ်။ ကိုယ်ရောက်ချင်တဲ့ နေရာရောက်ဖို့၊ ရွေးချယ်တဲ့နည်းလမ်း မှန်ကန်ဖို့ အရေးကြီးတယ်။ မဟာဗျူဟာနဲ့ ပတ်သက်လာရင် အလွယ်တကူနားလည်နိုင်ဖို့ ဥပမာတစ်ခုပေးချင်တယ်။ ရန်ကုန်ကနေ မန္တလေးသွားချင်တယ်ဆိုပါစို့၊ မန္တလေးရောက်ဖို့ဟာ မိမိရဲ့ ရှုပါရုံဖြစ်တယ်။ ဦးတည်ချက်ဖြစ်တယ်။ အခုလို ရန်ကုန်က မန္တလေးရောက်အောင်သွားဖို့ ရွေးချယ်နိုင်တဲ့ နည်းလမ်းမျိုးစုံရှိတယ်။ လေယာဉ်နဲ့သွားလို့ရတယ်။ ရထားကို သုံးလို့ရတယ်။ မော်တော်ယာဉ်နဲ့သွားနိုင်တယ်။ ဧရာဝတီမြစ်ကိုသုံးလို့ရတယ်။ စက်ဘီးနဲ့သွားရတယ်။ လမ်းလျှောက်ပြီးလည်း သွားလို့ရတယ်။ အခုလို ရန်ကုန်ကနေ မန္တလေးရောက်အောင် သွားလို့ရတဲ့ နည်းလမ်းမျိုးစုံတွေအနက် အထိရောက်ဆုံးနည်းလမ်းကို ရွေးချယ်ခြင်းသာ မဟာဗျူဟာဖြစ်တယ်။

စီးပွားလုပ်ငန်းတွေရဲ့ ဦးတည်ချက်ကို ရွေးချယ်သတ်မှတ်ရာမှာ ယခင်က ပေတံတစ်ခုပဲရှိတယ်။ ဒီပေတံက အမြတ်ပေတံဖြစ်တယ်။ စီးပွားရေးလုပ်ငန်းလုပ်ခြင်းရဲ့ ရည်ရွယ်ချက်က အမြတ်ရရှိရေးဖြစ်တယ်။ တစ်ခုတည်းသော ရည်ရွယ်ချက်သာရှိတယ်။ ယခုအချိန်မှာ ဟောဒီပေတံတစ်ခုတည်းနဲ့ ကျေနပ်လို့ မဖြစ်တော့ဘဲ နောက်ထပ်ပေတံနှစ်ခုကို သုံးစွဲလာကြတယ်။ ဒုတိယပေတံက လူတွေဖြစ်တယ်။ လူလို့ပြောတဲ့နေရာမှာ ဝန်ထမ်းတွေ၊ ဖောက်သည်တွေပါသလို ပိုင်ရှင်လုပ်ငန်းရှင်လည်း ပါဝင်တယ်။ ကုမ္ပဏီနဲ့ ပတ်သက်တဲ့ သူတိုင်းကို ပါဝင်ဖို့လိုတယ်။ တတိယပေတံက ပတ်ဝန်းကျင်ပေတံဖြစ်တယ်။ စီးပွားရေးလုပ်တာမို့ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုမဖြစ်အောင်ကာကွယ်ရမယ်။ ထိန်းသိမ်းဖို့လိုအပ်တယ်။ ဒါကြောင့် ပေတံသုံးခုဖြစ်တယ်။ အမြတ်၊ လူနဲ့ပတ်ဝန်းကျင်ကို ဦးထိပ်ထားရမယ်။ စီးပွားရေးဦးဆောင်မှုမှာ လူမှုရေးတာဝန်ကျပွန်မှုဟာ အလွန်အရေးကြီးတဲ့အယူအဆဖြစ်တယ်။ စီးပွားရေးနဲ့ လူမှုရေးကွာခြားလို့ မဖြစ်သလို။ လူမှုရေးတာဝန်ကျေမှုလို့ပြောရင် ခေတ်စားနေတဲ့ (Corporate Social Responsi-bility CCSR) ကို ကျင့်သုံးရမှာဖြစ်တယ်။ တစ်ချိန်က (CSR) လို့ ပြောရင် အလှူအတန်းလုပ်ရုံနဲ့လုံလောက်တယ်လို့ မြင်နေကြတယ်။ အခုတော့မဟုတ်တော့ပါ။ လူမှုရေး တာဝန်ရေးနဲ့ စီးပွားရေးလုပ်ငန်းတွေမှာ လူ့အခွင့်အရေးကို သတိပြုရမယ်။ တစ်ဖက်ကလည်း ဝန်ထမ်းတွေနဲ့ ပတ်သက်လို့ ဥပဒေသတ်မှတ်ချက်တွေနဲ့အညီ ကျင့်သုံးဖို့ လိုအပ်တယ်။ တတိယတာဝန်ကျေပွန်မှုကတော့ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းမှုဖြစ်တယ်။ နောက်ဆုံးက အဂတိလိုက်စားမှုကို ဆန့်ကျင်ခြင်းဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရချိန်က စပြီး ပြောင်းလဲခဲ့တဲ့ နိုင်ငံရေးအခြေအနေပေါ် အခြေခံပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ရှားခဲ့တယ်။ လွတ်လပ်ရေးရပြီးချိန်မှာ ကျင့်သုံးခဲ့တဲ့ စီးပွားရေးပုံစံက တစ်မျိုး၊ ဆိုရှယ်လစ်အစိုးရ

လူမှုရေးတာဝန်ကျေမှုလို့ပြောရင် ခေတ်စားနေတဲ့ (Corporate Social Responsi-bility CCSR) ကို ကျင့်သုံးရမှာဖြစ်တယ်။ တစ်ချိန်က (CSR) လို့ ပြောရင် အလှူအတန်းလုပ်ရုံနဲ့လုံလောက်တယ်လို့ မြင်နေကြတယ်။ အခုတော့ မဟုတ်တော့ပါ။



လက်ထက်မှာက တစ်မျိုး၊ နဝတ၊ နအဖ အစိုးရကတစ်မျိုး၊ လက်ရှိအချိန်မှာက တစ်မျိုး၊ ပုံစံတွေပြောင်းလဲခဲ့တယ်။ ဒါကြောင့် စီးပွားရေးဦးဆောင်သူတွေအနေနဲ့ နိုင်ငံရေးဘာဂကိုကျွမ်းကျင်ဖို့ အရေးကြီးတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးဆက်စပ်မှုကို နားလည် သဘောပေါက်ရမယ်။ မျက်မှောက်ခေတ်မှာတော့ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတာမို့ စီးပွားရေးဦးဆောင်သူတွေဟာ ဈေးကွက်စီးပွားရေးရဲ့အခြေခံကို နားလည်ရမယ်။ လက်ခံရမယ်။ ကျင့်သုံးရမယ်။ အခြေခံက ပြိုင်ဆိုင်မှုယှဉ်ပြိုင်မှုသာဖြစ်တယ်။ တစ်ဖက်ကလည်း 'မြေညီကွင်း' ဖြစ်ဖို့လိုပါတယ်။ မျက်နှာလိုက်တဲ့၊ ဦးစားပေးတဲ့ပုံစံနဲ့ စီးပွားရေးလုပ်လို့မဖြစ်ဘူး။ တရားသော ယှဉ်ပြိုင်မှုကို ကြုံဆိုရမယ်။ ကျွန်တော်ကတော့ အသင်းချုပ်ကို ယုံကြည်မှုရှိတယ်။ အားကိုးတယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့ မဏ္ဍိုင်က ပုဂ္ဂလိကကဏ္ဍပဲဖြစ်တယ်။ ဒီကဏ္ဍက ဦးစီးဦးဆောင်ပြီး ဆောင်ရွက်ရမယ်။ ဒီနေရာမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ ကြွယ်ဝချမ်းသာမှုဖော်ထုတ်ရေးမဟူတာကို နားလည်ရမယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အစိုးရအနေနဲ့ တာဝန်ယူပြီး ကြွယ်ဝချမ်းသာမှုကို ပုဂ္ဂလိကကဏ္ဍ ဆောင်ရွက်နိုင်အောင် အားပေးရမှာပဲဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတွေကို ဦးဆောင်နေသူတွေကို အားပေးဖို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း ဦးဆောင်သူတွေက တာဝန်ကျေရမှာဖြစ်တယ်။ ဦးဆောင်တဲ့သူတွေအတွက် အခြေခံအရည်အချင်းသုံးရပ်ရှိပါတယ်။ ဦးဆောင်တဲ့သူဟာ 'သိ' ဖို့ လိုတယ်။ သိတယ်လို့ပြောတာက မိမိလုပ်ငန်းရဲ့ ဦးတည်ချက်၊ မိမိဝန်ထမ်းတွေရဲ့ အရည်အသွေး၊ ဈေးကွက်ရဲ့ အခြေအနေ အနေအထားသိရုံမဟုတ်ဘဲ၊ သိတဲ့အတိုင်း၊ သွားဖို့လိုတယ်။ သွားတယ်လို့ပြောတာက လက်တွေ့အကောင်အထည်ဖော်မှုဖြစ်တယ်။ သိ၊ သွား၊ ပြီး .... နောက်ဆုံးကတော့ 'ပြ' တာဖြစ်တယ်။ မိမိနဲ့ ပတ်သက်တဲ့သူတွေကို ဦးဆောင်တဲ့သူက ညွှန်ကြားပြသတတ်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ထူးချွန်တဲ့ စီးပွားရေးဦးဆောင်သူတွေကို မွေးထုတ်ပေးနိုင်တဲ့ အသင်းချုပ်ကြီး နှစ်တစ်ရာမက နှစ်ပေါင်းထောင်နဲ့ ချီတက်နိုင်ပါစေလို့ ... ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ နောင်တစ်ခေတ်အတွက် ဦးဆောင်သူတွေကို မွေးထုတ်ပေးနေတဲ့၊ ပြုစုပေးနေတဲ့ အသင်းချုပ်ကြီးဖြစ်ပါတယ်။





# UMFCCI ၏ ပရဟိတနှင့် ကျွန်တော်

ဇဝန (မြန်အောင်)

ဝသန်ကာလ မိုးလရာသီဖြစ်သည်နှင့်အညီ ၂၀၁၅ ခုလိုင်လ လလယ်ခန့်မှစ၍ မြန်မာပြည် တစ်နံတစ်လျားတွင် မိုးရွာသွန်းမှုမှာ ယခင်နှစ်များထက်ပိုမိုများပြားသည်ကို သတိထားမိလေရာ စပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် ဝမ်းသာကြည်နူးမိသော်လည်း ဧရာဝတီမြစ်ကမ်းနံဘေး မြို့ရွာများရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအပေါ် ရေဘေးအန္တရာယ်မှ ကင်းဝေးပါစေကြောင်း ကရုဏာသက်စွာ ဆုတောင်းပေးနေမိပါတော့သည်။

ယခုနှစ်မိုးရာသီတွင် ၂၀၁၄ ခုနှစ်၊ မိုးရာသီထက် မိုးရေချိန်လက်မ ပိုမိုရွာသွန်းမည်ဖြစ်ပါကြောင်း တိုင်းနှင့် ပြည်နယ်အသီးသီးရှိ မြစ်ချောင်းများအနီး နေထိုင်ကြသူများအနေဖြင့် သတိပြုနေထိုင်ကြရန်နှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပါက ယာယီကယ်ဆယ်ရေးစခန်းများသို့ အရေးကြီးပစ္စည်းများ စာရွက်စာတမ်းများ သယ်ယူသွားရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကလည်း နေ့စဉ်ရက်ဆက် ကြေညာပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ ဆွေမျိုးမိသားစုများရှိရာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နှင့် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သို့လည်း ဆက်သွယ်အကြောင်းကြားရင်း အခြားမြို့များရှိ သံသရာဆွေမျိုးများအတွက်လည်း ရေဘေးအန္တရာယ်မှ ကင်းဝေးပါစေကြောင်း မေတ္တာပို့လွှတ်နေရပေတော့သည်။

'မိုးနဲ့ နွားသိုး အစိုးမရ' ဟူသော စကားပုံအတိုင်းပင် ၂၀၁၅ နှစ်၊ ခုလိုင်လလယ်ခန့်မှစတင်၍ အဆက်မပြတ်ရွာသွန်းခဲ့သောမိုးသည် ခုလိုင်လနောက်ဆုံးပတ် ၂၉၊ ၃၁ ရက်များတွင် မိုးရက်ဆက်ပိုမိုရွာသွန်းခဲ့ရာ ရေကြီးရေလျှံမှုများ နိုင်ငံနှင့်အဝှမ်းဖြစ်ပေါ်ခဲ့ပေသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရ၏ ကြိုတင်ကာကွယ်မှုအစီအမံများကြောင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်း (KBZ) နှင့် အခြားသော လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည်လည်း မိမိတို့၏ ညီနောင်အသင်းများထံ ချက်ချင်း အလျင်အမြန် ဆက်သွယ်မှုပြုခဲ့ပြီး "ရေဘေးသင့်ပြည်သူများအား အလျင်အမြန် ကယ်ဆယ်ရေး ကော်မတီ" UMFCCI အား အသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ အလုပ်အမှုဆောင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

များ၏ စည်းလုံးညီညွတ်သော စုပေါင်းအင်အားများဖြင့် ကြိုတင်ပြင်ဆင်စီစဉ် ဆောင်ရွက်ထားမှုတို့ကြောင့်လည်းကောင်း နိုင်ငံနှင့်အဝှမ်း ရေဘေးအန္တရာယ်မှ အတိုင်းအတာတစ်ခုအထိ ကာကွယ်မှုပြုနိုင်ခဲ့မှုအား မှတ်တမ်းတင်ရမည်သာဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည်လည်း မိမိတို့၏ ညီနောင်အသင်းများထံ ချက်ချင်းအလျင်အမြန် ဆက်သွယ်မှုပြုခဲ့ပြီး 'ရေဘေးသင့်ပြည်သူများအား အလျင်အမြန်ကယ်ဆယ်ရေးကော်မတီ' UMFCCI အား အသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်များ အလုပ်အမှုဆောင်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ UMFCCI ၏ 'ရေဘေးသင့်ပြည်သူများအား အလျင်အမြန်ကယ်ဆယ်ရေးကော်တီ' ၏ စီမံကြီးကြပ်မှုအောက်တွင် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းရေးဆပ်ကော်မတီအား UMFCCI ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ကျွန်တော်သည် အဖွဲ့ (၄) Delivery Team တွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရရှိခဲ့ပါသည်။ ကုန်သည်စက်မှုအသင်းချုပ်မှ 'ရေဘေးသင့်ပြည်သူများအား အလျင်အမြန်ကယ်ဆယ်ရေးကော်မတီ' မှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော ရေဘေးသင့်ဒေသများ ထောက်ပံ့ရေးဆပ်ကော်မတီတွင် အဖွဲ့ (၁) ငွေစာရင်းနှင့် ဘဏ္ဍာရေးအဖွဲ့၊ အဖွဲ့ (၂) PR+Co Ordinator+ICT သတင်းအချက်အလက်နည်းပညာနှင့် နိုင်ငံခြားစီးပွားရေးအဖွဲ့အစည်းများ ဆက်သွယ်လာပါက ချိတ်ဆက်ပေးရန်နှင့် ရရှိလာသောသတင်းအချက်အလက်များ ဖြန့်ဝေပေးရန် ဦးဆောင်အဖွဲ့၊ အဖွဲ့ (၃) ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းရန် ပေးပို့လာသော ပစ္စည်းများအား လက်ခံထိန်းသိမ်းခြင်း စာရင်းဇယားများပြုစုခြင်း၊ စာရင်းဖြင့်ထုတ်ပေးခြင်းနှင့် လက်ကျန်စာရင်းများပြုစုသည့်အဖွဲ့နှင့် အဖွဲ့ (၄) ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများအား စနစ်တကျသယ်ယူပို့ဆောင်လှူဒါန်းသည့်အဖွဲ့ဟူ၍ အဖွဲ့လေးဖွဲ့ဖွဲ့စည်းထားရှိပြီး ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များမှ ချိတ်ဆက်လှူဒါန်းပေးရန်ဆက်သွယ်ထားသော တိုင်းဒေသကြီးအစိုးရ ပြည်နယ်အစိုးရများထံ လှူဒါန်းပေးပို့မည့် ပစ္စည်းများအား အဖွဲ့ (၄) က လက်ခံရယူပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များ တိုင်းဒေသကြီး CCI ဥက္ကဋ္ဌ၊ ကော်မတီဝင်များနှင့် ဆက်စပ်လှူဒါန်းမှုများ ဆောင်ရွက်ပေးခဲ့ကြပါသည်။

မှတ်မှတ်ထင်ထင်သတိရမိသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းတို့ ကဦးဆောင်ပြီး ရေဘေးသင့်ဒေသများဖြစ်သော ရခိုင်ပြည်နယ်သို့ စစ်ရေယာဉ်အမှတ် ၇၇၁၊ F-11 (အောင်ဇေယျ) တို့ဖြင့်လည်းကောင်း၊ မင်္ဂလာဒုံလေတပ်ဌာနချုပ်စခန်းမှ ကုန်တင်လေယာဉ်များဖြင့်လည်းကောင်း ပေးပို့လှူဒါန်းခဲ့မှု၊ အခြားတိုင်းနှင့်ပြည်နယ်အသီးသီးသို့ လေယာဉ်များ မော်တော်ယာဉ်များဖြင့် ၁၂ ကြိမ်တိတိ ပေးပို့လှူဒါန်းခဲ့မှုတို့အား သတိရနေမိပါတော့သည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် ရေဘေးသင့်ပြည်သူများထံသို့ သုံးကြိမ်အထိ လှူဒါန်းခဲ့မှုများအားလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ၊ သာပေါင်းမြို့များသို့ အစိုးရ၏ စီမံခန့်ခွဲမှု၊ တိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ဒေသများရှိ ပြည်သူများလက်ဝယ်အရောက် ကယ်ဆယ်ရေးပစ္စည်းများ လေးကြိမ်အထိ ပေးပို့လှူဒါန်းခဲ့မှုများကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရ၏ စီမံခန့်ခွဲမှု၊

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်ကွပ်ကဲမှု၊ တိုင်းဒေသကြီး CCI ၏ ပူးပေါင်းမှုတို့ဖြင့် ရေဘေးသင့်ဒေသများရှိ ပြည်သူများလက်ဝယ်အရောက် ကယ်ဆယ်ရေးပစ္စည်းများ ငါးကြိမ်အထိ ပေးပို့လှူဒါန်းခဲ့မှုများကိုလည်း ကောင်း၊ ပြည်ထောင်စုအစိုးရ၊ UMFCCI ၊ ချင်းပြည်နယ်အစိုးရနှင့် ပြည်နယ် CCI တို့သို့ သက်ဆိုင်ရာ ဒေသများအရောက် ဆန်ဆီဆား အပါအဝင် လူသုံးကုန်ပစ္စည်း ၁၂ မျိုးပေး ပို့လှူဒါန်းခဲ့မှုများအပေါ် ကြည်နူးစွာမုဒိတာ ပွားလျက်ရှိနေပါတော့သည်။

ပြည်ထောင်စုအစိုးရ၊ UMFCCI ၊ တိုင်းဒေသကြီးအစိုးရနှင့် CCI များ၊ ပြည်နယ်အစိုးရနှင့် CCI များက ဦးဆောင်ပြီး ရေဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများနှင့် မိသားစုများအတွက် လူသုံးကုန်စားသောက်ကုန်ပစ္စည်းများ စုစုပေါင်း ၃၃ မျိုးအား တပ်မတော်လေယာဉ်၊ ပုဂ္ဂလိကမော်တော်ယာဉ်များဖြင့် ပေးပို့လှူဒါန်းခဲ့ရာ UMFCCI ၏ ပရဟိတအလှူတို့တွင် ကာယဒါန၊ ဉာဏဒါနများကို ဝန်ထမ်းကော်တီများဖြည့်ဆည်းဆောင်ရွက်ခဲ့ကြပေသည်။

ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်သူများဖြစ်ကြသော UMFCCI ဥက္ကဋ္ဌ (ရေဘေးသင့်ဒေသများ ကယ်ဆယ်ရေးကော်မတီ ၂၀၁၅) နှင့် အဖွဲ့ဝင်များမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော ဆပ်ကော်မတီအဖွဲ့ဝင် ကျွန်တော်သည် ရေဘေးသင့်ဒေသအသီးသီးသို့ ရောက်ရှိခြင်းမရှိသော်လည်း တာဝန်ပေးအပ်ချက်အရ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ၉-၈-၂၀၁၅ ရက်နေ့၌ ရေဘေးသင့်ပြည်သူများသို့ လူသုံးကုန်စားသောက်ကုန်ဆေးဝါးများအား နိုင်ငံတော်အဆင့် အကြီးအကဲများနှင့် အတူ UMFCCI ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ တက်ရောက်လှူဒါန်းသည့်ပွဲတွင်လည်း ဝန်ထမ်းအဖွဲ့လေးဖွဲ့မှ ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။ ဆက်လက်၍ ချင်းပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် မုံရွာမြို့ကတစ်ဆင့် ၂၅-၁၀-၂၀၁၅ ရက်နေ့တွင် သွားရောက်လှူပြောင်းပေးအပ်လှူဒါန်းရာတွင် ကျွန်တော်နှင့်ဝန်ထမ်းနှစ်ဦးမော်တော်ယာဉ်နှစ်စီးတို့ဖြင့် ရေဘေးကယ်ဆယ်ရေးအလှူပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းစေခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး CCI မှ ဥက္ကဋ္ဌဦးမျိုးမင်းနှင့် အဖွဲ့ဝင်များ ချင်းပြည်နယ်အစိုးရ၏ တာဝန်ခံကိုယ်စားလှယ်ဦးကျော်ထိန် (CB Bank of Ha Kha)ထံသို့ စစ်ကိုင်းတိုင်း CCI ဦးမျိုးမင်းနှင့် အလုပ်အမှုဆောင်များက တက်ရောက်၍ လက်ခံလွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ပါသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်သို့ UMFCCI ၏ ဦးဆောင်မှုဖြင့်ပင် ရေဘေးကယ်ဆယ်ရေးလူသုံးကုန်စားသောက်ကုန် အိမ်သုံးဆေးဝါးများပါဝင်သော ကယ်ဆယ်ရေးပစ္စည်းများကို ၁၁-၁၁-၂၀၁၉ ရက်နေ့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံး မြသီတာခန်းမတွင်ကျေးရွာအုပ်စုနှစ်စုမှ ကျေးရွာပေါင်းဆယ်ရွာအတွက် ရေဘေးသင့်ပြည်သူများအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ကျေးရွာသူကျေးရွာသားများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်နှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ဧရာဝတီတိုင်းဒေသကြီး CCI ဥက္ကဋ္ဌဦးဝင်းမြင့်လှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်များနှင့်အတူ ကျွန်တော်နှင့်အဖွဲ့ (၄) အဖွဲ့ဝင်များလည်းတက်ရောက်လှူဒါန်းပေးခဲ့ကြပါသည်။ ရေဘေးသင့်လုပ်သား ပြည်သူများအတွက် သနားကြင်နာစိတ် ကရုဏာစိတ်များနှင့်အတူ လှူဒါန်းမှုအစုစု (လုပ်အားဒါနပေးလှူမှုများ အပါအဝင်) အတွက် ကြည်နူးဝမ်းသာဖြစ်ခဲ့ရပေသည်။

ရေဘေးသင့်ပြည်သူများအတွက် အစားအသောက် အသုံးအဆောင် လူသုံးကုန်

ပစ္စည်းမျိုးစုံ ၂၄ မျိုးအား တင်ဆောင်ပြီး မော်တော်ယာဉ်အမှတ် 2A-8367၊ ယာဉ်မောင်းဦးကျော်ဦး၊ ယာဉ်အကူဦးမောင်မြင့်တို့ လိုက်ပါသော မော်တော်ယာဉ်သည် ၂၀၁၁.၂၀၁၅ ရက်နေ့ ညနေပိုင်းတွင် အသင်းချုပ်မှပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သို့ ကြိုတင်ထွက်ခွာသွားခဲ့ကြပါသည်။ ကျွန်တော်နှင့် အဖွဲ့သည်လည်း ၂၁.၁၀.၂၀၁၅ ရက်နေ့ နံနက်ပိုင်း ဖိုးသုဝ အချိန်တွင် အသင်းချုပ်မှ စတင်ထွက်ခွာခဲ့ကြပြီး ဇူးသုဝ အချိန်တွင် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း လက်ပံတန်းမြို့ သို့ရောက်ရှိပြီး ပဲခူးတိုင်း (အနောက်ပိုင်း) CCI မှ ဦးလှဦးနှင့် တွေ့ဆုံပြီး ရေဘေးကယ်ဆယ်ရေးပစ္စည်းများ သွားရောက်လှူဒါန်းမည့် တော်လသာကျေးရွာအုပ်စုသို့ ဟသ်ာတ–သာရဝေါ–လက်ပံတန်း မဟာဗျူဟာလမ်းအတိုင်း ထွက်ခွာခဲ့ကြရာ နံနက် ၁၁းသုဝ နာရီအချိန်ခန့်တွင် တော်လသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး ကျေးရွာစုအုပ်ချုပ်ရေးမှူး ဦးထွန်းလွင်က ကျေးရွာခွဲအုပ်ချုပ်ရေးမှူးများနှင့် ပဲခူးတိုင်း အနောက်ပိုင်း CCI မှ ဦးလှဦးနှင့် အဖွဲ့ဝင်များ UMFCCI မှ ကျွန်တော်နှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးမိတ်ဆက်ပေးပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ရုံးဝင်းအတွင်းတွင် အစီအစဉ်အတိုင်း ကယ်ဆယ်ရေးပစ္စည်းများအား ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် ရက်ဆက်ရွာသွန်းခဲ့သော မိုးများကြောင့် မြန်မာပြည်အနှံ့အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးသင့်ဒေသများ အများအပြားဖြစ်ပေါ်ခဲ့ရသည်။ အဆိုပါရေဘေးသင့်ဒေသများသို့ နိုင်ငံတော်အစိုးရ၏ စီမံခန့်ခွဲမှု၊ ကုန်သည်စက်မှုအသင်းချုပ်၊ ကမ္ဘောဇောဏ် အနာဂတ်အလင်းတန်း ဖောင်ဒေးရှင်းတို့၏ ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ပရဟိတ လူမှုကူညီရေးအသင်းများ၊ ဘူမိဗေဒပညာရှင်များအဖွဲ့စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းသားများ ပူးပေါင်းပါဝင်မှုတို့ဖြင့် ပရဟိတအလှူဒါနပြုပေးပို့လှူဒါန်းခဲ့ကြပါသည်။ ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သော နေရာဒေသများသို့ ကုန်သည်စက်မှုအသင်းချုပ်နာယက ဦးအောင်ကိုဝင်း၊ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌအဖွဲ့ဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့များသည်လည်း အဆိုပါဒေသများအရောက် သွားရောက်ကြည့်ရှုခဲ့ကြပြီး နှစ်သိမ့်အားပေးကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြပါသည်။

ကျွန်တော်နှင့် အဖွဲ့ (၄) အဖွဲ့ဝင်များသည်လည်း ၂၀၁၅ ခုနှစ်၊ ရေဘေးကယ်ဆယ်ရေးအလှူများတွင် UMFCCI ၏ပေးပို့လှူဒါန်းမှုအစုစုတို့တွင် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျ လက်ခံခြင်း၊ ပြည်သူများလက်ဝယ်အရောက် ပေးပို့လှူဒါန်းခြင်း လုပ်ငန်းအရပ်ရပ်တို့တွင် Delivery Team အဖွဲ့ဝင်ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန်ရှိသူ အကြီးအကဲများ၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှုများအား လုပ်ငန်းလမ်းညွှန်ချက်များအဖြစ်ခံယူပြီး ယုံကြည်စွာတာဝန်ပေးအပ်လာသော တာဝန်များအပေါ် ကျေပွန်စွာ ဆောင်ရွက်ပေးခဲ့ရသည့် ရေဘေးသင့်ဒေသအသီးသီးရှိ ရေဘေးသင့်ပြည်သူများထံ လူသုံးကုန် စားသောက်ကုန် အိမ်သုံးဆေးဝါးကူညီကယ်ဆယ်ရေးထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက်ပေးပို့ ပေးအပ်လှူဒါန်းနိုင်ခဲ့မှုများအပေါ် အမှတ်ထင်ထင် သတိတရရှိနေမိပါကြောင်း ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၏ ပရဟိတအမှတ်တရ ရက်စွဲများအဖြစ် (၁၉၁၉–၂၀၁၉) နှစ် တစ်ရာပြည့် မဂ္ဂဇင်းကော်မတီသို့ ပေးပို့လိုက်ပါတော့သည်။



# အသင်းအဖွဲ့များနှင့် အမှုဆောင်များထားရှိသင့်သော စိတ်နေသဘောထား

မောင်ရှူးဒိုင်း

စာရေးသူသည် ငယ်စဉ်ကပင် ပရဟိတလုပ်ငန်းများအား ဆောင်ရွက်ဝါသနာပါသူဖြစ်သည့် အလျောက် ငယ်စဉ်ကပင် အထက်တန်းကျောင်းလူငယ်အသင်း၊ အရွယ်ရောက်သော် ရွှေတိဂုံဘုရားသန့်ရှင်းရေးအသင်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သလို စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သောအရွယ်တွင်လည်း မိမိလုပ်ငန်းနှင့်သက်ဆိုင်သော ပရဟိတစီးပွားရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့သော အသင်းအဖွဲ့များမှတစ်ဆင့် ၂၀၀၂ ခုနှစ်တွင်မူ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍတွင် အဓိကကျပြီး တိုင်းပြည်၏သက်တမ်းအကြာဆုံးသော ကုန်သည်စက်မှုအသင်းချုပ်၌ အမှုဆောင်တစ်ဦးအဖြစ် ပါဝင်လာခဲ့ပါသည်။

ကုန်သည်စက်မှု အသင်းချုပ်ဟုဆိုပါက အသင်းချုပ်၏ သမိုင်းကြောင်းကိုတော့ အနည်းငယ် ရေးသားဖော်ပြသင့်သည်ဟုထင်ပါသည်။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ကိုလိုနီနိုင်ငံအဖြစ် ကျရောက်ခဲ့ပြီး နယ်ချဲ့များနှင့်အတူ ပြည်ပကုန်သည်လုပ်ငန်းရှင်များဝင်ရောက်လာကြပြီး အရင်းရှင်များပီပီ မြန်မာနိုင်ငံ၏ အဓိကလုပ်ငန်းကြီးများဖြစ်သော ဆန်စပါး၊ သစ်၊ ရေနံနှင့် သယံဇာတများကို လက်ဝါးကြီးအုပ်ချယ်လှယ်လုပ်ကိုင်လာခဲ့ကြပါသည်။ ထိုအချိန်က ကမ္ဘာပေါ်တွင် အရင်းရှင်စီးပွားရေးစနစ်ထွန်းကားလာပြီးနောက် ၁၆ ရာစုကတည်းကပင် ပြင်သစ်နိုင်ငံ၏ဘုရင်အုပ်ချုပ်မှုအောက်တွင် ကုန်စည်များ ရောင်းဝယ်ဖောက်ကားရန်အတွက် လူကုံထံများက အသင်းအဖွဲ့များစတင်ဖွဲ့စည်းပြီး ကုန်သည်အသင်းအမည်များပေး၍ ၁၅၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြသည်ဟု သိရှိရပါသည်။ ၁၉ ရာစုတွင် အခြားကိုလိုနီနိုင်ငံများသို့ ပျံ့နှံ့လာခဲ့ပြီး လက်အောက်ခံကိုလိုနီနိုင်ငံများမှာလည်း နိုင်ငံအလိုက်ကုန်သည်အသင်းများ ဖွဲ့စည်းလာခဲ့ပါသည်။


ထိုအချိန်တွင် မြန်မာနိုင်ငံရှိလုပ်ငန်းရှင်များက Burma Chamber of Commerce ဟု စတင်တည်ထောင်ပြီး မြန်မာလူမျိုးလုပ်ငန်းရှင်များကိုမူ ပါဝင်ခြင်းမပြုခဲ့ဟု သိရှိရပါသည်။ သို့သော် မျိုးချစ်စိတ်ပြင်းပြသော မြန်မာလူမျိုးလုပ်ငန်းရှင်အချို့က မြန်မာလူမျိုးတို့၏ရေရှည်အကျိုးကို ရည်ရွယ်၍ Burmese Chamber of Commerce ဟု အပြိုင်ရင်ပေါင်တန်းဖွဲ့စည်းတည်ထောင်ခဲ့ကြသည်ဟု သိရှိရပါသည်။ သို့သော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ကန့်ကွက်မှုကြောင့် စီးပွားရေးကဏ္ဍများတွင် မြန်မာကုမ္ပဏီများကို လွှဲ

ပြောင်းခြင်းခံခဲ့ရပြီး နိုင်ငံခြားသားများ နေရာတွင် မြန်မာလူမျိုးကုမ္ပဏီများ ပါဝင်ဖွဲ့စည်းတည်ထောင်လာခဲ့သည်ဟု သိရှိရပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက် Union of Burma Chamber of Commerce & Industry ဟု ပီပြင်စွာ ပေါ်ပေါက်လာခဲ့သည်ဟု သိရပါသည်။

၁၉၆၄ ခုနှစ်တွင် နိုင်ငံရေးအပြောင်းအလဲကြောင့် အမျိုးသားစည်းလုံးညီညွတ်ရေးဥပဒေအရ အသင်းအဖွဲ့များမရှိစေရဟု ချမှတ်ခဲ့သောကြောင့် အသင်းသည် တရားဝင်ရပ်တည်နိုင်ခြင်းမရှိဖြစ်ခဲ့ရသော်လည်း အသင်းမှ ကျွမ်းကျင်လိမ္မာပါးနပ်သော အမှုဆောင်အချို့က မပျောက်ပျက်အောင် ၂၆ နှစ်တိုင် ထိန်းသိမ်းခဲ့ရပြီး အသင်းသားများမရှိဘဲ မိမိတို့ကိုယ်ပိုင်ငွေဖြင့် စိုက်ထုတ်သုံးစွဲခဲ့ရပြီး နောင်လာနောက်သားများထံသို့ အခွင့်သင့်ပါက လက်ဆင့်ကမ်းပေးနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်ဟု သိရှိရပါသည်။

၁၉၈၈ ခုနှစ်တွင် တပ်မတော်အစိုးရက စီးပွားရေးတံခါးသစ်ဝါဒကို ပြောင်းလဲကျင့်သုံးပြီး အသင်းအဖွဲ့များ တည်ထောင်ခွင့်ကို ပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ၁၉၈၈ ခုနှစ်တွင်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ယခင်ကုန်သွယ်ရေးဝန်ကြီးဌာန) မှ မြန်မာနိုင်ငံကုန်သည်စက်မှုအသင်း၏ သင်းဖွဲ့စည်းမျဉ်းမှတ်တမ်းများကို ပြင်ဆင်ဖြည့်စွက်ပြီး ၁၉၉၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကုန်သည်များ



နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အဖြစ် အဆင့်မြှင့်တင် ဖွဲ့စည်းပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါသည်။

ထိုကဲ့သို့အသင်းချုပ်အနေဖြင့် ပြဋ္ဌာန်းပြီးသည့်နောက်တွင်မူ စီးပွားရေးအသင်းအဖွဲ့၊ ကုန်သည်အသင်းအဖွဲ့၊ နယ်စပ်ကုန်သွယ် အသင်း၊ လုပ်ငန်းအလိုက်အသင်းများအား ကုန်သည်အသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် တပ်စုတစ်စည်းတည်း ရှိစေရန် ဖွဲ့စည်းတည်ထောင်ခဲ့ကြပြီး အသင်းချုပ်အမှုဆောင်များကိုလည်း အသင်းအဖွဲ့များမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အစရှိသော အမှုဆောင်များ၊ အခြားစီးပွားရေးအောင်မြင်သော ကုမ္ပဏီလုပ်ငန်းရှင်များ တစ်သီးပုဂ္ဂလပညာရှင်များဖြင့် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်ကို တွေ့ရပါသည်။

ထိုစဉ်က တပ်မတော်အစိုးရအုပ်ချုပ်မှုဖြစ်သဖြင့် အသင်းချုပ်၏ အမှုဆောင်များကို အစိုးရက တိုက်ရိုက်ခန့်ထားမှုကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၀ ပြည့်နှစ် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့ရာတွင်မူ အသင်းချုပ်၏ အမှုဆောင်များကိုလျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်သောစနစ်ကို တဖြည်းဖြည်းချင်းပြောင်းလဲဆောင်ရွက်ခဲ့ပြီး ယခုအခါတွင်မူ အသင်းအဖွဲ့ကိုယ်စားလှယ်များမှအပ ကျန်အမှုဆောင်များသည် မိမိတို့၏ ကိုယ်ပိုင်သဘောဆန္ဒအရ အမှုဆောင်အဖြစ် ဆောင်ရွက်လိုသောကြောင့် ဆန္ဒပြုသူများကိုသာ လျှို့ဝှက်ဆန္ဒမဲပေး၍ အသင်းသားများက ရွေးချယ်တင်မြှောက်သောစနစ်ကို ကျင့်သုံးနိုင်ခဲ့ပါသည်။

ကုန်သည်စက်မှုအသင်းချုပ်၏ မြစ်ဖျားခံမှုနှင့်ပြောင်းလဲမှုတို့ကို ပြန်လည်သုံးသပ်ကြည့်ပါက မျိုးချစ်စိတ်အပေါ်အခြေခံ၍ အမျိုးသားအကျိုးစီးပွားကို ကာကွယ်လိုခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံကိုအုပ်ချုပ်သော အစိုးရတို့အကြား ဟန်ချက်ညီညီဖြင့် စီးပွားရေးမူဝါဒများကို အတူလက်တွဲချမှတ်နိုင်စေရေး၊ ပြည့်ဝမ်းစာ ကုန်သည်လုပ်ငန်းရှင်များအား အစိုးရကကူညီဖေးမ၍ မှန်ကန်သော

ဖြောင့်မတ်သောတိုင်းပြည်၏စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးတို့တွင် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးနိုင်စေရေးတို့အတွက် ရည်ရွယ်၍ တစ်ဆင့်ချင်း ခေတ်စနစ်ပြောင်းလဲမှုနှင့်အညီ ဖွဲ့စည်းတည်ထောင်ခဲ့သလို အမှုဆောင်များကိုလည်း အစိုးရကတိုက်ရိုက်ခန့်ထားခြင်းမှ ကိုယ်တိုင်ဆန္ဒပြုသောအနေအထားသို့ ပြောင်းလဲခြင်းဖြင့် ဒီမိုကရေစီ၏စနစ်အရသာပေါ်လွင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

ယခုအချိန်တွင် အစိုးရပုဂ္ဂလိကအသင်းအဖွဲ့များတည်ထောင်မှုကို အကန့်အသတ်မရှိခွင့်ပြုလျက်ရှိသော်လည်း အသင်းအဖွဲ့များ၏ အမှုဆောင်များရွေးချယ်ခြင်းနှင့် အသင်းလိုက်မူဝါဒချမှတ်ခြင်းများကို ပါဝင်စွက်ဖက်မှုမပြုတော့သည်ကိုလည်း တွေ့မြင်လာရပါသည်။

ဆိုလိုသည်မှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတွင် အသင်းအဖွဲ့များကို အစိုးရ၏လောင်းရိပ်ချုပ်ကိုင်မှုမရှိစေဘဲ အသင်းအဖွဲ့များအနေဖြင့် နိုင်ငံတကာနှင့်အညီ လွတ်လပ်စွာ တွေးခေါ်မြော်မြင် ဆောင်ရွက်နိုင်စေရန် အခွင့်အရေးပေးခြင်းကို ဆိုလိုပါသည်။

သို့ဖြစ်ပါ၍ ယနေ့အသင်းအဖွဲ့များတွင် ပရဟိတပါဝင်ဆောင်ရွက်နေသော အသင်းအဖွဲ့များ၏အမှုဆောင်များအနေဖြင့် မှန်ကန်ဖြောင့်မတ်သော စိတ်နေသဘောထားများဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ပိုမိုအရေးကြီးလာသလို မိမိတို့ကိုယ်တိုင်ဆန္ဒပြု၍ အသင်းအကျိုး နိုင်ငံအကျိုးဆောင်ရွက်လိုပါသည်ဟု ကတိကဝတ်ပြုသည်နှင့်အညီ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်သည်ကို သတိမူမိကြရန်လိုအပ်ပါသည်။

အမှုဆောင်များအနေဖြင့် ကာယ၊ ဉာဏ၊ ဓန တစ်ခုမဟုတ်တစ်ခုဖြင့် ပါဝင်ကူညီဆောင်ရွက်မှသာလျှင် အမှုဆောင်တစ်ဦး၏ကတိကဝတ် ပြီးပြည့်စုံမည်ဖြစ်သလို မိမိနိုင်ငံ၊ မိမိလူမျိုးနှင့်လုပ်ငန်းတူ အသင်းဝင်ညီနောင်များအပေါ်တွင် တာဝန်ကျေပွန်သော စံပြအမှုဆောင်တစ်ဦးအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

မိမိဆရာသမားတစ်ဦး၏ မိန့်မြွက်စကားအရ အမှုဆောင်များသည် အသင်းအဖွဲ့များတွင် အတွန့်နှင့်ယှဉ်သော ပရစိတ်ထားဖြင့် ပါဝင်ဆောင်ရွက်ကြသည်ဟု မှတ်ယူခဲ့မိသော်လည်း ပရစိတ်မာတ်ကို ရာခိုင်နှုန်းပိုမိုထားနိုင်မှသာ အသင်းအဖွဲ့တိုးတက်နိုင်မည်ဟုလည်း စာရေးသူကိုယ်ပိုင်အတွေးဖြင့် တွေးမြင်မိပါသည်။

အမှန်အားဖြင့် အမှုဆောင်ပုဂ္ဂိုလ်များသည် ပုထုဇဉ်များဖြစ်သဖြင့် အတ္တမကင်းကြသောကြောင့် အပြစ်မဆိုသာသော်လည်း မိမိတို့၏စိတ်နေသဘောထားများကို တည့်မတ်ရန် သတိပြုသင့်သည်ဟု ထင်မြင်မိပါသည်။ အထူးအားဖြင့် ယနေ့ပြောင်းလဲလာသော ဒီမိုကရေစီခေတ်တွင် တိုင်းပြည်၏အရေးပါသော အုပ်ချုပ်မှုကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များ ပါဝင်လာနိုင်ခဲ့သည်ကို တွေ့မြင်ရသည့်အတွက် မိမိတို့၏ကိုယ်ပိုင်စီးပွားရေး အောင်မြင်တိုးတက်မှုကို ဆောင်ရွက်နိုင်ရေးသာမက အသင်းအဖွဲ့များအကြား ဘဝတူညီအစ်ကို လုပ်ငန်းရှင်များကို စည်းရုံးဦးဆောင်နိုင်သော အရည်အချင်းရှိသူများ အထူးလိုအပ်လာသည်မှာ အမှန်တကယ် ဖြစ်ပါသည်။

အထက်ဖော်ပြပါထင်မြင်ယူဆချက်များသည် စာရေးသူ၏ ၁၇ နှစ်တာကာလ အသင်းအဖွဲ့များတွင် ပရဟိတဆောင်ရွက်နေစဉ်အတွင်း ကိုယ်တွေ့ကြုံဆုံခဲ့မှုများအပေါ် အခြေခံ၍ ရေးသားဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ မိမိတို့၏ရှေ့နောင်တော်မျိုးချစ်စိတ်ရှိသော လုပ်ငန်းရှင်ပုဂ္ဂိုလ်များထားခဲ့သော အမျိုးသားရေးစိတ်ဓာတ်များနှင့် အသင်းကြီးပေါ်တွင် ထိန်းသိမ်းထားရှိခဲ့သော စေတနာအနစ်နာများအပေါ် အတုယူ၍ မိမိတို့ကိုယ်တိုင်ဆင်ခြင်သုံးသပ်ပြုပြင်သွားရန် လိုအပ်ပါကြောင်း အကြံပြု၍ အသင်းချုပ်၏ ၂၀၁၉ ခုနှစ်တွင် ကျရောက်သော အနှစ်တစ်ရာပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုလိုက်ပါသည်။

**အမှန်အားဖြင့် အမှုဆောင်ပုဂ္ဂိုလ်များသည် ပုထုဇဉ်များဖြစ်သဖြင့် အတ္တမကင်း ကြသောကြောင့် အပြစ်မဆိုသာသော်လည်း မိမိတို့၏စိတ်နေသဘောထားများကို တည့်မတ်ရန် သတိပြုသင့်သည်ဟု ထင်မြင်မိပါသည်။**




# စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ပဉ္စလိကကဏ္ဍ လှုပ်ရှားဆောင်ရွက်မှုများ

၁။ စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသော မူဝါဒများနှင့်အညီ စိုက်ပျိုးရေး မွေးမြူရေး ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စားသုံးသူများအတွက် ပြည်တွင်းစားသုံးမှု ဖူလုံစေရေး၊ ပြည်ပပို့ကုန်တိုးမြင့်စေရေးအတွက် ကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်ကဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆက်စပ်၍ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ Workshop ၊ Forum များကျင်းပပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းသည် မြန်မာနိုင်ငံ၏ လူဦးရေအများစုနှင့် ဆက်စပ်ပတ်သက်နေပြီး မြန်မာ့စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် ပို့ကုန်မြှင့်တင်ရေးအပိုင်းတွင် အလွန်အရေးပါသော လုပ်ငန်းများဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီက တိုင်းဒေသကြီးအစိုးရနှင့် ပူးပေါင်း၍ Agriculture Master Plan ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ပါဝင်သော ကုမ္ပဏီများကလည်း လုပ်ငန်းအခြေခံတည်ဆောက်မှုများအား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကော်မတီသည် စပါးစိုက်ပျိုးတောင်သူများ၊ ရင်းနှီးမြှုပ်နှံသူ စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် ရောင်းဝယ်ဖောက်ကားကြသူများ၏ အကျိုးစီးပွားအား ကာကွယ်ပေးရန်အလို့ငှာ ရည်ရွယ်၍ 'သီးနှံအာမခံစနစ်' (Contract Farming System) အား စီမံ/ဘဏ္ဍာဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအပါအဝင် သက်ဆိုင်သောဌာနဆိုင်ရာများနှင့်လည်း ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့ပြင် ကော်မတီသည် လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချရာတွင် နယ်စပ်ကုန်သွယ်ရေးစနစ်များ၊ သဘော်ဘများနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အမှာစာရရှိလာသော နိုင်ငံအသီးသီးသို့ သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်သောပို့ကုန်များအဖြစ် တင်ပို့ပေးရာတွင် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ လယ်ယာမြေဥပဒေပြင်ဆင်ခြင်းနှင့် တောင်သူလယ်သမားအကျိုးစီးပွားအခွင့်အရေး ကာကွယ်ရေးဥပဒေအပေါ် Review ပြုလုပ်ထားသည့် အကြံပြုချက်အား လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူခဲ့ရာ ၃၀ ရာခိုင်နှုန်းခန့်သာ သဘောတူညီမှုရရှိခဲ့သည့်အပေါ် ဥပဒေပါ အချက်များအနက် အချို့အား ပြင်ဆင်ဖြည့်စွက်ချက်များ ဖြည့်စွက်တင်ပြခဲ့ပါကြောင်း၊ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်အဖြစ် မြို့နယ်အဆင့်/ခရိုင်အဆင့်တွင် ငါးဧကခွင့်ပြုပေးခဲ့ပါကြောင်း၊ လယ်ယာမြေအား အခြားသီးနှံစိုက်ပျိုးလုပ်ကိုင်ရန် ဥပဒေမှ ခွင့်ပြုထားခြင်းမရှိသည့်အပေါ် ကော်မတီကလည်း အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံသည့် အစည်းအဝေးများတွင် တင်ပြဆွေးနွေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အသင်းချုပ်စိုက်ပျိုးရေး မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ၂၀၁၆–၂၀၁၉ သက်တမ်းအတွက် လုပ်ငန်းဝါးခုအား စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းဝါးခုမှာ –

(က) Agriculture Master Plan
(ခ) သီးနှံအာမခံစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း
(ဂ) ၂၀၁၂ လယ်ယာမြေဥပဒေပြင်ဆင်ရေးနှင့် အဆင့်မြင့်လယ်ယာဖော်ထုတ်ဆောင်ရွက်နိုင်ရေး
(ဃ) တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်မြှင့်တင်ရေးဥပဒေနှင့် လိုအပ်ချက်များ အကြံပြုချက်များဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ဆောင်ရွက်ရန်
(င) စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဆိုင်ရာ စီမံကိန်းဘဏ် ဖွင့်လှစ်နိုင်ရေး စီမံ/ဘဏ္ဍာဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ရန်

၄။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသည် အသင်းချုပ်နှင့် ညီနောင်အသင်းများ၊ မိတ်ဖက်အသင်းများ အသင်းသားလုပ်ငန်းရှင်များအား အခါအားလျော်စွာ ကျင်းပပြုလုပ်သော ကော်မတီနှင့် သက်ဆိုင်ဆက်စပ်သောအစည်းအဝေးများသို့ ဖိတ်ကြားတက်ရောက်စေပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ တင်ပြသော အချက်အလက်များအနက် သီးနှံအာမခံစနစ်ပေါ် ပေါက်ရေးအတွက် အစည်းအဝေးများ ကျင်းပဆောင်ရွက်ပြီး ရရှိလာသောအချက်အလက်များ (Outcome) ၊ ရလဒ်အဖြေများ (Results)။ တင်ပြဆွေးနွေးချက်များ (Suggestions) အပေါ် လိုအပ်သည်များ ပြင်ဆင် ဖြည့်စွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှစ်ခုဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတို့သို့ ပေးပို့တင်ပြဆောင်ရွက်ထားရှိပါသည်။ ထို့ပြင် လယ်ယာလုပ်ငန်းသုံးတီရစ္ဆာန်များဖြစ်ကြောင် ကျွဲ၊ နွား အာမခံစနစ်အတွက် Data Store ပြုလုပ်ပြီး အသင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သော Zeya & Association နှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ထားရှိပါသည်။ ထို့အပြင် တောင်သူလယ်သမားများအတွက် အသက်အာမခံစနစ်အားလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရာသီဥတုအပေါ် အခြေခံသည့် အခြားအာမခံစနစ်တစ်ခုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိပါသည်။

၅။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အစည်းအဝေး

**လယ်ယာလုပ်ငန်းသုံးတိရစ္ဆာန်များဖြစ်ကြောင် ကျွဲ၊ နွား အာမခံစနစ်အတွက် Data Store ပြုလုပ်ပြီး အသင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Zeya & Associaties နှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ထားရှိပါသည်။**


ဒေါက်တာအောင်သူ


ဦးအုန်းဆိုင်


ဦးရဲမင်းအောင်


ဦးစိုင်းဘညာဏ်

များကိုလည်း နှစ်လတစ်ကြိမ် ကျင်းပပြုလုပ်ပြီး ဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်အတွက် တစ်လတစ်ကြိမ် ကျင်းပပြုလုပ်သော PSD အစည်းအဝေးသို့လည်းကောင်း၊ သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ပေးမည့် ဝန်ကြီးဌာနနှင့်လည်းကောင်း တင်ပြဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ပေးနေသော ကော်မတီတစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးမှုများအနက်၊ တောင်သူလယ်သမားအရေးအား ဦးစားပေးဆောင်ရွက်နိုင်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဝန်ကြီးဌာနအောက်တွင် တောင်သူလယ်သမားရေးရာ ဦးစီးဌာနတစ်ခု ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း အကြံပြုတင်ပြဆွေးနွေးဆောင်ရွက်ထားပါသည်။ အဆိုပါဦးစီးဌာနအသစ် ဖွဲ့စည်းဆောင်ရွက်နိုင်ပါက တောင်သူလယ်သမားများ၏ လယ်ယာမြေကိစ္စရပ်များ၊ စိုက်ပျိုးစရိတ်ချေးငွေ ကိစ္စရပ်များ အပါအဝင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်နေကြသော တောင်သူလယ်သမားများ၏ အခြားသောဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များကို အလွယ်တကူဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

၆။ အသင်းချုပ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဆန်စပါးဆိုင်ရာကိစ္စရပ်များအပေါ် ဆန်စပါးအသင်းချုပ်က ဦးဆောင်ပြီး ဖြေရှင်းဆောင်ရွက်စေရန်နှင့် အခြားသီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ မွေးမြူရေးနှင့် သက်ဆိုင်ရာ ဆက်စပ်လုပ်ငန်းစဉ်များအပေါ် ကော်မတီက ပါဝင်ဆောင်ရွက်ပေးရန်တို့ကို လုပ်ငန်းသဘောသဘာဝ (SOP) အဖြစ် ခွဲခြားဆောင်ရွက်ပေးလျက် ရှိပေသည်။ ဆန်နှင့် ပတ်သက်သော Contract Farming နှင့် စပ်လျဉ်း၍ Micro Pro Focus၊ MAN အစရှိသည့် အဖွဲ့များနှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နောက်ဆုံးအကြိမ်အဖြစ် ဆွေးနွေးဆောင်ရွက်ထားပြီး တိုးတက်မှုများလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ Contract Farming ကဏ္ဍတွင် တိုင်းဒေသကြီး ပြည်နယ်အစိုးရနှင့် ခရိုင်အဆင့်မြို့နယ်အဆင့် ထွေ/အုပ်ဦးစီးဌာနများ ပါဝင်ပြီး Model ကော်မတီအဖြစ် ဆောင်ရွက်လုပ်ကိုင်ပေးမည်ဖြစ်ပါကြောင်း မြို့နယ်စိစစ်ထောက်ခံရေးအဖွဲ့၏ ထောက်ခံချက်ဖြင့် ဘဏ်နှင့် ချိတ်ဆက်ချေးငွေအပ်ခြင်းအတွက် ဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိရေးအတွက် အသင်းချုပ်ကော်မတီက ဦးဆောင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကော်မတီ၏ ဆောင်ရွက်ချက်များကို အောင်မြင်မှုများအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း အသင်းချုပ်ကော်မတီအား လုပ်ငန်းများ ယခုထက် ပိုမိုလုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ Project Bank တစ်ခုအား ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုရန် အစိုးရထံ တင်ပြတောင်းခံထားပါသည်။

၇။ စိုက်ပျိုးရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (Agriculture Master Plan) နှင့်ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်တွေ့ဆုံပြီး လုပ်ငန်းလမ်းညွှန်မှုများရရှိရန်လည်း အသင်းချုပ်ကော်မတီအနေဖြင့် ဦးဆောင်စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်မည့် ကုမ္ပဏီများအနေဖြင့်လည်း လက်ရှိဆောင်ရွက်ပြီးစီးမှုအခြေအနေ ရှေ့ဆက်ဆောင်ရွက်မည့်အခြေအနေ တန်ဖိုးမြင့်ထုတ်ကုန် (Valued Added) ထုတ်လုပ်မည့် အစီအစဉ်များနှင့် လုပ်ငန်းဆောင်ရွက်ရာမှတွေ့ကြုံနေရသည့် အခက်အခဲများအပေါ် တင်ပြဆောင်ရွက်ပေးရန် အချက်အလက်များအား ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်ပါသည်။ ထို့ပြင် ကုမ္ပဏီများအနေဖြင့်လည်း ထပ်မံဖြည့်စွက်တင်ပြလိုသောစီမံကိန်းများ ထပ်မံဖြည့်စွက်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်ပါအချက်အလက်များအား ကြိုတင်ပြင်ဆင် စုဆောင်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။

၈။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့်လည်း အသင်းချုပ်ကော်မတီအား လုပ်ငန်းများ ယခုထက် ပိုမိုလုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ Project Bank တစ်ခုအား ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုရန် အစိုးရထံ တင်ပြတောင်းခံထားပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းများအတွက် ရည်ရွယ်တောင်းခံခြင်းဖြစ်ကြောင်းနှင့် စိုက်ပျိုးရေးမဟာဗျူဟာစီမံကိန်းအတွက် အထောက်အကူပြု ကော်မတီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်သွားမည်ကို သိရှိပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၉။ ကုန်သည်စက်မှုအသင်းချုပ် ၂၀၁၆–၂၀၁၉ သက်တမ်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကော်မတီ ၁၈ ခုရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် နိုင်ငံတော် အစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့နှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး မွေးမြူရေး၊ ရေလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသော စီမံကိန်းများချမှတ်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များရရှိရေး၊ အဆင့်မြင့်လယ်ယာဖော်ထုတ်ရေး၊ လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် ညီနောင်အသင်းများ၊ အသင်းသားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း အသင်းချုပ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စီးပွားရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍ၏ လှုပ်ရှားဆောင်ရွက်မှုများကို ရေးသားဖော်ပြအပ်ပါသည်။



# အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုမှ ဖွံ့ဖြိုးမှုဆီသို့

မေဇလပ်ဖြူ (ချင်းတောင်တန်း)

နိုင်ငံတော်အစိုးရသည် ပြည်သူများအား‌လုံး၏ လိုအပ်ချက်အား ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်သူနှင့် ချိတ်ဆက်ကာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခြေခံကောင်းများ ပိုမိုဖြစ်ပေါ်စေခြင်းမှတစ်ဆင့် ပြည်သူတို့အတွက် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးတက်စေရေး၊ ထုတ်လုပ်နိုင်စွမ်းအား မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကောင်အထည်ဖော်ဆောင်မှုများ ကောင်းမွန်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက အတူပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစီးပွားရေးတွင် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၊ သမဝါယမပိုင် အခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှုအချိုးအစားတွင် ပုဂ္ဂလိကကဏ္ဍ အချိုးအစားမှာ တစ်မျိုးသား‌လုံး၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် အများဆုံးပါဝင်သဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်အရေးပါပါသည်။ 'ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ကြပါစို့' ဟူသည့် ဆောင်ပုဒ်ဖြင့် ပုဂ္ဂလိကကဏ္ဍကိုအရှိန်အဟုန်ဖြင့် တိုးတက်စေမည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ပြုပြင် ပြောင်းလဲရေးကို ၂၀၁၃ ခုနှစ်၊ မေလမှ စတင်၍ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဖြင့် ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များပိုမိုတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry-UMFCCI) သည် အဓိကအခန်းကဏ္ဍမှာ မောင်းနှင်လျက်ရှိပါသည်။

UMFCCI သည် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကဏ္ဍ၏ အကျိုးစီးပွားကို ကိုယ်စားပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်သည့် နိုင်ငံတော်အဆင့် အစိုးရအဖွဲ့အစည်းမဟုတ်သော အဖွဲ့အစည်းတစ်ခုအဖြစ် ၁၉၁၉ ခုနှစ်မှ စတင်ရုပ်တည်လာသည်မှာ ၂၀၁၉ ခုနှစ်တွင် ရာပြည့် သို့မဟုတ် နှစ်တစ်ရာတိုင်ခဲ့ပြီဖြစ်ပါသည်။ UMFCCI သည် ဒေသဆိုင်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သွယ်မှုအသင်းအဖွဲ့များနှင့် အခြားသောအဖွဲ့အစည်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည့် ပုဂ္ဂလိကအဖွဲ့အစည်းကြီးတစ်ခုလည်းဖြစ်ပါသည်။

UMFCCI အနေဖြင့် စီးပွားရေး

အိမ်နီးချင်းနိုင်ငံများနှင့် အရင်းအနှီး၊ နည်းပညာ အခြားလိုအပ်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် ကမ္ဘာ့ အခြားနိုင်ငံများနှင့်ပါ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်သွားရန်လည်း လိုအပ်ပါသည်။


အသိုက်အဝန်းဆီသို့ ဗဟုသုတ၊ ကျွမ်းကျင်မှု နှင့် အခွင့်အလမ်းများအား မျှဝေခြင်းတို့ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ပြင် ဝန်ဆောင်မှုအနေဖြင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသင်တန်းများ၊ ကုန်သွယ်ရေးသတင်းအချက်အလက်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာပံ့ပိုးပေးမှုများ၊ စီးပွားရေးဆိုင်ရာရှာဖွေပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းများ၊ ကုန်သွယ်ရေးဆိုင်ရာနှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များနှင့် လေ့လာရေးခရီးစဉ်များ စသည်တို့ဖြင့် ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့ပြင် UMFCCI အတွင်းရေးမှူးအဖြစ်ပါဝင်သည့် ကော်မတီအမည်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ
၂။ စီးပွားရေးဆိုင်ရာ သတင်းပြန်ကြားရေးကော်မတီ
၃။ ဘဏ္ဍာရေးနှင့် အခွန်ကောက်ခံမှုရေးရာကော်မတီ
၄။ အနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့် ဖျန်ဖြေရေးကော်မတီ
၅။ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၆။ အသင်းဝင်ရေးရာကော်မတီ
၇။ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးရေးကော်မတီ
၈။ စိုက်ပျိုးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၉။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၁၀။ စက်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ
၁၁။ ရင်းနှီးမြှုပ်နှံမှုရေးရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၁၂။ စီးပွားရေး၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၁၃။ အသက်မွေးဝမ်းကျောင်းနှင့် လူမှုရေးအသင်းအဖွဲ့တာဝန်ယူမှု ဖွံ့ဖြိုးရေးကော်မတီ
၁၄။ စံသတ်မှတ်ခြင်းရေးရာကော်မတီ
၁၅။ စီမံဖွဲ့စည်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီ
၁၆။ မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
၁၇။ ငါးလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီ
၁၈။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးရေးကော်မတီ
၁၉။ ကုန်သည်ကြီးများအသင်း အဆောက်အအုံ တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ
၂၀။ ဒေသဆိုင်ရာ အဖွဲ့အစည်းရေးရာ ကော်မတီ
၂၁။ ဥပဒေပြုလုပ်ငန်းကော်မတီ
၂၂။ အိုင်စီတီ ဖွံ့ဖြိုးရေးကော်မတီ

ပုဂ္ဂလိက ကဏ္ဍအနေဖြင့် ဒေသတွင်းပေါင်းစည်းမှုနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကလည်း တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အရင်းအနှီး၊ နည်းပညာ အခြားလိုအပ်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည့် ကမ္ဘာ့အခြားနိုင်ငံများနှင့်ပါ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်လည်း လိုအပ်ပါသည်။ အာဆီယံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ASEAN Chambers of Commerce & Industry-ASEAN CCI) သည်လည်း အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးအမြတ်ဖြစ်ထွန်းရေးနှင့် ကုန်သွယ်မှုဆိုင်ရာမြှင့်တင်သည့် မဟာဗျူဟာများရေးဆွဲခြင်းတို့အား အချင်းချင်းနှီးနှောဖလှယ်ပြီး အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဆီသို့ ဦးတည်သွားရန်ဖြစ်ပါသည်။

၂၀၁၉ ခုနှစ်တွင် ASEAN CCI အနေဖြင့် အဓိကအလေးထား ဦးစားပေးဆောင်ရွက်သွားမည့်ကဏ္ဍများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ အခြေခံအဆောက်အအုံ (Infrastructure)
၂။ ပြည်လည်ပြည့်ဖြိုးမြဲဖြစ်သောစွမ်းအင် ( Renewable Energy)




၃။ ငါးမွေးမြူရေးနှင့်ငါးလုပ်ငန်း (Aquaculture and Fisheries)

၄။ ဆေးဘက်ဆိုင်ရာအီလက်ထရွန်နစ် (Medical Electronics)

၅။ ထောက်ပံ့ပို့ဆောင်ရေး (Logistics)

၆။ တည်ထောင်ခြင်း (Startup)

၇။ လေကြောင်းနှင့်ကာကွယ်ရေး (Aerospace and Defence)

၈။ မော်တော်ယာဉ်နှင့် အော်တိုအစိတ်အပိုင်းများ(Automobile & Auto Components)

၉။ အင်ဂျင်နီယာလုပ်ငန်း/ ကုန်ထုတ်လုပ်မှုလုပ်ငန်း (Engineering၊ Fabrication)

၁၀။ သန့်ရှင်းသပ်ရပ်ခေတ်မီသော မြို့ကြီးများ (Smart Cities)

၁၁။ ခရီးသွားလုပ်ငန်း (Tourism)

၁၂။ Fintech

၁၃။ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း(Textiles & Garments)

၁၄။ သတင်းအချက်အလက်နည်းပညာ (Information Technology)

၁၅။ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ (Gems & Jewellery)

၁၆။ ကျန်းမာရေးနှင့်ဆေးဝါး၊ ယောဂ (Health &Pharma, Ayurveda & Yoga, Herbal)

၁၇။ စိုက်ပျိုး/ သစ်သီးဝလံ ပန်းဥယျာဉ်စိုက်ပျိုးခြင်းနှင့် စားနပ်ရိက္ခာထုတ်ယူခြင်း (Agi၊ Horticulture and Food Processing

၁၈။ ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး (Education & Skill Development)

အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အခြားသောဒေသဆိုင်ရာ ချဲ့ထွင်ပေါင်းစည်းမှုများအား အမျိုးသားအကျိုးစီးပွားအား မထိခိုက်စေဘဲ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေးအတွက် ခေတ်မီဖွံ့ဖြိုးသော ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အတွက်ကြောင့် အာရှနိုင်ငံများထဲမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရာ ဒေသတစ်ခုအဖြစ် ရပ်တည်လာနိုင်ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထွန်းသစ်စနိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွန်းရေး၊ နည်းပညာရရှိရေးနှင့် အရင်းအနှီးရရှိရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အဓိကအရေးပါသော လိုအပ်ချက်တစ်ခုလည်းဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ စီးပွားရေးမူဝါဒများ အောင်မြင်ရေးအတွက်လည်း အရေးပါသကဲ့သို့ လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းဖြစ်ထွန်းရေးအတွက် မိုက်ခရိုစီးပွားရေးစနစ် ခိုင်မာအားကောင်းစေရန် အတွက်လည်း ပြုပြင်ပြောင်းလဲမှုများစွာကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့်အပြင် မိုက်ခရိုစီးပွားရေးစနစ် တည်ငြိမ်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးအတွက် အလွန်အရေးပါပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပွင့်လင်း

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် အပြင်မိုက်ခရိုစီးပွားရေး စနစ်တည်ငြိမ်စေရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးအတွက် အလွန်အရေးပါပါသည်။**

မြင်သာသော ဘဏ္ဍာရေးဆိုင်ရာမူဝါဒများနှင့် ကောင်းမွန်သည့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေးနှင့် ကုန်သွယ်မှုများ ပိုမိုတိုးတက်လာစေရေးအတွက်ပို့ကုန်သွင်းကုန်လုပ်ငန်းများအား ဘဏ္ဍာရေးအထောက်အပံ့ (Trade Financing) ပေးနိုင်ရေး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်လာမှုများကို ဆွဲဆောင်နိုင်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ နိုင်ငံ၏စီးပွားရေးသည် ယင်းနိုင်ငံ၏ ပိုင်ဆိုင်ထားသည့်စွမ်းဆောင်ရည်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံမှုများကို ရေရှည်တည်တံ့နိုင်အောင် ရင်းနှီးကြမည်ဖြစ်သည့်အတွက် ကောင်းမွန်သော စီးပွားရေးပုံစံရှိနေရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဖြေလျှော့မှုများကို လက်ခံဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ နိုင်ငံအတွင်း စက်မှုဖွံ့ဖြိုးတိုးတက်မှု၏ ကနဦးအဆင့်တစ်ဆင့်အဖြစ် လက်ခံရမည်လည်းဖြစ်ပါသည်။

စီးပွားရေးမူဝါဒလေ့လာမှုအရ အစိုးရသည် ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးသောမဟာဗျူဟာမှတစ်ဆင့် စက်မှုကဏ္ဍကိုအခြေခံသောစွမ်းရည်ကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ အစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တစ်ပြေးညီစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုရရှိရေးအတွက် ဒေသအလိုက် ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေး ပုဂ္ဂလိကကဏ္ဍဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အစိုးရ၏ အဓိကရည်ရွယ်ချက်မှာစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော အမျိုးသားပို့ကုန် မဟာဗျူဟာအရ အရည်အသွေးရှိသော ကုန်ပစ္စည်းများ တင်ပို့နိုင်ရန်နှင့် ကုန်သွယ်မှုလိုငွေ လျော့ချနိုင်ရန်တို့ဖြစ်ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာအနေဖြင့် ကုန်သွယ်မှုကဏ္ဍမှတစ်ဆင့် မြန်မာ့ရေရှည် ဖွံ့ဖြိုးမှုစီမံကိန်းအတွက် လိုအပ်ချက်များနှင့် ဦးစားပေးရမည့် လမ်းပြမြေပုံတစ်ခုလည်းဖြစ်ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာမှာ ဆောင်ရွက်ရမည့် စီမံကိန်းများအနေဖြင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုကာလများတွင် ဖြစ်လာနိုင်သောမူဝါဒနှင့် ဥပဒေပြုရေး အပြောင်းအလဲများနှင့် စဉ်ဆက်မပြတ်ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးမှုအရှိန်အဟုန်တို့ကို မြှင့်တင်ပေးရေး ကြားဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ပါဝင်ပါသည်။

အမျိုးသားပို့ကုန် မဟာဗျူဟာအနေဖြင့် အဓိကဈေးကွက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးနိုင်မည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်ရှိသော UMFCCI အသင်းချုပ်အောက်ရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်သမားများကို ကမ္ဘာလုံးဆိုင်ရာစီးပွားရေးမှာ အကောင်းဆုံးပါဝင်ဆောင်ရွက်ရာမှ အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာသည် မြန်မာနိုင်ငံအတွက် တိတိကျကျသတ်မှတ်ထားသော ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးလုပ်ငန်းများကို ငွေရေးကြေးရေး၊ နည်းပညာနှင့် အဖွဲ့အစည်းဆိုင်ရာ အစရှိသည့် အရင်းအမြစ်များဖြင့် ထိထိရောက်ရောက် ခွဲဝေချထားပေးရေး ပစ်မှတ်ထားသည့် စီမံကိန်းတစ်ခုလည်းဖြစ်ပါသည်။ ထို့ပြင် အမျိုးသားပို့ကုန်မဟာဗျူဟာအနေဖြင့် နိုင်ငံ၏ကုန်သွယ်မှုနှင့် ပို့ကုန်ကဏ္ဍကို တွန်းအားပေးရေး၊ အလုပ်အကိုင်များ ဖန်တီးပေးရေးနှင့် နိုင်ငံ၏ အလုံးစုံသော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

အခြားတစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကိုလည်း ပိုမိုသတိပြုမိဖို့ လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုင်းအဝိုင်းနှင့် နိုင်ငံတကာဈေးကွက်

များမှာ ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အရည်အသွေးတိုးတက်ရန် လိုအပ်ပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းဖြင့် ပူးပေါင်းဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းကျင့်ဝတ်များသည် အရေးကြီးဆုံးအရာဖြစ်ပြီး ယင်းအနေဖြင့် အရည်အသွေးရှိသော အလုပ်သမားများနှင့်အတူ အရည်အသွေးရှိသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင် ယှဉ်ပြိုင်မှုအသာစီးရရှိလာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးအရအနေဖြင့် ယခင်က စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ နိုင်ငံတော်အနေဖြင့် စက်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် AEC ၏ အစိတ်အပိုင်းတစ်ခုဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဥပဒေနှင့် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို သိရှိနားလည်ရန် လိုအပ်ပါသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် တွန်းအားပေး၍ ပို့ကုန်မြှင့်တင်ရေး" မဟာဗျူဟာသည် နိုင်ငံခြားအရင်းအနှီးများ၊ နည်းပညာများနှင့် ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှု ဖြစ်စဉ်ကွင်းဆက်မှတစ်ဆင့် နိုင်ငံတကာစျေးကွက်ကို မြန်မြန်ဆန်ဆန် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဖြစ်သည်။ အဆိုပါနည်းလမ်းကြောင့် အထူးသဖြင့် နိုင်ငံတကာ စျေးကွက်ဝင် လယ်ယာထွက်ကုန်များ၊ စက်မှုကဏ္ဍအတွက် လိုအပ်သောကုန်ကြမ်းများ၊ ဆင့်တက်ကုန်စည်များ ပိုမိုထုတ်လုပ်ရန်ဖြစ်သည်။

'ဝင်ရိုးနှစ်ခုအခြေပြုသည့် တိုးတက်မှုနှင့်အတူ ကူးသန်းယှက်နွယ်မှုချဲ့ထွင်ရေး' မဟာဗျူဟာသည် နိုင်ငံတစ်ဝန်းစီးပွားရေးတိုးတက်မှုကို ဦးဆောင်ဦးရွက်ပြုနိုင်သည့် စီးပွားဖြစ်လုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိမည့်အချက်အချာနေရာများ ဖန်တီးပေးရန်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိသေးသည့် လက်ရှိအခြေအနေတွင် အလားအလာရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်အတွက် အချက်အချာနေရာများကို အရေးအတွက် ကန့်သတ်ရွေးချယ်၍ အဆိုပါနေရာများဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် အစိုးရ–ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership -PPP) တိုးတက်ရန် လိုအပ်သည့် ဥပဒေမူဘောင်များ၊ လမ်းညွှန်များပေါ်ထွက်ရေးသည်လည်း အဓိကကျသဖြင့် အားလုံးပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း UMFCCI အသင်းချုပ် ရာပြည့်အထိမ်းအမှတ် အားဂုဏ်ပြုရင်း တိုက်တွန်းရေးသားတင်ပြအပ်ပါသည်။



*မှတ်ချက်။ (Wikipedia အချက်အလက်များ၊ World Bank၊ IMF၊ AMRO တို့၏ မြန်မာနိုင်ငံစီးပွားရေးအလားအလာသုံးသပ်ချက် အစီရင်ခံစာများမှ အချက်အလက်များ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများမှ အချက်အလက်များ၊ အမျိုးသားငါးနှစ်စီမံကိန်း အစီရင်ခံစာနှင့် စာရေးသူအတွေးအခေါ် ဗဟုသုတများဖြင့် ကောက်နုတ်ရေးသားတင်ပြခြင်းဖြစ်သည့်အတွက် ဆီလျော်မှုမရှိသော အချက်အလက်များရှိပါက စာရေးသူ၏ အားနည်းချက် သက်သက်သာဖြစ်ပါသည်။)*

# 我慢

## ဖွဲ့အနုပညာ

ဝင်းမင်းဦး

ကျပန်နိုင်ငံမှာ ကလေးတိုင်းဟာ Gaman ကို သင်ယူခဲ့ကြရပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့အချိန်တွေမှာ စိတ်ရှည်သည်းခံစွာ စွဲစွဲမြဲမြဲလုပ်တာ ဖွဲ့ရှိတာကို ပြောတာပါ။

ကျပန်နိုင်ငံမှာ ကြီးမားတဲ့လူအုပ်ကြီးထဲမှာတောင်မှ ကျပန်နိုင်ငံသားတို့ရဲ့ တည်ငြိမ်၊ စည်းကမ်းတကျရှိတဲ့ ပြုမူနေထိုင်ပုံတွေဟာ ထူးခြားတဲ့သဘာဝကို ဖော်ပြနေပါတယ်။ ဒါပေမဲ့လည်း ဒီပြင်ပအခြေအနေကို ထည့်သွင်းစဉ်းစားထိုက်တဲ့ ဖွဲ့လုံ့လက ထိန်းသိမ်းထားပါတယ်။ ဒီဖွဲ့လုံ့လကို ကျပန်တွေက "Gaman" လို့သိကြပါတယ်။ ဒီလိုစွဲစွဲမြဲမြဲ ဆက်လက်လုပ်ကိုင်ခြင်း ဖွဲ့လုံ့လအနုပညာ "Gaman" ရဲ့ အဓိပ္ပာယ်ကို ကျပန်တွေ ဘယ်လိုဖွင့်ဆိုပါသလဲ။

"Gaman" ဆိုတာ စည်းကမ်းတကျရှိတဲ့ လူမှုအဖွဲ့အစည်းကိုဖန်တီးဖို့ အကောင်းဆုံးလမ်းလား မကောင်းဆုံးလမ်းပါလား၊ ကမ္ဘာကြီးရဲ့ အလွန်ရှုပ်ထွေးများပြားတဲ့ မြေအောက်လျှပ်စစ်မီးရထားလမ်းစနစ်တစ်လျှောက် စီးနင်းသွားလာခြင်းအားဖြင့် တိုကျိုမြို့ကြီးရဲ့ လုပ်ငန်းခွင်တစ်နေ့တာစတင်ပါတယ်။ သန်းနှစ်ဆယ်သော ကျပန်ပြည်သူတွေဟာ နေ့စဉ်နေ့တိုင်း ကျပန်မြို့တော်ကြီးမှာ မီးရထားကို စီးကြပါတယ်။ ဦးတည်ရာလမ်းကြောင်းတိုင်းမှာ ပုံမှန်ခရီးဝေး အလုပ်ဆင်းသူများဟာ လျင်လျင်မြန်မြန်သွားရင်းနဲ့ပဲ အကျပ်အတည်းကြီးများလှတဲ့ ဖြစ်ပျက်မှုအစဉ်ကြီးကို အပြေးအလွှားသွားကြရပါတယ်။ ပလက်ဖောင်းတိုင်းမှာ တဖြည်းဖြည်းရွေ့ခြင်းအားဖြင့် ဥပဒေစည်းကမ်းလိုက်နာနေတဲ့ လူအုပ်ကြီးရှိနေသော်ငြားလည်း လျင်မြန်စွာနဲ့ ရထားပေါ်တက်ဆင်းပြုလုပ်နေကြတဲ့ ခရီးသည်များဟာ အဟန့်အတားဖြစ်နေခြင်းတွေကိုရှောင်ရှားရန် ရုပ်တိုက်ပြီး လမ်းလျှောက်နေကြသူများလည်း ရှိနေပါတယ်။ တစ်ခါတစ်ရံမှာ ခြေဖဝါးများဟာ မြေကြီးနဲ့ မထိမိသည့်အလားရှိသော်ငြားလည်း ဒီလူအုပ်ကြီးကို တင်ဆောင်လာတဲ့ မီးရထားများဟာ တိတ်ဆိတ်မှုစိုးမိုးနေတဲ့ အချိန်ကာလတွေကို မည်သည်မည္ဟု သည်းခံကြရပါတယ်။ တည်ငြိမ်မှုနဲ့ ကောင်းမွန်စွာရှိနေတဲ့ ပြုမူလုပ်ဆောင်ပုံတွေဟာ ကျပန်ရဲ့ကြီးမားတဲ့လူအုပ်ကြီးများရဲ့ စရိုက်သဘာဝထူးခြားချက်တွေကို ဖော်ပြနေပါတယ်။ လွန်ခဲ့တဲ့ရှစ်နှစ်က ဖူကူရိုးမားမြို့ကို ငလျင်နဲ့ ဆူနာမီက ပြင်းထန်စွာ ဖွတ်ဖွတ်ညက်

ကျပန်နိုင်ငံမှာ ကလေးတိုင်းဟာ Gaman ကို သင်ယူခဲ့ကြရပါတယ်။ ခက်ခဲကြမ်းတမ်းတဲ့ အချိန်တွေမှာ စိတ်ရှည်သည်းခံစွာ စွဲစွဲမြဲမြဲလုပ်တာ ဖွဲ့ရှိတာကို ပြောတာပါ။

ညက်ကြေစေခဲ့ပြီးတဲ့နောက် လူမှုရေးအကူအညီတွေ ပေးခဲ့တဲ့အချိန်တွေ၊ ကျော်ကြားတဲ့ အမှတ်တံဆိပ်ကြော်ငြာတွေ စတင်ဆောင်ရွက်ချိန်တွေ၊ ခရီးသွားလာမှုတွေမှာ စိတ်ရှည်စွာ စောင့်ဆိုင်းဖို့ ကျပန်ပြည်သူလူထုကြီးရဲ့ စည်းကမ်းရှိတဲ့ဆန္ဒတွေအားဖြင့် နိုင်ငံရပ်ခြားခရီးသွားဧည့်သည်များကို အံ့အားသင့်မှုတွေဖြစ်စေခဲ့ပါတယ်။ ဒါပေမဲ့ တွေးတောစရာဖြစ်တဲ့လုံလဟာ ဒီအပြင်ဘက်မှဖြစ်သော စည်းကမ်းသေဝပ်မှုအစဉ်အလာကို ကျပန်မှာ ဘာဖြစ်လို့ ထိန်းသိမ်းထားရပါသလဲ။ ဒီလုံလကို ကျပန်မှာတော့ Gaman လို့ ခေါ်ပါတယ်။

## ခက်ခဲတဲ့အချိန်တွေမှာ ဖွဲ့ရှိခြင်း ၊ စွဲစွဲမြဲမြဲ အလုပ်လုပ်ခြင်း

ရိုးရိုးရှင်းရှင်းလေးပြောရမယ်ဆိုရင် သဟဇာတဖြစ်သော လူမှုအဖွဲ့အစည်းမှာ ဒီလိုထိန်းသိမ်းထားခြင်းအားဖြင့် ခက်ခဲတဲ့ အခြေအနေတွေ မမျှော်လင့်ခဲ့တာတွေနဲ့ ခံစားတွေ့ကြုံရတဲ့အခါမှာ တစ်ယောက်ချင်းစီတိုင်းဟာ ဖွဲ့ရှိခြင်းနဲ့ စိတ်ရှည်သည်းခံမှုကိုပြနိုင်တာဟာ ဒီအတွေးအခေါ်ပါပဲ။ ဒီအမြင်သဘောထားဟာ ကိုယ့်ကိုယ်ကိုယ် ကန့်သတ်ထားတဲ့ ကိုယ့်အဆင့်အတန်းကို စောင်းပါးရိပ်ခြည်ပြောပြလိုက်တာပါပဲ။ ထိပ်တိုက်ရင်ဆိုင်ခြင်းကို ရှောင်ရှားရန် ကိုယ်ရဲ့ခံစားချက်တွေကို ဘရိတ်အုပ်လိုက်တာပါပဲ။ ဒါဟာ မျှော်လင့်ခံထားရတဲ့ တာဝန်ဝတ္တရားဖြစ်ပြီး အရွယ်ရောက်ခြင်း တည်ငြိမ်ရင့်ကျက်ခြင်းကို ဖော်ပြလိုက်တဲ့ နိုင်ငံကြီးသားပီသမှုပဲဖြစ်ပါတယ်။ တိုကျိုတက္ကသိုလ်ရဲ့ ဒါရိုက်တာမနုဿဗေဒပညာရှင် David Slater က ကျွန်ုပ်တို့ရဲ့ ကန့်သတ်ထိန်းချုပ်ထားတဲ့ ပြင်ပက အရေးကြီးသည့်ဖြစ်ရပ်တွေနဲ့အတူ အပေးအယူလုပ်ရန် မဟာဗျူဟာတည်ဆောက်တာပါလို့ Gaman ကို ပုံဖော်ပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းစီဟာ အရာရာတိုင်းကို စိတ်ရှည်သည်းခံခြင်းနဲ့ ဖွဲ့ရှိဖို့ ကိုယ့်ရဲ့အရည်အချင်းစွမ်းရည်ကို ကိုယ်တိုင်တည်ဆောက်ရပါမယ်။ အဲဒါမှ မမျှော်လင့်တဲ့ကိစ္စတွေ ဆိုးရွားတဲ့ကိစ္စတွေ ခက်ခဲမှုတွေအားလုံးကို ဖြတ်ကျော်နိုင်မှာ ဖြစ်ပါတယ်တဲ့။

## မျှော်လင့်ခံထားရတဲ့ တာဝန်နဲ့ရင့်ကျက်တည်ငြိမ်မှုကို မြင်ခြင်း

တိုကျိုအပြည်ပြည်ဆိုင်ရာ တက္ကသိုလ်ကြီးရဲ့ စိတ်ပညာရှင်ပါမောက္ခ Noriko Odagiri က တော့ အခြားသောသူများနဲ့ ဆန့်ကျင်တဲ့ခံစားချက်တွေကို ချိုးနှိမ်ထားတာနဲ့ အများကြီးမပြောတာဟာ မျှော်လင့်ခံထားရတဲ့ တာဝန်နဲ့ရင့်ကျက်တည်ငြိမ်ခြင်းဆိုတဲ့ ကျပန်လူမျိုးတွေရဲ့ တန်ဖိုးပဲဖြစ်ပါတယ်။ အဲဒါတွေကို ဘယ်လိုစတင်လေ့ကျင့်ကြပါမလဲ။ စကားတွေဟာ မိဘတွေဆီကနေတစ်ဆင့် သင်ယူကြတာဖြစ်ပါတယ်။ မူလတန်းရောက်ကတည်းက စတင်ခြင်းအားဖြင့် စိတ်ရှည်ခြင်းနဲ့ ဖွဲ့ရှိခြင်းဟာ ပညာရေးရဲ့ အစိတ်အပိုင်းတစ်ခုပါပဲ။ အထူးသဖြင့် အမျိုးသမီးတွေဟာ ဖြစ်နိုင်သမျှ Gaman ဖြစ်ရန် လေ့လာသင်ယူကြရပါတယ်။ သက်ကြီးရွယ်အို များပြားလာတာ၊ ဆူညံတဲ့ခရီးသည်ကို လျစ်လျူရှုတာကဲ့သို့ တိုတောင်းတဲ့ကာလသို့မဟုတ် စိတ်အနှောင့်အယှက်ပေးနေတဲ့ လုပ်ဖော်ကိုင်ဖက်ကို စိတ်ရှည်သည်းခံခြင်းသို့မဟုတ် မနှစ်မျို့ဖွယ်ကောင်းသော အလုပ်မှာနေရခြင်းကဲ့သို့ ရှည်ကြာတဲ့ကာလတွေကို ဖြတ်ကျော်ရန် Gaman ဟာ ကြေညာစာတမ်းတစ်စောင်သဖွယ် သိသာထင်ရှားစွာ ပြသနိုင်ပါတယ်။ အသက် ၃၃ နှစ်အရွယ် Yoshie Takabayashi က အိမ်ထောင်မပြုခင်အချိန်တုန်းက ငွေထည်ကုန်သည်တစ်ဦးဖြစ်ပြီး Kanazawa မြို့ကိုလည်းပြောင်း ကလေးလည်းရခဲ့ပါပြီ။ သူမ Gaman ကို အသုံးပြုခဲ့တဲ့အကြောင်းကို ပြောပြတဲ့အခါမှာ သူမရဲ့ကလေးမွေးဖွားပြီးတဲ့နောက် ကလေးအတွက် အရေးကြီးတာကိုပဲ အထူးဂရုပြုခဲ့ရတယ်။ မျှော်လင့်ခံထားရတဲ့ တာဝန်နဲ့ရင့်ကျက်တည်ငြိမ်ခြင်းကို သူမပျော်ရွှင်ဖို့ရာအတွက် အသုံးပြုခဲ့ပါတယ်။ သူမ အလုပ်မြဲဖို့၊ ဒုက္ခရောက်မှုတွေမရှိစေဖို့ မရှိမဖြစ် လိုအပ်တဲ့သင်တန်းတွေ

တက်ခွင့်ရဖို့ မျက်နှာချိုသွေးဖို့ အလုပ်မှာ အနိုင်ကျင့်ခံခဲ့ရတာတွေကို ပြန်လည်တွေးတောခဲ့ပါတယ်။ အဲဒီအချိန်တွေကို ပြန်စဉ်းစားမိတဲ့အခါ ကျွန်မအလုပ်ပိုင်ရှင်ဟာ သူ့ကိုကူညီဖို့ ဘာမှလုပ်မပေးတော့ပါဘူး။ ကျွန်မအလုပ်မှ နုတ်ထွက်ရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်မ မိဘတွေနဲ့ မိတ်ဆွေတွေဟာ သူ့အနားမှာရှိနေပြီး အောင်မြင်ဖို့အားပေးတာ အလုပ်တွေစလုပ်ဖို့ပြောကြပါတယ်။ အဲဒီအချိန်တုန်းက Gaman ကို ကျွန်မ မသိနားမလည်သေးပါဘူး။

## Gaman ဟာ လှပစေတယ်

Gaman ရဲ့ မူလဘူတအစဟာ ဗုဒ္ဓတရားတော်ပဲဖြစ်ပါတယ်။ လူမှုရေးအဖွဲ့အစည်းက အသင်းဝင်လမ်းညွှန်အတိုင်းသွားလျက် ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် မဆုတ်မနစ်လုံ့လ လုပ်ထုံးလုပ်နည်းပဲဖြစ်ပါတယ်။ အလုပ်ထဲမှာ အချိန်ရှည်ကြာစွာ အလုပ်လုပ်ရတဲ့အတွက် မိသားစုနဲ့အတူနေရခြင်းကို စွန့်လွှတ်အနစ်နာခံမှုအဓိပ္ပာယ်ဖော်ဆောင်လျက် နိုင်ငံကို ပြန်လည်တည်ဆောက်ရတဲ့ အချိန်တွေတုန်းက ဂျပန်မှာ စစ်ပြီးခေတ်စီးပွားရေး ဝုန်းခနဲမြည်ဟည်းခဲ့တဲ့အချိန်တွေမှာ Gamanဆိုတဲ့ စကားလုံးက မကြားသွေးပေးခဲ့တာဖြစ်ပါတယ်။ ဂျပန်တွေအနက်ဖွင့်တဲ့လက္ခဏာအဖြစ် ဇွဲရှိခြင်းစတိုင်လို့ အချို့သောသူတွေက Gaman ကို မြင်ပါတယ်။ ဒါဟာ ဂျပန်ပြည်သူတွေရဲ့ ထူးခြားသော ပင်ကိုလက္ခဏာသဘောထားကို ထင်ဟပ်ပါတယ်။ ဒါပေမဲ့ အဲဒီ Gaman မှာလည်း ကောင်းတဲ့အချက်၊ ဆိုးတဲ့အချက်ရှိပါတယ်လို့ တိုကျိုတက္ကသိုလ်က ပြစ်မှုဗေဒကျွမ်းကျင်သူ Nobuo Komiya က ပြောပါတယ်။ ဂျပန်နိုင်ငံရဲ့ ပြစ်မှုဖြစ်ပွားနှုန်းလျော့ကျခြင်းမှာ Gaman ဟာ အထောက်အကူဖြစ်စေသော အကြောင်းအရင်းဖြစ်ခြင်းနဲ့အတူ ပြည်သူရဲ့ မျှော်လင့်ခြင်းတွေဟာ ဆက်စပ်ကြည့်ခံခဲ့ရပြီး ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်စစ်ဆေးနေတဲ့ အပြန်အလှန်အနီးကပ် စောင့်ကြည့်ခြင်းပဲဖြစ်တယ်လို့ Komiya က ယုံကြည်ပါတယ်။ အဲဒီမှာလည်း လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် စောင့်ကြည့်နေကြတယ်။ သဘောထားကွဲလွဲမှုတွေကို ရှောင်ကြဉ်စေတယ်။ လူတိုင်းဟာ သူတို့ရဲ့အပြုအမူကို သူတို့ပိုပြီးဂရုစိုက်ကြတယ်။ ဖြစ်နိုင်သမျှ Gaman လုပ်ရန် ကျွန်ုပ်တို့ဟာ သင်ကြားခံခဲ့ရတယ်။ အထူးသဖြင့် အမျိုးသမီးတွေပေါ့လို့ စိတ်ပညာရှင်ပါမောက္ခ Noriko က ပြောပါတယ်။ ဒါပေမဲ့လည်း ဒါဟာ အုပ်စုရဲ့ ရွေ့လျားအားနဲ့ဆိုင်တာပဲမဟုတ်သေးပါဘူးတဲ့။ ပုဂ္ဂိုလ်တစ်ဦးချင်းစီက Gaman ရဲ့ အကျိုးကျေးဇူးများကို သတိရဖို့ အရေးကြီးပါတယ်လို့ Komiya က ပြောပါတယ်။ ပြည်သူဟာ ကိုယ့်ပတ်ပတ်လည်မှာရှိခြင်းနဲ့အတူ အဆက်အသွယ်ဆက်လက်ပြုလုပ်တာကနေ တိုးတက်လာနိုင်ရန် ဒါမှမဟုတ် အလုပ်မှထုတ်ပစ်ခြင်းမခံရစေဖို့ အဓိပ္ပာယ်လည်းဖြစ်ပါတယ်။ ဒါပေမဲ့လည်း Gaman ဟာ ပုဂ္ဂိုလ်တစ်ဦးချင်းစီအပေါ်မှာ ဖိအားပေးပါတယ်။ ကျွန်ုပ်တို့ဟာ Gaman ကို လှပအောင် ပြုလုပ်ကြရပါမယ်လို့ Noriko က ပြောပါတယ်။ တချို့အချိန်တွေမှာ



ဖိအားဟာ မြင့်တက်လာတာနဲ့ သူတို့ကိုယ်တိုင် တိုက်ရိုက်ခံစားချက်များကို ဖော်ပြထားတာ ထက် ဘယ်နည်းဘယ်ပုံအမှန်တကယ်ခံစားတယ်ဆိုတာကို ခန့်မှန်းရန် များပြားစွာသော ဂျပန်တွေဟာ မျှော်လင့်ကြပါတယ်။ Gaman များပြားစွာရှိခြင်းဟာ ကျွန်ုပ်တို့ရဲ့ စိတ်နဲ့ ဆိုင်သော ကျန်းမာရေးအပေါ်မှာ မကောင်းတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါတယ်။ တစ်ခါတစ်ရံမှာ ဆန့်ကျင်သော သဘောထား အတော်များများ လူတွေဆီမှာ ရှိနေသောအခါ Gaman ဟာ စိတ်ဖိစီးမှုဖြစ်ပျက်သော ရောဂါ အဖြစ်သို့ ပြောင်းလဲလိုက်နိုင်ပါတယ်။ စိတ် ကျန်းမာရေးနဲ့ အတူတူကူညီဖို့ရာ မေးမြန်း ခံရခြင်းဟာ တစ်ခါတစ်ရံမှာ ကျရှုံးမှုအဖြစ်နဲ့ အမြင်ခံရပါတယ်လို့ ပါမောက္ခ Noriko က ပြော ပါတယ်။ လူတွေဟာ ကိုယ်ကိုယ်တိုင်အုပ်ချုပ် နိုင်ဖို့ မျှော်လင့်ခံရပါတယ်။ ဒါပေမဲ့လည်း တစ်ချိန်ချိန်မှာတော့ ဒေါသပေါက်ကွဲမှုများဆီ သို့ ဦးဆောင်သွားပြီး ဒါဟာ သိပ်အလုပ်မဖြစ် ပါဘူး၊ အဲဒီမှာလည်း အလုပ်မှာ အကြမ်းဖက် မှုအသွင်အပြင် ဖြစ်သွားနိုင်ပါတယ်။ အမျိုး သမီးတွေရဲ့မပျော်ရွှင်သော လက်ထပ်ထိမ်းမြား ခြင်းမှာ Gaman ကိုလည်းပဲ မေ့ထားနိုင်ပါသေး တယ်။ ကျွန်ုပ်တို့ လူအဖွဲ့အစည်းက အမျိုး သမီးတွေဟာ နှိမ့်ချရန် တိတ်ဆိတ်နေဖို့ရာ မျှော်လင့်ပါတယ်။ ဒါကြောင့် တစ်ခါတစ်ခါမှာ အမျိုးသမီးတွေဟာ မကောင်းတဲ့ခံစားချက်တွေ မဖော်ထုတ်ဖို့ ကြိုးစားကြပါတယ်။ Gaman ကို ကျင့်သုံးပါတယ်လို့ စိတ်ပညာရှင်ပါမောက္ခ Noriko က ပြောပါတယ်။ အမျိုးသမီးတွေဟာ ဘဏ္ဍာရေးမှီခိုသူအဖြစ်အနေကြာလာတာရယ် မိသားစုအတွင်းမှာ အဓိကကျတဲ့ သူတွေ မဖြစ်တာတွေရယ်ကြောင့် ကွာရှင်းပြတ်စဲခြင်း ကဏ္ဍတွေမှာ သူတို့ဆုံးဖြတ်တဲ့အခါမှာလည်း သာမာန်ကိစ္စလောက်နဲ့ပဲ ဆုံးဖြတ်ချင်ဆုံးဖြတ် တာမျိုးပါ။ ဂျပန်ပြည်သူတွေပြောတာက တော့ Gaman ဆိုတာဟာ အမျိုးသားရေးနဲ့ ဆိုင်သော သူတော်ကောင်းတရားဖြစ်ပါတယ်။ ဒါပေမဲ့လည်း အမှန်တကယ်ပြောရရင်တော့ အုပ်စုနဲ့နေတာလို့ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ သူတို့ခံစားရတာက သူတို့ပြောပြတာထက် ပိုနိုင်တယ်ဆိုတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။

## တီးမှုတ်ဖျော်ဖြေမှု စီးပွားရေးထဲမှာ ဘာကြောင့် Gaman ရှိသင့်တာပါလဲ

လူမှုအဖွဲ့အစည်းဆိုတာ တကယ်ကို ပြောင်းလဲ နေတာပါ။ လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်က ဆိုရင် ဂျပန်မှာ လခစားအလုပ်ဆိုတာ ဘဝအ တွက်ဖြစ်ပါတယ်။ အစဉ်အလာအားဖြင့်ဆိုရင် ထုံးစံအတိုင်းအလုပ်ခွင်ထဲက အမျိုးသမီးတွေ ဟာလည်း ကလေးမွေးဖွားဖို့ ပြင်ဆင်စဉ်မှာ အလုပ်သမားတွေဟာ ကုမ္ပဏီမှာ ရှည်ကြာတဲ့ အချိန်နဲ့ ဝင်ငွေလုပ်သက်နဲ့ အလုပ်လုပ်ခဲ့တာ ပါ။ အဲဒီမှာလည်း သူတို့ရဲ့ လုပ်သက်တစ် လျှောက်လုံးကို သူတို့ရဲ့အချိန်တွေ ခွန်အား တွေ အသုံးပြုခဲ့ပေးပြီးပါပြီ။ ယခင်မျိုးဆက် များအားဖြင့် လမ်းကြောင်းရယူတာကို ရှောင် ဖယ်လျက် အချို့သောလူငယ်တွေဟာ Gaman ကို မရွေးချယ်ကြပါဘူး။ ဒါပေမဲ့ ဒီကနေ့ခေတ် မှာတော့ ဘဝတစ်သက်တာ အလုပ်အကိုင်စနစ် ဆိုတာ ကျိုးပျက်သွားခဲ့ပါပြီ။ လူတွေဟာ လက်ထပ်ထိမ်းမြားမှုပြုလုပ်တာ နောက်ကျ လာတယ်။ အမျိုးသမီးတွေဟာ ပိုပိုပြီးအလုပ် လုပ်ကိုင်လာကြတယ်။ သမိုင်းနဲ့ကြည့်ရင် ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာခဲ့ပါပြီ။ လူ ငယ်လူရွယ်တော်တော်များများဟာ ယာယီ ကန်ထရိုက် ဒါမှမဟုတ် အချိန်ပိုင်းအလုပ်လုပ် ကြတယ်။ အဲဒီမှာ Gaman ဆိုတာ နတ္ထိဖြစ် သွားပါပြီ။ အားလုံးကလည်း သင့်ကိုပင်ကို အရည်အသွေးရှိသော အဖွဲ့ဝင်အဖြစ်နဲ့ မကြည့် တော့ပါဘူး။ မင်းဟာ အလုပ်အတွက် အငှားခံ ရမယ်။ အလုပ်ဖြုတ်ခံရမယ်။ မင်းဟာ ကန် ထရိုက်နဲ့ အလုပ်လုပ်ရမယ်။ မင်းလုပ်ခလစာ ကို နာရီနဲ့တွက်ပြီးပေးမယ်။ ဒီနေရာမှာ Gaman ရဲ့ စိတ်ကူးအတွေးအခေါ်ကတော့ လုံးလုံး လျားလျားပြည့်စုံသော အလိုက်သင့်ပြုမူနေ ထိုင်ခြင်းပါပဲ။ ပါးစပ်ပိတ်ထားခြင်းဖြင့် သင် အလုပ်ကို သင်မြဲစေတယ်။ ဒါပေမဲ့ Gaman

ပြဿနာကို ဖြေရှင်းဖို့မလိုပါဘူး။ ပြဿနာရဲ့ အကြောင်းရင်းကိုပဲ ဖြေရှင်းရပါမယ်လို့ ဗုဒ္ဓကတွေးပါတယ်။ ပြဿနာရဲ့ အကြောင်းရင်းကို ပြေလည်အောင်လုပ်ဖို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

က သင်ပေးခဲ့တဲ့ တန်ဖိုးကတော့ ကြာရှည်တဲ့ စိတ်အာရုံခံစားမှုမပြုလုပ်နိုင်ဘဲ လူမှုအဖွဲ့အစည်း အဆက်အသွယ်များကိုလည်း ခံနိုင်လျက်နဲ့ ရှေ့နောက်ညီညွတ်မှုမှာတော့ ခြားနားချက်အတွက် အခန်းငယ်လေးပဲထားခဲ့ပြီး တူညီမှုတွေပြုလုပ်ရန် လူတိုင်းလူတိုင်းအပေါ်မှာ Gaman အတွက် မျှော်လင့်ချက်ဟာ ဖိအားပေးခဲ့ပါတယ်။

အသက် ၃၉ နှစ်ရှိပြီဖြစ်တဲ့ Mami Matsunaga ဟာ ဖက်ရှင်မီဒီယာမှာ အလုပ်လုပ်ခဲ့ပါတယ်။ ပင်လယ်ကမ်းခြေမှာ အလုပ်လုပ်တဲ့အတွက်ကြောင့်လည်း နေ့စဉ်ရေလွှာလျှော်စီးပါတယ်။ ဂျပန်ပြည်အရပ်ရပ်ရှိသော တရားစခန်းများသို့ သွားခြင်းနဲ့ ကမ္မဋ္ဌာန်းထိုင်ခြင်းမှာ သူမဟာ Mindfulness သတိပဋ္ဌာန်၊ အသက်ရှူခြင်းနဲ့ ယောဂီကျင့်စဉ်တွေကို သင်ကြားလေ့လာရပါတယ်။ အကယ်၍ အလုပ်ခွင်မှာ သူမဟာ အမြဲတမ်းဇွဲလုံ့လဝီရိယနဲ့ လုပ်ကိုင်ခဲ့မယ်ဆိုရင်ဆိုတဲ့ မေးခွန်းအတွက် သူမရဲ့အဖြေကတော့ ဟင့်အင်း ... ကျွန်မဘာမှမလုပ်ပါဘူး။ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့မယ်ဆိုရင်တော့ မကြာခင် ကျွန်မအလုပ်က ထွက်ခဲ့မှာပဲဖြစ်ပါတယ်။

မြတ်စွာဘုရားဟောထားတဲ့ သစ္စာလေးပါးတရားဆိုတာ ပြဿနာဒုက္ခ၊ ပြဿနာရဲ့ အကြောင်းရင်းသမုဒယ၊ ပြဿနာပြေလည်မှုနိဿရ၊ ပြဿနာပြေလည်အောင်လုပ်တဲ့နည်းလမ်းမဂ္ဂဖြစ်ပါတယ်။ ပြဿနာကိုဖြေရှင်းဖို့မလိုပါဘူး။ ပြဿနာရဲ့အကြောင်းရင်းကိုပဲ ဖြေရှင်းရပါမယ်လို့ ဗုဒ္ဓကတွေးပါတယ်။ ပြဿနာရဲ့အကြောင်းရင်းကို ပြေလည်အောင်လုပ်ဖို့ဆိုလိုခြင်း ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဖို့ ကရဏာကမ္မဋ္ဌာန်းထိုင်ပေးရပါတယ်။ သနားတယ်ဆိုတဲ့အခါမှာ ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲက ထွက်လာတဲ့ ဟော်မုန်းကခန္ဓာကိုယ်ကို ပြုပြင်ပေးပါတယ်။ ခန္ဓာကိုယ်ရယ်၊ စိတ်ရယ် ဦးနှောက်ရယ်ကိုပြောင်းနိုင်ပါတယ်။ အပေါင်းလက္ခဏာဆောင်အောင် ခန္ဓာကိုယ်ရဲ့ ပြဿနာကိုလက်ခံပေးရမယ်။ ကိုယ့်ကိုယ်ကိုယ် သနားပေး၊ ကြင်နာပေး၊ ကရဏာဖြစ်ပေးရပါမယ်။ မိမိမိသားစု၊ အချစ်ဆုံး သူငယ်ချင်းမိတ်ဆွေအပေါင်း အသင်းတွေကို ကရဏာပွားပေးရပါမယ်။ နှစ်ပေါင်း ၂၆၀၀ လောက်ကတည်းက မြတ်စွာဘုရားက ဒုက္ခကိုနားလည်အောင်လုပ်ရမယ်လို့ ပြောထားပါတယ်။ စိတ်လှုပ်ရှားမှုတွေက မကောင်းဖြစ်လာပြီဆိုရင် ဟော်မုန်းတွေကလည်း အကောင်းမြင်လာပါတယ်။ ခန္ဓာကိုယ်ရဲ့ဒုက္ခကို လက်ခံသနားပေးရပါတယ်။ ပထမအနေရဲ့ သဘာဝဒုက္ခဆိုတဲ့မစားရရင် မနေနိုင်တဲ့ဒုက္ခ၊ ဒုတိယအနေနဲ့ အာသဝဒုက္ခဆိုတဲ့ မရှိလည်းဖြစ်တဲ့ဒုက္ခ၊ ကိလေသာကြောင့် ဖြစ်လာတဲ့ ဒုက္ခတွေကို Mindfulness ဆိုတဲ့ သတိပဋ္ဌာန်ကို အခြေပြုပြီးလုပ်ရပါတယ်။ သဘောထားမှန်ရင် ကြင်နာမှုဖြစ်သွားပါတယ်။ ဗုဒ္ဓတရားတော်က နာကျင်မှုကြင်နာမှု၊ ဒါကိုပဲ သင်ပါတယ်။ ပြဿနာကို Motivation လှုံ့ဆော်မှုလုပ်ယူတယ်။ လှုံ့ဆော်မှုကောင်းရင် Stress စိတ်ဖိစီးမှုကို ခံနိုင်တယ်။ လှုံ့ဆော်မှုကို ကရဏာအဖြစ် ပြောင်းလဲလိုက်တယ်။ လှုံ့ဆော်မှုကောင်းတဲ့လူဟာ စိတ်ဓာတ်



ခိုင်မာတယ်တဲ့။ ဒါကိုပါရမီဖြည့်တယ်လို့ခေါ်တယ်။ ဒုက္ခဖြေရှင်းပေးတဲ့ ပုဂ္ဂိုလ်ဟာ လောကမမွှအဆင့်ပြေတယ်။ လောကစီးပွားရေးအဆင့်ပြေတယ်၊ ဓမ္မကပါရမီဖြည့်တယ်။ ပိုက်ဆံလည်းဝင်တယ်။ ပါရမီဖြည့်ရာလည်းရောက်တယ်။ မြင့်မြတ်တဲ့လှုံ့ဆော်မှုရှိရင်ကောင်းတယ်။ သီလလည်းလုံတယ်။ စိတ်လည်းချမ်းသာတယ်။ ရည်ရွယ်ချက်နဲ့အမြင်၊ အဲဒီနှစ်ခုစလုံး အရေးကြီးပါတယ်။ ပြဿနာကို အခြေခံပြီး တွေးတယ်။ သစ္စာလေးပါးဆိုတာ အဲဒါပဲဖြစ်တယ်။ Mindful Compassion ဆိုတဲ့ သတိအခြေခံတဲ့ ကရုဏာဖြစ်လာတယ်။ ဓမ္မဆိုတာ ကရုဏာတရားပဲဖြစ်ပါတယ်။ ကရုဏာတရားဆိုတာ ကိုယ့်ရဲ့အခက်အခဲတွေကို ပြန်တွေးပြီး ကိုယ့်ကိုယ်ကိုယ် ကရုဏာဖြစ်အလားတူ ပုဂ္ဂိုလ်ကိုလည်း ကရုဏာဖြစ်မိသားစုတစ်ဦးချင်း တစ်ယောက်ချင်းကို ကရုဏာဖြစ်ပေးပါ။ သူတို့ရဲ့ စိတ်တိုမှု၊ စိတ်ညစ်မှုစိတ်ဖိစီးမှုတွေကို ကရုဏာထားပေးပါ။ အဲဒါတွေကြောင့် လုပ်ငန်းခွင်တွေမှာ ကရုဏာကမ္မဋ္ဌာန်းကို အသုံးပြုပြီး ပြဋ္ဌာန်းကြည့်ပါ။ ပြဿနာကို ဖြေရှင်းပေးချင်တဲ့ ကရုဏာစိတ်ပွားပါ။ EQ ရအောင်ယူမယ်။ ကိုယ့်အတွက်ပဲမတွေးရဘူး၊ တိုင်းပြည်အတွက် အားလုံးအတွက် တွေးရတယ်။ ဘယ်တော့မှ မကုန်ဆုံးနိုင်တဲ့ဒုက္ခကို ရင်ဆိုင်ရမယ်။ နယ်ပယ်အသီးသီးစီးပွားရေး နယ်ပယ်မှာလည်း အရေးကြီးလိုအပ်ပါတယ်။ Mindfulness သတိပဋ္ဌာန်အခြေခံတဲ့ သက်သာ ချောင်ချိမှု ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကိုလည်း ကြည့်ရှုရာရောက်တယ်။ လောကအကျိုးမပြုနိုင်သေးရင် ဘာမှမဟုတ်သေးပါဘူး။ သူများတွေရဲ့ ဒုက္ခသုခနဲ့ အဆက်အသွယ်ယူထားပါ။ ဒုက္ခတွေ့တိုင်း ကရုဏာပွားပါ။ အောင်မြင်မှုတွေ့တိုင်း မုဒိတာပွားပါ။ အဲဒါကတော့ အချင်းချင်းတည်မှီရတဲ့ လူ့လောကအတွက် ရှိကိုရှိရမယ့် သတိအခြေခံကရုဏာပါပဲ။ Mindfulness ဆိုတဲ့ သတိပဋ္ဌာန်က လူတွေရဲ့ စိတ်ကိုပြောင်းလဲစေတယ်။ တရားထိုင်နည်းကတော့ နံပါတ်တစ်က ဒုက္ခကိုလက်ခံပါ။ အသိအမှတ်ပြုပါ။ နံပါတ်နှစ်ကတော့ ဒုက္ခကို လိုလိုလားလား အသိအမှတ်ပြုပြီးရင် လွှတ်လိုက်ပါ။ အကောင်းအဆိုးမဝေဖန်ပါနဲ့၊ နံပါတ်သုံးကတော့ ထွက်လေ၊ ဝင်လေ၊ ရှုရှိုက်ပါ။ ဒါပါပဲ၊ ငါးမိနစ်ဆယ်မိနစ်လုပ်လိုက်ရင်ကိုပဲ အဆင်ပြေနေပါပြီ။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဦးသန့်က တစ်နေ့တစ်နေ့အစည်းအဝေးများပါတယ်။ အစည်းအဝေး မဝင်ခင် ငါးမိနစ်အဲဒီလိုပြုလုပ်ပြီးမှ အလုပ်စလုပ်ပါတယ်။ ကုမ္ပဏီတွေ ကျောင်းတွေ တက္ကသိုလ်နယ်ပယ်အသီးသီးမှာ တရားထိုင်ခန်းလေးတွေလုပ်ပြီး ငါးမိနစ် ဆယ်မိနစ်လောက် တရားထိုင်ပြီး အလုပ်ပြန်လုပ်မယ်ဆိုရင် အလုပ်လုပ်နိုင်မှုစွမ်းအား ပိုကြီးမားလာပါတယ်။

*Ref: How Japan finds its grit နဲ့ ကမ္ဘာ့သာသနာပြုအောက်စဖို့ဒ်ဆရာတော် ပါမောက္ခဒေါက်တာ "ဘဒ္ဒန္တဓမ္မသာမိ" ရဲ့ အချင်းချင်းတည်မှီရတဲ့ လူ့လောကအတွက် ရှိကိုရှိရမည့် သတိအခြေခံတရားတော်ကို မှီငြိမ်းပါသည်။*




# စက်မှုထုတ်ကုန်ကဏ္ဍ စိန်ခေါ်မှုများနှင့် MIA ၏ ဦးဆောင်မှု မျက်နှာစာ

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအခြေအနေ အတက်အကျများနှင့် ပတ်သက်၍ အကြောင်းအချက် Factor များသည် သူ့အချိန်ကာလ၊ အခြေအနေနှင့်သူ အမျိုးမျိုးအဖုံဖုံရှိကြမည်သာ ဖြစ်သည်။ ဤနှစ်အပိုင်းအခြားများအတွင်း တွင် မိမိတို့တိုင်းပြည်အနေနှင့် မမေ့မလျော့ သတိမူရမည့် အချက်တစ်ချက်သည်ကား အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC-ASEAN Economic Community)၏ လှုပ်ရှားသက်ဝင်မှု ဟုဆိုလျှင် ပိုမည်မထင်ပါ။

အာဆီယံစီးပွားရေးကော်ရစ်ဒါသည် ၂၀၁၈ တွင် စတင်သက်ရောက်ပြီဖြစ်ရာ မြန်မာနိုင်ငံအတွက်မူ ကောင်းချီးနှစ်တန်စလုံးနှင့် ဒွန်တွဲသော ဖြစ်နိုင်ခြေများ၊ အခွင့်အလမ်းများ၊ စိန်ခေါ်ချက်များ ရှိနေပေသည်။ ယင်းစိန်ခေါ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာ၌ အခြားသော ကဏ္ဍများနှင့်နှိုင်းစာလျှင် စက်မှုကုန်ထုတ်ကဏ္ဍများစွာ မျက်စိကျခံရသော အခြေအနေတွင်လည်းရှိနေပါသည်။ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ကြည့်မည်ဆိုလျှင် မိမိတို့တိုင်းပြည်တွင် ယခင်ကတည်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင်သာ ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းဖြင့် ခိုအောင်းဝင်ရောက်ခဲ့ကြသည်။ အစိုးရသစ်လက်ထက် ရင်းနှီးမြှုပ်နှံမှု မူဝါဒ အပြောင်းအလဲကြီးတစ်ရပ်ကို မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအဖြစ် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းနိုင်ခဲ့ကာ ဩဂုတ်လ ၁ ရက် တွင် အသက်ဝင်လာခြင်းအား ပြသရမည်ဖြစ်ပါသည်။ ဒေသအလိုက် ပိုမိုသည့်အခွင့်အရေးရရှိနိုင်သော ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။

အစိုးရသစ်လက်ထက်ကိုကြည့်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ သိသာစွာ တိုးတက်ဝင်ရောက်လာနေ

> အစိုးရသစ်လက်ထက်ကိုကြည့်လျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ သိသာစွာ တိုးတက်ဝင်ရောက်လာနေသည်ကို တွေ့ရှိရပါသည်။

သည်ကို တွေ့ရှိရပါသည်။

သယံဇာတထုတ်ယူမှုကို အဓိက အရင်းတည်သော အခြားလုပ်ငန်းများသည် မိမိတို့တိုင်းပြည်တွင် အများအပြားအမြစ်တွယ်တည်ရှိနေသည်ကို အားလုံးသိရှိထားပြီးဖြစ်ပါသည်။ ယင်းအခြေအနေကို ပြောင်းလဲလျက် ကုန်ကြမ်းအမျိုးမျိုးကို Value Added process များ အဆင့်ဆင့်ပြုလုပ်ကာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေကိုရှာဖွေရန်ဖြစ်စေ၊ သွင်းကုန်အစားထိုးဖြင့် ပြည်တွင်းလိုအပ်ချက်အား ဖြည့်တင်း၍ နိုင်ငံခြားငွေအား ခြိုးခြံချွေတာသည်ဖြစ်စေ၊ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ဖြစ်စေ တိုင်းပြည်ဆင်းရဲတွင်းမှလွတ်မြောက်စေရန် ဝိုင်းဝန်းကူမနိုင်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍမှာ စက်မှုထုတ်ကဏ္ဍသည်သာ ပဓာနအကျဆုံးဖြစ်နေသည်ကိုလည်း အားလုံးသိရှိကြပေလိမ့်မည်။

ဤသို့အခင်းအကျင်းရှိရာတွင် မြန်မာနိုင်ငံ စက်မှုထုတ်လုပ်သူများအသင်း (MIA Myanmar Industries Association) ၏ အခန်းကဏ္ဍသည် အဓိကနေရာတွင် ရှိနေပြီး စက်မှုနိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းနိုင်ရေးမှာ စက်မှုကုန်ထုတ်လုပ်ငန်းများအား စနစ်တကျ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးရေးသည် အဓိကလိုအပ်ချက် ဖြစ်နေပါသည်။

အဆိုပါရည်မှန်းချက် အထမြောက်အကောင်အထည်ဖော်နိုင်ရန် လုပ်ကိုင်နိုင်မည့် စက်မှုဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အား လိုအပ်ချက်အရ ၁၉၉၀ ပြည့်နှစ်၊ ပုဂ္ဂလိကစက်မှုဥပဒေ၊ ၁၉၉၁ ခုနှစ်၊ အိမ်တွင်းစက်မှုဖွံ့ဖြိုးရေးဥပဒေများကိုအခြေပြုကာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ (က) အရ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၂၇ ရက် ရက်စွဲဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ပြီး မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) စတင် မွေးဖွားတည်ထောင်ခဲ့ကြပါသည်။ အသင်းကြီးသည် ပုဂ္ဂလိက စက်မှုကဏ္ဍကို ကိုယ်စားပြုကာ ကိုယ်ပိုင်ရန်ပုံငွေဖြင့် အမြတ်အစွန်းခွဲဝေခြင်းမပြုသည့် မြန်မာနိုင်ငံအဆင့် အသင်းတစ်သင်းအဖြစ် ယနေ့တိုင်အောင် အောင်မြင်စွာ ရပ်တည်လျက်ရှိပါသည်။ အသင်း ဥက္ကဋ္ဌများအဖြစ် ဦးထိန်ဝင်း၊ ဦးမြတ်သင်းအောင်၊ ဦးပေါဟိန်း၊ ဦးဇော်မင်းဝင်းတို့က အစဉ်အဆက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ယင်းသို့ နှစ်ပေါင်း ၂၅ နှစ်ကျော်ကြာ ငွေရတုတိုင်အောင်ခရီးရှည်ကို ဖြတ်သန်းလာခဲ့သော MIA အသင်းသည် ခေတ်ကာလ အပြောင်းအလဲအဖုံဖုံကို ကျော်လွှားလာပြီး အတွေ့အကြုံလည်း ရင့်သန်လာနေပြီဖြစ်ပါသည်။ လက်ရှိ အသင်း၏ဥက္ကဋ္ဌဒေါက်တာအောင်သိန်းရေးသားသော ဥယျောဧဉ်စာတမ်းတွင် အသင်း၏ ကြိုးပမ်းချက်နှင့် မြန်မာ့စက်မှုကုန်ထုတ်ကဏ္ဍအပေါ်ထားရှိသော အသင်း၏ ရပ်တည်ချက်များကို ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ယင်းက လက်ရှိနိုင်ငံတော်တွင် ကျင့်သုံးနေသော စီးပွားရေးမူဝါဒများအရ စက်မှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်ကို ကြိုဆိုလျက် အားလုံးဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်ကြရန် ဆော်သြထားပါသည်။

ထို့အပြင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံ၏ စက်မှုထုတ်ကုန်များနှင့် စက်မှုဆိုင်ရာဝန်ဆောင်မှုများအား အာဆီယံဒေသတွင်းတွင် သာမက ကမ္ဘာ့ဈေးကွက်တွင်ပါ ထိုးဖောက်နိုင်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဖြစ်လာနိုင်ရေးအတွက် ကူညီအားဖြည့်ပေးနေသည့် အဖွဲ့ကြီးလည်း ဖြစ်ပါကြောင်း

ဖြင့် ယင်းက ထပ်လောင်းပြောကြားလျက် အသင်းကြီးနှင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်နိုင်ရန် စက်မှုလုပ်ငန်းရှင်များ၊ အတတ်ပညာရှင်၊ အသိပညာရှင်များအား ကြိုဆိုဖိတ်ခေါ်ထားပါသည်။

လက်ရှိနိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် နိုင်ငံ၏ဖွံ့ဖြိုးရေးအတွက် အဓိက အခြေခံတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းတိုးတက်ရေးအတွက် အားပေးသောဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လက်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်ဟူသည့် အချက်များပါရှိပါသည်။ သို့ဖြစ်ရာ ပုဂ္ဂလိကကဏ္ဍတွင် အခြားစိုက်ပျိုးမွေးမြူရေး၊ ပို့ကုန်သွင်းကုန်ကဏ္ဍတို့မှ ညီနောင်အသင်းအဖွဲ့များနှင့် ချိတ်ဆက်လျက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ထီးရိပ်အောက်တွင် တစ်ပေါင်းတစ်စည်းတည်း လက်ပွန်းတတီး အတူတကွရှိနေခြင်းပင်လျှင် ဟန်ချက်ညီသော စီးပွားရေးကဏ္ဍ၏ မောင်းနှင်အားများအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

နိုင်ငံတကာတွင် စက်မှုထုတ်လုပ်ငန်းကဏ္ဍနှင့် ပတ်သက်လာလျှင် ဩဇာကြီးပြီး နိုင်ငံတိုင်းအလေးထားရသည့် အညွှန်းကိန်းတစ်ရပ်မှာ 'စက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာ ဝယ်ယူရေးညွှန်းကိန်း' ဟု အနီးစပ်ဆုံးအဓိပ္ပာယ်ပေါ်လွင်စေရန် ပြန်ဆိုနိုင်မည်ဖြစ်ပါသည်။

စစ်တမ်းများအရ ယမန်နှစ် နှစ်ဆန်းပိုင်းမှစတင်ကာ သုံးလကျော်တစ်ဟုန်ထိုးကျဆင်းလာသည့် မြန်မာပြည်၏ PMI (Purchasing Managers Indox) အညွှန်းကိန်းမှာ ဩဂုတ်လတွင်တော့ ၄၆ ရာခိုင်နှုန်းကျော်ကျော်သာရှိနေသည့် အခြေအနေမှ ကျန်ရှိသည့်လများတွင် တက်ရိပ်ပြလာခဲ့ပြီး ၂၀၁၉ ခုနှစ်အရောက်တွင် ဆက်တိုက်ဆိုသလို ပြန်တက်ခဲ့ကာ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ၅၃ ဒသမ ၇ ရာခိုင်နှုန်း ပြန်လည်နာလန်ထူလာနိုင် ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)၏ အဓိကရည်မှန်းချက်များတွင် ပုဂ္ဂလိကစက်မှုကဏ္ဍစနစ်ကျစဉ်ဆက်မပြတ်ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုရှိရေး၊ စက်မှုထုတ်ကုန်များ အရည်အသွေးနှင့် စံချိန်စံညွှန်းများမြင့်မားလာစေရေး၊ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အညီ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်မှုရှိလာစေရေး၊ ခေတ်မီသောနည်းပညာနှင့် စက်ပစ္စည်းများဖြင့် နိုင်ငံ၏သယံဇာတများအား အကျိုးရှိရှိ အသုံးချနိုင်စေရေး၊ စက်မှုထုတ်ကုန်များ ပြည်ပဈေးကွက်ထဲသို့ ချဲ့ထွင်တင်ပို့နိုင်စေရေးနှင့် နိုင်ငံခြားငွေရှာဖွေနိုင်ရေး၊ စွမ်းအင်ချွေတာခြင်းနှင့် စွမ်းအင်အရင်းအမြစ်အသစ်များသုံးစွဲရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်စေသော ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကူညီအားပေးစည်းရုံးသွားရေး၊ ကုန်ထုတ်လုပ်ငန်းများ ကြုံနေရသော အခက်အခဲများနှင့် စိန်ခေါ်မှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းကူညီပေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်



အောင် ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းလာစေရန် ဆောင်ရွက်ပေးရေး၊ အသေးစားနှင့်အလတ် စားကုန်ထုတ်လုပ်ငန်းများအား အကူအညီ အထောက်အပံ့များပေးခြင်းဖြင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် အကြီးစား ကုန်ထုတ်လုပ်ငန်း များအဖြစ်ရောက်ရှိလာစေရေး၊ CSR (Corporate Social Responsibilities) ဟု ခေါ်သော လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များ ပေါ်ထွန်းစေရန် စည်းရုံးအကောင်အထည်ဖော်လုပ်ဆောင်ရေး စသည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ဤသို့ရည်မှန်းချက်များ ချမှတ်ထားရှိသည့် MIA အသင်းကြီး၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန် ကော်မတီ ၁၄ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တိုင်းပြည်စီးပွားရေး အလှည့်အပြောင်းနှင့် စိန်ခေါ်မှုအမျိုးမျိုးပေါ် မူတည်၍လည်း ကိုင်တွယ်ဖြေရှင်းရသော အကြောင်းခြင်းရာများကိုလည်း အချိန်နှင့် တစ်ပြေးညီ ဖြေရှင်းကူညီဆောင်ရွက်လျက်ရှိပါသည်။

စက်မှုထုတ်ကုန်များ ပြသနိုင်ရေးအတွက် မြန်မာ့ကုန်စည်ပြပွဲကို ၁၉၉၄ ခုနှစ်တွင် ပထမဆုံး ကျင်းပနိုင်ခဲ့သည်။ စင်ကာပူနိုင်ငံ၊ အစ္စရေး၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့မှ စက်မှုကုန်ထုတ်လုပ်သူ အသင်းအဖွဲ့များနှင့် နှစ်ဖက်နားလည်မှုသဘောတူစာချုပ်များ ရေးထိုးနိုင်ခဲ့သည်။ အခြားညီနောင်အသင်းအဖွဲ့တစ်ခုဖြစ်သော မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့သည်။ စက်မှုကုန်ထုတ်ကဏ္ဍ အခြေအနေအရပ်ရပ်နှင့်ပတ်သက်ပြီး အချိန်နှင့် တစ်ပြေးညီ နှံ့စပ်စွာ လေ့လာကြစေနိုင်ရန်လည်း စက်မှုဂျာနယ်ကို ထုတ်ဝေခဲ့ပါသည်။ အသင်းသားများအနေဖြင့် ပြည်တွင်းပြည်ပစက်မှု၊ အလုပ်ရုံများသို့ လေ့လာရေးခရီးများ သွားရောက်နိုင်စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၀၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ကာလတွင်မူ မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းနှင့် စက္ကူနှင့် ပျော့ဖတ်လုပ်ငန်းရှင်အသင်းတို့ကို ဖွဲ့စည်းပေးခြင်း၊ မန္တလေးစက်မှုဇုန်သို့လည်း လေ့လာရေးခရီးသွားရောက်နိုင်ခဲ့ခြင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွဲဖက်၍ ဟောပြော၊ ဆွေးနွေးပွဲများအား ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကာလအတွင်း စက်မှုကုန်ကြမ်းအပေါ် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုန်ဈေးနှုန်းမှန်ကန်စေရေး ထောက်ခံချက်များစိစစ်ပြီး ထုတ်ပေးသည့် စီမံချက်ကို ဆောင်ရွက်ပေးခဲ့ပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအား ထပ်မံ၍ ဖွဲ့စည်းတည်ထောင်ပေးနိုင်ခဲ့ပါသည်။ မြန်မာ့စက်မှုဒိုင်ဂျက်စာစောင်ကိုလည်း ထုတ်ဝေနိုင်ခဲ့ပါသည်။

ထို့အပြင် "စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ"၊ "မြန်မာ့စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်ငန်းများအတွက် အရည်အသွေး စီမံခန့်ခွဲမှု"၊ 'Why we need consultancy ?'၊ "ဧဝလောင်စာဆီ ထုတ်လုပ်ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး" အစရှိသည့် စာတမ်းဖတ်ပွဲများ



ကို ကျင်းပနိုင်ခဲ့ပါသည်။ ပုဂ္ဂလိကစီးပွားရေး ကဏ္ဍတွင် လုပ်ကိုင်နေကြသော လုပ်ငန်းအသီးသီးအနေဖြင့် မိမိတို့၏ဆောင်ရွက်ချက်၊ အမှုအကျင့်များအပေါ် တာဝန်ယူမှုရှိစေရေးအတွက် ကနဦးခြေလှမ်းအဖြစ် ပေါ်ထွက်လာသည့် အဖွဲ့အစည်းဖြစ်သော မြန်မာတာဝန်သိစောင့်ရှောက်မှုကောင်စီ (Myanmar Responsible Care Council-MRCC) ကိုလည်း ဖွဲ့စည်းပေးနိုင်ခဲ့ပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် မြန်မာ့စက်မှုပြပွဲ (Myanmar Industrial Exhibition 2010) အား အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါသည်။

နိုင်ငံတော် အသွင်ကူးပြောင်းရေးကာလ၏ အစောပိုင်းနှစ်များဖြစ်သော ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ကာလတွင်မူ Myanmar Malaysia Innovative Products & Services Expo 2011 ပြပွဲကို ကနဦးကျင်းပခဲ့ပြီး Electrical & Electronic Industry၊ Automotive Industry Group များအား အသင်းအဖွဲ့များအဖြစ် အဆင့်မြှင့်ဖြစ်မြောက်ရေး ကြိုးပမ်းခဲ့ပါသည်။ ထိုင်းနိုင်ငံ UBM Asia Co Ltd နှင့် ပူးပေါင်း၍လည်း Intermatch Myanmar နှင့် Myanmar Water ပြပွဲအား နှစ်စဉ်ကျင်းပပေးခဲ့ပါသည်။

၂၀၁၄ မှ ၂၀၁၆ အထိ ကာလတွင်မူ နိုင်ငံတော်သမ္မတ၏ အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ ပထမဆုကို ချီးမြှင့်ခံခဲ့ရပါသည်။ မလေးရှားနိုင်ငံမှ ERA-Education and Resarch Association အဖွဲ့နှင့် ပူးပေါင်း၍လည်းကောင်း၊ စက်မှုဝန်ကြီးဌာနနှင့်ပူးပေါင်း၍လည်းကောင်း Myanmar Japan Centre နှင့် ပူးပေါင်း၍လည်းကောင်း၊ စက်မှုလုပ်ငန်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ACCCIM နှင့် ပူးပေါင်း၍ မြန်မာ–မလေးရှား စက်မှုကုန်စည်ပြပွဲ ၂၀၁၄ ကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းသည် စက်မှုဇုန်လုပ်ငန်းများပါဝင်သည့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကိစ္စရပ်များကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဒုသမ္မတ (၁) ဦးစီးသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အလုပ်ရှင် အလုပ်သမားဥပဒေဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းခွင် ဆက်ဆံရေးကောင်းမွန်တိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆွေးနွေးဆောင်ရွက်ပေးခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ကွင်းဆင်း၍ စက်မှုလုပ်ငန်းများနှင့် အသင်းသားများ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး၊ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲ၊ စက်မှုလက်မှုပြပွဲများ ပူးပေါင်းကျင်းပပေးခြင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသော စီးပွားရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟောပြောပွဲနှင့် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများနှင့် ပူးပေါင်းဖွင့်လှစ်ပို့ချပေးခြင်းတို့အားလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် CMP လုပ်ငန်းများအတွက် ကုန်ကြမ်း၊ ကုန်ချောများ တင်သွင်း၊ တင်ပို့နိုင်ရေးအတွက် စီစစ်ထောက်ခံပေးခြင်း၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းတင်ပြပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်း

ရေးဆိုင်ရာကိစ္စများအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ မြန်မာ့စက်မှုထုတ်ကုန်များတွင် မြန်မာနိုင်ငံကိုယ်ပိုင် Country Code ဖြင့် အသုံးပြုနိုင်မည့် Bar Code စနစ်ပေါ်ပေါက်လာစေရေးအတွက် မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းတို့နှင့်လည်း ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အစိုးရ၏ Policy တွင် များစွာမူတည်လျက်ရှိပါသည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်မည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခုကို နိုင်ငံတော်ဘက်မှဖော်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။ ဥပမာအားဖြင့် မြန်မာ့စက်မှုလုပ်ငန်းများမှ ထုတ်လုပ်လိုက်သော ကုန်ပစ္စည်းများ ရောင်းချနိုင်ရေး၊ Import ကုန်ပစ္စည်းများ ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်သော ထိန်းညှိမှုများကို နိုင်ငံတော်ဘက်မှ ဆောင်ရွက်ရန် လိုအပ်သလို မိမိတို့၏ထုတ်ကုန်ပစ္စည်းအရည်အသွေးများ အဆင့်မီစွာ ထုတ်လုပ်နိုင်ရေး နည်းပညာအကူအညီ၊ ဘဏ္ဍာရေးအကူအညီ၊ လိုအပ်သော စီမံခန့်ခွဲမှုအတွေ့အကြုံများရရှိရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် ကျွမ်းကျင်လုပ်သား ရရှိရေးကိစ္စများလည်း ပါဝင်ပါသည်။ ပြည်တွင်းစျေးကွက် မိမိနိုင်ငံထုတ်စက်မှုထုတ်ကုန်များ နေရာရရှိလာပြီး ထိုမှတစ်ဆင့် နိုင်ငံတကာက တက်လှမ်းရောင်းချနိုင်ရန် အားပေးရမည်ဖြစ်ပါသည်။ နယ်စပ်များမှ တရားမဝင် ဝင်ရောက်လာသော ကုန်ပစ္စည်းများကြောင့် နိုင်ငံတော်ဘက်မှ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးရသလို ပြည်တွင်းလုပ်ငန်းရှင်များဘက်မှလည်း ယှဉ်ပြိုင်နိုင်မှုကို အကြီးအကျယ်ထိခိုက်နိုင်သည်။ ထိုမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများ ထိခိုက်လာခြင်းနှင့် အဂတိတရားဖြစ်ပေါ်စေခြင်းတို့လည်း ဖြစ်ပေါ်စေပါသည်။

မြန်မာနိုင်ငံစက်မှုထုတ်လုပ်သူများအသင်းအနေဖြင့် စက်မှုကုန်ထုတ်ကဏ္ဍတွင် ကြုံတွေ့နေရသော အခက်အခဲကိစ္စရပ်များအား အစိုးရ၏သက်ဆိုင်ရာဌာနအသီးသီးကို အကြံပြုချက်များတင်သွင်းခြင်း၊ မြေပြင်အခြေအနေများတင်ပြခြင်း စသည့်လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် လုပ်ဆောင်နေလျက်ရှိရာ စက်မှုလုပ်ငန်းရှင်များ အားကိုးအားထားပြုနေရသည့်အသင်းကြီးအဖြစ် ရပ်တည်လျက်ရှိပါသည်။ အသင်း၏လှုပ်ရှားဆောင်ရွက်မှုများတွင်လည်း ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ၏အခြေအနေများ၊ လိုအပ်ချက်များ၊ အကြံပြုချက်များကို အခါအားလျော်စွာ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စသည်တို့ထံတင်ပြ၍ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အသင်းကြီးအနေဖြင့် သက်ဆိုင်ရာအစိုးရ ဌာနဆိုင်ရာများအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ကူညီပံ့ပိုးမှုများကိုပါ ရယူလျက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဆီသို့ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ဆောင်သွားမည့်အပြင် မဝေးသောအနာဂတ်တွင် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းချုပ်ဖြစ်ပေါ်လာရေးအတွက်ပါ ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

# ယနေ့ဗီယက်နမ်နှင့် မျက်မှောက်မြန်မာနိုင်ငံ

မောင်မောင်သွင် (ပန်းခိုင်)



ဗီယက်နမ်နိုင်ငံကို သွားချင်နေသည်မှာ ကြာပါပြီ။ အာရှတိုက်၏ အရှေ့ဖျား (Far East) မှာ တည်ရှိပြီး တောင်မြောက်ရှည်လျားကာ မဟာဗျူဟာအရ အရေးပါသော တောင်တရုတ်ပင်လယ်ပြင်ကြီးကို အပြည့်အဝ မျက်နှာပြုထားသည့် အချက်အချာကျသည့်နိုင်ငံဖြစ်သည်။ ပထဝီနိုင်ငံရေး (Geo-Politics) အရ အလွန်အရေးပါသည်။ ကွန်မြူနစ်စနစ်ဖြင့် အုပ်ချုပ်ပြီး စျေးကွက်ပြိုင်ဆိုင်မှု စီးပွားရေးစနစ်ကို အောင်မြင်စွာ ကျင့်သုံးနေသည်။ မြောက်ပိုင်း ကွန်မြူနစ်စနစ်နှင့် တောင်ပိုင်းအရင်းရှင်စနစ်တို့ကို မျိုးချစ်စိတ်ဓာတ် (National Spirit) ဖြင့် ငြိမ်းချမ်းစွာ ပေါင်းစုအားပြုကာ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် ပြင်းထန်ရင့်သန်လွန်းသည့် သူရဲကောင်းတို့၏ တိုင်းပြည်ဖြစ်သည်။

ခရီးထွက်ရမည့်နေ့ကို သိရချိန်ကစပြီး မျှော်လင့်စောင့်စားမှုများ၊ စိတ်အားထက်သန်မှုများ အလိုအလျောက်ဖြစ်ပေါ်လာသည်။ တတိယအရွယ်ပင်ဖြစ်လင့်ကစား တက်ကြွမှုများက ထိပ်နားမှာ ဖြစ်နေသည်။ ပြည်သူ့တော်လှန်ရေးနှင့် တိုင်းပြည်ငြိမ်းချမ်းရေးရယူပုံကို သိလိုသည်။ နိုင်ငံစည်းလုံးညီညွတ်မှုနှင့် တိုးတက်မှုတို့ကိုနမူနာယူလိုသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ စသည့် အသိအမြင်သစ် (New Interpretation) များကို လေ့လာလိုသည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှု အသီးအပွင့်

များခံစားနေကြသည်ကို အားကျသည်။ ယနေ့လို တိုင်းပြည်တည်ငြိမ်ဖွံ့ ဖြိုးတိုးတက်အောင်မည်ကဲ့သို့တည်ဆောက်ရယူခဲ့ပုံကို စိတ်ဝင်စားသည်။

## အထင်ကရနေရာများ

ဟနွိုင်းမြို့ (Hanoi) မှာ မြို့တော်ဖြစ်ပြီး နိုင်ငံ၏မြောက်ပိုင်းတွင် တည်ရှိကာ ရှေးဟောင်းသမိုင်းဝင်မြို့ဖြစ်သည်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ဇာတိသွေးဇာတိမာန်နှင့် မြေယာအခြေပြု စိုက်ပျိုးရေးလုပ်ငန်းများ ထင်ရှားသည်။ ရိုးရှင်းသည့် ရိုးရာဝတ်စုံအရှည်များကို အမြဲတမ်းတန်း ထိန်းသိမ်းဝတ်ဆင်ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဂုဏ်ယူစွာထိန်းသိမ်းကြဟန်တူသည်။

မြစ်နီမြစ် (Red River) မှာ ဟနွိုင်းမြို့မှ ဟယ်လောင်းဘေးသို့သွားသည့် လမ်းပေါ်တွင် ကန့်လန့်ဖြတ် စီးဆင်းနေသည့် မြစ်ကြီးတစ်စင်းဖြစ်သည်။ နယ်ချဲ့အရင်းရှင်တို့၏ ကျူးကျော်မှုကို အတားအဆီးပြုခဲ့သဖြင့် ၁၄ ကြိမ်တိုင်တိုင် ဗုံးကြဲဖျက်ဆီးမှုကို ကြံ့ကြံ့ခံခဲ့သည့် ကမ္ဘာကျော် မြစ်နီတံတား (Red River Bridge) နှင့် တာဝန်ကျစွာ ကာဆီးဟန့်တားခဲ့သည့် မြစ်နီမြစ်ကြီးဖြစ်သည်။

ဟယ်လောင်းဘေး (Halong Bay) မှာ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်ဖြစ်ပြီး အလွန်လှပသော ပင်လယ်အော်တစ်ကြောရှိ တည်ငြိမ်လှသည့် ရေပြင်ပေါ်က လှပဆန်းပြားစွာ ထိုးထွက်နေသော မိုးမျှော်ကျွန်းပေါင်း နှစ်ထောင်ကျော်ရှိသည်။ မကြာမီ လှေကားထစ်ပေါင်း နှစ်ရာခန့်ရှိသည့် ဟင်းဆန်းထုံးကျောက်လိုဏ်ဂူ (Hang Sung) ကို ရောက်သည်။ ထုံးကျောက်လိုဏ်ဂူအဆုံးထွက်ပေါက်တွင် သဲသောင်ပြင်များဖြင့် လှပစွာဆွဲဆောင်နေသော တီးတော့ကျွန်း (Titov) ရှိသည်။ တီးတော့ကျွန်းအား ဆိုဗီယက်ရုရှား (USSR) နိုင်ငံသားလေသူရဲတီးတော့ကို ဂုဏ်ပြုပြီး ၁၉၆၇ ခုနှစ်တွင် မှည့်ခေါ်ထားသည်။ ဆိုရှယ်လစ်နှစ်နိုင်ငံချစ်ကြည်ရေး၏ ခိုင်မြဲမှုနှင့် အားမာန်တို့၏ ပြယုဂ်ဖြစ်သည်။

အမျိုးသားဖခင်ကြီး ဟိုချီမင်း၏ခမ်းနားကြီးကျယ်သော ဂူဗိမာန် (Ho Chi Minh Mausoleurn) မှာ ဟနွိုင်းမြို့၏ အထင်ကရနေရာတွင် တည်ရှိသည်။ ရိုးသားမှု၊ မြင့်မြတ်မှုနှင့် မျိုးချစ်စိတ်ဓာတ်ကြီးမားမှု ဂုဏ်ပုဒ်များနှင့်ပြည့်စုံသူဖြစ်သည်။ စိတ်အေးချမ်းရိုးရှင်းစွာ နေထိုင်တတ်သူဖြစ်သော်လည်း ပြင်းပြသည့် တိုင်းချစ် ပြည်ချစ်စိတ်ကြောင့် ဝါသနာကြီးလှသည့် စာရေးဆရာဘဝကို စွန့်လွှတ်၍ ဆင်းရဲပင်ပန်းလှသည့် တော်လှန်ရေးသမားဘဝကို ရွေးချယ်ခဲ့သည်။ မိသားစုဘဝထက်၊ မိမိပြည်သူများ၏ လွတ်လပ်မှုဘဝကို ပိုချစ်သည့် အဝတ်တစ်ထည်ကိုယ်တစ်ခုသာရှိသည့် လူပျိုကြီးဖြစ်သည်။ နိုင်ငံတော်အလံများဝေ့ယမ်းပြီး နေ့စဉ်ဂါရဝပြုလာကြသူ အလွန်များပြားသည်။ အန်ကယ်ဟို (Uncle Ho) ဟု ချစ်စနိုးခေါ်ကြပြီး အလွန်လေးစားစွာဂါရဝပြုကြသည်။

ဒါနန်းမြို့ (Danang) ရှိ အိုအေစစ် (Oasis) အဖြစ်တင်စားခံရသော ဘနားတောင် (Ba Na Hill) သို့ သံကြိုးဆွဲယာဉ် (Cable Car) စီးပြီးလည်ပတ်နိုင်သည်။ ပြင်သစ်ကိုလိုနီဘဝတွင် တည်ဆောက်ထားသော ပြင်သစ်ဟန်ရဲတိုက်ကြီးများ၊ အဆောက်အအုံများ၊ လှပသော ပန်းဥယျာဉ်နှင့် ဝိုင်များသိုလှောင်ရာ Cave Du Vin ရှိသည်။ စိတ်လှုပ်ရှားဖွယ်ရာ ရွှေတံတား (Golden Bridge) နှင့် ဥဏ်တော် ၇၉ ပေခန့်ရှိသော လင်းအန် (Linh Ung) ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော် တည်ရှိသည်။ ဖယောင်းရုပ်တုပြခန်း (Wax Showroom) နှင့် ကြည့်ချင်ပွဲများ၊ ဖျော်ဖြေပွဲများရှိရာ (Fantasy Amusement Park) တွင် အပန်းဖြေနိုင်သည်။

ချမ်းမြေ့သာယာခြင်း အဓိပ္ပာယ်ဆောင်သော ဟွေအန်း (Hoi An) မြို့မှာ ၁၉၉၇ ခုနှစ်တွင် ယူနက်စကို (UNESCO) ရှေးဟောင်းအသိအမှတ်ပြုခံ ကျေးရွာသုံးရွာ စုဖွဲ့ထားသောမြို့ဖြစ်သည်။ ဟွေအန်းပိုးထည်လုပ်ငန်း (Hoi An Silk Viallage) ဖြင့် ကျော်ကြားသည်။ ထို့ပြင်

ဟွေအန်း၏ ညဈေးတန်း (Night Market) မှာ မြစ်ဘေးတစ်ဖက်တစ်ချက် (River Sight) တွင် နှစ်မိုင်နီးပါးရှည်လျားပြီး မီးပုံးလေးများနှင့် မီးအလှဆင်မြစ်ကူးတံတားကြီးပေါ်မှ ဖြတ်လျှောက်ကြပြီး ပျော်ရွှင်စွာ ဈေးဝယ်ထွက်နိုင်သည်။

ဟန်ခိုးမြို့၏ နာမည်ကျော် အီယွန် ဈေးဝယ်စင်တာကြီး (Aeon Shopping Mall) မှာ အလွန်ကြီးကျယ်ပြီး ရောင်းကုန်များအစုံအလင်နှင့် အပုံအပင်ရှိသဖြင့် အထူးစည်ကားသော ဈေးဝယ်စင်တာကြီးအဖြစ် လူသိများသည်။

## သုံးသပ်ချက်

လမ်းဘေးဝဲယာတစ်လျှောက် လွှင့်ထူထားကြသည့် အလံတိုင်ထိပ်ဖျားများတွင် အလယ်၌ အဝါရောင်ကြယ်ပွင့်ကြီးတစ်လုံးပါ အနီရောင်အောက်ခံ ရဲရဲတောက်အောင်လံများက လေနှင့်အတူ တဖျပ်ဖျပ် လွှင့်ပျံနေကြသည်။ မြင်ရသူတိုင်း ကြက်သီးထစရာ၊ ရဲစိတ်ရဲမာန် တက်ကြွစရာများပါ။ တစ်ခုတည်းသောကွန်မြူနစ်ပါတီ၏ အလံတော်အောက်တွင် အနှစ်ကယ်ဟိုး၏ စည်းရုံးမှုအင်အား၊ ဦးဆောင်မှုစွမ်းပကားများကြောင့် ပြည်သူတစ်ရပ်လုံးတစ်ခဲနက် ပါဝင်တိုက်ခိုက်မှုဖြင့် သူ့ကျွန်ဘဝက လွတ်မြောက်လာခဲ့ကြသည်ကို အမြဲတမ်းအမှတ်ရ ဂုဏ်ယူချင်နေကြပုံရသည်။

ကမ္ဘာပေါ်တွင် ခေတ်စနစ်များ အမျိုးမျိုးပြောင်းလဲနေကြသော်လည်း ဗီယက်နမ်ပြည်သူတို့၏ မျိုးချစ်စိတ်ဓာတ် (National Spirits) နှင့် နိုင်ငံချစ်စိတ် (Nationalism) မှာ ဟောင်းလည်း မဟောင်း၊ ပြောင်းလည်း မပြောင်းသည်မှာ ထင်ရှားနေသည်။

ကမ္ဘာ့ကုန်လုပ်ဆက်ဆံရေးသမိုင်းတစ်လျှောက် ခေတ်အလိုက်ဖြစ်ပျက်ပြောင်းလဲနေသော ဝါဒစနစ်အသီးသီးနေရာတွင် မိမိနိုင်ငံနှင့် မိမိလူမျိုးအကျိုးစီးပွားအတွက် အမြဲတမ်းမပြောင်းလဲဘဲ မားမားမတ်မတ်ရပ်တည်ပေးနိုင်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ကြသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းရှင်စနစ်သည်သာ အခရာမဟုတ်ကြောင်း တွေ့ရသည်။ တစ်နိုင်ငံ စနစ်နှစ်မျိုးကျင့်သုံးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော ကွန်မြူနစ်ဝါဒီ (Communist) ရုရှား၊ တရုတ်၊ ဗီယက်နမ်နိုင်ငံတို့နှင့် ယထာဘူတဝါဒီ (Realism) စင်ကာပူနိုင်ငံတို့ကို လေ့လာနိုင်သည်။ စီးပွားရေးခံ့မခန်းတိုးတက်နေသော စစ်အစိုးရအုပ်ချုပ်ရေးလက်အောက်ရှိ ထိုင်းနိုင်ငံနှင့် ကမ္ဘာ့စီးပွားရေးအင်အားလွန် ကွန်မြူနစ်တရုတ်ပြည်၏ ဆိုရှယ်လစ်ခေတ်မီရေးက သက်သေပြနေသည်။ ဗီယက်နမ်နိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုက လက်တွေ့ ဖြစ်နေသည်။ ဈေးကွက်ယှဉ်ပြိုင်မှုစီးပွားရေးစနစ်က စီးပွားရေးဖွံ့ဖြိုးမှုကိုအားပေးပြီး နိုင်ငံရေးစနစ်တည်ငြိမ်ခိုင်မာရေးကို ထောက်ကူနေသည်။

နိုင်ငံမြောက်ပိုင်းရှိ ဟန်ခိုးမြို့တော်မှာ နိုင်ငံတော်၏ အမျိုးသားရေးအားမာန်ကို ပြဋ္ဌာန်းနေသကဲ့သို့ တောင်ပိုင်းရှိ ဟိုချီမင်း စီးပွားရေးမြို့မှာ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းစံများကို ဖော်ညွှန်းနေသည်။ နယ်ချဲ့သွေးခွဲမှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မတူကွဲပြားနေသည့် တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်ကို နိုင်ငံချစ်စိတ်ဖြင့် ပေါင်းစည်းကာ စည်းလုံးညီညွတ်ပြီး သာယာဝပြောသောနိုင်ငံအဖြစ် တည်တည်ငြိမ်ငြိမ် ပိုင်ဆိုင်ထားသည်။

အချုပ်အားဖြင့် ဆိုရလျှင် ယနေ့ မြန်မာနိုင်ငံ၏ နယ်ပယ်ကဏ္ဍအသီးသီးအား ကောင်းသောပြောင်းလဲမှုများနှင့် အမျိုးသားရင်ကြားစေ့မှုများ အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် ဗီယက်နမ်ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုမှာ အတုယူစရာဖြစ်သကဲ့သို့ အမျိုးသားစည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးအားမာန်တို့မှာလည်း နမူနာယူဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာများဖြစ်မည်ဟုထင်မြင်ယူဆမိပါကြောင်း ...။

# ရေခဲနှီးမျက်ဝန်း

လယ်တွင်းသားစောချစ်



UMFCCI ရာပြည့်မဂ္ဂဇင်း

ဆိုင်ဖွင့်ပြီးသည်နှင့် ပစ္စည်းများကို အမြင်အပြလှအောင် နီလာစိုးတစ်ယောက်တည်း နေရာချသည်။ ချိတ်ဆွဲထားသည်များမှ ပြောင်းသင့်သည်တို့ကိုလည်း ပြောင်းပြီးပြီ။ စောစောစီးစီး ချွေးစို့လာမှာ စိုးသောကြောင့် ပန်ကာအသေးလေးဖွင့်ပြီး ဆိုင်ပေါ်မှာ ငြိမ်ငြိမ်လေးထိုင်နေလိုက်သည်။

ပန်ကာလေတိုး၍ ကိုယ့်သနပ်ခါးနံ့လေးနှင့်ကိုယ် သင်းသင်းမွှေးနေသည်က စိတ်ကြည်စရာ။

"ဘုရားသိကြားမလို့ ဒီနေ့ဈေးဦးပေါက်ကောင်းပါစေတော်"

ဈေးဦးပေါက် အရောင်းအဝယ်အဆင်မပြေဖြစ်မှာကို နီလာစိုး စိုးရိမ်သည်။

နီလာစိုး၏ မိခင် ဒေါ်ရင်ရွှေဆိုလျှင် ဈေးဦးပေါက်မကောင်းမှာ ပိုကြောက်သည်။ နီလာစိုးကြောင့်များ ဈေးဦးလန်သွားလျှင် ထိုနေ့တစ်နေ့လုံး ဆူ၍ပြော၍ မပြီးတော့။ ဝယ်သူတစ်ဦးဦးနှင့် အံချော်သွားတိုင်း ထပ်အဆူခံရပြီသာမှတ်။

"ဟင်း ... ဘယ်လိုလုပ်ပြီး ရောင်းလို့ကောင်းမလဲ။ စောစောစီးစီး ဈေးဦးလန်တာကိုး။ မိန်းမကိုက တည့်အောင် မရောင်းတတ်တာ"

တစ်နေ့လုံးနားငြီးအောင် အပြောခံရပြီ။

အမေပြောလည်း ပြောစရာ။

နီလာစိုး သူ့ဘာသာ တစ်ယောက်တည်း တွေးလိုက်သည်။ မနေ့က စောစောစီးစီး ဈေးဝယ်သူနှင့် စကားများရသည်။ ဝယ်သူက ယောကျ်ားလေးနှစ်ယောက်။

စပို့ရုပ်တစ်ထည် ဝယ်သည်ကို ဈေးမေးသည်က တစ်ဆိုင်လုံးချိတ်ထားသမျှ အားလုံးဖြုတ်ပြရသည့်အပြင် အတွင်းမှာ ခေါက်ထားသည်များကိုလည်း ဖြေပြရ ဖြန့်ပြရနှင့်။ ပြောပုံတွေကလည်း ရိသလိုလို ကလိသလိုလို မထိတထိ။ ကြည့်ပုံတွေကလည်း စူးစူးရဲရဲ။

"တို့ညီမကလည်း ဒီကညီမလောက်ပဲ။ ဒါလေး ကပ်ပြစမ်းပါ"

ဈေးဦးပေါက်မို့ စိတ်ရှည်ရှည်ထားပြီး နီလာစိုး ကပ်ပြလိုက်သည်။

"လှတယ်ကွာ၊သိပ်လှတာပဲ၊ သဘောကျသွားပြီ"

အကျီလိုလို၊ လူကိုလိုလို။

"ဒီတစ်ထည်ရော"

နောက်ထပ် ၎ငါရောင်တစ်ထည်။

"ဟာ ... တအားလှတာပဲကွာ၊ ဒါနဲ့ ပိုလိုက်တယ်"

"မင်းနှမနဲ့လား"

"မဟုတ်ဘူး၊ သူနဲ့"

"သူ ဝတ်မှာမှ မဟုတ်ဘဲကွ၊ မင်းနှမ ဝတ်မှာ"

"အေး၊ ဟုတ်သားပဲ"

သူတို့နှစ်ယောက်ရယ်ကြပြန်သည်။

ပြီးတော့ မိန်းကလေးဝတ်ကို ဘာမျှ ဈေးမေး ဈေးဆစ်မလုပ်သေးဘဲ ယောကျ်ား စပို့ရုပ်တွေကို မေးမြန်းသည်။ တစ်ထည်ပြီး တစ်ထည်။

ဈေးမေးလိုက် မဆစ်ဘဲ ထားလိုက်။

ပြီးတော့ အားကစားဘောင်းဘီများကို ကိုင်ကြည့်ပြီး ဈေးမေးကြပြန်သည်။

တစ်ဆိုင်လုံးလည်း ဖြေဖြန့်ပြထား ရ၍ ပွနေပြီ။

"ဟာ ... အကုန်လုံး ဈေးတွေက ကြီးတာချည်းပဲကွာ"

ဝယ်မည့်ပုံနှင့် ခေါင်းဆောင်ပြီး မေးနေသူက ညည်းညူလိုက်သည်။

"အခု ကျွန်မပြောတာတွေ အားလုံး ဈေးအမှန်တွေ ချည်းပါပဲ။ ဈေးဦးပေါက်မို့ ဈေးလန်သွားမှာစိုးလို့ တစ်ခုမှ ပိုဆိုမထားပါဘူး"

နီလာစိုးက တတ်နိုင်သလောက် လေသံကို ချိုသာအောင် ကြိုးစားထားသည်။

"ဟုတ်ပါတယ်၊ ပစ္စည်းတွေကိုက ဈေးကြီးတာကို ပြောတာပါ"

"တစ်ခုခုတော့ တည့်အောင်ဝယ်သွားပါရှင်"

ဈေးဦးပေါက်အဆင်မပြေဖြစ်မှာစိုး၍ နီလာစိုးက တောင်းပန်လိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်တို့ နောက်တစ်ခေါက်ပြန်လာခဲ့ပါမယ်"

ဈေးဦးပေါက်တော့ သွားပြီဟု ခံစားလိုက်ရ၍ နီလာစိုးစိတ်ထဲမှာ တင်းသွားသည်။

"တစ်ခုခုတော့ တည့်အောင်ဝယ်ပေါ့ရှင်၊ ရှင်တို့မေးသမျှ တစ်ဆိုင်လုံးလည်း ဖြေဖြန့်ပြရတာ၊ ဒီမှာကြည့်ပါဦး၊ ခိုင်းတုန်းကတော့ တကယ်ဝယ်မယ့်ပုံနဲ့ ရှင်တို့အားနာဖို့ကောင်းပါတယ်"

နီလာစိုး၏ မျက်နှာလှလှလေး စူစူပုပ်ပုပ်ဖြစ်နေပြီ။

"ဟုတ်သားပဲကွာ၊ မင်းဟာကလည်း အားနာစရာ၊ တစ်ခုတော့ ဝယ်လိုက်"

အဖော်လိုက်လာသူက ပြောသည်။

"ဒီ အားကစားဘောင်းဘီက ဘယ်လောက်လဲ"

တကယ်ဝယ်ရမယ်ဆိုတော့ ဈေးအနည်းဆုံး ကိုင်မေးသည်။

"သုံးထောင်"

နီလာစိုး စိတ်မရှည်။

"နှစ်ထောင်ထားပါ"

"ဝယ်လို့တောင် မရဘူး"

"၂,၅၀၀ ထား"

ယောကျ်ားတန်မဲ့ ဈေးဆစ်ကောင်းနေသည်။

"ယူသွား"

"ဘောင်းဘီကို ခေါက်ချိုးပြီး အိတ်တစ်ခုတည်း ထိုးထည့်ပေးလိုက်သည်။

"စိတ်မရှိပါနဲ့ဗျာ"

ဝယ်သူက ပြုံးပြပြီး ငွေ ၂,၅၀၀ ပေးလိုက်သည်။

မနေ့က တစ်နေ့လုံးဈေးရောင်း၍ အဆင်မပြေ။ နေ့ခင်းမှာ အမေနှင့်လည်းစကားများရသည်။

***

"သမီးရေ၊ ဒေါ်ဒေါ် ဟိုတစ်နေ့ကကြည့်ခဲ့တဲ့ ပိုက်ဆံအိတ်ကလေးပြပါဦးကွယ်"

မျက်နှာမှာ မိတ်ကပ်များနှင့်အရောင်ခြယ်ထားသည့် ဖြူဖြူသန့်သန့် မိန်းမကြီးကို မြင်ရုံနှင့် နီလာစိုး မှတ်မိသည်။

"ဩော် ... ဟုတ်ကဲ့၊ ဒေါ်ဒေါ်"

ရှိုးကေ့စ်ထဲမှ ပိုက်ဆံအိတ်အညိုလေးကို ထုတ်ပြသည်။

အဒေါ်ကြီးက အိတ်ကိုဖင်ပြန်ခေါင်းပြန် လှည့်ပတ်ကြည့်သည်။ ဇစ်များကိုလည်း ဖွင့်ကြည့်ပိတ်ကြည့်လုပ်သည်။

"ဟိုနေ့ကဆိုတဲ့ ဈေးအတိုင်းပဲလား"

"ဟိုနေ့က ၅,၅၀၀ ဆိုထားပါတယ် ဒေါ်ဒေါ်၊ ငါးထောင်ပဲပေးပါ။ ကျွန်မ နှစ်ရာပဲစားရပါတယ်။ ဈေးဦးပေါက်မို့အတတ်နိုင်ဆုံး လျှော့ပေးတာပါ။ ဒါအမှန်အတိုင်းဆိုရင် ကျွန်မဒီနေ့ဈေးရောင်းလို့ ကောင်းပါစေ"

ကျိန်တွယ်ခြင်းမဟုတ်။ သစ္စာစကား၊ ဈေးရောင်းကောင်းဖို့ ဆုတောင်းတာ။

"ယုံပါတယ် သမီးရယ်၊ ရော့ရော့။ ဩော် ... အထဲက စက္ကူစတွေ ထုတ်လိုက်ပါကွယ်"

အဒေါ်ကြီးက ပိုက်ဆံလှမ်းပေးသည်။

နီလာစိုးက အိတ်ထဲမှ စက္ကူစများကို ဆွဲထုတ်ပြီး ပြောင်လက်နေသောအိတ်ညိုလေးကို ပေးလိုက်သည်။

အဒေါ်ကြီးကသူ့ပိုက်ဆံအိတ်ကို ခုမှ ဝယ်သော အိတ်ညိုထဲမှာထည့်ပြီး တစ်ခါတည်းကိုင်သွားသည်။

အဒေါ်ကြီးကို ပိုပြီးကျက်သရေရှိသွားသည်ဟု နီလာစိုးထင်လိုက်သည်။

"ဒီနေ့ ဈေးဦးပေါက်ကောင်းတယ်။ ထောင်ခေါ် ရာခေါ် သိန်းခေါ် သန်းခေါ်"

အဒေါ်ကြီးပေးသွားသော ပိုက်ဆံများနှင့် ဆိုင်ပေါ်ရှိ ရောင်းကုန်ပစ္စည်းများကို လိုက်ရိုက်ရင်း နီလာစိုး၏ မျက်နှာလေးပြုံးနေသည်။

နီလာစိုး၏ဆိုင်နှင့် မျက်နှာချင်းဆိုင်

နှစ်ဆိုင်ကျော် ဓားလွယ်ခုတ်နေရာရှိ ပန်ကာ၊ မီးပူ၊ မီးသီး၊ မီးချောင်း စသည့် လျှပ်စစ်ပစ္စည်း များရောင်းသောဆိုင်မှ သက်အောင်သည် နီလာစိုး၏ ကျေနပ်နေသော မျက်နှာလှလှ လေးကိုလှမ်းကြည့်ရင်း ကြည်နူးနေသည်ကို တော့ နီလာစိုးမသိပါ။

***

စောစောစီးစီး တစ်ဆိုင်ကျော်မှာ ဈေးဆစ်နေသည့် လင်မယားနှစ်ယောက်ကို ကြည့်၍ နီလာစိုးကြောက်နေသည်။


ကိုယ်ကလည်း ဈေးဦးမပေါက်သေး။

ထိုလင်မယားသည် ဈေးသည်များ၏ ဈေးဦးပေါက်မကောင်းမှာ ကြောက်ပုံကို သိထားပြီး အခွင့်ကောင်းယူ၍ ဈေးနှိမ်ဝယ်တတ် သူများဖြစ်၏။

ဤသို့ပင် နှစ်ပတ်တစ်ခါလောက် စောစောစီးစီး ရောက်လာတတ်သည်။ သူတို့ နှစ်ယောက်အကြောင်းကို ဈေးသည်များ သိနေကြပြီ။

သူတို့လည်း ဈေးသည်များဖြစ်ဟန် တူသည်။ သူတို့ဝယ်တတ်သည်မှာ အဝတ် အထည်ပစ္စည်းများ။

တစ်ဆိုင်ကျော်ပြီးလျှင် ဘေးဆိုင်က



အလှကုန်များမို့ အဝတ်အထည်ရောင်းသော နီလာစိုးဆိုင်သို့ ကူးလာကြတော့မည်။

ဆိုင်ရှေ့လမ်းမှာ လျှောက်သွားနေသူများကို ကြည့်၍ နီလာစိုးဝယ်သူမျှော်၏။ ဈေးသည်ချင်း ကိုယ်ချင်းမစာသော လင်မယားရောက်မလာခင် ဈေးဦးပေါက်ချင်သည်။

"ဈေးဦးသာပေါက်ထားရင်တော့ ဒီအကျင့်မကောင်းတဲ့ လင်မယားကို ခပ်တင်းတင်း ဈေးကိုင်ပစ်လိုက်စမ်းဦးမယ်"

နီလာစိုး စိတ်ထဲက ကြိမ်းထားသော်လည်း ဝယ်သူက တစ်ယောက်မှမလာ။

"အမယ်လေးတော်၊ သူတို့လာနေကြပြီ၊ ဒုက္ခပါပဲ"

နီလာစိုး စောစောစီးစီး ထိတ်ထိတ်ပျာပျာဖြစ်ရပြီ။

လင်မယားနှစ်ယောက်က တစ်ဆိုင်ကျော်မှကလေးဝတ်အင်္ကျီများဝယ်ပြီး လျှောက်လာနေကြပြီ။

"ငါ့ဆိုင်ကို မဝင်ပါစေနဲ့"

နီလာစိုး ဆုတောင်းမပြည့်ပါ။

"ဒါလေးတွေက တစ်ထည်ဘယ်လောက်လဲ"

ဆိုင်ရှေ့ရောက်သည်နှင့် မိန်းမဝတ်အတွင်းခံဘောင်းဘီများကို မေးနေပြီ။

"ဒီဘက်က အသေးက ၁,၈၀၀၊ အဲဒီခုကိုင်ထားတာက နှစ်ထောင်'

"ဒါကို ၁,၃၀၀ ထားပါ"

"ဝယ်လို့တောင်မရဘူးရှင့်၊ ဈေးဦးပေါက်ကြီး အဲဒီလောက်မဆစ်ပါနဲ့"

ဈေးဦးမပေါက်သေးသည်ကို မေ့ပြီး ပြောလိုက်မိ၍ ကိုယ့်ကိုယ်ကိုယ် မကျေနပ်။

" ၁,၅၀၀ ထားလိုက်ပေါ့"

ယောကျ်ားက နှစ်ရာတိုးပြီး ဆစ်သည်။ ဒါဇင်ဈေး ၁,၇၀၀ ရှိသည်။ သူတို့လည်း သိလိမ့်မည်ဟု နီလာစိုးထင်သည်။

"၁၇ အရင်းရှိတာ ရှင်တို့လည်း သိပါတယ်"

"မသိပါဘူး။ ရောင်းနိုင်ရင်ထားလိုက်ပါ၊ ၁,၆၀၀'

မိန်းမကြီးက စကားလွှဲလိုက်သည်။

ဤလင်မယားနှင့် ကိစ္စမြန်မြန်ပြတ်သွားအောင် တစ်ရာတော့ အနာခံလိုက်မည်ဟု နီလာစိုး ဆုံးဖြတ်လိုက်သည်။ တကယ်တော့ အခြားအထည်များနှင့် ရောဝယ်သော ဈေးကိုပါတွက်လျှင် ၁,၆၀၀ မှာ မမြတ်သော်လည်း အရင်းခန့်တော့ရှိသည်ဟု နီလာစိုးခန့်မှန်းမိသည်။

"ဘယ်နှထည်ယူမှာလဲ"

"ဆယ်ထည်ယူမှာ"

သိပ်လည်တဲ့ မိန်းမကြီး။

နီလာစိုးမကျေနပ်။ တစ်ထည်ဆိုလျှင် တစ်ကျပ်အနာခံနိုင်သော်လည်း ဆယ်ထည်တော့ အနာမခံနိုင်။

"ဒီလိုတော့ ဈေးဦးကျိုးအောင် မချိုးပါနဲ့ရှင်"

နီလာစိုးပြောရင်း ငိုချင်လာသည်။

"မဟုတ်ပါဘူး။ ကိုယ်ဝယ်နိုင်တဲ့ဈေးကိုယ်ဆစ်တာပဲ။ ရောင်းနိုင်ရင် ရောင်းလိုက်ပါ"

မိန်းမကြီးလေသံက မာသည်။

"ဟုတ်ပါတယ် မိန်းကလေးရယ်၊ ဦးလေးတို့ကလည်း ဈေးဦးပေါက်မှာ ဈေးမလန်စေချင်ပါဘူး"

ယောကျ်ားကြီးက နီလာစိုး၏ အားနည်းချက်ကို ကိုင်လိုက်သည်။ မလျှော့လျှင် သူတို့က မဝယ်ဘဲ ထွက်သွားကြတော့မည်။

မဝယ်ချင်နေပေါ့၊ မရောင်းဘူးဟု မကျေမနပ် ဆုံးဖြတ်ကြည့်သည်။ သို့သော် တစ်နေ့လုံး ရောင်းမကောင်းမှာလည်း စိုးသည်။ ကိုယ့်အယူသီးစိတ်နှင့်ကိုယ် ငိုချင်လာသည်။

မိန်းမကြီးက အပိုင်တွက်၍ ဘောင်းဘီဆယ်ထည်ကို စိတ်ကြိုက်အရောင်ရွေးနေသည်။

"မစိုးရေ၊ ဒီစပို့ရုပ်အသားရောင်က ဘယ်လောက်လဲ"

သက်အောင်ရောက်လာ၍ ချိတ်ထားသော စပို့ရုပ်ကို ကိုင်ပြီးမေးသည်။

"တကယ်ဝယ်မှာလည်း မဟုတ်ဘဲနဲ့၊ စောစောစီးစီး ဈေးဦးမပေါက်သေးဘူးရှင့်၊ လာမနောက်နဲ့"

"ဟာ ... နောက်တာ မဟုတ်ပါဘူး။ တကယ်ဝယ်မှာ"

နီလာစိုးဝမ်းသာသွားသည်။ တကယ်ဝယ်၍ ဈေးဦးပေါက်သွားလျှင် ဟိုလင်မယားကို တင်းနိုင်ပြီ။

"သုံးထောင်ရောင်းတယ်၊ ကိုသက်အောင်ယူရင် ..."

"တော်ပြီ မလျှော့နဲ့၊ သုံးထောင်ရောင်းရင် သုံးထောင်ပဲ ယူလိုက်။ ဈေးဦးပေါက်ဆိုရင် ဈေးသည်ချင်း ကိုယ်ချင်းစာရမယ်"

သက်အောင် တစ်ထောင်တန်သုံးရွက် အသစ်ကလေးတွေချည်း နီလာစိုးကို လှမ်းပေးပြီး စပို့ရုပ်အင်္ကျီကို ဖြုတ်ယူသွားသည်။

နီလာစိုးမျက်နှာ ပြုံးရွှင်ဝင်းပစွာနှင့် ထောင်ခေါ် ရာခေါ် သိန်းခေါ် သန်းခေါ်လုပ်နေပြီ။

"ထားမှာလား၊ ၁,၆၀၀"

"မထားပါဘူးရှင့်၊ လုံးဝမရောင်းနိုင်ပါဘူး"

"ကဲ ... ဒါဖြင့် ၁,၇၀၀ နဲ့ပဲ ယူလိုက်မယ်"

"မပေးနိုင်ပါဘူးရှင့်"

"ဟင် ... ခုန ၁၇ နဲ့ယူဆို"

ယောကျ်ားကြီး ပုံမှားရိုက်သည်။

"မပြောပါဘူးရှင့်၊ ၁၇ က အရင်းကျတယ်လို့ ပြောတာပါ"

"ကဲ ... ကြာပါတယ်ကွာ၊ ၁၈ ပေးလိုက်၊ ဆယ်ထည်ယူခဲ့၊ သွားကြစို့"

"၁,၉၀၀ က တစ်ပြားမှ မလျှော့ပါဘူးရှင့်"

နီလာစိုးပြောရသည်မှာ သိပ်အရသာရှိနေသည်။

"ဟင် ... ဘယ်လိုလဲ၊ ၁၇ အရင်းဆိုရင် တစ်ထည်တစ်ရာမြတ်နေတာပဲ၊ လောဘကြီးလိုက်တာ"

"ကျွန်မဝယ်ထားတာ စောလို့ ၁၇ အရင်းရှိတာပဲ၊ အခုဘယ်မှာဝယ်ဝယ် ဒါ၉၄ ဈေး ၁၈ အရင်းရှိပါတယ်။ လောဘကြီးတာ မဟုတ်ပါဘူးရှင့်၊ အများရောင်းတဲ့ ပုံမှန်ဈေးပဲ ခေါ်ထားတာပါ။ မယုံရင် အခြားဆိုင်တွေ လိုက်မေးကြည့်လိုက်ပါဦး၊ ၂,၅၀၀ က စ ခေါ်ပြီး နှစ်ထောင်နဲ့ ရောင်းပါလိမ့်မယ်"

"လာကွာ ... သွားကြစို့ မဝယ်နဲ့"

ယောကျ်ားကြီးက ထွက်သွား၍ မိန်းမကြီးမှာ လက်ထဲကိုင်ထားသော ဘောင်းဘီများကို တဆဆလုပ်နေပြီးမှ ချထားခဲ့သည်။

လင်မယားနှစ်ယောက်လျှောက်သွားပြီး ဈေးပေါက်မှ ထွက်သွားကြသည်နှင့် ဆိုင်နီးနားချင်းများက တဝါးဝါး တဟားဟားရယ်ပြီး နီလာစိုးကို ချီးကျူးကြသည်။

နီလာစိုး တပြုံးပြုံးနှင့် သဘောကျနေသည်။

ခဏအကြာ ဆိုင်နီးချင်းများ မေ့လောက်ချိန်ရောက်မှ မျက်စောင်းထိုးဆိုင်မှာရှိသော ကိုသက်အောင် ဆိုင်သို့ လှမ်းကြည့်လိုက်သည်။

သက်အောင်ကလည်း ကြည့်နေသည်နှင့် ဆုံမိကြသည်။ နီလာစိုးက လင်းလက်နေသော မျက်လုံးကလေးများကို တစ်ချက်ဝင့်၍ ရုက်စနိုးစွာ မျက်လွှာချခြင်းနှင့်အတူ အပြုံးလေးတစ်ပွင့်ပေးလိုက်သည်။

သက်အောင် ရင်ထဲမှာ လျင်မြန်စွာ လှုပ်ခတ်သွား၏။

"ဒါဟာ ငါတို့နှစ်ယောက်ရဲ့ ရှေ့ရေးအတွက် ဈေးဦးပေါက်ကောင်းတဲ့ အကြည့်လေးနဲ့ အပြုံးလေး" ဟု မှတ်ချက်ချရင်း သက်အောင်တစ်ကိုယ်လုံး အပျော်လေးများ ဖုံးသွားသည်။



# ဥဒါန်းကမ္ဘည်း

နှင်းဝေဌေး

ဘုန်းရှိန်နှစ်ခဲ့ရတဲ့
အင်္ဂလိပ်–မြန်မာသုံးကြိမ်စစ်ကတော့
နယ်ချဲ့ရဲ့ နှလုံးအလိမ်အညစ်နဲ့ စစ်ပွဲပေါ့ဗျာ။

(၁)
ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲ
တိုင်းပြည်ဖရိဖရဲရယ်နဲ့
အချို့နယ်များဟာ
ဗြိတိသျှအင်ပါယာလက်အောက်
သွတ်သွင်းရောက်ခဲ့။

(၂)
ဒွေကြေးအတိမ်အနက်
တိမ်ဝုက်လှည့်စား ချစ်တီးယားတို့
ဘဏ်များဖွင့်လှစ် စီးပွားဖြစ်ကြံ
အခြေခံဒွေကြေးစနစ် အသက်သွင်းခဲ့။

(၃)
ဒုတိယအင်္ဂလိပ်–မြန်မာစစ်မှာ
နှံနစ်ခဲ့ရတဲ့ တိုင်းပြည်ဟာ
နာလန်ထူစရာမရှိ ပကတိမငြိမ်မသက်
ဓားတလက်လက်၊ ချွေးအစက်စက်
အသက်ပေးခဲ့တဲ့ သွေးစက်တွေဟာ
အောက်မြန်မာပြည်မှာ စွေခဲ့ပေါ့။

(၄)
ဒီလိုအခြေအနေမှာပင်
အကွက်ဝင်တဲ့ မင်းတုန်းမင်းဘုရား
တော်ဝင်ဒင်္ဂါးစက်ရုံတည်ထောင်
တရားဝင်ငွေများဖြစ်အောင် ကြိုးစား
စက်များဖြင့်သွန်းလုပ် ရိုက်နှိပ်
ဒေါင်းတံဆိပ်ဒင်္ဂါးဟာ
ရာဇဝင်မှာ တွင်ခဲ့တယ်။

(၅)
တတိယအင်္ဂလိပ်–မြန်မာစစ်
ဗမာတစ်ပြည်လုံး မီးဟုန်းဟုန်းတောက်
ကျွန်သပေါက်မှ မလွတ်ကင်း
သွတ်သွင်းခြင်းခံရ
ဗြိတိသျှအင်ပါယာအတွင်းမှာ
ရှမ်းငွေများမှာ ကျပ်ငွေအဖြစ်အစားထိုး
တန်ဖိုးတိုးလာခဲ့တယ်။

(၆)
ခေတ်စနစ်ရဲ့ အခြေခံ
စီးပွားမြေလှန်ရှာတော့
လယ်ယာကိုင်းကျွန်းသစ်တောသယံဇာတ
ပေါကြွယ်ဝတဲ့ မြန်မာပြည်မှာ
ထင်ရာစိုင်းလုပ်
ဗြိတိသျှကုလားဖြူယုတ်တွေကြောင့်
စီးပွားရေးမှာ စုပ်စုပ်မြုပ်ခဲ့။

(၇)
အရင်းရှင်ခေတ်စီးပွားရေး
ကိုလိုနီခေတ်စီးပွားရေး
ပါလီမန်ဒီမိုကရေစီ စီးပွားရေး
အဲဒီအရေးတွေရဲ့ နိဂုံး
၁၉၄၇ မှာ အဆုံးသတ်ခဲ့။

(၈)
၁၉၆၂ ခုနှစ်
ပြောင်းလဲဖြစ်တဲ့ ခေတ်တစ်ခေတ်
ဆိုရှယ်လစ်လမ်းစဉ်ကို လက်ကိုင်
ဘီအိုစီရေနံကုမ္ပဏီပိုင်ကို
နိုင်ငံပိုင်အဖြစ် သိမ်းယူ
ပုဂ္ဂလိကလုပ်ငန်းဟူသမျှ
ဘာမှမလုပ်ရဟုသတ်မှတ်
ဒါစီးပွားရေး မက်သဒ်တစ်ခုလားလေ။

(၉)
ဟိုယခင်. . .
ကျောင်းသားသပိတ်ဗိုလ်အောင်ကျော်
ယနေ့ခေတ်ပေါ်ဘုန်းမော်
ဟိုးလေးကျော်ခဲ့တဲ့ ၈၈ အရေးခင်း
မင်းမဲ့စရိုက်လက်အတွင်းမှာ
စစ်အာဏာခင်းလို့ သိမ်းပိုက်ခဲ့။

(၁၀)
နဝတအစိုးရအဖြစ် ရပ်တည်
ဦးတည်ချက်များချမှတ်
ဈေးကွက်စီးပွားရေးစနစ်ကို
ဥပဒေသစ်များပြဋ္ဌာန်း
တိုးတက်မှုလမ်းကြောင်းကို ရှာဖွေခဲ့။

(၁၁)
နအဖအဖြစ် ပြောင်းလဲခံယူ
တစ်နိုင်ငံလုံးဆန္ဒခံယူပွဲကျင်းပ
ရဟန်းရှင်လူပြည်သူလူထု
အခြေခံဥပဒေအသစ်မှအစ
သောင်းသောင်းဖျဖျကြိုဆို
ဒီမိုကရေစီလမ်းကြောင်းကို ဖွင့်လှစ်နိုင်ခဲ့။

(၁၂)
တိုးတက်မှုဖြစ်စဉ်သမိုင်း
အာဆီယံအသိုင်းအဝိုင်းမှာ
နီးကပ်စွာပူးပေါင်းဖလှယ်
ကုန်သွယ်မှုကို အလေးထား
ဘဏ်များဖွင့်လှစ်ရန် သဘောတူညီခဲ့။

(၁၃)
ယနေ့ခေတ်ဒီမိုကရေစီ
သာတူညီမျှ ခံစား
အသင်းအဖွဲ့များ စုစည်းဝန်းရံ
အကြံဉာဏ်တွေ ပေါင်းစု
ပြည်ထောင်စုရဲ့ ဒေတာ
မြန်မာနိုင်ငံမှာ ထွန်းတောက်
နှစ်တစ်ရာတိုင် ခရီးရောက်ခဲ့ပေါ့။

(၁၄)
မြန်မာနိုင်ငံရဲ့. . .
ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း
ရိုင်းပင်းညီညာပြည်သာယာအောင်
ရွက်ဆောင်ကြိုးပမ်း မနားတမ်းလေ
ဆောင်ရွက်နေမှုအစုစုကို
သာခုခေါ်သည် . . .
နှစ်ပေါင်းကုဋေကဋ္ဌာတည်စေသော်။ ။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

## အသင်း၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းတည်ထောင်ခြင်း

၁။ နိုင်ငံတော်အစိုးရသည် နယ်စပ်ကုန်သွယ်ရေးကို တရားဝင်ခွင့်ပြုပြီး နယ်စပ်ကုန်သွယ်ရေးတွင်ပါဝင်သော ကုန်သည်များနှင့် အစိုးရအကြား ပေါင်းကူးသဖွယ်ဖြစ်စေရန်အလို့ငှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းကို သင်းဖွဲ့မှတ်တမ်းအပိုဒ် (၃) ပါ ရည်ရွယ်ချက်နှင့်အညီ အသင်းတည်ထောင်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။ ၁၃၅၂ ခု၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၁၉၉၀ ပြည့်နှစ်၊ မေလ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့တော်ခန်းမ၌ကျင်းပပြုလုပ်သော အသင်း၏အထွေထွေအစည်းအဝေးမှ သင်းဖွဲ့စည်းမျဉ်းသင်းဖွဲ့မှတ်တမ်းကို သဘောတူ အတည်ပြုနိုင်ခဲ့ပါသည်။ ၎င်းနောက် အများသဘောတူရွေးချယ်တင်မြှောက်ခြင်းခံရသည့် (ဦးလှစိန်၊ ဥက္ကဋ္ဌ) အပါအဝင် အမှုဆောင် ၂၄ ဦးက လက်မှတ်ရေးထိုးကာ အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကုန်သွယ်ရေးဦးစီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ ၁၃.၅.၁၉၉၀ ရက်စွဲပါလိုင်စင်အမှတ် ၄ ဖြင့် အသင်းကို ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကုန်သွယ်ရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ၆.၁၁.၁၉၉၀ ရက်စွဲပါမှတ်ပုံတင်အမှတ် ၃၆၁ ဖြင့် မှတ်ပုံတင် ခွင့်ပြုခဲ့ပါသည်။

၂။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ၂၉.၁.၁၉၉၂ ရက်စွဲပါ အသင်းဝင်အမှတ် ၆၄၉ ဖြင့် ညီနောင်အသင်းအဖြစ် ပူးပေါင်းပါဝင်ခဲ့ရာ ၁၈.၅.၂၀၁၅ ရက်မှစ၍ အသင်းဝင်အမှတ် လ–၀၉၅ ဖြင့် ရာသက်ပန်အသင်းဝင်အဖြစ် ဆက်လက်ပူးပေါင်းပါဝင်လျက်ရှိပါသည်။

၃။ နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းများ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းလက်တွဲပြီး (Public Private Partnership) အနေဖြင့် နယ်စပ်ဒေသစီးပွားရေး/ကုန်သွယ်မှုလုပ်ငန်းများ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ (Logistic Service) ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် တန်းတူညီမျှဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## အသင်းအမည်

၄။ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း"
"THE REPUBLIC OF THE UNION OF MYANMAR MUSE-NAMKHAM BORDER TRADE CHAMBER OF COMMERCE" ဖြစ်ပါသည်။

## အသင်းဖွဲ့စည်းပုံနှင့် အသင်းအင်အား

၅။ မူဆယ်–နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းအား

(၁) ပြည်နယ်ဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
(၂) ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
(၃) ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
(၄) ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
(၅) ဥက္ကဋ္ဌ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ရန်ကုန်မြို့နှင့်
(၆) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူဆယ်မြို့တို့က နာယကများအဖြစ် ဦးဆောင်လမ်းညွှန်မှုပြုလျက်ရှိပါသည်။

၆။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ နှစ်ပတ်လည် အခမ်းအနားနှင့် အသင်းသားစုံညီ အစည်းအဝေးကို နှစ်စဉ်ကျင်းပ၍ ရွေးချယ်တင်မြှောက်ပွဲကို နှစ်နှစ်တစ်ကြိမ်ကျင်းပခဲ့သော်လည်း ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ လမ်းညွှန်မှုဖြင့် ၂၃ ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် "မူဆယ်–နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေးကုန်သည်များအသင်း၏ သင်းဖွဲ့မှတ်တမ်းသင်းဖွဲ့စည်းမျဉ်းစာအုပ်" စာမျက်နှာ ၁၉၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ (က) ပါ အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ သက်တမ်းသည် တစ်ကြိမ်လျှင် သုံးနှစ်ဟု ပြင်ဆင်ခဲ့သည့်အတွက် ရွေးချယ်တင်မြှောက်ပွဲကို သုံးနှစ်တစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပါသည်။

၇။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ ၂၃ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးမှ ရွေးကောက်တင်မြှောက် သည့် (၂၀၁၇–၂၀၂၀) သက်တမ်းရှိသည့် ဗဟိုအလုပ်အမှုဆောင် ၃၆ ဦး၊ အလုပ်အမှုဆောင် ၃၇ ဦးဖြင့် ဖွဲ့စည်းထားပါသည်။

၈။ အသင်းစတင်တည်ထောင်သည့်အချိန်မှစ၍ ခေတ်အဆက်ဆက်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များမှာ

(၁) ဦးလှစိန် (အသင်းစတင်တည်ထောင်စဉ်

၁၉၉၀–၁၉၉၃)
(၂) ဦးချမ်း (၁၉၉၃–၁၉၉၆)
(၃) ဦးကျော်ဆွေ (၁၉၉၆–၁၉၉၉)
(၄) ဦးမောင်ရင် (၁၉၉၉–၂၀၀၃)
(၅) ဦးကြည်အောင် (၂၀၀၃–၂၀၀၅)
(၆) ဦးဟန်စိန် (၂၀၀၅–၂၀၁၃)
(၇) ဦးဌေးဦး (၂၀၁၃–၂၀၁၇) နှင့်
(၈) ဦးစိုင်းန္ဒ (၂၀၁၇–ယနေ့ထိ)
ဆောင်ရွက်လျက်ရှိပါသည်။

၉။ ၂၀၀၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အသင်းသားဦးရေစုစုပေါင်း ၇၇၆၄ ဦးရှိပါသည်။ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ကုမ္ပဏီပေါင်းမှာ ခန့်မှန်းတစ်ထောင်ကျော်ခန့်ရှိသည်။

၁၀။ အသင်းရုံးတွင် စာရေးဝန်ထမ်းလေးဦးနှင့် ညစောင့် အထွေထွေသန့်ရှင်းရေး ဝန်ထမ်းနှစ်ဦး စုစုပေါင်းဝန်ထမ်းခြောက်ဦးခန့်ထားပါသည်။

၁၁။ အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုလျင်မြန်ထိရောက်စေရန် အသင်းစတင်တည်ထောင်စဉ်က အသင်းရုံးကို (မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ် (ပန်ဆိုင်း)၊ လားရှိုး) စသည်ဖြင့် လေးရုံးဖွင့်လှစ်ခဲ့ပါသည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်း စတင်ဖွင့်လှစ်ပြီးသည့် နောက် ၁၉၉၇ ခုနှစ်တွင် (နမ့်ခမ်း၊ ကြူကုတ်(ပန်ဆိုင်း)၊ လားရှိုး) ရုံးများကို မူဆယ်ရုံးတွင် ပေါင်းစည်းပြီး မူဆယ်ရုံး တစ်ရုံးတည်းကိုသာ ဆက်လက်ဖွင့်လှစ်ခဲ့ပါသည်။ အသင်းရုံးအဆောက်အအုံမဆောက်လုပ်နိုင်မီကာလများတွင် မူ ဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နယ်စပ်ကုန်သွယ်ရေးရုံးတွင် အခန်းတစ်ခန်းတောင်း၍ ရုံးခန်းဖွင့်လှစ်ခဲ့ပါသည်။ ၎င်းနောက် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ တနလင်္ဂနေ့တွင် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးရှိ အကွက်အမှတ်–(၂၁) ၌ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းရုံးကို အောင်မြင်စွာဖြင့် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်များမှာ ၀၈၂-၅၀၆၄-၅၀၆၄၈၊ ၀၉-၅၂၃၂၂၅၀၊ ဖက်စ်နံပါတ် - ၀၈၂-၅၂၃၉၄ အီးမေးလ်-mnbtcc. musenam-kham@gmail.com တို့ဖြစ်ပါသည်။

## အသင်း၏ ရည်ရွယ်ချက်နှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ချက်များ

၁၂။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းကို ရည်ရွယ်ချက် ၁၁ ချက်ဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းမူဘောင်အတွင်းမှ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သော မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကြီးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း တစ်ခန်းတစ်ကဏ္ဍ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

၁၃။ နိုင်ငံတော်၏ လမ်းညွှန်ချက်ဖြင့် မိမိနိုင်ငံ၏ ထွက်ကုန်ပစ္စည်း (ပို့ကုန်) များကို
(က) မိမိနိုင်ငံဘက်မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်း ဈေးကွက်ဖြစ်ပေါ်စေရေး။
(ခ) မိမိနိုင်ငံသား (စိုက်ပျိုးထုတ်လုပ်တင်ပို့သူများ) ၏ အကျိုးစီးပွားကာကွယ် စောင့်ရှောက်နိုင်စေရေး။
(ဂ) ကုန်ပစ္စည်း (ပို့ကုန်) အမှန်တကယ် ဝယ်ယူသူ (ဝယ်လက်) သို့ တိုက်ရိုက်ရောင်းချနိုင်စေရေး။
(ဃ) မိမိနိုင်ငံ (ပို့ကုန်) ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ပြည့်မီပြီး သမာသမတ်ကျသည့် ဈေးနှုန်းများဖြင့် ဈေးကောင်းရရှိစေရေးအတွက် ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ ဒေသတွင်းနေ တိုင်းရင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်စေရေး ရှေးရှုလျက်

(က) ၁၅.၃.၂၀၀၆ ရက်တွင် ရေထွက်ကုန်ပစ္စည်းတင်ပို့သည့် "အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်" မှ ရေထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်ကိုလည်းကောင်း၊

(ခ) ၂၀.၇.၂၀၀၇ ရက်တွင် "သစ်သီးဝလံကုန်စည်ဒိုင်" ကိုလည်းကောင်း၊

(ဂ) ၂၉.၈.၂၀၀၉ ရက်တွင် "ပဲပြောင်း၊ နှမ်းနှင့်လယ်ယာထွက်ကုန်ပစ္စည်း ကုန်စည်ဒိုင်" ကို လည်းကောင်း၊

(ဃ) ၃၀.၁၁.၂၀၀၉ ရက်တွင် ရေထွက် ကုန်ပစ္စည်းတင်ပို့သည့် "ဟိန်းနဒီကုမ္ပဏီလီမိတက်" ကိုလည်းကောင်း

(င) ၆.၁၁.၂၀၁၁ ရက်တွင် "ကဏန်း လုပ်ငန်းရှင်များအသင်း" ကိုလည်းကောင်း၊

(စ) ၁၉.၃.၂၀၁၂ ရက်တွင် "ဆန်၊ စပါး ကုန်စည်ဒိုင်" ကိုလည်းကောင်း၊

(ဆ) ၂၀.၃.၂၀၁၃ ရက်တွင် "ငါးရှဉ့်လုပ်ငန်းရှင်များအသင်း" ကိုလည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ရာတွင် ဝိုင်းဝန်းကူညီပံ့ပိုးမှုများ ပေးခဲ့ပါသည်။

၁၅။ စားသုံးသူမြန်မာနိုင်ငံသားများ ပစ္စည်းအရည်အသွေးကောင်းမွန်စွာ အသုံးပြုနိုင်စေရန်အတွက်လည်းကောင်း၊ နိုင်ငံတော်မှရသင့်သည် အခွန်အခများရရှိနိုင်စေရန်အတွက်လည်းကောင်း အကောက်ခွန်ဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မူဆယ်–နမ့်ခမ်းနယ်စပ် ကုန်သွယ်ရေးကုန်သည်များ အသင်းသည် ဈေးနှုန်း စိစစ်ကြီးကြပ်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် တကွ မြန်မာနိုင်ငံသားများနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းအရပ်ရပ်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက်သော်လည်းကောင်း၊ အစဉ်တိုးတက် ပြောင်းလဲနေသော ကမ္ဘာ့အဆင့်မီ စီးပွားရေးပညာ၊ ကူးသန်းရောင်းဝယ်ရေးပညာ၊ ဗဟုသုတအဝဝကို သိရှိလေ့လာနိုင်စေရန်သော်လည်းကောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့နှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၂၀၀၁ ခုနှစ်မှ စတင်၍ "မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်စည်ပြပွဲ" ၊ ၂၀၀၅ ခုနှစ်မှစတင်၍ "တရုတ်–တောင်အာရှကုန်စည်ပြပွဲ၊ နန်နင်း" အစရှိသည့် ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများသို့ နှစ်စဉ်ပါဝင်ပြသ/ လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါသည်။

၁၇။ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများအတွက် "အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်း"၊ "ကုန်သွယ်မှု မူဝါဒဆိုင်ရာသင်တန်း" တို့ကို သက်ဆိုင်ရာဌာနများဖြင့် အခါအားလျော်စွာ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၈။ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသအတွင်း၏ စီးပွားရေးအခြေအနေများနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် လာရောက်လေ့လာကြသည့် သံတမန်အဖွဲ့များ၊ ပြည်ပမှစီးပွားရေးပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို အခါအားလျော်စွာ လက်ခံတွေ့ဆုံပြီး မိမိတို့၏ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသအတွင်းရှိ စီးပွားရေးအခြေအနေများကို ရင်းနှီးစွာဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။

## ခရိုင်အဆင့်ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ

၁၉။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းသည် ဒေသတွင်း ခရိုင်အဆင့် ကျန်းမာရေး၊ ပညာရေးနှင့် အားကစားကဏ္ဍများတွင် တစ်ဖက်တစ်လမ်းမှ ပူး

ပေါင်းပါဝင်ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဒေသအတွင်းဖြစ်ပွားသည့် မီးဘေးသင့်ပြည်သူများ၊ ရေဘေးသင့်ပြည်သူများ၊ စစ်ဘေးရှောင်ပြည်သူများ၊ ကာလအလျောက်ကူးစက်လွယ်ရောဂါများ (ကာလဝမ်းလျှောရောဂါ၊ တုပ်ကွေးရောဂါ) ကူးစက်ခံရသည့် ပြည်သူများကို ကူညီပံ့ပိုးမှုပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ကုန်သွယ်ရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ

၂၀။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းသည် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ကုန်သွယ်ရေးဦးစီးဌာနကကျင်းပသည့် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး၊ ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများသို့ ပုံမှန်တက်ရောက်၍ ကုန်သည်လုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများကို တင်ပြဆွေးနွေးခြင်း၊ ပူးပေါင်းညှိနှိုင်းအဖြေရှာမှုတွင် ပါဝင်ကူညီဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## ဒေသတွင်းရှိ ရိုးရာပွဲတော်များတွင် ပါဝင်လှုံ့ဆိန်းမှုပြုခြင်း

၂၁။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းသည် ဒေသတွင်းကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် သက်ကြီးပူဇော်ပွဲ၊ စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှုံ့ဆိန်းပွဲ၊ သီတင်းကျွတ်ပွဲတော်၊ စုပေါင်းမဟာဘုံ ကထိန်ပွဲတော်နှင့် စုပေါင်းထမနဲထိုးပွဲတော်များတွင် တစ်ဖက်တစ်လမ်းမှ ပူး ပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## အသင်း၏ ရန်ပုံငွေရရှိမှုအခြေအနေ

၂၂။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းသည် အမြတ်အစွန်းများကို အသင်းသားများအား ခွဲဝေပေးခြင်းမပြုသော အဖွဲ့အစည်းဖြစ်သည့်အပြင် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်ရာ အသင်း၏လုပ်ငန်းများကို ပုံမှန်လှုပ်ရှား ဆောင်ရွက်နိုင်ရန်အတွက် အသင်းရန်ပုံငွေရရှိမှုပေါ်တွင် မှီတည်ပြီး ဘဏ္ဍာရေး စည်းမျဉ်းများ၊ အသင်းဖွဲ့စည်းမျဉ်းများနှင့်အညီ စနစ်တကျစီမံခန့်ခွဲထိန်းသိမ်း၍ သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။

၂၃။ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအနေဖြင့် စေတနာဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး အသင်းရုံးဝန်ထမ်းများကိုသာ လစာနှင့် စရိတ်များပေး၍ ခန့်အပ်ထားပါသည်။

၂၄။ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ ရန်ပုံငွေရရှိရန် ပုံမှန်နည်းလမ်းများမှာ အသင်းသားများ၏အသင်းဝင်ကြေးနှင့် နှစ်စဉ်ကြေးများ၊ စေတနာရှင်များ၏ လှူဒါန်းငွေများနှင့် ဘဏ်စုငွေမှအတိုးရငွေများသာ ဖြစ်ပါသည်။

၂၅။ ၎င်းနည်းလမ်းများဖြင့် ရန်ပုံငွေရရှိမှုမှာ အလွန်နည်းပါးသည့်အပြင် တိုးချဲ့ရှာဖွေရန် ခက်ခဲခြင်း အကန့်အသတ်ရှိသည့် နည်းလမ်းများဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းတိုးတက်များပြားလာသည်နှင့်အမျှ ပိုမိုကုန်ကျလာမည့် အသုံးစရိတ်များကို လောက်ငကာမိစေရန်အတွက် ရန်ပုံငွေပိုမိုရရှိရန် နည်းလမ်းကောင်းများ ရှာဖွေကြံဆောင်ရွက်လျက်ရှိပါသည်။



# အလျှော်ကောင်းသူမို့

မောင်ဆွေသက်

ကျွန်တော်သည် ငယ်စဉ်တောင်ကျေးကလေးဘဝကစ၍ စစ်သားဘဝကို အားကျခဲ့သည်။ အသက် ၁၈ နှစ်ပြည့်သည်နှင့် တပ်မတော်ထဲဝင်ခဲ့မိသည်။

တပ်မတော်ထဲမှ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရင်း ၁၉၇၇ ခုနှစ်တွင် အမှတ် (၇၇) ခြေမြန် တပ်မဌာနချုပ်သို့ ရောက်ရှိသည်။ နည်းဗျူဟာမှူး – ဒုတိယတပ်မမှူး စသည့်တာဝန်များ ထမ်းဆောင်ရင်း ပျော်မွေ့နေခဲ့သည်။

ထိုအချိန်ထိုကာလက ဗိုလ်မှူးကြီးဟူသောအဆင့်သည် ဝါရင့်စာရင်းဝင်သည်။ တပ်မမှူး – ဒုတိယတပ်မမှူး၊ နည်းဗျူဟာမှူး စသည်တို့အားလုံး ဗိုလ်မှူးကြီးအဆင့်သာဖြစ်၍ တာဝန်အရ ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ရသောခေတ်ဖြစ်သည်။

၁၉၆၂ ခုနှစ်မှစ၍ နိုင်ငံတော်တာဝန်ကိုယူခဲ့ကြသော တပ်မတော်ကလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ချမှတ်လျက် နိုင်ငံကိုတည်ဆောက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းရှိ လက်ဝဲနိုင်ငံများ ဆိုရှယ်လစ် စီးပွားရေးစနစ်ထူထောင်ရာတွင် အခက်အခဲဖြစ်နေသောကာလဖြစ်၍ မြန်မာနိုင်ငံအနေနှင့်လည်း ရုန်းကန်လှုပ်ရှားနေရသော အချိန်ဖြစ်သည်။

နယ်ဘက်ဌာနများသို့ အင်အားဖြည့်ရန် အမိန့်နာခံတတ်မှု အသားကျနေသော တပ်မတော်မှ ဝါရင့်အရာရှိများ စေလွှတ်ရာတွင် ကျွန်တော်လည်း ပါသွားသည်။ ကေဒါမြို့ပ်နှံရေးပေါ်လစီဟု ဆိုကြသည်။

မြန်မာနိုင်ငံမှာ တာဝန်အကြီးဆုံး၊ လုပ်ငန်းပမာဏအများဆုံးဖြစ်သော ကုန်သွယ်လယ်ယာ (လယ်ယာ ကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းကော်ပိုရေးရှင်း) သို့ ဦးဆောင်ညွှန်ကြားရေးမှူးချုပ်အဖြစ် ကျွန်တော့်ကို ပို့လိုက်သည်။ ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဖြစ်ပါ၏။

ကျွန်တော်သည် ငယ်စဉ်က အမေကျွေးသောထမင်းကိုစားသည်။ ထမင်းအိုးတစ်လုံးကျက်အောင် မတည်တတ်။ စစ်သားဖြစ်လာသောအခါလည်း စုဝေးသွားလာ ချက်ပြုတ်စားသောက်ကြသည်မို့ စပါးတစ်ပင်ဖြစ်အောင် မစိုက်ပျိုးတတ်ခဲ့၊ ထမင်းတစ်အိုး မတည်တတ်ခဲ့၊ ရုတ်တရက် နယ်ဘက်သို့ ရောက်လေသော အခါ စပါးတစ်ပင်ဖြစ်ဖို့၊ ဆန်တစ်စေ့ဖြစ်အောင် ကြိတ်ခွဲဖို့ ကျွမ်းကျင်မှု မရှိ။

သို့သော် ကျွန်တော့်အဖို့ အသိုင်းအဝိုင်းကောင်းသည်။

အထွေထွေအုပ်ချုပ်မှုကိစ္စများအတွက် ဒုဗိုလ်မှူးကြီးဝင်းအောင်၊ ဆန်စပါးကျွမ်းကျင်သူအဖြစ် ဦးတိုးကြည်၊ ပဲမျိုးစုံအတွက် ဦးဝင်းမောင်၊ ဆန်စက်၊ ပဲခွဲစက်အားလုံးအတွက် အင်ဂျင်နီယာဒုဗိုလ်မှူးကြီးအုန်းခင်၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်ပသဘော်ဘင်ကျွမ်းကျင်သူ ဦးခင်မြင့်ဟူသော ကျွမ်းကျင်ပညာရှင် ငါးဦးကို အားကိုးရသည်။

တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်ချိန်က တိုက်ပွဲကြီးငယ်အဆင့်ဆင့်ကို ရာထူးအလိုက် အရှုံးမရှိခဲ့ဖူးသော ကျွန်တော်၊ ကုန်သွယ်လယ်ယာရောက်မှ အရှုံးဟူသော စကား ကြားခဲ့ရပြီ။

ဆိုရှယ်လစ်နိုင်ငံဟူသည် လယ်သမား၊ အလုပ်သမားကို အခြေခံအင်အားစုအဖြစ် အားပြုရသည်။ တောင်သူလယ်သမားအခွင့်အရေး ဦးစားပေးရသည်။ အစိုးရသတ်မှတ်ထားသော စပါးဈေးပေးဝယ်ရသည်။ အမြတ်ရလိုစိတ်နှင့် ဈေးနှိမ်၍ လျှော့၍ ဝယ်ယူခွင့်မရှိ။

စပါးဝယ်၊ ဆန်ကြိတ်၊ သယ်ယူရွှေ့ပြောင်းစရိတ်တွေ လျှော့ပေးလို့မရ၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ချမှတ်ထားသောမူအရ၊ စပါးထုတ်လုပ်သောနိုင်ငံမှ ပြည်သူတစ်ရပ်လုံးစားသုံးရန် အဓိကဆန်ကို ကုန်သွယ်လယ်ယာက တာဝန်ယူရမည်။ ဆန်ဈေးကိုလည်း တစ်ပြည်လုံး တစ်ပြေးညီဖြစ်ရမည်။

သည်လိုတာဝန်ယူရသော ကုန်သွယ်လယ်ယာ နှစ်စဉ်အရှုံးပေါ်နေသည်။ ဘာကြောင့်လဲ အဖြေရှာရမည်။

၁၉၈၃–၈၄၊ ၁၉၈၄–၈၅ ကုန်သွယ်လယ်ယာ အရှုံးပေါ်နေခြင်းကို ဆိုရှယ်လစ်လွှတ်တော်က အဖြေရှာဖို့ ကြိုးစားကြရပြီ။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ စီးပွားရေးရာဌာနကြီးမှူး ဦးသန်းလှိုင်ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော လေ့လာရေးအဖွဲ့ကိုဖွဲ့သည်။

မြန်မာနိုင်ငံစီးပွားရေးဆိုင်ရာများတာဝန်ယူကြရသော ကော်ပိုရေးရှင်းများကို တစ်ခုချင်း ခေါ်ယူတွေ့ဆုံသည်။ မေးခွန်းတွေမျိုးစုံမေးသည်။ အရှုံးပေါ်သောစီးပွားရေးအဖွဲ့အစည်းများကိုတော့ အရှုံးပေါ်ရသည့်အကြောင်းရင်း၊ ဖြေရှင်းနိုင်မည့်နည်းလမ်း စသည်တို့ကိုမေးကြသည်။ ကျေနပ်လောက်သော အဖြေရမှ ရပ်နားသည်ဟု သိရသည်။

တကယ်တော့ ဤလေ့လာအဖြေရှာရေးအဖွဲ့က တာဝန်ကြီးလှပါသည်။ ယင်းတို့လေ့လာတွေ့ရှိချက်များကို အသေးစိတ်ညှိနှိုင်းကြပြီး ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်ဟုဆိုသည်။

ကျွန်တော်တို့အလှည့်မကျမီ နံနက်ပိုင်းမှာ စီးပွားရေးဌာနကြီးတစ်ခုနှင့် တွေ့သည်။ ဒုတိယဝန်ကြီးတစ်ဦးကိုယ်တိုင် ဦးဆောင်လာကြပြီး ဤလေ့လာရေးအဖွဲ့တို့သိလိုသမျှ အသေးစိတ်တင်ပြကြသည်ဟုဆိုသည်။

နံနက် ၉ နာရီမှစ၍ မေးကြဖြေကြနှင့် ၁၂ နာရီထိုးသည်အထိ စိတ်တိုင်းကျ အဖြေမရကြသေးသောအခါ နောက်တစ်နေ့ နံနက် ၉ နာရီသို့ ဆက်လက်ချိန်းဆိုလိုက်ရသည်ဟုဆိုပြန်သည်။

မွန်းလွဲ ၁ နာရီတွင် ကျွန်တော်တို့ကုန်သွယ်လယ်ယာအဖွဲ့အလှည့်။

တကယ်တော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံတိုင်းမှာ အရာရာတွင် စီမံကိန်းအတိုင်းဖြစ်စေရသည်။ အထူးသဖြင့် စီးပွားရေးနှင့် ဆက်နွယ်သော လုပ်ငန်းတိုင်းစီမံကိန်းကျဖြစ်ရသည်။ ပုဂ္ဂလိကစီးပွားရေးသမားများ လူပ်ရှားမှုမရှိရသော နိုင်ငံမှာ အရာရာ စီမံကိန်းကျ ဖြစ်ရမည်ဟူသော သီအိုရီ (THEORY) အတိုင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ အခြေခံလူတန်းစားသည် လယ်သမားဖြစ်သည်။ လယ်သမားတို့ စိုက်ပျိုးထွက်ရှိသော စပါးကို ပုဂ္ဂလိကကုန်သည်ပွဲစားဝယ်ယူခွင့်မရှိ၊ ကုန်သွယ်ရေးဝန်ကြီးဌာန

လက်အောက်မှ ကုန်သွယ်လယ်ယာသာလျှင် ဝယ်ခွင့်ရှိသည်။ သိုလှောင်ကြိတ်ခွင့်ရှိသည်။ ပြည်တွင်းဖြန့်ခြင်း၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်းတို့ တာဝန်ရှိသည်။

ထို့ကြောင့် ဆိုရှယ်လစ်ခေတ်က ဆန်စပါးလုပ်ငန်းအဆင့်ဆင့်အတွက် မှတ်ရလွယ်စေသောစာချိုးလေးရှိသည်။ စိုက်ဧက၊ အောင်ဧက၊ အထွက်နှုန်း၊ အထွက်၊ အလေအလွင့် ဝမ်းစာ၊ မျိုးစပါးဖယ် ... ကျန်တာအကုန်ဝယ် .... ဟူသော စာချိုးလေးက ဆန်စပါးလောကမှာ ရေပန်းစားသည်။

စိုက်ပျိုးမြေမှ အထွက်နှုန်းအရ ထွက်သမျှစပါးများအားလုံးကို သယ်ယူကိုင်တွယ်စဉ် အလေအလွင့်နှင့် လယ်သမားစားရန် ဝမ်းစာ၊ နောက်နှစ်စိုက်ပျိုးရန် မျိုးစပါး ချန်လှပ်ပြီး ကျန်တာအကုန်ဝယ်ရမည်ဟူသော စာချိုးဖြစ်သည်။

ဤကဲ့သို့ ပြိုင်ဘက်မရှိ စပါးဝယ်–ကြိတ်ခွဲ– ဆန်ဖြန့်ရသော ကုန်သွယ်လယ်ယာက အမြတ်မရဘဲ အရှုံးပေါ်သည်ဆိုခြင်းမှာ ဆိုရှယ်လစ်စီးပွားရေးသီအိုရီအရ မဖြစ်သင့်ဟု ဆိုကြသည်။

ဘာကြောင့်ကုန်သွယ်လယ်ယာအရှုံးပေါ်ရသလဲ သိဖို့လိုသည်။ ထိုအမေးကို မေးဖို့ လွတ်တော်ကိုယ်စားလှယ် စီးပွားရေးကော်မတီဝင်များ ခန်းလုံးပြည့် နေရာယူထားကြသည်။

ခန်းမကြီးထိပ်မှာ လမ်းစဉ်စီးပွားရေးရာ ကော်မတီအတွင်းရေးမှူး ဦးသန်းလှိုင်က နေရာယူထားသည်။

သဘာပတိကြီးနှင့် ကော်မတီများအကြား ဘေးတစ်စောင်းမှာ စားပွဲတစ်လုံးနှင့် ကျွန်တော့်ကို နေရာပေးထားသည်။

နေ့လယ် ၁ နာရီထိုးသည်နှင့် ပွဲကစပြီ။ သဘာပတိကြီးက စကားစဆိုသည်။

"အခု ဒီခန်းမထဲမှာ စုဝေးနေကြတဲ့ ပုဂ္ဂိုလ်တွေကတော့ ပြည်သူ့လွှတ်တော် စီးပွားရေးလေ့လာမှုအဖွဲ့ဝင်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီက လေ့လာတွေ့ရှိချက်များအရ ကုန်သွယ်လယ်ယာက နှစ်စဉ်အရှုံးပေါ်တဲ့သဘောတွေ့ရပါတယ်။ ဒီလိုအရှုံးပေါ်ရတာဟာ ဘာကြောင့်ဘယ်လိုဖြစ်ရတယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်" ဟု အဖွင့်မိန့်ခွန်းပြောသည်။

ထိုအခါမှ ကျွန်တော်တာဝန်ယူရသော ကော်ပိုရေးရှင်းမှ ဝယ်ယူရသော စပါးတင်းရေ၊ ဒိုင်အရေအတွက်၊ ဝယ်ယူစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်၊ ပြည်တွင်းဖြန့်ချိရသော ဆန်တန်ချိန်နှင့် ရောင်းချရသည့် ငွေပမာဏ၊ ပြည်ပသို့တင်ပို့ရသော ဆန်တန်ချိန်နှင့် ရရှိသော နိုင်ငံခြားငွေ စသည့် နှစ်နှစ်အတွက် စာရင်းဇယားများနှင့် ပြုစုထားသော စာမျက်နှာ ၃၆ မျက်နှာပါ စာစောင်လေးများ လူစေ့လိုက်ဝေလိုက်ရပါသည်။

ပြီးမှ အကျဉ်းချုပ် နှုတ်ဖြင့်တင်ပြရပါသည်။

ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးနေသောနိုင်ငံဖြစ်၍ ပြည်သူလူထုစားဝတ်နေရေး တာဝန်ယူရမည်ဟူသောမူအရ မြန်မာပြည်ရှိလူဦးရေအားလုံးထံ စားသုံးဆန်အရောက်ပို့ရန် မူချမှတ်ထားပါကြောင်းမှ အစချီလျက် ပြည်တွင်းပြည်ပဆန်ရောင်းချမှုကို တင်ပြရပါတော့သည်။

## ပြည်တွင်းဆန်ဖြန့်ချိရေး

စပါးအိုးဟုခေါ်သော ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း သုံးတိုင်းမှ စပါးပေါ်ချိန်တွင် အထက်အညာဒေသများ၌ စပါးများ လှိုင်လှိုင်မပေါ်သေး၊

အညာဒေသမှ စပါးပြတ်လပ်သော အချို့ဒေသတွင် ဆန်၊ ပဲ၊ ပြောင်း သုံးမျိုးရောရ၍ 'သုံးလွန်းတင်' ဟု ခေါ်သော ရိက္ခာကို စားရသည်လည်းရှိကြောင်း၊

ပုဂ္ဂလိကစီးပွားရေးခေတ်က အောက်ပြည်မှဆန်ကို သယ်ပို့သော ကုန်သည်များက စရိတ် စုစုပေါင်းတွက်၍ သင့်တော်သော အမြတ်နှင့် ရောင်းချသည်လည်းရှိကြောင်း၊

ဆိုရှယ်လစ်ခေတ်ရောက်သောအခါ စပါးထွက် နောက်ကျသောဒေသသို့လည်း

အချိန်မီဆန်တင်ပို့၍ ဖြန့်ဖြူးပေးရကြောင်း၊

ဒေသထွက်စပါးပေါ် မူတည်၍ စားသုံးဆန်စျေးနှုန်းကို အစိုးရက သတ်မှတ်ထားပါကြောင်း၊

| ဥပမာ | ဒေသ | အခြေခံစျေးနှုန်း |
|---|---|---|
| ရန်ကုန် – | အင်းစိန် | ၆၂ ကျပ် ၀၈ ပြား |
| | မင်္ဂလာဒုံ | ၆၂ ကျပ် ၀၈ ပြား |
| ကချင် – | မြစ်ကြီးနား | ၆၃ ကျပ် ၁၅ ပြား |
| | ဝိုင်းမော် | ၆၃ ကျပ် ၁၅ ပြား |
| စစ်ကိုင်း – | ကလေး | ၆၂ ကျပ် ၀၈ ပြား |
| | ကျွန်းလှ | ၆၂ ကျပ် ၀၈ ပြား |

အညာဒေသစပါးမပေါ်မီ ဆန်ရှားပါးချိန်မှာ ကုန်သည်က ပို့သောဆန်ကို စျေးကြီးဝယ်စားလိုစား၊ သုံးလွန်းတင်ဆန် စားလိုစား၊ ပြဿနာမရှိ၊ ဆိုရှယ်လစ်ခေတ်တွင် အစိုးရက တာဝန်ယူရမည်။ ဆန်မပြတ်လပ်စေရ၊

ထို့ကြောင့် အောက်ပြည်မှဆန်တင်ပို့စရိတ်ကို ကုန်သွယ်လယ်ယာက ကျခံရမည်။ အထက်မှာ စပါးထွက်ချိန်၊ အောက်ပြည်သို့ ပြန်သယ်ရန်လိုလျှင် သယ်စရိတ် ကုန်သွယ်လယ်ယာမှ ကျခံရမည်။ စရိတ်နှစ်ခါကျခံရသည်က ကုန်သွယ်လယ်ယာဖြစ်ကြောင်း ရှင်းပြလိုက်သောအခါ ကိုယ်စားလှယ်ကြီးများ စိတ်ပါဝင်စားစွာ နားထောင်နေကြပါသည်။

ပြီးမှ ကျွန်တော်က စကားဆက်ရပြန်သည်။

## ပြည်ပဆန်တင်ပို့ရေး

မြန်မာ့ဆန်များ ကမ္ဘာသို့ရောင်းချနိုင်ရေးအတွက် MEIC ခေါ် မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းကော်ပိုရေးရှင်းက စျေးကွက်ရှာရသည်။

ဆန်ဝယ်မည့် ကုန်သည်နှင့်ဆက်သွယ်မိသောအခါ ကျွန်တော်တို့အဖွဲ့နှင့် ပူးပေါင်းလျက် တွေ့ဆုံဆွေးနွေးကြရသည်။ ဆန်ဝယ်လိုသူကလည်း စျေးဆစ်သည်။ ကျွန်တော်တို့ကလည်း ရသမျှစျေးတင်တောင်းဆိုရသည်။

ဆန်တစ်တန်ချင်း ဆယ်ဒေါ်လာ–ငါးဒေါ်လာ စဆစ်သည်။ ဆစ်မရလျှင် သုံးဒေါ်လာဆစ်ပြီး၊ မရသည့်အဆုံး တစ်ဒေါ်လာလျှော့ရန် ဆစ်လာသောအခါ ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူးများမှာ လုပ်ပိုင်ခွင့်မရှိ၊ ဝန်ကြီးထံတင်ပြရသည်။ ဝန်ကြီးသဘောတူမှ ဆန်တစ်တန်ကို တစ်ဒေါ်လာလျှော့ခွင့်ရသည်။ အကယ်၍ ကျွန်တော်တို့တောင်းသောစျေးမှသုံးဒေါ်လာဆစ်လာလျှင် ကုန်သွယ်ရေးဝန်ကြီးမှာ ဆုံးဖြတ်ပိုင်ခွင့်အာဏာမရှိ။ ဝန်ကြီးချုပ်ရုံးသို့ အပြေးသွား၍ တင်ပြရသည်။ လမ်းညွှန်မှုခံယူရသည်။

သည်လိုစီးပွားရေးဆန်ဆန် စျေးခေါ် စျေးဆစ်ကြပြီး နောက်ဆုံးအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးနောက် သင်္ဘောပေါ်သို့ ဆန်တင်သောအချိန်မှာ အရေးကြီးသည်။

ဆန်တွေတင်ယူမည့် သင်္ဘောဆိုက်ကပ်မည့်ရက်ကို အနီးကပ်ဆုံးတွက်ချက်၍ ကျွန်တော်တို့ထံ အကြောင်းကြားရသည်။ သို့မှသာ သင်္ဘောဆိုက်ကပ်ချိန်၊ တင်ပို့မည့်ဆန်အသင့်ဖြစ်ရမည်။

သင်္ဘောဆိုက်ချိန်မှာလည်း သင်္ဘောကုန်းပတ်ပေါ်တွင် ဆန်တင်ရမည့်အပေါက် Hatchway ဘယ်နှခုဖွင့်လျှင် ၂၄ နာရီအတွင်း ဆန်တန်ချိန်မည်မျှတင်ရမည် ဟူ၍ သတ်မှတ်ချက်ရှိသည်။ ကုန်တင်ပေါက်အချိန်ပြည့်မဖွင့်လျှင် သူတို့အပြစ်၊ သတ်မှတ်ကုန်ပေါက်ဖွင့်ပေးပါလျက် ဆန်ပြတ်လပ်၍ မတင်နိုင်လျှင် ကျွန်တော်တို့အပြစ်၊ နာရီပိုင်းနှင့် တန်ချိန်နှင့်တွက်၍ ဒေါ်လာဖြင့်လျော်ရသည်။

ပြည်ပမှလာသည့် ဆန်တင်သင်္ဘောကပ္ပတိန်များနှင့် အထွေထွေမန်နေဂျာ ဦးခင်မြင့်က ပညာပြိုင်နိုင်သည်။ နာရီပိုင်းက စမှတ်၍ သင်္ဘောတင်စည်းမျဉ်းစည်းကမ်းများကို အလွတ်ရွတ်လျက် ပညာပြိုင်ကြသည်။ ဆန်တင်သင်္ဘောဆယ်စီးဝင်လာလျှင် ခြောက်စီးလောက်ကို ကျွန်တော်တို့က အသာစီးရသည်။ ဒေါ်လာနှင့်လျော်ကြေးရသည်။



ထို့ကြောင့် လစဉ်ဆန်တင်ပို့မှုမှ ကျွန်တော်တို့ ဒဏ်ကြေးငွေဒေါ်လာနှင့် အမြဲအမြဲတမ်းရသည်။ သည်လိုဆန်တင်ပို့မှုမှာ အမြဲတမ်းထွက်သော်လည်း ပြည်တွင်းဆန် ဖြန့်ဖြူးရာမှာ ကုန်သွယ်လယ်ယာ လစဉ်အရှုံးပေါ်သည်။ အောက်ပြည်ကဆန် အညာပို့၊ အညာကဆန် အောက်ပြည်ပြန်ပို့ရသော ပို့ဆောင်ရေးစရိတ်က ထိခိုက်လှသည်။

မည်သို့ဆိုစေ ပြည်သူပိုင်ခေတ်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးသည်။ ပြည်သူလူထုအခြေခံစားသောက်ကုန်ကို ကုန်သွယ်ရေးက တာဝန်ယူရသည်။ စားသုံးဆန်ကို တစ်ပြည်လုံး တစ်ညီတည်းသော ဈေးနှင့် ရောင်းချရမည်ဟူသောမူကို လိုက်နာရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုက်ရပါတော့သည်။

တစ်နာရီနှင့် မိနစ်သုံးဆယ်ကြာ တောက်လျှောက်ရှင်းပြလိုက်ရပါသည်။ ကိုယ်စားလှယ်ကြီးများ ခေတ္တငြိမ်နေကြသည်။

ပြီးမှ တစ်ယောက်က ထသည်။

"MD ကြီးခင်ဗျား၊ ကျွန်တော်တို့နိုင်ငံဟာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အခြေခံလျက် ဆိုရှယ်လစ်နိုင်ငံတော်ကြီးတည်ဆောက်ဖို့ ကြိုးစားနေတဲ့ကာလဖြစ်ပါတယ်။ ဒီအချိန်မှာ နိုင်ငံစီးပွားရေးအတွက် အဓိကတာဝန်ယူရတဲ့ ကုန်သွယ်လယ်ယာက အရှုံးပေါ်နေတယ်ဆိုတာသိရလို့ ကျွန်တော်တို့စီးပွားရေးကော်မတီတစ်ဖွဲ့လုံး စိတ်ပူပန်မှုဖြစ်ခဲ့ရပါတယ်။ အခု MD ကြီးရှင်းပြပြီးရင် မေးခွန်းတွေမေးဖို့ အချက်သုံးဆယ်ကျော်ပြင်လာခဲ့ပါတယ်။ ဒါပေမဲ့ ရှင်းပြတာတွေ နားထောင်အပြီးမှာ မေးခွန်းတွေမေးဖို့ မလိုတော့ဘူးဆိုတာ သဘောပေါက်ကြပါတယ်။ တစ်ခုပဲမေးဖို့ ကျွန်တော်နဲ့ ကျွန်တော့်ရဲဘော်တွေသဘောတူလိုက်ကြပါတယ်။ ပြည်ပရောင်းချတဲ့ ဆန်တင်ပို့ရာမှာ အမြဲတမ်းရပါလျက်နဲ့ ပြည်တွင်းဆန်ဖြန့်ဖြူးရာမှာ အရှုံးခံပြီး ဖြန့်နေရတယ်ဆိုတော့ ... ပြည်တွင်းဆန်ဈေးကို ဒေသအလိုက် တိုးသင့်တဲ့နေရာမှာ ဈေးနည်းနည်းတိုးမြှင့်ပြီး ဖြန့်ဖြူးဖို့ မစဉ်းစားဘူးလားခင်ဗျာ" ဟု မေးလာပါတော့သည်။

ကျွန်တော်အကြိုက်တွေ့ပြီ။

"ကိုယ်စားလှယ်ကြီးများ ခင်ဗျား၊ ဒီမေးခွန်းက ပေါ်လစီမေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့က ပါတီရဲ့လမ်းညွှန်မှုကို ခံယူလျက် တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းဖြစ်တယ်ဆိုတာ ကိုယ်စားလှယ်ကြီးများ အသိပါ။ ဒါကြောင့် ဒီပေါ်လစီမေးခွန်းကိုတော့ သဘာပတိကြီးကပဲ ဖြေကြားပေးပါရန် တင်ပြအပ်ပါသည်"

သဘာပတိကြီး ဦးသန်းလှိုင်က ထိုင်ရာမှထလျက် ကျွန်တော့်ကို တစ်ချက်ကြည့်သည်။ ပြီးတော့ ပြုံးသည်။ ပြီးတော့မှ စကားစသည်။

"ဒီနေ့ ကျွန်တော်တို့ဒီခန်းမမှာ ဆုံတွေ့ကြတာဟာ ဒီနိုင်ငံတော်ရဲ့ စီးပွားရေးအခြေအနေတွေကို လေ့လာဖို့ စုဝေးကြခြင်းဖြစ်ပါတယ်။ စီးပွားရေးဌာနတွေရဲ့ အခြေအနေကို အခုလိုလေ့လာကြပြီး တွေ့ရှိချက်တွေကို ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို တင်ပြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီနေ့လာရောက်ပြီး အသေးစိတ်ရှင်းပြတဲ့ ကုန်သွယ်လယ်ယာ MD ကြီးနဲ့ အဖွဲ့ကို ကျေးဇူးတင်ကြောင်းပြောကြားရင်း ရပ်နားပါတော့မယ်" ဟု ပြောရင်း ပြန်ထိုင်လိုက်ပါတော့သည်။

လွန်ခဲ့သော ၃၅ နှစ်ကဖြစ်ပါ၏။




# မြန်မာ့စားသုံးဆီဖူလုံရေး

ထွန်းအောင်ကျော် (ရွှေကိုင်းတော)

မြန်မာနိုင်ငံ၏ အခြေခံစားသောက်ကုန်မှာ ဆန်နှင့်ဆီ ဖြစ်သည်။ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ စက်မှုကုန်ကြမ်းနှင့် စားသောက်ဆိုင်များ၏ လိုအပ်ချက်မြင့်မားလာခြင်းတို့ကြောင့် စားသုံးဆီသုံးစွဲမှုမှာ တစ်နေ့တခြား မြင့်မားလာနေပြီဖြစ်သည်။ ယနေ့ခေတ်ကာလအရ ကမ္ဘာကြီးမှာ နယ်စည်းမခြားကမ္ဘာ့ရွာကြီးအလား ဖြစ်နေသဖြင့် အရာရာကို ကာလ၊ ဒေသ၊ ပယောဂဖြင့် ဝေဖန်ထောက်ဆ အဖြေရှာနေကြရသည့်ကာလဖြစ်နေသည်။

လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ စားသုံးသူတို့၏အသိအမြင်ဗဟုသုတများ၊ ကုန်ပစ္စည်း အရည်အသွေးများ၊ ဘေးကင်းလုံခြုံပြီး အာမခံချက်ရှိသော စိတ်ချရသည့် စားသောက်ကုန်များကို တောင်းဆိုလာနေပြီဖြစ်သည်။ ယနေ့ မြန်မာ့စားသုံးဆီ အခြေအနေမှာ သမိုင်းနှင့်ချီပြီး လိုအပ်လျက်ရှိနေသည့်အတွက် နိုင်ငံတော်အစိုးရ အဆက်ဆက်အနေဖြင့် ဈေးကွက်လိုအပ်ချက်နှင့် ကုန်ဈေးနှုန်းထိန်းသိမ်းရန်အတွက် အရည်အသွေးမြင့်စားသုံးဆီများကို နိုင်ငံတော်၏ခွင့်ပြုချက်၊ အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) ၏ စစ်ဆေးစမ်းသပ်လက်ခံချက်ဖြင့် စားသုံးသူများသို့ စနစ်တကျ ဖြန့်ဖြူးပေးနေသည်။ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း MEODA အနေဖြင့် စာချုပ်ပါအချက်များကိုက်ညီမှုရှိမရှိနှင့် သွင်းကုန် လုပ်ငန်းရှင် Importer ဟုတ်မဟုတ်သာ စစ်ဆေးထောက်ခံပေးနေသည်။

## စားသုံးဆီထုတ်လုပ်မှုနှင့် စားသုံးမှု

မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ သန်းကျော်ရှိပြီး၊ လူတစ်ဦး တစ်နေ့ဆီစားသုံးမှု ပျမ်းမျှနှစ်ကျပ်သားခန့်ဖြစ်သဖြင့် တစ်လစားသုံးမှုခြောက်ဆယ်ကျပ်သား၊ တစ်နည်းအားဖြင့် ၁၄ ကီလိုဂရမ်ဖြစ်ပြီး၊ တစ်နှစ်အတွက် ၁၂ ကီလိုဂရမ်ဖြင့် တွက်ပါက ၆၁၂,၀၀၀ မက်ထရစ်တန် လိုအပ်ပါသည်။ စက်မှုလုပ်ငန်းသုံးနှင့် စားသောက်ဆိုင်များ ၄၀၀,၀၀၀ မက်ထရစ်တန်ဖြစ်သဖြင့် စုစုပေါင်းတစ်နှစ် စားသုံးဆီ ၁,၀၀၀,၀၀၀ မက်ထရစ်တန် လိုအပ်နေပါသည်။ ပြည်တွင်းထုတ်လုပ်မှုမှာ ၄၀၀,၀၀၀ မက်ထရစ်တန်ဖြစ်သည့်အတွက် နှစ်စဉ်စားသုံးဆီလိုအပ်ချက်မှာ ၆၀၀,၀၀၀ မက်ထရစ်တန်ခန့်ဖြစ်ပါသည်။ ထိုကြောင့် နှစ်စဉ်ပြည်ပမှ စားသုံးဆီ ၆၀၀,၀၀၀ မက်ထရစ်တန်ခန့် မှာယူတင်သွင်းနေရဆဲ

ဖြစ်နေသည်။

သို့တိုင်အောင် ယနေ့မြန်မာနိုင်ငံ၏ တစ်နှစ်လုတစ်ဦးချင်း၏ ဆီစားသုံးမှုမှာ ၁၂ ကီလိုဂရမ်သာဖြစ်ပြီး၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မလေးရှားတွင် ၃၈ ကီလိုဂရမ်နှင့် ထိုင်းနိုင်ငံတွင် ၄၂ ကီလိုဂရမ်ဖြစ်နေသည်။ ကမ္ဘာ့လူတစ်ဦးချင်း ပျမ်းမျှစားသုံးမှုမှာ ၂၇ ကီလိုဂရမ်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ဆီစားသုံးမှုတစ်နှစ်ထက်တစ်နှစ် တိုးတက်လာမည်ဖြစ်သဖြင့် ဆီစားသုံးမှုဖူလုံရေးအတွက် Master Plan များ ချမှတ်ပြီး၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးခြင်းနှင့် အထွက်တိုးရေးအတွက် ကြိုးစားကြရမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့် အညီ စိုက်ပျိုးရေးထွက်ကုန် စားသုံးဆီအား ပြည်ပကမှာယူတင်သွင်းရာတွင် အကောက်ခွန်ကို သုညရာခိုင်နှုန်း သတ်မှတ်ထားသည်။ သို့သော် ပြည်တွင်းလုပ်ငန်းရှင် တချို့တလေ၏ စိုးရိမ်မှုလွန်ကဲမှုကြောင့် မိမိလုပ်ငန်းများ၊ အကျိုးစီးပွားများ ရှင်သန်ဖွံ့ဖြိုးရန်အတွက် ပြည်ပစားသုံးဆီတင်သွင်းမှုကို အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံရန် တောင်းဆိုမှုများရှိလာသည်။

အခွန်တိုးခြင်း၏ အဓိကအကျိုးမှာ ပြည်တွင်း စားသုံးဆီစျေးနှုန်းများ တစ်ဟုန်ထိုးမြင့်မားလာပြီး အဓိက လူများစုဖြစ်သည့် အခြေခံလူတန်းစားများ၊ ဝင်ငွေနည်း ပြည်သူများသာ အဓိကခံစားရမည်ဖြစ်သည်။ ထိုထက်မကဖြစ်လာမည်မှာ နယ်စပ်ဧရိယာရှည်လျားလှသော မြန်မာနိုင်ငံတွင်းသို့ အရည်အသွေးမမီသော စားသုံးဆီများ မသမာသောနည်းမျိုးစုံဖြင့် စီးဝင်လာမည်ဖြစ်သဖြင့် ပထမဆုံးကျန်းမာရေးဆိုးကျိုးခံစားရမည်မှာ ပြည်သူအများစုဖြစ်ပြီး ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားရသည်မှာလည်း ဝင်ငွေနည်းပြည်သူများသာဖြစ်ပါမည်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များလည်း ဆုံးရှုံးသွားမည်ဖြစ်သည်။

## လက်ရှိဆောင်ရွက်ဆဲနှင့် ရေရှည်ဆောင်ရွက်ရန်

စားသုံးဆီစျေးနှုန်းတည်ငြိမ်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ၂၀၁၁ ခုနှစ်၊ မေလမှစ၍ ပုဂ္ဂလိကကုမ္ပဏီများအား စားသုံးဆီတင်သွင်းမှု စနစ်တကျဖြစ်ရေးအတွက် Myanmar Inspection and Testing Services Ltd. (MITS) က စစ်ဆေးလက်ခံ၍ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ Food and Drug Administration (FDA) ၏ စစ်ဆေးခွင့်ပြုချက်ဖြင့် စားသုံးသူများထံ စနစ်တကျဖြန့်ဖြူးပေးလျက်ရှိနေသည်။

စားသုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးမှုနှင့် အရည်အသွေးပြည့်ဝပြီး လုံခြုံစိတ်ချရသည့် ဆီများ တင်သွင်းဖြန့်ဖြူးနိုင်ရန်နှင့် စားသုံးဆီတင်သွင်းမှုနှင့် ဖြန့်ဖြူးမှု ဈေးနှုန်းများအပေါ် စောင့်ကြည့် ကြပ်မတ်နိုင်ရန်အတွက် 'စားသုံးဆီတင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းကော်မတီ' ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိနေသည်။

ယခင် တင်သွင်းခဲ့သည့် စားအုန်းဆီ (CP 10) ထက် ပိုမိုအရည်အသွေးမြင့်သော (CP8) စားအုန်းဆီကို အဆင့်မြှင့်ပြီး တင်သွင်းဖြန့်ဖြူးစေခဲ့သည်။ ၂၀၁၇ ခုနှစ်၊ မေလတွင် မြန်မာနိုင်ငံကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း (MEODA) ၏ ကြီးကြပ်မှုဖြင့် 'စားသုံးဆီသုံးစွဲမှု အသိပညာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ' (EKDC) ကို ဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး အရည်အသွေးမြင့်မားသော စားသုံးဆီများ စနစ်တကျသုံးစွဲရေး စားသုံးဆီများနှင့် ပတ်သက်သည့် အသိပညာပေးရေးနှင့် ဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။ စားသုံးသူများယုံကြည်စိတ်ချစွာ စားသုံးနိုင်ရေးအတွက် ဘေးအန္တရာယ်ကင်း (Food Safety) အရည်အသွေးပြည့်မီ (Food Quality) ပြီး ပေးချေရသည့်တန်ဖိုးနှင့်ညီသော စားသုံးဆီများ (Value for Money) ဖြစ်ရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ

**မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံမြေပဲ တစ်ဧကထွက်နှုန်းမှာ တင်းလေးဆယ် ထွက်နေချိန်တွင် အိမ်နီးချင်း အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ ထွက်နှုန်းမှာ တင်း ရှစ်ဆယ် ဝန်းကျင်ထွက်သဖြင့် ၎င်းတို့၏ထွက်နှုန်းကို လိုက်မီနိုင်လျှင်ပင် မြန်မာနိုင်ငံ၏ စားသုံးဆီ ဖူလုံနိုင်သည့် အနေအထား ဖြစ်နေသည်။**

စဉ်ဆက်မပြတ် ကျင်းပလျက်ရှိနေသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA) ၏ ဈေးကွက်ထောက်လှမ်းစစ်ဆေးမှု အရှိန်ရနေသည်။ ၁၉၉၇ ခုနှစ်၊ အမျိုးသားအစားအသောက်ဥပဒေ (National Food Law) ပြဋ္ဌာန်းထားပြီး၊ ၂၀၁၄ ခုနှစ်၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ (Consumer Protection Law) ပြဋ္ဌာန်းထားပြီးဖြစ်သည်။ The Labeling Law လည်း မကြာမီပြဋ္ဌာန်းနိုင်တော့မည်ဖြစ်သည်။

'ဆီကိုရေချိုး၊ ဆေးရိုးမီးလှို' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စားသုံးဆီကို ရှေးကာလများကပင် အများအပြား စားသုံးခဲ့ကြသည်။ မည်သည့်ဆီဖြစ်ပါစေ သင့်တင့်မျှတစွာသာ စားသုံးသင့်ပါသည်။ တစ်ကြိမ်သာသုံးပြီး စားသုံးရမည်ဖြစ်သည်။ စားသုံးဆီနှင့်ပတ်သက်သော အသိပညာဗဟုသုတဖြင့် ဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။

ယနေ့ မြန်မာစားသုံးဆီဈေးကွက်တွင် ခွက်ဖြင့်ချိန်တွယ်စနစ်မှ မြေပဲဆီ၊ နှမ်းဆီ၊ ပဲပုပ်ဆီ၊ နေကြာဆီ စသည်ဖြင့် ထုပ်ပိုးပုလင်းသွတ် ဆီသန့်များ (Consumer Pack) ထွက်ရှိလာသဖြင့် စံချိန်စံညွှန်းကိုက်ညီသော စားသုံးဆီများ အတော်အတန်ဖြန့်ဖြူးနိုင်နေပြီဖြစ်သည်။

## ပြည်တွင်းစားသုံးဆီဖူလုံရေး

စားသုံးဆီဖူလုံမှုသာ စားသုံးဆီနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများ ပြေလည်သွားမည်ဖြစ်ပြီး၊ နိုင်ငံတော်၏ သွင်းကုန်အစားထိုး ရည်ရွယ်ချက်များ အောင်မြင်မည်ဖြစ်မည်။ ရုတ်တရက် အခွန်တိုးမြှင့်မည့်အစား အထွက်တိုးတွက်ခြေကိုက်သော ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးပြီး အရည်အသွေးမီသော စားသုံးဆီများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းမှသည် စားသုံးသူအထိ (Farm to Table) စိုက်ပျိုးထုတ်လုပ်၊ ပြုပြင်၊ ကြိတ်ခွဲ၊ သိုလှောင်၊ ဖြန့်ဖြူးမှုအဆင့်တိုင်းတွင် မြင့်တင်ခြင်း၊ တန်ဖိုးမြင့် (Value Added) ထုတ်ကုန်အဖြစ် ပြည်တွင်းဖူလုံမှုသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့်ဖော်ဆောင်ရန်။

စားသုံးဆီကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ် (Supply Chain) ပီပြင်စွာဖြစ်ရေးအတွက် ကူညီဆောင်ရွက်ရန်နှင့် ဆီထွက်သီးနှံစိုက်ပျိုးရာတွင် Good Agriculture Practices (GAP) နှင့် ဆီထုတ်လုပ်မှု Good Manifacture Practices (GMP) စနစ်များဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ရန်။

လက်ရှိမြန်မာနိုင်ငံ၏ ဆီထွက်သီးနှံမြေပဲ တစ်ဧကထွက်နှုန်းမှာ တင်းလေးဆယ် ထွက်နေချိန်တွင် အိမ်နီးချင်း အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ ထွက်နှုန်းမှာ တင်း ရှစ်ဆယ်ဝန်းကျင်ထွက်သဖြင့် ၎င်းတို့၏ထွက်နှုန်းကို လိုက်မီနိုင်လျှင်ပင် မြန်မာနိုင်ငံ၏ စားသုံးဆီဖူလုံနိုင်သည့် အနေအထားဖြစ်နေသည်။

ဘေးအန္တရာယ်ကင်းပြီး အရည်အသွေးမီသော စားသုံးဆီများ ပြည့်မီဖူလုံစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်လာသည်နှင့်အမျှ အခွန်အခနှုန်းထားမြင့်တင်မှုအပါအဝင် သွင်းကုန်များအား နည်းမျိုးစုံဖြင့် ကန့်သတ်ထိန်းချုပ်မှုသည်သာ လက်ရှိအခြေအနေအရ အကောင်းဆုံးဖြစ်ပါမည်။ မှန်ကန်ပြီး အားလုံးအတွက် ကောင်းမွန်အကျိုးရှိမည့်ဖြစ်နိုင်ခြေကို နှစ်ဖက်မှု စဉ်းစားလုပ်သွားကြဖို့ဖြစ်သည်။

အချုပ်အားဖြင့် ဆိုလျှင် စိုက်ပျိုးတောင်သူများအတွက် လိုအပ်သော သွင်းအားစုများဖြစ်သည့် အထွက်တိုး မျိုးကောင်းမျိုးသန့်၊ အရင်းအနှီးများဖြင့် ကူညီပံ့ပိုးပေးခြင်းဖြင့် ဆီထွက်သီးနှံအထွက်တိုးပြီး စားသုံးဆီဈေးနှုန်းကျဆင်းမှသာ သမိုင်းနှင့်ချီပြီး လိုအပ်ခဲ့သော မြန်မာ့စားသုံးဆီလိုအပ်ချက် ပြည့်စုံဖူလုံရေးအတွက် အလေးထားကြိုးစားရမည့် အချိန်အခါကောင်းပင်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။



# လေယာဉ်ပေါ်တွင် ရင်ခုန်ခဲ့စဉ်က

မောင်ချမ်းငြိမ်း (ဖျာပုံ)

၂၀၁၉ ခုနှစ်၊ မေလ ဒုတိယပတ်အတွင်း ထုတ်ဝေသည့် သတင်းစာဂျာနယ်များတွင် မန္တလေး လေဆိပ်ဆင်းရန် ရှေ့ဘီးချ၍ မရသော်လည်း၊ လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်၏ ကျွမ်းကျင်မှု၊ အတွေ့အကြုံရှိမှု၊ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ချက်မှန်ကန်မှုတို့ကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရာ ခရီးသည်များ၏ အသက်အန္တရာယ်ကာကွယ်နိုင်ခဲ့ကြောင်း ဖတ်ရှုရပါသည်။ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးကလည်း မေလအတွင်း ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် လေယာဉ်မှူးကြီးနှင့် အဖွဲ့အား ရွေးချယ်ဂုဏ်ပြုလွှာ ထုတ်ပြန်ခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် လေယာဉ်မှူးကြီး၏ ဆုံးဖြတ်ချက်၊ ဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ခရီးစဉ်ဖြစ်ရပ်များကို သိရှိရသော ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် လေယာဉ်ပေါ်မှ ရင်ခုန်စရာများကို ပြန်လည်သတိရရှိလာပါသည်။ စာဖတ်သူများကိုလည်း ပြန်လည်ဖောက်သည်ချလို၍ ဤဆောင်းပါးကလေး ရေးလိုက်ရခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဧရာဝတီတိုင်းသားဖြစ်၍ ရေကူးကျွမ်းကျင်ပါသည်။ ထိုစဉ်က ဧရာဝတီတိုင်းတွင် ကုန်းလမ်းခရီးမရှိသလောက်ဖြစ်ပါသည်။ ရေလမ်းသွားရမှာ မကြောက်ပါ။ ကုန်းလမ်းသွားလာမှုလည်း စိုးရိမ်မှုမရှိပါ။ ဖြစ်ပေါ်လာသော အန္တရာယ်ကို မိမိကြိုးပမ်းနိုင်သလောက် ကာကွယ်နိုင်သောကြောင့် ဖြစ်ပါသည်။

၁၉၄၈ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်၍ ရန်ကုန်တက္ကသိုလ် တက်ရောက်ပါသည်။ မိခင်မုဆိုးမဖြစ်၍ ကျွန်တော့်ကို မထောက်ပံ့နိုင်ပါ။ အစ်ကိုအကြီးဆုံးကနိုင်ငံရေးသမားဖြစ်၍ ဆွေမျိုးများကလည်း ကျွန်တော့်ကိုအထင်သေးပါသည်။ အစ်ကို့လိုနိုင်ငံရေးသမားဖြစ်မှာဟု နောက်ကွယ်တွင် ပြောကြသည်။ ထိုခေတ်က ကျွန်တော်တက္ကသိုလ်တက်သည်ကိုပင် အံ့ဩနေကြသည်။ လွတ်လပ်ရေးရပြီးနောက် တစ်ပြည်လုံးတွင် ရောင်စုံသူပုန်များ ထကြွလာခဲ့ပါသည်။ အင်းစိန်တိုက်ပွဲမှ သေနတ်သံများ တက္ကသိုလ်က ကြားနေရသည်။ ဖျာပုံပြန်လို့မရတော့။ တွံတေးတူးမြောင်းကို ကရင်သူပုန်များ သိမ်းထားပါသည်။ တက္ကသိုလ်လည်း ပိတ်လိုက်ပါသည်။

တစ်နေ့တွင် ဖျာပုံ၌ ထောက်ပံ့ရေးအရာရှိတာဝန်ထမ်းဆောင်နေသည့် အစ်ကို ဝမ်းကွဲမိသားစုနေထိုင်ရာ ရေကျော်သို့ သွားပါ

သည်။ မမျှော်လင့်ဘဲ အစ်ကိုအားတွေ့ရှိရသည်။ မင်းမပြန်ဘူးလားဟု ကျွန်တော့်ကိုမေးပါသည်။ သတော်လမ်းပိတ်ထားသည့်အတွက် ပြန်၍မရကြောင်း၊ ပိုက်ဆံလည်းမရှိကြောင်း ပြောလိုက်ပါသည်။ အစ်ကိုက မင်းငါနဲ့လိုက်ခဲ့၊ ရေယာဉ်ပျံနဲ့ပြန်မယ်ဟု ပြောပါသည်။ ရေယာဉ်ပျံမမြင်ဖူးပါ၊ သတင်းစာများတွင် ပါသည့်ဓာတ်ပုံများကိုသာ တွေ့ဖူးပါသည်။

နောက်နေ့တွင် အစ်ကိုနှင့် ရန်ကုန်ဆိပ်ကမ်းသို့ လိုက်သွားရပါသည်။ မော်တော်ဘုတ်နှင့် မြစ်လယ်တွင်ရပ်ထားသောရေယာဉ်ပျံသို့ သွားရပါသည်။ ပထမဆုံး စီးရမည့်ရေယာဉ်သည် ရေပေါ်တွင်သာ ဆင်းနိုင်ကြောင်း သိရပါသည်။ အစ်ကိုသည် ဝန်ထမ်းများအတွက် လစာလာထုတ်သည်ဟု ထင်ပါသည်။ ရေယာဉ်ပျံကို နိုင်ငံခြားသားမောင်းပါသည်။ ကျွန်တော်သည် ရေယာဉ်ပျံစီးဖူးသူအဖြစ် ကံကောင်းပါသည်။ ရေယာဉ်ပျံ ဖျာပုံမြစ်တွင် ဆင်းပါသည်။ ဆိပ်ကမ်းမှာ လက်နက်ကိုင်ရဲများစောင့်နေပါသည်။ ယူဘုတ်ဖြင့် ကျွန်တော်တို့ကိုလာခေါ်ပါသည်။ ပစ္စည်းများကိုနောက်မှ ချရန်ဖြစ်ပါသည်။ ဆိပ်ကမ်းမရောက်မီ ရင်တုန်စရာ သေနတ်သံများ ပေါ်လာပါသည်။ တစ်ဖက်ကမ်းတွင် ရေယာဉ်ပျံမမြင်ဖူး၍ ခရီးတောကြားမှာ လာကြည့်နေကြသော သူပုန်များနှင့် ရဲများ အပြန်အလှန်ပစ်ခြင်းဖြစ်ပါသည်။ ဆိပ်ကမ်းသို့ ဘေးကင်းစွာ ရောက်ရှိသော်လည်း ပထမဆုံးရေယာဉ်ပျံခရီးမှာ ရင်ခုန်ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်တော် နိုင်ငံဝန်ထမ်းဖြစ်လာပါသည်။ အလုပ်အများဆုံးဌာနဖြစ်သည်။ အချိန်မရွေးတာဝန်ပေးက ဆောင်ရွက်ရန် ၂၄ နာရီတာဝန်ကို ဥပဒေသတ်မှတ်ထားပါသည်။ ခရီးမကြာခဏသွားရပါသည်။ နေ့ညမရွေးအလုပ်လုပ်ရပါသည်။ လေယာဉ်ခရီးကို မလွဲသာမရှောင်သာမှ သွားပါသည်။ ကျွန်တော့်အနေဖြင့် အမြင့်တက်ရမည်ဆိုပါက စိုးရိမ်ပူပန်စိတ်ပေါ်လာပါသည်။ အမြင့်တက်ကြောက်သည့် ရောဂါ ရှိသလားမသိပါ။ လေယာဉ်စီးမည်ဆိုပါက ရတနာသုံးပါးကို စိတ်ဖြင့်ရည်စူးကန်တော့ပြီးမှ စီးပါသည်။ လေယာဉ်ပေါ်ရောက်သောအခါ ခရီးဆုံးသည်အထိ စာဖတ်ပါသည်။ ကျွန်တော်သည် စာဖတ်ဝါသနာ အလွန်ပါသူဖြစ်၍ ခရီးသွားတိုင်း ကျွန်တော်စိတ်ဝင်စားသည့်စာအုပ် အနည်းဆုံး နှစ်အုပ်ယူသွားပါသည်။ ကျွန်တော့်အသက်ကို လေယာဉ်မှူးထံအပ်ထားပြီးဖြစ်ပါသည်။

ဒုတိယအကြိမ် ရင်ခုန်မှုကတော့ ရန်ကုန်–ဟဲဟိုး ခရီးစဉ်ဖြစ်ပါသည်။ ကြာမြင့်ပြီဖြစ်၍ နေ့ရက် တိတိကျကျ မမှတ်မိပါ။ ၁၉၇၀ ပြည့်နှစ်ကျော်က ဖြစ်မည်ထင်ပါသည်။ တပည့်တစ်ဦးနှင့် သွားခြင်းဖြစ်ပါသည်။ လေဆိပ်မှ ဝဓးဂုဝ နာရီတွင် ထွက်ပါသည်။ လေယာဉ်မောင်က ကျွန်တော်တို့အား လက်ဖက်ရည်လာပို့ပါသည်။ ကျွန်တော်က လက်ဖက်ရည်က အေးလှချည်လားဟု ရယ်ရယ်မောမော ပြောလိုက်ပါသည်။ လေယာဉ်မောင်က ရေနွေးပိုက်ပျက်နေလို့ပါဟု ပြောပါသည်။ မကြာမီ ကျွန်တော့်တပည့်က ဆရာလေယာဉ်ကြမ်းခင်းပူနေတယ်ဟု ပြောပါသည်။ ကျွန်တော်ကိုယ်တိုင်စမ်းသပ်ကြည့်သောအခါ ပူနေသည်ကို သိရှိရပါသည်။ လေယာဉ်မောင်ကို ခေါ်ပြီး ကြမ်းခင်းပူကြောင်းပြောရာတွင် ကိုယ်တိုင်စမ်းကြည့်ပါသည်။ ဟုတ်တယ်၊ သိပ်ပူနေတယ်ဆိုပြီး လေယာဉ်မှူးကို သွားခေါ်လာပါသည်။

လေယာဉ်မှူးကြီးက အချင်းချင်းတိုင်ပင်ပြီး ရန်ကုန်သို့ပြန်လှည့်ရန် ဆုံးဖြတ်ပါသည်။ လေယာဉ်ပေါ်တွင်ပါလာသော လွတ်တော်ရှေ့နေကြီး ဦးခင်မောင်ကြီးက ဘာဖြစ်တာလဲဟု ကျွန်တော့်ကို လှမ်းမေးပါသည်။ ကျွန်တော်က လေယာဉ်ပြန်ဆင်းမည် ပြောလိုက်သောအခါ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်သွားပါသည်။ ပုတီးစိပ်၊ ဂါထာရွတ်ခြင်းများ ပြုလုပ်ကြပါသည်။ လေယာဉ်မှူးကြီးက ခရီးသည်များကို စိတ်ပူစရာမရှိကြောင်း သက်သက်သာသာနေကြပါဟု မေတ္တာရပ်ခံပါသည်။ လေယာဉ်မှာ တောင်ငူမြို့ပေါ်တွင် ရောက်ရှိနေ

ကြောင်းလည်း ပြောပါသည်။ ကျွန်တော်နာရီကို ကြည့်လိုက်သည့်အခါ နံနက် ၉း၀၀ နာရီဖြစ်ကြောင်း မှတ်သားမိပါသည်။ ပြန်လှည့်ရသည်ဆို၍ ရင်မခုန်ဘဲ မနေနိုင်ပါ။ သို့သော် ရန်ကုန်သို့ဘေးကင်းစွာ ပြန်ရောက်ခဲ့ပါသည်။ ကျွန်တော်တို့ ထိုင်သည့်အနားတွင် ရေနွေးပိုက်ပေါက်နေ၍ ကြာလျှင်ပေါက်ကွဲနိုင်၍ ပြန်လှည့်ကြောင်း သိရပါသည်။ အမှုမဲ့၊ အမှတ်မဲ့ မနေကြနှင့်ဟု မှာကြားသည့် ဌာနဆိုင်ရာ အကြီးအကဲများ၏ဆုံးမစကားကို အမှတ်ရမိပါသည်။

တတိယအကြိမ် ရင်ခုန်သည်မှာ မကြာမီက လေယာဉ်မှူးကြီး ဦးမြတ်မိုးအောင်တို့ တွေ့ကြုံခဲ့ရသည်နှင့် ဖြစ်ရပ်တူဖြစ်ပါသည်။ ပထမအကြိမ် ရှေ့ဘီးချမရ၍ ဧရာဝတီမြစ်သောင်ပေါ်တွင် ဆင်းခဲ့ရဖူးသည်ဟု သိရပါသည်။ လေယာဉ်မယ်တစ်ဦးကွယ်လွန်ခဲ့သည်။ ကျွန်တော်ကိုယ်တိုင် ခရီးသည်အဖြစ် လိုက်ပါလာသော ဖော်ကာလေယာဉ်ကြီး ချမ်းမြသာစည်လေဆိပ်သို့ဆင်းရန် ပြုလုပ်နေစဉ် ရှေ့ဘီးချမရဖြစ်ပါသည်။ ရာသီဥတုသာယာလျက်ရှိပါသည်။ လေယာဉ်မှူးသည် မဆင်းဘဲ ကွင်းပေါ်တွင်ပုံသန်းနေပါသည်။ ရန်ကုန်သို့ လည်းသတင်းပို့သည်။ လေယာဉ်ပေါ်တွင် ပါလာသော လုံခြုံရေးအရာရှိမှာ ကျွန်တော့်တပည့်ဖြစ်၍ ဆင်းမည့်အစီအစဉ်ကို မေးပါသည်။ လေယာဉ်မှူးကြီး ဦးကျော့မြိုင်က နောက်ဘီးချ၍ ဆင်းမည်။ ရှေ့ပိုင်းမှ ပစ္စည်းများကို လေယာဉ်နောက်ဘက်သို့ ရွှေ့ပြောင်းသယ်ယူရန် ပြောပါသည်။ ကျွန်တော်တို့အား လုံးပိုင်းသယ်ကြပါသည်။ ခရီးသည်များထိုင်ခုံတွင် ခါးပတ်ပတ်ထားရန် ပြောရသည်။ ကျွန်တော် အောက်ကိုကြည့်လိုက်သောအခါ မီးသတ်ကား၊ လူနာတင်ကား၊ ရဲဝန်ထမ်းများနှင့် လူပ်ရှားသွားလာနေကြသည်ကို တွေ့ရှိရပါသည်။ လေယာဉ်ပေါ်တွင် တပ်မတော်အစိုးရအရပ်သားဝန်ကြီးတစ်ဦး ပါလာပါသည်။ လေယာဉ်မှူးကြီးသည် နောက်ဘီးချ၍ဆင်းလိုက်ရာ ရှေ့ဘီးအလိုလိုကျပြီး ပြေးလမ်းပေါ် ဘေးကင်းစွာ ဆင်းနိုင်ခဲ့ပါသည်။ ချမ်းမြသာစည်လေယာဉ်ကွင်းရှိ ပရိသတ်များအားလုံး မတိုင်ပင်ဘဲလက်ခုပ်တီးကြသည်မှာ ဆူညံသွားတော့သည်။ ထိုစဉ်က လေယာဉ်မှူးကြီး ဦးကျော့မြိုင်အား ဌာနတွင်းဂုဏ်ပြုခြင်း၊ ဆုချီးမြှင့်ခြင်းရှိ/မရှိကိုတော့ မသိပါ။ သတင်းများတွင်လည်း အကျယ်တဝင့် ဖော်ပြခြင်း မရှိပါ။ ဦးကျော့မြိုင် အသက်ရှင်ဆဲရှိပါက လေယာဉ်တွင် လိုက်ပါလာခဲ့သော ကျွန်တော်အပါအဝင် ခရီးသည်များက အမြဲဂုဏ်ပြုလျက် ရှိပါသည်။ လေယာဉ်ကွင်းတွင် လက်ခုပ်သံများ ဆူညံသွားသည်ကိုလည်း မမေ့ပါ။

ကျွန်တော်အငြိမ်းစားယူပြီးနောက် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းကို ကုန်သွယ်ရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့ရာ ဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ဝန်ကြီးဌာနမှ ဗဟိုအလုပ်အမှုဆောင်များအနေဖြင့် ကုန်သွယ်ရေးဝန်ထမ်းများနှင့်အတူ ပြည်နယ်/တိုင်းနယ်စပ်ဒေသို့သွားရောက်ပြီး အသင်းများ ဖွဲ့စည်းရန် ညွှန်ကြားခဲ့ပါသည်။

ကျွန်တော့်ကို တာချီလိတ်နယ်စပ်ဒေသ ကုန်သွယ်ရေးအသင်း ဖွဲ့စည်းရန် ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး ဦးစိုးမြင့်၊ မြန်မာ့သွင်းကုန် ထုတ်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသောင်းစိန်တို့နှင့်အတူ တာဝန်ပေးခံရပါသည်။ ခရီးမသွားမီရက်တစ်ရက်တွင် ကျွန်တော်ကိုးကွယ်သော အောင်ဆန်းဆရာတော် (ပျံလွန်တော်မူ)က ညဘက်ကြီး ဖုန်းဆက်ပါသည်။ ဒကာကြီး အမြင့်မတက်နဲ့၊ လေယာဉ်ခရီးရှောင်ပါဟု ပြောပါသည်။ ခရီးထွက်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။ ဆရာတော်ပြောဆို ချက်ကို အကြောင်းပြခရီးမထွက်လျှင် ကျွန်တော့်အပေါ် အယူသီးသည်ဟု ပြောစရာဖြစ်မည်။ သေချာအောင် ဆရာတော်ထံဖုန်းဆက်လျှောက်ထားရပါသည်။ "တပည့်တော် အသက်ဆုံးရှုံးနိုင်ပါ

သလားဘုရား၊ ပွင့်ပွင့်လင်းလင်းသာပြောပါဘုရား” ဟု လျှောက်ထားရပါသည်။ ဆရာတော်က “အထစ်အငေါ့ တွေ့နိုင်တာပါ။ ဒကာကြီးလည်း ရတနာသုံးပါးဦးထိပ်ထားပြီး တရားထိုင်၊ ဘာသာရေးအလေးထားသူဖြစ်တဲ့အတွက် အသက်အန္တရာယ် မရှိပါဘူး။ ခရီးသွားပါ” ဟု မိန့်ကြားပါသည်။

၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကျွန်တော်တို့ လေဆိပ်ဆင်းကြပါသည်။ နံနက် ၈း၃၀ နာရီတွင် လေယာဉ်ထွက်ပါသည်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ရတနာသုံးပါး အာရုံပြုကန်တော့ပြီး စာဖတ်၍ လိုက်ခဲ့ပါသည်။ လေယာဉ်ထွက်ပြီး နာရီဝက်ခန့် အကြာတွင် ပူအိုက်သလိုဖြစ်လာပါသည်။ ခေါင်းပေါ်မှ လေဝင်ပေါက် လှည့်ကြည့်ရာလေမဝင်ပါ။ ကျွန်တော်မနေနိုင်တော့ပါ။ လေယာဉ်မောင်အား အခြေအနေပြောပြပါသည်။ လေယာဉ်မောင်က စမ်းသပ်ကြည့်ပါသည်။ လေယာဉ်မှူးကြီးထံ တင်ပြပြီး “အန်ကယ် နည်းနည်းလောက်စောင့်ကြည့်ပါ။ လေယာဉ်စက်ချွတ်ယွင်းမှုမရှိပါဘူး။ ရန်ကုန်လေဆိပ်ကိုလည်း သတင်းပို့ထားပါတယ်” ဟု ပြောပါသည်။

ဆယ်မိနစ်ခန့်အကြာတွင် လေယာဉ်မောင်က ရန်ကုန်ပြန်လှည့်တော့မယ်ဟု လာပြီးပြောပါသည်။ ကျွန်တော် နာရီကို သေသေချာချာ ပြန်ကြည့်လိုက်ရာ ၉း၁၀ နာရီဖြစ်ပါသည်။ ပထမဆုံးအကြိမ် ပြန်လှည့်ခဲ့ရသည့် အချိန်ဖြစ်ပြီး တောင်ငူမြို့ပေါ်မှာပင်ဖြစ်ပါသည်။ တိုက်ဆိုင်လွန်းလှသည်။ ရန်ကုန်ပြန်ရောက်သောအခါ ပစ္စည်းများ ပြန်မချပါ။ ခရီးသည်များကို စောင့်ဆိုင်းရသည့်နေရာတွင် နေခိုင်းပါသည်။ အပြင်မထွက်ရပါ။ လေယာဉ်ကိုစစ်ဆေးရာတွင် လေအိတ်ပေါ်တွင် တစ်ခုခုရှိနေသည်ကို တွေ့ရကြောင်းပြောပါသည်။ စတုတ္ထအကြိမ် လေယာဉ်ပေါ်မှာ ရင်ခုန်ရခြင်းဖြစ်ပါသည်။

ပဉ္စအကြိမ် ရင်ခုန်ခြင်းကတော့ ပြည်တွင်းခရီးစဉ်မဟုတ်ပါ။ ပြည်ပခရီးစဉ်ဖြစ်ပါသည်။ ပြည်တွင်းခရီးစဉ်တွင် နှစ်ကြိမ် လေယာဉ်ပြန်လှည့်ခဲ့ခြင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုပြည်ပခရီးတွင် လေယာဉ်ပြန်လှည့်ရခြင်းနှင့် ကြုံရပြန်ပါသည်။ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ဖြစ်ပါသည်။ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့အလုပ်သမားညီလာခံသို့ အလုပ်ရှင်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး အပြန်ခရီးတွင် ဖြစ်ပါသည်။

ဂျနီဗာလေဆိပ်မှ ဒေသစံတော်ချိန် ဝ၉း၂၀ နာရီတွင် ထွက်လာခဲ့ပြီး ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့ ၁၀း၁၀ နာရီတွင် ရောက်ရှိပါသည်။ ကျွန်တော်တို့အဖွဲ့တွင် ဆိပ်ကမ်းကုန်တင်ကုန်ချအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦး



မောင်မောင်အုန်း၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးငွေ၊ နမ္မတူဘော်တွင်းမှ အင်ဂျင်နီယာဦးအောင်ဝင်းတို့ ပါဝင်ကြပါသည်။ သံရုံးမှ ဦးဝင်းကြည်နှင့် ဝန်ထမ်းတစ်ဦးလာကြပါသည်။ လေယာဉ်သည် ညနေပိုင်းမှာ စင်ကာပူသို့ ထွက်မည်ဖြစ်၍ မြို့တွင်းလည်ပတ်စရာနေရာများကို သံရုံးက လိုက်ပို့ပေးပါသည်။ နှစ်ပေါင်းနှစ်ထောင်ကျော်က တည်ထားသည့် မြို့တော်ကြီးကို တိုတောင်းသောအချိန်အတွင်း နှံ့စပ်အောင်ကြည့်ရှုနိုင်မည်မဟုတ်ပါ။ အဓိကကျသည့် အီဖယ်မျှော်စင်ကြီးပတ်လည်နှင့် စစ်ပြီး အထိမ်းအမှတ်နေရာများ လျှောက်ကြည့်ကြပါသည်။ ပြင်သစ်တော်လှန်ရေးသမိုင်းတွင် ထင်ရှားခဲ့သော ဘားစတိုင်းအကျဉ်းထောင်ကြီးသို့ သွားရောက်ကြည့်ရှုလိုသော်လည်း မသွားရောက်နိုင်ခဲ့ပါ။ မြေအောက်ရထားစီးခဲ့ကြပါသည်။

နေ့လယ်စာကို သံရုံးက ကျွေးမွေးသော မက် (က) ဒေါ်နယ်လ်စားသောက်ဆိုင်၌ စားခဲ့ပြီး ညနေ ၅ နာရီတွင် လေဆိပ်သို့ ပြန်လာခဲ့ပါသည်။ ည ၈ နာရီတွင် ပြင်သစ်လေကြောင်းဖြင့်စတင်ထွက်ခဲ့ပါသည်။ စင်ကာပူသို့ ပျံသန်းချိန် ၁၂ နာရီကြာမြင့်မည်ဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်တို့အဖွဲ့သည် အထူးတန်း (Business Class) မှ စီးခွင့်ရ၍ ဘိုးရင်း ၇၄၇ လေယာဉ်ကြီး၏ အပေါ်ထပ်တွင် သက်သောင့်သက်သာစီးရပါသည်။ ခရီးသည် လေးရာကျော်ရှိကြောင်း သိရပါသည်။

လေယာဉ်ထွက်ပြီး မကြာမီ အစားအသောက်များ ကျွေးမွေးပါသည်။ ကျွန်တော် အိပ်ချင်စိတ်မရှိ၍ စာဖတ်ပြီး လိုက်လာပါသည်။ လေယာဉ်ပေါ်တွင် ရုပ်ရှင်ဇာတ်လမ်းအတိုကလေးများပြပြီးနောက် လေယာဉ်ခရီးလမ်းကြောင်းများကို ပြနေပါသည်။ ပျံသန်းချိန် တစ်နာရီခွဲခန့်ကြာသောအခါ လေယာဉ်ကြီးသည် ဘော့စနီးယားနိုင်ငံအပေါ် ဖြတ်သန်းလျက်ရှိပါသည်။ ထိုအချိန်တွင် ဘော့စနီးယားတွင် စစ်ဖြစ်နေ၍ အောက်က လှမ်းပစ်လိုက်ရင်ဟူသောအတွေးဝင်လာမိသည်။ ကျွန်တော့်အတွေးမဆုံးမီ လေယာဉ်မောင်/ မယ်များ ပျာယီးပျာယာ ဟိုပြေး၊ ဒီပြေးဖြစ်နေသည်ကိုသတိထားမိသည်။ တစ်ခုခုတော့ ဖြစ်နေသည်ဟု စိုးရိမ်စိတ်ဝင်လာပါသည်။ လေယာဉ်မောင်တစ်ဦးကိုခေါ်ပြီး ဘာဖြစ်နေတာလဲဟု မေးရာ လေယာဉ်ပေါ်ရှိ သန့်စင်ခန်းအားလုံး ရေဖွင့်မရတဲ့ ပိတ်နေတယ်ဟု ပြန်ပြောပါသည်။ ရှေ့ဆက်ပြီး ဆယ်နာရီခန့် သွားရဦးမည်ဖြစ်၍ ခရီးသည်များ အခက်အခဲတွေ့နိုင်သည့်အတွက် ပါရီသို့ပြန်လှည့်မည်။ အခြားစိုးရိမ်စရာမရှိပါကြောင်း ပြောပါသည်။ ရင်ခုန်စရာတော့ မရှိပါ။ ခရီးသည် လေးရာကျော်လွယ်ထားရမည့် အန္တရာယ်ကို စိတ်ပူမိပါသည်။ ည ၁၂ နာရီတွင် ပါရီလေဆိပ်သို့ ပြန်ရောက်သည်။ လေဆိပ်အဆောက်အအုံ ရောက်သောအခါ ခရီးသည်များ မရှက်နိုင်တော့ပါ။ လွယ်ထားရသည့် အန္တရာယ်ကြီးကို အမြန်စွန့်ဖို့အတွက် သန့်စင်ခန်းများကို အပြေးအလွှား သွားကြရသည်။ လေယာဉ်ကုမ္ပဏီ၏ စီစဉ်ပေးမှုဖြင့် လေဆိပ်အနီးရှိ ဟီလ်တန်ဟိုတယ်ကြီးသို့ နံနက် ၁ နာရီတွင် ရောက်ရှိသွားကြပါသည်။ ဓိမ်ခံဟိုတယ်ကြီးဖြစ်သော်လည်း ဓိမ်မခံနိုင်ပါ။ အသုံးအဆောင် ပစ္စည်းများအားလုံး လေယာဉ်ပေါ်တွင် ကျန်ခဲ့၍ ဖြစ်သလိုအိပ်ရပါသည်။

၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ နံနက်စာကို ဟိုတယ်တွင် စားကြရပြီး နံနက် ၁၀ နာရီတွင် လေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ပို့ပေးသည်။ နေ့လယ် ၁ နာရီတွင် လေယာဉ်ထွက်ခွာခဲ့ရာ၊ စင်ကာပူသို့ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ နံနက် ၇ နာရီတွင် ဘေးကင်းစွာ ရောက်ရှိခဲ့ပါသည်။ လေယာဉ်စီးတိုင်း စိုးရိမ်တတ်သူ ကျွန်တော်တွေ့ကြုံခဲ့ရသည့် ပြန်လှည့်သုံးကြိမ်၊ လေယာဉ်မှူးကြီး၏ ကျွမ်းကျင်မှုကြောင့် အသက်ဘေးမှ ကင်းလွတ်ခဲ့ရသည့် တစ်ကြိမ်အတွေ့အကြုံဖြင့် ရေးသားတင်ပြလိုက်ပါသည်။




## မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဆောင်ရွက်မှုများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ညီနောင်အသင်းတစ်သင်းဖြစ်သော မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းသည် အသင်းဝင်အမှတ်–၆၄၈ ဖြင့် ၁၉၉၂ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းတည်ထောင်လာခဲ့သည့် သက်တမ်းကြာရှည်သော အသင်းကြီးတစ်သင်းဖြစ်ပြီး လက်ရှိအသင်းဝင်အင်အား ၁,၁၀၀ ကျော်ရှိသည်။

အသင်း၏ရည်ရွယ်ချက်မှာ မြန်မာ့ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအပိုင်းမှ ပါဝင်ဆောင်ရွက်ရန်ဖြစ်သည်။ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် အစိုးရလုပ်ငန်းဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ အခြားသော ညီနောင်အသင်းများ၊ ပြည်တွင်းပြည်ပရှိ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲကာ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ပဲမျိုးစုံအသင်းကြီးဖြစ်သော Global Pulses Confederation (GPC) တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အသင်း၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် အဓိကအားဖြင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေး၊ အစားအစာဘေးကင်းလုံခြုံရေး၊ ကြိတ်ခွဲပြုပြင်ထုတ်လုပ်မှုလုပ်ငန်း

များ သိုလှောင်ရုံလုပ်ငန်းများ ခေတ်မီတိုးတက်ရေး၊ ပို့ကုန်မြှင့်တင်ပြီး နိုင်ငံ့ဝင်ငွေတိုးရေးနှင့် မိမိကဏ္ဍဆိုင်ရာ တွေ့ကြုံရသော အခက်အခဲပြဿနာများကို ပူးပေါင်းညှိနှိုင်းဖြေရှင်းရေးဆိုင်ရာ ဆောင်ရွက်မှုများ ပါဝင်သည်။ အသင်းဆောင်ရွက်မှုများအနက် အောက်ပါဆောင်ရွက်မှုများမှာ အရေးကြီးသော ဆောင်ရွက်မှုများဖြစ်သည်။

### (က) အိန္ဒိယနိုင်ငံ၏ သွင်းကုန်ပမာဏကန့်သတ်လာမှုအပေါ် တုံ့ပြန်ဆောင်ရွက်ခြင်း

မြန်မာ့ပဲမျိုးစုံပို့ကုန် ၇၀ ရာခိုင်နှုန်းခန့်အထိ တင်ပို့ရသော အိန္ဒိယနိုင်ငံက ပဲစင်ုံ၊ မတ်ပဲနှင့်ပဲတီစိမ်း တင်သွင်းခွင့်ပြုသည့် ပမာဏကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် စတင်ကန့်သတ်ခဲ့ခြင်းကြောင့် ဈေးကွက်ပျက်ပြားခြင်း၊ ဈေးနှုန်းများ အဆမတန်ကျဆင်းခြင်းများနှင့် ကြုံတွေ့ခဲ့ရရာ အိန္ဒိယနိုင်ငံအစိုးရ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းခြင်း၊ အစိုးရချင်း ရောင်းဝယ်မှု (G to G) စနစ် ပေါ်ပေါက်လာစေရန်ဆွေးနွေးခြင်း၊ နိုင်ငံတကာ ဈေးကွက်သစ်များရှာဖွေခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်နှိုးဆော်ခြင်း၊ စုပေါင်းရန်ပုံငွေဖြင့် ဝယ်ယူပေးခြင်း၊ နိုင်ငံတော်မှ ဝယ်ယူပေးရန် တင်ပြခြင်း၊ အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးရန် တိုက်တွန်းနှိုးဆော်ခြင်း၊ ပြည်တွင်းပဲမျိုးစုံစားသုံးမှုတိုးတက်ရန် အားပေးခြင်း စသည့်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

### (ခ) ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း

ပဲမျိုးစုံကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ဖိုးခန့်နှင့် နှမ်းကို အမေရိကန်ဒေါ်လာသန်း ၁၅၀ ဖိုးခန့်အထိ တင်ပို့လျက်ရှိရာမှ ပိုမိုတိုးတက် တင်ပို့နိုင်ရန်အတွက် တရုတ်–အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) ကဲ့သို့သော နိုင်ငံတကာ ကုန်စည်ပြပွဲများတွင် ပဲမျိုးစုံနှင့် နှမ်းထုတ်ကုန်များပါဝင်ခင်းကျင်းပြသခြင်း၊ ပို့ကုန်မြှင့်တင်ရေးအတွက် ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံတကာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (CO) များ လွယ်ကူစွာ ထုတ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

### (ဂ) မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပပြုလုပ်ခြင်း

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မင်္ဂလာခန်းမ၌ "မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ" ကျင်းပပြုလုပ်ခဲ့ရာ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်ခဲ့ပြီး တောင်သူများ၊ ကုန်စည်ဒိုင်များ ကုန်သည်ပွဲစားများ၊ အစိုးရဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြရာ ဆွေးနွေးပွဲမှ အိန္ဒိယနိုင်ငံ၏ သွင်းကုန်ပမာဏ ကန့်သတ်ချက်ကြောင့် ဖြစ်ပေါ်လာသည့် အခြေအနေများကို သုံးသပ်ပြီး မတ်ပဲနှင့် ပဲစိမ်းငုံသီးနှံများ လျော့နည်းစိုက်ပျိုးရန်နှင့် အခြားသီးနှံများ အစားထိုးစိုက်ပျိုးရန် ဆွေးနွေးနိုင်ခဲ့သည်။

### (ဃ) အမျိုးသားပို့ကုန်မဟာဗျူဟာ ရေးဆွဲဆောင်ရွက်ခြင်း

'အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy) (၂၀၁၅–၂၀၁၉)' တွင် ဦးစားပေးကဏ္ဍ ၁၁ ခုအနက် တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍအတွက် မဟာဗျူဟာရေးဆွဲချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ မဟာ

ဗျူဟာတွင် မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဆောင်ရွက်မည့် နည်းလမ်းများ ဖော်ထုတ်ရေးဆွဲခဲ့ရာ၊ နည်းလမ်း ၉၅ ခုကို ချမှတ်ရေးဆွဲ ဆောင်ရွက်နိုင်ခဲ့သည်။

### (ဂ) ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲတီစိမ်းတင်ပို့ခြင်း

ဥရောပသမဂ္ဂဈေးကွက်သို့ ပဲပင်ပေါက်ဖောက်ရန် ပဲတီစိမ်းများ နှစ်စဉ် တန်ချိန်ခုနစ်ထောင်ကျော်မှ တစ်သောင်းကျော်အထိ တင်ပို့ခြင်းကို ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့တင်ပို့ခြင်းဖြင့် စိုက်ပျိုးရေးအလေ့အထကောင်းများ (GAP)ပြုပြင်ထုတ်လုပ်မှုအလေ့အထကောင်းများ (GMP) လိုက်နာကျင့်သုံးခြင်း၊ သယ်ယူပို့ဆောင်၊ သိုလှောင်ခြင်းလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့သည်အထိ နောက်ကြောင်းပြန်ခြေရာခံနိုင်သည့်စနစ် (Traceability) ကျင့်သုံးလာနိုင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံခြင်း၊ ဈေးကောင်းရရှိခြင်း စသည့် အကျိုးကျေးဇူးများရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်။

အသင်း၏ လူပ်ရှားဆောင်ရွက်မှုများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လမ်းညွှန်မှု၊ အကြံဉာဏ်ပေးမှု၊ ပေါင်း စပ်ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

# ရွှေဝါစပါး တို့ပြည်အား

မောင်ကျော်ဇော
(ရှင်မတောင်နံ့သာမြေ)

မိုးမင်းသိမ့်သိမ့် ဂျိုးဂျိမ့်ရွာ
မိုးရာသီလော ရွာပြီလော။

ဟုတ်တည်း တောင်သူ တောင်သူ
ဟုတ်တည်း လယ်သူ လယ်သူ။

တိမ်စွယ်တိမ်တောင် မိုးလုံးဆောင်
ညိုမှောင် ရွာပြီကွယ် ရွာပြီကွယ်။

တောင်သူဦးကြီး ထွန်ရေးပြီး
တစ်နည်း စက်မှုနယ် စက်မှုနယ်။

လယ်ကွင်းလယ်ပြင် လုပ်ငန်းခွင်
စုံလင် အပေါင်းကွယ် အပေါင်းကွယ်။

သိပ္ပံနည်းကျ စိုက်ပျိုးကြ
မျိုးသန့်ရဖို့ ဦးတည်မယ် ဦးတည်မယ်။

စိမ်းမြဲယိမ်းနှဲ့ ပျိုးကောက်ပင်
ပေါင်းသင် နှိုးဆွတယ် နှိုးဆွတယ်။

မိုးပုလဲငွေ ရွာသွန်းလေ
ဆည်ရေ ပြည့်ဖြိုးကွယ် ပြည့်ဖြိုးကွယ်။

နောင်ကျိုးမျှော်ရည် ထွက်တိုးသည်
တို့ပြည် ထွန်းကားမယ် ထွန်းကားမယ်။

ရွှေဝါစပါး တို့ပြည်အား
မှန်းထား ပို့ကုန်ကွယ် ပို့ကုန်ကွယ်။

စည်ဖြာလော
ပြည်သာလော
ညီညာလော။ ။



# Working together with Affiliated Associations for Nation's Development






MRESA
ARENA
IEA
VVIP


MAMDA
MAMDA


ပဋိမအကြိမ်










UMFCCI ရုပ်ပြည့်မဂ္ဂဇင်း




Myanmar Seafarer Employment Services Federation
Annual Meeting and Election Celebration




# အကြွေးအကြမ် ပဋိပက်ခေတ်ပြောင်း

ချစ်နိုင် (စီတ်ပညာ)

## နိဒါန်း

ဤဆောင်းပါးသည် ဆရာတော်စာချ၊ မိကျောင်းမင်းရေကင်းပြသကဲ့သို့ ဖြစ်ခဲ့သော် တောင်းပန်ပါရစေ။ သိပ္ပီးသားတွေ များစွာထဲက သတိမထားခဲ့မိသောအချက် တစ်စုံတစ်ခု ဖော်ပြနိုင်လျှင်ပင် စာရေးသူက ကျေနပ်ချင်ပါသည်။ စာဖတ်သူများသည် ပညာအရည်အချင်း၊ အတွေ့အကြုံ၊ အတွေးအခေါ်၊ အဆင့်အတန်း အစစအရာရာ မြင့်မားပြီးသူများဖြစ်ကြောင်း ကောင်းစွာသိပါသည်။

သို့ရာတွင် ပညာရှိသတိဖြစ်ခဲ့ဟူသော ဆိုရိုးစကားရှိထားသည့်အတိုင်း ပညာရှိပြီးသူ၊ စာဖတ်သူများဖြစ်သည့်တိုင် သတိမမူမိသေးသော အချက်အချို့ကို တင်ပြရန် ဤဆောင်းပါးကို ကြိုးစား၍ ရေးသားပါသည်။

စာရေးသူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကာလအတွင်း ငါးကြိမ် ငါးခေါက် ရောက်ခဲ့ဖူးပါသည်။ တစ်ကြိမ်သွားလျှင် ဆယ်ရက်၊ ၁၅ ရက်ကြာပြီး မြို့ကြီးပြကြီး သုံးမြို့မှ ငါးမြို့ အထိ ရောက်ရှိရပါသည်။ ရှန်ဟဲစီးပွားရေးဆိပ်ကမ်းမြို့ကြီးကိုမူ သုံးကြိမ်တိတိ ရောက်ခဲ့ဖူးပါ၏။ ရှန်ဟဲမြို့ကြီးသည် လူဦးရေ ၁၅ သန်း ကျော်နေထိုင်ကြလေသည်။ ရောက်သည့်အခေါက်တိုင်း မိမိမဖြစ်မနေ သွားရောက်လေ့လာကြည့်ရှုသော နေရာများမှာ ရှန်ဟဲပြည်သူ့စာကြည့်တိုက်ကြီးနှင့် စာရေးဆရာ လူရွှန်းနေထိုင်သွားခဲ့သော လူရွှန်းပြတိုက်တို့ ပါဝင်ခဲ့ပါ၏။

## အလှူရှင်

ရှန်ဟဲစာကြည့်တိုက်ကြီးသည် ၁၈ ထပ်ရှိပြီး စာအုပ်ပေါင်း သန်းနှင့်ချီ၍ရှိ၏။ စီမံမှုစနစ်လည်း အလွန်ခေတ်မီကောင်းမွန်လှပါ၏။ ဧည့်ခန်း၏ အပြင်နံရံကြီးမှာ ဘာသာမျိုးစုံဖြင့် ဝါကျတစ်ကြောင်း ရေးထား၏။

မြန်မာဘာသာဖြင့် –

'စာပေဗဟုသုတသည် စွမ်းအင်ဖြစ်သည်'

တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ထိုင်း၊ မလေး၊ ပြင်သစ်၊ စပိန်၊ အင်္ဂလိပ် စသည်လည်း ပါကြ၏။

Knowledge is Power it-self.

အင်္ဂလိပ်လိုရေးထားသည်ကား ဖရန်ဆစ်ဘေကွန်၏ အဆိုအမိန့်စကားဖြစ်ပေသည်။ ယင်းကို ဘာသာအမျိုးမျိုး ပြန်ထားပုံရပါ၏။ စာကြည့်တိုက်၏ ဆောင်ပုဒ်ဖြစ်ပါလိမ့်မည်။ ရှန်ဟဲပြည်သူ့စာကြည့်တိုက်ကြီး၏ အလှူရှင်မှာ ဟောင်ကောင်မှ အချမ်းသာဆုံးသူဌေးကြီး "လီကာရှင်း" ဟု ကမ္ဘည်းကျောက်စာထိုးထားသည်ကို ဖတ်ရသောအခါ မိမိအတော်အံ့သြသွားခဲ့ရပါ၏။ သူဌေးကြီးလီကာရှင်းသည် စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ စာကြည့်တိုက်များ လှူဒါန်းကြောင်းကြားဖူးပါ၏။ ရှန်ဟဲမြို့ကြီးမှာ ဤမျှကြီးမားခမ်းနားသော စာကြည့်တိုက်ကြီးကို ဆောက်လုပ်လှူဒါန်းသည်ကို မျက်မြင်ကြုံမှ ယုံရပါတော့၏။ သာဓုအကြိမ်ကြိမ်ခေါ်မိသည်။

## ငယ်စဉ်ဘဝ

လီကာရှင်းကို ၁၉၂၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်က တရုတ်ပြည်၊ ကွမ်တုံပြည်နယ် ချောကျိုမြို့လေးမှာ အဖကျောင်းဆရာနှင့် အမိကျောင်းဆရာမတို့က သားကြီး သားဦးရတနာအဖြစ် မွေးဖွားခဲ့သည်။ သူမူလတန်းတက်နေစဉ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာခဲ့သည်။ စစ်အတွင်းမှာ လီကာရှင်းတို့မြို့သည် ဂျပန်စစ်လေယာဉ်များ မကြာခဏဗုံးကြဲချခြင်းကို ခံရသည်။ မြို့တစ်မြို့လုံးပျက်စီးမီးလောင်သဖြင့် သူ ၁၄ နှစ်သားမှာ စစ်ဘေးဒဏ်ကြောင့် ဟောင်ကောင်ကျွန်းသို့ မိသားစုပြေးကြရသည်။ ဟောင်ကောင်ရောက်ပြီးမကြာမီ ဖခင်သည် တီဘီအဆုတ်နာရောဂါဖြင့် ကွယ်လွန်သည်။ ၁၄ နှစ်သား လီကာရှင်း၏ လက်ကို တင်းတင်းဆုပ်ထားသော ဖခင်၏မျက်နှာကို သူနားလည်သည်။ "ဖေဖေစိတ်ချပါ။ မိသားစုကို အဖေ့ကိုယ်စား၊ သားကတာဝန်ယူသွားမယ်။ စိတ်မပူနဲ့နော်၊ သားကတိပြုတယ်နော်" ဟု သူက

ပြောမိသည်။

ဖခင်ဆုံးပြီး သူမှာလည်း ဖခင်က ကူးသော တီဘီအဆုတ်နာရောဂါရနေပြီ။ ဟောင်ကောင်ဆေးရုံတစ်ရုံမှာ ရက်အတော်ကြာတက်ကာ ကုရသည်။ အဆောင်အခန်းကျဉ်းလေးထဲမှာ တစ်ယောက်တည်း စိတ်ဆင်းရဲသည်။ အမေနှင့် ညီလေးတွေကို ဘာမှလုပ်မပေးနိုင်။ အဖေ သေဆုံးရခြင်းမှာလည်း ဆေးဝါးကောင်းစွာမကုသပေးနိုင်ခဲ့၍သာ ဖြစ်သည်။ ကုသစရိတ်မရှိသဖြင့် သေရသည်။ မိသားစုက ထမင်းနပ်မမှန်အောင် ငတ်ပြတ်နေကြရသည် မဟုတ်လား။ ဆင်းရဲတွင်းက လွတ်အောင်၊ ချမ်းသာအောင်၊ ငါကြိုးစားရမည်ဟု နေ့စဉ်သန္နိဋ္ဌာန် ခိုင်မာစွာချသည်။ ငါချမ်းသာကြွယ်ဝရမည်။

ဆေးရုံက ဆင်းတော့ ကျောင်းမတက်နိုင်ရှာတော့ပါ။ တစ်မိသားစုလုံး စားသောက်နေထိုင်ဖို့ရာ လီကာရှင်းသည် လက်တွန်းလှည်းတွန်းခြင်း၊ ကုန်စိမ်းရောင်းခြင်း စသည်ရရာလုပ်၍ ဝမ်းစာရေးကို ဖြေရှင်းရသည်။ ပလတ်စတစ်နာရီ လက်ပတ်ကြိုးစက်ရုံမှာ အလုပ်လုပ်ရသည်။ တစ်နေ့လျှင် ၁၆ နာရီ အလုပ်လုပ်ရသည်။ အသက် ၁၄ နှစ်သားရွယ်တူတွေ ကျောင်းသွားတော့ သူမသွားနိုင်ရှာ။

လီကာရှင်း၏ အလုပ်ကြိုးစားမှုကြောင့် တစ်နှစ်ကျော်သော် အရောင်းစာရေး၊ နောက်နှစ်မှာ အရောင်းဌာနတာဝန်ခံ၊ နောက်နှစ်မှာ မန်နေဂျာ စသည်ဖြင့် ရာထူးတိုးတက်လာသည်။ မိသားစုဘဝငတ်မွတ်ခြင်းမှ လွတ်မြောက်ရသည်။ ချွေတာစွာစား၍ ငွေစုဆောင်းထားသည်။ အသက် ၁၈ နှစ်မှာ မန်နေဂျာဖြစ်နေပြီ။

ဘာကြောင့်ပိုသမျှငွေကို စုသနည်း။ ဝန်ထမ်းဘဝက မချမ်းသာနိုင်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်မှသာ ချမ်းသာနိုင်မည်ကို နေ့စဉ်စာဖတ်သော လီကာရှင်းက သိထားပြီးပြီ။ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကို မတက်ဖူးဘဲ ကျောင်းထွက်ခဲ့ရသော်လည်း နေ့စဉ်စာဖတ်သည်။ မှတ်သားသည်။ တွေးသည်။ ဆင်းရဲနိမ့်ကျလှသော ဘဝမှ ရုန်းကန်ကြိုးစားပြီး ဘဝမြင့်မားအောင် ရွေ့ဆက်ရမည်။ မိမိဘဝပညာရေးကို စာဖတ်ပြီး မြှင့်သည်။

## လူငယ်ဘဝ

လူငယ်ဘဝမှာ လီကာရှင်း မပျော်ပါးနိုင်ခဲ့ပါ။ သူ၏စုငွေနှင့် အမျိုးသမီးတစ်ဦးဆီမှ ချေးငွေပေါင်းပြီး အသေးစား ပလတ်စတစ်စက်ရုံတစ်ရုံ ဝယ်လိုက်သည်။ 'ယန်စီမြစ် ပလတ်စတစ်စက်ရုံ' ဟု အမည်ပေး၏။ မျှော်မှန်းချက်ကကြီးမားသည်။

လီကာရှင်း၏ စက်ရုံမှ ခြင်းတောင်း၊ ဘူးများ၊ ခွက်များ၊ အရုပ်များ မျိုးစုံထုတ်လုပ်သည်။ မိသားစုချောင်လည်လာသည်။ ဤမျှနှင့် မကျေနပ်။ လီကာရှင်းက သက်သာမှုဇုန်ထဲမှာ ရပ်တန့်မနေ။ ရေသာမခိုချေ။ ဇိမ်ခံရမည့် အချိန်မဟုတ်။

တစ်နေ့မှာ အလွန်တရာ ကြွယ်ဝချမ်းသာသည့် အဆင့်အထိရောက်အောင် မဖြစ်မနေ ကြိုးစားမည်ဟု ဆုံးဖြတ်ချက်ချထားခဲ့သည်။ ဆက်၍ကြိုးစားနေသည်။ ပန်းတိုင်အခိုင်အမာရှိသည်။

ကျောင်းဆရာ အဖေနှင့် အမေက လီကာရှင်းကို စာပေများများ ဖတ်အောင်၊ စာဖတ်ဝါသနာပါအောင် ကောင်းစွာပျိုးထောင်ပေးခဲ့သည်။ ၁၄ နှစ်မှာ ကျောင်းထွက်ခဲ့ရရှာသော်လည်း လီသည် နေ့စဉ်မပြတ် စာအမြဲဖတ်သည်။ ၁၉၅၇ ခု၊ နှစ်ဦးပိုင်းတစ်ရက်မှာ အီတလီဘာသာမှ အင်္ဂလိပ်ဘာသာဖြင့် ပြန်ထားသော "ပလတ်စတစ်မဂ္ဂဇင်း" ထဲမှာ အီတလီပလတ်စတစ် စက်ရုံများမှ ပန်းအမျိုးမျိုးကို ဥရောပသို့ အမြောက်အမြားတင်ပို့ရောင်းချကြောင်း သတင်းတိုလေးတစ်ပုဒ်ဖတ်ရသည်။ လုပ်အားခ အီတလီထက် ဈေးချိုသည့် မိမိတို့၏ ဟောင်ကောင်မှာ ပန်းပလတ်စတစ်ထုတ်ရလျှင် အမြတ်အစွန်း ပိုများမည်။ စဉ်းစားမိသည်။ အီတလီသို့ သွားရောက်လေ့လာသည်။ လအတော်ကြာကြာ လေ့လာသောအခါ

ပလတ်စတစ်ပန်းအမျိုးမျိုး နည်းပညာသာမက စက်ရုံဝန်ထမ်းအုပ်ချုပ်ပုံ၊ စီမံပုံ၊ ကြီးကြပ်ပုံများပါ သူကောင်းစွာသိမြင် နားလည်လာခဲ့သည်။ စာဖတ်ခြင်း၏ ကျေးဇူး၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်း၏ ကောင်းကျိုး။

သူ၏ယန်စီမြစ်ပလတ်စတစ်စက်ရုံမှ အီတလီထက် ဈေးသက်သာသော ပန်းအလှအမျိုးမျိုးကို ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်သည်။ ငါးနှစ်ကြာသောအခါ ကမ္ဘာတစ်ဝန်းလုံး ပလတ်စတစ်ပန်းအများဆုံး ထုတ်လုပ်တင်ပို့သော ကုမ္ပဏီကြီးဖြစ်လာလေပြီ။ အောင်မြင်မှု စံချိန်တင်သကဲ့သို့ ငွေကြေးအကျိုးအမြတ်လည်း ချမ်းသာလောက်အောင် ကြီးမားသည်။

### ကံဆိုးမှ ကံကောင်း

လီကာရှင်းချမ်းသာလာမှန်းသိသော မြေပိုင်ရှင်က စက်ရုံအတွက် မြေငှားခကို မတန်တဆ ဈေးမြှင့်၍ တောင်းဆိုလာသည်။ စက်ရုံတန်ဖိုးဆုံးရှုံးရတော့မည်။ မတတ်သာသဖြင့် အခြားသူကို ရောင်းလိုက်ရသည်။

မြေနေရာအသစ်ရှာရသည်။ မြေကိုငှားမနေတော့ဘဲ အပိုင်ဝယ်၍ ၁၂ ထပ် အဆောက်အအုံကြီးဆောက်လိုက်သည်။ မြေဈေးတွေ တက်လာသဖြင့် ထိုအဆောက်အအုံနှင့် မြေကို အမြတ်များစွာဖြင့် ရောင်းလိုက်နိုင်သည်။ ကံဆိုးခြင်းမှ ကံကောင်း။

သူအသက် ၃၂ နှစ် (၁၉၆၀ ပြည့်နှစ်) ရှိလာသောအခါ အိမ်မြေအရောင်းအဝယ်လုပ်



ငန်း၏ အကျိုးအမြတ်ကို သူသိမြင်နေပြီ။ ယန်စီမြစ်အိမ်ခြံမြေလီမိတက် တည်ထောင်ကာ ကြီးမားသော စီးပွားရေးအရောင်းအဝယ် လုပ်လေသည်။

ဈေးသက်သာသော မြေများကို ရှာဝယ်၊ ပြုပြင်၊ လမ်းဖောက်၊ ရေမီးရအောင် စီမံပြီး ပြန်ခွဲစိတ်ရောင်းချ၊ အမြတ်ငွေအဆမတန် ရရှိသည်။ အိမ်မြေရောင်းဝယ်ရေးက လီကာရှင်းကို ဒေါ်လာသန်းကြွယ်သူဌေး ဖြစ်လာစေတော့သည်။

## အသက် ၅၀ ကျော်

၁၉၇၉ ခုနှစ်မှာ ဟောင်ကောင်အိမ်ခြံမြေဈေးက ငြိမ်သွားပြီ။ လီကာရှင်းသည် အခြားလိုင်းတစ်ခု ရွေးချယ်ကူးပြောင်းလိုက်သည်။ အရှုံးပေါ်နေသော ဟတ်ချီဆန်ဂမ်ပိုအာဆိုသောကုမ္ပဏီမှ မူလရှယ်ယာတန်ဖိုး၏ တစ်ဝက်ဈေးဖြင့် အစုရှယ်ယာပေါင်း၏ ၂၂ ရာခိုင်နှုန်းကို ဝယ်ယူလိုက်သည်။ မူလဗြိတိသျှ စီးပွားရေးလုပ်ငန်းရှင်များထဲမှာ သူက ဝင်ပါလိုက်ခြင်းပင်။

ကုမ္ပဏီ၏ အရေးအရာများတွင် ပါဝင်တင်ပြခွင့်၊ ဆုံးဖြတ်ခွင့်တွေရလာသည်။ ဆယ်နှစ်အကြာမှာ ယခင်က အရှုံးကြီးရှုံးခဲ့သော စီးပွားရေးလုပ်ငန်းများသည် ဟတ်ချီဆန်ဂမ်ပိုအာကုမ္ပဏီအား အမြတ်ငွေများအကြီးအကျယ် တိုးပွားအောင် လုပ်ဆောင်ပြနိုင်ခဲ့လေသည်။ ဤကုမ္ပဏီသည် ယနေ့အခါတွင် နှစ်စဉ် ဒေါ်လာဝါးဆယ်ဘီလီယံဖိုးမျှ ဝင်ငွေရနေပြီ။

## အသက် ၆၀ ကျော်

၁၉၈၇ ခုနှစ်မှာ လီကာရှင်းသည် အကြီးအကျယ် အရှုံးပေါ်နေသော ဟတ်စ်ကီအွိုင်းလ် (Husky Oil) ဟူသော ကနေဒါရေနံကုမ္ပဏီတစ်ခု၏ ရှယ်ယာစုစုပေါင်း၏ တစ်ဝက်ကို ဒေါ်လာသန်းဝါးရာနှင့် ဝယ်ဖို့လုပ်သည်။ သူ့အပေါင်းအသင်းများ၊ မိတ်ဆွေများက တားကြဆီးကြသည်။ မသေခင် မွဲသွားနိုင်သည်။ အကျိုးမရှိဟု ထောက်ပြကြသည်။ ကန့်ကွက်ကြသည်။ လီကာရှင်းက အဝေးကို ကြိုမြင်နိုင်ခဲ့သည်။ ဟတ်စ်ကီအွိုင်းလ်ကုမ္ပဏီကို စွန့်စားစွာဖြင့် ဒေါ်လာသန်းဝါးရာဖိုးဝယ်လိုက်သည်။ ထိုစဉ်က ရေနံတစ်စည် ဆယ်ဒေါ်လာဈေးပေါက်နေ၏။ အနှစ်သုံးဆယ်ကြာသော အခါ ရေနံတစ်စည် ဒေါ်လာသုံးဆယ်၊ တစ်ကြိမ် ၁၄၀ အထိပင် ဈေးတက်ခဲ့ဖူးသည်။ နောက်ပိုင်း ၉၃ ဒေါ်လာနှင့် တန့်နေသည်။ အမြတ်ငွေကိုးဆဆယ်ဆ ရနေပြီဆိုရပေမည်။ လီကာရှင်းကား ချမ်းသာပြီးရင်း ချမ်းသာ၊ အာရှမှာ အချမ်းသာဆုံးသူဌေး။ ၂၀၁၇ ခုနှစ်က Facebook (ဖေ့စ်ဘွတ်) ပေါ်စ၊ အရှုံးအမြတ်မသေချာမရေရာသေးမီ သူက ဒေါ်လာသန်း ၁၂၀ ဖိုး အစုရှယ်ယာဝယ်ယူလိုက်သည်။ ယနေ့ လီကာရှင်းဝယ်ခဲ့သော တန်ဖိုးက ဒေါ်လာသန်းကိုးရာဖြစ်နေပြီ။ ရှစ်ဆမြတ်ခဲ့သည်။

အမြတ်ရမည့် အကွက်အကွင်းများကို သူက လူတကာထက် ပိုမြင်သည်။ ပိုသိထားသည်။ သူ၏ပိုင်ဆိုင်မှုများမှာ ယခုအသက်ကိုးဆယ်အရွယ်တွင် ဒေါ်လာသုံးဆယ်ဘီလီယံဖြင့် အာရှမှာ အချမ်းသာအကြွယ်ဝဆုံး သူဌေးကြီးပေတည်း။

## နိဂုံး

လီကာရှင်းဖောင်ဒေးရှင်းမှ အာရှတိုက်နိုင်ငံများသို့ လျှပ်စစ်ဓာတ်အားပေးဝေခြင်းသည် တရုတ်ပြည်ရှန်ဟဲစာကြည့်တိုက်ကြီးအပါအဝင်၊ တက္ကသိုလ်များ၊ ကျောင်းများအတွက် ဒေါ်လာသန်းနှစ်ဘီလီယံကျော်နေပြီဟု သိရပါသည်။

မှတ်သားစရာ သူ၏ စကားနှစ်ခွန်းဖော်ပြ၍ နိဂုံးချုပ်ပါရစေ။ လီကာရှင်းကပြောပါသည်။

"နာမည်တစ်လုံးဟာ အောင်မြင်မှုရဲ့ သော့ချက်ပါ။ နာမည်မပျက်စေဖို့ သင့်ဖောက်သည်တွေအပေါ်မှာ သစ္စာရှိပါ"

"ညပိုင်းမအိပ်ခင် နှစ်နာရီရရ၊ သုံးနာရီရရ စာဖတ်ပါ။ အားလပ်ချိန်ရတိုင်း စာဖတ်ပါ။ တွေးခေါ်ကြံဆပါ။ အကျိုးရှိရာရှိကြောင်းတွေ ဆွေးနွေးပါ"။




# သက်မွေးပညာအကြောင်း တစ္ဆေတစောင်း

သီရိနိုင်

မြန်မာနိုင်ငံသည် စင်ကာပူဝန်ကြီးချုပ်လီကွမ်ယူ အားကျခဲ့ရသည့်နိုင်ငံ၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ပထဆုံးအတွင်းရေးမှူး ဖြစ်ခဲ့သည့်နိုင်ငံပင် မဟုတ်ပါလော။ တစ်ချိန်တစ်ခါက ပညာရေးနှင့်ပတ်သက်၍ အခြားနိုင်ငံများမှ အားကျခဲ့ရသော မြန်မာနိုင်ငံသည် ယခုကာလများတွင် နိုင်ငံတကာထက် နောက်ကျကျန်နေခဲ့သည်မှာ မြန်မာနိုင်ငံသားများ ညံ့၍မဟုတ်ဘဲ စနစ်တစ်ခု၏သားကောင်ဖြစ်ခဲ့ရသောကြောင့်ပင် ဖြစ်ပေသည်။ ပညာရေးအမြင်အရကြည့်လျှင် ၂၁ ရာစုမတိုင်မီက တံခါးပိတ်မူဝါဒကို ကျင့်သုံးခဲ့ပြီး ပညာရေးစနစ် ညံ့ဖျင်းခဲ့သောကြောင့်ပင်။ ပညာရပ်တစ်ခုကို တတ်ကျွမ်းအောင် သင်ယူဖို့နှင့် မိမိတို့၏ပင်ကိုဗီဇဝါသနာထက် မိဘများကိုယ်တိုင်ကပင် သားသမီးများကို ရုဏ်ရှိရေး၊ ဂုဏ်ရှိရေးကိုသာ အလေးထားသောကြောင့် ဆေးပညာကို ရသူ ၁၀၀ ရာခိုင်နှုန်းတွင် ၁၀ ရာခိုင်နှုန်းလောက်သာဆရာဝန်အဖြစ် ပြည်သူ့ကျန်းမာရေးအား စောင့်ရှောက်ပေးနေကြပြီး အင်ဂျင်နီယာကို ရသူ ၁၀၀ ရာခိုင်နှုန်းတွင် ၃၀ ရာခိုင်နှုန်းလောက်သာ အင်ဂျင်နီယာအဖြစ် ရပ်တည်ကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အရင်းအမြစ် နစ်နာဆုံးရှုံးမှုများပင်ဖြစ်သည်။

## ဘာကြောင့် သက်မွေးပညာလိုအပ်လာတာလဲ

ဒီလိုအရင်းအမြစ် မဆုံးရှုံးစေဖို့အတွက် သေချာစွာ ရွေးချယ်တတ်ဖို့လည်း လိုပါသည်။ ဘွဲ့လက်မှတ်သည် စက္ကူတစ်ရွက်မျှသာ မဖြစ်စေလိုပါ။ အစိုးရဘက်မှလည်း ဘွဲ့နှင့် ကိုက်ညီသောအလုပ်ရရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန်လိုအပ်သကဲ့သို့ ဘွဲ့ရပညာတတ်များမှာလည်း ဘွဲ့နှင့်ထိုက်တန်သော ကျွမ်းကျင်မှုမျိုးရှိရန် လိုအပ်ပါသည်။ ဘွဲ့တစ်ခုရရန် အချိန် လေးနှစ်၊ ငါးနှစ်ပေးခဲ့သော်လည်း ဘွဲ့တခြား အလုပ်လုပ်နေသည့် ကတခြား Skills Mismatch ဖြစ်နေပါသည်။ ထို့ကြောင့် သတိချပ်သင့်ပါသည်။ လုပ်ငန်းခွင်ဝင်ရောက်ရာတွင် မိမိတို့တွင် ကိုယ်ပိုင်ကျွမ်းကျင်မှုအရည်အသွေး ရှိသင့်သည်။ လက်ရှိအခြေအနေအရ တက္ကသိုလ်ပညာလေ့လာဆည်းပူးသော်လည်း ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင်ပင် အလုပ်အကိုင်ရရှိမှု နည်းပါးသော

ကြောင့် တက္ကသိုလ်ပညာရပ်နှင့် ပူးတွဲ၍ဖြစ်စေ၊ တက္ကသိုလ်ပညာ မမီခဲ့သည့်သူများမှာလည်း မိမိတို့ဝါသနာနှင့်ကိုက်ညီသည့် ပညာရပ်ကိုသင်ယူခြင်းဖြင့်ဖြစ်စေ မိမိတို့ဘဝနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်ပေသည်။ အသက်မွေးဝမ်းကျောင်း (Vocational Training) ဆိုသည်မှာ မိမိတို့ဝါသနာနှင့်ကိုက်ညီသည့် ဘာသာရပ်ကို သင်ကြားပေးခြင်းဖြစ်သဖြင့် ကျောင်းသားကျောင်းသူများသာမက မိဘများကပါ အသက်မွေးဝမ်းကျောင်းပညာကို တန်ဖိုးထားသင့်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကပင် သက်မွေးပညာရေးကို ပထမတန်းစားပညာရေးအဖြစ် တန်ဖိုးထားလာသည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများက ယင်းပညာရေးအား ယုံကြည်တန်ဖိုးထား၍ Public Private Partnership ပုံစံဆောင်ရွက်လျှင် ပညာရေးအောင်မြင်မည်ဟု TVET Forum တွင် ပြောကြားသွားခဲ့ပါသည်။ ယင်းနှင့်ဆက်စပ်၍ အခြားနိုင်ငံများ၏ အသက်မွေးပညာရေးစနစ်အား လေ့လာခဲ့ရာ ဂျာမနီနိုင်ငံသည် သက်မွေးပညာကဏ္ဍကို အောင်မြင်စွာ ဆောင်ရွက်နေသော ရှေ့ပြေးနိုင်ငံတစ်နိုင်ငံ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ကိုရီးယားနိုင်ငံသည်လည်း အလားတူပင်၊ အာဆီယံနိုင်ငံများသည်လည်း သက်မွေးပညာရေးစနစ်ကို ထိရောက်အောင် ဆောင်ရွက်နိုင်ရေးအားလုံးပူးပေါင်းဆောင် ရွက်လျက်ရှိပါသည်။

## ဂျာမနီ

ဂျာမနီနိုင်ငံသည် TVET ကဏ္ဍအတွက် (၁) အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPP Public Private Partnership) (၂) လုပ်ငန်းခွင်အတွင်းလေ့လာမှု၊ (၃) အမျိုးသားအဆင့်အရည်အသွေး 'စံ' များအား လက်ခံမှု၊ (၄) သက်မွေးပညာ သင်တန်းကျောင်းဝန်ထမ်းများ၏ အရည်အသွေးနှင့် (၅) သုတေသနနှင့် အကြံပေးမှုအပိုင်းငါးပိုင်းဖြင့် အဓိကဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၇ စစ်တမ်းအရ ဂျာမနီသည် ဥရောပတွင် အလုပ်အကိုင်ရရှိမှုနှုန်း ဒုတိယအမြင့်ဆုံး နိုင်ငံဖြစ်ပြီး ဂျာမနီနိုင်ငံအောင်မြင်လာသည်မှာလည်း German Dual Vocational Training ကြောင့်ပင် ဖြစ်သည်။ ဂျာမနီနိုင်ငံတွင် သက်မွေးပညာကို Chamber က ဦးဆောင်ရွက်လျက်ရှိသည်ကိုလည်း ယင်းတို့၏ စာတမ်းများမှတစ်ဆင့် လေ့လာသိရှိနိုင်ပါသည်။

## ကိုရီးယား

ကိုရီးယားနိုင်ငံ၏ ပညာရေးကိုခြုံကြည့်လျှင် အလယ်တန်းအောင်သူများသည် အထက်တန်းတွင် ရိုးရိုးအထက်တန်းနှင့် (အထူးအထက်တန်း– သက်မွေးအထက်တန်း) မိမိနှစ်သက်ရာကို ရွေးချယ်တက်ရောက်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း သိရှိရသည်။ ရိုးရိုးအထက်တန်းတက်ရောက်သူများမှာ အဆင့်မြင့်ပညာရေး (တက္ကသိုလ်) သို့ တက်ရောက်နိုင်ပြီး သက်မွေးအထက်တန်း တက်ရောက်သူများမှာ လုပ်ငန်းခွင်သို့ဝင်နိုင်ရန် လေ့ကျင့်ပေးပြီးသားသူများဖြစ်လာကြ၍ အဆင့်မြင့်သက်မွေးပညာ (Vocational Col-leges, Poly-tech universities, Universities of technology and education, poly-tech colleges and corporate universities) သို့ ဆက်လက်တက်ရောက်နိုင်ကြပါသည်။ သို့သော် KRIVET (2012) စစ်တမ်းအရ တက္ကသိုလ်တက်သူရာခိုင်နှုန်းများသော်လည်း သက်မွေးပညာတက်ရောက်သူများက အလုပ်ရရှိမှုရာခိုင်နှုန်းများကြောင်း လေ့လာတွေ့ရှိရပါသည်။ ကိုရီးယားတွင် အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် (5 Year National Economic Develo- pment Plan) အတွက် Vocational Education policy ကို အစိုးရက ဦးဆောင်ဆောင်ရွက်နေသည်ကိုလည်း သိရှိရပါသည်။ ကိုရီးယားနိုင်ငံတိုးတက်မှုသည် ကုမ္ပဏီများမှ အလုပ်သင်များအား လက်ခံသင်ကြားပေးခြင်း အကြောင်းတရားကြောင့်လည်း ဖြစ်ပါလိမ့်မည်။

## ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံတွင်လည်း မိဘများနှင့် ကျောင်းသားများသည် Academic ပညာရေးကိုသာ အလေးထားပြီး နောက်ခံမိသားစု စီးပွားရေးမကောင်းသူ၊ အမှတ်မမီသူများသာ Vocational ကိုဒုတိယရွေးချယ်မှုအနေဖြင့်သာ လက်ခံကြပါသည်။ ဂျပန်နိုင်ငံသည် ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင်သာ နိုင်ငံ၏ လုပ်ငန်းခွင်လိုအပ်သော ကျွမ်းကျင်မှုပြောင်းလဲလာမှုကြောင့် သက်မွေးပညာ၏အသုံးဝင်ပုံကို နားလည်သဘောပေါက်လာ၍ သက်မွေးပညာရေးကို လက်ခံကျင့်သုံးလာပြီး အာဆီယံနိုင်ငံမှ အများဆုံးသွားရောက်လေ့လာသောနိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။

## အာဆီယံနိုင်ငံများ

အာဆီယံဆယ်နိုင်ငံများ၏ သက်မွေးပညာကဏ္ဍအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ထိရောက်သည့် နည်းလမ်းများအတွက် ဂျာမနီနိုင်ငံ၏ ဦးဆောင်ပေးမှုဖြင့် အာဆီယံနိုင်ငံများတွင် အစည်းအဝေးများ၊ Seminar များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ ဒိုင်ရာလော့များကျင်းပ၍ အဖြေရှာသည့်အပြင် ဂျာမနီ၊ ဂျပန်၊ ကိုရီးယား စသည့် နိုင်ငံများတွင်လည်း Regional Steering Committee Meeting များ၊ Regional Policy dialogue များ၊ Regional working group meeting များပြုလုပ်ကာ နည်းလမ်းများရှာဖွေ၍ ရလဒ်များအား အာဆီယံတွင်ထုတ်ပြန်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သောကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကောင်းမွန်သော အလေ့အကျင့်များကို 'စံ' နမူနာယူကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ

မြန်မာလူမျိုးများသည်လည်း ဂျပန်ကဲ့သို့ ရှေးရိုးစွဲ Academic ပညာရေးကိုသာလိုလားကြပြီး သက်မွေးပညာ၏တန်ဖိုးကို အလေးထားသူများရှား၍ Second Class Education ဟုသာ လက်ခံထားခြင်းက မြန်မာ့ပညာရေးစနစ်ညံ့ဖျင်းခဲ့ရသည့် အကြောင်းအရင်းတစ်ခုဖြစ်မည်ဟု ထင်မြင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာလူငယ်များသည် အခြေခံပညာရေးပြီးဆုံးအောင်မတက်ရောက်နိုင်သော်လည်း သက်မွေးပညာရှိသည်ကို မိဘများက အားပေးရန်အသိ မရှိသကဲ့သို့ ကျောင်းသားများကိုယ်တိုင်လည်း လေ့လာဆည်းပူးရကောင်းမှန်း သိသူရှားလှပါသည်။ ယင်းကြောင့်ပင် အခြားနိုင်ငံများတွင် လူငယ်များ အလုပ်သင်ဝင်အလုပ်လုပ်ကိုင်နေကြသော်လည်း မြန်မာလူငယ်အများစုမှာ မိဘအားမှီခိုသူများပြားခဲ့ပါသည်။ ဒီမိုကရေစီရပြီးသည့် နောက်ပိုင်းတွင် ပညာရေးစနစ် ပြုပြင်ပြောင်းလဲလာခဲ့ခြင်းကြောင့် အလယ်တန်း ပြီးဆုံးသူများသည် GTHS ကျောင်းများ၊ သက်မွေးပညာသင်တန်းများသို့ တက်ရမှန်း၊ သက်မွေးပညာတတ်ခြင်းသည် အလုပ်အကိုင်ရရှိမှုအတွက်၊ မိမိတို့အသက်မွေးဝမ်းကျောင်းအတွက် ကောင်းစွာရပ်တည်နိုင်မည်မှန်းကို နားလည်လာခဲ့ကြပါသည်။ အစိုးရလည်း Vocational ကဏ္ဍအား အားပေးလာသောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများကဆောင်ရွက်နေကြသည့်အပြင် ပညာရေးဝန်ကြီးဌာန၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနများကလည်း အဓိကဆောင်ရွက်နေကြပါသည်။ မည်သို့ပင် ဝန်ကြီးဌာနများက ဆောင်ရွက်နေစေကာမူ ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းပါဝင်မှုမရှိလျှင် ဆားမပါသောဟင်းကဲ့သို့ မကောင်းနိုင်၊ မအောင်မြင်နိုင်ပါ။ အစိုးရကခိုင်မာသောမူဝါဒများချမှတ်၍ ပုဂ္ဂလိကမှ အင်တိုက်အားတိုက် ပါဝင်ပူးပေါင်းဆောင်ရွက်လျှင် မိမိတို့နိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ တိုးတက်လာမည် ဖြစ်ပါသည်။

## သက်မွေးကဏ္ဍအတွက် ဝန်ကြီးဌာနများ၏ လှုပ်ရှားဆောင်ရွက်မှု

ဝန်ကြီးဌာနအလိုက် ၁၃ ခုသည်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာန တစ်နိုင်တစ်ပိုင် သက်မွေး

ပညာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာရေး၊ တစ်သက်တာပညာရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ပညာရေးဟုဆိုလျှင် အရည်အသွေးသည် အလွန်ပင်အရေးကြီးပါသည်။ ထို့ကြောင့် အခြေခံပညာရေးအတွက် စံများ၊ အညွှန်းကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာရေးအတွက် National Accreditation and Quality Assurance Committee (NAQAC) မှ အရည်အသွေးအာမခံမှု စံ နှင့် သတ်မှတ်ချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ ယင်းအပြင် DTVE (Department of Technical and Vocational Education) မှလည်း ချမှတ်ထားသော အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆–၂၀၂၁ တွင် ပါဝင်သည့် မဟာဗျူဟာသုံးခုအတိုင်း နည်းပညာနှင့်သက်မွေးပညာကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည် TVET law အား ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရေးဆွဲလျက်ရှိပါသည်။ ထို့အတူ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အား ဖွဲ့စည်းပြီး အလုပ်အကိုင်ကျွမ်းကျင်မှု 'စံ' ကော်မတီ ၁၅ ရပ် ဖွဲ့စည်း၍ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု 'စံ' များရေးဆွဲပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါသည်။ ယခင် အလုပ်အကိုင် ကျွမ်းကျင်မှုဖွံ့ဖြိုး တိုးတက်ရေး ဥပဒေမှခွဲထုတ်၍ ကျွမ်းကျင်မှုအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေမူကြမ်းအား ရေးဆွဲလျက်ရှိပြီး ယခုဆိုလျှင် ISO 9001-2015 အသိအမှတ်ပြုလက်မှတ်အား ရရှိခဲ့ပြီးဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနသည်လည်း ICT ကျောင်းများ၊ ရက်တိုသင်တန်းများ ဖွင့်လှစ်၍ တစ်ရှိန်ထိုးဆောင်ရွက်လျက်ရှိပါသည်။

## ကုန်သည်စက်မှုအသင်းချုပ်၏ သက်မွေးကဏ္ဍဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု

ယင်းကဲ့သို့ လှုပ်ရှားဆောင်ရွက်မှုတိုင်းတွင် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ပေးခဲ့သောကြောင့် လုပ်ငန်းစဉ်များ လျင်မြန်စွာ အကောင်အထည်ပေါ်ခဲ့ပါသည်။ အကောင်အထည်ဖော်သည့် ကိစ္စရပ်တိုင်းတွင် ပုဂ္ဂလိကကဏ္ဍမှ မဖြစ်မနေ ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။ ပုဂ္ဂလိကဟုဆိုလျှင် Private sector ကို ကိုယ်စားပြုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဖြစ်သောကြောင့် အသင်းချုပ်သည် ဥပဒေပြုရေးကိစ္စရပ်များအား အားပေးလှုံ့ဆော်ခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု 'စံ' များ ထွက်ပေါ်လာရန် အားပေးခြင်း၊ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု 'စံ' များ အားသုံးသပ်ခြင်း၊ စစ်ဆေးအကဲဖြတ်သူများ၊ စစ်ဆေးအကဲဖြတ်ဌာနများ ပေါ်ပေါက်လာစေရေး စသည့်စစ်ဆေးအကဲဖြတ်ရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ စက်မှုဇုန်များ၊ သက်ဆိုင်ရာအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ မဏ္ဍိုင်ငါးရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော လူသားအရင်းအမြစ်တည်ဆောက်ရေးမဏ္ဍိုင်အတွက်လည်း လုပ်ငန်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်း၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ရေးကော်မတီ (NAQAC) တွင်လည်း အရည်အသွေးအာမခံမှုအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်း၊ လျှပ်စစ်ကျွမ်းကျင်လက်မှတ်ရရှိရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီရုံစစ်ရပ်တွင် ပညာရေးနှင့်အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ လုပ်ငန်းကော်မတီ အစရှိသည့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီအလိုက် ပါဝင်ဆောင်ရွက်ခြင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာပေါင်း

စပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း၊ လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေး ဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ရေးလုပ် ငန်းအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်း စသဖြင့် ကော်မတီများတွင်လည်း ပူးပေါင်းဆောင် ရွက်လျက်ရှိပါသည်။ အခြားနိုင်ငံများတွင် TVET အား Chamber များက ဦးဆောင်ဆောင် ရွက်နေသကဲ့သို့ Regional Policy Dialogue တစ်ခုတွင်လည်း ဆွေးနွေးချက်ရလဒ်အရ Chamber များသည် နည်းပညာနှင့်သက်မွေး ပညာကိစ္စရပ်များ၊ ထိရောက်စွာအကောင် အ ထည်ဖော်ဆောင်ရွက်နိုင်ရန် ဌာနတစ်ခုဖွဲ့ စည်းသင့်ကြောင်း ထောက်ပြထားသည်ကို လည်း တွေ့ရှိရပါသည်။ ယင်းအချက်အား လက်ရှိတွင် အသင်းချုပ်က အခိုင်အမာဆောင် ရွက်ထားပြီးဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် ၂၀၁၄ ခုနှစ်တွင် ကုန်သည်စက်မှု အသင်းချုပ်၌ TVET (Technical and Vocational Education and Training) Unit အား ဖွဲ့စည်း၍ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကသင်တန်း ကျောင်းများ၊ စက်မှုဇုန်များ၊ ညီနောင်အသင်း များ၊ GIZ, Schneider ပြည်တွင်းပြည်ပအဖွဲ့ အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်၍ သက် မွေးပညာကိစ္စများအား National level, regional level ဆောင်ရွက်လျက်ရှိပါသည်။

## သက်မွေးပညာအရေးပါပုံ

လူတိုင်းသည် သက်မွေးပညာရပ် တစ်ခုခု တတ်မြောက်ရန် လိုအပ်ပါသည်။ Academic ပညာရေးကိုပြီးဆုံးအောင် မသွားနိုင်သူများ၊ လက်လုပ်လက်စားမိသားစုမှ ဆင်းသက် လာသူများသည် အဆင့်မြင့်ပညာရေးကို ဆက်လက် မတက်ရောက်နိုင်သည့်အခါ အဆိုပါကလေးများထဲမှ အချို့သည် ကလေး အလုပ်သမားများအဖြစ် လမ်းဘေးဆိုင်များ တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။ အချို့ ကလေးများသည် ရည်ရွယ်ချက်မရှိ လမ်း ပျောက်ကာ လေ့လာမှုမရှိ အလုပ်မရှိ ကလေ ကချေများ ဖြစ်သွားကြသည်ကများပါသည်။ ယင်းကလေးများ၏ ရှေ့အနာဂတ်အတွက် ဝိုး တိုးဝါးတားဖြစ်ရပ်မျိုးတွင် ပညာရေး၌ မထူး ချွန်သော်လည်း တက္ကသိုလ်ပညာရေးအား ဆက်လက်မသင်ယူနိုင်သော်လည်း ဘဝအသက် မွေးမှုအတွက် သက်မွေးပညာတတ်မြောက်ရန် မှာ အလွန်ပင်အရေးကြီးလှပါသည်။ ယခုအခါ ရှစ်တန်းကျောင်းသားများအတွက် အစိုးရ နည်းပညာအထက်တန်းကျောင်း GTHS များ၊ Industrial Technology Centre စက်မှု နည်းပညာကျောင်း (ITC)၊ ပုဂ္ဂလိကသက်မွေး ပညာ သင်တန်းကျောင်းများ ပေါ်ပေါက်လာ ခြင်းသည် လူငယ်များအတွက် စာတွေ့သာမ က လက်တွေ့ပါ လုပ်ကိုင်နိုင်သောပညာရပ်များ အား လေ့လာခွင့်ရရှိလာကြပြီဖြစ်ပါသည်။

ယင်းအပြင် လုပ်ငန်းခွင်တွင် လက် တွေ့လေ့လာရခြင်း၊ ကုမ္ပဏီများမှ အလုပ် သင်များလက်ခံခြင်းကြောင့် လုပ်ငန်းခွင် အ တွေ့အကြုံများပါ ရှိလာသည့်အတွက် ကောင်း မွန်သောစနစ်တစ်ခုဖြစ်လာပြီး ရေရှည်တည် တံ့သောစနစ်တစ်ခု ဖြစ်လာစေရေးအတွက်



အားလုံးဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါသည်။ ပညာအရည်အချင်း မရှိသော်လည်း အတွေ့အကြုံရှိ လုပ်ငန်းကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများအတွက်လည်း အဆင့်လေးဆင့်ဖြင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ မြန်မာနိုင်ငံကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ပေးအပ်နေပြီဖြစ်ပါသည်။ လက်တွေ့ကျွမ်းကျင်မှုသည် သင်ကြားမှုအား အထောက်အကူ ဖြစ်စေသည့်အပြင် သင်တန်းသားများအတွက်လည်း စာတွေ့လက်တွေ့သင်ကြားပေးနိုင်သည့်အတွက် ယခုဆိုလျှင်အလုပ်သင်အား သင်တန်းသားများသာမက နည်းပြများအားလည်း ကုမ္ပဏီများက လက်ခံလာကြပြီဖြစ်ပါသည်။ ဆရာကောင်းတပည့်ပန်းကောင်းပန် ဆိုရိုးစကားရှိသကဲ့သို့ လက်တွေ့လုပ်ငန်းနယ်ပယ်တွင်လိုအပ်သည့်ပညာရပ်များ၊ ကျွမ်းကျင်မှုများအား သုတေသနပြုလုပ်ပြီး သင်ရိုးညွှန်းတမ်းများရေးဆွဲကာ ကုမ္ပဏီများတွင် အလုပ်သင်အဖြစ် လက်တွေ့လုပ်ငန်းခွင် လေ့လာသင်ယူနေခြင်းသည် နောင်တစ်ချိန်တွင် စက်မှုဇုန်များ၊ လုပ်ငန်းများ၊ ကုမ္ပဏီများမှလိုအပ်သည်နှင့် တစ်ထပ်တည်းကျသောကြောင့် တက္ကသိုလ်မှဘွဲ့ရများ၊ သက်မွေးပညာကျောင်း၊ သင်တန်းဆင်းများအတွက် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး စက်မှုဇုန်များ၊ လုပ်ငန်းများ၊ ကုမ္ပဏီများအတွက်လည်း အရည်အချင်းရှိသော လုပ်သားများရရှိလာမည်ဖြစ်ပါသည်။ အသင်းချုပ်သည်လည်း မူဝါဒပိုင်းတွင်သာမက ပူးပေါင်းဆောင်ရွက်ရန် ချိတ်ဆက်ဆောင်ရွက်ပေးသည့်အပိုင်း၊ သုတေသနပြုလုပ်သည့်အပိုင်း၊ သင်တန်းများ အကောင်အထည်ဖော်ဆောင်သည့်အပိုင်း၊ အလုပ်အကိုင်ဖန်တီးပေးသည့်အပိုင်း၊ အလုပ်သင်များ လက်ခံဆောင်ရွက်ပေးသည့်အပိုင်းများတွင်ပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။



## ဆက်နွယ်မှု

ပညာတတ်သောနိုင်ငံသည် စီးပွားရေးကောင်းမည်ဖြစ်ပါသည်။ ထို့အတွက် ကျောင်းနှင့်လုပ်ငန်းခွင်သည် ချိတ်ဆက်မှုရှိရမည်ဖြစ်ပါသည်။ ကျောင်းတွင် စာတွေ့လေ့လာ၍ လုပ်ငန်းခွင်တွင် လက်တွေ့လေ့လာခြင်းသည် စစ်မှန်သော အသက်မွေးမှုဖြစ်၍ ကျောင်းပြီးခင် ကျောင်းသားများသည် လုပ်ငန်းခွင်၏ လိုအပ်ချက်ကို သိရှိကာ လိုအပ်သည်များ လေ့လာဆည်းပူးခွင့်ရမည်ဖြစ်သည်။ တီထွင်ဆန်းသစ်မှုကိုစိတ်ဝင်စားသူများသည် ကျောင်းမှစာတွေ့၊ လုပ်ငန်းခွင်အတွေ့အကြုံ၊ မိမိ၏စဉ်းစားတွေးခေါ်မှုဖြင့် ဆန်းသစ်သော အကြံဉာဏ်များရရှိ၍ ထူးချွန်ထက်မြက်သော ဝန်ထမ်းများဖြစ်လာနိုင်သလို တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်သော SME လုပ်ငန်းရှင်များလည်း ဖြစ်လာနိုင်ပါသည်။ လုပ်ငန်းခွင် လိုအပ်ချက်ကို သိ၍ လိုအပ်သော ပညာရပ်များအားလည်း lifelong learning လုပ်လာနိုင်မည်ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးချင်းစီ အရည်အချင်းတက်လာခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ဖွံ့ဖြိုးမှုလည်း တိုးတက်လာခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း GDP တက်လာကာ CLMV နိုင်ငံအဖြစ်မှ လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။ ဘာသာရပ်ဆိုင်

ရာကျွမ်းကျင်သူများ ပေါများလာပါက မိမိတို့ပြည်တွင်းထုတ်ကုန်များအား ပြည်တွင်းသုံးစွဲရုံသာမက ပြည်ပနိုင်ငံများသို့ ဈေးကွက်ထိုးဖောက်တင်ပို့ရောင်းချလာနိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်မှုစွမ်းအားလည်း မြင့်တက်လာမည်ဖြစ်ပါသည်။ အာဆီယံပြိုင်ပွဲများတွင်လည်း ဒီထက်မက ဝင်ရောက်ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ပြီး၊ နောင်တစ်ချိန်တွင် ဗမာ့အရည်အသွေးကို ကမ္ဘာက အသိအမှတ်ပြုလာလိမ့်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရကလည်း မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၂၁) MSDP သည် ကမ္ဘာ့ပန်းတိုင်ဖြစ်သည့် SDG-Sustainable Development Goal ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ၁၇ ချက်၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ ၁၂ ချက်တို့ဖြင့် ကိုက်ညီသည့်အချက်များအား ထည့်သွင်းရေးဆွဲထားပြီး MSDP ၏ မဏ္ဍိုင်သုံးရပ်၊ မဟာဗျူဟာငါးချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်လာပြီဖြစ်သောကြောင့် Free Flow of labor (လုပ်သားများလွတ်လပ်စွာစီးဆင်းမှု) ရှိလာသည့်အတွက် မိမိတို့လူမျိုးများ ကျွမ်းကျင်သည့် အတတ်ပညာ၊ သက်မွေးပညာမရှိပါက အလုပ်အကိုင်အခွင့်အလမ်းရှားပါးလာမည်ဖြစ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း ကျွမ်းကျင်မှုရှိသည့်နိုင်ငံခြားသားများအားငှားရမ်းအသုံးပြုရ၍ စရိတ်မြင့်မားလာမည်ဖြစ်ပါသည်။ ၎င်းအပြင် နည်းပညာတိုးတက်လာသည်နှင့်အမျှ အလုပ်သမားများအစား စက်ရုပ်များအား အစားထိုးပြောင်းလဲအသုံးပြုလာကြပြီး အခြားနိုင်ငံများတွင် စက်မှုခေတ်ပြောင်းတော်လှန်ရေးအဆင့်ဆင့် ပြောင်းလဲလာခဲ့သည်မှာ အဆင့် ၄ Industrial revolution IR-4 အထိပင် ရောက်လာခဲ့ပြီဖြစ်ပါသည်။ ထုတ်ကုန်အရည်အသွေး 'စံ' သတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဖြစ်သောကြောင့် ကုန်ကျစရိတ်မြင့်မားသော်လည်း နောင်တစ်ချိန်တွင် စီမံခန့်ခွဲသည့်နေရာ၊ စဉ်းစားတွေးခေါ်ရမည့် နေရာများမှလွဲ၍ ကာယအားလုပ်ရသည့် နေရာများတွင် စက်ရုပ်များကိုသာ အသုံးပြုလာနိုင်ခြေရှိပါသည်။ ထို့ကြောင့် စီးပွားရေးနှင့် သက်မွေးပညာသည်များစွာဆက်နွယ်မှုရှိသောကြောင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငယ်များ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်ရရှိစေရန်အလုပ်သင်များလက်ခံပေးခြင်းဖြင့် ဝန်ထမ်းကောင်းများ ရရှိလာမည်ဖြစ်၍ အားပေးကူညီသင့်ပါသည်။ (Private Public Partnership-PPP) အသွင်သဏ္ဌာန်ပီပီပြင်ပြင် အကောင်အထည်ဖော်ပြီး အစိုးရပုဂ္ဂလိကယဉ်ပေါင်းဆောင်ရွက်ခြင်းဖြင့် သက်မွေးပညာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ...။




# UMFCCI Training Institute မှ ဥယျာဉ်မှူးများ

အုန်းဝမ် (ရန်ကုန်တက္ကသိုလ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry= UMFCCI) တွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်တီ၏ ကြီးကြပ်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန (Human Resource Development Department) UMFCCI Training Institute သည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍလုပ်ငန်းခွင်မှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်လျက် အောက်ဖော်ပြပါသင်တန်းများကို သက်ဆိုင်ရာနယ်ပယ်များအလိုက် ပညာအရည်အချင်းပြည့်စုံပြီးအတွေ့အကြုံဗဟုသုတနှင့် ပြည့်ဝ၍ သင်ကြားမှုစွမ်းရည်မြင့်မားသည့် ဆရာ၊ ဆရာမများဖြင့် သုံးလလျှင်တစ်ကြိမ်၊ စနေနှင့် တနင်္ဂနွေတို့တွင် တစ်နေ့လျှင် နှစ်နာရီဖြင့် ဖွင့်လှစ်သင်ကြားပို့ချပေးကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။

- Office Management Course
- Customer Service Management Course
- Human Resource Management Course (Basic Level)
- Human Resource Management Course (Advanced Level)
- Basic Sales & Marketing Course
- Higher Sales & Marketing Course
- Business Management Course
- Logistics & Supply Chain Management Course (Basic / Adv)

- Financial Management Course (Basic Level)
- Financial Management Course (Advanced Level)
- Business English Course (Beginner Level)
- Business English Course (Intermediate)
- Practical Approach to International Trade Course
- Business Consulting Service Provider Course
- Strategic Management Course
- Leadership & Organizational Management
- General Management

ဖော်ပြပါသင်တန်းများကို သက်ဆိုင်ရာ နယ်ပယ်အလိုက် ပညာအရည်အချင်းပြည့်စုံပြီး အတွေ့အကြုံဟုသုတနှင့် ပြည့်ဝ၍ သင်ကြားမှုစွမ်းရည်မြင့်မားသည့် ဆရာ၊ ဆရာမများက "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ" ဆိုသည့် ဆရာ့ကျင့်ဝတ်နှင့်အညီ စာတွေ့လက်တွေ့ ထင်ဟပ်၊ လုပ်ငန်းခွင်အတွေ့အကြုံများ ပေါင်းစပ်၊ သင်တန်းသား/သူများ စိတ်ပါဝင်စားမှုရှိစေရေး၊ အထူးအလေးပေးကာ "စေတနာ၊ ဝါသနာ၊ အနစ်နာ" တည်းဟူသော "နာ" သုံးနာနှင့်အတူ သင်ကြားပို့ချပေးကြပါသည်။

သက်ဆိုင်ရာနယ်ပယ်အလိုက် သင်ကြားပို့ချပေးနေကြသည့် ဆရာ၊ ဆရာမများနည်းတူ UMFCCI ၏ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (Human Resource Development Department)မှ အရာထမ်း၊ အမှုထမ်းများသည်လည်း လူစွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်အတိုင်း သင်တန်းများအချိန်မီ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချကြမည့် ဆရာ၊ ဆရာမများနှင့် သင်တန်းကိစ္စများ ညှိနှိုင်းဆွေးနွေးခြင်း၊ သင်တန်းများတက်ရောက်နိုင်ရန် အချိန်ဇယားများ ထုတ်ပြန်ကြေညာခြင်း၊ ညီနောင်အသင်းများသို့လည်း အသိပေးအကြောင်းကြားခြင်း၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် တက်ရောက်ကြမည့် သင်တန်းသားများအား စနစ်တကျလက်ခံခြင်း၊ သင်ကြားပို့ချမည့်သက်ဆိုင်ရာဘာသာရပ်များ၏ သင်တန်းမှတ်စုများကိုလည်း မိတ္တူကူးခြင်း၊ သက်ဆိုင်ရာဘာသာရပ်များတွင် တက်ရောက်သင်ကြားကြမည့် သင်တန်းသားများအတွက် လိုအပ်သောစာရွက်စာတမ်းများ (ဥပမာ–ကျောင်းသားကတ်၊ ကျောင်းတက်မှတ်တမ်း အစရှိသည်)၊ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများအတွက် သင်တန်းလာရောက်ပို့ချမည့် နေ့အလိုက် မှတ်တမ်းစာရွက်များ၊ သင်ကြားပို့ချမည့် စာသင်ခန်းမများ သန့်ရှင်းသပ်ရပ်မှု၊ မီးချောင်းများနှင့် Air Con များ ကောင်းမွန်မှုရှိ၊ မရှိ၊ သင်ထောက်ကူပစ္စည်းများဖြစ်သော Laptop, LCD Projector, Microphone, Whiteboard, Whiteboard marker စသည်များအား သင်တန်းပို့ချသည့်အချိန်တွင် အဆင်သင့်ဖြစ်နေစေရန် ဆောင်ရွက်ထားရှိခြင်း၊ သင်တန်းဖွင့်ပွဲအတွက် လိုလေသေး မရှိရအောင် စီစဉ်ဆောင်ရွက်ရခြင်း၊ သင်တန်းလာရောက်ပို့ချသည့်နေ့တွင်လည်း သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချသည့်ဆရာ၊ ဆရာမများအတွက် အဆာပြေစားစရာများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ သင်တန်းကာလတစ်ဝက်သို့ ရောက်ရှိသောအခါတွင်လည်း သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချသည့်ဆရာ၊ ဆရာများအား သင်တန်းသား/ သူများက အကဲဖြတ်သုံးသပ်ချက်များ ဆောင်ရွက်နိုင်စေရန် လိုအပ်သောစာရွက်စာတမ်းများ စီစဉ်ပေးခြင်း၊ သင်တန်း

ကာလနောက်ဆုံးအချိန်တွင် သင်တန်းသား/သူများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် မိမိတို့သင်ယူလေ့လာခဲ့သည့်အပေါ် နားလည်သဘောပေါက်မှုနှင့်ပတ်သက်၍ အစုအဖွဲ့ဖြင့် တင်ပြအစီရင်ခံခြင်း (Group Presentation) အား သက်ဆိုင်ရာဘာသာရပ်များ သင်ကြားပို့ချခဲ့သည့်ဆရာ၊ ဆရာမများက အကဲဖြတ်ရာတွင်လည်း လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးခြင်း၊ သင်တန်းပြီးဆုံးပါကလည်း သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်တန်းဆင်းလက်မှတ်များ စီစဉ်ဆောင်ရွက်ရခြင်း၊ သင်တန်းဆင်းပွဲအတွက်လည်း လိုအပ်ချက်မရှိရအောင် စီစဉ်ရခြင်း .... စသည်တို့ကို မည်သည်မည်မျှ ဆောင်ရွက်ပေးလျက်ရှိကြပါသည်။

သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချသည့် ဆရာ၊ ဆရာမများနှင့် UMFCCI လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန (Human Resource Development Department) Training Institute မှ အရာထမ်း၊ အမှုထမ်းတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အမှီသဟဲပြုကာသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပြီဖြစ်ပါသည်။ Human Resource Manage ment (Basic) သင်တန်းသည်ပင်လျှင် အမှတ်စဉ် ၂၁ သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ UMFCCI Training Institute သည်လည်း သက်ဆိုင်ရာ နယ်ပယ်များအလိုက် သင်တန်းသား/သူ အများအပြားမွေးထုတ်ခဲ့ပြီး ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ဆောင်ရွက်ပေးနေသော UMFCCI Training Institute အား လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဥယျာဉ်ကြီးတစ်ခုအဖြစ် တင်စားလိုပါသည်။ ဥယျာဉ်မှူးသည် ပန်းဥယျာဉ်အတွင်းရှိ ပန်းမျိုးပေါင်းစုံတို့ ထူးတင့်စွာဖူးပွင့်ဝေဆာနိုင်စေရန် အလို့ငှာ နေပူမိုးရွာမရောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ရသကဲ့သို့ UMFCCI Training Institute လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဥယျာဉ်ကြီးအတွင်း ပန်းမျိုးပေါင်းစုံနှင့်တူသော ဘာသာရပ်ဆိုင်ရာသင်တန်းများအချိန်မီ ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်လည်း ဥယျာဉ်မှူးများဖြစ်ကြသော UMFCCI လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဌာန (Human Resource Development Department), Training Institute မှ အရာထမ်း၊ အမှုထမ်းများနှင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားပို့ချသည့် ဆရာ၊ ဆရာမများသည်



အတူတကွ အားသွန်ခွန်စိုက်ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ကြရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးရှိ ဝန်ထမ်းမျိုးစုံတို့သည် UMFCCI Training Institute က ဖွင့်လှစ်သင်ကြားပို့ချပေးသော သင်တန်းများအားသူတို့၏ လက်ရှိဗဟုသုတများနှင့် လုပ်ငန်းဆိုင်ရာ သီအိုရီများ ထဲထဲဝင်ဝင် ပိုပို၍ သိမြင်လာစေရန် တက်ရောက်ကြပါသည်။ UMFCCI Training Institute လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဥယျာဉ်ကြီးမှ ဘာသာရပ်ဆိုင်ရာသင်တန်းများ ပြီးမြောက်အောင်မြင်ပြီးသော ကုမ္ပဏီအသီးသီးမှဝန်ထမ်းမျိုးစုံတို့ သူတို့၏သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး လုပ်ငန်းစွမ်းဆောင်ရည်များတိုးတက်အောင်မြင်ကြောင်း ကြားသိရသည့်အခါ ဥယျာဉ်မှူးများဖြစ်ကြသော UMFCCI လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (Human Resource Development Department) Training Institute မှ အရာထမ်း၊ အမှုထမ်းများနှင့် သက်ဆိုင်ရာဘာသာများအလိုက် သင်ကြားပို့ချသည့်ဆရာ၊ ဆရာမများမှာ ကြည်နူးဝမ်းသာဖြစ်ကြရပါသည်။ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ကြီးကြပ်လမ်ညွှန်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (Human Resource Development Department)၊ UMFCCI Training Institute နှင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချသည့်ဆရာ၊ ဆရာမများသည် UMFCCI Training Institute မှ လက်ရှိ၊ ဖွင့်လှစ်သင်ကြားပို့ချပေးနေသော သင်တန်းများ၏အဆင့်အား ယခုထက် ပိုမိုမြင့်မားစေရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့်လည်း Human Resource Management (Basic) Course တက်ရောက်ပြီးသူများအတွက် Human Resource Management (Advanced Level) Course ကို ဖွင့်လှစ်နိုင်ခဲ့ကာ Human Resource Management (Advanced Level) Course-Batch 2 ပင် အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအပြင် Finacial Management (Advanced Level) Course ကိုလည်း သင်ကြားပို့ချခဲ့ပြီးဖြစ်ပါသည်။

နိဂုံးချုပ်ဆိုရသော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce and Industry) ၏ UMFCCI Training Institute မှ ဥယျာဉ်မှူးများဖြစ်ကြသော UMFCCI လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန (Human Resource Development Department) မှ အရာထမ်း၊ အမှုထမ်းများနှင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် သင်ကြားပို့ချသည့် ဆရာဆရာမများသည် UMFCCI Training Institute လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဥယျာဉ်ကြီးအတွင်းရှိ ပန်းမျိုးပေါင်းစုံနှင့်တူသော ဘာသာရပ်ဆိုင်ရာသင်တန်းများ ရနံ့သင်းလှိုင်မွှေးပျံ့ကြိုင်လျက် ငွားငွားစွင့်စွင့် ထာဝစဉ်ပွင့်လန်းနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတူတကွပူးပေါင်းလုပ်ဆောင်သွားကြမည် ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး (Union of Myanmar Federation of Chambers of Commerce and Industry) သည်လည်း ၂၀၂၀ ပြည့်နှစ်ရာပြည့်မှသည် နှစ်ပေါင်းထောင်ချီ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက်ဆတက်ထမ်းပိုး ကြိုးပမ်းအားထုတ်နိုင်ပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။



# တက္ကသိုလ်နှင့် ကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု

ဒေါက်တာခင်မောင်လွင် (FAME)

၂၀၁၈ ခုနှစ်အတွက် ဆေးပညာဆိုင်ရာနိုဗယ်ဆု ကို အမေရိကန်နိုင်ငံရှိ ကာလီဖိုးနီးယားတက္ကသိုလ်မှ ဆေးသုတေသီတစ်ဦးဖြစ်သူ ဒေါက်တာဂျိမ်းစ်အလီဆန် (Dr.James P.Allison) က ရရှိခဲ့သည်။ ဂျပန်နိုင်ငံမှ ဒေါက်တာတာဆူကု ဟွန်ဂျို (Dr.Tasuku Honjo) နှင့်အတူ ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။ ဒေါက်တာဂျိမ်းစ်အလီဆန်သည် အော်စတင်ရှိ တက္ကဆက်တက္ကသိုလ် (University of Texas) မှ ဇီဝဗေဒဘာသာဖြင့် ဘွဲ့ရခဲ့ပြီးနောက် သူဘဝတစ်လျှောက်လုံးတက္ကသိုလ်များ၏ မာတ်ခွဲခန်းများ၌သာ အချိန်ကုန်စေခဲ့သည်။ သူ၏နောက်ဆုံးရှာဖွေတွေ့ရှိချက်မှာ ကင်ဆာရောဂါကို အမြစ်ပြတ်ချေမှုန်းနိုင်သည့် ခုခံအားစနစ်သုံး ကုသမှုနည်းအသစ် (Immunotherapy) ဖြစ်သည်။

သူ၏ရှာဖွေတွေ့ရှိမှုကြောင့် ယခင်က ကုသရန်ခက်ခဲလှသည့် အရေပြားကင်ဆာ (Melanoma) ၊ အဆုတ်ကင်ဆာ (Lung Cancer) ၊ ဆီးအိမ်ကင်ဆာ (Bladder Cancer) နှင့် ဆီးကျိတ်ကင်ဆာ (Prostate Cancer) တို့ကို ပျောက်ကင်းအောင်ကုသနိုင်သည့် ဆေးဝါးအသစ်တစ်မျိုးကို လူနာများအသုံးပြုခွင့်ရရှိကာ သက်သာပျောက်ကင်းကြရသည်။ သူ၏ရှာဖွေတွေ့ရှိမှုကို တရားဝင်ဆေးဝါးတစ်ခုအဖြစ် မှတ်ပုံတင်နိုင်ရန် ဆေးကုမ္ပဏီတစ်ခုဖြစ်သည့် မက်ဒရက် (Medarex) နှင့် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် လူနာအများအပြားတွင် အသုံးပြုနိုင်ရန် ပိုမိုကြီးမားသည့် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းကြီးတစ်ခုဖြစ်သော ဘီအမ်အက်စ် (Bristol-Myers Squibb) နှင့် ထပ်မံပူးပေါင်းထုတ်လုပ်ကာ ဈေးကွက်တင်ရောင်းချနိုင်ခဲ့သည်။ ယခုအခါ သူ၏တီထွင်မှုဖြင့် ရရှိခဲ့သည့် Ipilmumab ဆေးမှာ တစ်ကမ္ဘာလုံးတွင် အသုံးပြုနေကြပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါသည်။ ထို့ကြောင့် ဒေါက်တာဂျိမ်းစ်အလီဆန်ကို ၂၀၁၈ ခုနှစ်အတွက် ဆေးပညာဆိုင်ရာ နိုဗယ်ဆုကြီးကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။

ယခုဖော်ပြခဲ့သည့် အကြောင်းအရာမှာ တက္ကသိုလ်များနှင့် ကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုရရှိ

ခဲ့သည့် အကြောင်းအရာများစွာထဲက တစ်ခုကို နမူနာအဖြစ် တင်ပြခဲ့ခြင်းဖြစ်သည်။ တက္ကသိုလ်အသီးသီးရှိ သုတေသနရလဒ်များကို စာတမ်းဖတ်ပြီး သိမ်းထားပါက ယခုလို အောင်မြင်မှုမျိုး ရနိုင်မည်မဟုတ်ပါ။ တက္ကသိုလ်ဆိုသည်မှာ ပညာရှင်များ၊ သုတေသီများ မွေးဖွားရာနေရာဖြစ်ကာ သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်နေရသည့် နေရာလည်းဖြစ်သည်။ ယခုကဲ့သို့ ကုန်ထုတ်လုပ်ငန်းမျိုးနှင့် ချိတ်ဆက်လုပ်ကိုင်ပါမှ အသုံးဝင်သည့် ကုန်ပစ္စည်းများအဖြစ်သို့ ရောက်ရှိသွားကာ တက္ကသိုလ်ကိုလည်း ပြန်လည်အကျိုးပြုနိုင်မည်ဖြစ်သည်။ ယခုနမူနာအဖြစ် ဖော်ပြလိုက်သော Ipilimumab ကင်ဆာဆေးမှာ လူနာတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂၀,၀၀၀ ဖြင့် ရောင်းချရာ ယင်းအနက် ရာခိုင်နှုန်းတချို့ (မည်၍ မည်မျှသဘောတူထားသည်ကို မသိရသော်လည်း) မှာ တက္ကသိုလ်နှင့် တီထွင်သူတို့ ရပိုင်ခွင့်များ ဖြစ်သွားပါသည်။ ထို့အပြင် တီထွင်သူအနေနှင့်လည်း လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သည့် တီထွင်မှုဖြစ်သွားသဖြင့် ပညာရှင်တိုင်းတန်ဖိုးထားရသည့် နိဗ္ဗာန်ဆုကြီးကို ဆွတ်ခူးရရှိခဲ့ပေသည်။

ကုန်ထုတ်လုပ်ငန်းများ (ဥပမာ– ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများ) အနေနှင့်လည်း ဆေးဝါးတစ်ခုကို စတင်ဖော်စပ်ထုတ်လုပ်ရာတွင် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြစ်ရသည်တို့ကို ကျော်လွှားကာ တက္ကသိုလ်မှပညာရှင်များ ရှာဖွေတွေ့ရှိချက်ကို အဆင်သင့်ယူ၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သဖြင့် စီးပွားရေးအရများစွာတွက်ခြေကိုက်လှပေသည်။ ဆေးဝါးလောကတွင် ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းအများစုသည် ဤနည်းအတိုင်းပင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အကျိုးအမြတ်များစွာ ဖြစ်ထွန်းလျက်ရှိသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည်။

ကျွန်တော်တို့နိုင်ငံတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်းနှစ်ရာနီးပါးခန့်ရှိသော်လည်း ကုန်ထုတ်လုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ခြင်းမှာ လွန်စွာအားနည်းလှသည်။ ထို့ကြောင့် တက္ကသိုလ်များလည်း ရန်ပုံငွေမတောင့်တင်းသလို ကုန်ထုတ်လုပ်ငန်းမှာလည်း နည်းပညာမရရှိ၍ တိုးတက်သင့်သလောက် မတိုးတက်နိုင်ကြပါ။

တက္ကသိုလ်ဆိုသည်မှာ ပညာရှင်များ၊ သုတေသီများ၊ နည်းပညာများ စုစည်းရာဖြစ်ပြီး ငွေကြေးအားဖြင့် ချို့တဲ့နေလေ့ရှိပါသည်။ ကုန်ထုတ်လုပ်ငန်းဆိုသည်မှာ စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ အကျိုးအမြတ်ရမည်ဆိုပါက ရင်းနှီးမြှုပ်နှံမှုငွေကြေးလုံလောက်အောင် ရှာဖွေနိုင်စွမ်းရှိရုံမက စျေးကွက်တင်ရောင်းချနိုင်သည်အထိ လုပ်ဆောင်နိုင်စွမ်းရှိကြပါသည်။ ဤနှစ်ခုကို ထိရောက်စွာ ပေါင်းစပ်နိုင်လျှင် နှစ်ဦးနှစ်ဖက် အပြန်အလှန် အကျိုးရှိစေမည်။ Win-Win Situation အခြေအနေကို ရောက်ရှိနိုင်ပေလိမ့်မည်။

တက္ကသိုလ်တွင် သင်ကြားနေသော ကျောင်းသားကျောင်းသူများအနေနှင့်လည်း မိမိတို့ဘာသာရပ်နှင့် သက်ဆိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို သွားရောက်လေ့လာသင့်ပေသည်။ ထိုသို့ လေ့လာနိုင်ရန်လည်း သက်ဆိုင်ရာတက္ကသိုလ်မှ တာဝန်ရှိသူများက ပြင်ပလေ့လာရေး (Excursion) အနေနှင့် စီစဉ်ပေးရန်လိုသည်။ ဥပမာအားဖြင့် ဓာတုဗေဒအထူးပြုကျောင်းသားများအနေနှင့် ဓာတုစက်မှုလုပ်ငန်းများဖြစ်သည့် ဆေးဝါးလုပ်ငန်း၊ စားသောက်



၂၀၁၈–၂၀၁၉ ခုနှစ်တွင် FAME ဆေးဝါးစက်ရုံသို့ လာရောက်လေ့လာကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ



ကိုရီးယားနိုင်ငံ Chonbuk National University ၊ FAME ဆေးဝါးထုတ်လုပ်ရေးနှင့် ဒဂုံတက္ကသိုလ် (ရန်ကုန်) ရက္ခဗေဒဌာနတို့သည် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို ရေးထိုးစဉ်

ကုန်လုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း အစရှိသည်တို့ကို လေ့လာသင့်သလို ရူပဗေဒအထူးပြုသမားများကလည်း လျှပ်စစ်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း အစရှိသည်တို့ကို သွားရောက်လေ့လာသင့်သည်။ အင်ဂျင်နီယာကျောင်းသားများဖြစ်က ပို၍လိုအပ်ပါသည်။ သို့မှသာ ကျောင်းသားကျောင်းသူများအနေနှင့် ဗဟုသုတများတိုးပွားကာ မိမိတို့ကိုယ်ပိုင်လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်လျှင် များစွာအဆင်ပြေမည်ဖြစ်သည်။


တက္ကသိုလ်များ၏ အဓိကရည်မှန်းချက်မှာ မိမိတို့မွေးထုတ်လိုက်သော ကျောင်းသားကျောင်းသူများအနေဖြင့် လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးဖြစ်သည်။ သိပ္ပံဘာသာဖြစ်စေ၊ ဝိဇ္ဇာဘာသာဖြစ်စေ ရည်ရွယ်ချက်အတူတူပင်ဖြစ်သည်။ လက်တွေ့ဘဝတွင် လိုအပ်သည့် သင်ရိုးညွှန်းတမ်းများကို ရေးဆွဲသင်ယူရာတွင် စာသင်ခန်းတွင်းနှင့်သာ မပြီးဘဲ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းခွင်များ၏ အတွေ့အကြုံများ၊ အခက်အခဲများ၊ အဆိုပါ အခက်အခဲများကို ကျော်လွှားရန် မည်သို့မည်ပုံဆောင်ရွက်ရမည်များကို သိရှိရန် အထူးပင်အရေးပါလှပါသည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများအနေနှင့်လည်း မိမိတို့လုပ်ငန်းနှင့် ပတ်သက်သည့် ကျွမ်းကျင်ဝန်ထမ်းများကို တက္ကသိုလ်များကလေ့ကျင့်သင်ကြားပေးလိုက်ခြင်းဖြင့် လုပ်ငန်းခွင်ဝင်ရောက်သည်နှင့် အားကိုးရသော ဝန်ထမ်းများဖြစ်ကာ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် လုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် များစွာအထောက်အကူပြုပါသည်။ မိမိတို့နှင့် ချိတ်ဆက်ထားသော တက္ကသိုလ်များမှ လေ့ကျင့်ပြီးသူများကို အဆင်သင့်အသုံးပြုလိုက်ရုံသာဖြစ်သည်။

ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများနှင့် တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အထူးပင်အရေးပါကြောင်း သိသာလှပါသည်။ ကျွန်တော်တို့နိုင်ငံရှိ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် တက္ကသိုလ်များ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းအပ်ပါသည်။ လုပ်ငန်းများတိုးတက်အောင်မြင်ကြပါစေ။



၂၀၁၈–၂၀၁၉ ခုနှစ်တွင် Fame Organic Pharming Project သို့ လာရောက်လေ့လာကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ




ကျော်ဇင်ထွန်း
CARTOON ©AD2019



# အသိပညာဘဏ်တိုက်နှင့်စာဖတ်ခြင်း

ရွှေစင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အကောင်အထည်ပေါ်အောင် နှစ်ပေါင်းများစွာ ဆောင်ရွက်လာခဲ့သော စာကြည့်တိုက်သည် ယခုအခါ မျက်ဝါးထင်ထင် တွေ့မြင်သုံးစွဲနိုင်မည်ဖြစ်ပါသည်။ ယနေ့ ၂၁ ရာစုခေတ်ကို (Knowledge Age) တတ်သိပညာခေတ်ဟုဆိုကြပေသည်။ ခေတ်မီစာကြည့်တိုက်များ၏ ဖဝ ရာခိုင်နှုန်းကျော်သည် E-Book များအဖြစ် နေရာယူလာကြသည်။

"စာပေဆိုသည့် စကားရပ်သည် မည်သည့်ဘာသာဖြင့်မဆို ရေးသားထားသည့် ပုံနှိပ်ထားသည့် လက်ရေးစာ၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ ပုံနှိပ်စာ၊ စာအုပ်၊ စာပေအစိတ်အပိုင်း၊ စာတမ်း၊ စာရွက်အပြင် တသီးတခြား ချုပ်လုပ်ပုံနှိပ်ထားသည့် သို့မဟုတ် အခြားနည်း စက်ဖြင့်ပြုလုပ်ထားသည့် တူရိယာ၊ တီးကွက်ပုံ၊ မြေပုံ၊ နယ်ပုံနှင့် ပုံစံအားလုံးပါဝင်သည်" ဟု ၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့် ကြီးကြပ်အုပ်ချုပ်ရေး ဥပဒေပုဒ်မ 2 (C) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ဟိုးယခင်နှစ်များစွာကတည်းက လူသားတို့သည် တစ်ဦးနှင့်တစ်ဦးဆက်သွယ်ပြောဆိုကြရာတွင် ဘာသာစကားသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပေသည်။ ဘာသာစကားထက်ပင်ပြည့်စုံပြီး နှစ်ကာလများစွာအထိ တာရှည်ခံပြီး ပြည့်စုံသည့် ဆက်သွယ်ရေးအဖြစ် စာပေပေါ်ပေါက်လာခဲ့ပါသည်။ ထို့ကြောင့်လည်း နူတ်တစ်ရာစာတစ်လုံးဟူသည့်စကားကိုလည်း ယနေ့ခေတ်လူငယ်အများအပြား လက်ခံကျင့်သုံးလာကြပြီဖြစ်ပေသည်။ မှတ်တမ်းမှတ်ရာ မရှိမမြင်ရသောပြောစကားများမှ မြင်သာထင်သာသောသင်္ကေတများသုံး၍ စာပေအဖြစ်ပေါ်ပေါက်

လာသည်မှာ နှစ်ပေါင်း ငါးထောင်ကျော်ပင်ရှိပြီ ဟူ၍လည်း စာပေများတွင် မှတ်သားဖူးပေသည်။

ရှေးခေတ်မြန်မာမင်းတို့သည် ပေရွက်ပေါ်တွင် စာကိုကည်စ်ဖြင့် ရေးသားခဲ့သလို ကျောက်ပြား၊ ကြေးပြား၊ ရွှံ့ချပ်များပေါ်တွင်လည်း ခွန်ထက်သည့်အရာများဖြင့် ရေးသားခဲ့သောကြောင့်လွန်ခဲ့သောနှစ်ပေါင်း ကိုးရာကျော်ခန့်က ပုဂံခေတ်ကျောက်စာများတွင် မြန်မာအကွရာများကို ထင်ရှားစွာတွေ့မြင်ရပေသည်။ ယခုခေတ်လူငယ်များအထိ စာပေသည်သမိုင်းအထောက်ထားများအပြင် ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း လက်ဆင့်ကမ်း သယ်ယူခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံ တိုင်းပြည်တစ်ပြည် လူမျိုးတစ်မျိုးအတွက် စာပေသည် အရေးကြီးသည့် အခန်းကဏ္ဍမှာ ပါဝင်ပေသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် ပြည်သူများ စာတတ်မြောက်မှုအဆင့် တိုးမြင့်စေရန် အစိုးရအဆက်ဆက်က ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ စာမတတ်သူပပျောက်ရေး စီမံကိန်းကို 'အသုံးလုံး' မှတစ်ဆင့် ဆောင်ရွက်ခဲ့ရာမှ စာတတ်မြောက်သူဦးရေ များပြားလာရခြင်းဖြစ်သည်။ စာတတ်မြောက်သူများပြားလာသလို စာတတ်သူများလည်း စာဖတ်ရန် လွန်စွာအရေးကြီးပေသည်။ စာဖတ်ခြင်းသည် အလွန်ချစ်မြတ်နိုးဖွယ်ရာဖြစ်ပေသည်။ စာဖတ်ခြင်းကြောင့်ရရှိလာသော အတွေးအမြင်၊ ဗဟုသုတနှင့် စိတ်ကူးစိတ်သန်းများသည် အလွန်တရာမှ တန်ဖိုးမဖြတ်နိုင်သောအရာများဖြစ်ပေသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်ကလည်း "စာဖတ်သောလူမျိုးများသည် တိုးတက်၍ တိုးတက်သောလူမျိုးများသည် စာဖတ်ကြသည်" ဟု မိန့်ဆိုခဲ့ဖူးသည်။ စာရေးဆရာကြီး ဦးအောင်သင်းကလည်း "မင်းကိုယ်မင်းချစ်ရင် ပညာသင်ပါ စာဖတ်ပါ၊ မိဘကိုချစ်ရင်ပညာသင်ပါ စာဖတ်ပါ၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်လျှင်ပညာသင်ပါ စာဖတ်ပါ" ဟု လူငယ်များကို စာဖတ်စေချင်သည့်စိတ်ဖြင့်တိုက်တွန်းပြောကြားထားသည့် မှတ်သားစရာ စကားများပင် ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း "စာဖတ်တယ်ဆိုတာ စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာကိုစဉ်းစားတတ်ဖို့ပါပဲ၊ ဒါကြောင့် စာဖတ်တယ်ဆိုတာကလည်း စဉ်းစားတွေးခေါ်တတ်အောင် သင်ယူပေးတယ်လို့ ယုံကြည်ကြောင်း" ပြောကြားထားပါသည်။

စာကို သတင်းအချက်အလက်များသိလိုခြင်း၊ အပျင်းပြေ အပျော်တမ်းဖတ်ခြင်း၊ အသိအမြင်နိုးကြားပွင့်လင်းစေလိုခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖတ်ကြခြင်းဖြစ်ပေသည်။ စာဖတ်ခြင်းကြောင့် အသိအမြင် ဗဟုသုတများကြွယ်ဝကာ လူမှုပေါင်းသင်းဆက်ဆံရေးဘက် ပိုမိုအားကောင်းလာပြီး မိမိလိုချင်သည့်ပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပါသည်။ စာဖတ်သည့်အခါ အာရုံစူးစိုက်၍ စိတ်ဝင်တစားဖတ်ရသည့်အတွက်ကြောင့် အာရုံစူးစိုက်မှုအားကောင်းလာပြီး အများအားဖြင့် ကောင်းမွန်သည့်ဆုံးဖြတ်ချက်များကို နည်းလမ်းမှန်ကန်စွာ ဆုံးဖြတ်နိုင်ကြသူများဖြစ်လာသည်။ စာဖတ်အားကောင်းသူများသည် အတွေးအခေါ်ကောင်းကြသူများ ဖြစ်ကြသည်။ စာဖတ်ခြင်းကြောင့် အတွေးအခေါ်များ၊ မျှော်လင့်ချက်များ၊ စိတ်ကူးစိတ်သန်းများ ပိုမိုကောင်းလာစေမည်ဖြစ်သည်။ ထို့ကြောင့် ဉာဏ်ရည်မြင့်မားလာစေရန်နှင့် ကိုယ်ရည်ကိုယ်သွေးတောက်ပြောင်လာစေရန် စာတတ်သူတိုင်း စာဖတ်ကြရန် လွန်စွာအရေးကြီးပေသည်။

စာဖတ်ခြင်းသည် ခွန်အားကိုဖြစ်စေဖို့ဖတ်တာမျိုးရှိသလို စိတ်ထွက်ပေါက်တစ်ခုအနေဖြင့်လည်းဖတ်သင့်သည်။ အားလပ်ချိန်များတွင် ကိုယ့်ကိုယ်ကိုယ်ဖျော်ဖြေသည့်အနေဖြင့်လည်း ဖတ်သင့်ပါသည်။ ဟိုးယခင်နှစ်များစွာက စာအုပ်များကို အိမ်တွင်အပိုင်ဝယ်ပြီးတရို တသေ သိမ်းဆည်းဖတ်ရှုသည့်ခေတ်များမှ စာအုပ်အငှားဆိုင်များ ပေါ်ပေါက်လာပြီး

**စာဖတ်ခြင်းသည် ခွန်အားကို ဖြစ်စေဖို့ ဖတ်တာမျိုးရှိသလို စိတ်ထွက်ပေါက်တစ်ခု အနေဖြင့်လည်း ဖတ်သင့်သည်။ အားလပ်ချိန်များတွင် ကိုယ့်ကိုယ်ကိုယ် ဖျော်ဖြေသည့် အနေဖြင့်လည်း ဖတ်သင့်ပါသည်။**

တစ်ဆင့်လျော့ ငှားဖတ်သည့်အဆင့်သို့ ရောက်ရှိသွားခဲ့သည်။ ယခုခေတ်တွင် အငှားဆိုင်များလည်း မရှိသလောက် ရှားသွားပြီဖြစ်သည်။ ခေတ်ကာလအခြေအနေအရ စာအုပ်တစ်အုပ် တန်ဖိုးသည်လည်း အခြေခံလူတန်းစားတစ်ယောက်၏ တစ်ရက်ဝင်ငွေလောက်ဖြစ်နေသဖြင့် လူငယ်များလည်း စာဖတ်ရန်အတွက် အလှမ်းဝေးနေဆဲဖြစ်လိမ့်မည်။

ထို့ကြောင့်လည်း ယခုအခါတွင် နိုင်ငံတော် အစိုးရကိုယ်တိုင် စာတတ်သူများစာဖတ်စေရန် ကလေးစာပေပွဲတော်များ၊ စာအုပ်ဈေးပွဲတော်များ၊ စာဖတ်ဝိုင်းများ၊ ရသစာပေစကားဝိုင်းများကျင်းပပေးပြီး စာကြည့်တိုက်များ များပြားလာအောင် ဆက်လက်ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ယနေ့လူငယ်နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း ကလေးကတည်းက စာဖတ်သည့်အကျင့်များဖြစ်ရန် လွန်စွာအရေးကြီးပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အနာဂတ်မျိုးဆက်သစ်များနှင့် စာပေကဏ္ဍမဝေးရလေအောင် စာကြည့်တိုက်များဖွင့်လှစ်ပေး၍ လူငယ်လူရွယ်များ စာဖတ်လာအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာ့စာကြည့်တိုက်သမိုင်းကိုပြောရမည်ဆိုလျှင် အနော်ရထာမင်း ပဋ္ဌကတ်တိုက်မှ စတင်ခဲ့ပေသည်။ အနော်ရထာမင်းသည် သထုံပြည် မနုဟာမင်းထံမှ ဆင်အစီးသုံးဆယ်ကျော်ဖြင့် ပင့်ဆောင်တော်မူခဲ့သော ပိဋကတ်တော်များကိုထားရန် ပုဂံပြည်တွင် ဘုံဝါးဆင့်ရှိသော ပိဋကတ်တိုက်ကို တည်ဆောက်ခဲ့သည်။ မြန်မာ့စာကြည့်တိုက်အစဟုဆိုရပေမည်။ ဘိုးတော်ဘုရား ပိဋကတ်တိုက်၊ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်၊ မင်းတုန်းမင်းပိဋကတ်တိုက်၊ သီပေါမင်းပိဋကတ်တိုက် စသည်တို့သည် မြန်မာ့စာကြည့်တိုက်များတွင် ထင်ရှားသော ရှေးခေတ် စာကြည့်တိုက်ကြီးများ ဖြစ်ပေသည်ဟုလည်း မြန်မာ့သမိုင်းများက ပြောပြပြီးဖြစ်ပေသည်။ ကံကောင်းသည်မှာ စာကြည့်တိုက်ကြီးများသည် ထိုစဉ်ကစ၍ ယနေ့ကာလအထိ တည်ရှိနေခြင်းပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်ဟူ၍ အမျိုးအစားလေးမျိုးရှိပေသည်။

ယနေ့ခေတ်စာကြည့်တိုက်များ စာကြည့်တိုက်မှူးများသည် Electronic သတင်းနှင့် နည်းပညာခေတ်ကြီး၏ စိန်ခေါ်မှုများ အခက်အခဲများကို ရင်ဆိုင်နေရပေသည်။ ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံဖြစ်စေ၊ မည်သည့်ဖွံ့ဖြိုးမှုအဆင့်တွင် ရှိသည့်နိုင်ငံဖြစ်စေ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

စာပေနှင့် စာကြည့်တိုက်များသည် ခွဲခြား၍ မရပေ။ ထို့ကြောင့် ယနေ့ခေတ် စာကြည့်တိုက်ကြီးများသည် လူပ်ရှားမှုမျိုးစုံလုပ်ကြရသည်။ စာအုပ်ဆွေးနွေးပွဲများ၊ စာဖတ်စကားဝိုင်းများ ပြုလုပ်လာကြပြီး စာတတ်သူကလေးသူငယ်၊ လူငယ်၊ လူရွယ်၊ လူကြီးများ၏ စာဖတ်အားကောင်းလာစေရန်ရည်ရွယ်ပြီး ပြုလုပ်ကြရခြင်းဖြစ်ပေသည်။ အရာရာပြောင်းလဲတိုးတက်နေသောအချိန်တွင် စာကြည့်တိုက်နှင့် စာပေကဏ္ဍတိုးတက်ပြောင်းလဲရန်အတွက် လုပ်ဆောင်ရခြင်းဖြစ်ပေသည်။ စာကြည့်တိုက်မှူးတစ်ယောက်၏ စာကြည့်



တိုက်အလုပ်အရေးပါပုံကို အများက သိချင်မှသိမည်။ အသိအမှတ် ပြုချင်မှပြုမည်ဖြစ်သော်လည်း စာကြည့်တိုက်မှူးတစ်ယောက်၏ သူ့အလုပ် သူ့စေတနာ သူ့လုပ်အားမှာ တန်ဖိုးမဖြတ်နိုင်ပေ။ စာကြည့်တိုက်မှူးများသည် စာပေပညာအပြင် လုပ်ငန်းပညာများပါ တတ်မြောက်ရပေသည်။

သို့ဖြစ်ပါသောကြောင့် ယနေ့ခေတ် စာကြည့်တိုက်မှူးများသည် ပရဟိတစိတ်ဓာတ်ရှိပြီး လူမှုဆက်ဆံရေးကောင်းမွန်သည့် အစဉ်အမြဲ တက်ကြွလန်းဆန်းကာ ပူးပေါင်းဆောင်ရွက်တတ်သော အရည်အသွေးများနှင့် ပြည့်ဝသူများဖြစ်ကြသည့် လူငယ်စာကြည့်တိုက်မှူးပေါင်းများစွာ ပေါ်ပေါက်လာသည်မှာလည်း ကျေနပ်အားရဖွယ်ရာဖြစ်ပေသည်။

လူအဖွဲ့အစည်းများတွင် လူအများပါဝင်ဖွဲ့စည်းထားသကဲ့သို့ စာကြည့်တိုက်ဆိုသည်မှာလည်း စာအုပ်များစွာ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပေသည်။ လူ့အဖွဲ့အစည်းတွေမှာ ကိုယ်တိုင်ပါဝင်လှုပ်ရှားလာရသည့်အခါ လူတွေအကြောင်း တိုက်ရိုက်သိလာရသလို စာကြည့်တိုက်တွင် စာအုပ်များဖတ်သည့်အခါတွင်လည်း လူတွေအကြောင်းကို သွယ်ဝိုက်သိလာရပြီး လူတို့နေ့စဉ် တွေ့ကြုံရသည့် လူမှုရေးကိစ္စပေါင်းများစွာကို ထင်ဟပ်နေသည့် အကြောင်းအရာများလည်း တွေ့လာရမည်ဖြစ်ပါသည်။ စာအုပ်ထဲက အကြောင်းအရာများသည်လည်း အတိတ်နှင့် ပစ္စုပ္ပန်ကို ပေါင်းကူးပေးထားသလို အနာဂတ်အတွက် ယနေ့နှင့် မနက်ဖြန်ကိုလည်း ပေါင်းကူးပေးထားခြင်းဖြစ်ပေသည်။ စာကြည့်တိုက်သည် အသိပညာများကိုလက်ဆင့်ကမ်းပေးသည့် အရေးကြီးသည့် နေရာကြီးတစ်ခုဖြစ်ပေသည်။


"အလိမ္မာစာမှာရှိ" ဆိုရိုးစကားအတိုင်း "စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်ခြင်းသည် ထောင်တံခါးတစ်ချပ်ပိတ်ခြင်းနှင့် ညီသည်" ဟူသော ရှေးပညာရှိများ၏ အဆိုအမိန့်များလည်း ရှိခဲ့ဖူးပေသည်။ အနာဂတ်မျိုးဆက်သစ်တို့ ဘဝတစ်သက်တာ ပညာရှာမှီးနိုင်ရန်အတွက်နှင့် "လူအများထက်ရှေ့ရောက်ဖို့ စာဖတ်ကြပါစို့" ဟူသော စကားများအရ စာဖတ်ရန်အတွက်လည်း အနီးဆုံးရှိ စာကြည့်တိုက်များသို့သွား၍ စာအုပ်ဖတ်ကြရန်တိုက်တွန်းပြောကြားလိုပါသည်။ "စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ့်မာ ရှိမည်သာတည်း" ဆိုသလိုပါပဲ၊ စာပေကိုချစ်မြတ်နိုးရန်နှင့် စာဖတ်စေရန်အတွက်လည်း ရှေးလူကြီးများက တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့ကြောင့် ပညာ၊ ဗဟုသုတ သုတ၊ ရသစာပေများကို ခေတ်ပညာတတ် လူငယ်လူရွယ်များ ဖတ်ရှုလေ့လာဆည်းပူးနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် စာကြည့်တိုက်မှ အမြဲလက်ကမ်းကြိုဆိုနေမည်ဖြစ်ပါသည်။ အနာဂတ်မျိုးဆက်သစ်တို့ ပညာရှာမှီးနိုင်ရန်အတွက် စာကြည့်တိုက်များသို့သွားရောက်စာဖတ်ကြရန် တိုက်တွန်းပြောကြားလိုပါသည်။

*ကျမ်းကိုး*

*သုတပဒေသာစာစောင်*

*အတွဲ ၄၆၊ အမှတ် ၁*




# လုပ်ငန်းရှင်ပေါက်စများ ယုံကြည်မှုတည်ဆောက်ခြင်း

ကြည်ကြည်

ယုံကြည်မှုနဲ့ ပတ်သက်လာရင် တစ်ယောက်နဲ့ တစ်ယောက် ခံယူချက်မတူညီနိုင်တာမို့ ဒီအကြောင်းဆွေးနွေးကြတဲ့အခါတိုင်း အငြင်းပွားဖွယ်တွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ လုပ်ငန်းတစ်ခုကို ခြစ်ခြစ်ကုတ်ကုတ် စတင်ထူထောင်ခဲ့ကြရတဲ့ တချို့သောလုပ်ငန်းရှင်လေးတွေအတွက်ကတော့ ယုံကြည်မှုတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ခြင်းမရှိတဲ့အခါ အလွယ်တကူလက်လျှော့ အရှုံးပေးမိကြတာမျိုး ဖြစ်လာနိုင်ကြပါတယ်။

ဒါကြောင့်သာပဲ လုပ်ငန်းရှင်ပေါက်စလေး တော်တော်များများဟာ –

၁။ စိတ်ဓာတ်အင်အားကို မြင့်တက်စေတဲ့ တက်ကျမ်းပေါင်းစုံ ဝယ်ဖတ်ကြခြင်း၊

၂။ ယုံကြည်ရလောက်တဲ့ မိတ်ဆွေသူငယ်ချင်းများထံမှ အကြံဉာဏ်တောင်းခံခြင်း၊

၃။ အားကိုးရလောက်တဲ့ စီနီယာကြီးများထံမှ အကူအညီ တောင်းခံခြင်း၊

၄။ လုပ်ငန်းတူနယ်ပယ်ကသူများ အတွေ့အကြုံ ဝေငှပေးကြတဲ့အခါ မှတ်သားလိုက်နာခြင်း၊

၅။ ဘာသာရေးအကူအညီဖြင့် အားကိုးရာကြခြင်းနည်းတို့ဖြင့် မိမိရဲ့ လုပ်နိုင်စွမ်းယုံကြည်မှုကို မြင့်တက်နေစေဖို့ ကြိုးစားအားထုတ်ကြလေ့ရှိပါတယ်။

ဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ကံနှင့်ကံ၏အကျိုးကို ယုံကြည်ပြီး ဖြစ်သမျှ အရာရာကံစီမံရာပဲလို့ ကံကို ပုံအပ်ထားသူတွေရှိသလို မမြင်ရတဲ့ကံကို မြင့်တက်စေဖို့ရည်ရွယ်ချက်နဲ့ လက်လှမ်းမီရာကျင့်စဉ်မျိုးစုံနဲ့ လေ့လာလိုက်စားကြတာကိုလည်း ယနေ့ခေတ်မှာ ပိုမိုတွေ့လာနေရပါတယ်။ မိရိုးဖလာဗုဒ္ဓဘာသာဝင် ဘိုးဘွားမိဘတွေရဲ့ အဆုံးအမကလည်း သေသွားရင် အားလုံးထားရစ်ခဲ့ရမယ့် ဥစ္စာပစ္စည်းတွေကို ရှာဖွေစုဆောင်းရင်း လောဘတက်နေကြမယ့်အစား သေရင်ပါသွားတယ်ဆိုတဲ့ တရားဘာဝနာရှာဖွေသိမှီးခြင်းကို ကောင်းတဲ့လုပ်ရပ်လို့ အားပေးတတ်ကြပါတယ်။ ပတ်ဝန်းကျင်ကလည်း တစ်နေ့လုံးတစ်ညလုံး တကုပ်ကုပ်နဲ့ အလုပ်လုပ်နေတာနဲ့စာရင် ဝတ်ဖြူစင်ကြယ်လေးဝတ်လို့ စိပ်ပုတီးလေးကိုင်နေတာက ကောင်းတာကို

လုပ်နေတဲ့သူလို့ လေးစားမှုနဲ့ လက်ခံထားကြပါတယ်။

လုပ်ငန်းရှင်တစ်ယောက်အဖြစ် လုပ်မယ်လို့ဆုံးဖြတ်ပြီးတဲ့အခါ ကိုယ်လုပ်မယ့်လုပ်ငန်းကို အမြတ်ရအောင်လုပ်ဖို့က အရေးအကြီးဆုံးပဲဖြစ်ပါတယ်။ ဒီနေရာမှာ အမြတ်ရဖို့အတွက်က ကံကောင်းဖို့လိုအပ်တယ်။ ဒီအတွက် ကံကိုအရင်မြှင့်တင်ပေးရမယ်။ ဒါမှလုပ်သမျှ အလုပ်တိုင်းဟာ လွယ်ကူချောမွေ့ပြီး ကိုယ့်ကိုကူညီပေးမယ့်သူတွေနဲ့ပဲ အလိုလိုဆုံတွေ့လာမှာပါလို့ ရာနှုန်းပြည့်ယုံကြည်ထားကြတဲ့သူမျိုးတွေကိုတော့ မိမိကိုယ်ကိုယုံကြည်မှုလုံးဝမရှိဘဲ သူများရဲ့ပံ့ပိုးပေးမှုကို အားကိုးနေကြသူတွေလို့ ကိုယ်တွေ့အတွေ့အကြုံတွေနဲ့ ဝေဖန်ချင်ပါတယ်။

ကျွန်မဟာ ဝန်ထမ်းဘဝက အထက်အရာရှိတွေရဲ့ အကူအညီချိတ်ဆက်ပေးမှုနဲ့ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းတစ်ခုကိုထူထောင်ရင်း ကိုယ်ပိုင်လုပ်ငန်းရှင်ဘဝကို စတင်ခဲ့ပါတယ်။ လုပ်ငန်းစတဲ့အချိန်မှာတွေ့ကြုံရလေ့ရှိတဲ့ အခက်အခဲတွေကတော့ နည်းတာနဲ့များတာကလွဲလို့ လူတိုင်းအတွက် အတူတူပဲဖြစ်လိမ့်မယ်လို့ယူဆမိပါတယ်။ အရင်းအနှီးနည်းပါးတာ၊ သတင်းအချက်အလက် စုဆောင်းရမှန်းမသိတာ၊ လုပ်ငန်းတူနယ်ပယ်က မိတ်ဆွေမရှိတာ၊ စျေးကွက်ကို ခြုံငုံပြီးမသိသေးတာ၊ စိတ်ချယုံကြည်ရပြီး အားကိုးရတဲ့ ဝန်ထမ်းမရှိတာ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို နားမလည်တာ အစရှိတဲ့ မရှိတာနဲ့ မသိတာတွေများနေတာကြောင့် လုပ်ငန်းရှင်ဘဝကို အရုံးပေးချင်စိတ် ခဏခဏပေါ်လာမိပါတယ်။ ဒီကြားထဲ ကုမ္ပဏီပိုင်ရှင်၊ မန်နေးဂျင်းဒါရိုက်တာလုပ်နေပြီး ကိုင်ထားတဲ့ လက်ကိုင်အိတ်က ဘယ်လောက်တန်၊ ဝတ်ထားတဲ့ အဝတ်အစားက ဒီဇိုင်နာအောက်နေပြီ အစရှိတဲ့ အပေါ်ယံဝေဖန်မှုတွေကြောင့်လည်း အပြင်ထွက်ရမှာတောင် လူတောမတိုးသလိုလို လိပ်ပြာမလုံဖြစ်မိပါတယ်။ သင်ထားသမျှ ပညာ၊ စုဆောင်းထားသမျှ အတွေ့အကြုံတွေကလည်း လက်တွေ့အသုံးချကြည့်တဲ့အခါမှာ လိုအပ်ချက်တွေများနေပြီး ဘယ်နေရာက ဘာလိုနေမှန်းမသိအောင် စိတ်အားငယ် စိတ်ပျက်နေမိပါတယ်။

ဒီအချိန်မှာ သူငယ်ချင်းတစ်ယောက်က အဓိဋ္ဌာန်ဝင်ကြည့်ဖို့ အကြံပေးပါတယ်။ ဘယ်ဂါထာကို ဘယ်နရက်အတွင်း ဘယ်နခေါက်ရွတ်ကြည့်လိုက်ပါ။ မထူးခြားရင် ပြောတဲ့။

စိတ်အားငယ်နေပြီး ယုံကြည်ချက်ပျောက်ဆုံးနေတဲ့အချိန်မှာဆို ဘယ်သူဘာပြောပြောယုံမှတ်ပြီး လက်တွေ့ကျမကျ ဆင်ခြင်နိုင်စွမ်း နည်းပါးတယ်ဆိုတာကိုတော့ ကျွန်မလက်ခံမိပါတယ်။ သူငယ်ချင်းအကြံပေးတဲ့အဓိဋ္ဌာန်အတိုင်း အကုန်လုပ်ခဲ့ပါတယ်။ တစ်ရက်ကို ငါးနာရီလောက်အချိန်ယူပြီး အခေါက်ရေပြည့်အောင် ရေတွက်လိုက်နာခဲ့ပါတယ်။ ဒီနေရာမှာ ကျင့်ကြံနေရင်းနဲ့ ဘာကိုသတိထားမိတာလဲဆိုရင် ကိုယ်ဆိုနေတဲ့ဂါထာတွေဟာ အခေါက်ရေပြည့်ချင်ဇောနဲ့ အရှေ့အနောက်ပြောင်းပြန်တွေ ဖြစ်လိုဖြစ်၊ စကားလုံးတွေကရောထွေးပြီး ဇောတ်ထိုးတွေဖြစ်တဲ့အခါဖြစ်နဲ့ ငါအခုဂါထာတော်ကို ဆင်ခြင်နှလုံးသွင်းနေတာလား၊ အခေါက်ရေပြည့်အောင်လုပ်နေတာလား ပြန်သုံးသပ်မိပါတယ်။ အခေါက်ရေကလည်းများတဲ့အခါ အခေါက်ရေမြန်မြန်ပြည့်မှ တစ်ရက်စာတော့ပြီးပြီ၊ နောက်ထပ်ဘယ်နရက်ပဲ ကျန်တော့တယ်လို့ ဇောကပ်နေမိတဲ့ ကိုယ့်စိတ်ဓာတ်ကို ပြန်တွေးမိပါတယ်။ ဒါ့အပြင် ကိုယ်ရွတ်ဖတ်ပူဇော်နေတဲ့ အဓိပ္ပာယ်ထက် ကိုယ့်လုပ်ငန်းအောင်မြင်မယ့် မျှော်လင့်ချက်ကြောင့်သာ အခေါက်ပြည့်ဖို့ လောဘတက်နေမိပါလားဆိုတာကိုလည်း ကွက်ကွက်ကွင်းကွင်း မြင်လာမိပါတယ်။ ဒီကြားထဲမှာ ကိုယ့်ကိုကူညီမယ့်သူတွေ မတွေ့မှာစိုးလို့ အဓိဋ္ဌာန်ဝင်နေတဲ့အကြောင်းကို ဓာတ်ပုံရိုက်ထားပြီး လူတွေသိအောင် ကြေညာရတာကလည်း အလုပ်တစ်ခုဖြစ်လာပါတယ်။

ကျွန်မဒီလိုရေးနေတာ ကိုယ်တိုင်လည်းဖြစ်ခဲ့မိသလို လက်တွေ့မှာလည်း ဒီလို

ဖြစ်နေကြသူတွေ များလာကြပါလားဆိုတာကို တွေ့လာရလို့ဖြစ်ပါတယ်။ ဒါကို ကောင်းတာလုပ်တာပဲ ဘာဖြစ်လဲလို့ ဇွတ်လက်ခံချင်တဲ့ သူတွေရှိမှာဖြစ်သလို သတိလေးထားပြီး ဒီလိုလုပ်နေမိတယ်ဆိုရင် ရှေ့ဆက်လုပ်သင့်မလုပ်သင့် ပြန်လည်ဆင်ခြင်သုံးသပ်နိုင်မယ့်သူမျိုးလည်းရှိမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်နေတဲ့အခါမှာ ကူကယ်ရာမဲ့နေတဲ့အချိန်ခါမျိုးတွေရှိလာနိုင်ပါတယ်။ ဒီအချိန်မှာ စိတ်ဓာတ်မခိုင်မာသူတွေအနေနဲ့ ရှေ့ဘာဆက်လုပ်ရမှန်းမသိဘဲ လမ်းပျောက်နေသလို ခံစားချက်ဝင်လာတတ်ပါတယ်။ ဒီခံစားချက်ကို ကင်းလွတ်စေဖို့ တချို့က အရှုံးပေးခြင်းနည်းနဲ့ ဖြေရှင်းတတ်ကြပြီး တချို့က သူများအားကိုးနဲ့ ဖြေရှင်းနိုင်မယ့်နည်းကို ရှာဖွေတတ်ကြပါတယ်။ ဘယ်နည်းကိုပဲအားကိုးပါစေ ဖြစ်လာသမျှအကောင်းအဆိုးကို ကိုယ်တိုင်ကသာ အရင်ဆုံးလက်ခံရမှာဖြစ်ပါတယ်။ စိတ်အားငယ်နေမှုကို မြင့်တက်စေဖို့ အားကိုးရာတစ်ခုခုရှာရမယ်ဆိုရင်တောင် ကိုယ်တကယ်လက်ခံသင့်တဲ့ ရလဒ်ကို ရနိုင်မယ့် အားကိုးရာမျိုးကသာ ကိုယ့်ကိုအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ကျွန်မအထက်ကဖြစ်ခဲ့သလို အဓိဋ္ဌာန်ကိုတော့ ရည်ရွယ်ချက်တစ်ခုနဲ့ ဝင်နေခဲ့ပါရဲ့။ ကိုယ့်ကျင့်စဉ်က မမှန်တဲ့အခါ ကိုယ်တိုင်မှာလည်း အခေါက်ရေကို အဓိကထားတဲ့ လောဘဇော၊ အလိုမကျတဲ့ ဒေါသဇောနဲ့ ကြွားချင်တဲ့ မောဟဇောတွေ ပိုမိုဖုံးလွှမ်းနေစေတဲ့အမှားမျိုးက ရှိနေတဲ့သောကကိုတောင် ပိုလာစေမှာဖြစ်ပါတယ်။

ဝန်ထမ်းဘဝက လုပ်ဖော်ကိုင်ဖက်နိုင်ငံခြားသား သူငယ်ချင်းတစ်ယောက်က ကျွန်မအဖြစ်ကိုသိတော့ ယုံကြည်မှုကျဆင်းနေတာပါလို့ ထောက်ပြခဲ့ပါတယ်။ ကိုယ့်လုပ်ငန်းမှာ မျှော်လင့်ထားသလိုမဖြစ်လာတဲ့အခါ၊ အခက်အခဲတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ကိုယ့်ကိုယ် ကိုယ် ငါမှလုပ်နိုင်ရဲ့လားဆိုတဲ့ သံသယစိတ်ကြောင့် ယုံကြည်မှု ကျဆင်းလာတတ်ပါတယ်။ အဲဒီယုံကြည်မှုကို ပြန်မြင့်တက်စေဖို့ တခြားအရာတွေကို ဘယ်လောက်ပဲအားကိုးနေပါစေ ကိုယ်တိုင်က မြင့်တင်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုရှိမှ ရလဒ်ကိုတွေ့ရမှာဖြစ်ပါတယ်။ ဂါထာအခေါက်ရေများစွာ ထိုင်ရွတ်လိုက်တာထက် ဒီဂါထာ၊ ဒီကျင့်စဉ်ကို ငါလုပ်နိုင်ခဲ့တယ်၊ တခြားအရာတွေကိုလည်း ငါလုပ်နိုင်မှာပါပဲဆိုတဲ့ ယုံကြည်မှုကို ပြန်တည်ဆောက်ယူဖို့ အဓိဋ္ဌာန်ဝင်ကြည့်ကြတာဖြစ်ပါတယ်။ အဲဒီယုံကြည်မှု ပြန်တည်ဆောက်ယူပြီးတဲ့အခါ ဘာကိုပဲလုပ်လုပ် အဆင်ပြေလာတာမျိုး ခံစားမိတာကို ကံတက်လာတာလို့ လက်ခံထားကြတာလည်းဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံခြားသားတစ်ယောက်ကထောက်ပြတဲ့ အချက်တစ်ချက်သာဖြစ်ပါတယ်။ ဒါဆိုရင် ငါ့လုပ်ငန်းအောင်မြင်လာအောင် ဘာလုပ်သင့်လဲလို့ မေးကြည့်တဲ့အခါ အလုပ်လုပ်ပါ၊ လုပ်သင့်လုပ်ထိုက်တာကိုပဲ လုပ်ပါ၊ လုပ်ကိုလုပ်ရမယ့်အရာတွေကိုပဲလုပ်ပါလို့ အကြံပေးခဲ့ပါတယ်။

လုပ်နေရင်းနဲ့ ကျရှုံးရတယ်။ အမြတ်မရှိဘူးဆိုတာ အလကားကံဆိုးလို့ ဖြစ်နေတာမဟုတ်သလို မြတ်နေတယ်ဆိုတိုင်းလည်း ကံကောင်းနေလို့တော့မဟုတ်ပါဘူး။ မြတ်အောင် လုပ်တဲ့နည်းကိုသိနေတဲ့သူလုပ်ရင် မြတ်ပါတယ်။ မြတ်အောင် မလုပ်နိုင်တဲ့အခါမှာ ရှုံးတတ်တာပါလားဆိုတာ ရိုးရိုးလေးလက်ခံထားရပါမယ်။ နာလန်မထူနိုင်အောင် ရှုံးတဲ့အခါမျိုးတွေရှိလာတဲ့အခါမျိုးမှာ ကိုယ့်ဆီမှာ လုံလောက်တဲ့ အမြတ်ရနည်းတွေ မရှိသေးလို့ပါလားလို့ အရင်ကထက် ပိုလေ့လာသင်ယူသင့်ပါတယ်။ သူများတွေဘာလို့ မြတ်နေပါလိမ့်လို့ အတုယူပညာယူရပါမယ်။ သူကငွေအရင်းအနှီးတောင့်တင်းလို့မြတ်အောင် လုပ်နေတာပါလားဆိုရင်လည်း ငွေအရင်းအနှီးရှိတဲ့သူက ကိုယ့်လုပ်ငန်းထဲ ငွေတွေလာထည့်အောင် မျှော်လင့်ချက်နဲ့ အဓိဋ္ဌာန်တွေလျှောက်ဝင်နေလည်း ရှုံးနေတဲ့လုပ်ငန်းကို ဘယ်သူကမှ လာပြီးရင်းနှီးမြှုပ်နှံမှာမဟုတ်တာတော့ သေချာပါတယ်။ မဖြစ်သေးတာကို ဖြစ်လာဖို့ မျှော်လင့်ချက်ထားရမှာ ဖြစ်ပေမယ့် မဖြစ်နိုင်တာကို မျှော်လင့်နေမိတာကလည်း ကိုယ့်ယုံကြည်ချက်ကို ပိုကျ

ဆင်းစေတတ်ပါတယ်။

အလုပ်လုပ်ပါဆိုရင် လုပ်နေတာပဲလို့ ဖြေကြမှာပါ။ နိုင်ငံခြားသားမိတ်ဆွေပြောသလို အဓိဋ္ဌာန်ဝင်တာတောင် တစ်နေ့ငါးနာရီအချိန်ယူတယ်ဆိုရင် အဲဒီငါးနာရီမှာ စျေးကွက်သုတေသနလုပ်နေတာက၊ ကိုယ့်ဖောက်သည်တွေအတွက် အချိန်တွေပေးနေတာက လုပ်ငန်းရှင်ပေါက်စတွေ လုပ်ကိုလုပ်နေရမယ့် အလုပ်မျိုးတွေပါတဲ့။

လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါဆိုတာက ကျွန်မအပေါ်ကရေးထားခဲ့သလို ကိုယ့်ဆီမှာမရှိသေးတာ၊ မသိသေးတာတွေကို ရှိလာအောင် သိလာအောင် လုပ်ကိုလုပ်ထားရမှာပါ။ ဒါတွေကိုသိအောင် ရှိအောင်လုပ်နည်းတွေကိုလည်း ရှာဖွေမှတ်သားသင်ယူတတ်ရပါမယ်။ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်သမျှ နယ်ပယ်ကို ကျယ်ပြန့်သထက် ကျယ်ပြန့်အောင် တည်ဆောက်ယူထားရပါမယ်။ ရှာဖွေလေတွေ့ ရှိလေဆိုသလို ရှာဖွေနေတဲ့သူအတွက်ကတော့ အနှေးနဲ့အမြန် နည်းတွေ့လာမှာပဲဖြစ်ပါတယ်။ တချို့ကလည်း မိမိကိုယ်တိုင်ရဲ့ ကြိုးစားအားထုတ်မှုဘာမှမရှိဘဲ အရာရာကို သူများအပေါ်သာ အားကိုးနေမိမယ်ဆိုရင်တော့ ကိုယ့်ဘာသာတည်ဆောက်ယူရတဲ့ ယုံကြည်မှုပျောက်ဆုံးလာတတ်တာ သဘာဝပဲဖြစ်ပါတယ်။ ဒါကိုမှ ကံမကောင်းလို့ဆိုပြီး အပြစ်တွေလျှောက်ပုံချနေမယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာကို မလုပ်သေးလို့ မအောင်မြင်သေးတာပါဆိုတာ လက်ခံလာမှာပါ။

လုပ်ကိုလုပ်ရမယ့် အရာတွေကိုပဲ လုပ်ပါ။ မမြတ်သေးတဲ့ လုပ်ငန်းကို တအားအောင်မြင်နေသလို ကြွားဝါတာမျိုး၊ ကိုယ်ရောက်နေတဲ့နေရာကို လိုတာထက်ပိုပြီး ပြချင်တာမျိုး၊ ကိုယ့်အတွက် မလိုအပ်ဘဲနဲ့ ပတ်ဝန်းကျင်အမြင်အတွက် အကုန်အကျခံနေတာမျိုးတွေ လုပ်နေမယ့်အစား လုပ်ငန်းအတွက် အမြတ်ရစေမယ့် နည်းလမ်းတွေအတွက်သာ ဦးစားပေးလုပ်သင့်ပါတယ်။ ဝန်ထမ်းမလုံလောက်ချိန်မှာ ကိုယ့်လုပ်ငန်းအတွက် ဝန်ထမ်းတစ်



ယောက်လိုလုပ်နိုင်မှ လုပ်ငန်းရှင်ပီသမှာဖြစ်ပါတယ်။ အောက်ခြေပိုင်နိုင်တဲ့အခါမှာ ယိုပေါက်တွေကို ပိုသိလာနိုင်ပြီး အသုံးစရိတ်တွေကို စေ့စေ့စပ်စပ် သုံးစွဲနိုင်ပါလိမ့်မယ်။ မလိုလားအပ်ဘဲ ကုန်ကျမယ့်စရိတ်တွေနေရာမှာ လုပ်ငန်းအတွက် ကုန်သင့်ကုန်ထိုက်တဲ့ အရင်းအနှီးတွေနဲ့ အစားထိုးတတ်ရပါမယ်။ ဘယ်အရာကတော့ ပထမဦးစားပေး၊ ဘယ်အရာကတော့ ဒုတိယဦးစားပေးလို့ ကွဲကွဲပြားပြားသိလာတဲ့အခါ လုပ်ကိုလုပ်ရမယ့် အရာတွေက ဘာတွေလဲဆိုတာ သိလာမှာဖြစ်ပါတယ်။ ဒါတွေကိုသာ ဦးစားပေးလုပ်ကြမယ်ဆိုရင်တော့ လုပ်ငန်းမြတ်မယ့်နည်းလမ်းကို သိလာမှာပဲ ဖြစ်ပါတယ်။

ကိုယ့်ရဲ့ယုံကြည်မှုကို ပုံစံမျိုးစုံနဲ့ တည်ဆောက်ယူနိုင်ပါတယ်။ ကိုယ်တည်ဆောက်နေတဲ့အရာဟာ မှန်ကန်တဲ့အခါ အချိန်တိုတိုအတွင်း ကိုယ့်ပန်းတိုင်ကို တက်လှမ်းနိုင်ပါလိမ့်မယ်။ ကိုယ်တည်ဆောက်နေတဲ့ပုံစံက လိုရင်းမရောက်ဘူးဆိုရင်တော့ အချိန်တွေကုန်နေပြီး ပန်းတိုင်ဟာ ဝေးနေဦးမှာပဲဖြစ်တယ်ဆိုတာကို လုပ်သက် ၁၁ နှစ်ရှိပြီဖြစ်တဲ့ အတွေ့အကြုံကို အရင်းပြုပြီး ဝေငှပေးလိုက်ရပါတယ်။



# HR ပညာရှင်များ၏ အခန်းကဏ္ဍ

ဒေါက်တာဆွေဆွေသန်း
Dynamic Capacity Development Institute

မျက်မှောက်ခေတ်ကာလရေစီးကြောင်းတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍရှိစီးပွားရေးနယ်ပယ် အသီးသီး၌ လူ့စွမ်းအားစီမံခန့်ခွဲမှုကျွမ်းကျင်သည့် ပညာရှင်များ၏ အရေးပါမှုနှင့် စပ်လျဉ်းသည့် ဆွေးနွေးမှုများ၊ အလုပ်ရုံဆွေးနွေးပွဲများ (Workshops)၊ ဟောပြောပွဲများ (Seminars)၊ သင်တန်းများ၊ ဘာသာပြန်ဆို ရေးသားမှုများ စသည်တို့ကိုတွေ့မြင်နေရသည်မှာ အားရဖွယ်ကောင်းလှပေသည်။ အသိပညာ ဖြန့်ဝေကြသည့် ဆရာများ၊ ပညာရှင်များသည်လည်း ကျယ်ပြန့်ပြီးခက်ခဲနက်နဲလှသည့် HR ပညာရပ်များကို စာတွေ့ (Theory) သာမက လက်တွေ့ ထိရောက်စွာအသုံးချနိုင်မည့် နည်းလမ်းများကို ယှဉ်တွဲလမ်းညွှန်မှုပြုနိုင်ပါလျှင် လက်တွေ့လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေကြသည့် HR များ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးမြင့်လာမည်မှာ မုချဖြစ်ပါသည်။

HR ပညာရပ်နှင့် ကျွမ်းကျင် HR ပညာရှင်များ (HR Professionals) ၏ အခန်းကဏ္ဍကို ဝန်ထမ်းဦးရေများပြားသော လုပ်ငန်းကြီးများနှင့် အဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံများကိုသာ အများအားဖြင့်ဦးတည်ဖော်ညွှန်းဆွေးနွေးလေ့ရှိကြပြီး လက်ခံကျင့်သုံးအကောင်အထည်ဖော်မှုရာနှုန်းသည်လည်း အချိုးညီစွာမြင့်မားကြပါသည်။ သို့သော် အားနည်းချက်မှာ MSMEs (အသေးစားနှင့် အလတ်စားလုပ်ငန်းများ) နှင့် Entrepreneurs (စွန့်ဦးတီထွင်လုပ်ငန်းများ) တွင် HR ပညာရှင်လိုအပ်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်အများစုမှာ လက်တွေ့နှင့် ကွာဟမှုများစွာရှိကြောင်း ဝေဖန်သုံးသပ်မှုများရှိသည်ကို ကြားသိနေရပါသည်။

HR ဆိုသည်မှာ Human Resources ၏ အတိုကောက်ဖြစ်ပြီး 'လူ' နှင့် 'လူ့စွမ်းရည်' ကို ဗဟိုပြုထားခြင်းကြောင့် လုပ်ငန်းနယ်ပယ်တိုင်း၏အဓိကမဏ္ဍိုင်ဖြစ်ပါသည်။ လက်တွေ့ကျကျ စဉ်းစားသုံးသပ်ရပါလျှင် HR ဟူသော စကားရပ် (HR Terminology) မပေါ်ပေါက်မီကာလကပင် မည်သည့်လုပ်ငန်းကိုမဆို ဆောင်ရွက်ရာတွင် မရှိမဖြစ် အဓိကလိုအပ်ချက်မှာ 'လူနှင့်ငွေ' ပင် ဖြစ်ပါသည်။ စက်မှုတော်လှန်ရေး (Industrial Revolution) ခေတ်လွန်ကာလတွင် ဝန်ထမ်းအများအပြားဖြင့် ဆောင်ရွက်ရ

သော လုပ်ငန်းများပေါ်ပေါက်လာသည်။ ထို့မှစ၍ ဝန်ထမ်းစီမံခန့်ခွဲအုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေရာမှ Human Resource Management and Development ပညာရပ်ကို ၁၉၈၀ ခန့်တွင် အမေရိကန်နိုင်ငံ၊ Harvard တက္ကသိုလ်တွင် စတင်သင်ကြားသည်မှအစပြု၍ HR ဟူသော စကားရပ်နှင့် ပညာရပ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြခြင်းဖြစ်ပါသည်။

ဤဆောင်းပါးတွင် Large Corporations များသာမက MSMEs နှင့် Entrepreneurs များတွင်လည်း လုပ်ငန်းအောင်မြင်တိုးတက်စေရန် အတွေ့အကြုံကြွယ်ဝ၍ HR ပညာရပ်ကို စာတွေ့၊ လက်တွေ့ပါ နားလည်တတ်ကျွမ်းသော HR Professional တစ်ဦး မရှိမဖြစ်လိုအပ်ကြောင်းကို Forbes Human Resources Council မှ အောင်မြင်ကျော်ကြားလျက်ရှိသော HR တာဝန်ခံများ၏ ပြောဆိုချက်များကို ကိုးကား၍ တင်ပြဆွေးနွေးပါမည်။

၁။ HR Professional တစ်ဦးသည် လုပ်ငန်းအမှန်တကယ် တိုးတက်အောင်မြင်စေရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပဓာနကျသော အခြေခံအဆောက်အအုံများဖန်တီးတည်ဆောက်ပြီး လုပ်ငန်း၏ အနာဂတ်မျှော်မှန်းချက်စံနှုန်းကို ကြိုတင်မှန်းဆရာတွင် လက်တွေ့နှင့် အနီးစပ်ဆုံးဖြစ်စေရန် ကူညီပံ့ပိုးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်း၏ Mission, Vision နှင့် ပန်းတိုင်များ ချမှတ်ရာတွင်လည်းကောင်း၊ လက်ရှိနှင့် အနာဂတ်ဝန်ထမ်းများ၏ ဦးတည်ချက်များအား လုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်နှင့် ထပ်တူကျရေးအတွက်လည်းကောင်း HR Professional က ဝန်ထမ်းများအား ထိရောက်သော ဦးဆောင်မှုဖြင့် လမ်းညွှန်ခေါ်ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၂။ ယေဘုယျအားဖြင့် MSME များသည် လုပ်ငန်းစတင်ချိန်မှစ၍ အတွေ့အကြုံကြွယ်ဝသော HR Professional တစ်ဦးခန့်အပ်တာဝန်ပေးထားသင့်သည်မှာ မှန်သော်လည်း ကျပ်တည်းသောဘဏ္ဍာငွေအရင်းအနှီးဖြင့်လုပ်ငန်းစတင်ရသည်ဆိုပါက ဆီလျော်မည် မဟုတ်ပါ။ သို့သော် လုပ်ငန်းကြီးများအောင်မြင်လာ၍ မိမိတစ်ဦးတည်း စီမံခန့်ခွဲခြင်းထက် ကျွမ်းကျင်ဝန်ထမ်းများနှင့် တိုးချဲ့ဖွဲ့စည်းရမည့်ဌာနခွဲများရှိလာပါလျှင် လုပ်ငန်း၏ လိုအပ်ချက်၊ လုပ်ငန်းအမြင် (Vision) နှင့် လက်တွေ့လုပ်ဆောင်ချက်များ ဟန်ချက်ညီညီ ညှိပေးနိုင်ရန်အတွက် HR Professional တစ်ဦး မလွဲမသွေ လိုအပ်မည်ဖြစ်ပါသည်။

၃။ လုပ်ငန်းငယ်များသည် သဘာဝအားဖြင့် ငွေကြေးအရင်းအနှီး နည်းပါးသည်မှာ မှန်သော်လည်း လုပ်ငန်းတည်ထောင်ချိန်မှစ၍ အတွေ့အကြုံကြွယ်ဝသော HR Professional တစ်ဦးအား အချိန်ပြည့်၊ သို့မဟုတ် အချိန်ပိုင်းခန့်ထားခြင်းသည် လုပ်ငန်းအတွက် တန်ဖိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြစ်ပေမည်။ တစ်ခါတစ်ရံတွင် လုပ်ငန်းရှင်များသည် လုပ်ငန်းသေးငယ်ခြင်း (သို့မဟုတ်) ဝန်ထမ်းအင်အားနည်းပါးနေခြင်းကြောင့် HR Professional ကို အမှန်တကယ် မလိုအပ်သေးဟု သဘန်အားဖြင့် ယူဆမိတတ်သည်။ ထို့အပြင် ဝန်ထမ်းများ၏ လိုအပ်ချက်များမှာ အသေးအဖွဲသာဖြစ်သည်ဟု မှားယွင်းယူဆမိသည်များလည်း ရှိတတ်ကြသည်။ လက်တွေ့တွင်မူ ထိုယူဆချက်များသည် လုပ်ငန်းတွင်းအဆင်မပြေမှုများ၏ ရေသောက်မြစ်ဖြစ်နေတတ်သည်။ ဥပမာအားဖြင့် အလုပ်မှ ရပ်စဲသည့်အတွက် လျော်ကြေးတောင်းခံခြင်း၊ ဝန်ထမ်းများကြီးလေးသည့် ပြစ်မှုတစ်စုံတစ်ရာကျူးလွန်ခြင်း၊ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရခြင်း၊ ဥပဒေနှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဝန်ထမ်းများ၏ ခံစားခွင့်နှင့် ရပိုင်ခွင့်များ ကြိုတင်သတ်မှတ်ထားမှုများ မရှိသေးခြင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ပျော်ရွှင်စေရေးအစီအမံများ၊ စိန်



ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအထောက်အကူပြုသင်တန်းများ ကြိုတင်စီစဉ်ထားမှုမရှိခြင်း စသည့် သာဓကများဖြစ်ပါသည်။

၄။ ကုမ္ပဏီတစ်ခု၏အောင်မြင်မှုသည် မိမိအဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အပေါ်တွင် တည်မှီနေပါ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများအား ဆွဲဆောင်ရွေးချယ်ခန့်ထားနိုင်စေရန်နှင့် ယင်းဝန်ထမ်းများ၏ ကျွမ်းကျင်မှုများကို အားဖြည့်ပေးနိုင်ရန်အတွက် HR Professional တစ်ဦး၏ စွမ်းအားနှင့် ကျွမ်းကျင်မှုသည် လိုအပ်နေမည်ဖြစ်ပါသည်။

၅။ လုပ်ငန်းခွင်စောစောဝင်သူသည် ခြေတစ်လှမ်း သာစမြဖြစ်သည်ဆိုသည့် ဥပမာကိုတင်စား၍ ဆွေးနွေးရလျှင် လုပ်ငန်းရှင်သည် HR Professional တစ်ဦးအား ကနဦးမှစတင်ခန့်ထားနိုင်ခြင်းဖြင့် လုပ်ငန်း၏ရည်ရွယ်ချက်နှင့် ပန်းတိုင်များကို အချိန်တိုအတွင်းရောက်ရှိနိုင်ပြီး စံပြနိုင်သည့်လုပ်ငန်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။ ဤသို့အောင်မြင်ကျော်ကြားသောကုမ္ပဏီဖြစ်လာစေရေးနှင့်ရရှိထားသော အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် ဝန်ထမ်းထုကို ဦးဆောင်လမ်းညွှန်မှုပြုနေသည့် ပဲ့ကိုင်ရှင်များဖြစ်သော HR Professional များအား မဟာဗျူဟာမြောက်သောအခန်းကဏ္ဍတွင် အကျုံးဝင်နေစေခြင်း (Involvement) ဖြင့် ၄င်းတို့သည် ကုမ္ပဏီ၏အောင်မြင်မှုအရှိန်အဟုန်ကို ပိုမိုမြင့်မားအောင်စနစ်တကျထောက်ပံ့တွန်းပို့နိုင်မည်ဖြစ်ပါသည်။

ခြုံငုံ၍ တင်ပြရပါလျှင် MSME များနှင့် Entreprenuer များသည် လုပ်ငန်းစတင်ထူထောင်စဉ်တွင် ဘက်စုံထောင့်စုံမှ ရှုမြင်သုံးသပ်ရန်လိုအပ်သည်နှင့်အညီ HR ပညာရပ်၏အခြေခံများအား လေ့လာ၍ဖြစ်စေ၊ HR Professional တစ်ဦးထံမှ အကြံဉာဏ်များရယူ၍ဖြစ်စေ စနစ်တကျလုပ်ငန်းစတင်သင့်ပါသည်။ အလားတူပင် အစိုးရဌာနများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ NGO များတွင် ဝန်ထမ်းရေးရာနှင့် လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ဆောင်ရွက်နိုင်မည့် အတွေ့အကြုံကြွယ်ဝသော HR Professional ဦးဆောင်သည့် HR ဌာန ဖွဲ့စည်းတည်ထောင်ခြင်း၊ HR တာဝန်ခံများအား Strategic Planning and Decision Making Process တွင် အကျုံးဝင်လာစေခြင်းဖြင့် ယှဉ်ပြိုင်မှုများနှင့် စိန်ခေါ်မှုများကို အခက်အခဲအနည်းဆုံးဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ HR တာဝန်ထမ်းဆောင်မည့်သူများသည်လည်း မိမိတို့ကိုယ်တိုင် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်သူများဖြစ်လာစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်သာဖြစ်ပါသည်။

# အလင်းသာသည့် နှစ်တစ်ရာပြည့် (ကုန်သည်စက်မှု)

ညွန့်ပွင့်ဖြူ


မြန်မာ့ကုန်စည်
ကုန်သည်စက်မှု၊ လုပ်ငန်းစု၏
ယခုနှစ်တစ်ရာပြည့်မြောက်ခဲ့ပြီ။

အမှတ်တရ
အထိမ်းအမှတ်၊ ကောင်းစိတ်ဓာတ်ဖြင့်
တတ်အားသရွေ့၊ ဘယ်မမေ့ဖွယ်
အတွေ့အကြုံ၊ အလုံးစုံအား
စုပုံကြောင်းပြု၊ စီစဉ်မှုတွေ
စွေ့ဉဖွေရာ၊ အကြောင်းသာအောင်
ရှေ့မှာကျိုးမြတ်၊ အဖိုးတက်က
ရက်လအပေါ်၊ ထပ်ဆင့်ကျော်ပြီး
မျှော်ခေါ်မှန်းဆ၊ ပန်းတိုင်လှဖို့
စစသေချာ၊ စေတနာနှင့်
ဝေဖြာမေတ္တာ၊ နှစ်တစ်ရာပြည့်
ဘယ်ခါမမေ့၊ စဉ်သာတွေ့ကာ
အရွေ့တွေက၊ ကြာသောလတွေ
စုအပေါင်းဖြစ်၊ ရေတွက်သစ်၍
နှစ်တစ်ရာမြောက်၊ ချိန်ခါရောက်လို့

ရှေ့လျှောက်တည့်မတ်၊ အနာဂတ်၏
ဖြစ်ရပ်တွေက၊ ထာဝရတိုင်
အမြဲအရှည်၊ ခိုင်မာလေဖို့
ဆုချွေဆုတောင်းလိုက်ပါသည်။

ကုန်သည်စက်မှု
ညီညွတ်ပြုတော့၊ ရှေးရှုမျှော်ကာ
အလင်းသာခဲ့။

နှစ်တစ်ရာသည်
ပြည့်မြောက်တည်တော့၊ ကုန်စည်ကမ္ဘာ
မင်္ဂလာဖြင့်၊ မြန်မာလမ်းကြောင်း
မတိမ်းစောင်းဘဲ၊ ကောင်းရောင်းကောင်းဝယ်
အသွယ်သွယ်သည်
ရှုဖွယ်မဆုံးနိုင်ဖို့တည်း။
အလင်းသာသည့်
တစ်ရာနှစ်တိုင်၊ စုစည်းပိုင်စွာ
ပန်းတိုင်တည်တံ့နိုင်စေသတည်း။



# ပဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ကုန်သည်၊ စက်မှုအသင်းချုပ် (UMFCCI) တို့၏ ပူးပေါင်းကြိုးပမ်းလုပ်ဆောင်မှုအချို့

(၂၀၁၆ အောက်တိုဘာလမှ ၂၀၁၉ ဩဂုတ်လအထိ)

**စီမံခန့်ခွဲရေးကော်မတီဝင်တစ်ဦး**

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်တွင် နိုင်ငံပိုင်ကဏ္ဍ၊ ပဂ္ဂလိကပိုင်ကဏ္ဍနှင့် သမဝါယမကဏ္ဍဟူ၍ အဓိက အစိတ်အပိုင်းကြီး သုံးခု ရှိပါသည်။ အဆိုပါ သုံးခုအနက် ပဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အကြီးမားဆုံးဖြစ်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်မှုအခြေအနေ၊ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်တီထွင်မှု စသည်တို့သည် ပဂ္ဂလိကအခန်းကဏ္ဍတွင် ကြီးမားကျယ်ပြန့်စွာ ဖြစ်ပေါ်တည်ရှိလျက်ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးကို အဓိကပံ့ပိုးပေးနေသည့် ကုန်သွယ်မှုကဏ္ဍတွင် ပဂ္ဂလိကလုပ်ငန်းများ၏ ပါဝင်မှုသည် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ဩဂုတ်လအထိ ၈၄ ရာခိုင်နှုန်းသို့တိုးတက်ဖြစ်ပေါ်ခဲ့ကာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅.၂ ဘီလီယံအထိ ရှိခဲ့ပါသည်။

၂။ ကုန်သည်၊ စက်မှုအသင်းချုပ် (UMFCCI) အနေဖြင့် ခေတ်အဆက်ဆက်ကို နှစ်ပေါင်းတစ်ရာတိုင် ကျော်ဖြတ်ခဲ့ပြီး အသင်းချုပ်၏ ဖွဲ့စည်းပုံပါ ရည်ရွယ်ချက်များကို လုပ်ဆောင်လျက်ရှိသလို ယနေ့ခေတ်စနစ်၏ လိုအပ်ချက်များဖြစ်သော ပဂ္ဂလိကအခန်းကဏ္ဍကို ဦးဆောင်မှုပြုနိုင်ရန်၊ နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတော်အစိုးရနှင့် ဥပဒေပြု လွှတ်တော်အဖွဲ့အစည်းများအား ပဂ္ဂလိက အခန်းကဏ္ဍ၏ ထင်မြင်ယူဆချက်များ၊ အကြံပြုချက်များ၊ အခက်အခဲများနှင့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို သုံးသပ်တင်ပြရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် စသော လုပ်ငန်းတာဝန်များကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိပါသည်။

၃။ ပဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပါမှ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဟု ခံယူထားသည့်အလျောက် ပဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပဂ္ဂလိကအခန်းကဏ္ဍအတွင်းတွင် ပြုပြင်ပြောင်းလဲတိုးတက်ရေးတို့ကို UMFCCI အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်

ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင် (Private Sector Development Framework) ကို ချမှတ်ထားပြီး ယင်းမူဘောင်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်ဒုတိယသမ္မတ–၁ ဦးဆောင်လျက် ပြည်ထောင်စုဝန်ကြီးများပါဝင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၇၉/၂၀၁၆ ဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ရာ အဆိုပါကော်မတီတွင် UMFCCI မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ ပါဝင်လျက်ရှိပါသည်။ ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်ငါးရပ်သတ်မှတ်ထားရှိပြီး ယင်းလုပ်ငန်းတာဝန်ငါးရပ်နှင့် သက်ဆိုင်သည့် လုပ်ငန်းကော်မတီငါးခုကိုလည်း ဖွဲ့စည်းတာဝန်ပေးထားပြီး ဖြစ်ပါသည်။

၄။ နိုင်ငံတော်ဒုတိယသမ္မတ–၁ ဦးဆောင်သော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏အောက်တွင် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီငါးခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ

(ခ) ငွေကြေးရရှိစေမှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ

(ဂ) ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ

(ဃ) ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ

(င) စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအားပြန်လည်ရေးဆွဲရေး လုပ်ငန်းကော်မတီ



၅။ ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်ကျယ်ပြန့်နက်နဲသော နယ်ပယ်ဖြစ်ပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အကြောင်းအရာ လိုအပ်ချက်များစွာကို ထည့်သွင်းသတ်မှတ် ဆောင်ရွက်ခြင်းမပြုဘဲ ဦးစားပေးလုပ်ငန်းတာဝန်ငါးခုအဖြစ် ရွေးချယ်သတ်မှတ်ကာ အထက်ဖော်ပြပါ လုပ်ငန်းကော်မတီငါးခုကို ဖွဲ့စည်းတာဝန်ပေးလျက် ပထမငါးနှစ်စီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ထိုသို့ရွေးချယ်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့က နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပပြုလုပ်ခဲ့သော ပဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော် ဒုတိယသမ္မတ–၁ က အဖွင့်မိန့်ခွန်း၌ ထည့်သွင်းလမ်းညွှန်မိန့်ကြားခြင်း ဖြစ်ပါသည်။

၆။ ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့် လုပ်ငန်းကော်မတီ ငါးရပ်ဖွဲ့စည်းပြီး လုပ်ငန်းဆောင်ရွက်နေသလို အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်ဒုတိယသမ္မတ–၁ နှင့် ပဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၏ တွေ့ဆုံပွဲကို ရန်ကုန်မြို့ရှိ UMFCCI အစည်းအဝေးခန်းမတွင် လစဉ်နီးပါး ပုံမှန်ကျင်းပခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်တွေ့ဆုံဆွေးနွေးခဲ့ပြီး ၂၀၁၉ ခုနှစ် သြဂုတ်လအထိ ၂၉ ကြိမ်တိုင်အောင် ပုံမှန်ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ တင်ပြအကြံပြုချက်ပေါင်း ၃၅၃ ချက်ရှိခဲ့ပြီ ဖြစ်ပါသည်။ ထိုကဲ့သို့ တွေ့ဆုံပွဲများကို UMFCCI က ကမကထပြု စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဒုတိယသမ္မတ–၁ နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ စသော အဆင့်မြင့် အရာရှိများ တက်ရောက်ကာ ပဂ္ဂလိကကဏ္ဍမှ တင်ပြသောအခက်အခဲများနှင့် အကြံပြုချက်များကို နားထောင်ဆွေးနွေးခြင်း၊ အချို့ကို အစည်းအဝေးတွင်ပင် ချက်ခြင်း ဖြေရှင်းပေးခြင်း၊ အချို့ကိုအကြောင်းပြန်ကြားစာဖြင့် ပြန်လည်ပေးပို့ဖြေရှင်းပေးခြင်း၊ အချို့ကို ကော်မတီအစည်းအဝေးတွင် ဖြစ်စေ၊ လုပ်ငန်းကော်မတီများတွင် ဖြစ်စေ ဆက်လက် ညှိနှိုင်းဆွေးနွေးပြီး ကူညီဖြေရှင်းပေးခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အချို့ကို လုံးဝပြီးပြတ်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကိစ္စအချို့မှာ အချိန်ယူ၍ ဆောင်ရွက်နေဆဲဖြစ်ပါသည်။




UMFCCI ရာပြည့်မဂ္ဂဇင်း



၇။ ထို့အပြင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Ease of Doing Business Ranking Report တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ရန် လွယ်ကူမှုရမှတ်များ၊ အညွှန်းကိန်းများ တိုးတက်ရရှိစေရန်နှင့် အဆင့်တက်လာစေရန် ကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်လျက် Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ယင်းအဖွဲ့တွင်လည်း UMFCCI အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

၈။ နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေမှုကြောင့် အသေးစားနှင့် အလတ်စား ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် ရပ်တည်ရန် ခက်ခဲလာသောအခြေအနေကို UMFCCI အနေဖြင့် လေ့လာတွေ့ရှိရသောကြောင့် နိုင်ငံတော်အစိုးရအား ပုဂ္ဂလိကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှတစ်ဆင့် အသေးစိတ် တင်ပြအကြံပြုခဲ့ပါသည်။ ပုဂ္ဂလိကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် အထူးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးမှုများနှင့် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်ခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လအထိ ဖမ်းဆီးမှုပေါင်း ၇၆၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို နိုင်ငံတော် ဒုတိယသမ္မတ–၁ ဦးဆောင်ပြီး တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တိုက်ဖျက်နိုင်ရန် လုပ်ငန်းတာဝန် ၁၃ ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိရာ UMFCCI အနေဖြင့် ပုဂ္ဂလိကဏ္ဍကိုကိုယ်စားပြုလျက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

၉။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပုဂ္ဂလိကလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် များစွာမူတည်နေသဖြင့် ပုဂ္ဂလိကလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဖြေလျှော့ပေးသင့်သည်များကို ဖြေလျှော့ပေးရေး၊ အစိုးရ–ပုဂ္ဂလိကပုံမှန်ထိတွေ့ဆွေးနွေးပြီး အပြန်အလှန် တာဝန်ယူမှု၊ တာဝန်သိမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် UMFCCI အနေဖြင့် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။



# Organization Behavior and Culture

ဥာဏ်ဝင်း

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး လူမှုရေးနဲ့ နိုင်ငံရေးကိစ္စများ ဆောင်ရွက်ရာမှာ အဖွဲ့အစည်းအသင်းအဖွဲ့များနဲ့ လုပ်ဆောင်နိုင်မှ တိုးတက်မှု ရှိလာနိုင်မှာဖြစ်တဲ့အတွက် ၁၉ ရာစုနှောင်းပိုင်းမှာ အသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားလာကြပါတယ်။ ၎င်းတို့ရဲ့ လုပ်ဆောင်ချက်များ ပေါ်လွင်စေရန် ရည်ရွယ်ချက်၊ ရည်မှန်းချက်နဲ့ ဦးစားပေးကဏ္ဍများကို ရေရှည်လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်လာခြင်းဖြစ်ပါတယ်။ ပြည်တွင်းမှာသာမက နိုင်ငံတကာသို့ ချိတ်ဆက်ဆောင်ရွက်လာတာနဲ့အမျှ အဖွဲ့အစည်းအတွင်း လုပ်ငန်းဆောင်တာများ ပိုမိုကျယ်ပြန့်လာကြပါတယ်။ အဲဒီအတွက်လည်း အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လေ့ရှိတဲ့ ပြဿနာများနဲ့ အနာဂတ်အတွက် ကြိုတင်ပြင်ဆင်စဉ်းစားသင့်တဲ့ အချက်အချို့ကို လေ့လာနိုင်ပါတယ်။

## Organization Development Process

### 1. Administration and Management Difference

သူတို့နှစ်ခုက တူတယ်လို့ ထင်ရပေမယ့် လုပ်ဆောင်ချက်ခြင်းတော့ ကွာခြားပါတယ်။ Administration က အုပ်ချုပ်မှုအပိုင်းကို ဦးစားပေးတာဖြစ်ပြီး Management အပိုင်းကတော့ Micro View အထိကြည့်ပြီး ချမှတ်ထားတဲ့ ပေါ်လစီနဲ့ လိုက်လျောညီထွေမှုရှိတဲ့ အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ရတာဖြစ်တယ်။ ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် Management ကိစ္စကိုပဲ အလေးထားပြီး ကွာခြားတာကတော့–

- စီမံခန့်ခွဲမှုများသည် သမားရိုးကျပြီး သာမန်ကျွမ်းကျင်မှုဖြစ်တဲ့ (Planning၊ Budgeting ၊ Controlling) တွေနဲ့ ပိုပြီးဆက်စပ်တယ်။
- ခေါင်းဆောင်မှုက အဖွဲ့အစည်းအတွင်းဖြစ်လာမယ့် အနာဂတ်အမြင်နဲ့ဆိုင်တယ်။
- အများနဲ့ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကကျသူတွေကို အဖွဲ့အစည်းအတွင်း တက်ကြွစေရန် စည်းရုံးနိုင်မှု
- အပြောင်းအလဲကိုလိုလားတယ်၊ အပြောင်းအလဲစိန်ခေါ်မှုကိုလည်း ဖြေရှင်းနိုင်တယ်။
- အဖွဲ့အစည်းတစ်ခုလုံးကို အသွင်ပြောင်းလဲနိုင်စွမ်းရှိတယ်။
- အနာဂတ်နဲ့ ပကတိအမြင်တွေကို ဖော်ဆောင်နိုင်တယ်။

အထူးဝိသေသကတော့ Leadership

မှာ Vision ၊ Change and Transformation and Inspirationတွေက အဓိကအင်အားတွေဖြစ်တယ်။

## 2. Leading and Leader

အဖွဲ့အစည်းများရဲ့ ရည်မှန်းချက်ပန်းတိုင်ကို အချိန်အတိုအတွင်း ရောက်ရှိစေဖို့ တာဝန်ယူရသူက ရှေ့တန်းဦးဆောင်သူပါ။ ယခုခေတ်မှာ Arrow Design ကို နမူနာထားပြီး Player များ နေရာရွေးတတ်ဖို့ပဲဖြစ်တယ်။ Management Level မှာ ပါဝင်နေသူတွေကို မြားရဲ့ ပဲ့ပိုင်းမှာထားခြင်းဖြင့် သူတို့က တိကျသေချာမယ့် ပစ်မှတ်ဆီကို ထိန်းကျောင်းပေးပြီး Leader ကိုတော့ မြားဦးပိုင်းမှာထားတယ်။ ဦးဆောင်သူတွေရှေ့မှာ ဆောင်ရွက်သမျှကို Management Level က မဟာဗျူဟာကျကျ လမ်းကြောင်း ရွေးထားပေးထားလို့ ပစ်မှတ်ကို ထိရောက်နိုင်မှာဖြစ်ပါတယ်။

## 3. Relationship

မိတ်ဖက်အဖွဲ့အစည်း ကုမ္ပဏီတွေဆီက အတွေ့အကြုံရနိုင်သလို မိမိတို့နဲ့တိုက်ရိုက်သက်ဆိုင်မှုရှိတဲ့ အလားတူ အဖွဲ့အစည်း၊ ကုမ္ပဏီတွေကို ဦးဆောင်နိုင်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်း အချင်းချင်း ပူးပေါင်းမိတ်ဖွဲ့ဆောင်ရွက်ဖို့လိုတယ်။ Organization Network Efficiency ဖြစ်နိုင်ရေးအတွက် ကဏ္ဍမတူမိတ်ဖက်တွေဆီ အကူအညီပေးခြင်း၊ အသိပညာမျှဝေခြင်းဟာ အဖွဲ့အစည်းရဲ့ပုံရိပ်ကို ထင်ရှားပေါ်လွင်စေပါတယ်။

## 4. Structure

အဖွဲ့အစည်းကုမ္ပဏီအုပ်စုတွေမှာ ရည်ရွယ်ချက်တွေကွဲပြားခြင်းဟာ ၎င်းတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေခံနဲ့ သက်ဆိုင်ကြပါတယ်။

a. Functional

b. Product

c. Customer

d. Geographic

e. Divisional Structure တို့အပေါ် မူတည်ပြီး လုပ်ကိုင်ကြပါတယ်။

ထိုထဲမှ Geographic နဲ့ Divisional Structure တို့ဟာ အဖွဲ့အစည်းကြီးမားကြောင်း သိရှိနိုင်တဲ့ပုံစံမျိုး ဖြစ်တယ်။ မိမိရဲ့အဖွဲ့အစည်းဟာ ဘယ်အပိုင်းနဲ့ ရပ်တည်နေလဲဆိုတာ သိနိုင်လေ ၎င်းကို အထောက်အပံ့တွန်းအားဖြစ်စေမယ့် Goal and Mission တွေကလည်း မဟာဗျူဟာချမှတ်မှုမှာ အလွန်အရေးပါလေဖြစ်ပါတယ်။

## 5. Purpose

အဖွဲ့အစည်းတွေရဲ့လုပ်ငန်းတွေ ဆောင်ရွက်ချက်တွေ လုပ်ဆောင်မှုတွေ ပိုမိုထိရောက်ဖို့ ရေရှည်စီမံကိန်း လုပ်ငန်းစဉ်သတ်မှတ်ရာမှာ အဖွဲ့အစည်းအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေနိုင်တဲ့ ရည်ရွယ်ချက်များဖြစ်စေဖို့ လိုအပ်ပါတယ်။ အဲဒီရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်မှုအပိုင်းမှာ အတားအဆီးများဟာ အဖွဲ့အစည်းရဲ့ အားနည်းချက်မဖြစ်စေဖို့ လိုအပ်ပါတယ်။

## 6. Mechanisms

အဖွဲ့အစည်းများအနေဖြင့် နည်းပညာအကူအညီ၊ စက်ပစ္စည်းကိရိယာ အသုံးပြုနိုင်မှုနဲ့ ကျွမ်းကျင်စွာသုံးတတ်နိုင်မှုတွေကလည်း စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များမှာ ပိုပြီးအကျိုးရှိလာစေနိုင်ပါတယ်။ ဒါကြောင့်လည်း အဖွဲ့အစည်းများဟာ ခေတ်ကာလအရ နည်းပညာအသုံးပြုမှု၊ ကျွမ်းကျင်မှု၊ အသုံးချတတ်မှုများကို စဉ်ဆက်မပြတ် အကျွမ်းဝင်တွင်ကျယ်စွာသုံးစွဲသင့်ပါတယ်။

## 7. Rewards

လုပ်ငန်းတစ်ခု ဒါမှမဟုတ် ရည်ရွယ်ချက်တစ်ခု အောင်မြင်မှုရရှိတဲ့အခါ တစ်ဦးတစ်ယောက်ချင်းစီထက် အဖွဲ့အစည်းတစ်ခုလုံးရဲ့ အောင်မြင်မှုအဖြစ် ခံယူတတ်စေဖို့ လိုအပ်ပါတယ်။ အောင်မြင်မှုရလဒ်အတွက် အသိအမှတ်ပြုတဲ့အခါမှာလည်း ကြိုးစားတဲ့လူကိုကြိုးစားတဲ့

အလျောက်အသိအမှတ်ပြုနိုင်ပါက အောင်မြင်မှုကို ဆာလောင်နေတဲ့သူတွေအတွက် အမြဲလမ်းပွင့်နေမှာပဲဖြစ်တယ်။

## Conflict (ပဋိပက္ခ)

လုပ်ငန်းအဖွဲ့အစည်းတွင်းဖြစ်လေ့ရှိတဲ့ ပဋိပက္ခဖြစ်စေတာက (၁) အလုပ် (၂) ပတ်သက်ဆက်နွယ်မှု (၃) အလုပ်လုပ်နည်းတို့ကြောင့်ဖြစ်တယ်လို့ ယေဘုယျသတ်မှတ်ထားကြတယ်။ အလုပ်ရဲ့ရည်မှန်းချက်၊ သတ်မှတ်လုပ်ငန်းစဉ်တွေများပြားခြင်းတို့ကအလုပ်ကြောင့်ဖြစ်ပြီး၊ ပတ်သက်ဆက်နွယ်မှုကတော့ ပုဂ္ဂိုလ်ရေးအရ ခံစားချက်တွေနဲ့ ဆက်ဆံနေကြလို့ဖြစ်တယ်။ နောက်ပြီး မတူညီတဲ့ဌာနတွင်း လုပ်ငန်းစဉ်တွေကြောင့် အလုပ်လုပ်ပုံလုပ်နည်း မှားယွင်းတာတွေကြောင့် ဖြစ်တတ်ကြပြီး အဲဒီအခြေအနေမျိုးကို အောက်ခြေဝန်ထမ်းအများစု ဖြစ်လေ့ရှိကြတယ်။

အဖွဲ့အစည်းတွေမှာ Conflict ဖြစ်ခြင်းဟာသဘာဝအရဖြစ်ပြီး ကိုင်တွယ်ဖြေရှင်းတတ်ပါက တိုးတက်မှုလမ်းစရှာတွေ့သွားတာမျိုးလည်း ဖြစ်စေတတ်ပါတယ်။ Conflict ကြောင့် ဌာနအတွင်း အရည်အသွေးတိုးတက်မှုက Conflict မဖြစ်တဲ့ လုပ်ငန်းစဉ်ထက် ၇၀ ရာခိုင်နှုန်းကျော် ဖြေရှင်းတတ်လာကြတယ်။ ဒါကြောင့် အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုကို ဌာနတွင်း၊ အုပ်စုအတွင်း၊ အဖွဲ့အစည်းအတွင်းမှာ ပြောဆိုခွင့်ရှိတဲ့အလေ့အထပြုလုပ်သင့်ပါတယ်။ ဒါမှလည်း အပြုသဘောလား၊ အပျက်သဘောလားကွဲပြားသိရင် Conflict ကို စီမံခန့်ခွဲတတ်သွားပါပြီ။ Conflict တွေဟာ အထက်အောက် ပြောဆိုဆက်ဆံမှုနဲ့ အမြင်ကွဲလွဲတာ၊ နားလည်မှုမရှိတာက ပုဂ္ဂိုလ်ရေးအရဖြစ်တယ်။ ကျွမ်းကျင်မှုမတူတဲ့သူတွေကို သူတို့နဲ့မသက်ဆိုင်တဲ့ကိစ္စတွေမှာ ပါဝင်လုပ်ကိုင်လာကြတော့ Conflict စဖြစ်လာခြင်းပဲဖြစ်တယ်။ လုပ်ငန်းသဘာဝအရ အလုပ်ပြီးဖို့စီမံနေရတာဖြစ်လို့ ပုဂ္ဂိုလ်ရေးခံစားချက်တွေကို ဖယ်ရှားဆောင်ရွက်တတ်စေဖို့ လိုအပ်ပါတယ်။

## Organization Behavior

အဖွဲ့အစည်းတွေနဲ့ ကုမ္ပဏီကြားမှာ လုပ်ငန်းဆောင်ရွက်ပုံခြင်းတူညီကြတာရှိပေမယ့် လုပ်ငန်းရည်ရွယ်ချက်ခြင်း၊ ထိရောက်စေခြင်းနဲ့အကျိုးရှိစေခြင်းမှာ သိသာစွာ ကွဲပြား ခြားနားသွားကြပါတယ်။ ကုမ္ပဏီအများစုဟာ လုပ်ပိုင်ခွင့်အာဏာပေါ် တစ်ဦးတည်းတစ်ယောက်တည်း ဆုံးဖြတ်ချက်တွေကြောင့် ကံကောင်းရင် မှန်သွားပေမယ့် အများအားဖြင့် တိုးတက်မှုနှေးကွေးလျက်ရှိတယ်။ အဖွဲ့အစည်းတွေအနေနဲ့ကတစ်ဦးချင်းထက် အများရဲ့အမြင်၊ ဆွေးနွေးချက်၊ သုံးသပ်ချက်အပေါ်မှာ အားလုံးသဘောတူညီတဲ့ဆုံးဖြတ်ချက်ရဖို့ လေးလံကြန့်ကြာတတ်ကြတယ်။ ဒါ့အပြင် အသိဉာဏ်ပညာကွာဟမှု (Knowledge Gap) ရှိနေရင်လည်း အခြားသောသူတွေရဲ့ အမြင်နဲ့ ဆန့်ကျင်ဘက်ဖြစ်နေတတ်ကြတယ်။ ဒါကြောင့်လည်း အဖွဲ့အစည်းတွေမှာ တစ်ဦးချင်းစီရဲ့ အသိပညာ၊ အတတ်ပညာနဲ့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့် လုပ်ကိုင်နိုင်ခွင့် ကျယ်ပြန့်မှသာလျှင် လုပ်ငန်းအပေါ် များစွာအကျိုးထိရောက်မှာ ဖြစ်ပါတယ်။ အဖွဲ့အစည်းတွေအနေနဲ့ ဖြစ်ပေါ်လာနိုင်ခြေရှိတဲ့အခက်အခဲတွေကို ဆွေးနွေးတိုင်ပင်တဲ့အခါမှာ ကြိုတင်လေ့လာနိုင်တဲ့ အခြေအနေမျိုးတွေ ရှိသင့်တယ်။ အဲဒီအတွက်လည်း နည်းလမ်းသုံးခုနဲ့ ချဉ်းကပ်လေ့လာနိုင်တယ်။

## Problem Definition

ပြဿနာအခက်အခဲတွေရဲ့ အဆင့်တွေကို အရင်သိထားပြီး အများစု၊ အနည်းစုမှာဖြစ်တာလား၊ ဌာနအုပ်စုတွေအတွင်းမှာဖြစ်တာလား၊ အဖွဲ့အစည်းတစ်ခုလုံးမှာဖြစ်တာလား စတဲ့အရင်းအမြစ်တွေ သိထားဖို့ ကြိုတင်စီစဉ်လာကြပါတယ်။ အဲဒီအရင်းအမြစ်ကလည်း လူ၊ စနစ်၊ ဦးဆောင်သူ၊ ဘဏ္ဍာရေး၊ နိုင်ငံရေး၊ နည်းပညာ စတဲ့ အချက်တွေကြောင့်လား၊ ဦးဆောင်သူနဲ့ နောက်လိုက်တွေအကြား အသိဉာဏ်ပညာကြီးမားစွာကွာဟနေရင်လည်း လိုရာပန်းတိုင်မရောက်ခင် ပြဿနာတွေနဲ့ လွန်

ဆွဲနေမှာ အမှန်ပါ။ ဦးဆောင်သူကိုယ်တိုင်က တကယ်တော်ပြီးတတ်နေမှသာ ကိုယ့်ရဲ့နောက်လိုက်တွေကို ထိထိရောက်ရောက် လမ်းညွှန်ပေးနိုင်မှာဖြစ်တယ်။

## Problem Analysis

အဖွဲ့အစည်းအုပ်စုတွေမှာ ပြဿနာအရင်းခံသိမြင်လာရင် အဲဒီပြဿနာအပေါ် အစားထိုးကုစားနိုင်မယ့် နည်းလမ်းတွေ ရှာဖွေကြရပြန်တယ်။ Analysis ပြုလုပ်ကြတဲ့အခါ အုပ်စုတွင်း၊ စီမံခန့်ခွဲနေသူ အချင်းချင်းအကြား Diagnose လုပ်ကြရမှာဖြစ်ပါတယ်။ ပြင်ပနဲ့ဆက်ဆံရေး၊ အဖွဲ့အစည်းအတွင်း ဆက်ဆံရေးကအစ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းဖို့က အထက်ကစီမံခန့်ခွဲနေတဲ့အုပ်စုကပဲ တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းလေ့ရှိကြတယ်။ အောက်ခြေမှာ သူ့လူကိုယ့်ဘက်သားတွေများလာရင် Analysis မှာ ရှုပ်ထွေးမှုတွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။

## Solution ot the Action Planing

အထက်ဖြစ်စဉ်ကနေ အရေးယူဆောင်ရွက်မှုအပိုင်းမှာ

(1) Specific Goals

(2) Responsibilities

(3) Timetable for Action

(4) Forecast outcome

(5) Plan of Action in time sequence

Implementation တို့ကို အခြေခံပြီး ဆုံးဖြတ်မှသာ ထိရောက်တဲ့ အဖြေတစ်ခုကို ရရှိမှာဖြစ်ပါတယ်။

## Management by Object (MOB)
## ရည်မှန်းချက်တွေ ချမှတ်စီမံခန့်ခွဲခြင်း

Peter Drucker ကတော့ ၁၉၅၀ ပြည့်နှစ်က တည်းက လုပ်ငန်းအဖွဲ့အစည်းတွေမှာ သုံးဖို့ပြောခဲ့ပေမယ့် မြန်မာနိုင်ငံက အဖွဲ့အစည်းကုမ္ပဏီအုပ်စုတွေရဲ့ အစဉ်အလာအရ အသုံးပြုခဲ့မှုနည်းပါးခဲ့တယ်။ သို့သော်လည်း ကိုယ့်ရဲ့အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုကြီးမားလာတာနဲ့အမျှ သုံးကိုသုံးရမယ့် နည်းလမ်းတစ်ခုဖြစ်လာတယ်။ ရည်မှန်းချက်အလိုက် အကောင်ထည်ဖော်ရမယ့် အပိုင်းတွေမှာ အုပ်ချုပ်မှုအပိုင်းက ကာလတို၊ ကာလရှည်ချမှတ်ဖို့ သက်ဆိုင်တဲ့ဌာန၊ ရာထူးအလိုက်မှာရှိတဲ့ အလယ်အလတ်အုပ်ချုပ်သူတွေနဲ့ တကယ်လက်တွေ့ကျကျ ညှိနှိုင်းချမှတ်ကြတာဖြစ်တယ်။ တစ်ဦးချင်းစီရဲ့ အရည်အချင်း၊ ကျွမ်းကျင်မှုမတူညီတာတွေ၊ အမြင်နဲ့ခံယူချက်တွေ ကွဲပြားချက်တွေ စုစည်းညှိနှိုင်းပြီး ဘုံသဘောတူညီမှုတစ်ရပ်ကို စုပေါင်းအကောင်အထည်ဖော်ကြတာဖြစ်တယ်။ အထက်အောက်အပြန်အလှန်အကြိမ်ကြိမ်ညှိကြပြီး အစီအစဉ်အတိုင်း၊ သဘောတူညီချက်အတိုင်း သတ်မှတ်ပြီး ပြန်လည်ပြင်ဆင်ခြင်းမပြုဘဲ စီမံခန့်ခွဲတာမျိုးဖြစ်တယ်။ MOB Manager များက လုပ်ဆောင်ချက်တွေထက် ရလဒ်ကိုပဲ ဦးစားပေးတဲ့သဘောရှိလို့ ဝန်ထမ်းအနေနဲ့ သက်ဆိုင်ရာ အလွှာအလိုက် အရည်အချင်းပြည့်ဝနေမှ ပိုပြီးသင့်တော်တယ်။ ကိုယ့်ရဲ့အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေက Multinational Corporation (MNC) Level ကို သွားမယ်ဆိုရင် ဒီစနစ်က သင့်တော်လှပါတယ်။

အားနည်းချက်ရှိတာက ဌာနအုပ်စုတွင်း အုပ်ချုပ်သူက MOB အကြောင်းနားမလည်ရင် အချိန်ကုန်ပါတယ်။ အဖွဲ့အစည်းအုပ်ချုပ်သူတွေ့ရဲ့ မပြတ်မသား ညှိနှိုင်းချက်လမ်းစဉ်တွေကြောင့် ညှိနှိုင်းရခက်ခဲစေပါတယ်။ ကာလတို ကာလရှည် ရည်မှန်းချက်တွေ



မှာ ကာလတိုပြေလည်စေဖို့ အာရုံစိုက်လုပ်ဆောင်ခြင်းကြောင့် ရေရှည်လုပ်ငန်းစဉ်ထိခိုက်စေနိုင်တယ်။ ပတ်ဝန်းကျင်ပြောင်းလဲမှုကလုပ်ငန်းတွင်းလုပ်ကိုင်မှုနဲ့ လိုက်လျောညီထွေမဖြစ်ပြန်ရင်လည်း ရည်မှန်းချက်ကို ပြုပြင်ဖို့ အချိန်ယူရပြန်တယ်။

အားသာချက်ကတော့ အလယ်အလတ် အုပ်ချုပ်သူတွေက သာမန်အစီအစဉ်ချသတ်မှတ်ခြင်းထက် Result Oriented Planing များ ပိုမိုထိရောက်စေနိုင်ပါတယ်။ ဌာနလိုအပ်ချက်၊ အုပ်စုအတွင်းလိုအပ်ချက်တွေကို သိမြင်တဲ့အတိုင်း ပြောဆိုခွင့် လုပ်ပိုင်ခွင့်ရရှိပြီး ပါဝင်ပတ်သက်တာကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေပါတယ်။ လုပ်ငန်းဖွဲ့စည်းပုံနဲ့တာဝန်ယူဆောင်ရွက်မှုကဏ္ဍတွေ ခွဲခြားသတ်မှတ်လုပ်ကိုင်နိုင်တယ်။ လုပ်ငန်းစဉ်တစ်ခုရဲ့လိုအပ်ချက် ပြည့်မီခြင်းရှိမရှိ အနီးကပ်ကြီးကြပ်နိုင်တာကြောင့် ပြင်ဆင်မှုလွယ်ကူစေတယ်။

## Motivation (လှုံ့ဆော်မှု)

တစ်ဦးတစ်ယောက်ချင်းစီရဲ့ လိုအပ်ချက်တွေဟာ အဖွဲ့အစည်းအပေါ် မှီခိုပြီး မျှော်လင့်နေတတ်ကြတယ်။ အဲဒီလိုအခြေအနေမျိုးမှာ လုပ်ငန်းလုပ်ဆောင်ရန် မိမိကိုယ်ကိုမိမိ လှုံ့ဆော်နိုင်ဖို့ထက် အဖွဲ့အစည်းတွေရဲ့ လှုံ့ဆော်ပေးနိုင်မှုကလည်း အဓိကကျပါတယ်။ လှုံ့ဆော်မှုအပိုင်းမှာ (လုပ်ရပ် x ဂုဏ်ပြုချီးမြှောက်ခြင်း x အလေးနက်တန်ဖိုးထား = လှုံ့ဆော်မှု) သီအိုရီအရတွေ့ရပေမယ့် တကယ့်အစစ်အမှန်မဆိုနိုင်သေးပါ။ အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေမှာ ပါဝင်နေသူတွေကိုယ်တိုင်က ငွေကြေး၊ ဂုဏ်တွေအပေါ်အခြေမခံတဲ့ ရေရှည်မျှော်မှန်းချက်၊ အောင်မြင်မှုတွေကို ရှေးရှုနိုင်မှသာ လျှင် ကိုယ့်ကိုယ်ကိုယ် အားပေးလှုံ့ဆော်နိုင်လာမှာဖြစ်တယ်။ ဒီနေရာမှာလည်း Maslow's Theory အရ မိမိတို့အုပ်စုအတွင်း သက်ဆိုင်တဲ့နေရာ၊ ရာထူးအလိုက် လိုအပ်တာတွေကို သိနိုင်မှ အလွှာစုံဝန်ထမ်းတွေအတွက် မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေ ဖန်တီးပေးနိုင်မှာဖြစ်တယ်။ အဲဒီလိုဖြစ်လာဖို့က အားလုံးအတူတကွ ပါဝင်နိုင်ဖို့ ဆောက်ရွက်ကြတာ၊ အဖွဲ့အစည်းရဲ့ ဘုံရည်မှန်းချက်စံနှုန်းကို သိရှိဆောင်ရွက်ကြတာ၊ အဖွဲ့အစည်းရဲ့ ရည်မှန်းချက်ကိုထင်ဟပ်စေဖို့ ချိတ်ဆက်ဆောင်ရွက်ကြတာနဲ့ အောင်မြင်စေနိုင်တဲ့အခြေအနေတွေကို ကိုယ်တိုင်စီမံဖန်တီးနိုင်စေဖို့ လမ်းဖွင့်ပေးတာတွေက ပိုမိုထိရောက်စေနိုင်ပါတယ်။

I will pay more for the ability to deal with people than any other ability under the sun.

## Capacity Building (အဖွဲ့အစည်းတွေမှာ လူတွေရဲ့ စွမ်းဆောင်နိုင်အား တည်ဆောက်ခြင်း)

Capacity Building ဖြစ်ပေါ်လာစေဖို့ သင်တန်းပေးလေ့ကျင့်တာ၊ အသိပညာပေးလုပ်ငန်းစဉ်တွေ လုပ်တာတစ်ခုတည်းမဟုတ်ဘဲ အပိုင်းသုံးပိုင်းပါဝင်ပါတယ်။

### (၁) လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ခြင်း

အဖွဲ့အစည်းတွေက ဝန်ထမ်းတွေရဲ့ လုပ်ရည်ကိုင်ရည်တိုးတက်ဖို့ နည်းပညာ၊ သတင်းအချက်အလက်များ လက်လှမ်းမီနိုင်ဖို့၊ နားလည်သဘောပေါက်လွယ်စေဖို့ သင်တန်းနဲ့ အစီအစဉ်တွေပြုလုပ်ပေးဖို့ လိုပါတယ်။ တစ်ဦးချင်းစီရဲ့ ရည်မှန်းချက်တွေထက် ဘာအတွက် စီစဉ်လုပ်ဆောင်ရတယ်ဆိုတာ သိနိုင်လေ ပိုပြီးထိရောက်လေပါပဲ။ ဒါ့အပြင် အဖွဲ့အစည်းရဲ့ အောင်မြင်ခြင်းက တစ်ဦးတစ်ယောက်ချင်းကြောင့်မဟုတ်ဘဲ အဖွဲ့အလိုက်လုပ်ဆောင်ခြင်းဖြစ်ကြောင်း များများသိပါက စုစည်းပြီး လုပ်တတ်တဲ့ အလေ့အကျင့်ကို မွေးမြူပေးသင့်ပါတယ်။ ဒါကြောင့်လည်း ဝန်ထမ်းများအနေနဲ့ရော အဖွဲ့အစည်းအနေနဲ့ပါ အပြန်အလှန်အကျိုးပြုဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းများကလည်း

- Personality (ကိုယ်ရည်ကိုယ်သွေး)
- Knowledge (ပညာဗဟုသုတ)

- Skills and Abilities
  (ကျွမ်းကျင်မှု/ စွမ်းဆောင်ရည်)
- Experiences (အတွေ့အကြုံ)
- Learning (လေ့လာသင်ယူမှု)
- Prejudice and Bias
  (ထင်မြင်မှု/ ဘက်လိုက်မှု)

တို့ ကိုယ်တိုင်စွမ်းဆောင်ရည်မြှင့်တင်နိုင်ဖို့ ကြိုးစားသင့်ပါတယ်။

### (၂) အဖွဲ့အစည်းတည်ဆောက်ခြင်း

အဖွဲ့အစည်းတွေရဲ့ ဖွဲ့စည်းပုံ၊ စီမံအုပ်ချုပ်မှု၊ တာဝန်ယူ ဆောင်ရွက်မှုအပိုင်းနဲ့ လုပ်ငန်းစဉ်တွေကိုသတ်မှတ်ပြီး ဌာနအတွင်းအပြင် အခြားသော အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်တတ်စေဖို့ လိုပါတယ်။ မိမိ အဖွဲ့အစည်းရဲ့ သြဇာလွှမ်းမိုးနိုင်မှုနဲ့ ပုံရိပ်ကိုနောက်လိုက်ဝန်ထမ်းတွေကပဲ အနီးစပ်ဆုံးဖော်ဆောင်ပေးကြတာဖြစ်လို့ပါ။ လုပ်ငန်းအတွေ့အကြုံရှိသူတွေအပြင် ခေတ်ပညာတတ်လူငယ်များပါဝင်ဖွဲ့စည်းခြင်းဖြင့် အပြန်အလှန်ထိန်းညှိဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### (၃) ဥပဒေ နည်းဥပဒေ မူဘောင်များ တည်ဆောက်ခြင်း (ပေါ်လစီ မူဝါဒများ သတ်မှတ်ပေးခြင်း)

အဖွဲ့အစည်းတွေဟာ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်စေနိုင်တဲ့ အကူအညီအထောက်အပံ့ဖြစ်စေနိုင်တဲ့၊ ဥပမာ – မူဘောင်တွေကို ဖွဲ့စည်းသတ်မှတ်ဖွဲ့စည်းတာ၊ ပြင်ဆင်တာတို့ကို ရေရှည်လုပ်ငန်းစဉ်အဖြစ် ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အဆိုပါဥပဒေမူဘောင်များကိုလည်း ပေါ်လစီတစ်ရပ်အဖြစ် တည်ဆောက်ခြင်းထက် ထိုသို့ချမှတ်ထားခြင်းဖြင့် ဖြစ်ပေါ်စေလာနိုင်တဲ့ အကျိုးဆက်ကို သိရှိနိုင်မှသာလျှင် လိုက်နာစေမှာဖြစ်တယ်။

Long range planning does not deal with future decisions, but with the future of present decisions.

(Peter Drucker)

### Strategic Goals

အားသာချက်တွေကို စုစည်းထားပြီး အားနည်းချက်နည်းနည်းနဲ့ အလုပ်ကိစ္စပြီးမြောက်စေတဲ့ မဟာဗျူဟာကို ရေရှည်စီမံကိန်းတစ်ရပ်အဖြစ် အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေကရေးဆွဲချမှတ်လာကြပါတယ်။ အဖွဲ့အစည်းကုမ္ပဏီအုပ်စုကြီးမားတာနဲ့အမျှ ကိုယ်ပိုင်မဟာဗျူဟာရှိရမှာဖြစ်သလို အသေးအဖွဲလေးတွေကအစရှိကိုရှိသင့်တဲ့လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်။ အဖွဲ့အစည်းကုမ္ပဏီ အုပ်စုတွေရဲ့ အဓိကလုပ်ငန်း၊ အလေ့အထ၊ အမူအကျင့်တို့နဲ့ လမ်းမလွဲဘဲ ကိုက်ညီနေဖို့ လိုပါသေးတယ်။ မဟာဗျူဟာက ကိုယ့်လိုအခြေအနေမျိုး အခြားသူတစ်ဦးတစ်ယောက်က ချက်ချင်းလက်ငင်း အကောင်အထည် မဖော်နိုင်တဲ့ကိစ္စရပ်တွေကို ဆိုလိုတာဖြစ်ပြီး အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေကတော့ (7S-Model) ကိုအခြေခံထားရေးဆွဲကြပါတယ်။ Structure ၊ System ၊ Skills ၊ Style ၊ Staff ၊ Superordinate Goals၊ Strategy တို့နဲ့ ချိတ်ဆက်ပြီး သုံးနေကြပါတယ်။ အဲဒီအချက်ခုနစ်ချက်ထဲမှ Superordinate Goals ဟာ အဖွဲ့အစည်း ကုမ္ပဏီအုပ်စုတို့ရဲ့ အယူအဆ၊ အမြင်နဲ့အမြော်အမြင်ရှိမှုတို့အတွက် အရေးကြီးအခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါတယ်။

### Levels of Strategy 3 States

(1) Funcitonal Strategy

(2) Business Strategy

(3) Corporate Strategy တို့ဖြစ်တယ်။

အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေအနေနဲ့က Corporate Strategy ပုံစံနဲ့ ရေးဆွဲဖို့လိုပြီး၊ အကျိုးအမြတ်တစ်ခုတည်းမဟုတ်ဘဲ Network နယ်ပယ် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်ဖို့ ချဲ့ထွင်တဲ့မဟာဗျူဟာမျိုးကို ရေးဆွဲကြတယ်။ သူ့ရဲ့ရည်ရွယ်ချက်က Globalization Model ကို ဦးတည်နေတော့ သက်ဆိုင်ရာနယ်မြေဒေသအလိုက် လွှမ်းခြုံနိုင်မယ့် ဗျူဟာမျိုးဖြစ်ပါတယ်။ ထပ်ပြီးခွဲခြမ်းစိတ်ဖြာကြည့်ပါက

1. Growth Strategies

2. Stability Strategies
3. Retrenchment Strategies
4. Combination Strategies

တို့ဖြစ်ပြီး တစ်ဆင့်ချင်းစီအလိုက် မဟာဗျူဟာ ပုံစံတွေနဲ့ ပြောင်းလဲပြင်ဆင်လာကြပါတယ်။

ဒီနေရာမှာ ကိုယ်ပိုင်မဟာဗျူဟာကို ကာလတို၊ ကာလရှည်ရေးဆွဲဖို့ဖြစ်ပြီး အဲဒီအတွက်လည်း အကြံပေးပုဂ္ဂိုလ်/အတိုင်ပင်ခံသီးသန့်ထားရှိပြီး ကာလအပိုင်းအခြားအလိုက် တိုင်းတာပြောင်းလဲဖို့လိုပါတယ်။ ဥရောပနိုင်ငံတွေမှာ အကြံပေးအဖွဲ့သီးသန့်ထားရှိပြီး အဖွဲ့အစည်းကုမ္ပဏီအုပ်စုတွင်းရှိ ဌာနတွေ၊ ကဏ္ဍအလိုက် အနီးကပ်ကြီးကြပ်ထိန်းကျောင်းစေတယ်။ မြန်မာနိုင်ငံအနေနဲ့ ဌာနအတွင်းအလိုက် မဟုတ်သည့်တိုင် ဆွေးနွေးတိုင်ပင်အကြံပြုနိုင်တဲ့အဖွဲ့ သီးသန့် ဖွဲ့စည်းကြီးကြပ်စေနိုင်ပါတယ်။ ဥပမာအနေနဲ့ အမေရိကန်သမ္မတထရန့် အစိုးရတက်လာတဲ့အခါ ၎င်းရဲ့စီးပွားရေးပေါ်လစီမူဝါဒများကို အကြံပေးများနဲ့ဆွေးနွေးတိုင်ပင်ပြီး အကောင်အထည်ဖော်နိုင်ဖို့ အမေရိကန်အစိုးရဝန်ကြီးဌာနအလိုက် အကြံပေးများခန့်အပ်ဆောင်ရွက်စေခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ သက်ဆိုင်ရာကဏ္ဍများအလိုက် ကျွမ်းကျင်သူတွေကို ယခုခေတ်နောက်ပိုင်းခန့်အပ်ပြီး များသောအားဖြင့် ၎င်းတို့ဟာ စီးပွားရေးနဲ့ ဥပဒေအကြံပေးများ ဖြစ်ကြသည်။

## Strategy Evaluation

မြန်မာနိုင်ငံရဲ့ စီးပွားရေးအုပ်စုလုပ်ငန်းတွေနဲ့ နိုင်ငံတကာမှာ ချိတ်ဆက်ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေမှာ နောက်ပိုင်းလုပ်ဆောင်လာကြပါတယ်။ အဲဒီလိုလုပ်ဖို့အတွက် Formulation အပိုင်းမှာ အဖွဲ့အစည်းရဲ့ အမြင်နဲ့ လုပ်ငန်းတာဝန်များ၊ ဖြစ်ပေါ်လာနိုင်ခြေရှိတဲ့ အခွင့်အရေးနဲ့ ခြိမ်းခြောက်မှုများ၊ အဲဒီအဖွဲ့အစည်းရဲ့ အားသာချက်၊ အားနည်းချက်များ၊ ရေရှည်စီမံကိန်းမျှော်မှန်းချက်များနဲ့ကိုက်ညီတဲ့မဟာဗျူဟာများ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်ကြပါတယ်။ အဲဒီကမှတစ်ဆင့် Implications အပိုင်းမှာ အဖွဲ့အစည်းရဲ့အတွင်းအပြင်ပြောင်းလဲမှုအခြေအနေတွေကို Preferment Measure နဲ့တိုင်းတာပြီး လိုအပ်တာကို အချိန်မီပြင်ဆင်ဖွဲ့စည်းကြပါတယ်။ ထိုမှသာ Implementation အပိုင်းမှာ နှစ်အလိုက် ဖော်ဆောင်မယ့်လုပ်ငန်းစဉ်၊ ပေါ်လစီမူဝါဒနဲ့ Resource Plan (HR Plan) များကို ခေတ်ကာလနဲ့အညီ အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

## Solution and Revolution

အဖွဲ့အစည်း၊ ကုမ္ပဏီအုပ်စုတွေဟာ လုပ်ငန်းစဉ်တွေကို ခေတ်နဲ့သော်လည်းကောင်း၊ ဖြစ်ပေါ်လာတဲ့ အခြေအနေတချို့ကြောင့် သော်လည်းကောင်း အပြောင်းအလဲပြုလုပ်တတ်ကြသလို အပြောင်းအလဲကြောင့် အခက်အခဲ၊ ပြဿနာတွေရှိလာတဲ့အခါ အဖွဲ့အစည်းကို ဦးဆောင်သူတွေ Revolution လုပ်ရခြင်းမှာ (၁) ခေါင်းဆောင်သူအချို့ ညံ့ဖျင်းမှု (၂) လုပ်ပိုင်ခွင့် (၃) ထိန်းချုပ်မှု (၄) မလိုလားအပ်တဲ့ လုပ်ငန်းစဉ် (၅) ထပ်မံဖြစ်ပေါ်လာနိုင်ခြေရှိတဲ့ ပြဿနာအခက်အခဲများတို့ဖြစ်တယ်။ အဖွဲ့အစည်းကုမ္ပဏီအုပ်စုတွေမှာ ပြုပြင်ပြောင်းလဲမှုအပိုင်းတွေက ဘယ်အပိုင်းတွေဖြစ်တယ်ဆိုတာသိပြီး ရရှိလာမယ့်အကျိုးအတွက် မလိုအပ်တာတွေ ဖယ်ရှားပြောင်းလဲပစ်ဖို့လိုတယ်။ ဒီနေရာမှာလည်း အုပ်စုတွင်းအခြေအနေအရပ်ရပ်ကို တကယ်သိရှိနားလည်သူတွေနဲ့ တိုင်ပင်မှ ဘယ်နေရာမှာလိုတယ်ဆိုတာသိပြီး တစ်ဦးတစ်ယောက်ကောင်းနဲ့ပြုပြင်နေရင် ဆန့်စင်ရာကျည်ပွေ့လိုက်သလို အဖန်ဖန် လည်နေတတ်ကြပါတယ်။ အဲဒီအတွက်လည်း နှစ်နှစ်တစ်ကြိမ်ခန့် လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ပြီး အပြောင်းအလဲများကို ခေတ်ကာလနဲ့ အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေဖို့ လုပ်ဆောင်ပေးသင့်ပါတယ်။

Ref: *Management A real world Approach (Andrew W. Ghillyer)*
*Leadership management of the world*
*10th day of the MBA*




# MSDP ဖော်ဆောင်ရာတွင် အရေးပါသော NIF

ညောင်တိုင် (ဗဟိုစာရင်းအင်းအဖွဲ့)

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့်အတူ လူမှုရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုစသည့် အသွင်ကူးပြောင်းရေးအခြေအနေများကိုထင်ဟပ်၍ တစ်မျိုးသားလုံးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ MSDP အကောင်အထည်ဖော်သည့် ကာလတစ်လျှောက်လုံးနှင့် အကောင်အထည်ဖော်ပြီး နောက်ပိုင်းကာလအထိ စီမံကိန်း၏ ထိရောက်မှု၊ စွမ်းရည်ပြည့်ဝမှု၊ ရေရှည်တည်တံ့မှုနှင့် သက်ရောက်မှုတို့ကို မျက်ခြည်မပြတ်သိရှိတိုင်းတာနိုင်ရန် အမျိုးသားညွှန်ကိန်း မူဘောင် (National Indicators Framework (NIF) ဖြင့် တိုင်းတာဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)

MSDP အား ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDDs)၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ ၁၂ ချက်နှင့် ဒေသတွင်းဆိုင်ရာ အမျိုးမျိုးသော ကတိကဝတ်များအား အကောင်အထည်ဖော်နိုင်စေရန် ချိန်ညှိရေးဆွဲထားခြင်းဖြစ်ပါသည်။ MSDP ကို စစ်မှန်၍ အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်မူဝါဒနှင့် အဖွဲ့အစည်းများဖြစ်ပေါ်

MSDP အား အကောင်အထည် ဖော်ခြင်းသည် အကန့်အသတ်ဖြင့် ရှိနေသည့် ရင်းမြစ်များကြားမှ လျင်လျင်မြန်မြန် အကျိုးဖြစ်ထွန်းစေရန် စတင်လုပ်ဆောင် သင့်သည့်လုပ်ငန်းများ နှင့် ဦးစားပေးလုပ်ငန်း များကို ခွဲခြား သိမြင်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ပါသည်။

လာစေရန် ရည်ရွယ်ရေးဆွဲခဲ့ပြီး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

MSDP တွင် မျှော်မှန်းချက်တစ်ခု၊ မဏ္ဍိုင်သုံးခု၊ ပန်းတိုင်ငါးခုနှင့် မဟာဗျူဟာ ၂၈ ခုပါဝင်ပါသည်။ MSDP အား အကောင် အထည်ဖော်ခြင်းသည် အကန့်အသတ်ဖြင့် ရှိ နေသည့် ရင်းမြစ်များကြားမှ လျင်လျင်မြန်မြန် အကျိုးဖြစ်ထွန်းစေရန် စတင်လုပ်ဆောင်သင့် သည့် လုပ်ငန်းများနှင့် ဦးစားပေးလုပ်ငန်းများ ကို ခွဲခြားသိမြင်နိုင်မည်ဖြစ်ရာ မြန်မာနိုင်ငံ အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ပါ သည်။ ထို့ကြောင့် MSDP သည် မဟာဗျူဟာ ကျသည့် အမျိုးသားစီမံကိန်းပါ ပန်းတိုင် တစ်ခုချင်းစီနှင့် ပန်းတိုင်အားလုံးချိတ်ဆက်၍ အကောင်အထည်ဖော်ဆောင်သည့် အရေးကြီး သော စီမံကိန်းတစ်ခုဖြစ်ပါသည်။ အဆိုပါစီမံ ကိန်းပါစီမံချက်များအား စီမံချက်ဘဏ်အဖြစ် ထားရှိပြီး စောင့်ကြည့်အကဲဖြတ်ခြင်းအတွက် အမျိုးသား ညွှန်ကိန်းမူဘောင် (NIF) ပေါ်ထွက် လာရန် ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization-CSO) က အကောင်အ ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## အမျိုးသားညွှန်ကိန်းမူဘောင် (NIF)

NIF သည် အထူးသဖြင့် မြန်မာနိုင်ငံ၌ စုစုစည်း စည်းဖြင့် Paln များအား မည်သို့ Monitoring လုပ်မလဲဆိုသည်ကို တစ်ခါမှမိမိတို့ Indicator များနှင့် Framework သဖွယ် သတ်မှတ်တိုင်း တာခဲ့ခြင်းမရှိပါ။ ထို့ကြောင့် MSDP တွင် NIF ၌ Strategy နှင့် ပတ်သက်ပြီး Performance Implementation များကို လိုက်နာနိုင်ရန်အ တွက် လွှတ်တော်မှ ထောက်ပြနေသည့် Key Performance Indicator (KPI) သတ်မှတ်နိုင် ရေးအတွက် ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါ သည်။

MSDP မဟာဗျူဟာများကို လွှမ်းခြုံ နိုင်ရန်အတွက် အကြောင်းအရာနယ်ပယ်အ လိုက် လုပ်ငန်းအဖွဲ့ (Task Team) ၁၃ ဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် လုပ် ငန်းအဖွဲ့၏ အကြောင်းအရာနယ်ပယ်နှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ/ဦးစီးဌာန များ/ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နှစ်ဖွဲ့၊ NGO နှစ်ဖွဲ့၊ ပေါင်းစပ်ညှိနှိုင်းမည့်အဖွဲ့အ စည်း–ဗဟိုစာရင်းအင်းအဖွဲ့ (CSO) နှင့် နည်း ပညာအကူအညီ–MDI နှင့် UNDP တို့ဖြင့် ဖွဲ့ စည်းခဲ့ပါသည်။ NIF လုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ငြိမ်းချမ်းရေး (Peace)
(၂) အုပ်ချုပ်မှု (Governance)
(၃) တရားဥပဒေစိုးမိုးရေး (Rule of Law)
(၄) မက်ခရိုစီးပွားရေးနှင့် ဘဏ္ဍာရေး ဆိုင်ရာကဏ္ဍ
Macroeconomics & Financial Sector
(၅) စိုက်ပျိုးရေးနှင့် ရေရရှိမှု
(Agriculture & Water)
(၆) အလုပ်အကိုင်ဖန်တီးရေးနှင့် ဖွံ့ဖြိုးမှု
(Job Creation & Growth)
(၇) အဆောက်အအုံနှင့် လမ်းအသုံးပြုမှု
(Infrastructure & Road Access)
(၈) ပညာရေး (Education)
(၉) ကျန်းမာရေးနှင့် အာဟာရ
(Health & Nutrition)
(၁၀) လူမှုကာကွယ်စောင့်ရှောက်မှု
(Social Protection)
(၁၁) ပတ်ဝန်းကျင် (Environment)
(၁၂) စွမ်းအင် (Energy)
(၁၃) မြို့ပြ (Urbanization)

ဗဟိုစာရင်းအင်းအဖွဲ့ (CSO) အနေ ဖြင့် မြန်မာနိုင်ငံ၏ NIF ပေါ်ထွက်လာရေး အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှစတင်၍ Kick-Off workshop များနှင့် Indicator Mapping ပြုလုပ်ခြင်းဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ပါ သည်။ လုပ်ငန်းစဉ်ပထမအဆင့်မှ ပဉ္စမအဆင့် ထိ လုပ်ငန်းအဖွဲ့များအလိုက် အစည်းအဝေး ရလဒ်များမှ MSDP အကောင်အထည်ဖော်မှု များ၏ထိရောက်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု နှင့် အကျိုးသက်ရောက်မှုတို့ကို မျက်ခြည်မ ပြတ် စောင့်ကြည့်တိုင်းတာနိုင်မည့် ဟန်ချက်

အခြားဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်များကို ဆန်းစစ်ကြည့်မည် ဆိုလျှင်လည်း မဟာစီမံကိန်းများ စနစ်တကျ ဆောင်ရွက်ခဲ့ရာတွင် တိကျခိုင်မာပြီး အရည်အသွေး ပြည့်ဝသော စာရင်းအင်းများဖြင့် ကဏ္ဍအလိုက် လိုအပ်ချက်များ၊ ဒေသအလိုက် လိုအပ်ချက်များ စသည်ဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ်နိုင်ခြင်းဖြင့် နိုင်ငံသည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး ...

ညီကဏ္ဍစုံနှင့် သက်ဆိုင်ရာအကြောင်းအရာများဖြစ်သော လူမှုအဖွဲ့အစည်းအတွင်း ပေါင်းစည်းပါဝင်စေခြင်း (Social Inclusion)၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဘဲ ရေရှည်တည်တံ့စေခြင်း (Environmental Sustainability) နှင့် ပဋိပက္ခကို သတိပြုနားလည်မှု (Conflict Sensitivity) စသည့် ဘက်စုံပေါင်းစပ်ပါဝင်ထားသည့် NIF မူဘောင် ပေါ်ထွက်လာမည်ဖြစ်ပါသည်။

NIF အနေဖြင့် National Level ဖြစ်သည့်အတွက် MSDP ၏ Strategy Plan များကို အကောင်အထည်ဖော်သည့်နေရာ၌ ထို Strategy များ အောင်မြင်လား/ မအောင်မြင်လား တိုင်းတာနိုင်သည့်အတွက် Project Level Indicator ထက် Strategy Level Indicator များ ပိုမိုဦးစားပေးသည့် မူဘောင်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် SDG ဖြင့် Inline ဖြစ်ရန်နှင့် မိမိတို့နိုင်ငံအတွက် လိုအပ်နေသည့် Indicator များကို စဉ်းစားပြီး ဦးစားပေးအကောင်အထည်ဖော်ရန် Localization of SDG ဖြစ်ရန်လည်း လိုအပ်ပါသည်။

NIF မူဘောင် ထွက်ရှိပြီးပါက ဌာနဆိုင်ရာများမှ Ministry Level နှင့် Department Level၊ NGO၊ INGO၊ Civil Society (CSO) စသည်ဖြင့် National Level အထိ Indicator သတ်မှတ်မှု ဆောင်ရွက်ခြင်းများအတွက် အားလုံး၏ Consultation သဘောတူညီမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် NIF ကို ပိုမိုပြည့်စုံရန် Indicator တွက်သည့်ပုံသေနည်း၊ Methodology Data Source၊ လက်ရှိအခြေအနေနှင့် အတိတ်ကအခြေအနေ မည်ကဲ့သို့ရှိခဲ့သည့် Metadata ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

အခြားဖွံ့ဖြိုးတိုးတက်သည့် တိုင်းပြည်များကို ဆန်းစစ်ကြည့်မည်ဆိုလျှင်လည်း မဟာစီမံကိန်းများ စနစ်တကျဆောင်ရွက်ခဲ့ရာတွင် တိကျခိုင်မာပြီး အရည်အသွေးပြည့်ဝသော စာရင်းအင်းများဖြင့် ကဏ္ဍအလိုက် လိုအပ်ချက်များ၊ ဒေသအလိုက် လိုအပ်ချက်များ စသည်ဖြင့် စီမံကိန်းများ စနစ်တကျ ချမှတ်နိုင်ခြင်းဖြင့် နိုင်ငံသည်လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး အချိန်ကာလအတိုင်းအတာ တစ်ခုအတွင်း အောင်မြင်မှုရခဲ့ခြင်းဖြစ်ကြောင်း စသည့် အတွေ့အကြုံများကို လေ့လာသိရှိခဲ့ပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် MSDP တွင် ပါဝင်သည့်မဟာဗျူဟာများနှင့် စီမံကိန်းအကောင်အထည်ဖော်ရေးအစီအစဉ်များအား လုံးသည် ဒီမိုကရေစီစနစ်မှ ပေါ်ထွက်လာသည့် စီးပွားရေးအကျိုးကျေးဇူးများ၊ အသီးအပွင့်များဖြစ်ပေါ်လာစေရန် အခြေတည်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ဤမဟာဗျူဟာစီမံကိန်းအား ဟန်ချက်ညီဘက်စုံ ပေါင်းစပ်ပါဝင်ထားသည့် NIF မူဘောင်ဖြင့် Monitoring ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် တစ်ဖက်ပုဂ္ဂလိကကဏ္ဍမှလည်း ပေါင်းစပ်ညှိနှိုင်းမှုများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် အချိန်ကာလတစ်ခုအတွင်း အတိုင်းအတာတစ်ခုအထိ ဦးစားပေးလုပ်ငန်းများ အောင်မြင်မှုရရှိလာနိုင်မည်ဖြစ်ပါကြောင်း သိကောင်းစရာအနေဖြင့် ရေးသားတင်ပြအပ်ပါသည်။

မှတ်ချက်။ (ဗဟို စာရင်းအင်းအဖွဲ့ *MSDP Task Team* အစည်းအဝေးမှတ်တမ်းများနှင့် အတွေ့အကြုံများဖြင့် ရေးသားထားခြင်းဖြစ်ပါသည်။)



ဘိုးဘေးဘေစင်း၏
စိုးမှုးရေးစီမံကိန်း

ပထမအဆင့်



Thant
2019

“နင် ကိုမောင်မောင်စန်းကို ဘယ်လိုသဘောရလဲဟင်”

မမလေးကမေးတော့ ထွေးထွေးအဖြေရကျပ်သွားသည်။ ဖတ်လက်စဝတ္ထုစာအုပ်ကို အသာဘေးဖယ်ကာ မမလေးအား လှမ်း၍ကြည့်မိသည်။ သူ၏အတွင်းသဘောကို သူ၏မျက်လုံးမှတစ်ဆင့် လှမ်း၍အကဲခတ်မိသည်။

“ဘာလဲဟင် မမလေးက သဘောကျနေပြီလား”

“သဘောကျတယ်လည်း မဟုတ်ပါဘူးဟယ်”

မမလေးက စားပွဲပေါ်ရှိ ကြွေပန်းအိုးထဲမှ ရေမွှေးနှင်းဆီလေးများကို ငေးကြည့်ရင်း မယုတ်မလွန်ဖြေသည်။

“ဟာ ဟ သဘောကျတယ်လည်း မဟုတ်ပါဘူးဆိုကတည်းက မမလေး သဘောကျနေလို့ပဲ။ တကယ်သာ သဘောမကျရင် အမယ်လေးတော် ကြံကြံဖန်ဖန်လို့ ပြောမှာပေါ့ဟုတ်ဘူးလား ကဲ”

ထွေးထွေးက သူ့ဝါသနာအတိုင်း ပိသာလေးနှင့် ဘေးပစ်လိုက်တော့ မမလေး အတန်ငယ် ရုက်သွားပုံရသည်။ ထွေးထွေးကို မသိမသာလေး မျက်စောင်းခဲပြီး ပြုံးသည်။

ထိုအချိန်ကတည်းက ကိုမောင်မောင်စန်း၏ မေတ္တာကို မမလေးလက်ခံတော့မည်ဖြစ်ကြောင်း ထွေးထွေးကြို၍သိခဲ့ရသည်။

